www.burmeseclassic.com



www.burmeseclassic.com

တက္ကသိုလ်

# နေဝင်းအောင်

# စားဆန်းခုနစ်လက်၏ဇာတ်လမ်း

(ပထမပိုင်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၁၁၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၁၁၀၄၀၇

၂၀၀၇ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ
ဦးသော်လွင်မြင့် (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်သူ
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

### ပြည်သူ့သဘောထား

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

- ☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- ☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

## တားဆီးသူများ

ဓားတစ်လက်၊ မြင်းပိန်တစ်ကောင်နှင့် မိန်းမချောလေး တစ်ယောက်....။

သူမသည် မြင်းပိန်ကို ခရီးနှင်နေ၏။

သူမသည် ရှေးဟောင်းတရုတ်လူစွမ်းကောင်းများ ဝတ်ဆင်လေ့ရှိသော အဝတ်အစားကို ဝတ်ဆင်ထားသည်။

အသက်မှာ နှစ်ဆယ်ပင် မပြည့်သေး။ ငယ်ရွယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် အလွန် ချောမောလှပသည့်အပြင် အဝါရောင် ပန်းတစ်ပွင့်ကို သူမ၏ခေါင်းထက်တွင် ပန်ဆင်ထားပြန်သည်။

ဤသို ချောမောလှပသော မိန်းကလေးမျိုးသည် အစောင့် အရှောက်မပါဘဲ ခရီးမထွက်သင့်ပေ။

သူမ၏အလှမှာ ပြာလဲ့သော ကောင်းကင်အောက်တွင် ပို၍ ပီပြင်ထင်ရှားစေသည်။

သို့သော် မိန်းမပျိုလေး စီးနင်းလာသော မြင်းမှာမူ အလွန် ပိန်လှသည်။

မြင်းမှာ ပိန်လိမ်ကြုံလှီလှသော်လည်း မြင်းကျောထက်မှ မြင်းကုန်းနှီးမှာ အလွန်အဖိုးထိုက်တန်၏။ တန်ဖိုးမခန့်မှန်းနိုင်ပေ။

ယင်းမြင်းကုန်းနှီးကို အဖိုးတန်ကျောက် အလုံးနှစ်ဆယ် ခန့်ဖြင့် စီခြယ်ထားပြီး ခြေနင်းကွင်းကို ရွှေသားအတိဖြင့် ပြုလုပ် ထား၏။

ဤမြင်းကုန်းနှီးကို မြင်ရုံနှင့် အလွန် အဖိုးထိုက်တန် ကြောင်း သိနိုင်သည်။

ထိုစဉ် သူမ၏ခရီးသွားလမ်းကို ရှေ့မှ ကာဆီးပိတ်ဆို့ရပ် နေသော လူသုံးယောက်ကိုမြင်လိုက်ရလေသည်။

မိန်းကလေးသည် သူတို့အနီးသို့ရောက်လျှင် မြင်းပိန်လေး ကိုရပ်လိုက်ပြီး လမ်းပိတ်ဆို့ရပ်နေသော လူသုံးယောက်ကိုတစ်ချက်



ဝေ့ကြည့်လိုက်၏။

အလယ်တွင် ရပ်နေသူမှာ ကိုယ်ကာယထွားကျိုင်းပြီး ဗလ ကောင်း၏။

သူ၏ ဘေးတစ်ဘက်တစ်ချက်စီရှိ လူနှစ်ယောက်မှာ အ ရပ်ပုသောလူပုကလေးများ ဖြစ်ကြ၏။

မိန်းကလေး သူတို့အား မျက်လုံးတစ်ချက်ဝေ့၍ ကြည့်လိုက် ရင်း မေးလိုက်လေ၏။

"ဒီမယ်.... ရှင်တို့ ဒါဘာသဘောနဲ့ ခုလို တားဆီးရတာ လဲ"

လမ်းပိတ်နေသူသုံးယောက်သည် မိန်းကလေး၏အမေးကို ဖြေကြားခြင်းမပြုဘဲ သူမကိုမျက်မှောင်ကုပ်၍ ကြည့်နေ၏။

သူတို့ ဒေါသဖြစ်ချင်ချင် ဖြစ်သွားကြ၏။

မိန်းကလေးက သူတို့အား စေ့စေ့ကြည့်ကာ ပြောလိုက် လေ၏။

"ကျွန်မသွားမဲ့လမ်းကို ဘာကြောင့်ပိတ်ထားရတာလဲ၊ အ မြန်ဖယ်ပေးပါ၊ ဖယ်မပေးရင်တော့ ကျွန်မလမ်းကို ကျွန်မရှင်းသွား ရလိမ့်မယ်၊ ကျွန်မကို အဆိုးမဆိုနဲ့နော်"

ထိုအခါ အလယ်လူက မဲ့ပြုံးတစ်ချက် ပြုံးလိုက်သည်။

"ဒီမယ် မိန်းကလေး.... မင်းမြင်းပေါ်က အမြန်ဆုံးဆင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လိုက်စမ်း၊ ဆင်းဆိုဆင်းလိုက်စမ်း"

သူ၏အသံက ခက်ထန်မာကျောလှသည်။

သူမက ရင်ထိတ်သွားမိ၏။ မာကျောလျှင် တစ်ခွတ်ထိုးမြှုလိမ့်မည်။

သို့သော် သူမက မရဲသော်လည်း ပြေးခဲစေပြော၏။

"ကျွန်မက ဘာကြောင့် မြင်းပေါ်က ဆင်းရမှာလဲ"

ထိုစဉ် လူပုလေးနှစ်ယောက်သည် ရုတ်တရက် ရှေ့သို့တစ်လှမ်းစီတိုးလိုက်၏။

လူပုတစ်ယောက်သည် အလယ်လူအား လက်ညှိုးထိုးရင်း....

"စိတ်မရှိပါနဲ့.... သူက စကားပြေပြေပြစ်ပြစ် မပြောတတ်လို့ပါဗျာ၊ ဒါကြောင့် သူ့ကိုအမည်ရင်း ရဲ့ရန်းလို့မခေါ်ဘဲ မိုက်ရူးရဲလို့ ခေါ်ကြတယ်"

မိန်းကလေးက အလယ်လူကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။ ထိုလူသည် မာကျောကျောပင်။

သူမ၏စိတ်ထဲတွင်....

"ဒီ မိုက်ရူးရဲဆိုတဲ့လူဟာ အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်မယ်၊ ဒါပေမယ့် သူကြည့်ရတာ မိုက်ကန်းကန်းနဲ့ တစ်ခွတ်ထိုးလုပ်မယ့်ပုံရတယ်၊ ဒါကြောင့် သူဟာ သိုင်းလောကမှာ လူ



မိုက်ကြီးတစ်ယောက်လို့ နာမည်ကြီးနေတာပဲ၊ သူနဲ့ပါလာတဲ့ လူပုနှစ်ယောက်ကလဲ သိုင်းပညာမှာ အဆင့်တော့မနိမ့်လှဘူး၊ သူတို့ ဘာလိုချင်လို့ ငါ့ကိုတားနေရတာလဲ"

မိန်းကလေးစိတ်ထဲတွင် ထိုသို့တွေးမိပြီး စိုးရိမ်မိသော်လည်း မျက်နှာအမူအရာ မပျက်စေဘဲ တည်ငြိမ်သောမျက်နှာထားဖြင့် မေးလေ၏။

"ဩော်.... အလယ်က လူမိုက်ကြီး မိုက်ရူးရဲကိုး၊ အင်း.... ဒါပေမယ့် ကျွန်မမှာ ရှောင်ပင်းဆိုတဲ့ မိတ်ဆွေတစ်ယောက်ရှိပါတယ်၊ ရှင်တို့ သူ့ကိုသိကြသလားရှင်"

မိန်းကလေး၏စကားကိုကြားရသောအခါ လူသန်ကြီးဆိုသူသည် မျက်နှာကွက်ခနဲပျက်သွား၏။

"ရှောင်ပင်းဆိုတာ ကျုပ်ဆရာအရင်းပါ"

မိန်းကလေးက တစ်ချက်ပြုံးကာ....

"ရှောင်ပင်းဟာ ကျွန်မနဲ့သစ္စာပြုထားတဲ့ မောင်နှမပါ၊ ဒီတော့ ရှင့်ကို ကျွန်မက တူကလေးလို့ ခေါ်နိုင်တာပေါ့၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မက ရှင့်ထက် ဝါကြီးနေလို့ပေါ့ [illegible]လေ၊ ရှင်ဟာကျွန်မတူပဲ"

တူကလေးဟု အနှိမ်ခံလိုက်ရသောလူသန်ကြီးမှာ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



များ ပြုံးကျယ်သွားသည်။

မိန်းကလေးအား တွေဝေ၍ ကြည့်နေမိသည်။

မိန်းကလေးက လူသန်ကြီးကိုကြည့်ရင်း ကျိတ်၍ရယ်မိလေ၏။

လူပုနှစ်ယောက်ကလည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကြောင်အမ်းအမ်း ဖြစ်သွားကြ၏။

လူပုတစ်ယောက်က...

"မိန်းကလေးရဲ့နာမည်ကို ကျုပ်တို့သိပါရစေ"

မိန်းကလေးက မျက်မှောင်ကုပ်သွားသည်။

"ရှင်တို့က ဘာဆိုင်လို့ ကျွန်မနာမည်ကိုမေးရတာလဲ"

"မိန်းကလေးက ဒီက ကျုပ်တို့အစ်ကိုကြီး 'ရဲ' ထက် ဝါကြီးသူမို့ ကျုပ်တို့သိချင်လို့ပါ"

သူမက စဉ်းစားနေမိသည်။

ထိုစဉ် မိုက်ရူးရဲ ရဲရန်းဆိုသောလူသန်ကြီးက စိတ်ဆိုးမာန်ဆိုးနှင့် သူ့လူများကို အော်လေ၏။

"ဟေ့... ငပုတွေ ဒီမိန်းကလေးက ခုမှအသက်နှစ်ဆယ်တောင် ပြည့်ပုံမရသေးဘူး၊ သူက ဘယ်လိုလုပ်ပြီး ငါ့ထက် ဝါကြီးတဲ့ လူဖြစ်ရမှာလဲကွ၊ မင်းတို့နှစ်ယောက်စလုံး စဉ်းစားဝေဖန်တတ်တဲ့ဦး



နှောက်မရှိကြဘူးလား"

လူသန်ကြီးသည် ပြောရင်း ဒေါသဖြစ်လာဟန် ရှိလေ၏။ သူ၏လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ပြီး ရှေ့သို့တိုးလာသည်။

ထိုအခါ မိန်းကလေးက မသိမသာမဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။

"ဟုတ်ပြီ ငါ့တူ 'ရဲ' ရေ၊ ဒီလူပုတွေကို ဆုံးမလိုက်ပါအုံး"

သူမက လူသန်ကြီးရဲ့ရန်းအား မခံချင်အောင် ရန်တိုက်ပေးသည်။

လူသန်ကြီးရဲ့ရန်းသည် သူ၏တစ်ဖွတ်ထိုးစိတ်အတိုင်း ဘာမှမစဉ်းစားတော့ဘဲ အနီးရှိ လူပုနှစ်ယောက်အား လက်သီးနှင့်လှမ်းထိုးလိုက်၏။

သို့သော် လူပုနှစ်ယောက်သည် ဘေးတစ်ဘက်တစ်ချက်သို့ ရှောင်တိမ်းသွားကြသည်။

လူပုတစ်ယောက်က မျက်မှောင်ကုပ်၍ကြည့်ကာ...

"အစ်ကိုကြီး 'ရဲ' ဒီမိန်းကလေးက ကျုပ်တို့အချင်းချင်း တိုက် ခိုက်အောင် ရန်တိုက်ပေးနေတယ်ဆိုတာ သတိထားဖို့ကောင်းတယ်၊ ခင်ဗျားဖွတ်မလုပ်နဲ့"

လူသန်ကြီးရဲ့ရန်းက တွေသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာမှ...

"ဟုတ်တယ်... သူက ငါတို့အချင်းချင်း ရန်တိုက်ပေးနေတာပဲ၊ ငါအရမ်းလုပ်လို့ မဖြစ်ဘူး"

စကားဆုံးသည်နှင့် လူသန်ကြီးရဲ့ရန်းသည် မိန်းကလေးဘက် လှည့်လာသည်။

မိန်းကလေးသည် သူမ၏မြင်းဇက်ကြိုးကို တုန့်ခနဲ တစ်ချက်ဆွဲလိုက်သည်။

မြင်းပိန်လေးမှာ ပဒပ်ရပ်လိုက်ပြီး တစ်ချက်ဟီရင်းရှေ့တွင် ကာဆီးပိတ်ဆို့ထားသော လူသုံးယောက်၏ခေါင်းပေါ်မှ လွှားခနဲခုန် ကျော်ကာ ပြေးထွက်သွားသည်။

"ဟေ့... မိန်းကလေး မပြေးနဲ့... ရပ်လိုက်စမ်း"

လူပုတစ်ယောက်က လှမ်းအော်၍ဟန့်တားလိုက်၏။

မိန်းကလေးက နောက်သို့တစ်ချက်လှည့်ကြည့်ရင်း...

"တူကလေး'ရဲ့'ရေ နောက်မှတွေ့ကြသေးတာပေါ့"

သူမက အော်၍ပြောပြီး မြင်းကိုအပြင်းနှင်သွားလေတော့သည်။

သူတို့သုံးယောက်မှာမူ မခံချိမခံသာဖြင့် **မိန်းကလေး**နောက်သို့ ပြေးလိုက်ကြသော်လည်း မမီတော့ပေ။



သူတို့အထင်သေးခဲ့သော မြင်းပိန်လေးမှာ မာန်ဟုန်ပြင်းစွာဖြင့် လျင်မြန်စွာ သွားခြင်းကိုကြည့်ကာ အံ့ဩငေးမောရင်း ကျန်ရစ်ခဲ့ ကြသည်။

မြင်းပိန်ကလေး၏ လျင်မြန်လှသော စွမ်းရည်မှာ အံ့ဩဖွယ်ပေတကား။

❧

မိန်းကလေးသည် ရှေ့သို့လေးမိုင်ခန့် ခရီးနှင်မိသောအခါ မြူဖွေးသော နှင်းများဖုံးအုပ်ထားသည့် တောင်တန်းကြီးကိုမြင်တွေ့ရသည်။

မိန်းကလေးသည် ထိုတောင်တန်းကြီးကို လှမ်းကြည့်လိုက်သည်။ လွမ်းမောဖွယ်ရာပါတကား။

"တာပျက်စန်းတောင်ဆိုတာများလား"

သူမ၏နှုတ်မှ အသံထွက်လာမိ၏။

ထို့နောက် မိန်းကလေးသည် ခရီးဆက်ရန် မြင်းကိုနှင်မည်ပြုသည်။

ထိုစဉ် ရုတ်တရက် လမ်းဘေးတစ်ဘက် ကျောက်တုံးကြား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြားမှ အသံထွက်လာလေ၏။

"ဟုတ်တယ်... ဒီတောင်ဟာ တာပျက်စန်းတောင်လို့ ခေါ်တယ်"

မိန်းကလေးသည် လန့်သွားလေ၏။ သူမသည် အသံကြားရာသို့ လှည့်ကြည့်မိသည်။

ကျောက်တုံးများကြားမှ အဘွားအိုတစ်ဦး ထွက်လာသည်ကို တွေ့ရလေ၏။

အဘွားအိုကား အသက်အတော်ကြီးပြီ။ သူမသည် တောင်ဝှေးကိုထောက်ပြီး အပြင်သို့ လှမ်းထွက်လာလေ၏။

မိန်းကလေး အံ့သြသွားသည်။ ဤခရီးမှာ အများသူငါသွားလာနေသောခရီးလမ်း မဟုတ်ပါ။

လူစုစုအုပ်အုပ် သွားလာကြသောလမ်း မဟုတ်ပါ။

ဤကဲ့သို့သော အဘွားအိုတစ်ဦး ပို၍ပင် မသွားလာသင့်သောလမ်းဖြစ်ပါသည်။

ဤခရီးလမ်းကို ထိမထင်သွားလာဝံ့သူမှာ သိုင်းလောကသား တစ်ဦးပင်ဖြစ်ရပေမည်။

ထိုအဘွားအို၏ မျက်လုံးများမှာ အရောင်တောက်ပနေပြီး နားထင်များ ချိုင့်ဝင်နေ၏။



မိန်းကလေးက ပြုံးလိုက်ပြီး...

"ဟုတ်လား... တာပျက်စန်းတောင်လား၊ ဒီလိုဆိုရင် ကျွန်မ အဖို့ ပဲန်ကျသွားတာပေါ့၊ ကျွန်မက တာပျက်စန်းတောင်ကို သွားဖို့ ကြံနေတာ"

အဘွားအိုက မိန်းကလေးစီးလာသည့် မြင်းကို ကြည့်လိုက်လေ၏။

"ဟော့... မင်းမြင်းက မြင်းပိန်လေးပဲ၊ ဒါပေမယ့် သူ့မြင်းကုန်းနှီးကတော့ အဖိုးတန်မြင်းကုန်းနှီးပါလား၊ ဒီမြင်းနဲ့ မြင်းကုန်းနှီးနဲ့ မလိုက်ဘူး"

မိန်းကလေးက ပြုံးလိုက်သည်။

"ဘွားဘွားက ဒီမြင်းရဲ့အစွမ်းကို ဘယ်လောက်သိလို့လဲ"

"မင်းမြင်းရဲ့အစွမ်းကိုသိဖို့ မလိုဘူး၊ မြင်းကုန်းနှီးရဲ့တန်ဖိုးကိုပဲ သိလို့လိုတယ်၊ ဒီမြင်းကုန်းနှီးက အဖိုးတန်မြင်းကုန်းနှီးကွ၊ မင်း ဘယ်ကခိုးလာတာလဲ"

မိန်းကလေး၏မျက်နှာ ရဲတက်သွားသည်။

"ဘွားဘွားက ဘာတွေလာပြောနေတာလဲ၊ ကျွန်မဘယ်တုန်းက မြင်းကုန်းနှီးကို ခိုးခဲ့လို့လဲ၊ ဘွားဘွားမသိဘဲ အရမ်းမပြောပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့.... စကားရှည်မနေနဲ့၊ မင်းဆရာဝမ်ဖိန်းက မိုးနဂါးဓားကို ပေးထားတယ်ဆိုတော့ မိုးနဂါးသိုင်းကွက်ကိုလဲ သင်ပေးပြီးရောပေါ့၊ မင်းက မိုးနဂါးသိုင်းကွက်နဲ့ ငါ့ကို မြင်းပေါ်က နေ တိုက်ခိုက်ပေမယ့် ငါကမမှုဘူး၊ ကဲ.... မြင်းပေါ်ကနေ အမြန် ဆင်းလိုက်စမ်း၊ မင်း ကို ငါဂရုမစိုက်ဘူး"

ထန်လေရီသည် အဘွားအိုပြောသော မိုးနဂါးဓား၊ ဆရာကြီး ဝမ်ဖိန်းဟူသောစကားများကို နားမလည်နိုင်အောင်ဖြစ်မိ၏။

သူမလက်ထဲရှိ ဓားမှာလည်း တစ်မူထူးခြားပြီး ရွှေရောင်သန်းနေခြင်းကို သတိပြုမိ၏။

ထန်လေရီသည် စဉ်းစားတွေဝေပြီး....

"ဘာတွေလာပြောနေတာလဲ၊ ဘွားဘွားပြောတာတွေ ကျွန် မမသိဘူး၊ ကျွန်မရှေ့ကို ခရီးဆက်စရာရှိသေးတယ်"

အဘွားအိုက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကဲ.... မင်း မြင်းပေါ်က မဆင်းချင်လဲ နေနိုင်ပါတယ်"

အဘွားအိုသည် ပြောရင်း တောင်ဝှေးကို (၃-၄)ချက် ဝှေ့ကစားလိုက်ရာ တောင်ဝှေး၏ရိုက်ခတ်မှုကြောင့် အသံမှာတဝိုးဝိုး မြည်လာသည်။ လေပွေလှိုင်း ထလာလေ၏။

ထန်လေရီမှာ အဘွားအို၏ နင်းကစားကွက်ကို မြင်ရ



သောအခါ တစ်စုံတစ်ခုကို သတိရလာလေ၏။

"ဘွားဘွားဟာ အရှေ့ပင်လယ်က အဘွားကျွန်းမဟုတ်လား"

"ဟုတ်တယ်"

ထိုအခါ ထန်လေရီသည် သူမ၏ဆရာ ပြောကြားခဲ့သောစကားများကို စဉ်းစားမိလေ၏။

"အဘွားကျွန်းရဲ့သိုင်းပညာက ထူးချွန်ပြီး အဆင့်မြင့်လှတယ်၊ သူဟာတပည့်လဲမမွေးဘူး၊ အရှေ့ပင်လယ် ကျွန်းငယ်တစ်ကျွန်းမှာနေတယ်၊ သူ့ရဲ့လှုပ်ရှားမှုက အင်မတန် လျင်မြန်တယ်၊ ...ဒါယာယ်လဲ အလွန်များတယ်"

ထို့ကြောင့် ထန်လေရီသည် မြင်းပေါ်နေပြီး လက်နှစ်ဖက် ...တ်ကာ ဂါရဝပြုလိုက်လေ၏။

"ကျွန်မဟာ ယူနန်ပြည် 'ကြက်ခြေတောင်' မိုးပျံကျောင်း ... သီလရှင်စိမ့်ဟွမ်းရဲ့ တပည့်ပါရှင်၊ ဘွားဘွားနဲ့ ရန်ငြိုးရန်စ မ... ကြောင့် ကျွန်မကို တာပျက်စန်းတောင်ကို ခရီးဆက်ခွင့်ပြုပါ

အဘွားအိုက မျက်မှောင်တစ်ချက်ကုပ်၍ စဉ်းစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း.... မင်းက စိမ့်ဟွမ်းရဲ့တပည့်ဆိုပြီး ဆရာအားကိုးနဲ့ ငါ့ကိုပမာမခန့်ပြောနေတာပဲ၊ ငါ့ကိုသိလို့ အာခံလို့ရမယ် မထင်နဲ့"

အဘွားအိုသည် ပြောရင်း ထန်လေရီအနီးသို့ ချဉ်းကပ်လာပြီး တိုက်ခိုက်ရန် သူမ၏တောင်ဝှေးကို မြှောက်လိုက်သည်။

ထန်လေရီသည် သူမသည် အဘွားအို၏ ပြိုင်ဘက်မဟုတ်ပေ။ သူမ ယှဉ်ပြိုင်မတိုက်ခိုက်နိုင်ပေ။

ရုတ်တရက် သူမ၏မြင်းဇက်ကို တစ်ချက်ပုတ်လိုက်သည်နှင့် မြင်းပိန်လေးမှာ အရှိန်ပြင်းစွာဖြင့် လွှားခနဲခုန်ထွက်ပြီး အပြင်းပြေးလွှား ထွက်သွားလေ၏။

သို့သော် မကြာလှပါ။ အဘွားအိုသည် ကိုယ်ဖော့သိုင်းပညာဖြင့်ပြေးပြီး သူမ၏ မြင်းရှေ့သို့ ရောက်ရှိလာပြီး လမ်းကိုပိတ်ဆို့ကာဆီးလိုက်လေ၏။

ထန်လေရီက အံ့သြသွားမိသည်။

အဘွားအို၏ကိုယ်ဖော့ပညာမှာ အစွမ်းထက်သည်။

အဘွားအိုက သူမအား စေ့စေ့ကြည့်ရင်း....

"ဒီမယ်မိန်းကလေး.... မင်းက ဒီလျှပ်စစ်မြင်းပျံစီးပြီး ထွက်ပြေးရုံနဲ့ ငါ့လက်ကလွတ်မယ်များ ထင်နေသလား"

ထန်လေရီမှာ မျက်မှောင်ကြုတ်သွားသည်။



"အင်း.... လက်စသတ်တော့ ဒီမြင်းပိန်ရဲ့အမည်က လျှပ်စစ်မြင်းပျံလို့ခေါ်တာကိုး.... ငါ ဘာမှမသိဘူး"

ထိုသို့ထန်လေရီ တွေးတောနေစဉ် ရုတ်တရက် သူမ၏မြင်းမှာ အဘွားအို၏ဟန့်တားမှုကြောင့် တစ်ချက်ဟီလိုက်ပြီး ပဒပ်ရပ်လိုက်၏။

ထန်လေရီမှာ မြင်းထက်မှ လွင့်စင်ကျသွားသည်။

သို့သော် သူမမှာ ကိုယ်ဖော့ပညာတတ်ထား၍ မြေပေါ်သို့ကျသော်လည်း ထိခိုက်ဒဏ်ရာမရခဲ့ချေ။

ထိုအခါ ထန်လေရီသည် နောက်သို့ခုန်၍ ဆုတ်လိုက်ပြီး ဓားရှည်ကိုဆွဲထုတ်လိုက်လေ၏။

"ဘွားဘွားက ကျွန်မကို ဘာဖြစ်လို့လိုက်ပြီး ရန်ရှာနေရတာလဲ၊ ဘွားဘွားနဲ့ကျွန်မဟာ ဘာရန်ငြိုးမှမရှိဘဲ"

အဘွားအိုက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် စောစောက ငါပြောထားတဲ့အတိုင်း ငါ့ရဲ့တောင်ဝှေးရိုက်ချက်သုံးဆယ်ကို ခုခံနိုင်ရင် မင်းလိုရာခရီးဆက်နိုင်တယ်၊ ရှုံးရင်တော့ ငါစီမံတာကိုနာခံရမယ်"

အဘွားအိုက ခက်ထန်စွာ ပြောလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂)

### မိန်းကလေး၏အပြေး

ထန်လေရီသည် ကြက်ခြေတောင်ပေါ်မှ ဆရာဖြစ်သူထံ ခွင့်မပန်ဘဲ တိတ်တဆိတ် ဆင်းလာသူဖြစ်လေ၏။

ယခုမှ သူမ နောင်တရမိသည်။ သူမသည် တောင်ပေါ်မှ ဆင်းလာပြီး 'ချန်ကျန်းမြစ်'မကူးမီအချိန်ထိ လမ်းခရီးတစ်လျှောက် အနှောင့်အယှက်ကို မတွေ့ခဲ့ရချေ။



အခက်အခဲနှင့်ကြုံလာပါက သူမ၏ ဆရာဖြစ်သူအမည်ကို ပြောလိုက်ရုံနှင့် လေးလေးစားစားဆက်ဆံပြီး အကူအညီပေးကြ၏။

သူမ၏ဆရာသည် ဤမျှနာမည်ကြီး၏။

ထိုမှ 'ချန်ကျန်းမြစ်'ကိုဖြတ်ကူးပြီး တစ်ဖန်ခရီးဆက်၍ နှင်လာခဲ့သည်။

ယခုအကြိမ်နှင့်ဆိုလျှင် အနှောင့်အယှက် ရန်ပြုခြင်းကို သုံးကြိမ်သုံးခါ ရင်ဆိုင်တွေ့ကြုံခဲ့ရပြီးဖြစ်သည်။

အမှန်မှာ အဘွားအိုသည် မိမိမမွေးခင်ကပင် သိုင်းလောကတွင် အမည်ကျော်ကြားလာခဲ့သော သူတစ်ဦးဖြစ်၏။

ယခုအဘွားအိုက မည်သည့်အကြောင်းကြောင့် သူမအား တားဆီးနေသည့်မသိပေ။

သူမမှာ စဉ်းစားသော်လည်း အဖြေမထွက်ပေ။

အဘွားအိုသည် သူမ၏ကျွန်းပေါ်တွင်သာ နေထိုင်ပြီး သိုင်းပညာလေ့ကျင့်နေသူ ဖြစ်၏။

ထို့အပြင် မှိုက်ရှုးရဲ ရဲ့ရန်းတို့ကလည်း မြင်းကုန်းနှီးကိုလိုက်၍ သူမအား တားဆီးနှောင့်ယှက်ကြခြင်းဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီသည် အမျိုးမျိုးစဉ်းစားနေမိသည်။

ထိုစဉ် အဘွားအိုး၏တောင်ဝှေးသည် မိန်းကလေးကိုယ်ပေါ်သို့ ရိုက်ချလာလေ၏။

ထန်လေရီမှာ ဓားရှည်တစ်လက် ပါလာသော်လည်း သူမမှာ ဓားသိုင်းသမားတစ်ယောက်မဟုတ်ပေ။ ထို့ကြောင့် ဓားကိုင်မကျွမ်းကျင်ပေ။

ထို့ကြောင့် ထန်လေရီသည် ရုတ်တရက် နောက်သို့ခုန်ဆုတ်ပေးလိုက်ပြီး ဓားရှည်ဖြင့် ပြန်၍ခုခံလိုက်လေ၏။

ဓားသိုင်းသမားမှန်လျှင် ဖျတ်လတ်လျင်မြန်မှုကို အဓိကထားသည်။

ညံ့ဖျင်းသော ဓားသိုင်းသမားဖြစ်စေကာမူ ရန်သူ၏တိုက်ခိုက်ခြင်းကို ဓားဖြင့်ခုခံလေ့မရှိချေ။



အဘွားအိုသည် တောင်ဝှေးရိုက်ချက်ကို ပြန်ရုပ်လိုက်လေ၏။

အဘွားအိုသည် ထန်လေရီ၏ ရင်ဘတ်ရှိသွေးကြောကို တောင်ဝှေးဖြင့် ထောက်လိုက်သည်။

အဘွားအိုက အသံထွက်အောင်ပင် ရယ်လိုက်ပြီး...

"ငါ့ရဲ့တောင်ဝှေးရိုက်ချက် သုံးချက်တောင်မပြည့်သေးဘူး နိုင်တော့ဘူး မဟုတ်လား၊ ငါ့ရဲ့တောင်ဝှေးကိုသာ ပြင်းပြင်းထိုးလိုက်ရင် မင်းဟာ အသက်ရှိတော့မှာ မဟုတ်တော့ဘူး"

သို့သော် ထန်လေရီက အလျှော့မပေးဘဲ...

"ဘွားဘွားကို ကျွန်မက ပြန်မှမတိုက်သေးတာပဲ၊ ဘွားဘွားက ကိုယ့်ကိုကိုယ် တယ်ပြီးအထင်ကြီးတာကိုး၊ သိုင်းလောကမှာ အထင်ကြီးရင် မှားတတ်တယ်"

အဘွားအိုက မျက်မှောင်တစ်ချက်ကုပ်ပြီး...

"ခုထိ မင်းအလျှော့မပေးသေးဘူးလား၊ မင်းဟာ လေသော့ တော်တော်ကြီးတယ်၊ ပင်ကိုယ်စွမ်းရည်ကတော့ ဘာမှမဖြစ်နိုင်သေးဘူး"

ထိုအခါ ထန်လေရီက တစ်ချက်ပြုံးလိုက်ပြီး...

"ဘွားဘွားက ကျွန်မကို ဘာမေးစရာရှိလို့လဲမေးပါ"

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီက ပါးနပ်လိမ္မာစွာဖြင့် စကားပရိယာယ်သုံးလိုက်၏။ စကားလမ်းကြောင်း ပြောင်းလိုက်ခြင်းဖြစ်သည်။

အဘွားအိုမှာ ကျေနပ်သွားသည်။

ရုတ်တရက် သူမ၏တောင်ဝှေးကို ပြန်ရုပ်လိုက်လေ၏။

ထန်လေရီမှာ ယခုမှ အသက်ရှူချောင်သွားတော့သည်။

အဘွားအိုက တစ်စုံတစ်ရာကို ပြောမည်အပြုတွင် ရုတ်တရက် မြင်းခွာသံများ ကြားလိုက်ကြရသည်။

မရှေးမနှောင်းမှာပင် လူသုံးယောက် မြင်းကိုယ်စီစီးလျက် သူတို့ထံသို့ရောက်လာလေ၏။

ထန်လေရီမှာ ထိုလူသုံးဦးကိုကြည့်လိုက်၏။

သူတို့သည် မိုက်ရူးရဲ ရဲ့ရန်းနှင့် လူပုလေးနှစ်ယောက်တို့ဖြစ်ကြသည်။

သူတို့သည် မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြပြီး မိန်းကလေးထံသို့လျှောက်လာကြသည်။

"အဘွားကြီး.... ကျုပ်တို့ကိုလမ်းဖယ်ပေးစမ်း"

လူသန်ကြီးရဲ့ရန်းသည် ပြောပြောဆိုဆိုအဘွားအိုကို တွန်းဖယ်ကာ ထန်လေရီ၏ လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်၏။

ထိုအခါ ထန်လေရီက အခွင့်ကောင်းယူကာ နောက်သို့တစ်



လှမ်း ခုန်ဆုတ်ပေးလိုက်၏။

သူက လူသန်ကြီး၏လက်မှ လွတ်အောင် ရှောင်ခြင်းဖြစ်သည်။

ထိုစဉ် အဘွားအိုက [illegible]ရွှေဖြင့် သူ့အားတွန်းပစ်သော ရဲ့ရန်းကို လှမ်းရိုက်လိုက်လေ၏။

လူသန်ကြီး ရဲ့ရန်းသည် ဒေါသထွက်လာပြီး အဘွားအိုအား လှည့်ကာ ဆောင့်၍တွန်းထုတ်ပြန်သည်။

အဘွားအိုမှာ နောက်သို့လွင့်သွား၏။

ထိုအခါ သူမသည် မခံမရပ်နိုင်တော့ဘဲ အတွင်းအားများ[illegible] စုစည်းပြီး လူသန်ကြီးရဲ့ရန်းကို အားဖြင့် ပြန်၍တွန်းလိုက်လေ၏။

လူသန်ကြီးရဲ့ရန်းမှာ နောက်သို့ယိုင်လဲကျမည်ပြုစဉ် လူပု[illegible]ယောက်က လျင်မြန်စွာဖြင့် ရဲ့ရန်းကို ထိန်းပေးလိုက်ရသည်။

ထို့ကြောင့် လူသန်ကြီးရဲ့ရန်းမှာ မြေပေါ်သို့လဲကျမသွား[illegible]ချေ။

ရဲ့ရန်းသည် ပို၍ဒေါသထွက်လာသည်။

သို့သော် အဘွားအိုက ဘာကိုမှဂရုမစိုက်ဘဲ ထန်လေရီ[illegible]မပြေးနိုင်ရန်သာ ပိတ်ဆို့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီက သူမသည် အဘွားအိုကို မယှဉ်သာမှန်းသိသောကြောင့် လူသန်ကြီးရဲ့ရှန်းတို့လူစုနှင့် လှည့်၍ ရန်တိုက်ပေးရန် ဆုံးဖြတ်ချက်ချလိုက်သည်။

သူမသည် လူပုအက်သို့လှည့်၍ တစ်ချက်ပြုံးကြည့်ရင်း....

"ကျွန်မနဲ့ရှင်တို့ ရှင်းစရာကိစ္စတွေကို ခဏထားပြီး အရင်ဆုံး ဒီအဘွားကြီးကို ပထမရှင်းလိုက်ကြရအောင်၊ အဘွားကြီးရန်က အေးတော့မှ ကျွန်မတို့အချင်းချင်း အေးအေးဆေးဆေး ဖြေရှင်းကြတာပေါ့ရှင်"

လူပုနှစ်ယောက်က ထန်လေရီအား ကြည့်ရင်း ပြိုင်တူပြောလိုက်လေသည်။

"တကယ်ပြောတာလား"

"ကျွန်မ အတည်ပြောနေတာပါရှင်၊ ဘာဖြစ်လို့ညာရမှာလဲ"

ထန်လေရီ၏စကားကို လူပုလေးနှစ်ယောက်ကယုံကြည်ပြီး ရုတ်တရက် လူပုတစ်ယောက်က အခြားလူပု၏ပခုံးပေါ်သို့ ခုန်တက်လိုက်လေ၏။

ထိုအခါ လူပုနှစ်ယောက်ပေါင်း၏အရပ်မှာ သာမန်လူများထက် မြင့်တက်သွား၏။



လူပုနှစ်ယောက်၏စိတ်ကူးက မဆိုးလှချေ။

တစ်ဆက်တည်း လူပုနှစ်ယောက်တို့သည် ၎င်းတို့၏ ဆောင်ဓားကို အသီးသီးထုတ်လိုက်ကြသည်။

အောက်မှလူပုက အဘွားအို၏ ခြေထောက်အောက်ပိုင်းကိုသည်းကောင်း၊ အထက်မှလူက အဘွားအို၏ ကိုယ်အထက်ပိုင်းကိုသည်းကောင်း နှစ်ဦးပြိုင်တူညှပ်၍ တိုက်ခိုက်လိုက်ကြ၏။

အဘွားအိုက ထိတ်လန့်သွားပြီး ကပျာကယာ နောက်သို့ [illegible]ဆုတ်ရင်း သူမ၏တောင်ဝှေးဖြင့် ပြန်လည်ခုခံလိုက်၏။

"လက်စသတ်တော့ မင်းတို့ကအောက်ပိုင်းပြည်နယ်က မ[illegible]ဘဲ ကျန်ခဲ့တဲ့လူပုညီနောင်ကိုး"

လူပုညီနောင်က တဟားဟား ရယ်လိုက်ပြီး....

"သေမင်းက ကျုပ်တို့ကိုအလိုမရှိဘူး၊ ခင်ဗျားကိုပဲ အလိုရှိ[illegible]တဲ့ နောက်ပြီး ခင်ဗျားက ကျုပ်တို့ထက် အသက်ကြီးတယ်၊ အ[illegible]ကြီးတဲ့လူက ပိုသေတတ်တယ်ဗျ"

သူတို့သည် အဘွားအိုအား ဆက်၍ တိုက်ခိုက်ပြန်သည်။

အဘွားအိုကလည်း သူမ၏တောင်ဝှေးကိုဝှေ့ယမ်းရင်း လူ[illegible]၏တိုက်ကွက်ကို ခုခံကာကွယ်နေ၏။

ဘေးမှ ရပ်ကြည့်နေသော ထန်လေရီသည် မိမိ၏ပရိ

www.burmeseclassic.com

www.burmeseclassic.com



ယာယ်ကြောင့် တိုက်ခိုက်နေကြသည်ကိုကြည့်ရင်း ကျိတ်၍ ပီတိဖြစ်နေမိသည်။

သူမ ရန်တိုက်ပေးသည်မှာ အောင်မြင်ခဲ့ပြီမဟုတ်ပါလား။

ထိုစဉ် ရုတ်တရက် သူမ၏ဦးနှောက်ထဲသို့ အတွေးတစ်ခု ဝင်လာ၏။

သူမ၏ ဆရာပြောကြားခဲ့သော စကားများကို သတိရလာမိပေသည်။

"သိုင်းလောကမှာ လူပုညီနောင်နှစ်ယောက်ရဲ့တိုက်ကွက်ဟာ အင်မတန်ထူးဆန်းပြီး ကြောက်စရာလဲကောင်းတယ်၊ သူတို့နဲ့မလွဲမရှောင်သာလို့တွေ့မိရင် ယှဉ်ပြိုင်ဖို့ စိတ်မကူးနဲ့ရှောင်နိုင်ရင် အကောင်းဆုံးပဲ"

ဆရာ၏ သတိပေးပြောကြားချက်ကို သတိရလာပြီး ထွက်ပြေးလိုသော်လည်း မိမိ၏ကတိစကားဖျက်လိုက်ပါက အန္တရာယ်ဖြစ်မည်ကိုစိုးရိမ်မိသည်။

လူပုညီနောင်သည် အဘွားအိုအား မတိုက်တော့ဘဲ သူ့နောက်လိုက်လာလျှင် ဒုက္ခပေတည်း။

ထို့ပြင် ဤသို့ကြုံနိုင်ခဲ့သော ပွဲကြီးပွဲကောင်းကိုလည်း လက်လွှတ်မခံနိုင်ဘဲ ကြည့်ချင်သေးသည်။



သို့သော် မိမိဆရာပြောသော လူပုညီနောင် ဟုတ်မဟုတ်ကို သိလို၍....

"မိတ်ဆွေတို့ ရှင်တို့ဟာ ရဲညီနောင်တွေလား"

ထန်လေရီ၏မေးသံကို ကြားရသောအခါ လူပုလေးနှစ်ယောက်က ပြိုင်တူပြောကြ၏။

"ဟုတ်ပါတယ်.... ကျုပ်တို့ဟာ ရဲထင်းနဲ့ရဲတိဆိုတဲ့ ညီနောင်နှစ်ယောက်ပါပဲ"

ထန်လေရီမှာ ထိတ်လန့်သွားမိသည်။ မှန်သည်။ သူ့ဆရာပြောခဲ့သည့် သရဲညီနောင်ပေတည်း။

ထို့ကြောင့် သူမသည် ဆက်၍မမေးတော့ဘဲ သူမ၏မြင်းပေါ်သို့ ရုတ်တရက် ခုန်တက်လိုက်ပြီး မြင်းကိုအပြင်းနှင်၍ ဒိုင်းစိုင်းထွက်ပြေးသွားလေတော့သည်။

ထိုအခါ လူသန်ကြီးရဲ့ရန်းက လူပုညီနောင်ဘက်လှည့်ကာ အော်လိုက်၏။

"မိန်းကလေး ထွက်ပြေးသွားပြီး ရဲညီနောင်တို့ရေ"

လူသန်ကြီးရဲ့ရန်းသည် အော်ရုံသာအော်နေပြီး ဘာဆက်လုပ်ရမည်ကိုမသိချေ။ သူသည် ဉာဏ်မရှိချေ။

လူပုညီနောင်တို့သည် ထိုအခါကျမှ မိမိတို့မှာ ထန်လေရီ

www.burmeseclassic.com

www.burmeseclassic.com



[illegible] ဒရိုယာယ်စက်ကွင်းထဲ သက်ဆင်းမိကြောင်း သဘောပေါက်မိ၏။

ထို့အပြင် အဘွားအိုကိုလည်း လွယ်လွယ်နှင့် မနိုင်မှန်းသိရသည့်အတွက် ရဲထင်းက လေတစ်ချက်ချွန်ပြီး လေထဲကျွမ်းထိုးခုန်ကာ ဓားဖြင့် အဘွားအိုအား ခုတ်လိုက်သည်။

ထိုအချိန်တွင် ရဲတိကလည်း မြေပေါ်သို့ လှိမ့်ချလိုက်ပြီး လျင်မြန်သောတိုက်ကွက်ဖြင့် အဘွားအို၏အောက်ပိုင်းကို ဓားဖြင့် ဝင်ခုတ်လိုက်သည်။

အဘွားအိုသည် ကပျာကယာ သူတို့၏တိုက်ကွက်ကို ရှောင် တိမ်းလိုက်ရလေ၏။

ထို့နောက် လူပုညီနောင်တို့သည် ချက်ချင်း မတ်တတ်ရပ်လိုက်ပြီး....

"အစ်ကိုကြီးရဲ့ရေ... ကျွန်တော်တို့သွားကြစို့"

သည့်နောက် လူသန်ကြီးတို့သုံးယောက်သည် မြင်းပေါ်သို့ အသီးသီးခုန်တက်ကြသည်။

မြင်းကိုအပြင်းမနှင်မီ ရဲထင်းက အဘွားအိုဘက်လှည့်ကြည့်ရင်း....

"ကျုပ်တို့ညီနောင်က ခင်ဗျားနေတဲ့ကျွန်းကိုလာပြီး မဖျက်မဆီးရမချင်း ကျုပ်တို့ကျေနပ်လိမ့်မယ် မဟုတ်ဘူးဆိုတာကို မြဲမြဲမှတ်ထားပါ၊ ကဲ.... နောက် တွေ့ကြသေးတာပေါ့"

စကားဆုံးသည်နှင့် သူတို့သည် မြင်းကိုဒုန်းစိုင်းပြီးထွက်သွားကြလေသည်။

ထိုအချိန်တွင် ထန်လေရီသည် အန္တရာယ်များကြားမှ မြင်းကိုအပြင်းနှင်နေလေပြီ။

သူမသည် စဉ်းစားလိုက်ပြန်သည်။

"သိုင်းလောကမှ လူများသည် ကိုယ်ကရန်မရှာရင်လည်း သူတို့က လိုက်ရန်ရှာတတ်ပါလား"

နောက်ဆုံးသူမသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်မိပေတော့သည်။

"ငါအခု ဆရာ့အရိပ်အောက်မှာ ခိုနားပြီး ဆရာပေးတဲ့ပြစ်ဒဏ်ကို ခံယူမယ်.... ငါယူနန်နယ်ကို အခုပဲပြန်မယ်"

သည့်နောက် ထန်လေရီသည် သူမ၏မြင်းပိန်လေးကိုစီးကာ ယူနန်နယ်သို့ဦးတည်၍ ခရီးဆက်လာခဲ့ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

### ဘုံကျောင်းပျက်မှ အတွေ့အကြုံ

မိန်းမချောလေးထန်လေရှီ...။

သူမသည် တောင်ပေါ်ကျောင်းမှ ဆရာအားခွင့်မပန်ဘဲ တိတ်တဆိတ် ဆင်းလာခဲ့ရခြင်း၏ ရည်ရွယ်ချက်မှာ စည်ကားသော မြို့များသို့ အပျင်းပြေလည်ပတ်ရန်သာဖြစ်၏။

သူမ၌ အခြားရည်ရွယ်ချက်မရှိပေ။



သို့သော် သူမသည် မြို့များသို့မသွားဘဲ တာပျက်စန်းတောင်သို့ ဦးတည်သွားခဲ့ရခြင်းအကြောင်းရင်းမှာ လွန်ခဲ့သောလဝက်ခန့်က ထန်လေရှီသည် မြို့သို့ဆင်း၍ လည်ပတ်ပြီးနောက် သူမသည် 'ချန်ကျန်း'မြစ်ကိုဖြတ်ပြီး မြောက်ဘက်သို့ဦးလှည့်၍ ခရီးထွက်လာခဲ့သည်။

မိုးချုပ်လာသောအခါ ထန်လေရှီသည် စိမ်းလန်းစိုပြေသော မြက်ခင်းပြင်သို့ ရောက်လာ၏။

သို့သော် လကသာနေ၍ လမ်းကိုကောင်းစွာမြင်နေရသည်။

မြို့နှင့်လည်း အတော်အလှမ်းဝေးနေခြင်းကို သူမလေ့လာသုံးသပ်မိ၏။

သူမသည် လရောင်နှင့် လမ်းကိုဆက်၍လျှောက်သွားသည်။

ညဉ့်သန်းခေါင်ယံအထိ လျှောက်မိသောအခါ ရှေ့မလှမ်းကမ်းတစ်နေရာတွင် ကျောင်းပျက်ကြီးတစ်ကျောင်းကို မြင်တွေ့လိုက်ရသည်။

ထန်လေရှီသည် ဝမ်းသာအားရ ထိုကျောင်းပျက်ဆီသို့ လျှောက်သွား၏။ နားခိုစရာတွေ့ရပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



အနီးသို့ရောက်ရှိသောအခါ ယိုယွင်းပျက်စီးနေသည့် ဘုံကျောင်းတစ်ကျောင်းဖြစ်နေသည်။

သို့သော် ယနေ့အဖို့ ဤဘုံကျောင်းပျက်ထဲတွင် ခိုနားအိပ်စက်ရန်ဆုံးဖြတ်ပြီး ကျောင်းအတွင်းဝင်လာခဲ့၏။

သူမသည် ထိုးဝင်နေသောလရောင်ဖြင့် ကျောင်းအတွင်းကို လှေ့လာကြည့်လိုက်၏။

တွေ့ရသောမြင်ကွင်းကြောင့် သူမသည် အံ့သြထိတ်လန့်သွားမိလေ၏။

အဘယ့်ကြောင့်ဆိုသော် ဘုရားစင်၏အောက်ကြမ်းပြင်တွင် လူနှစ်ယောက် မလှုပ်မယှက်ရပ်နေခြင်းကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုလူနှစ်ယောက်တွင် မုတ်ဆိတ်မွေး ပါးသိုင်းမွေးနှင့်လူသည် အခြားလူတစ်ယောက်ကို ခြေတစ်ဖက်ဖြင့် နင်းထားပြီး အခြား ခြေတစ်ဖက်ကိုမြှောက်ထား၏။

ထန်လေရီသည် ထိုလူအနီးသို့ လျှောက်သွားပြီး မေးလိုက်မိ၏။

"ဦးတို့က ဘယ်သူတွေလဲရှင်"

သို့သော် ထိုလူနှစ်ယောက်မှာ ဘာမှပြန်ဖြေကြားခြင်းမပြု



ကတိငြိမ်သက်မြဲပင်။

မတ်တတ်ရပ်နေသောလူ၏ မျက်လုံးအစုံမှာ လှုပ်ရှားလာသည်ကိုတွေ့ရသည်။

ထန်လေရီသည် ထိတ်လန့်တုန်လှုပ်မိ၏။

သူမသည် နောက်သို့ကပျာကယာခုန်၍ ဆုတ်လိုက်၏။

လူနှစ်ယောက်မှာ လှုပ်ရှားခြင်းမရှိ ငြိမ်သက်နေဆဲပင်။

သူမသည် မကျေနပ်သေးသဖြင့် သိလိုသောဆန္ဒဖြင့် နောက်တစ်ကြိမ် ထိုလူအနီးသို့ ချဉ်းကပ်သွားပြန်သည်။

ထိုလူနှစ်ဦးမှာ တစ်စုံတစ်ဦးက သွေးကြောပိတ်ထားသည့်အတွက် သူတို့သည် မလှုပ်မယှက်ဘဲ အရုပ်ကဲ့သို့ ရပ်တည်နေခြင်းဖြစ်သည်ကို သဘောပေါက်မိသည်။

ထန်လေရီသည် သွေးကြောပိတ်ခံနေရသူကို စေ့စေ့ကြည့်ရင်း....

"ရှင်တို့ဟာ လူကောင်းတွေမဟုတ်လို့ ရှင်တို့ထက်သာတဲ့ ပညာရှင်က ရှင်တို့ကိုသွေးကြောပိတ်ပြီး ဒဏ်ခတ်ထားတာဖြစ်မယ် ဒါပေမယ် ဒီနေရာမှာ ကျွန်မအိပ်မှာမို့ ရှင်တို့ကိုမထားနိုင်ဘူးရှင်... သွားပေအုံးတော့"

သူမသည် ပြောရင်းသွေးကြောပိတ်ခံရသူ နှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



[illegible]ခြေမှကိုင်ဆွဲပြီး ကျောင်းပြင်သို့ပစ်လိုက်လေ၏။

ထိုအခါ မုတ်ဆိတ်မွေးနှင့်လူမှာ အပြင်သို့လွင့်ထွက်သွား ရင်း အုတ်ခဲနှင့်ကျောပြင်ကိုဆောင့်မိသည့်အတွက် ထိုလူကိုပိတ် ထားသောသွေးကြောမှာ ပြန်ပွင့်သွား၏။

မုတ်ဆိတ်မွေးနှင့်လူမှာ ချက်ချင်းပင် ခုန်ထလိုက်ပြီး စိတ် ဆိုးမာန်ဆိုးနှင့် ကြိမ်းဝါးရင်း သူ၏အကျီအတွင်းသို့ လက်လျှိုကာ သံမဏိယပ်တောင်တစ်ချောင်းကို ထုတ်ယူလိုက်သည်။

ထိုသူသည် သံမဏိယပ်တောင်ကို ဖွင့်ချည်ပိတ်ချည်လု ရင်း ဒေါသကြီးစွာဖြင့် ထန်လေရီထံသို့ လျှောက်လာခဲ့လေ၏။

ထန်လေရီက ထိတ်လန့်သွားသည်။

သူမသည်ကိုယ်တွင် ဝှက်ထားသောကျာပွတ်ကို ဆွဲထု လိုက်ပြီး....

"ရှိ....."

အသံမြည်အောင်ဝှေ့ယမ်းကာ ရန်သူအနီးမကပ်နိုင်ေ ကာ ကွယ်လိုက်၏။

သို့သော် သူမကိုယ်သူမ စဉ်းစားမိသည်။

မိမိမှာ သိုင်းပညာအခြေခံမျှသာ တတ်ထားသည့်အတွ ထိုလူဆိုးလက်မှလွတ်အောင် ခုခံနိုင်မည်မဟုတ်ကြောင်းကို ရိပ်



သိသည်။

သူမမှာ ဘာဘာဆက်လုပ်ရမှန်းမသိ ရန်သူမှာ တဖြည်းဖြည်း းသည်ထက် နီး၍လာနေ၏။

ထိုမုတ်ဆိတ်နှင့်လူမှာ အနားသို့ရောက်သည်နှင့် သူ၏ က်ထဲမှယပ်တောင်ဖြင့် ခေါင်း၊ ပခုံးနှင့်ခါးဆီသို့ ထောက်ကာ တင်တိုက်ခိုက်သည်။

ထန်လေရီက ရုတ်တရက်ကျာပွတ်ကို ရုပ်သိမ်းပြီးနောက် ခုန်ဆုတ်လိုက်၏။ ရန်သူအား ရှောင်ခြင်းဖြစ်သည်။

မကြာပါ။ သူမသည် ရန်သူကိုခုခံရန်လှည့်၍ ကြည့်လိုက် သောအခါ ထန်လေရီ အံ့အားသင့်သွားမိ၏။

အဘယ့်ကြောင့်ဆိုသော် မုတ်ဆိတ်မွေးနှင့်ရန်သူမှာ စော တကဲ့သို့ တစ်စုံတစ်ဦး၏ အကြောပိတ်ခြင်းကိုခံရပြီး မလှုပ် တ်နိုင်တော့ဘဲ ရပ်နေပြန်သည်ကိုတွေ့ရ၏။

ထိုအခါ ထန်လေရီမှာ အံ့သြစွာ မိမိအား ကူညီသောသူကို ျင်တစ်ခုလုံး ရှာကြည့်လိုက်၏။

သို့သော် မည်သူ့ကိုမျှ မတွေ့ရချေ။

သူမက စိတ်ထဲတွင်စဉ်းစားလိုက်သည်။

မိမိအား ကယ်တင်လိုက်သောသူမှာ အဆင့်မြင့်သိုင်းပ

www.burmeseclassic.com

www.burmeseclassic.com



ညာရှင် ဖြစ်ရပေမည်။

မှတ်ဆိတ်နှင့်လူကို အကြောပိတ်ခဲ့သောသူမှာလည်း ထိုအဆင့်မြင့်သိုင်းပညာရှင်ပင် ဖြစ်ပေမည်။

ထန်လေရီမှာစဉ်းစားရင်း ဖောချွေးများကို လက်ဖြင့် သပ်ချလိုက်၏။

သည့်နောက် သူမသည် ဆုံးဖြတ်ချက်ချလိုက်မိလေသည်။

ဤကျောင်းပျက်မှအမြန်ဆုံးထွက်ခွာမှ ဖြစ်ချေတော့မည်။

သူမမှာ ဆက်၍မစဉ်းစားနိုင်တော့ဘဲ ထိုကျောင်းပျက်မှ ပြန်လည်ထွက်ခွာလာခဲ့သည်။

ထန်လေရီသည် ညဥ့်၏လရောင်နှင့်ထပ်မံ၍ ခရီးဆက်ပြန်တော့သည်။

မိုင်အနည်းငယ် ခရီးဆက်လာမိသောအခါ သူမ၏နောက်မှ လူသံကိုကြားရသည့်အတွက် နောက်သို့လှည့်၍ကြည့်လိုက်၏။



ခြေလှမ်းအလွန်မြန်သော လူပုတစ်ယောက်သည် သူမနောက်မှလျှောက်လာနေခြင်းကို တွေ့မြင်လိုက်ရသည်။

မကြာမီ ထိုလူပုသည် ထန်လေရီအား မှီလာသည်။

ထန်လေရီက ထိုလူပုကိုကြည့်လိုက်၏။

ထိုလူပုမှာ သိုင်းပညာနှင့်အတွင်းအားတွင် အဆင့်မြင့်ကြောင်းသိလိုက်မိ၏။ ရဲညီနောင်တော့ မဟုတ်ပေ။

သူသည် ဓားရှည်တစ်လက်ကို ချိတ်ဆွဲထား၏။ ဓားသည် တရွတ်ဆွဲတိုက်နေ၏။

ထန်လေရီသည် တစ်ချက်ပြုံးလိုက်ပြီး.....

"အစ်ကိုကြီးက ဘယ်သွားမှာလဲ"

လူပုလေးက သူမအား မျက်မှောင်ကုပ်၍ကြည့်ကာ...

"လသာလို့ အပျင်းပြေ လမ်းလျှောက်ထွက်လာတာပါ၊ မင်းက ဘာဖြစ်လို့မေးတာလဲ"

လူပုလေးသည်ပြောရင်း ထန်လေရီအား လှည့်ပတ်ကြည့်ရှုသည်။

ထန်လေရီမှာ ထိတ်လန့်သွားလေ၏။

မိမိအား ရန်ပြုလေမည်လောဟု သံသယစိတ်ပွားမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူပုလေးသည် သူမအား လှည့်ပတ်ကြည့်ရှုပြီး....

"မိန်းကလေး... ခုနက ဘုရားကျောင်းပျက်ကိုရောက်သေးသလား"

ထန်လေရီသည် လူပုလေးအား ဘုရားကျောင်းပျက်ထဲတွင် မိမိအား ရန်သူလက်မှကယ်တင်သူဟု ထင်မှတ်ကာ....

"ဟုတ်ကဲ့.... ကျွန်မရောက်ခဲ့ပါတယ်ရှင်"

လူပုက မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် လိပ်ပြာယပ်တောင်ရှင် ဖန်ကွမ်းစုနဲ့ ဟိုကြဲ့ယင်ဆိုတဲ့ လူနှစ်ယောက်ကိုကော မတွေ့ခဲ့ဘူးလား"

ထိုအခါကျမှ ထန်လေရီသည် သံမဏိယပ်တောင်ပိုင်ရှင်မှာ ဖန်ကွမ်းစုဖြစ်ကြောင်းသိရသည်။

သူသည် လိပ်ပြာဂိုဏ်းကိုတည်ထောင်ကာ ယူနန်နယ်တစ်လျှောက်တွင် ဆိုးသွမ်းပြီး နာမည်ကြီးနေသူတစ်ယောက်ဖြစ်သည်။

သူမ စဉ်းစားတွေဝေနေစဉ် လူပုက ရယ်မောလိုက်ပြီး....

"သူတို့စကားများပြီး လုနေကြလို့သာ မင်းလွယ်လွယ်နဲ့ရလိုက်တာမဟုတ်လား"

ထန်လေရီက သူမအား ဘုရားကျောင်းပျက်ထဲတွင် ထိုလူများကို လွယ်လွယ်နှင့်အနိုင်ယူခဲ့သလားဟုမေးသည် ထင်မှတ်ပြီး....



"ဟုတ်ကဲ့.... သူတို့ကိုကျွန်မက လွယ်လွယ်နဲ့အနိုင်ရခဲ့ပေမယ့် ဂုဏ်ယူစရာတော့ မရှိပါဘူး"

လူပုက မဲ့ပြုံးပြုံးလိုက်သည်။

"ကဲ.... ဒါဖြင့် ဒီလိုလွယ်လွယ်နဲ့ရခဲ့တဲ့ပစ္စည်းကို ဘယ်မှာဝှက်ထားသလဲ၊ မှန်မှန်ပြော ဒါဆိုအသက်ချမ်းသာရာရမယ်"

ထိုအခါကျမှ ထန်လေရီသည် အံ့သြသွားသည်။

"ကျွန်မက ဘာကိုရလို့ ဘာကိုဝှက်ထားရမှာလဲ"

လူပုက မဲ့ပြုံးတစ်ချက်ပြုံးကာ....

"ခုမှလိမ်မနေပါနဲ့ မင်းဝှက်ထားတဲ့နေရာကိုသာ မြန်မြန်ပြောပါ၊ ငါစိတ်ဆိုးလာရင် အဆိုးမဆိုနဲ့...."

လူပုသည် ဒေါသထွက်နေသော်လည်း သူ၏မျက်နှာကမူ ဟန်ဆောင်၍ပြုံးထားသည်။

ထန်လေရီက မျက်မှောင်ကုပ်သွားသည်။

"ကျွန်မ ဘာမှ လိမ်စရာဝှက်စရာ မရှိပါဘူး"

လူပု၏မျက်နှာမှာ ဒေါသရောင်သန်းလာသည်။

"အမှန်အတိုင်းမပြောရင်တော့ ပြောအောင်လုပ်ရမှာပေါ့သာ"

ထန်လေရီက စိတ်မရှည်ဟန်ဖြင့်....

"ကျွန်မပြောတာမယုံရင်လဲ မတတ်နိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



လူပုလေးသည် ဒေါသထွက်လာပြီး သူ၏ဓားရှည်ကိုဆွဲထုတ်ကာ ထန်လေရီအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်လေ၏။

ထန်လေရီသည် နောက်သို့ခုန်ဆုတ်လိုက်ပြီး လူပုအား စေ့ စေ့ကြည့်ကာ သူမ၏စကားကိုဆက်သည်။

"သူတို့ကို ကျွန်မက ဘုရားကျောင်းထဲက အပြင်ဘက်ကို ဆွဲထုတ်ပစ်ခဲ့တာပဲ ရှိတယ်၊ ကျွန်မက ဘာကိုဝှက်ထားလို့လဲ"

လူပုက တိုက်ကွက်ကို ပြန်ရုပ်သိမ်းလိုက်ပြီး....

"မြင်းကုန်းနှီးလေ"

ထိုအခါကျမှ ထန်လေရီ နားလည်သဘောပေါက်ပြီး....

"ဒီမြင်းကုန်းနှီးကို ဘာလုပ်ဖို့ ကျွန်မက ယူထားရမှာလဲ"

ထန်လေရီက သူမ မမျှော်လင့်ဘဲ ကျောင်းပျက်ထဲသို့ ရောက်ရှိပြီး ယခုလူပုနှင့်တွေ့ဆုံကြုံတွေ့ခဲ့ရသည်များကို အမှန်အတိုင်းပြန်၍ ပြောပြလိုက်သည်။

သူမစကားဆုံးသွားသည်နှင့်....

"မင်းပြောတာ အမှန်ပဲလား"

ထန်လေရီက ခေါင်းတစ်ချက်ညိတ်လိုက်သည်။

"ကျွန်မပြောတာ အမှန်ပါပဲရှင်၊ ကျွန်မမလိမ်ပါဘူး"

လူပုက မျက်မှောင်ကုပ်သွားသည်။

"ငါ ဒီဘက်ကိုရောက်ခဲ့တုန်းက သူတို့နှစ်ယောက်တိုက်



ခိုက်နေတာကို တွေ့ရသေးတယ်"

သူမသည် ထိတ်လန့်သွားပြီး....

"ဟင်.... ဒါဖြင့် ဖန်ကွမ်းစုတို့ကို တစ်ယောက်ယောက် သွေးကြောတွေဖွင့်ပေးလိုက်ပြန်ပြီနဲ့တူတယ်၊ သူတို့က ကျွန်မနောက်ကို လိုက်လာပြီး ရန်မူကြရင် အစ်ကိုကြီးက ကျွန်မကိုအကူအညီပေး ပါနော်"

ထန်လေရီက သနားစဖွယ် ပြောလိုက်သည်။

လူပုက မဲ့ပြုံးပြုံးလိုက်ပြီး....

"တယ်လဲ အကြံပိုင်တဲ့ မိန်းကလေးပါလား"

ထိုသို့ပြောဆိုပြီးသည်နှင့်တစ်ပြိုင်နက် လူပုသည် သူမထံသို့ခုန်၍ တိုက်ခိုက်လိုက်သည်။

ထန်လေရီသည် လျင်မြန်စွာဖြင့် နောက်သို့ခုန်ဆုတ်လိုက်ပြီး လှည့်၍ထွက်ပြေးလေသည်။

သို့သော် မကြာပါချေ ခြေလှမ်း (၄-၅) လှမ်းခန့် ပြေးမိသောအခါ သူမ၏နောက်မှ....

"ဖုန်း....."

ဟူသောအသံကို ကြားလိုက်ရလေသည်။

ထန်လေရီသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ လူ

www.burmeseclassic.com

www.burmeseclassic.com



ပုသည် မြေပေါ်တွင် လဲကျသွားသည်ကို တွေ့လိုက်ရသဖြင့် အံ့ဩသွားလေတော့သည်။

တစ်စုံတစ်ယောက်က လူပုကို လာရောက်အကြောပိတ်လိုက်ခြင်းဖြစ်သည်ဟု သဘောပေါက်မိသည်။

ထို့ကြောင့် ထန်လေရီသည် ကဗျာကယာ ဝန်းကျင်ကိုမျက်စေ့ဖြင့် ဝေ့၍ကြည့်လိုက်လေ၏။

အနီးပတ်ဝန်းကျင်တွင် သစ်ပင်များမှလွဲ၍ ဘာမှမတွေ့ရချေ။

ထို့နောက် သူမသည် လူပုအနီးသို့လျှောက်သွားသည်။

လူပုလေးသည် မလှုပ်မယှက်ရှိနေသော်လည်း သူ၏မျက်နှာကမူ ပြုံးလျက်ရှိနေ၏။

"အခု ကျွန်မပြောတာ ယုံပြီလား"

ထန်လေရီသည် လူပုအားကြည့်၍ ပြောပြီးသည်နှင့် ချာခနဲ လှည့်၍ ထွက်ခွာလာခဲ့လေသည်။

သူမသည် ခရီးကိုဆက်၍ အပြင်းနှင်လာခဲ့လေတော့သည်။

## အခန်း(၄)

## ကြက်တူရွေး၏ အသိဉာဏ်

ထန်လေရီသည် ခရီးပြင်းနှင်လာရသောကြောင့် မောပမ်းလာသည်။

သူမသည် အနီးရှိ သစ်ပင်တစ်ပင်ခြေရင်းတွင် ခေတ္တထိုင်၍ အနားယူမိသည်။

ထိုစဉ် ရုတ်တရက် ငှက်တစ်ကောင်၏ တောင်ပံခတ်သံကို

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရလေ၏။

"ထန်လေရီ… ထန်လေရီ"

မိမိအမည်ကို ခေါ်သံကြားရပြန်သည်။

သူမက ဝန်းကျင်ကိုကြည့်ရင်း….

"ဘယ်သူလဲ"

သူမ၏မေးခွန်းကို ဖြေသံမကြားရပါ။

ထန်လေရီက မျက်မှောင်ကုပ်သွားသည်။

"ထန်လေရီ… ထန်လေရီ"

ခေါ်သံကြားရပြန်သည်။

သူမသည် သစ်ပင်ပေါ်သို့ မော့၍ကြည့်လိုက်သောအခါ အံ့ဩသွားသည်။

မိမိအား ခေါ်နေသူမှာ လူမဟုတ်ချေ။ ကြက်တူရွေးတစ်ကောင်ဖြစ်နေသည်။

ဤကြက်တူရွေးသည် သာမန်ကြက်တူရွေးမဟုတ်၊ သခင်က ကောင်းစွာ လေ့ကျင့်သင်ပေးထားသော ကြက်တူရွေးတစ်ကောင် ဖြစ်ရမည်ဟု သူမက သဘောပေါက်မိသည်။

ထိုစဉ် ကြက်တူရွေးသည် သစ်ကိုင်းပေါ်တွင် နားခိုနေရာမှ အောက်သို့ဆင်းလာသည်။



ထိုအခါ ထန်လေရီသည် သူမ၏လက်ကို အလိုက်သင့်ဆန့်တန်းပေးလိုက်သောအခါ ကြက်တူရွေးသည် သူမလက်မောင်းပေါ်သို့ လာရောက်နားပြီး တောင်ပံတစ်ချက်ခတ်လိုက်လေ၏။

"ထန်လေရီ… ထန်လေရီ"

သူမ၏အမည်ကို ခေါ်နေပြန်သည်။

သူမ၏စိတ်ထဲတွင်….

"ဟုတ်ပြီ… ဒီကြက်တူရွေးက ငါ့ကိုခေါ်နေတာပဲ၊ ငါ့ကို သူ့ သခင်ရှိရာကိုလမ်းပြပြီး ခေါ်နေတာပဲဖြစ်မယ်၊ ငါ့အတွက် ထူးခြားချက်ကို တွေ့ချင်မှတွေ့ရမယ်၊ ဒီတော့ ငါ သူ့နောက်လိုက်သွားမှပဲ"

ထန်လေရီသည် ထိုသို့စဉ်းစားဆုံးဖြတ်ပြီး ထိုင်ရာမှထလိုက်သည်။

ထိုအခါ ကြက်တူရွေးသည် သူမလက်မှ ပျံထွက်သွားလေတော့သည်။

သူမသည် ဆက်၍စဉ်းစားမနေတော့ဘဲ ကြက်တူရွေးနောက်သို့ ခရီးနှင်သည်။

အကွေ့အကောက် အတက်အဆင်းများသော ခရီးလမ်းကို ဖြတ်ကျော်လာပြီးသောအခါ ကြက်တူရွေးသည် အနီးရှိသစ်ပင်

www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ပင်သို့ ဝင်ရောက်နားလိုက်သည်။

ထိုအချိန်၌ နံနက်အရုဏ်ပြုလာလေပြီ။ ဝေလီဝေလင်းအချိန် ဖြစ်လာလေပြီ။

ထန်လေရီသည် ခရီးပြင်းနှင်လာရသောကြောင့် မောပမ်းလာသည့်အတွက် အနားယူရန် သစ်ပင်ခြေရင်းသို့ လှမ်းကြည့်လိုက်ရာ သူမ အံ့ဩသွားသည်။

သစ်ပင်ခြေရင်းတွင် ပိန်လှီသောမြင်းတစ်ကောင် ချည်ထားသည်ကိုတွေ့ရပြီး မြင်းနှင့်မနီးမဝေးတွင် လုလင်တစ်ယောက် လဲနေသည်ကိုပါ တွေ့မြင်ရလေ၏။

ထိုလုလင်ပျို၏ လက်တစ်ဖက်တွင် အဖိုးတန်ဓားကောင်းတစ်လက် ကိုင်ထားသည်ကို တွေ့ရ၏။

သူ၏ရင်ခွင်ထဲတွင်လည်း တစ်စုံတစ်ရာကို ပိုက်ထွေးထားသည်ကိုပါ တွေ့ရပြန်သည်။

ထိုစဉ် လဲနေသောလုလင်ပျိုသည် ညည်းတွားရင်း မိန်းကလေးကိုလှမ်းကြည့်မိလေ၏။

ထန်လေရီ မျက်လုံးချင်းဆုံသွားကြ၏။

လုလင်ပျိုမှာ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်နှင့် ရုပ်ရည်မှာ ခန့်ညားချောမောလှသည်။



ထန်လေရီသည် လုလင်ပျိုအား သေချာစွာ လေ့လာကြည့်လေ၏။

လုလင်ပျို၏ရင်ခွင်ထဲတွင် ပိုက်ထွေးထားသော အရာမှာ ရွှေရောင်တောက်ပနေသော မြင်းကုန်းနှီးဖြစ်နေသည်။

ထိုမြင်းကုန်းနှီးကို အဖိုးတန်ကျောက်များ စီခြယ်ထားသည်ကို မြင်တွေ့ရသည်။

သူမသည် တစ်စုံတစ်ရာကို စဉ်းစားလိုက်မိ၏။

"စောစောက လူပုလေးမေးတဲ့ပစ္စည်းဟာ ဒီပစ္စည်းများလား... ဖြစ်နိုင်တယ်၊ ဒီမြင်းကုန်းနှီးက အဖိုးတန်တာပဲ"

ထန်လေရီ တွေး၍ ငိုင်နေစဉ်...

"ကြက်တူရွေးက ညီမထန်လေရီကို ဒီအရောက်ခေါ်လာနိုင်သားပဲ၊ အစ်ကိုပထမတော့ သိပ်မထင်မိဘူး၊ အခုလိုဆိုတော့ ကြက်တူရွေးကတော်သားပဲ"

လုလင်ပျိုက ကြိုးစားပြောသည်။ ထန်လေရီအား သူ့အနားသို့လာရန် ခေါင်းတစ်ချက်ညိတ်၍ ခေါ်သည်။

ထန်လေရီသည် အတွေးကိုရပ်လိုက်ပြီး လုလင်ပျိုထံသို့ လျှောက်သွားပါလေ၏။

လုလင်ပျိုက ပြုံး၍...

www.burmeseclassic.com

www.burmeseclassic.com



"ညီမက ကြက်ခြေတောင်ပေါ်မှာရှိတဲ့ မိုးပျံကျောင်း
ကျောင်းထိုင်စိမ့်ဟွမ်းရဲ့တပည့် အမျိုးသမီး လူစွမ်းကောင်းမှန်းသိ
အကူအညီတစ်ခု တောင်းချင်ပါတယ်"

လုလင်ပျိုက သူမအား စေ့စေ့ကြည့်ကာ စကားဆက်ပြ
သည်။

"ညီမက အကူအညီပေးနိုင်မပေးနိုင်ဆိုတာ သိပါရစေ

ထန်လေရီသည် လုလင်ပျို၏ စကားကို ကြားရသော
ခါ....

"ငါ့ရဲ့ဆရာမသိအောင် တိတ်တဆိတ် တောင်ပေါ်ကဆ
လာကတည်းက လမ်းခရီးတစ်လျှောက်မှာ ဒုက္ခအမျိုးမျိုးနဲ့ကြုံတွေ့
ရတယ်၊ ဘယ်သူမှ ငါ့ကိုအမျိုးသမီးလူစွမ်းကောင်းလို့ အခေါ်မခံ
ရဘူး၊ သူကတော့ မဆိုးပါဘူး"

ထန်လေရီသည် ထိုသို့စဉ်းစားပြီး ပီတိဖြစ်မိသည်။

သူမက ပြုံး၍ကြည့်ကာ....

"လိုတဲ့အကူအညီကိုပြောပါရှင်.... ကျွန်မဆောင်ရွက်ပေး
နိုင်ရင် ဆောင်ရွက်ပေးပါ့မယ်"

လုလင်ပျိုသည် လံနေရာမှအားယူ၍ထရန် ကြိုးစားလို
သော်လည်း မထနိုင်ပေ။



"ညီမရဲ့စေတနာကို လေးစားတဲ့အနေနဲ့ထပြီး ဂါရဝပြုချင်ပေမယ့် ရထားတဲ့ဒဏ်ရာက ပြင်းထန်လှတာကြောင့် ခွင့်လွှတ်ပါညီမရယ်"

ထန်လေရီသည် လုလင်ပျိုအား ပို၍ကရုဏာသက်မိလေသည်။

"ကိစ္စမရှိပါဘူးရှင်.... ပြောစရာရှိတာကိုပြောပါ"

ထိုအခါကျမှ လုလင်ပျိုသည် မြင်းပိန်၊ မားရှည်နှင့်သူ၏ရင်ခွင်ထဲရှိ မြင်းကုန်းနှီးတို့ကို လက်ညှိုးညွှန်ပြပြီး ပြောသည်။

"မြောက်ပိုင်းမှာရှိတဲ့'တာပျက်စန်းတောင်'ကို အရောက်သွားပြီး ဒီပစ္စည်းသုံးမျိုးကိုပို့ပေးပါ၊ တောင်ပေါ်ရောက်ရင် အသင့်ကြိုမယ့် လူရှိပါလိမ့်မယ်၊ ညီမအနေနဲ့ ဒီကိစ္စကိုသာ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် အစ်ကိုသေပျော်ပါပြီ"

ထန်လေရီသည် လုလင်ပျိုအား ကရုဏာသက်စွာဖြင့် ကြည့်ရှုလိုက်သည်။

"ရှင့်အသက်ငယ်ငယ်ပဲ ရှိပါသေးတယ်၊ နောက်ပြီး ဒဏ်ရာကလဲ သေလောက်တဲ့ဒဏ်ရာမဟုတ်ပါဘူးရှင်၊ အားတင်းစမ်းပါပေမယ့် ရှင်စိတ်ချမ်းသာအောင် ရှင်တောင်းတဲ့အကူအညီကို ဆောင် ရွက်ပေးပါ့မယ်"

www.burmeseclassic.com



သူမ၏စကားကြားရသောအခါ လုလင်ပျိုသည် အားတ
သွားလေ၏။

"ညီမ ခရီးထွက်တဲ့အခါ ဓားနဲ့မြင်းကုန်းနှီးကို တခြားလူ
တွေ့အောင် လမ်းမကြီးကမသွားဘဲ လမ်းကျဉ်းကသာသွားပါ၊ မြင်
ကတော့ ကိစ္စမရှိပါဘူး၊ မြင်းကုန်းနှီးက တန်ဖိုးကြီးတော့ လူဆိုးသူ
တွေ မျက်စေ့ကျလိမ့်မယ်"

"စိတ်ချပါရှင်"

မကြာလှပါ။ လုလင်ပျိုသည် တဖြည်းဖြည်း မျက်လုံး
ပြူးကျယ်လာသည်။

ထို့နောက် သူသည် ငြိမ်သက်သွားလေတော့သည်။

ထန်လေရီသည် ထိုမြင်ကွင်းကို မြင်ရသောအခါ ထိ
လန့်တုန်လှုပ်သွားလေသည်။

သူမသည် လုလင်ပျိုကိုခေါ်ကြည့်၏။ လှုပ်နှိုးကြည့်၏
လုလင်ပျိုမှာ ငြိမ်သက်လျက်ပင် ရှိနေသည်။

ထို့ကြောင့် ထန်လေရီသည် လုလင်ပျိုသေဆုံးသွားပြီ
ကြောင်း သိလိုက်ရသည်။

လုလင်ပျို၏ရင်ခွင်ထဲမှ မြင်းကုန်းနှီးနှင့် ဓားရှည်ကိုယ
မြင်းပိန်လေးပေါ်သို့ ခုန်တက်စီးလိုက်၏။



ထို့နောက် ဓားအိမ်မှဓားကို ဆွဲထုတ်ကြည့်လိုက်ရာ ဓားမှာ
ရွှေရောင်သမ်းနေပြီး ထူးဆန်းလှ၏။

ဓားကောင်းဓားမြတ်တစ်လက်ပင်ဖြစ်သည်။

ထန်လေရီသည် ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်ပြီး
လုလင်ပျို၏အလောင်းကို မြေမြှုပ်သင်္ဂြိုလ်ရန် မြင်းပေါ်မှဆင်းမည်
ပြုတွင် အနီးရှိသစ်ပင်မှ သစ်ကိုင်းတွင် နားနေသောကြက်တူ
သည် အတောင်တစ်ချက်ခတ်ကာ ပျံသန်းလာပြီး ရုတ်တရက်
ပိန်၏တင်ပါးကို နှုတ်သီးဖြင့် နှစ်ချက်ထိုးဆိတ်လိုက်ရာ မြင်းပိန်
တစ်ချက်မြည်ဟီးလိုက်ပြီး အရှိန်အဟုန်ပြင်းစွာ ပြေးသွားလေ
တော့သည်။

ထန်လေရီသည် လိမ့်မကျစေရန် မြင်းဇက်ကြိုးကိုမြဲမြဲကိုင်
ရင်း မြင်းပိန်သယ်ဆောင်ရာသို့ လိုက်ပါလာရလေတော့သည်။

မြင်းမှာ ပိန်သော်လည်း အပြေးမြန်လှသည်။

မိုးလင်းသောအခါ ခရီးအတော်ပေါက်လာပြီဖြစ်သည်။

မြင်းမှာ အပြေးမြန်လှသဖြင့် နောက်သို့ပင် လှည့်၍မ
နိုင်ဘဲ တာပျက်စန်းတောင်သို့ ဦးတည်ခရီးနှင် လာခဲ့လေတော့

ထန်လေရီ ထွက်ခွာသွားပြီး အတန်ငယ်ကြာသောအခါ

www.burmeseclassic.com



ဤမိုးနဂါးဓားမှာ အလွန်အဖိုးထိုက်တန်သော်လည်း မိမိ အသည်းစွဲချစ်နေသောသူနှင့် ချိန်ထိုးကြည့်လျှင် ထိုဓားကိုအရေး ထားရန် မလိုတော့။

အချစ်သည်သာ လောကတွင် တန်ဖိုးမဖြတ်နိုင်။ ဤသို့ပင် ထန်လေရီ ခံယူထားသည်။

ယခု ကျင်လေရီက ဓားကိုသာအလိုရှိပြီး သူမက ချင်စိ ရှောင်ကို လက်လွှတ်မည်။

မိမိအဖို့ ချစ်သောသူနှင့် တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နှင့် နေသွားရမည်ကိုတွေးမိပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည့်အ လျောက် ချက်ချင်းပင် ဓားကိုကျင်လေရီအား ကမ်းပေးလိုက်လေ တော့၏။

ကျင်လေရီက ဓားကို လှမ်းယူမည်ပြုသည်။ ထိုစဉ် ထန် လေရီက ရုတ်တရက် လက်ကိုပြန်ရုပ်လိုက်လေ၏။

"မမ အခုပြောတဲ့စကားဟာ အတည်ပဲလား"

ကျင်လေရီက ပြုံးလိုက်ပြီးကတိပေးလေ၏။

"မမ အတည်ပြောနေတာပါ"

ထိုသို့ပြောရင်း သူမက ဓားကိုလှမ်းယူလိုက်ပြီး ကျုန်ချွမ်း အား တစ်ချက်ပြုံးပြကာ လူအုပ်ကြားမှ ထွက်ခွာသွားလေတော့ သည်။



သူမနောက်မှ ကျုန်ချွမ်းသည် မဆိုင်းမတွ ထလိုက်သွား လေ၏။

သူလိုက်သွားပုံမှာ လွန်စွာလျှင်မြန်လှလေ၏။

ထန်လေရီသည် ဓားကို ကျင်လေရီအားပေးပြီး ချင်စိရှောင် ဘက်လှည့်၍ ပြုံးရင်း....

"အစ်ကိုချင်စိရှောင်... ခုမှ ကျွန်မ စိတ်အေးရတော့တယ်"

သို့သော် ချင်စိရှောင်သည် ညီအစ်မနှစ်ယောက်ကို တီးတိုး ပြောဆိုနေကြသည်ကို မကြားရသည့်အတွက် သူသည် မျက်မှောင် တစ်ချက်ကုပ်လိုက်သည်။

"ဘာစိတ်အေးရတာလဲ"

ထန်လေရီ၏မျက်နှာမှာ ကြည်လင်ရွှင်ပြုံးနေသည်။

သူမသည် ချင်စိရှောင်ထံသို့တိုးသွားပြီး ခပ်တိုးတိုးလေသံ လေးဖြင့်....

"အစ်ကိုချင်စိရှောင်... ကျွန်မကို စိတ်ဝင်စားသေးသလား"

ချင်စိရှောင်မှာ ထန်လေရီ၏စကားကြောင့် အနေခက်သွား ၏။

သူသည် ထန်လေရီအား မရဲတရဲကြည့်ရင်း....

"စိတ်မဝင်စားဘဲ ရှိပါ့မလား၊ ထန်လေရီကို အစ်ကိုကချစ် နေရတာပဲ"။

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်သုံးရက်တိုင်ခဲ့သော်လည်း ဘာမှအနှောက်အယှက်မတွေ့ခဲ့ရချေ။

ဆယ့်လေးရက်မြောက်သောနေ့တွင် မိုက်ရူးရဲ ရဲ့ရန်းနှင့် လူပုညီနောင် ရဲထင်း၊ ရဲတိတို့လူစုအပြင် အဘွားကျန်းနှင့်လည်း တွေ့ဆုံ၍ အန္တရာယ်ပြုခြင်းကို ခံခဲ့ရသည်။

သို့သော် သူမစီးလာသော မြင်းပိန်လေး၏လျင်မြန်မှုကြောင့် အန္တရာယ်များကြားမှ လွတ်မြောက်ခဲ့ရလေသည်။

မိန်းကလေးသည် ခရီးဆက်၍ ထွက်လာခဲ့သည်။

မကြာမီ သစ်ပင်များဖြင့် စိမ်းစိုနေသော သစ်တောနှင့် မတ် စောက်လှသော ချောက်ကမ်းပါးများရှိသည့် 'တာပျက်စန်းတောင်' ခြေသို့ရောက်လာခဲ့သည်။

သို့သော် လုလင်ပျိုပြောသည့်အတိုင်း လာရောက်ကြိုဆိုမည့်သူ တစ်ယောက်တစ်လေကိုမျှ မတွေ့ရပါ။

မိုင်ပေါင်းများစွာရှည်လျားသော ဤတာပျက်စန်းတောင်တန်းတွင် လာရောက်ကြိုဆိုမည့်သူ၏ နေရာအတိအကျကို မေးမြန်းမည်ပြုစဉ် ထိုလုလင်ပျိုက အသေစောသည့်အတွက် ဘာမှမသိလိုက်ရပေ။

လုလင်ပျို၏မျက်နှာကို တရေးရေး မြင်ယောင်လာမိပြန်



သည်။

"သူသေပြီပဲ ငါဘာကြောင့်များ သူ့မျက်နှာကိုမြင်ယောင်လာမိတာပဲ မေ့လိုက်တာပဲကောင်းပါတယ်လေ"

ထန်လေရီတစ်ယောက်တည်း စိတ်ထဲတွင် ပြောနေမိသည်။

သူမသည် မြင်းပိန်လေးနှင့်ဆက်၍ ခရီးဆက်ခဲ့သည်။

ယခု အန္တရာယ်ကင်းရှင်းသွားပြီဖြစ်၍ ထန်လေရီသည် သူမခါးတွင် ချိတ်ထားသော ဓားရှည်ကိုဆွဲထုတ်ပြီး နေရောင်တွင် ထောင်ကြည့်လိုက်၏။

ဓားရှည်မှာ ရွှေရောင်တောက်နေသည်။

"အင်း... ဒီဓားဟာ ဘွားဘွားကျန်းပြောတဲ့ မိုးနဂါးဓားပဲ ဆင်တယ်၊ လျှပ်စစ်မြင်းပျံဆိုတာလဲ ဒီမြင်းပိန်ကိုပြောတာပဲဖြစ်မယ်၊ သူတို့တတွေ ဒါတွေကိုမမက်မောဘဲ မြင်းကုန်းနှီးကျမှ ဘာဖြစ်လို့ဒီလောက်တောင် မက်မောနေကြတာလဲ မသိဘူး"

ထန်လေရီသည် ထိုသို့စဉ်းစားရင်း မြင်းကုန်းနှီးပေါ်တွင် မြှုပ်ထားသော ကျောက်များကိုလက်ဖြင့် တစ်လုံးချင်းအသာအသာ စမ်းကြည့်မိလေသည်။

သူမက တစ်ဖန်စဉ်းစားလိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူမသည် တစ်စုံတစ်ရာကို သတိရမိသည်။

"မြင်းကုန်းနှီးက ရတနာတွေကြောင့်မဟုတ်ဘဲ သိုင်းလောကမှာ အလွန်အရေးပါတဲ့ လျှို့ဝှက်ချက် တစ်ခုခုကြောင့် ဖြစ်နိုင်တယ်... အင်း... ခုငါ့လက်ထဲရောက်နေတာပဲ ငါဖွင့်ပြီး လေ့လာကြည့်ရရင် သိပ်ကောင်းမှာပဲ"

သူမသည် ထိုသို့ဆုံးဖြတ်ချက်ချပြီး မြင်းကုန်းနှီးကိုဖြုတ်ကာ ဟိုဟိုဒီဒီ ရှာဖွေကြည့်ရှုစစ်ဆေးသော်လည်း ထူးခြားချက်ကို မတွေ့ရချေ။

သည့်နောက် ထန်လေရီသည် ဓားရှည်ကိုဆွဲထုတ်ပြီး မြင်းကုန်းနှီးကိုခွဲ၍ကြည့်ရှုရန် ဓားကိုရွယ်လိုက်စဉ် ရုတ်တရက် သူမဦးနှောက်ထဲ အတွေးများဝင်လာသည်။

"လုလင်ပျိုက ငါ့ကိုအမျိုးသမီးလူစွမ်းကောင်းလို့ ယုံကြည်ပြီး ဒီပစ္စည်းတွေကိုပို့ပေးဖို့ အကူအညီတောင်းခဲ့တယ်၊ ငါက ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ"

ထိုသို့ သူမစဉ်းစားပြီး ဓားရှည်ကို ဓားအိမ်ထဲ ပြန်သွင်းလိုက်၏။

အကယ်၍ မိမိနောက်သို့ အဘွားကျန့်လိုက်လာပါက ဒုက္ခရောက်မည်ကိုစိုးရိမ်သည့်အတွက် မြင်းကုန်းနှီးကို မြင်းပေါ်သို့ပစ်



တင်လိုက်၏။

သို့သော် မြင်းကုန်းနှီးမှာ မြင်းပေါ်မှချော်ထွက်ပြီး အောက်သို့ကျကာ ကျောက်တုံးကြီးနှင့်ဆောင့်မိသွား၏။

ထိုအခါ မြင်းကုန်းနှီးထဲမှ ဖြူဖြူအလုံးသုံးလုံး ထွက်ကျလာ၏။

သူမ အံ့ဩသွားပြီးကျသွားသော အဖြူသုံးလုံးကို လိုက်လံကောက်ယူလိုက်၏။

ထိုစဉ် တောင်ကုန်းပေါ်မှ လျင်မြန်သောအဟုန်ဖြင့် လူတစ်ယောက်ပြေးဆင်းလာပြီး မြင်းကုန်းနှီးကိုကောက်ယူကာ ထွက်ပြေးသွားတော့သည်။

ထန်လေရီလှည့်ကြည့်သောအခါ မြင်းကုန်းနှီးကိုယူပြေးသူမှာ အတော်ဝေးဝေးသို့ ရောက်ရှိနေချေပြီ။

သူမသည် ချက်ချင်းပင် ထိုသူနောက်သို့ အပြေးလိုက်မည်ပြုစဉ် သစ်ပင်တစ်ပင်ပေါ်မှ...

"ထန်လေရီ... ထန်လေရီ"

ခေါ်သံကြောင့် သူမ၏ခြေလှမ်းကိုရပ်ကာ အသံလာရာသို့ ကြည့်မိသည်။

မိမိကို လုလင်ပျိုထံပို့ပေးသော ကြက်တူရွေးဖြစ်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရလေသည်။

တစ်ဖန်သတိရသည်နှင့် မြင်းကုန်းနှီးလုယူသွားသူကို ကြည့်လိုက်ရာ ထိုသူ၏ကျောပြင်ကိုသာ တွေ့လိုက်ရတော့သည်။

ထိုလူ၏ အပြေးကား လျင်မြန်လှ၏။

သူမသည် အံ့ဩသွားမိပြန်သည်။

မြင်းကုန်းနှီးကို လုယူသွားသူ၏ ပုံသဏ္ဌာန်သည် လုလင်ပျိုနှင့်တူနေပေသည်။

သို့သော် ကျောပြင်သာ တွေ့ရ၍မသေချာချေ။

ထိုစဉ် ထန်လေရီ၏ဦးနှောက်ထဲ အသိဉာဏ်တစ်ခု ရောက်လာသည်။

တစ်ပါးသူယုံကြည်၍ပို့ခိုင်းသောပစ္စည်းကို ထိန်းသိမ်းကာကွယ်ရမည်မဟုတ်ပါလော။ သူစောင့်ရှောက်ရပေမည်။

ထို့ကြောင့် သူမသည် မြင်းကုန်းနှီး လုယူပြေးသူနောက်သို့ အပြေးလိုက်လေတော့၏။

အတော်ဝေးဝေး ပြေးလိုက်မိသော်လည်း မြင်းကုန်းနှီးလုပြေးသူ၏ အရိပ်အရောင်ကိုပင် မတွေ့ရတော့ချေ။

ထန်လေရီသည် ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်လေသည်။



ချောင်းငယ်၏တစ်ဖက်ကမ်းတွင် တဲအိမ်တစ်အိမ်ကို တွေ့မြင်ရသည်။

သူမသည် ဝမ်းသာအားတက်သွားပြီး ချောင်းငယ်ကိုဖြတ်ကူးကာ အိမ်တံခါးဝသို့ကပ်၍....

"အိမ်ရှင်များရှိပါသလားရှင်"

သူမသည် (၄-၅) ကြိမ်ထက်မနည်း မေး၍ အသံပြုလိုက်သော်လည်း ပြန်လည်ခွန်းတုံ့ပြန်ခြင်းကို မကြားရချေ။

သည့်နောက် ထန်လေရီသည် တဲအိမ်တံခါးကိုဖွင့်၍ ဝင်လိုက်လေ၏။

သူမတဲအိမ်တွင်းသို့ ရောက်ရှိသောအခါ စားပွဲတစ်လုံး၊ ဝါးကုလားထိုင် (၄-၅) လုံးကို တွေ့မြင်လိုက်ရလေသည်။

ထန်လေရီသည် ဝါးကုလားထိုင်တစ်လုံးတွင် ထိုင်ပြီး အိမ်ရှင်ကို စောင့်ဆိုင်းရင်း အမောဖြေနေမိပေသည်။

ဤအိမ်ရှင်ကား မည်သူနည်း။

သစ်ခုတ်သမားများ၏အိမ်တော့ မဟုတ်နိုင်ပေ။ မုဆိုးများ၏အိမ်လည်း မဟုတ်နိုင်ပေ။

သစ်ခုတ်သမားနှင့် မုဆိုးများ၏အိမ်ဆိုလျှင် ဤသို့စားပွဲ၊ ကုလားထိုင်များ ရှိနေမည်မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲကုလားထိုင်များကို တွေ့ရခြင်းအားဖြင့် သစ်ခုတ်သ
မားနှင့် မုဆိုးများနေထိုင်သော အိမ်မဟုတ်ကြောင်း သိရှိနိုင်သည်

သစ်ခုတ်သမားနှင့် မုဆိုးများသည် ဖြစ်သလို နေလေ့ရှိ
သည်။

သူ့ကိုအမိကထားသည်မှာ မီးဖိုပင်ဖြစ်သည်။ ဤအိမ်၌
မီးဖိုကြီးကြီးမားမားလည်း မရှိချေ။ ထို့ကြောင့် သူမသည် ခြေပ
လက်ပစ် ထိုင်နေမိလေ၏။

ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည့်အခါတွင်
သစ်ပင်တောတန်းများသာ တွေ့ရ၏။

သူမဖြတ်ကျော်ခဲ့သည့် ချောင်းငယ်လေးမှာမူ စီးဆင်း
မြပင်။

ထိုစဉ် ထိုတောတန်းများအတွင်းမှ လူရိပ်တစ်ခု လှုပ်ရှာ
သွားသည်ကို တွေ့လိုက်ရလေ၏။

ထန်လေရီ မျက်လုံးပြူးသွားသည်။ သူမသည် ဆတ်ခနဲ
ရပ်လိုက်သည်။

ထိုလူအား ရင်ဆိုင်ရပေမည်။ ထိုလူရိပ်သည် အလွန်လျ
မြန်လှစွာ တဲအိမ်လေးဆီသို့ ပြေးလွှားလာလေ၏။

မကြာမီ တံခါးခေါက်သံကြားရလေ၏။



ထန်လေရီက ဓားကိုအသင့်ကိုင်ပြီး ပြောလိုက်သည်။

"ဝင်ခဲ့.... တံခါးဖွင့်ထားတယ်"

တံခါးကိုတွန်းဖွင့်ပြီး လူတစ်ယောက်ဝင်လာလေ၏။

ထိုလူကိုမြင်သောအခါ ထန်လေရီ အံ့အားသင့်သွားလေ
တော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုလူကား လမ်းခရီး၌ သူမအား
ပစ္စည်းများ အပ်နှံပြီးသေဆုံးသွားသော လူငယ်ပေတည်း။

ထိုလူငယ်သည် ဇောချွေးများပင် နဖူးပြင်၌ စို့နေသည်။

သူသည် ထန်လေရီအား တောင်းပန်သည့်အကြည့်မျိုးဖြင့်
ကြည့်ကာ....

"အစ်ကို့ရဲ့အပြစ်တွေကို နောက်မှ ဝန်ချတောင်းပန်ပါ့
မယ်၊ အခုအရေးကြီးတဲ့အချိန်မှာ ဒီမြင်းကုန်းနှီးကိုယူပြီး အခန်းထဲက
ခုတင် အောက်မှာ ဝင်ပုန်းနေပေးပါ"

လုလင်ပျို၏မျက်နှာမှာ အလွန်ချောက်ချား တုန်လှုပ်နေ
သည်ကို မြင်တွေ့ရသောအခါ ထန်လေရီသည် သူ့အပေါ် ကရုဏာ
သက်မိပြန်သည်။

သနားစိတ်များလည်း သူ့အပေါ် ယိုဖိတ်လာမိသည်။

သည့်နောက် သူမသည် လုလင်ပျိုလက်ထဲမှ မြင်းကုန်းနှီး

www.burmeseclassic.com



ကိုလှမ်းယူလိုက်သည်နှင့် လုလင်ပျိုက လောဆော်လိုက်လေ၏။

"မြန်မြန်... မြန်မြန်"

လက်ကပါ သူမအား တွန်းထုတ်လိုက်သည်။

ထန်လေရီသည် ခုတင်အောက်သို့ ဝင်ပုန်းနေလိုက်ရလေ၏။

သူမသည် ခုတင်အောက်တွင် ပုန်းရင်း အပြင်ဘက်သို့ ချောင်းကြည့်လိုက်သည်။

ထိုစဉ် လူရိပ်နှစ်ခုသည် ပြတင်းပေါက်မှ ခုန်ဝင်လာသည်ကို တွေ့လိုက်ရသည်။

ထန်လေရီက မျက်မှောင်ကုပ်သွားလေ၏။

ထိုဝင်လာသူနှစ်ဦးမှာ အဘွားကျန်းနှင့် လိပ်ပြာယပ် တောင်ပိုင်ရှင် ဖန်ကွမ်းစုတို့ပင်တည်း။

သူတို့နှင့် မရှေးမနှောင်းတွင် စောစောပိုင်းက တွေ့ခဲ့သော လူပုညီနောင် ရဲထင်း၊ ရဲတိနှင့်ဒုတိယအကြိမ် တွေ့ခဲ့သောလူပုလေးတို့ ဝင်လာကြပြန်သည်။

လုလင်ပျိုသည် ထိုင်ရာမှထလိုက်ပြီး လက်နှစ်ဖက်ဆုပ်၍ ဂါရဝပြုလိုက်သည်။

"ညှော်သည်တွေကို လှိုက်လှဲစွာကြိုဆိုပါတယ်"



သူက အားလုံးကိုတစ်ချက်ချကြည့်ပြီး မှန်မီးအိမ်ကိုထွန်းညှိလိုက်၏။

လုလင်ပျိုက တစ်ချက်ပြုံးလိုက်ပြီး...

"တောထဲ တောင်ထဲမှာမို့ ဧည့်ခံစရာချို့တဲ့လို့ ဧည့်ဝတ်မကျေတာကို တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး"

အားလုံးပြိုင်တူ အဖြေပေးလိုက်ကြ၏။

ထိုစဉ် ဟိုကြုံယက်နှင့်မိုက်ရှုးရဲ ရဲ့ရန်းတို့သည် စကားကိုကျယ်လောင်စွာပြောရင်း ဝင်လာကြပြန်သည်။

ခုတင်အောက်တွင် ပုန်းနေသော ထန်လေရီက အံ့သြသွားမိပြန်သည်။

သူမသည် ဆက်၍ နားထောင်မိပြန်သည်။

"ဟိုကြုံယက်ရေ... သူတို့လက်မဦးခင် တို့ကစကြစို့ တောအော တို့တွေ့ခဲ့တဲ့ခြေရာကို ကြည့်ခြင်းအားဖြင့် မိန်းကလေးဟာ အကျိန်းသေရှိရမယ်၊ သူ့ခြေရာက ဒီမှာလမ်းဆုံးနေတယ်"

ဘာမျှစဉ်းစားဆင်ခြင်ခြင်းမရှိသော ဟိုကြုံယက်က ပြန်ပြောလေ၏။

"အေး... ဒီဖန်ကွမ်းစုဆိုတဲ့ သတ္တဝါကို ငါထပ်ပြီး အစွန်း

www.burmeseclassic.com



ပြအုံးမယ်"

သူတို့နှစ်ဦးသည် တဲအတွင်းသို့ ရောက်ရှိလာသည်နှင့် ဟ...
ကြုံယက်သည် ဖန်ကွမ်းစုကိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် မိုက...
ရှုရဲ ရဲ့ရန်းကလည်း ကျန်လူများကို တိုက်ခိုက်ရန် ကြည့်လိုက်သည်...

ဖန်ကွမ်းစုသည် ဟိုကြုံယက်အကြောင်းကိုသိထားသော...
ကြောင့် သူ၏သံမဏိယပ်တောင်ကို ဖြန့်လိုက်ပြီး ပြန်၍တိုက်ခိုက...
ရန်ပြုသည်။

အဘွားကျန်းသည် သူမ၏တောင်ဝှေးကိုတစ်ချက် ခေ...
လိုက်ပြီး အော်ဟစ်လိုက်၏။

"အားလုံး ခုချက်ချင်း ရပ်လိုက်ကြ"

အဘွားကျန်း၏အော်သံကြောင့် ဟိုကြုံယက်သည် သူ...
တိုက်ကွက်ကိုရပ်လိုက်ပြီး အဘွားအိုအား မျက်မှောင်တစ်ချက်...
ကြည့်လိုက်လေ၏။

"အဘွားကြီး... ခင်ဗျားဟာ သေကာနီးတောင် ဒီပတ္တမြ...
မြင်းကုန်းနှီးကို လိုချင်နေသေးသလား"

ခုတင်အောက်တွင်ပုန်း၍ နားထောင်နေသော ထန်...
သည် လူစုံတက်စုံတိုက်ခိုက်တော့မည့် ပွဲကြီးပွဲကောင်းကို ကြည့်...
သော်လည်း မထွက်ရဲချေ။



သူမသည် ပုန်းနေရသည်မှာ ကြာလှပြီဖြစ်သဖြင့် ခြေထောက်ကို အသာဆန့်ထုတ်၍ အညောင်းဆန့်လိုက်သည်။

ထိုအခါ သူမ၏ခြေထောက်သည် နူးညံ့သောအရာနှင့် ထိတွေ့ခံစားမိသည့်အတွက် ခေါင်းကိုအသာ စောင်းငဲ့ကြည့်လိုက်မိ၏။

တွေ့လိုက်ရသောမြင်ကွင်းကြောင့် သူမ၏မျက်လုံးများမှာ ပြူးကျယ်သွားပြီး ထိတ်လန့်တုန်လှုပ်သွားသည်။

သူမ၏မျက်လုံးကိုပင် မယုံကြည်နိုင်အောင် ဖြစ်မိသွားသည်။

ထန်လေရီတွေ့ရသည်မှာ ကျားကြီးတစ်ကောင်ဖြစ်နေလေ၏။

သူမမှာ တုန်လှုပ်ချောက်ချားမိသော်လည်း ဆက်၍မလှုပ်ဘဲ ငြိမ်နေလိုက်ရသည်။

ကျားကြီး၏အမြီးမှာ လှုပ်ရမ်းနေသည့်အတွက် သူမမှာ ပို၍ ကြောက်စိတ်ပွားမိသည်။

အကယ်၍ ဝင်မပုန်းမီကသာ ဤခုတင်အောက်တွင် ကျားကြီးရှိမှန်းသိခဲ့ပါလျှင် သူမသည် အမှန်ပင် ဝင်ပုန်းမည်မဟုတ်ချေ။

ယခုတော့ သူမသည် မတတ်နိုင်တော့ပါ။ ကျားနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ပုန်းမိနေလေပြီ။

ထိုစဉ် အဘွားအိုကျန်းက....

"ဘယ်သူမှမလှုပ်ကြနဲ့၊ လှုပ်ရင် ငါ့ကိုအဆိုးမဆိုနဲ့"

သို့သော် ဟိုကြံ့ယက်က ဂရုမစိုက်ဘဲ လက်နှစ်ဖက်ကိုဆန့်ထုတ်လိုက်ပြီး အဘွားကျန်း၏တောင်ဝှေးကိုလုယူရန် တိုးလာသည်။

အဘွားကျန်းသည် ဒေါသထွက်လာပြီး ရုတ်တရက် ဟိုကြံ့ယက်၏ကိုယ်ကိုဆွဲကာ ပြတင်းပေါက်အပြင်ဘက်သို့ ပစ်ပေါက်လိုက်လေ၏။

"ဝုန်း...."

မိုက်ရူးရဲ ရဲ့ရန်းသည် မျက်နှာကွက်ခနဲ ပျက်သွားသည်။

ထိုစဉ် အပြင်ဘက်မှ ကြိမ်းဝါးသံထွက်လာလေ၏။

ထို့နောက်....

"ဘုန်း...."

ဟူသောအသံနှင့်အတူ ပြတင်းပေါက်မှ တစ်စုံတစ်ဦး အိမ်တွင်းသို့ လွင့်ကျလာပြန်သည်။

သေချာကြည့်လိုက်သောအခါ ဟိုကြံ့ယက်ဖြစ်နေသည်ကို တွေ့လိုက်ရတော့သည်။

တဲအပြင်ဘက်မှ....



"ညှော်သည်တွေတောင် ရောက်နေမှကိုး၊ နေချင်သလို နေနိုင်ပါတယ်၊ ကျုပ်ဧည့်ဝတ်မကျေတာတော့ ခွင့်လွှတ်ပါ"

ကျယ်လောင်သောအသံကို ကြားလိုက်ရသည်။

လုလင်ပျိုသည် အိမ်ရှင်ပြန်ရောက်လာသည်ကို သိရသည်နှင့် လူအားလုံးအသံရှင်ကို ဂရုစိုက်လှည့်ကြည့်နေစဉ် အခန်းတွင်းရှိ ခုတင်အောက်သို့ကပျာကယာ လိမ့်ဝင်ပုန်းနေလိုက်လေ၏။

သူက အိမ်ရှင်ပမာဟန်ဆောင်ခဲ့သည် မဟုတ်ပါလော။

ထန်လေရီ ရင်ထိတ်နေစဉ် လုလင်ပျိုက ခုတင်အောက်သို့ သာရောက်ရှိလာလေ၏။

လုလင်ပျိုလည်း လာပုန်းနေပြန်ပြီ။

ကိုယ်ချင်းထိပြီး ရင်တွေတုန်ကာ ရှက်စိတ်များ ဖော်မပြနိုင်အောင် ခံစားလာမိလေ၏။

တစ်ဘက်မှ ကျားကြီးသည် တောက်ပသော မျက်လုံးအစုံဖြင့် သူမအား ကြည့်နေပေသည်။

ထန်လေရီက လုလင်ပျိုအား မျက်လုံးဝေ့ကြည့်ကာ တိုးတိုးပြောလိုက်လေ၏။

"ဒီထဲမှာ ကျားတစ်ကောင်ရှိတယ်"

လုလင်ပျိုက ပြုံးပြရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ကျားရှိမှန်းသိပါတယ်၊ ဒီကျားဟာ တိရစ္ဆာန်ဘုရင် ရှန်ပိန်းမွေးထားတာပါ၊ ဒီလူဟာ ဒီနယ်တစ်ဝိုက်မှာ လှည့်လည်နေထိုင်တဲ့လူပဲ"

ယခုမှ ထန်လေရီသည် သူမ၏ဆံရာပြောသောစကားများကို သတိရလာမိ၏။

"တိရစ္ဆာန်ဘုရင် ရှန်ပိန်းဟာ တောထဲမှာနေလာတာ အနှစ်နှစ်ဆယ်ကျော်ပြီ၊ ဒါပေမယ့် သူ့ကိုတွေ့ဖူးတဲ့လူ အတော်နည်းတယ်"

သူတို့နှစ်ဦးအကြည့်ချင်းဆုံ၍ တွေဝေနေကြစဉ် တဲအတွင်းသို့ သာမန်အဝတ်အစား ဝတ်ဆင်ထားသော လူတစ်ယောက်ဝင်လာလေ၏။

"ဧည့်သည်တွေရောက်နေတာကြာပြီထင်တယ် ထိုင်ကြပါ"

ဝင်လာသူသည် အားလုံးကိုခြုံ၍ တစ်ချက်ကြည့်ရင်း ပြောလိုက်၏။

ဟိုကြုံယက်သည် ခွန်အားဝလ တောင့်တင်းသန်မာလှသော်လည်း ယခုမိမိထက် အင်အားကောင်းသူက တဲအတွင်းသို့ကိုင်ပေါက်ပစ်သွင်းခြင်း ခံလိုက်ရသည်။

ဤသည်ကို ကြည့်ခြင်းအားဖြင့် ထိုသူမှာ သာမန်လူတစ်



ယောက်မဟုတ်ကြောင်းကို နားလည် သဘောပေါက်မိသည့်အတွက် အသာငြိမ်နေလိုက်၏။

အဘွားကျန်းက ဝင်လာသူအား မျက်မှောင်ကုပ်၍ ကြည့်ရင်း မေးလိုက်သည်။

"မင်းက ဘယ်သူလဲ"

အိမ်ရှင်ဆိုသူက တစ်ချက်ပြုံးလိုက်ပြီး...

"ကျုပ်က လောကကြီးနဲ့ကင်းဝေးနေတဲ့ လူတစ်ယောက်မို့ ကျုပ်ရဲ့နာမည်နဲ့ဘွဲ့ထူးတွေတောင် မေ့နေပြီ"

အဘွားကျန်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး...

"ဒါဖြင့် မင်းက ဒီတဲရှင်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဒါဖြင့် အတော်ပဲ၊ ဒီအိမ်ထဲကို မိန်းကလေးတစ်ယောက် ဝင်ပြီးပုန်းနေလို့ သူ့ကိုရှာခွင့်ပြုပါ"

ထိုအခါ ကျန်လူများကလည်း...

"ဟုတ်ပါတယ်... ရှာစရာရှိရင် အားလုံးအတူတူ ရှာကြ[illegible]ပေါ့"

အိမ်ရှင်ဆိုသူလူရွယ်က မျက်မှောင်ကုပ်သွားသည်။

"ဧည့်သည်တွေကို သဘောရှိနေခွင့်ပြုပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေးမနေဘဲ ရှာတာဖွေတာလုပ်တာတွေကိုတော့ ခွင့် မပြုပါဘူးဗျာ”

အဘွားကျန်း စိတ်ဆိုးသွားသည်။

“မင်းရှာခွင့်မပြုဘူး ဟုတ်လား”

“ဟုတ်ပါတယ်”

အဘွားကျန်းက ဒေါသတကြီးတောင်ဝှေးတစ်ချက်ဆောင့်လိုက်ပြီး ကျန်လူများဘက်သို့လှည့်ကာ....

“ဘယ်သူတွေသဘောတူတူ မတူတူ ငါကတော့ ရှာရမှာပဲ”

စကားဆုံးသည်နှင့်အဘွားကျန်းသည် အိမ်ရှင်လူရွယ်အား တောင်ဝှေးဖြင့် တစ်ချက်ရမ်းပြီး ရိုက်ချလိုက်လေ၏။

အိမ်ရှင်လူရွယ်က အပြုံးမပျက်ချေ။

အဘွားကျန်း၏ရိုက်ချက်ကို အသာရှောင်တိမ်းပြီး သူမ၏ တောင်ဝှေးကိုဆွဲ၍ လုယူလိုက်၏။

အဘွားကျန်းသည် ထိတ်လန့်သွားပြီး နောက်သို့တစ်ချက် ခုန်ဆုတ်လိုက်သည်။

အဘွားကျန်းမှာ လူရွယ်အိမ်ရှင်၏ အတွင်းအားနှင့် သိုင်းပညာများကို မယှဉ်သာမှန်းသိရသဖြင့် ခပ်ရှက်ရှက်နှင့် အိမ်ပြင်သို့



လှည့်ထွက်မည်ပြုလေ၏။

လူရွယ်အိမ်ရှင်က ပြုံး၍....

“ဩော်.... အဘွားရဲ့တောင်ဝှေး မေ့ကျန်ခဲ့အုံးမယ်”

အိမ်ရှင်လူရွယ်က တောင်ဝှေးကိုကမ်းပေးလိုက်၏။

အဘွားကျန်းသည် သူမ၏ တောင်ဝှေးကိုပြန်ယူပြီး ခပ်ရှက်ရှက်ဖြင့်ပင် တဲအတွင်းမှ ခုန်ထွက်သွားလေ၏။

ကျန်လူများသည် သိုင်းပညာတွင်ရော အတွင်းအားပါ မယှဉ်နိုင်မှန်းသိ၍ အလျှိုလျှိုပြတင်းပေါက်မှ ခုန်ထွက်သွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၆)

## အရှုပ်သံသရာ

အိမ်ရှင်လူ့ရွယ်က ခုတင်အောက်ရှိလူများက လှမ်းပြောသည်။

"ခုတင်အောက်က ညှော်သည်တွေထွက်လာနိုင်ပါပြီ"

အိမ်ရှင်၏ခေါ်သံကို ကြားရသောအခါ လုလင်ပျို့နှင့်ထန်လေရီတို့သည် တစ်ဦးကိုတစ်ဦး ကြည့်မိကြ၏။



ထို့နောက် ခုတင်အောက်မှ ထွက်လာကြလေတော့သည်။

လုလင်ပျို့က လက်နှစ်ဖက်ယှက်၍ ဂါရဝပြုလိုက်လေ၏။

"ကျွန်တော်တို့ကို အကာအကွယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

အိမ်ရှင်က တစ်ချက်ပြုံးလိုက်ပြီး....

"ဒါက အသေးအဖွဲ့ကိစ္စပါ"

သူက လက်ခုပ်တစ်ချက်တီးလိုက်၏။

မကြာပါ ခုတင်အောက်မှကျားကြီးသည် လူရွယ်အနီးသို့ ရောက်ရှိလာလေ၏။

သူသည် ကျားကြီးကို ကြောင်တစ်ကောင်ပမာ ပွတ်သပ်ပေးရင်း လုလင်ပျို့ဘက်သို့လှည့်ကြည့်ကာ....

"ညီလေးက ကြက်တူရွေးနဲ့ အတူလာတယ်ဆိုတော့ စီချမ်းနယ်မှာရှိတဲ့ လုံစီကျောင်းတော်က ဆရာတော်မော်ဝီရဲ့တပည့် မဟုတ်လား"

"ဟုတ်ပါတယ်ခင်ဗျာ.... ကျွန်တော့်နာမည် ကျုန်ချွမ်းလို့ ခေါ်ပါတယ်"

အိမ်ရှင်လူရွယ်က မျက်မှောင်ကုပ်သွားသည်။

သူသည် တစ်စုံတစ်ရာကိုစဉ်းစားမိပြီး အေးဆေးစွာ ပြော

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"အင်း.... တစ်ခုတော့မှာလိုက်ချင်တယ်၊ လူငယ်ဆိုတာ လိမ်လည်လှည့်ဖြားပြီး ပရိယာယ်မသုံးသင့်ဘူး၊ ရိုးရိုးသားသားနဲ့ ဖြောင့်မတ်တည်ကြည်ရတယ်"

အိမ်ရှင်ရှန်ပိန်း၏ စကားကြားရသောအခါ လုလင်ပျို ကျုန်ချွမ်းမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

ကျုန်ချွမ်းသည် မိမိပရိယာယ်သုံးခြင်းကို အိမ်ရှင် ရှန်ပိန်းက မည်ကဲ့သို့ သိရှိသွားသည်ကိုစဉ်းစား၍ မရနိုင်အောင်ပင် ဖြစ်သွားသည်။

သို့သော် ယခုဤကိစ္စမှာ အလွန်အရေးကြီးသည့်အတွက် မလွှဲမရှောင်သာ၍ ပရိယာယ်သုံးလိုက်ခြင်းကို သူသာသိပေသည်။

တစ်ဖန်အိမ်ရှင်ရှန်ပိန်းသည် ထန်လေရီဘက်လှည့်ကြည့် ရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်။

ထန်လေရီက မိမိခင်မင်မိသူတစ်ယောက်ကို ဤသို့အ ထင်သေးအမြင်သေး ပြောဆိုခံရခြင်းအတွက် ကျိတ်၍ မကျေမ နပ်ဖြစ်မိသည်။

ထို့ကြောင့် သူမက မသိမသာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး ပြောသည်။



"ကျွန်မတို့ သွားကြစို့"

ထန်လေရီက လုလင်ပျို ကျုန်ချွမ်းဘက်သို့လှည့်၍ ပြော လိုက်လေသည်။

ကျုန်ချွမ်းက သူမကိုပြုံးကြည့်၍ ခေါင်းတစ်ချက်ညိတ် ကာ....

"ကောင်းသားပဲ သွားကြစို့"

သူတို့သည် အိမ်ရှင်ရှန်ပိန်းအား ဦးညွှတ်ဂါရဝပြုပြီး နှုတ် ဆက်ကာ တဲအတွင်းမှ ထွက်ခွာခဲ့ကြလေတော့သည်။

သူတို့သည် တဲအိမ်နှင့် အတော်အလှမ်းကွာဝေးသော နေ ရာသို့ ရောက်သောအခါ သစ်ပင်တစ်ပင်ရင်းတွင် ခေတ္တအမောဖြေ ကြသည်။

ဤသို့ နှစ်ဦးအတူ သွားလာရပြန်သောအခါ ကျုန်ချွမ်းမှာ အာယာကြည်နူးမိပြန်သည်။

ထန်လေရီသည် ချောမောလှပသူလေး မဟုတ်ပါလော။

သူမ၏အလှတွင် နစ်မျောနေမိသည်။

ထန်လေရီကလည်း ကျိတ်၍ကြည်နူးနေမိလေ၏။

"အစ်ကို "

သူမကပြုံးကြည့်ရင်း ခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ညီမ"

"အစ်ကိုက ဘာ့ကြောင့် ကျွန်မကို လိမ်ပြောခဲ့ရတာလဲ၊ မြင်းကုန်းနှီးက ဘယ်လောက်များ အရေးကြီးနေလို့ လူတွေကသဲကြီးမဲကြီး လိုက်နေရတာလဲ"

သူမ၏အမေးကြောင့် ကျုန်ချွမ်း၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။

ထန်လေရီက သတိပြုမိသော်လည်း မသိဟန်ဆောင်နေလိုက်သည်။

သူသည် ထိုင်ရာမှရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး ပြောလေ၏။

"ညီမ အစ်ကို့ကိုမြင်းကုန်းနှီး တစ်ဆိတ်လောက် ကမ်းပေးပါကွယ်"

ထန်လေရီက မျက်မှောင်ကုပ်သွားသည်။

သို့သော် သူမက သဘောရိုးဖြင့် လက်ထဲရှိ မြင်းကုန်းနှီးကို ကျုန်ချွမ်းအား လှမ်းပေးလိုက်သည်။

"အဲဒီမြင်းကုန်းနှီးထဲက ပုလဲသုံးလုံးထွက်ကျလို့ ကျွန်မကောက်ပြီး သိမ်းထားပါတယ်"

သူမ၏စကားမဆုံးမီမှာပင် ကျုန်ချွမ်းသည် ရုတ်တရက်



ဘာစိတ်ကူးရလာသည်မသိ။

သူသည် မြင်းကုန်းနှီး လက်ထဲသို့ရောက်သည်နှင့် ကိုယ်ဖော့ပညာကိုသုံးကာ အဝေးသို့လျင်မြန်စွာ ထွက်ပြေးသွားလေတော့သည်။

ထန်လေရီမှာ ကြောင်အမ်းအမ်းဖြစ်ကာ တွေဝေပြီး ကျန်ရစ်ခဲ့လေ၏။

အတန်ကြာမှ သူမသည် သတိရ၍ ကျုန်ချွမ်းအား လှမ်း၍ကြည့်လိုက်သောအခါ အရိပ်အရောင်ကိုမျှ မတွေ့ရတော့ချေ။

သို့သော် ထန်လေရီသည် သူ့အပေါ်ကျိတ်၍ ချစ်ကြိုးသွယ်မိနေသည့်အတွက် သူမအပေါ် ဤသို့အကောက်ကြံ၍ ထွက်ပြေးသွား သည်ကိုပင် ဒေါသစိတ်မပွားသည့်အပြင် သူ့အပေါ် စိုးရိမ်စိတ်ဖြစ်မိပြန်သည်။

အမှန်မှာ သူမသည် သူ့ကိုချစ်မိနေပြီ မဟုတ်ပါလော။

ဤတွင် ထန်လေရီအဖို့ သူ၏ခရီးဦးတည်ချက်သည် အဆုံးသတ်ခဲ့ရလေတော့သည်။

သူမသည် သစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်ပြီး ပုလဲသုံးလုံးကို သေချာစွာ ကြည့်မိသည်။

ပုလဲသုံးလုံး စီတန်းမိသောအခါ စာလုံးသုံးလုံး ရီတန်း၍

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာသည်။

"ကျိမိစန်း"

ဟူသောစာလုံးကို တွေ့ရသည့်အတွက် ထန်လေရီ၏မျက်နှာမှာ အံ့သြခြင်းဖြစ်မိသည်။

ထိုအခါကျမှ သူမသည် ကောင်းစွာ သဘောပေါက်နားလည်လာသည်။

သိုင်းသမားများ ဤမြင်းကုန်းနှီးကို သဲသဲမဲမဲ လိုက်နေကြသည်မှာ အဖိုးတန်ကျောက်မျက်ရတနာကြောင့် မဟုတ်ပေ။

ဤရတနာကျောက်ပေါ်တွင် ရေးသားထားသော စာသားများမှာ လျှို့ဝှက်ချက်ဖြစ်ကြောင်းကို ကောင်းစွာသဘော ပေါက်နားလည်မိသည်။

မြင်းကုန်းနှီးပေါ်ရှိ ကျောက်မျက်ရတနာအလုံးနှစ်ဆယ်ထဲမှ ယခုပုလဲသုံးလုံး၏ လျှို့ဝှက်ချက်စာလုံး'ကျိမိစန်း'မှာ အရေးကြီးဆုံးဖြစ်လိမ့်မည်ဟု ထန်လေရီက ထင်သည်။

ဤအကြောင်းများကို မိမိဆရာအား ပြောပြမည်ဟု ဆုံးဖြတ်ချက်ချလိုက်လေ၏။

ထန်လေရီသည် ယူနန်နယ်ရှိ မိမိဆရာရှိရာ မိုးပျံကျောင်းသို့ပြန်ရန် စတင်ထွက်ခွာလာလေတော့သည်။



ထန်လေရီ ခရီးနှင်လာခဲ့ရာ နှစ်ရက်မြောက်သောနေ့တွင် ရွာတစ်ရွာသို့ ရောက်ရှိလာသည်။

လမ်းသွားလမ်းလာများအား မေးမြန်းကြည့်သောအခါ သူမသည် ဟိုနန်ပြည်နယ်၏နယ်စပ်သို့ရောက်ရှိနေကြောင်းကို သိရှိရသည်။

ထိုမှတစ်ဆင့် သူမသည် ဆက်၍ခရီးနှင်ခဲ့ပြန်သည်။

မကြာမီ မြို့တစ်မြို့သို့ရောက်ရှိလာလေ၏။

စည်ကားသောမြို့တစ်မြို့ဖြစ်သည်။

စားသောက်ဆိုင်များ၊ အရောင်းဆိုင်များ၊ သွားလာလှုပ်ရှားသူများဖြင့် စည်ကားနေသည်။

ထန်လေရီသည် ဗိုက်ဆာလာသဖြင့် စားသောက်ဆိုင်တစ်ဆိုင်သို့ဝင်လိုက်စဉ် မြင်းဟီသံကိုကြားရသည့်အတွက် သူမသည် လှည့်၍ ကြည့်လိုက်မိသည်။

ဆိုင်ရှေ့တစ်နေရာတွင် ခန့်ညားစွာ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်သည် မြင်းပိန်တစ်ကောင်ကို အားစိုက်၍ သူလိုရာသို့ ဆွဲနေသည်။

သို့သော် ထိုမြင်းပိန်သည် သူ၏သခင်မဟုတ်သည့်အလား ခြေလေးချောင်းပင်မကြွ၊ ခေါင်းကိုမော့၍သာ ဟီနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းပိန်သည် သခင်ကို စိတ်ဆိုးနေပုံရသည်။

ထန်လေရီသည် မြင်းပိန်ကို မြင်လိုက်သောအခါ အံ့အား သင့်သွားသည်။

အဘယ့်ကြောင့်ဆိုသော် ထိုမြင်းပိန်သည် ကျွန်ချွမ်းက မိမိအား လူကြုံပို့ခိုင်းသော ပစ္စည်းသုံးမျိုးအနက် တစ်မျိုးဖြစ်သော 'လျှပ်စစ်မြင်းပျံ'အမည်ရှိ မြင်းပိန်ဖြစ်နေသောကြောင့်ပေတည်း။

ထန်လေရီက လူရွယ်အား စေ့စေ့ကြည့်ကာ....

"ဒီမယ်.... ဒီမြင်းက ကျွန်မမြင်းပဲ၊ ရှင် ဘယ်ကခိုးယူလာ တာလဲ"

သူမ၏စကားကြောင့် လူများ ဝိုင်းအုံလာကြပြီး ရယ်မော လိုက်ကြသည်။

ထိုလူအုပ်ထဲမှ လူတစ်ယောက်က....

"ဘယ့်နှယ်.... ဒီမိန်းကလေး ရူးများရူးနေသလား မသိ ဘူး၊ သူငွေးလေးကို မြင်းသူခိုးလို့ စွပ်စွဲနေတယ်"

"သူဌေးလေးက သဘောကောင်းလို့ သူက စော်ကားတာ ပါ"

စသည်ဖြင့် တစ်ယောက်တစ်ခွန်း ဝေဖန်ပြောဆိုနေကြ သည်။



ထန်လေရီက လူရွယ်မြင်းရှင်ဆိုသူအား မဲ့ပြုံးတစ်ချက်ပြုံး လိုက်ပြီး ပြောသည်။

"ကျွန်မမေးတာကိုဖြေပါ... ရှင် နားမလည်ချင်ယောင် ဆောင်မနေပါနဲ့ရှင်၊ ဒီလိုအအလို ဟန်ဆောင်လို့ရမလား"

သူမက ဘေးလူများကို ဂရုမစိုက်ဘဲ လူရွယ်ကိုသာ ထပ် နှံ့တွေ့နေသည်။

သို့သော် သူဌေးလေးဆိုသူ၏မျက်နှာမှာ ပကတိရိုးသားပုံ သည်။

ထန်လေရီသည် မြင်းပိန်ကို တစ်ချက်ကြည့်လိုက်ပြီး သူ ဌေးလေးဆိုသူအား ဆက်ပြောပြန်သည်။

"ဒီမယ်... ကျွန်မမြင်းကို ပြန်ပေးမယ်ဆိုရင် ရှင့်ကိုကျွန်မ လွှတ်မယ်၊ ကဲ... ကျွန်မမြင်းကိုပြန်ပေးပေတော့"

သူဌေးလေးဆိုသူက သူမအား ပြုံး၍ကြည့်ရင်း....

"ညီမလေးပြောသလို ဒီမြင်းကို ကျုပ်ခိုးလာတာမဟုတ်ပါ ဒီမြင်းက အပြေးမြန်တယ်ဆိုလို့ ကျုပ်က ငွေသားသုံးထောင် ပြီး ဝယ်ထားတာပါ၊ ကျုပ်ဝယ်လာတာက တရားသဖြင့်ပါ"

ထန်လေရီက မဲ့ပြုံးပြုံးကာ....

"ဒီမြင်းက ကျွန်မမြင်းရှင့်.... အေးအေးဆေးဆေး ပြန်မ

www.burmeseclassic.com

www.burmeseclassic.com



ပေးရင် ကျွန်မဆက်ပြီး သည်းမခံနိုင်တော့ဘူး"

လူအုပ်ထဲမှ တစ်ယောက်သောလူက....

"ဒီကောင်မလေးက တယ်စွာပါလား၊ ဖွတ်ပဲပြောနေတာပဲ"

ထိုစဉ် သူဌေးလေးဆိုသူက လူအုပ်ကိုလက်ယမ်းပြလိုက်သည်နှင့် ဝိုင်းအုံကြည့်နေကြသူများမှာ ရှောင်ခွာသွားကြလေတော့သည်။

ထိုမြင်ကွင်းကြောင့် ထန်လေရီသည် သူဌေးလေးဆိုသူမှာ ဤမြို့တွင် မည်မျှဩဇာသက်ရောက်သည်ကို အကဲခတ်မိလေ၏။

သို့သော် သူမက အလျှော့မပေးပါ။

"ရှင် ကျွန်မမြင်းကို ပြန်ပေးမလား မပေးဘူးလားဆိုတာ ပြောပါ"

သူမက ခပ်ပြတ်ပြတ် မေးလိုက်သည်။

ထိုအခါ သူဌေးလေးဆိုသူက သူမအား စေ့စေ့ကြည့်လိုက်ပြီး....

"ကောင်းပြီ... ဒီမြင်းကို ညီမပိုင်တယ်ဆိုရင် မြင်းရဲ့နာမည်က ဘယ်လိုခေါ်သလဲ၊ မူလပိုင်ရှင်က ဘယ်သူလဲဆိုတာ ပြောပြနိုင်ပါ့မလား"



သူဌေးလေးက ခေါင်းခါယမ်းလိုက်ပြီး....

"ညီမဟာ မူလမြင်းပိုင်ရှင်မဟုတ်နိုင်ဘူး၊ အဲဒီမြင်းရဲ့မူလပိုင်ရှင်ဟာ ကျုပ်ဆီမှာနေပါတယ်၊ သူ့ကိုမေးပြီး သူကပေးဖို့သဘောတူရင် ကျုပ်ပေးလိုက်ပါ့မယ်၊ ဒီတော့ သူနဲ့တွေ့ရအောင် ညီမလိုက်နိုင်ပါ့မလား"

"ကောင်းပြီ... ကျွန်မလိုက်ခဲ့မယ်"

သည့်နောက် သူတို့သည် အတူလျှောက်လာကြသည်။

သူဌေးသားက မြင်းပိန်ကလေးကိုဆွဲလာသည်။

ထန်လေရီမှာ မြင်းကိုသာပြန်လည်ရရှိရန် ဆန္ဒစောနေလေတော့သည်။

မကြာမီ သူတို့သည် ကျယ်ဝန်းသော ခြံကြီးတစ်ခြံထဲသို့ ဝင်လာကြလေ၏။

အိမ်၏တံခါးဝသို့ ရောက်သောအခါ ထန်လေရီက မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

တံခါးဘောင်တွင် 'ချင်လူမျိုးလက်ထပ်ပွဲ'ဟူသော စာတန်းကို ရွှေစာလုံးများဖြင့် ခန့်ညားစွာ ရေးသားထားသည်ကို မြင်တွေ့ရ၏။

ထန်လေရီက သူဌေးလေးဆိုသူဘက်သို့လှည့်၍ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရင်း....

"ဩော်... ဒီအိမ်မှာလက်ထပ်ပွဲရှိတာကိုး၊ ဒါနဲ့လက်ထပ်မယ့် သူက ဘယ်သူလဲ"

"ကျုပ် ချင်စိရှောင်ပါပဲ"

သူမက အံ့အားသင့်သွားသည်။

ထို့နောက် သူတို့သည် တံခါးမကြီးမှဝင်လာကြလေသည်။

သူဌေးလေးဆိုသူက မြင်းပိန်လေးကို လွှတ်ပေးလိုက်၏။

တစ်ဖန် သူတို့သည် အိမ်အတွင်းသို့ဝင်လိုက်သည်နှင့် ခန်းမကြီးထဲမှ လူရှစ်ယောက်ထွက်လာပြီး သူဌေးလေးဆိုသော လူရွယ်အား အရိုအသေပေးလိုက်ပြီး ခရီးဦးကြိုပြုသည်။

သူတို့သည် ဤအိမ်ကြီး၏အိမ်ဖော်များ ဖြစ်ကြသည်။

ထန်လေရီသည် ခန်းမကြီးသို့ လှမ်း၍ကြည့်လိုက်၏။

သူမသည် အံ့သြထိတ်လန့်သွားသည်။

မမျှော်လင့်ဘဲ ခေါင်းကြီးကြီးနှင့်လူပုကို တွေ့ရပြန်သည်။

လူပုလေးက အရက်သောက်ရင်း လှမ်း၍ပြန်ကြည့်လိုက်သောအခါ ထန်လေရီကိုတွေ့ရသဖြင့် အံ့အားသင့်သွား၏။

သူသည် သောက်လက်စအရက်ခွက်ကိုချပြီး ထန်လေရီအား စေ့စေ့ကြည့်နေပြန်သည်။



ထန်လေရီသည် ကြွေခြေဆယ်လိုက်ပြီး လူရွယ်ဘက်သို့လှည့်၍....

"ဟိုလူပုက ဘယ်သူလဲရှင်"

လူရွယ်သူဌေးလေးက လူပုဘက်သို့လှမ်းကြည့်လိုက်ပြီး....

"သူ့နာမည်က စီလျှုစင်းလို့ခေါ်တယ်၊ ဒီတောင်ပိုင်းနယ် လူစွမ်းကောင်းတစ်ယောက်ပါ"

လူပုအမည် စီလျှုစင်း....

သူက နှယ်နှယ်ရရမဟုတ် တစ်ချိန်က နာမည်ကြီးလုံ့ဆိုးကြီးလေးယောက်ကို တစ်ကိုယ်တည်း နှိမ်နင်းနိုင်ခဲ့သူဖြစ်သည်။

ထိုအမည်ကြားလိုက်ရုံနှင့် ထန်လေရီမှာ ထိတ်လန့်သွားမိသည်။

ထိုနေရာမှ အမြန်ဆုံးထွက်သွားချင်သော်လည်း မြင်းပိန်လေးကို အဆုံးမခံနိုင်သည့်အတွက် သူမက အဆိုတစ်ခုတင်ပြန်သည်။

"အစ်ကိုကြီး ကျွန်မ မြင်းရှင်ကို မတွေ့ချင်တော့ပါဘူး၊ ဒါပေမယ့် ကျွန်မကို ဒီမြင်းနှစ်နှစ်လောက် ငှားလိုက်ပါ၊ နှစ်နှစ်ပြည့်ရင် ကျွန်မ ဒီမြင်းကို အစ်ကိုကြီးဆီပြန်လာပေးပါ့မယ်"

ထန်လေရီသည် သဘောထားပြောင်းသွားပြီး ပြောလိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။

သူဌေးလေးဆိုသူက ပြုံးပြီး ပြောလိုက်လေ၏။

"ကျုပ်ပြောခဲ့ပြီးပါပြီ.... ကျုပ်သဘောနဲ့သာ ဆုံးဖြတ်ပေးနိုင်မယ်ဆိုရင် ငွေပေးပြီးဝယ်ထားပေမယ့် လွယ်လွယ်နဲ့ပေးလိုက်မှာပါ၊ ဒါပေမယ့် မြင်းပျောက်နေတာကြာပြီမို့ မြင်းရှင်ကလဲ တွေ့ချင်နေပါတယ်၊ ဒါကြောင့် သူ့ကိုတွေ့ရင် ညီမကိုပေးဖို့ ကျုပ်ကလဲဝိုင်းပြောပေးမှာပါ"

သူ၏စကားကို ကြားရသောအခါ ထန်လေရီသည် မိမိမည်မျှပင် လှည့်ပတ်ပြောနေစေကာမူ မြင်းရှင်နှင့် မတွေ့မချင်း မိမိမြင်းကို ရလိမ့်မည်မဟုတ်ဟု တွက်ဆမိသည်။

ထို့ပြင် လူငယ်သူဌေးလေး ချင်စိရှောင်၏ ရိုးသားတည်ကြည်မှုကို နားလည်သဘောပေါက်မိသည့်အတွက် နောက်ဆုံး ထန်လေရီသည် မြင်းရှင်နှင့်တွေ့ရန် ဆုံးဖြတ်ချက်ချပြီး သူနှင့်ဆက်၍ လိုက်ပါလာလေသည်။

သူတို့သည် ဧည့်ခန်းမကြီးကို ဖြတ်ကျော်လာသောအခါ အချို့ဧည့်သည်များက သူတို့ကိုထ၍ နှုတ်ဆက်ကြသည်။

အချို့က အံ့ဩနေသည့်ဟန်ဖြင့် ထန်လေရီအား ငေးကြည့်နေကြသည်။



သို့သော် ထန်လေရီသည် လူပုစီလျူစင်းမှလွဲ၍ ဧည့်သည်များကို တစ်ဦးတစ်ယောက်မျှ မသိပေ။ သိလည်း မသိလိုပေ။

မိမိနှင့်ပါလာသော သူဌေးလေးဆိုသူအား ချင်စိရှောင်ဟု သိခဲ့ရသည်။

ယခုမှ ထန်လေရီသည် ဤနေရာသို့ လိုက်ပါလာမိသည်ကို နောင်တရမှန်း ရိပ်မိ၏။

လူပုစီလျူစင်းသည် သူမကို အလစ်မပေးဘဲ စေ့စေ့ကြည့်နေသည်ကို တွေ့မြင်ရသည့်အတွက် သူမသည် ထိတ်လန့်ချောက်ချားမိသည်။

စီလျူစင်းသည် သူမအတွက် အန္တရာယ်ရှိသူဖြစ်သည်။

ချင်စိရှောင်သည် ဧည့်သည်များကိုနှုတ်ဆက်ပြီး ထန်လေရီဘက်သို့ လှည့်ကာ ပြောသည်။

"ကဲ.... မြင်းရှင်ကို သွားတွေ့ကြစို့"

"ဟုတ်ကဲ့.... သွားကြရအောင်"

ထန်လေရီက လူပုစီလျူစင်း၏ စိုက်ကြည့်ခြင်းမှ ရှောင်ခွာလို၍ အဖြေပေးပြီး ချင်စိရှောင်ခေါ်ဆောင်ရာသို့ လိုက်ပါလာသည်။

သူတို့သည် ဧည့်ခန်းမကြီးမှ ထွက်ခွာလာခဲ့ပြီး ရှည်လျား

www.burmeseclassic.com

www.burmeseclassic.com



သောစကြံအတိုင်း အဆုံးသို့လာမိသောအခါ ဘုရားကျောင်းဆော င်တစ်ဆောင်၏ အနီးသို့ရောက်လာကြသည်။

"တုတ်.... တုတ်.... တုတ်"

ဘုရားဝတ်ပြုရန် တုံးခေါက်သံကို ကြားရသောအခါ မိန်းကလေးသည် သူမ၏ခြေလှမ်းကိုရပ်တန့်လိုက်ပြီး....

"ကျွန်မကို ဘာကိစ္စနဲ့ ဘုရားကျောင်းဆောင်ထဲခေါ်လာ တာလဲ"

ချင်စိရှောင်က ဘုရားကျောင်းဆောင်ထဲသို့ လက်ညှိုးညွှန်ပြရင်း ပြောသည်။

"အဲဒီဘုရားကျောင်းဆောင်ထဲမှာ မြင်းရှင်မိုးနဂါးဓားပိုင်ရှင် အစစ်ရှိပါတယ်၊ ကျေးဇူးပြုပြီး လိုက်ကြည့်ပါ"

စကားဆုံးသည်နှင့် ချင်စိရှောင်က ဘုရားကျောင်းဆောင်ထဲသို့ ရှေ့မှဝင်သွားလေ၏။

ချင်စိရှောင်က သူပိုင်ခြံဝင်းဖြစ်၍ သူနေချင်သလိုနေနိုင်သည်။

ထန်လေရီသည် မနေသာတော့ဘဲ ချင်စိရှောင်နောက်မှ လိုက်ဝင်သွားရ၏။

ဘုရားကျောင်းဆောင်ထဲသို့ ရောက်လာကြသောအခါ ဘု



ရားဝတ်ပြုနေသော အသက်အရွယ်ကြီးသည့် ဆရာတော်တစ်ပါးကို တွေ့မြင်လိုက်ရသည်။

ချင်စိရှောင်သည် ဆရာတော်ရှေ့တွင် ရိုသေစွာ ဒူးတုပ်ထိုင်လိုက်ပြီး....

"ဆရာတော်ဘုရား.... လေရီပြန်ရောက်လာပါပြီ"

ဆရာတော်သည် ထန်လေရီအား တစ်ချက်ကြည့်ပြီး ချင်စိရှောင်ဘက် ပြန်လှည့်ကာ....

"အေး.... သူပြန်လာရင်လဲ သူ့ကို မင်းလက်ထပ်လိုက်ပေါ့"

ဆရာတော်၏စကားကို ကြားရသောအခါ ထန်လေရီမှာ အံ့ဩထိတ်လန့်ရခြင်း ဖြစ်မိလေသည်။

ချင်စိရှောင်က မိမိအမည်ကို မည်ကဲ့သို့ ကြိုသိထားပါသနည်း။

တစ်ဖန် ချင်စိရှောင်မှာ ဟိုနန်နယ်သားဖြစ်၍ အခြားလေရီဆိုသော နာမည်တူမိန်းကလေးများ ရှိပါသလော။

ဆရာတော်က မိမိနှင့်ချင်စိရှောင်ကို လက်ထပ်ခိုင်းခြင်းမှာ မည်ကဲ့သို့သော အဓိပ္ပာယ်နည်း။ သူမ သဘောမတူဘဲနှင့်လက်ထပ်ခိုင်း၍ ရမည်လော။

သူမသည် တစ်ခဏချင်း အတွေးများ ဝင်လာမိလေသည်

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ချင်စိရှောင်က ဝတ်ပြုပြီး....

"လေရီက လျှပ်စစ်မြင်းပျံနဲ့ မိုးနဂါးဓားကိုလိုချင်လို့ သနားသောအားဖြင့် ပေးလိုက်ပါဘုရား"

ဆရာတော်က ခဏမျှစဉ်းစားပြီး သက်ပြင်းတစ်ချက်ချကာ....

"ကဲ.... ဆရာတော်ပြောမယ်၊ နားထောင်"

ချင်စိရှောင်သည် ပြန်၍ ဆရာတော်နားတွင် ဒူးထောက်ပြီး နားထောင်နေသည်။

"မြင်းကိုပေးလိုက်ပါ၊ မိုးနဂါးဓားကိုတော့ ဒါယကာပဲ ယူထားပြီး ကိုယ်နဲ့မကွာ ဆောင်ထားရမယ်"

ဆရာတော်၏မိန့်ကြားချက်ကို ထန်လေရီက နားမလည်နိုင်အောင်ပင် ဖြစ်မိသည်။ သူမ မျက်စိလည်နေပေပြီ။

ချင်စိရှောင်က မိန်းကလေးအား တစ်ချက်ကြည့်လိုက်ပြီး ဆရာတော်ဘက်သို့ကြည့်ကာ....

"တပည့်တော်တို့သွားပါအုံးမယ် ဘုရား"

သူတို့သည် ဆရာတော်အား ကန်တော့ပြီး ဘုရားကျောင်းဆောင်မှ ထွက်ခွာလာကြ၏။

ထန်လေရီသည် မြင်းပြန်ရတော့မည်ကိုတွေးကာ ကျေနပ်မိသည်။



ကျောင်းဆောင်အပြင်သို့ရောက်သောအခါ....

"မြင်းကို ညီမလက်ထဲအပ်ဖို့ ဆရာတော်က ခွင့်ပြုလိုက်ပါပြီ မိုးနဂါးဓားကိုတော့ အစ်ကို့လက်ထဲမှာထားရင်လဲ ညီမရတာနဲ့ အတူတူပါပဲ"

ချင်စိရှောင်သည် ပြောရင်း မိန်းကလေးလက်မောင်းတစ်ဖက်ကို ကိုင်လိုက်သည်။ သူ့အမူအရာမှာ ပိုင်စိုးပိုင်နင်းရှိလှသည်။

ထန်လေရီက ရှက်လွန်း၍ မျက်နှာမှာ နီရဲလာကာ သူမ၏ လက်ကိုရုန်းဖယ်လိုက်ပြီး....

"ရှင် ဘာစကားတွေပြောနေတာလဲ"

ချင်စိရှောင်ဆိုလိုသည့် အဓိပ္ပာယ်ကို သူမက နားလည်လိုက်မိသည်။

ချင်စိရှောင်သည် သက်ပြင်းတစ်ချက်ချပြီး သူမကိုကြည့်ကာ ငိုင်တွေနေလေ၏။

ထန်လေရီက သူ့ကိုစေ့စေ့ကြည့်ရင်း သူမပြောလိုရာကို ပြောချလိုက်သည်။

"မြင်းကို ကျွန်မယူမယ်၊ ဓားကိုတော့ သူတစ်ပါးအပ်ထားတဲ့ပစ္စည်းမို့ ပြန်ပေးရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ချင်စိရှောင်က ထပ်မံ၍ သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။ သူ မရှုနိုင်မရှိုက်နိုင်ဖြစ်နေပုံရ၏။

"ညီမ.... လေရီ"

ထန်လေရီက လက်ကာပြပြီး ပြန်ပေးသည်။

"ရှင် ကျွန်မနာမည်ကို ဘယ်လိုလုပ်သိတာလဲ၊ ပြောရင်ပြော မပြောရင် ကျွန်မနဲ့တွေ့မယ်"

သူမက ကြိမ်းမောင်းလိုက်လေတော့၏။

အခန်း(၇)

လူမှားခြင်း

ချင်စိရှောင်က ကြင်နာစွာ ပြောလေ၏။

"ညီမ ခရီးပန်းလာတယ်မဟုတ်လား၊ အနားယူပါအုံး၊ နောက်နေ့မှဆက်ပြီး ပြောကြတာပေါ့"

ချင်စိရှောင်သည် သူမအား အိမ်ထဲသို့ပြန်ခေါ်လာပြီး ခမ်းနားလှပစွာ ပြင်ဆင်ထားသော သတို့သမီးအခန်းသို့ ရောက်ရှိလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။

ယင်းအခန်း၏အပြင်ဘက်တွင် သန်မာထွားကျိုင်းသော
အမျိုးသမီးကြီးနှစ်ယောက်က စောင့်၍ ကြိုဆိုနေသည်ကို တွေ့
လေသည်။

ထန်လေရီက သူတို့ကိုဂရုမစိုက်ပေ။

ထန်လေရီသည် ချင်စိရှောင်နှင့်အတူ အခန်းတွင်းသို့ ဝ
လာခဲ့၏။ သူမ့်က မည်သို့မျှ သံသယမရှိပေ။

အခန်းတွင်းသို့ ဝင်မိသည်နှင့် အိမ်ဖော်လေးယောက်
တွေ့ရမြန်သည်။ သူတို့ရပ်ပြီး ငြိမ်သက်နေကြသည်။

သူတို့သည် ထန်လေရီခိုင်းသမျှ ဆောင်ရွက်ပေးရန် အ
သင့်ရှိနေကြသည်။

"တဲ... အစ်ကိုသွားမယ်၊ မနက်ဖြန်မှ လာခဲ့ပါအုံးမယ်"

ချင်စိုရှောင်က ပြောရင်း သူမအား စေ့စေ့ကြည့်ကာ သ
ပြင်းတစ်ချက်ချလိုက်ပြန်သည်။

"ရှင် ဘာဖြစ်လို့ လူကိုဒါလောက် စိုက်ကြည့်နေတာလဲ
ကျွန်မက ညှော်သည်နော်၊ ရှင်မရိုင်းနဲ့"

ထိုအခါကျမှ ချင်စိရှောင်သည် မျက်နှာလွှဲကာ ခေါင်း
ယမ်းပြီး...



"ကျုပ် သွားတော့မယ်၊ နက်ဖြန်ကျမှ လာခဲ့ပါ့မယ်"

စကားဆုံးသည်နှင့် သူသည် ချာခနဲလှည့်၍ အခန်းတွင်းမှ
ထွက်ခွာသွားလေတော့၏။

ထိုအခါကျမှ ထန်လေရီသည် ဗိုက်ဆာလာမှန်း သိသည်။

ထို့ကြောင့် သူမသည် စကားစရာများကိုယူလာရန် အိမ်
ဖော်များကို မှာကြားလိုက်လေသည်။

မကြာမီ စားသောက်ဖွယ်ရာများ အခန်းထဲသို့ ရောက်ရှိ
လာသည်။ အစားအသောက်များကား စုံလင်လှ၏။

ထန်လေရီသည် ဘာမှဆက်မတွေးတော့ဘဲ ဗိုက်ဆာဆာ
နှင့် စားသောက်ဖွယ်ရာများကို အားရပါးရ စားလိုက်တော့သည်။

စားသောက်ပြီးသောအခါ သူမသည် အနီးရှိ အိမ်ဖော်များ
ဘက်သို့ကြည့်ရင်း...

"ညီမတို့ သူဌေးလေးမှာ အချစ်ဝေဒနာ ခံစားနေရပုံရ
တယ်၊ အဲဒါ ဆရာရှာသင့်တယ်"

အိမ်ဖော်လေးယောက်စလုံးက ရယ်လိုက်ကြသည်။

အိမ်ဖော်လေးယောက်က...

"ဒီတစ်လလုံးလုံး သူဌေးလေးမှာ အချစ်ဝေဒနာ ခံစားနေ
တာ မမကြောင့်ပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်မှောင်ကုပ်သွားသည်။

"ညည်း ဘာတွေပြောနေတာလဲ"

သူမက ရှက်သွားသည်။

ဒေါသသံနှင့်ပြောလိုက်သည့်အတွက် အိမ်ဖော်မလေးများ ပါးစပ်ပိတ်သွားကြသည်။

သည့်နောက် ထန်လေရီသည် မောပမ်းလာသောကြောင့် ခုတင်ပေါ်တက်၍ အိပ်ရင်း အပန်းဖြေသည်။ သူမ အိပ်၍မပျော် ပြန်ပေ။

သူမသည် ခုတင်ပေါ်အိပ်ရင်း စဉ်းစားမိပြန်သည်။

ချင်စိရောင်မှာ မိမိက မြင်းသူခိုးဟု စွပ်စွဲပြောဆိုသော်လည်း စိတ်မဆိုးသည့်အပြင် မိမိအား တွေ့ရ၍ ဝမ်းသာစွာဖြင့် သူ၏အိမ်သို့ အရောက်ခေါ်လာခဲ့သည်။

သူ၏အိမ်သို့ရောက်လာသောအခါ အိမ်သူအိမ်သားများ အစ ဧည့်သည်များကပါ မိမိကိုရင်းနှီးစွာ ဆက်ဆံကြသည်။

မည်သို့ဖြစ်လေသနည်း။

လမ်းခရီး၌ အဘွားကျွန်းက မိမိအား ဆရာတော်ဝမ်ဖိန်း၏ တပည့်ဖြစ်ကြောင်း၊ မိုးနဂါးဓားနှင့် မိုးနဂါးသိုင်းကွက်ကို တီထွင်သော သူမှာ ဆရာတော်ဝမ်ဖိန်းဖြစ်သည်ဟု ပြောခဲ့သည်။



သူမ၏စကားအရ ယခုတွေ့ခဲ့ရသော ဆရာတော်မှာ ဝမ်ဖိန်းဖြစ်ရမည်။

ထန်လေရီက ထိုသို့စဉ်းစားပြီး အိပ်ရာမှထလိုက်၏။

အိပ်ခန်းထဲ၌ မည်သူမှမရှိတော့၍ သူမသည် အခန်းတံခါးဖွင့်ပြီး အပြင်သို့ထွက်မည်ပြုစဉ် အခန်းတံခါးအပြင်ဘက်တွင် အမျိုးသမီးကြီးနှစ်ဦးကို တွေ့မြင်လိုက်ရ၏။

တစ်ဦးက ဒေါသကြီးစွာ ပြောဆိုနေသည်။

တစ်ဦးက ဒေါသကြီးနေသောအမျိုးသမီးကြီးကို ဖျောင်းဖျ နှစ်သိမ့်နေသည်။

စိတ်ဆိုးနေသည့် အမျိုးသမီးကြီးက ထန်လေရီတစ်ယောက် အပြင်သို့ထွက်ရန် ဟန်ပြင်နေသည်ကိုတွေ့ရသောကြောင့် [illegible]စွာ ဒေါသထွက်သွားလေ၏။

"ညည်း ဘယ်သွားမလို့လဲ၊ ဘာလဲ ညည်းက ငါ့သားကိုနှိပ်စက်တာလို့ အားမရသေးဘူးလား၊ တော်ရုံပဲ နှိပ်စက်ပါ၊ ငါ့သားက ခံနိုင် ပေမယ့် ငါက မခံနိုင်ဘူး"

သူမက ပြောရင်း သူ့ဘေးရှိ အမျိုးသမီးကြီးအား....

"ငါညီမ.... မင်းမသိဘူးနေ၁်၊ ညည်းတူက လောကမှာ [illegible]လေးတွေ အများကြီးရှိပေမယ့် ဒီမိန်းကလေးကိုမှ အရွေးအမူး

www.burmeseclassic.com



စွဲလန်းနေတယ်"

ထိုသို့ပြောပြီး သူမသည် ထန်လေရီအား မျက်မှောင်ကုပ်၍ ကြည့်ကာ မေးလေ၏။

"ဒါနဲ့ ညည်း ဘယ်ကိုသွားမှာလဲ"

ထန်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး ပြောသည်။

စိတ်ဆိုးနေသော မိန်းမကြီးက မျက်မှောင်ကုပ်သွားပြ သူမအနီးရှိ အမျိုးသမီးအား ပြောသည်။

"ညီမကြားတယ် မဟုတ်လား၊ ဘယ်လောက်များ ဒေါသ ဖြစ်စရာ ကောင်းလိုက်သလဲလို့"

ညီမဖြစ်သူက ထန်ရီလေးအား စေ့စေ့ကြည့်ကာ...

"ဒီမှာမိန်ကလေးကျင် ချင်စိရှောင်ကိုသနားတဲ့အနေ ဘယ်မှမသွားဘဲ အခန်းထဲမှာပဲ အေးအေးဆေးဆေး အနားယူ လားကွယ်"

ထန်လေရီက စိတ်ရှုပ်သွားသည်။

"မိန်းကလေး'ကျင်'ဆိုတာ ဘယ်သူလဲရှင်၊ ကျွန်မနာမ က ထန်လေရီပဲ၊ ကျင်လေရီမှာ မဟုတ်ဘဲ၊ ရှင်တို့သားက လူမှား တာ၊ ရှင်တို့ထပ်မမှားဖို့လိုတယ်"

ထိုအမျိုးသမီးနှစ်ယောက်မှာ မျက်မှောင်ကုပ်သွားသည်



ထန်လေရီသည် ပြောရင်း အခန်းအပြင်သို့ ထွက်လာမည် သည်။

ထိုစဉ် ထိုဒေါပွနေသောမိန်းမကြီးက သူမအား တစ်ချက် န်းလိုက်ပြီး အခန်းတံခါးကိုအပြင်မှ ဆွဲပိတ်ထားလိုက်လေသည်။

"ဂျိုင်း...'

မြည်ဟီးသော တံခါးသံပေါ်လာလေ၏။

ထန်လေရီသည် မောပမ်းစွာ ခုတင်ပေါ်တွင် ပြန်လှဲရင်း ပ်ပျော်သွားသည်။

ရုတ်တရက် လန့်နိုးလာသောအခါ အချိန်မှာသန်းခေါင်ယံ ဖြစ်နေသည်။

သူမသည် ကပျာကယာ အိပ်ရာမှထလိုက်ပြီး အခန်းတံ ဆီသို့ လျှောက်သွားသည်။

တစ်ဖန် သူမသည် တံခါးကြားမှ အပြင်သို့ ချောင်းမြောင်း သို့လိုက်သည်။

တံခါးသည် ဟနေသဖြင့် ပြင်ပမှလူများကို မြင်နိုင်သည်။

ညဦးပိုင်းကတွေ့ရသော အမျိုးသမီးကြီးနှင့် သူမ၏ညီမဆို သာ အမျိုးသမီးတို့သည် ကုလားထိုင်တစ်လုံးစီပေါ်တွင် ထိုင်၍ င့်နေကြသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏လက်ထဲတွင် တုတ်ရှည်တစ်ချောင်းစီ ကိုင်ဆော ထားကြ၏။

ထန်လေရီသည် သူမတို့ကိုင်ဆောင်ထားသော တုတ်ရှ ကို သေချာကြည့်လိုက်၏။

တုတ်ရှည်၏တစ်ဘက်ထိပ်တွင် ရွှေရောင်တောက်ေ သော ပန်းသုံးပွင့်ကို တတ်ဆင်ထား၏။

ယင်းပန်းပွင့်ကို အလွန်ထက်သော ဓားငယ်များဖြင့် ပြ လုပ်ထားသည်။

ထိုလက်နက်ဆန်းများကို တွေ့မြင်ရသောအခါ ထန်လေ မှာ မျက်မှောင်တစ်ချက်ကုပ်ပြီး ဝေဖန်သုံးသပ်လိုက်မိ၏။

ယင်းလက်နက်ဆန်းတုတ်ရှည်ကို အမျိုးမျိုးအသုံးပြုနိုင် သည့်အပြင် တုတ်ရှည်၏ထိပ်မှ သေးမျှင်လှသော အပ်ငယ်လေးမျာ ကို လက်နက်ပုန်းအဖြစ် ရန်သူကို တိုက်ခိုက်နိုင်သေးသည်။

"လက်စသတ်တော့ ပန်းသုံးပွင့်မယ်က ချင်စိရှောင်ရဲ့အ မေပါလား"

သူမ၏စိတ်ထဲတွင် ထူးဆန်းသလိုဖြစ်သွားသည်။ ဤလု များသည် သိုင်းလောကမိသားစု ဖြစ်နေချေသည်တကား။

ဤတံခါးမှထွက်လျှင် လွတ်လမ်းမမြင်ပါ။ ထို့ကြော



နောက်ဘက်သို့လှည့်လိုက်၏။

ထန်လေရီသည် ပြတင်းပေါက်ရှိရာသို့ လျှောက်လာခဲ့ပြီး ပြတင်းပေါက်တံခါးကို အသာဖွင့်၍ အပြင်သို့ကြည့်လိုက်၏။

အလင်းရောင်မရှိ မှောင်မဲ၍နေသည်။

သူသည် အတန်ငယ်စဉ်းစားလိုက်ပြီး ခါးကြားမှဓားကို ဆွဲထုတ်ယူကာ ပြတင်းပေါက်သစ်သားတိုင်များကို အသံမြည်အောင် ခုတ်ဖြတ်လိုက်သောအခါ အခန်းအပြင်ဘက်မှ စကားပြောသံကို ကြားလိုက်ရ၏။

"အခန်းထဲက တဒုတ်ဒုတ်နဲ့အသံကြားရတယ်"

ထိုစဉ် သစ်သားတိုင်များ ပြတ်သွားလေ၏။

ထန်လေရီသည် လျင်မြန်စွာဖြင့် ခေါင်မိုးပေါ် တက်လိုက် ပြီး အရပ်လေးမျက်နှာကို အကဲခတ်ကြည့်လိုက်သည်။

ဘုရားကျောင်းဆောင်မှာ မီးရောင်မရှိတော့ချေ။

ဘာမှထူးခြားချက်ကို မတွေ့ရပါ။ ဤအိမ်မှ သူမ ထွက် နိုင်ပေပြီ။

ထို့ကြောင့် သူမသည် အိမ်အပြင်ဘက်အောက်သို့ ခုန်ချ လိုက်ပြီး ခြံအနောက်ဘက်သို့ ပြေးသွားလေတော့သည်။

ခြံဝင်းနားသို့ ရောက်လာသောအခါ သူမ၏ခြေအစုံမှာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်တန့်သွားသည်။ အဘယ့်ကြောင့်နည်း။

မျက်နှာချင်းဆိုင်မှ ပုပုဝဝလူတစ်ယောက်သည် သူမထံသို့ ခုန်ဝင်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သူ့လက်ထဲမှ ဓားတစ်လက်။ ညအမှောင်ထဲတွင် သူ့ဓားက လက်နေသည်။

ထန်လေရီသည် ခုန်ဝင်လာသူအား သေချာကြည့်လိုက်ရာ ထိုခုန်ဝင်လာသူမှာ လူပုစီလျူစင်းဖြစ်နေသည်ကို တွေ့ရ၏။

စီလျူစင်းသည် ထန်လေရီအား စေ့စေ့ကြည့်လိုက်ပြီး....

"ကဲ.... မိန်းကလေး မြင်းကုန်းနှီး ဘယ်မှာလဲ"

ထန်လေရီက မျက်မှောင်ကုပ်သွားသည်။

"မြင်းကုန်းနှီး ဘယ်မှာလဲ မပြောခင် ရှင်...၊ ကျွန်မဓားကို ပြန်ပေးပါ"

လူပုက ဒေါသထွက်လာသည်။

ရုတ်တရက် သူမကို မပြောမဆိုဝင်၍ တိုက်ခိုက်လိုက်သည်။

ထန်လေရီသည် နောက်သို့တစ်ချက်ခုန်၍ ဆုတ်လိုက်သော်လည်း လူပု၏လက်ဝါးစောင်းတစ်ချက် အထိခံလိုက်ရပြီး လဲကျသွားလေတော့သည်။



ထိုစဉ် ထန်လေရီသည် လဲနေရာမှ အနီးရှိခဲလုံးတစ်လုံးကို ကောက်ယူလိုက်ပြီး စီလျူစင်း၏မျက်နှာဆီသို့ တည့်တည့်မတ်မတ် ပစ်ပေါက်လိုက်လေသည်။

သူမပစ်ပေါက်လိုက်သောခဲလုံးမှာ အရှိန်ပြင်းစွာဖြင့် စီလျူစင်း၏မျက်နှာကို ထိမှန်သွားသဖြင့် သွေးများရဲခနဲ ဖြစ်သွားသည်။

လူပုစီလျူစင်းသည် ဓားကိုဝင့်ကာ သူမထံသို့ခုန်ဝင်၍ တိုက်ခိုက်မည်ပြုသည်။

ထိုစဉ် ရုတ်တရက် မီးတုတ်များကိုင်ဆောင်ထားသော လူများ ပြေးလာကြလေ၏။

လူပုစီလျူစင်းသည် သူ၏လက်ထဲတွင် မိုးနဂါးဓားကိုရအားပြီဖြစ်သည့်ပြင် အခြေအနေမှာလည်း မဟန်မှန်းသိရသည့်အတွက် အုတ်နံရံကိုခုန်ကျော်၍ ထွက်ပြေးသွားလေတော့သည်။

စီလျူစင်းထွက်ပြေးရာသို့ လိုက်လိုသော်လည်း သူမမှာ ဒဏ်ရာရထားပြီး အားအင်ပါကုန်ဆုံးနေသဖြင့် မခံချိမခံသာဖြင့် ကျန်ရစ်ခဲ့ရသည်။

ထိုစဉ် မီးတုတ်ကိုင်ဆောင်ထားသောလူများ သူမအနီးသို့ ရောက်ရှိလာကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



လွယ်အိုပ်ထဲမှ ပန်းသုံးပွင့်မယ်၏ စူးရှသောအသံကို ကြားလိုက်ရသည်။

"ချင်စိရှောင်.... မင်းကောင်မလေးက မညားခင်က တော်ဝင် သူမနေရ ငါမနေရနဲ့ဖြစ်နေရင် နောက်ကျရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

"မေမေကလဲ မဆူပါနဲ့ဗျာ"

ထန်လေရီက မျက်မှောင်ကုပ်သွားသည်။

အကယ်၍သာ မိမိသည် ချင်စိရှောင်အား မြင်းသူခိုးဟု မ စွပ်စွဲဘဲ ခရီးဆက်ထွက်ခဲ့ပါက ယခုအခါ မိမိသည် ဟွမ်ဟိုမြစ် (မြစ်ဝါ) ကိုကျော်ပြီး လိုရာခရီးသို့ ရောက်လုနေမည်ဟု ထန်လေရီက စဉ်းစားမိပြန်လေသည်။

သူမ လောဘထွက်ခဲ့မိ၏။ သူမအမှားတည်း။

သူမသည် လဲရာမှကြိုးစားထကာ ဝန်းကျင်တစ်ခုလုံးကို ကြည့်လိုက်ပြန်သည်။ အိမ်ခြံဝင်းအပျက်ဘက်၌ မဲမှောင်နေ၏။

ထိုအခါ ဘုရားကျောင်းဆောင်အတွင်းမှ ဆရာတော်သည် ဘုရားစာများကိုရွတ်ဆိုရင်း သူမအနီးသို့ ရောက်ရှိလာသည်။

မရှေးမနှောင်းမှာပင် ချင်စိရှောင်နှင့် သူ၏မိခင်ပန်းသုံးပွင့်မယ်တို့လည်း ထန်လေရီအနီးသို့ ရောက်လာကြသည်။



သူတို့သည် ထန်လေရီ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်နေပြီး ပါးစပ်မှ သွေးစများ ပေကျံနေသည်ကိုတွေ့ရသောအခါ သူတို့၏ မျက်လုံးများ ပြူးသွားကြလေ၏။

ချင်စိရှောင်သည် ထိတ်လန့်သွားပြီး သူမအား ပွေ့ထူတာ....

"ညီမကို ဘယ်သူရန်ရှာသွားတာလဲ၊ အခု ဘယ်လိုနေသေးသလဲ"

ထန်လေရီမှာ ချင်စိရှောင်က မိမိအား ထွေးပိုက်ထားခြင်းကို မနှစ်သက်သော်လည်း ရုန်းထွက်ရန် အင်အားမရှိသဖြင့် ငြိမ်နေလိုက်ရ၏။

သူမက ချင်စိရှောင်အား စေ့စေ့ကြည့်ကာ မေးလိုက်လေ၏။

"ရှင့် လေရီဆိုတဲ့မိန်းကလေးက ဘာအမျိုးလဲ"

ချင်စိရှောင်သည် မျက်မှောင်ကုပ်သွားပြီး ပြန်ဖြေလေ၏။

"ဩော်... ခက်လိုက်တာ ညီမက ကျင်မျိုးဆိုတာ မေ့သွားပြီလား"

မိန်းကလေးက ခေါင်းကိုခါယမ်းလိုက်ပြီး....

"မဟုတ်ဘူးရှင့်... ကျွန်မက ထန်မျိုးပါ၊ ရှင်လူမှားနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချင်စိရှောင်က သူမကိုမလွှတ်ပါ။ ပွေ့ဖက်ထားဆဲပင်။

"လေရီ... အစ်ကိုရှင်းပြတာ နားထောင်ပါအုံး"

ပန်းသုံးပွင့်မယ်က မဲ့ပြုံးပြုံး၍ ကြည့်နေသည်။

အခြေအနေကို လေ့လာသုံးသပ်မိသော ဆရာတော်က...

"ဒကာ ချင်စိရှောင်... ဒကာမလေးပါးစပ်က သွေးတွေကျတာ မနည်းဘူး၊ အချိန်မီကုသရအောင် ဘုရားကျောင်းထဲကို အမြန်ခေါ်လာခဲ့ပါ၊ လွန်သွားရင် မကောင်းဘူး"

ချင်စိရှောင်သည် ထိုအခါကျမှ ထိတ်ထိတ်ပျာပျာ ဖြစ်သွားရလေ၏။

သူသည် ဘာမှမစဉ်းစားတော့ဘဲ ထန်လေရီအား ပွေ့ကာ ဘုရားကျောင်းဆောင်ဘက်သို့ ဦးတည်သွားလေတော့သည်။

ထန်လေရီတစ်ယောက် လူပုစီလျှစင်းနှင့် တိုက်ခိုက်ခဲ့စဉ်က အတွင်းဒဏ်ရာရထားသည်။

သူမသည် ချင်စိရှောင်၏ ရင်ခွင်ထဲတွင် ရှိနေဆဲ ဆရာတော်က ထန်လေရီအား စေ့စေ့ကြည့်ကာ တစ်စုံတစ်ရာကို စဉ်းစားလိုက်ပြီး....

"ဒကာမလေးကို ဆရာတော်တစ်ခု မေးချင်ပါတယ်"



သူမက မျက်လွှာကိုပင့်၍ ကြည့်ကာ....

"မေးပါဘုရား"

"ယူနန်နယ် ကြက်ခြေတောင်က မိုးပျံကျောင်းမှာ သီတင်းသုံးတဲ့သီလရှင် စိမ့်ဟွမ်းနဲ့ ဘယ်လိုတော်သလဲ"

"သီလရှင်စိမ့်ဟွမ်းဟာ တပည့်တော်မရဲ့ဆရာပါ"

ချင်စိရှောင်က မျက်မှောင်ကုပ်သွားသည်။

သူမကို နားမလည်သည့်အသွင်ဖြင့် ကြည့်ကာ...

"အစက လေရီပြောတုန်းကတော့ သီလရှင် ရွှမ်နုရင်ဟာ လေရီရဲ့ဆရာဆို၊ အခု လေရီက ဘာဖြစ်လို့သီလရှင် စိမ့်ဟွမ်းရဲ့တပည့်ဖြစ်သွားရပြန်တာလဲ"

ဆရာတော်က တစ်ချက်ပြုံးလိုက်ပြီး...

"ဒကာ ချင်စိရှောင် လူမှားနေပြီ"

"တပည့်တော် လူမှားနေတယ် ဟုတ်လားဘုရား၊ ဒါဖြင့် သူက ဘယ်သူလဲဘုရား၊ တပည့်တော်အထင်တော့ ဆရာတော်က များ မှားနေသလားလို့ တပည့်တော်ထင်တာက လေရီဟာ တပည့်တော်ကို စိမ်းကားသွားတယ်လို့ ထင်ပါတယ်ဘုရား"

ဆရာတော်က မျက်နှာတည်လိုက်ပြီး....

"ဒကာချင်စိရှောင်.... ဆရာတော်ပြောတာ ဒေသသချာ

www.burmeseclassic.com

www.burmeseclassic.com



ချာနားထောင်၊ သိုင်းလောကမှာ ရှိသမျှ ဂိုဏ်းအသီးသီးရဲ့ သိုင်းပညာရှင်တွေကျင့်တဲ့ အတွင်းအားကျင့်စဉ်နည်းတွေကို ဆရာတော်အားလုံးသိထားတယ်"

"တပည့်တော်လဲသိပါတယ် ဘုရား"

"အေး... ဒကာသိအောင် ဆရာတော်ဆက်ပြောမယ်... ဒကာမလေး အတွင်းဒဏ်ရာရနေတုန်း ကျင့်ခဲ့တဲ့အတွင်းအားကျင့်စဉ်ဟာ သီလရှင်စိမ့်ဟွမ်းရဲ့ ထူးခြားထက်မြက်တဲ့ အတွင်းအားကျင့်စဉ် ဖြစ်တယ်၊ ဒါကို ထောက်ရှုခြင်းအားဖြင့် ဒကာမလေးဟာ သီလရှင်စိမ့်ဟွမ်းရဲ့ တပည့်မသာဖြစ်တယ်၊ ကျင်လေရီမဟုတ်မှန်း သိရတာပေါ့"

ဆရာတော်၏စကားကိုကြားရသောအခါ ချင်စိရှောင်မှာ အံ့ဩတုန်လှုပ်သွားမိလေတော့သည်။

သူသည် ထန်လေရီအား ရင်ခွင်ထဲမှ ကြမ်းပြင်ပေါ် သို့အသာချလိုက်လေ၏။

သည့်နောက် သူသည် သူမအား စေ့စေ့ကြည့်ရင်း...

"မင်းနာမည်လဲ လေရီပဲလား"

မိန်းကလေးက ခပ်ယဲ့ယဲ့ပြုံးလိုက်လေ၏။

"ဟုတ်ပါတယ်ရှင်... ကျွန်မနာမည်က လေရီပါပဲ၊ ဒါပေ



မယ့် ကျွန်မရဲ့အမျိုးက ထန်ပါ၊ ကျင်အမျိုးထဲက မဟုတ်ပါဘူးရှင်"

ချင်စိရှောင်သည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး ရုတ်တရက် ထိုင်ရာမှထလိုက်သည်။

သူသည် ဝမ်းနည်းခြင်း၊ မျှော်လင့်ချက်ကုန်ဆုံးသည့်မျက်နှာထားဖြင့် ထန်လေရီအား တစ်ချက်ပြန်ကြည့်ပြီး ချာခနဲလှည့်ထွက်တော့မည်ပြုစဉ်...

"ဒကာ ချင်စိရှောင် နေဦး"

ချင်စိရှောင်၏ခြေလှမ်းက ရပ်သွားသည်။

"အမိန့်ရှိပါဘုရား"

"ဘယ်လိုပဲဖြစ်ဖြစ် ဒုက္ခရောက်နေသူကို ကယ်ဆယ်သင့်ပါတယ်၊ ဆရာတော်ဆီမှာ ဒဏ်ကြေပျောက်ဆေးမရှိဘူး... ဒကာမလေးဆရာဆီမှာ ရှိတယ်၊ ဒါပေမယ့် ရောဂါသက်သာအောင် ဆေးတစ်ခုတော့ တိုက်လိုက်မယ်"

ဆရာတော်က ဆေးတစ်လုံးကိုထုတ်ယူလိုက်ပြီး ထန်လေရီအား တိုက်လိုက်၏။

ဆရာတော်က ဆေးတိုက်ပြီးသောအခါ ချင်စိရှောင်အား...

"ဆရာတော်ရဲ့ဆေးက လေးဆယ်ကိုးရက်ပဲ သက်သာစေ

www.burmeseclassic.com

www.burmeseclassic.com



တယ်.... လုံးဝမပျောက်ကင်းနိုင်ဘူး၊ ဆိုင်ရာဆိုင်ရာတွေမှာ ကုသနိုင်တဲ့ ဆေးတွေရှိကြတယ်"

ဆရာတော်က စကားကိုခေတ္တရပ်ပြီး ထန်လေရီကို ကြည့်လိုက်မိပြန်သည်။

ထန်လေရီ၏ ခံစားနေရသောဝေဒနာမှာ ဆရာတော်၏ဆေးကိုသောက်ပြီး မကြာမီ လန်းဆန်းပေါ့ပါးလာသည်။

ထန်လေရီသည် ထလိုက်ပြီး ဆရာတော်အား ဦးတိုက်ကန်တော့လိုက်လေသည်။

ဆရာတော်သည် ခေါင်းတစ်ချက်ငြိမ့်လိုက်ပြီး ချင်စိရှောင်ဘက်လှည့်ကာ....

"ဒကာချင်စိရှောင်"

"အမိန့်ရှိပါဘုရား"

"ဒီဒကာမလေးနဲ့ပတ်သက်ပြီး ဒကာ့ကို တာဝန်တစ်ခုပေးချင်တယ်"

ချင်စိရှောင်က ဆရာတော်အား လက်အုပ်ချီ၍ ပြောသည်။

"အမိန့်ရှိပါဘုရား.... တပည့်တော် ဆောင်ရွက်ပေးပါမယ်"



"ဒကာ.... ဒီဒကာမလေးကို လေးဆယ့်ကိုးရက်မတိုင်ခင် သူ့ဆရာဆီ အရောက်သွားပို့ပေးရမယ်၊ သူ့ရဲ့ဆရာဆီက ဒဏ်ကြေဆေးလုံးကို တိုက်ကျွေးပြီး ကုသပေးမှ လုံးဝပျောက်ကင်းနိုင်မယ် ဘယ့်နှယ်လဲ ဒကာသွားနိုင်ပါ့မလား"

ချင်စိရှောင်က ထန်လေရီအား တစ်ချက်လှည့်၍ ကြည့်လိုက်၏။

သူမက သူ့အား တစ်ချက်ပြုံးလိုက်ပြီး ခေါင်းကလေးငုံ့ထားလိုက်လေသည်။

တစ်ဦးနှင့်တစ်ဦး အကြည့်ချင်းဆုံမိကြသည်။

ချင်စိရှောင်၏ရင်ထဲတွင် ကျိတ်၍ ကြည်နူးမိပြန်သည်။

သူသည် ထန်လေရီကို သူ၏ချစ်သူသာ ဖြစ်ရမည်ဟု စိတ်ထဲခွဲမိနေချေသည်။

သူမနှင့်အတူ ခရီးရှည်ကြီးသွားရမည့်အရေး သူတွေးမိကာ ကြည်နူးမိသည်။

ထို့ကြောင့် သူသည် ဆုံးဖြတ်ချက်ချလိုက်ပြီး....

"တင်ပါ့ဘုရား.... ဆရာတော်အမိန့်အတိုင်း တပည့်တော်လိုက်ပို့ပေးပါ့မယ်ဘုရား၊ တပည့်တော်မှာလဲ တာဝန်ရှိပါတယ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က ခေါင်းတစ်ချက်ညိတ်၍....

"ကဲ.... ဒီလိုဆိုရင် ဒကာခရီးထွက်ဖို့ပြင်ပေတော့ လျှပ်စစ် မြင်းပျံစီးပြီး အခုပဲခရီးနှင်ပေတော့၊ နောက်တစ်ခု ဒကာ့ကို မှာလို ချင်တယ်"

"အမိန့်ရှိပါ ဆရာတော်ဘုရား"

"လမ်းခရီးမှာ အချိန်ကိုမဖြုန်းနဲ့ အမြန်ဆုံး သူ့ဆရာရှိ ယူနန်နယ် ကြက်ခြေတောင်ကို အရောက်သွားကြပါ၊ သူ့ရဲ့အသ ဟာ ဒကာ့အပေါ်မှာ တည်နေပါတယ်၊ ဒကာမလေးကို လေးဆ ကိုးရက် မတိုင်ခင် အရောက်ပို့ပေးဖို့ ဆရာတော်ထပ်ပြီး မှာလို ချင်တယ်"

ချင်စိရှောင်က ဆရာတော်အား လက်အုပ်ချီ၍....

"စိတ်ချပါ ဆရာတော်ဘုရား"

ဆရာတော်က ထန်လေရီဘက်လှည့်ကာ....

"ကဲ.... ဒကာမလေး ခရီးထွက်ဖို့သွားကြပေတော့"

သည့်နောက် သူတို့သည် ဆရာတော်အား ဦးချကန်တော ပြီး ဘုရားကျောင်းဆောင်မှ ထွက်လာခဲ့ကြလေတော့သည်။

## အခန်း(၈)

## အတိတ်ဇာတ်ကြောင်း

သူတို့သည် ခရီးနှင်လာကြရင်း ကျိတ်၍ ပီတိဖြစ်နေကြသည်။

လျှပ်စစ်မြင်းပျံကို အတူစီးလာကြသည်။

ထန်လေရီက ရှေ့မှစီးလျက် ချင်စိရှောင်က သူ့မနောက်မှ [illegible]၍ မြင်းကိုအတူစီးရင်း ခရီးနှင်လာခဲ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com



မြင်းပိန်ကလေးဖြစ်သော်လည်း လျှပ်စစ်မြင်းပျံသည် အ
ထူးတောင့်တင်းလှသည်။

လမ်းခရီးတစ်လျှောက်လုံးတွင် ချင်စီရှောင်သည် မိန်း
ချောလေး ထန်လေရီကို ရင်ခွင်ထဲထွေးပိုက်ထားခဲ့ရသည်။

သူတို့သည် ကြည်နူးမိကြသည်။ ရင်တွေခုန်မိကြသည်၊

ဤသို့ဖြင့် မိန်းမချောလေးနှင့် လူရွှယ်ယောက်ျားပျိုတစ်ဦး
အတူခရီးနှင်လာကြလေ၏။

မြင်းက မြင်းကောင်းဖြစ်သည်။ အပြေးမြန်သည်။

လမ်းခရီး၌ အနှောက်အယှက်ကိုမတွေ့ရ။

နောက်တစ်နေ့ မိုးလင်းသောအခါ ခရီးမှိုင် ငါးဆယ်
ရောက်ရှိလာကြောင်း တွေ့ရသည်။

ချင်စီရှောင်သည် ထန်လေရီအား မိမိချစ်သူ ကျင်လေ
ဖြစ်မည်ဟု စိတ်ထဲ၌ ယုံကြည်နေမိပြန်သည်။

တဖြည်းဖြည်းနှင့်သူမအပေါ် သံယောဇဉ်ကြိုးပို၍ 
ပတ်လာမိသည်။

ခရီးတစ်ထောက်တွင် ခေတ္တအမောအပန်းဖြေကြသည်၊

သစ်ပင်တစ်ပင်ရင်းတွင် အနားယူရင်း ချင်စီရှောင်
ထန်လေရီအား စိုက်ကြည့်ရင်း...



"ညီမကို အစ်ကိုတစ်ခုမေးချင်ပါတယ်"

သူမက သူ့အား ပြုံး၍ကြည့်ကာ ပြန်ဖြေလေ၏။

"မေးပါ အစ်ကို"

"ညီမရဲ့နာမည်က လေရီနော်"

ထန်လေရီက ခေါင်းတစ်ချက်ညိတ်လိုက်ပြီး...

"ဟုတ်ပါတယ်ရှင်... ကျွန်မနာမည်က ထန်လေရီပါ"

ချင်စီရှောင်က တစ်စုံတစ်ရာစဉ်းစားလိုက်ပြီး...

"ညီမရဲ့အတိတ်ဖြစ်ပျက်ခဲ့တာလေးတွေကို ပြောပြပါလား၊
အစ်ကိုသိချင်လို့ပါ၊ ညီမရဲ့အတိတ်ကိုသိရင် အစ်ကိုစဉ်းစားနိုင်မယ်
ထင်ပါတယ်"

ထန်လေရီက မျက်မှောင်ကုပ်သွားသည်။

သည့်နောက် သူမသည် ခေါင်းကလေးကိုခါယမ်းကာ...

"ကျွန်မနာမည်ကလွဲလို့ အတိတ်ကို ကျွန်မလုံးဝမမှတ်မိ
တော့ဘူး အစ်ကို၊ အစ်ကိုကသာ အစ်ကိုရဲ့အတိတ်ဇာတ်လမ်းအဖြစ်
အပျက်ကို ပြောပြပါလားအစ်ကို"

ချင်စီရှောင်က အံ့အားသင့်သွားသည်။

သူမသည် သူမ၏ဘဝဇာတ်ကြောင်းကိုပင် သတိမရဘဲ
ဖြစ်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့အားတက်သွားသည်။

ချင်စိရှောင်က သူတို့၏ဘဝဇာတ်ကြောင်း ရှင်းလေရှ

မည်။

ချင်စိရှောင်က အတိတ်ကိုပြောပြသည်။

လွန်ခဲ့သော ရက်လေးဆယ်ခန့်က...

ချင်စိရှောင်၏ဖခင် ကွယ်လွန်ခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိ

လေပြီ။

သူ၏ဖခင်သည် သိုင်းလောကမှ ထိပ်သီးသိုင်းသမား တစ်

ဦးဖြစ်သည့်အပြင် လူချစ်လူခင်ပေါများခဲ့သည်။

ပန်းသုံးပွင့်မယ်မှာ ချင်စိရှောင်၏မိခင်ရင်းမဟုတ်ပေ။

မိထွေးဖြစ်သူ ပန်းသုံးပွင့်မယ်မှာလည်း သိုင်းလောကတွင်

လူသိလူခင်များသူ တစ်ဦးဖြစ်သည်။

ချင်စိရှောင်၏ဆရာတော်မှာလည်း သိုင်းလောက၏



ရာ တစ်ဆူဖြစ်သည်။

ချင်စိရှောင်နှင့်ကျင်လေရိတို့ မင်္ဂလာပွဲကျင်းပမည့်နေ့...

သတို့သမီးသည် အခန်းထဲ၌ အလှပြုပြင်နေသည်ကို သတို့

ား ချင်စိရှောင်က ကြည့်နေစဉ်...

"ချင်စိရှောင်"

စူးရှပြတ်သားသော ပန်းသုံးပွင့်မယ်၏အသံကို ကြားလိုက်

၏။

မိထွေးဖြစ်သူ ပန်းသုံးပွင့်မယ်မှာ ဒေါသထွက်လာရသည်။

ချင်စိရှောင်က မျက်မှောင်တစ်ချက်ကုပ်သွားသည်။

"ပြောပါ မေမေ၊ ဘာကိစ္စရှိလို့ပါလဲ"

သူမ၏လက်ထဲ၌ တစ်စုံတစ်ရာကိုင်ထားပြီး ကျောနောက်

ွင်ဝှက်ထား၏။

ကျန်လက်တစ်ဖက်သည် ချင်စိရှောင်၏ လက်မောင်းတစ်

တ်ကို ဆုပ်ကိုင်လိုက်ရင်း မေးသည်။

ဒေါသကြောင့် သူမ၏အသံ တုန်နေ၏။

"သူဘယ်သူလဲဆိုတာ ငါ့ကိုပြောစမ်း"

ပန်းသုံးပွင့်မယ်မှာ မိထွေးပင်ဖြစ်သော်လည်း ချင်စိရှောင်

အား သားရင်းကဲ့သို့ ချစ်ခင်သည့်အတွက် ကရုဏာဒေါသော မေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်၏။

သူမသည် ဝှက်ထားသောလက်ကို ဆန့်ထုတ်လိုက်သည်။

သူမ၏ဝှက်ထားသောလက်ကို ဆန့်တန်းလိုက်ရာ သူမ၏လက်တွင် တုတ်တစ်ချောင်းကိုင်ထားသည်ကို တွေ့လိုက်ရသည်။

တုတ်ရှည်၏ထိပ်တွင် ဓားငယ်များဖြင့်ပန်းသုံးပွင့်သဏ္ဌာန်ဖော်ထားသော လှံတံဖြစ်သည်။

ဝှင်းလှံတံရှည်နှင့် သတို့သမီးကိုညွှန်ကာ....

"သူ့ကိုမေးနေတာ"

ချင်စိရှောင်က မိန်းကလေးဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး....

"မေမေကလဲ ဘာဖြစ်လို့လဲ၊ လေရီကို ခုမှတွေ့ဖူးတာကနေတာပဲ၊ တွေ့တာကြာပြီပဲ...."

ပန်းသုံးပွင့်မယ်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"ခုမှတွေ့ဖူးတဲ့လူမဟုတ်ပေမယ့် သူ့အကြောင်းကို သားဘာသိလို့လဲ၊ သူ့အကြောင်း ဘယ်သူအကုန်အစင်သိသလဲ"

ထိုစဉ် သတို့သမီးလေးရီသည် အလှုပြင်ရာမှ ထလိုက်ပြီး နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်သည်။

ပန်းသုံးပွင့်မယ်က သူမကို မကျေမနပ်နှင့် ကြည့်နေ



သည်။

ချင်စိရှောင်သည် ချစ်သူနှင့် မိထွေးကြားအခြေအနေတင်းမာနေခြင်းကို တွေ့မြင်ရသောအခါ စိတ်ပူလာသည်။

"လေရီနဲ့မေမေတို့ ဘာဖြစ်နေကြတာလဲ"

ပန်းသုံးပွင့်မယ်က တစ်ချက်မဲ့ပြုံးပြုံးကာ မေးငေါ့သည်။

"သားက ခုထိ မသိသေးဘဲကိုး၊ သူ့ကိုမေးကြည့် သူလုပ်ခဲ့တာ သူသိတယ်"

စကားဆုံးသည်နှင့် ပန်းသုံးပွင့်မယ်က ချင်စိရှောင်အား တစ်ဘက်သို့တွန်းထုတ်လိုက်ပြီး....

သူမလက်ထဲရှိ လှံတံရှည်ဖြင့် ကျင်လေရီအား စတင်တိုက်ခိုက်လေတော့၏။

ကျင်လေရီက နောက်သို့တစ်လှမ်းဆုတ်ပြီး အနီးရှိ အိမ်ဖော်တစ်ယောက်ကိုဆွဲယူ၍ ပန်းသုံးပွင့်မယ်ထံသို့ တွန်းထုတ်လိုက်လေသည်။

တစ်ဆက်တည်း သူမသည် ဝတ်ဆင်ထားသော အပေါ်အင်္ကျီတစ်ထပ်ကို ချွတ်လိုက်၏။

ခါးတွင်ချိတ်ထားသော ရွှေရောင်တောက်နေသည့် ဓားရှည်တစ်လက်ကို ဆွဲထုတ်ပြီး ရှေ့သို့တစ်လှမ်းတိုးလိုက်သည်။

www.burmeseclassic.com



ပန်းသုံးပွင့်မယ်သည် မိမိထံရောက်လာသော အိမ်ဖော်ကို တွန်းဖယ်လိုက်၏။

သူမ၏လက်ထဲရှိ လှံတံကိုဝှေ့ယမ်းကာ ကျင်လေရီ အား ပြန်တိုက်ခိုက်လိုက်သည်။

ထိုမြင်ကွင်းကိုမြင်ရသော ချင်စိရှောင်သည် မိထွေးနှင့်ချစ်သူနှစ်ဦးစလုံး ထိခိုက်မှုမရှိစေရန် သူသည် ကုလားထိုင်နှစ်လုံးကိုဆွဲယူပြီးတိုက်ခိုက်နေသော သူတို့၏ကြားသို့ ပစ်သွင်း၍ ရန်ပွဲကိုရပ်တန့် စေလိုက်သည်။

ကုလားထိုင်နှစ်လုံးမှာ ကျိုးပဲ့သွားသည်။

သူတို့၏တိုက်ခိုက်မှုလည်း ရပ်တန့်သွား၏။

"သား ဖယ်စမ်း၊ သူထွက်ပြေးတော့မယ်၊ သူထွက်ပြေးလို့မဖြစ်ဘူး၊ သူ့အကြောင်း အားလုံးသိမှဖြစ်မယ်"

ပန်းသုံးပွင့်မယ်၏စကားကြောင့် ချင်စိရှောင်သည် မျက်မှောင်ကုပ်သွားမိသည်။

ကျင်လေရီသည် ယခုဆိုလျှင် သတို့သမီးလှောင်းပင် ဖြစ်နေလေပြီ။

မိမိ၏ဇနီးလောင်းက အဘယ်အကြောင်းကြောင့် ထွက်ပြေးမည်နည်း။ မိခင်က မဟုတ်တာပြောနေပေပြီ။



သူသည် စဉ်းစား၍မဖြေမထွက်တော့ပေ။

"မေမေကလဲ လေရီ ဘာဖြစ်လို့ထွက်ပြေးရမှာလဲ"

စကားဆုံးသည်နှင့် သူသည် လေရီဘက်သို့ လှည့်ကြည့်လိုက်၏။

သို့သော် မြင်ကွင်းကား ပြောင်းလဲနေ၏။

ကျင်လေရီသည် ပြတင်းပေါက်မှလွှားခနဲ ခုန်ထွက်ပြေးသွားသည်။

ပန်းသုံးပွင့်မယ်သည် သူမနောက်သို့ အပြေးလိုက်သွားလေတော့သည်။

သို့သော် ကျင်လေရီ၏ အရိပ်အရောင်ပင် မတွေ့ရတော့ချေ။

ချင်စိရှောင်သည် မိထွေး ပန်းသုံးပွင့်မယ်နှင့်အတူ မြင်းဇောင်းကို သွားရောက်ကြည့်ကြသောအခါ အဖိုးထိုက်သော လျှပ်စစ်မြင်းပျံကို မတွေ့ရတော့ချေ။

ကျင်လေရီက လျှပ်စစ်မြင်းပျံနှင့် မိုးနဂါးဓား ယူဆောင်သွားသည်ကို ပန်းသုံးပွင့်မယ်က သိလိုက်သည်။

မြင်းထိန်းကလည်း ကျင်လေရီသည် လျှပ်စစ်မြင်းပျံ စီးသွားကြောင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းမြင်းပျံနှင့် မိုးနဂါးစားကို ဆရာတော်ဝမ်ဖိန်းကို ဧ
ပည့်ဖြစ်သူ ချင်စိရှောင်အား ပေးထားခြင်းဖြစ်၏။

မြင်းပျံနှင့် မိုးနဂါးစားကို အမြတ်တနိုး ထိန်းသိမ်းခဲ့ရာ
ကျင်လေရီက ယူ၍ထွက်ပြေးသွားသည့်အတွက် မိထွေးဖြစ်သူ ပန်း
သုံးပွင့်မယ်မှာ မခံမရပ်နိုင်အောင် ဖြစ်နေသည်။

ချင်စိရှောင်က ပန်းသုံးပွင့်မယ်အား ပြုံး၍ ကြည့်ရင်း...

"အဲဒီမိုးနဂါးစားက ဘယ်လောက်တန်ဖိုးရှိလို့လဲ မေမေ
ရယ်၊ သူယူချင်လို့ယူတာ ယူပါစေဗျာ"

ပန်းသုံးပွင့်မယ်သည် ဒေါသချောင်းချောင်းထွက်လာ
သည်။

"မင်းသာ ငါ့သားအရင်းဖြစ်ရင် မင်းကိုငါ လှုပြည်မှာမ
ထားဘူး"

ပန်းသုံးပွင့်မယ်က စကားဆုံးသည်နှင့် ချာခနဲလှည့်ထွက်
သွားလေ၏။



ချင်စိရှောင်၏တာဝန်ကား ကြီးမားလှ၏။ မည်သည့်တာ
ဝန်နည်း။

ကျင်လေရီအား ရှာဖွေသောတာဝန်တည်း။

ချင်စိရှောင်သည် ကျင်လေရီကို နေ့စဉ်အရှာထွက်ခဲ့ရာ
ချက် ပေါင်းလေးဆယ်ပြည့်သော နေ့တစ်နေ့သို့ ရောက်လာလေ၏။

ထိုနေ့တွင် ရုပ်ရည်သန့်ပြန့်သော လုလင်ပျိုတစ်ယောက်
သည် ထိုလျှပ်စစ်မြင်းပျံအား ခပ်မှန်မှန်စီးလာနေသည်ကို တွေ့ရ
သည်။

ချင်စိရှောင်က ထိုမြင်းစီးလုလင်ပျိုအား မေးကြည့်သော
အခါ ထိုမြင်းကို တောင်ပေါ်လမ်း တစ်နေရာမှာတွေ့၍ စီးလာ
ကြောင်း ပြောပြ၏။

ချင်စိရှောင်က လျှပ်စစ်မြင်းပျံသည် သူ့အတွက် အရေး
ကြီးသဖြင့် မြင်းတန်ဖိုးထက် အဆပေါင်းများစွာပေး၍ ပြန်ဝယ်ယူခဲ့

www.burmeseclassic.com



သည်။

နောက်ဆုံး ထန်လေရီနှင့်တွေ့ဆုံမိလျှင် ထန်လေရီက မြင်းသူခိုးဟု စွပ်စွဲခံရသည်။

သို့သော် သူသည် ထန်လေရီအား ကျင်လေရီအဖြစ် ထင်မှတ်ကာ စိတ်မဆိုးဘဲ မြင်းရှင်နှင့် တွေ့ဆုံရန်ပြောဆိုပြီး အိမ်သို့ပင် ယာယ်သုံး၍ ခေါ်လာခဲ့ခြင်းပင်ဖြစ်သည်။

ချင်စိရှောင်၏စကားများကို ကြားရသောအခါ ထန်လေရီက ထိုမြင်းစီးလုလင်ပျို၏ ပုံသဏ္ဌာန်ကို မေးမြန်းစုံစမ်းလေ၏။

ထိုမြင်းစီးလာသော လုလင်ပျိုမှာ ကျွန်ချွမ်းဖြစ်နေခြင်းကို သိလိုက်ရသည်။

ချင်စိရှောင်မှာလည်း သူမအား ကျင်လေရီမဟုတ်ကြောင်းကို ဆရာတော်၏ပြောကြားချက်အရ သိရသော်လည်း ချင်စိရှောင်သည် သူမအပေါ် စွဲလန်းချစ်ခင်နေမိလေပြီ။

ထန်လေရီအား ကျင်လေရီဟု ယုံမှားသံသယဖြစ်မိပြန်သည်။ သူ၏ထင်ယောင်ပိုးဝါးစိတ်က သူ့အား ဒုက္ခပေးနေလေပြီ။

သူသည် အမျိုးမျိုး စိတ်ထဲ၌တွေးရင်း စဉ်းစားနေမိလေ၏။

အတန်ကြာမှ ချင်စိရှောင်သည် တစ်စုံတစ်ရာကိုသတိရလာသည်။ ထို့ကြောင့် ပွင့်ပွင့်လင်းလင်းပင် မေးလိုက်လေ၏။

"ဩ်ဴ... ဟိုပစ္စည်းကို ဘာကြောင့်ခိုးရတယ်ဆိုတာ အစ်ကို သိချင်ပါတယ်"



ထန်လေရီသည် မျက်မှောင်ကုပ်သွားသည်။ သူမ၏သိက္ခာကိုစော်ကားသည့် စကားမဟုတ်ပါလား။

"အစ်ကို... ဘာတွေလာပြောနေတာလဲ၊ ကျွန်မဘာပစ္စည်းကို ခိုးယူလို့လဲ"

သူက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

"မေမေပြောတဲ့ 'ချင်'အမျိုးမိသားစုရဲ့အမြတ်တနိုးသိမ်းဆည်းထားတဲ့ပစ္စည်းကိုပါ၊ အစ်ကိုတို့တန်ဖိုးထားတဲ့ ပစ္စည်းလေ"

"ဒီပစ္စည်းက ဘယ်လောက်များ တန်ဖိုးရှိလို့လဲရှင့်"

"အဖိုးထိုက်တန်တဲ့ပစ္စည်း မဟုတ်ပေမယ့် အစ်ကိုတို့အစဉ်အဆက်သိမ်းဆည်းထားတဲ့'ချင်'မိသားစုရဲ့ပစ္စည်းမို့ပါ၊ ဖေဖေသေကာနီးမှာ ဒီပစ္စည်းကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားဖို့ မှာကြားသွားလို့ပါ"

ထန်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး...

"ဘာပစ္စည်းမို့လဲ... ကျွန်မ ခုထိမသိရသေးပါလားရှင့်"

ချင်စိရှောင်က စေ့စေ့ကြည့်ကာ ပြောလိုက်လေ၏။

"မြင်းကုန်းနှီးကို ပြောတာဝါ"

"ရတနာတွေစီခြယ်ထားတဲ့ မြင်းကုန်းနှီးကိုး"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားကို ကြားရသောအခါ ချင်စိရှောင်၏မျက်နှာ မှာ ဝမ်းသာသွားသည်။

"ညီမ သတိရလာပြီနော်.... ဒါနဲ့ မြင်းကုန်းနှီးကို ညီမက ဘာသုံးမလို့လဲ"

ထန်လေရီသည် ပါးစပ်ကိုပိတ်ထားလိုက်သည်။

ယခုအခါ သူမတွင် မြင်းကုန်းနှီး အမှန်မရှိတော့ပါ။

သူမသည် တွေဝေနေမိသည်။ သူမ စဉ်းစားရမည်မဟုတ် ပါလား။

မိမိနှင့်ကျင်လေရီသည် သွေးသားများ တော်စပ်နေကြပါ သလော။

သံသယစိတ်များ သူမ၏ရင်ထဲတွင် ကိန်းအောင်းလာမိ သည်။ မိမိတွင် မိဘမရှိပါ။

ဆရာသီလရှင်စိမ့်ဟွမ်းက မိမိအား ငယ်စဉ်ကပင် ကျွေး မွေးပြုစုစောင့်ရှောက်လာခြင်း ဖြစ်သည်။

ထန်လေရီသည် သူမ၏ဖြစ်ရပ်များကို ပြန်လည်၍ စဉ်း စားနေမိပြန်သည်။

ချင်စိရှောင်က သူမငြိမ်သက်နေသည်ကို တွေ့ရသောအ ခါ သူမစိတ်မကောင်းဖြစ်မည်ကိုစိုးရိမ်၍ မြင်းကုန်းနှီးအကြောင်းကို



ဆက်မမေးတော့ပါ။

ထန်လေရီ ငြိမ်နေခြင်းမှာ သူထင်ထားသကဲ့သို့မဟုတ်ပါ။ ...မျိုးနွယ်အကြောင်း စဉ်းစားပြီး ငြိမ်နေခြင်းဖြစ်ပါသည်။

သူမ၏ဆရာထံရောက်မှ ဒီအကြောင်းကိုဆက်၍ မေး ...မြန်းစုံစမ်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

သူတို့သည် ထိုနေရာ၌ခေတ္တမျှသာ နားကြသည်။

ချင်စိရှောင်နှင့်မိန်းကလေးတို့သည် မြင်းတစ်ကောင်ထဲအ ...စီးရင်း ခရီးဆက်ခဲ့ကြပြန်သည်။

မိုးချုပ်သောအခါ သူတို့သည် ကျက်ကျန်းပြည်နယ်ရှိ'ဖုချွန်း ...ကန်း'မြို့သို့ရောက်ရှိလာကြသည်။

ချင်စိရှောင်သည် ခရီးအခြေအနေကို ခန့်မှန်းတွက်ဆ ...ကြည့်သောအခါ လေးဆယ့်ကိုးရက်အတွင်း ကြက်ခြေတောင်သို့ ...ရောက်ရှိနိုင်ကြောင်း သိရှိရသည်။ ရောက်အောင် ပို့ရပေမည်။

ဆရာတော်အား သူအာမခံခဲ့သည်မဟုတ်ပါလား။

ထို့နောက် သူတို့သည် တစ်ညတာတည်းခိုရန် တည်းခိုရိပ် ...သာတစ်ခုသို့ ဝင်လိုက်ကြသည်။

အခန်းနှစ်ခန်းငှား၍ တစ်ယောက်တစ်ခန်းစီ တည်းခိုအိပ် ...စက်ရင်း အပမ်းဖြေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထန်လေရီက အိပ်မပျော်ပါ။ အဘယ့်ကြော
နည်း။

အဘယ့်ကြောင့်ဆိုသော ကျင်လေရီအကြောင်းကို စဉ်
စားနေမိသောကြောင့်တည်း။

ကျင်လေရီအကြောင်းကိုသိရှိနိုင်ရန် ကျွန်ချွမ်းကိုတွေ့
ဖြစ်မည်။

တစ်ဖန် သူမသည် တစ်ကြိမ်ကတွေ့ခဲ့ရသော ကျွန်ချွ
ကို စဉ်းစားမိပြန်သည်။

သူမသည် ကျွန်ချွမ်းကိုတွေ့ရစဉ်က မိုးနဂါးမား၊ ရတနာ
ခြယ်ထားသည့် မြင်းကုန်းနှီးနှင့် လျှပ်စစ်မြင်းပျံစသည် ထိုပစ္စည်
သုံးမျိုးကို ကျွန်ချွမ်းလက်ထဲ၌ တွေ့မြင်ရပြီး လူကြုံပေးလိုက်ခြင်း
သူမက သတိရစဉ်းစားလာမိပြန်သည်။

သို့သော် မြင်းကုန်းနှီးတွင် ပုလဲသုံးလုံးလျော့နည်းနေသည်
အတွက် ကျွန်ချွမ်းတစ်ယောက် အမှန်ပင် မိမိအား လိုက်ရှာရမည်

သူမကလည်း ကျွန်ချွမ်းအား အသိပေးခဲ့သည်။

ထန်လေရီကလည်း ကျင်လေရီအကြောင်းကို သိလိုသဖြ
ကျွန်ချွမ်းကို ယူနန်နယ်သို့ လိုက်လာစေချင်သောဆန္ဒ သူမတွင်
ပြည့်လျှံလာသည်။



ထိုသို့စဉ်းစားရင်း သန်းခေါင်ကျော်လာသောအခါ တစ်
ဘက်ခန်းမှ ချင်စိရှောင်၏ယောင်သံလိုလို စကားပြောသံလိုလို
ကြားလိုက်ရလေ၏။ သို့သော် သူမ မစုံစမ်းတော့ချေ။

ချင်စိရှောင်သည် သူ၏လနီးလောင်း ကျင်လေရီကို စွဲလမ်း
သဖြင့် အိပ်မက်မက်ယောင်နေခြင်းဖြစ်မည်ဟုသာ မှတ်ချက်ချလိုက်မိ
လေ၏။

ထို့နောက် သူမသည် အိပ်ပျော်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

## သူ့စေတနာ

နောက်တစ်နေ့ နံနက်ခင်း.....။

ထန်လေရီ နိုးလာလေ၏။

မျက်နှာသစ်သန့်စင်ပြီး အခန်းတံခါးကိုဖွင့်၍ ထွက်လ
လေ၏။ လူတစ်ယောက်နှင့် တိုက်မိမလိုဖြစ်သွားသည်။

အခန်းဝတွင် အလုပ်သမားတစ်ယောက် ရပ်နေသည်



တွေ့လိုက်ရလေ၏။

အလုပ်သမားက...

"အစ်မလေး မနိုးသေးတာနဲ့ စောင့်နေတာ"

ထန်လေရီက မျက်မှောင်ကုပ်ပြီး မေးလိုက်လေ၏။

"ဘာကိစ္စများရှိလို့လဲ"

"တခြားမဟုတ်ပါဘူး... မနေ့ညက အစ်မလေးတစ်
ယောက်ထဲရောက်လာတာမို့ နေမြင့်တာတောင် အိပ်ရာကမထ
သေးလို့ တစ်ခုခုများဖြစ်နေသလားလို့ စိုးရိမ်မိလို့ပါ၊ ကျွန်တော်တို့
မှာ တာဝန်ရှိပါတယ်ခင်ဗျာ"

ထိုလူ၏စကားကို ကြားရသောအခါ သူမသည် ကြောင်
အမ်းအမ်း ဖြစ်သွားလေ၏။

တစ်ဘက်ခန်းသို့ သူမက လက်ညှိုးထိုးပြလိုက်ပြီး...

"ဟိုဘက်ခန်းက အစ်ကိုတစ်ယောက်ကော နိုးပြီလား"

အလုပ်သမားသည် သူမ၏စကားကို ကြားရသောအခါ
မျက်မှောင်တစ်ချက်ကုပ် သွားလေ၏။

"ဘယ်အစ်ကိုလဲ"

"မနေ့ညက ကျွန်မနဲ့အတူလာတဲ့ အစ်ကိုကို ပြောတာ"

အလုပ်သမားမှာ ကြောင်သွားပြန်သည်။ သူက

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"မနေ့ညက ဒီကို အစ်မလေးတစ်ယောက်ထဲလာတာ မ
ဟုတ်ဘူးလား"

အဘယ့်ကြောင့် ဤအလုပ်သမား အူကြောင်ကြောင် ဖြ
နေရသနည်း။

ထန်လေးရီသည် စိတ်မရှည်တော့ချေ။ သူမက အလုပ်သ
မားကို ငေါက်လွှတ်လိုက်သည်။

"ကဲ... ရှင်သွားတော့"

သူမသည် ချင်စိရောင်အခန်းရှိရာသို့ လျှောက်သွားပေ
တော့သည်။

"အစ်မလေး... ဘယ်ကိုသွားမှာလဲ"

"ကျွန်မရဲ့အစ်ကို ချင်စိရောင်ရှိတဲ့အခန်းကိုသွားမလို့"

အလုပ်သမားသည် ခေါင်းခါယမ်းလိုက်ပြီး အတွေးရကျ
သည့်ပုံဟန်ဖြင့် ပြောသည်။

"အစ်မလေးကလဲဗျာ... ဒီလိုတော့ မကြည်စားပါနဲ့"

ထိုသို့ အခြေအတင်ပြောဆိုနေကြစဉ် အခြားအလုပ်သ
မားများနှင့် စာရေးတစ်ယောက် ရောက်လာကြသည်။ သူတို့သ
အုပ်စုကြီး ဖြစ်နေလေ၏။



ထန်လေးရီက ရှင်းပြပြောကြားလိုက်သောအခါ သူတို့အား
လုံး ထိတ်ထိတ်ပျာပျာဖြစ်သွားကြသည်။

စာရေးက သူမအား စေ့စေ့ကြည့်လိုက်ပြီး....

"အစ်မလေး ကျွန်တော်တို့ကို ဒီလိုတော့ မကြည်စားပါနဲ့
ဗျာ၊ အစ်မလေး မနေ့ညက ဒီကိုလာတာ တစ်ယောက်ထဲပါဗျာ၊
ကျွန်တော်တို့အားလုံး အသိပဲဗျာ"

ထိုစကားကြားလိုက်ရသောအခါ ထန်လေးရီမှာ ကြောင်
အမ်းအမ်းဖြစ်သွားသည်။ ဤလူများ ဝိုင်းညာနေကြလေပြီ။

သူမသည် တွေဝေငေးငိုင်၍ စဉ်းစားနေမိသည်။

"ဒီတည်းခိုရိပ်သာဟာ လူဆိုးတွေများ ဖွင့်ထားသလား၊
ချင်စိရောင်ကို သူတို့ဖမ်းထားသလား၊ တကယ်လို့ သူတို့သာ ချင်စိ
ရောင်ကိုဖမ်းထားရင် ခုစာရေးဟာလဲ သိုင်းပညာထက်မြက်တဲ့ လူ
ဆိုးအဖွဲ့ထဲကပဲ ဖြစ်နိုင်တယ်၊ အဖွဲ့နဲ့လုပ်တာဆိုတော့ အားလုံးဖြစ်
နိုင်တာပဲ"

သူမသည် ထိုသို့စဉ်းစားပြီး လျှပ်တစ်ပြက် သူမသည် စာ
ရေးဖြစ်သူ၏ လက်မောင်းကိုဖမ်းကိုင်လိုက်ပြီး အပေါ်သို့ပစ်ပေါက်
လိုက်သည်။

"ဝုန်း...."

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စာရေးမှာ သူမထင်သကဲ့သို့မဟုတ်ပါ။

သူသည် အခြေခံသိုင်းပညာ လုံးဝမတတ်သူဖြစ်နေ၏။

ထန်လေရီ၏လျှပ်တစ်ပြက် တိုက်ခိုက်လိုက်ခြင်းကို မကာကွယ်နိုင်ဘဲ အဝေးသို့လွင့်စင်ကျသွားသည်။

သူမသည် အံ့သြသွားသော်လည်း မျက်နှာထားတင်းတင်းဖြင့် မေးလိုက်လေ၏။

"တည်းခိုခန်းပိုင်ရှင်ကို ကျွန်မတွေ့ချင်တယ်"

ထိုစဉ် အပြင်ဘက်မှ အဘိုးအိုတစ်ယောက် တုန်ယင်စွာဖြင့် ဆိုင်အတွင်းသို့ ဝင်လာသည်။

အဘိုးအိုက သူမအား စေ့စေ့ကြည့်လိုက်ပြီး...

"တည်းခိုခန်းပိုင်ရှင်ဟာ ကျုပ်ပါပဲ၊ ကျုပ်ရဲ့လူတွေက ဘာများ အမှားပြုခဲ့ကြလို့လဲ၊ အမှားရှိရင် ခွင့်လွှတ်ပါ မိန်းကလေး ကျုပ်တို့ ရိုးရိုးသားသား ရှာစားနေတဲ့လူတွေပါ"

ထန်လေရီသည် ဒေါသရှေ့ထားပြုမိသည်ကို နောင်တရမိသည်။

သူမသည် အဘိုးအိုအား အားတုံ့အားနာဖြင့်ကြည့်ကာ အကျိုးအကြောင်းရှင်းပြလေ၏။

"ဒီလိုပါရှင်... ညက ကျွန်မ ဒီကိုလာတုန်းက ကျွန်မအစ်



ကို ချင်စီရှောင်နဲ့အတူ လာခဲ့တာကို သူတို့က ကျွန်မတစ်ယောက်ထဲလာတာဆိုပြီး ငြင်းနေကြလို့ပါ"

သူမသည် စကားဆုံးသည်နှင့် ချင်စီရှောင်၏ အိပ်ခန်းတံခါးကို တအားဆောင့်၍ တွန်းဖွင့်လိုက်သည်။

အခန်းတံခါး ပွင့်သွားသည်။

သူမသည် အခန်းတွင်းသို့ လှမ်းကြည့်လိုက်သောအခါ အံ့အားသင့်ပြီး ငေးကြည့်နေမိ၏။

အဘယ့်ကြောင့်ဆိုသော် အခန်းမှာ လူမနေသော အခန်းဖြစ်သောကြောင့်တည်း။

အခန်းမှာ ပင့်ကူအိမ်များဖြင့်နှောင်ဖွဲ့နေပြီး သူမထင်သလို မဟုတ်ဘဲ ဖြစ်နေသည်။ သူမပဲ မျက်စိမှားလေသလား။

ချင်စီရှောင်၏အရိပ်အယောင်ကိုမျှ မတွေ့မြင်ရပါ။

ယမန်နေ့ညက သူမတွေ့မြင်ခဲ့ရသော ချင်စီရှောင်၏အပြုံး၊ မိမိအား နှုတ်ဆက်၍ အခန်းထဲဝင်သွားပုံများကို တပ်အပ်သေချာတွေ့မြင်ရပါလျက် ယခုမြင်ကွင်းသည် ဤသို့မဟုတ်တော့ပါ။

သူမသည် မျက်မှောင်ကုပ်၍ စဉ်းစားလိုက်သည်။

အတန်ကြာမှ သူမသည် ဆိုင်ရှင်အဘိုးအိုဘက်လှည့်ကာ...

"တဲ့... ဒါဖြင့် ကျွန်မတစ်ယောက်တည်းလာတယ်ပဲထား

www.burmeseclassic.com



ပါအုံး၊ ကျွန်မစီးလာတဲ့မြင်းပိန်လေးကော အခု ဘယ်မှာလဲရှင့်"

အဘိုးအိုမှာ ကြောင်အမ်းအမ်း ဖြစ်သွားပြန်သည်။

"မိန်းကလေး ဒီကိုလာတာ မြင်းစီးလာတာမှမဟုတ်ဘဲ တစ်ယောက်ထဲ ဒဏ်ရာပြင်းထန်စွာခံစားရင်း လူမမာလို တစ်လှမ်းချင်း လျှောက်ဝင်လာတာပဲမဟုတ်လား၊ မိန်းကလေး ကိုယ့်ကိုကိုယ် မေ့နေပြီနဲ့တူတယ်"

ထန်လေရီသည် မျက်မှောင်ကုပ်လိုက်ပြီး သူ၏ပါးစပ်ကို ပိတ်ထားလိုက်လေသည်။ ဆက်၍ ရှင်းမပြလိုတော့ပါ။

ရှင်းပြနေလျှင်လည်း အများနှင့်တစ်ယောက် ဖြစ်နေသဖြင့် မိမိသာလျှင် အရူးဖြစ်ပေတော့မည်။

နောက်ဆုံးတွင် သူမသည် တည်းခိုခန်းခများကို ရှင်းပေးပြီးနောက် ထွက်လာခဲ့လေတော့သည်။

ထန်လေရီသည် ချင်စိရောင်ကိုမတွေ့ရတော့ပါ။

ထို့ကြောင့် သူမသည် မြင်းတစ်ကောင်ကိုဝယ်ယူပြီး တစ်ယောက်တည်း ခရီးဆက်၍ နှင်လာခဲ့ပြန်သည်။

ကြက်ခြေတောင်သို့ဦးတည်လာခဲ့ရာ လမ်းခရီးတစ်လျှောက်တွင် အနှောင့်အယှက်မတွေ့ခဲ့ရချေ။

သို့သော် သူမဝယ်လာသည်မှာ မြင်းညံ့ဖြစ်နေသည်။



မြင်းညံ့မြင်းဖျင်းသည် မည်သည့်အခါမျှ ခရီးမတွင်ချေ။

လျှပ်စစ်မြင်းပျံမဟုတ်သည့်အတွက် ရက်ပေါင်း(၄၀)ပြည့်ခဲ့သော်လည်း လိုရာခရီးသို့ရောက်ရန် အတော်လိုနေသေးသည်။

နေ့ရောညပါ ခရီးဆက်နှင်နိုင်မှ အချိန်မီ မိုးပျံကျောင်းသို့ရောက်နိုင်မည်ဖြစ်ကြောင်း သူမက သိလိုက်သည်။

ထန်လေရီ၏စိတ်ထဲတွင် မိမိမှာ ပညာမစုံလင်သေးမီ ဆရာ့ထံခွင့်မပန်ဘဲ တိတ်တဆိတ် ထွက်လာမိခြင်းကို ပို၍နောင်တရမိသည်။ သို့မဟုတ်ပါက ဤဒုက္ခများကို ခံစားရမည်မဟုတ်ပါ။

မကြာမီ သူမသည် တောင်တက်လမ်းသို့ရောက်လာ၏။

ထို့ကြောင့် သူမသည် မြင်းကိုထားခဲ့ပြီး ခြေလျင်ခရီးဖြင့် ဆက်လာခဲ့သည်။

ခြေလျင်တက်ခြင်းသည် မြင်းညံ့နှင့်တက်သည်ထက် ပို၍ ခရီးတွင်ပေလိမ့်မည်။

တောင်နှစ်လုံးကိုကျော်ဖြတ်လာခဲ့၏။ မှောင်သောညအချိန်များတွင် သူခရီးမဆက်တော့ပေ။ အိပ်စက်လိုက်သည်။

အရိပ်ကောင်းသော သစ်ပင်ကြီးများသည် သူ့အိပ်ရာများဖြစ်လေ၏။

လသာသောညများတွင်မူ သူမသည် ဆက်၍ခရီးနှင်

www.burmeseclassic.com

www.burmeseclassic.com



သည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံး သာယာနေသည်။

ထန်လေရီသည် သစ်ပင်တစ်ပင်၏ခြေရင်းတွင် ခေတ္တအ ပန်းဖြေနားမိလေ၏။

ထိုစဉ်....

"ဪ.... ထန်လေရီပါလား"

သူအား သိနှင့်နေသူတစ်ယောက်၏ လေသံတည်း။ သူမ ကြည့်လိုက်သည်။

ထိတ်လန့်သွားလေ၏။

အရောင်တောက်ပသော သံမဏိယပ်တောင်ကိုင်ဆောင် ထားသည့် လူတစ်ယောက်ကို တွေ့မြင်လိုက်ရသည်။

ထိုလူမှာ လိပ်ပြာယပ်တောင်ပိုင်ရှင် ဖန်ကွမ်းစုဖြစ်သည်။

ထန်လေရီသည် တုန်လှုပ်ချောက်ချားလေတော့သည်။

ဖန်ကွမ်းစုသည် သူမအား ရန်မူမည်သူတည်း။

ဖန်ကွမ်းစုက သူမအား ပြုံး၍ကြည့်လိုက်လေ၏။

"မမျှော်လင့်ဘဲတွေ့ရတာ ဝမ်းသာပါတယ်၊ ကြုံတုန်းမိန်း ကလေးကို တစ်ခုမေးချင်ပါတယ်"

မိန်းကလေးက မျက်မှောင်ကုပ်သွားသည်။ သူမက ချက်



ချင်း ပြန်မေးသည်။

"ဘာမေးချင်လို့လဲ"

ဖန်ကွမ်းစုသည် သူမအား စေ့စေ့ကြည့်ကာ....

"ရတနာစီခြယ်ထားတဲ့ မြင်းကုန်းနှီးအကြောင်းကိုပါ"

ထန်လေရီက ခေါင်းခါယမ်းလိုက်မိသည်။ သူမထံ၌ ဤ ပစ္စည်းမရှိတော့သည်မှာ ကြာလှပြီမဟုတ်ပါလား။

"မြင်းကုန်းနှီး ကျွန်မဆီမှာ မရှိတော့ပါဘူး"

ဖန်ကွမ်းစုသည် မျက်မှောင်ကုပ်သွားသည်။

"ဒါနဲ့ဟိုကောင်လေးပြောတော့ မြင်းကုန်းနှီး မင်းဆီမှာရှိ တယ်လို့ပြောနေပါလား၊ ငါ့ကိုလိမ်မယ်တော့ မကြံနဲ့"

သူသည် ပြောရင်း စတင်တိုက်ခိုက်ရန် သံမဏိယပ်တောင် ကိုအသံမြည်အောင်ပိတ်လိုက်သည်။

ထန်လေရီသည် ဖန်ကွမ်းစုကို ယှဉ်ပြိုင်၍မရနိုင်မှန်းသိ သော်လည်း အလျှော့မပေးလိုချေ။

သူမ၌မာန်ရှိသည်။ အမှန်အကန်ကို မဆုံးဖြတ်နိုင်ချေ။

သူမက ဦးအောင် လှုပ်တစ်ပြက် တိုက်ခိုက်ရန် ဆုံးဖြတ် ချက်လေ၏။

သူမသည် ဖန်ကွမ်းစုထံသို့ ခုန်ဝင်လိုက်ပြီး လက်ဝါးဖြင့်

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ရှိုက်ချလိုက်သည်။

သို့သော် ဖန်ကွမ်းစုက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး သူမခုန်ဝင်လာသည်နှင့် အသာရှောင်တိမ်းပေးလိုက်သည်။

ထန်လေရီ၏လက်ဝါးသည် ဖန်ကွမ်းစုကိုမထိဘဲ လေထဲတွင် ပျံ့ဝဲသွားသည်။

သူမ၏တိုက်ကွက် ထိရောက်မှုမရှိသည်ကို သိရသောအခါ ထန်လေရီသည် ထိတ်လန့်သွား၏။

ဖန်ကွမ်းစုသည် သူမကို မထီမဲ့မြင်ကြည့်ရင်း တဟဲဟဲရယ်နေ၏။

သူမသည် အခြေအနေ မဟန်မှန်းသိရသဖြင့် တထစ်လျှော့ လိုက်သည်။

"ကဲ... ရှင်လိုချင်တဲ့မြင်းကုန်းနှီးကို ကျွန်မပေးပါ့မယ်"

အမှန်က သူမတွင် မြင်းကုန်းနှီး မရှိတော့ပါ။

သို့သော် သူမသည် ထွက်ပြေးရန် အကွက်ဆင်လိုက်ခြင်းဖြစ်သည်။

ဖန်ကွမ်းစုသည် မဲ့ပြုံးပြုံးလိုက်ပြီး....

"ဒီလိုလှည့်ကွက်မျိုးနဲ့ဘယ်ရမလဲ၊ ကဲ... မင်းဆီက ရတနာမြင်းကုန်းနှီး ဘယ်မှာဝှက်ထားတယ်ဆိုတာ မြန်မြန်ပြော၊ မပြောရင်



ခင်း သေလိမ့်မယ်"

သူမသည် မသိမသာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေ၏။

"ကောင်းပါပြီ... ကျွန်မပြောပြပါ့မယ်"

ဖန်ကွမ်းစုက သူမကို စေ့စေ့ကြည့်ကာ မေးလေ၏။

သူလေသံက သူမအား မယုံသည်လေသံပင်။

"ဒီလိုမှပေါ့... ကဲ... မြင်းကုန်းနှီး ဘယ်မှာလဲ မြန်မြန်ပြောပါ"

သူမက မျက်နှာတည်လိုက်ပြီး....

"မြင်းကုန်းနှီးကို တာပျက်စန်းတောင်မှာ ဝှက်ထားပါတယ်၊ ရှင်လိုချင်ရင် ရှင့်ဟာရှင် သွားရှာယူပေါ့"

သူမ၏စကားကို ကြားရသောအခါ ဖန်ကွမ်းစုသည် မျက်မှောင်ကုပ်တော့သည်။ သူထင်သည့်အတိုင်းပင်။

သူသည် ရုတ်တရက် ထန်လေရီဆီသို့ ခုန်ဝင်လိုက်ပြီး သူ၏ သံမဏိယပ်တောင်ဖြင့် သူမ၏ပခုံးတစ်ဖက်ရှိ သွေးကြောကိုလှမ်း၍ ထောက်လိုက်သည်။

ထန်လေရီသည် ရှောင်တိမ်းရန် ကြိုးစားသော်လည်း အချိန်မမီလိုက်တော့ချေ။

သွေးကြောများ အပိတ်ခံလိုက်ရပြီး တစ်ကိုယ်လုံး ပျော့ခွေ

www.burmeseclassic.com

www.burmeseclassic.com



ယိုင်လဲကျသွားလေတော့သည်။

သို့သော် ဖန်ကွမ်းစုသည် သူမ၏ခန္ဓာကိုယ်ကို ဆီးကြိုပွေ့ယူလိုက်ပြီး လိပ်ပြာဂိုဏ်း၏အထက်မြက်ဆုံးသော ကိုယ်ဖော့သိုင်းပညာဖြင့် ပြေးလွှားထွက်ခွာသွားလေတော့သည်။

✤✤✤

ဖန်ကွမ်းစုသည် ကျောက်ဂူတစ်ဂူတွင်းသို့ ဝင်လိုက်သည်။

သူသည် ထန်လေရီကိုပွေ့ယူခေါ်ဆောင်လာခဲ့လေ၏။

ဖန်ကွမ်းစု ဂူတွင်းသို့ ရောက်လာသောအခါ လူငယ်လေးနှစ်ယောက်က ခရီးဦးကြိုပြုနေသည်။ ဖန်ကွမ်းစု၏တပည့်များပေတည်း။

ဖန်ကွမ်းစုသည် ထိုလူငယ်နှစ်ဦးကိုကြည့်ပြီး အမိန့်ပေးလိုက်လေ၏။

"ဟိုလူကို မြန်မြန်ခေါ်ထုတ်ခဲ့စမ်း"

ဖန်ကွမ်းစု၏စကားဆုံးသည်နှင့် ထိုလူငယ်နှစ်ယောက်



သည် ခေါင်းညိတ်၍ အပြေးပြေးပြီး ချာခနဲလှည့်ထွက်သွားကြ၏။

ဖန်ကွမ်းစုသည် ထန်လေရီကိုပွေ့ထားရာမှ ကြမ်းပြင်ပေါ်တွင် အသာချလိုက်သည်။

နွားသားရေကြိုးတစ်ချောင်းကိုယူကာ သူမ၏လက်နှစ်ဖက်ကို နောက်ပြန်ပူးယှက်၍ ချည်နှောင်ထားလိုက်သည်။

သူသည် တစ်ယောက်တည်း ကျေနပ်စွာဖြင့် ပြုံးလိုက်မိသည်။

သူမ၏ သွေးကြောများကိုပြန်လည်၍ ဖြည်ပေးလိုက်ရာကြောင့် ထန်လေရီသည် ပြန်လည်သတိရလာလေတော့သည်။

ထိုစဉ် လူငယ်နှစ်ဦးကလည်း လူတစ်ယောက်ကိုခြံရံ၍ ခေါ်ထုတ်လာပေသည်။

ထန်လေရီသည် ထိုလူငယ်နှစ်ဦး ခေါ်ဆောင်လာသောလူကို တွေ့လိုက်ရသောအခါ အံ့ဩသွားသည်။ မည်သူပေနည်း။

ထိုလူမှာ မိမိအလွန်တွေ့လိုနေသော ကျုန်ရွှမ်းဆိုသောလူငယ်ပင်ဖြစ်သည် မဟုတ်ပါလား။

ကျုန်ချွမ်းတစ်ယောက် မည်သို့သော အကြောင်းများကြောင့် ဖန်ကွမ်းစု၏ ဖမ်းဆီးထားခြင်းခံနေရသနည်း။

သူမ မတွေးတတ်ပါ။ ယခင်က သူသည် ဖန်ကွမ်းစု၏သွေး

www.burmeseclassic.com

www.burmeseclassic.com



ကြောကိုပင် ပိတ်နိုင်ခဲ့သေးသည်။

ထန်လေရီသည် သူ့အား ကြိုးစား၍ ပြုံးပြလိုက်၏။

"အစ်ကို ဘယ်လိုဖြစ်ပြီး ဒီကိုရောက်နေရတာလဲ"

ကျန်ချွမ်းသည် ခေါင်းငိုက်စိုက်ထားရာမှ ထန်လေရီ၏အ
သံကို ကြားရသောအခါ မော့၍ကြည့်မိလေ၏။

သူသည် သူမအား လိမ်လည်လှည့်ဖျားခဲ့ခြင်းကို ရှက်
သည်။

ထန်လေရီသည် ကျန်ချွမ်း၏ မျက်နှာဖြူဖပ်ဖြူရော်ဖြစ်နေ
သည်ကိုတွေ့မြင်ရ၍ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားသည်။

ကျန်ချွမ်းသည် သူမအား စေ့စေ့ကြည့်ရင်း....

"ဩော်.... ညီမလေး ထန်လေရီပါလား၊ ခုလို အစ်ကို့ကို
တိရတာ ဝမ်းသာပါတယ်"

သူက ဣန္ဒြေဆယ်၍ ပြောလိုက်၏။

ထိုစဉ် ဖန်ကွမ်းစုက သူတို့အားကြည့်ရင်း မဲ့ပြုံးပြုံးလိုက်
သည်

"မင်းတို့နှစ်ယောက်စလုံး မှန်မှန်ပြောကြစမ်း၊ အင်း
တစ်ယောက်က မြင်းကုန်းနှီးကို သားရဲတိရစ္ဆာန်တွေရဲ့ဘုရင် ရှိ
ပိန်းလက်ထဲမှာလို့ ပြောတယ်၊ နောက်တစ်ယောက်က တာပျက်



ဘောင်မှာ ရှိတယ်လို့ ဆိုပြန်တယ်၊ ငါက ဘယ်သူ့စကားကို ယုံရမှာ
လဲ၊ မင်းတို့ ညာနေကြတယ်ဆိုတာ ထင်ရှားတယ်"

ထန်လေရီသည် မျက်မှောင်ကုပ်၍ စဉ်းစားလိုက်၏။

"ကျန်ချွမ်းဟာ မြင်းကုန်းနှီးမှာရှိတဲ့ ပုလဲသုံးလုံးကိုလိုချင်
လို့ ဒီနေရာကို ရောက်လာတာဖြစ်မယ်၊ ဒီပုလဲသုံးလုံးနဲ့ပတ်သက်ပြီး
ဒါ ဖွင့်မပြောမလို့သာ သူခုလိုဒုက္ခရောက်ရတာ"

သူမက တွေးပြီး စိတ်မကောင်းဖြစ်မိ၏။

ကျန်ချွမ်းအား ကယ်တင်ရန်မှာလည်း မိမိမှာ အဖမ်းခံနေ
သည် မဟုတ်ပါလား။ သူမလည်း မကယ်နိုင်ပေ။

ထန်လေရီသည် ဖန်ကွမ်းစုအား တစ်ချက်ပြုံး၍ကြည့်
လိုက်ပြီး....

"မြင်းကုန်းနှီးအကြောင်းကို ကျွန်မတစ်ယောက်ထဲပဲ သိ
သာ.... ကျွန်မပြောပြမယ် သူ့ကိုလွှတ်ပေးလိုက်ပါ"

ထန်လေရီ၏ စကားကိုကြားရသောအခါ ဖန်ကွမ်းစုသည်
မျက်မှောင်ကုပ်သွားပြီး တွေဝေ၍ သွားတော့သည်။ သူစဉ်းစားနေ
သပြီ။

"အစ်ကိုကြီးဖန်.... ကျွန်တော်ပြောစရာရှိလို့ ကျွန်တော်အ
ားကို ခဏလာပါ"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကိုကြားရသောအခါ ကျွန်ချွမ်းက မြင်းကုန်း
နီးနှင့်ပတ်သက်၍ အမှန်အတိုင်းပြောတော့မည်ဟု ထင်လိုက်၏
ထို့ကြောင့် သူမသည် ကျွန်ချွမ်းကို တစ်ချက်ကြည့်လိုက်ပြီး
ဖန်ကွမ်းစုဘက်သို့လှည့်ကာ....

"သူ့စကားကို မယုံနဲ့အစ်ကိုကြီး၊ ကျွန်မကို ကြိုးဖြည်ပေးပါ
ကျွန်မက ယုံကြည်အောင် သက်သေအထောက်အထားပြမယ်"

ဖန်ကွမ်းစုက မဲ့ပြုံးတစ်ချက်ပြုံးပြီး စဉ်းစားလိုက်သည်။

"မိန်းကလေးကို ကြိုးဖြည်ပေးလိုက်လဲ ငါ့လက်ထဲက လွတ်
အောင်မပြေးနိုင်ပါဘူး"

မှန်သည်။ ထန်လေရီ၏သိုင်းပညာမှာ နုနယ်သည်။ ကျွန်
ချွမ်း၏သိုင်းပညာက ထန်လေရီထက် ထက်မြက်သည်။

ထန်လေရီကို လွှတ်လိုက်လျှင် သူဒုက္ခမရောက်နိုင်ပေ။

သံမဏိယပ်တောင်သည် ထန်လေရီ၏လက်ကို ချည်
နှောင်ထားသော နွားသားရေကြိုးကို ဖြတ်ပေးလိုက်၏။

ထို့နောက် ထန်လေရီသည် သူမ၏အကျႌအိတ်အတွင်း
ပုလဲသုံးလုံးကိုနှိုက်ယူပြီး ဖန်ကွမ်းစုအားပေးရန် စိတ်ကူးမိသော်
လည်း ယင်းပုလဲသုံးလုံးပေါင်း၍ ဖတ်လိုက်ပါက 'ကျိမိစန်း' ဟူသော
'နေရာကို ညွှန်ပြထားကြောင်း သူသိသွားပေမည်။



သို့ရာတွင် ပုလဲလုံးကိုမပေးပြန်လျှင်လည်း မိမိနှင့်အတူ
ကျွန်ချွမ်းတို့မှာ ဒုက္ခအန္တရာယ်နှင့် ရင်ဆိုင်ရမည်မှာ ဖြစ်သည်။

နောက်ဆုံး သူမသည် အကျႌအိတ်တွင်းမှ ပုလဲသုံးလုံးအ
ကော် တစ်လုံးကိုသာ နှိုက်ယူလိုက်ပြီး....

"ကဲ... ဒီမှာကြည့် မြင်းကုန်းနီးထဲက ပုလဲတစ်လုံး....
ကျွန်မ မြင်းကုန်းနီးကို တာပျက်စန်းတောင်မှာ မြှုပ်ခဲ့တယ်ဆိုတာ
ယုံပြီလား"

ဖန်ကွမ်းစုသည် ပုလဲလုံးကိုယူ၍ ကြည့်လိုက်သောအခါ...

"ကျိ..."

ဟူသော စာလုံးတစ်လုံးကိုတွေ့ရသဖြင့် ဖန်ကွမ်းစု၏မျက်
လုံးများသည် ပြူးကျယ်သွားသည်။

"ကဲ... ဒါဖြင့် အခုချက်ချင်းပဲ တာပျက်စန်းတောင်ကို
သွားကြမယ်"

ထန်လေရီက ရင်ထိတ်သွားသည်။ သို့သော် သူမ ကျေနပ်
လေ၏။

ပုလဲသုံးလုံးပေးမည့်အစား သူမက တစ်လုံးသာ ထုတ်ပေး
ခဲ့သည်။

သံမဏိယပ်တောင် ဖန်ကွမ်းစုကလည်း ပုလဲသုံးလုံးရှိမှန်း

www.burmeseclassic.com

www.burmeseclassic.com



မသိပေ။

ဤနည်းနှင့်ကျွန်ချွမ်းကို ကယ်နိုင်မည့်အတွက် သူမက ကျေနပ်မိသည်။

ကျွန်ချွမ်းသည် တစ်စုံတစ်ရာကိုတွေးမိပြီး ဖန်ကွမ်းစုအား ပြုံး၍ကြည့်ရင်း...

"အစ်ကိုကြီးဟာ သိုင်းလောကမှာ ဝါရင့်သိုင်းပညာရှင် တစ်ယောက်ဖြစ်ပေမယ့် ကျွန်တော်နဲ့တစ်ယောက်ချင်း မယှဉ်နိုင်ဘူးဆိုတာ ဝန်ခံမလား"

ဖန်ကွမ်းစုမှာ မျက်မှောင်ကုပ်သွားသည်။

သို့သော် သူသည် ပရိယာယ်ကြွယ်ဝသူ ဖြစ်သည့်အလျှောက် သူသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး...

"ဟုတ်တယ်... ကျုပ်ဝန်ခံတယ်"

"ဒါဖြင့် ကျွန်တော်နဲ့ထန်လေရီတို့ လူငယ်ချင်းစကားပြောချင်လို့ ဂူအပြင် ခဏထွက်ပေးပါ"

သူသည် စကားဆုံးသည်နှင့် လက်နှစ်ဖက်ကို တစ်ချက်ဆောင့်ရုန်းကာ ဖမ်းချုပ်ထားသူနှစ်ဦးအား တွန်းထုတ်လိုက်သည်။

ထိုအခါ ကျွန်ချွမ်းအား ဖမ်းချုပ်ထားသော လူငယ်နှစ်ဦးမှာ ဂူအပြင်သို့လွင့်စင်သွားသည်။



ဖန်ကွမ်းစုသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး...

"ဒင်းတို့နှစ်ယောက် ငါ့လက်ကလွတ်နိုင်မှာ မဟုတ်ပါဘူး"

ဖန်ကွမ်းစုက သူ့စိတ်ထဲတွင်တွေးမိပြီး ဘာမှမပြောတော့ဘဲ ဂူအပြင်ဘက်သို့ထွက်သွားတော့သည်။

သူက လူငယ်နှစ်ယောက်အား ခေတ္တလွတ်လပ်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။

ထိုအခါကျမှ ကျွန်ချွမ်းသည် ထန်လေရီအနီးသို့လျှောက်လာပြီး...

"ညီမမှာ ပုလဲသုံးလုံးရှိတယ်မဟုတ်လား"

ထန်လေရီက ခေါင်းညိတ်လိုက်ပြီး...

"ရှိပါတယ် အစ်ကို"

"အဲဒီပုလဲလုံးပေါ်မှာ ဘာတွေရေးထားသလဲ"

သူမက အနည်းငယ်စဉ်းစားလိုက်ပြီး...

"ကျိုမိစန်းလို့ရေးထားပါတယ်"

သူမ၏စကားဆုံးသည်နှင့် ကျွန်ချွမ်းသည် ချာခနဲလှည့်ပြီး ဂူအပြင်သို့ ပြေးထွက်သွားလေသည်။

ကျွန်ချွမ်း၏ရုတ်တရက် ပြောင်းလဲသွားသော လှုပ်ရှားမှုကြောင့် သူမ အံ့ဩသွားမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ချွမ်းသည် မိမိအပေါ် အနည်းငယ်မျှ စိုးရိမ်ပူပန်သော စကားကိုမျှ မပြောကြားသည့်အတွက် သူမ၏စိတ်ထဲတွင် ဘဝင်မကျ ဖြစ်သွားမိလေ၏။

သို့သော် ကျုန်ချွမ်းကား ပြေးထွက်သွားလေပြီ။

ကျုန်ချွမ်းသည် ဂူအပြင်ဘက်သို့ ရောက်သောအခါ သူသည် ဖန်ကွမ်းစုနားသို့ရောက်သွားပြီး ခပ်တိုးတိုးပြောလိုက်သည်။

"ကျွန်တော်က အစ်ကိုကြီးတို့လိပ်ပြာဂိုဏ်းကို ကူညီချင်တဲ့အတွက် မြင်းကုန်းနှိုးအကြောင်း ထန်လေရီကိုမေးပေမယ့် သူက မပြောဘူး၊ ဒီအကြောင်းတွေကို ကျွန်တော်သာသိရင် သူ့ကိုမလွှတ်မှာ စိုးလို့တဲ့၊ အင်း... လူတွေဟာ ဒီလိုပဲ အရေးကြုံလာရင် ကိုယ်လွတ်ရုန်းဖို့ပဲ စဉ်းစားကြတာပဲလေ"

သို့သော် ကျုန်ချွမ်း၏ကောက်ကျစ်သောစကားများကို ထန်လေရီတစ်ယောက်က မကြားနိုင်ချေ။

ကျုန်ချွမ်းသည် ထိုသို့ပြောပြီး ကိုယ်လွတ်ရုန်းထွက်သွားမည်ပြုသည်။

ဖန်ကွမ်းစုသည် မဲ့ပြုံးပြုံးလိုက်ပြီး....

"ဟေ့.... နေပါအုံးကွ၊ မင်းက ငါ့ထက်ဦးအောင် တာပျက်စန်းတောင်ကို သွားမလို့ပေါ့ဟုတ်လား"



ကျုန်ချွမ်းက မျက်နှာတည်ဖြင့်ပြောသည်။

"နေရာအတိအကျ မသိရဘဲနဲ့ ကျွန်တော်သွားတော့ရော ဘာအကြောင်းထူးမှာလဲ၊ အစ်ကိုကြီးပဲ စဉ်းစားကြည့်ပါဦး၊ ပင်လယ်ထဲ လက်နဲ့ငါးဖမ်းသလို ဖြစ်နေမှာပေါ့"

ဖန်ကွမ်းစုက အနည်းငယ်စဉ်းစားလိုက်ပြီး....

"ဒါဖြင့် မင်းကိုတိဘက်နယ်စပ်အထိ လိုက်ပို့ပေးဖို့ လူတစ်ယောက် အဖော်ထည့်ပေးလိုက်မယ်"

ဖန်ကွမ်းစု၏ စကားကြားရသောအခါ ကျုန်ချွမ်းမှာ မျက်မှောင်ကုပ်သွားသည်။

သူနှင့် အဖော်ထည့်ပေးမည့်သူမှာ အဘွားညာဝမ်းဖြစ်ကြောင်း သူရိပ်စားမိသည်။

အဘယ့်ကြောင့်ဆိုသော် တစ်ကြိမ်က မိမိဤနယ်သို့ ရောက်လာစဉ် ဖန်ကွမ်းစုနှင့်တိုက်ခိုက်သောအခါ ဖန်ကွမ်းစုသည် သူနိုင် ပုံမပေါ်လျှင် လေတစ်ချက်ချွန်ပြီး အကူအညီတောင်းလိုက်သည်နှင့် အဘွားညာဝမ်းရောက်လာကြောင်း ကျုန်ချွမ်းသတိရမိသောကြောင့်တည်း။

အဘွားညာဝမ်းသည် လိပ်ပြာဂိုဏ်းတွင် နာမည်ကြီးသိုင်းပညာရှင်တစ်ယောက်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားညာဝမ်း၏အရည်အသွေးကို မသိရသေးသော ကျူန်ချွမ်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး...

"ခင်ဗျားသဘောပဲ"

ဖန်ကွမ်းစုက လေတစ်ချက်ချွန်လိုက်သည်။

မကြာပါ။ အမဲရိပ်တစ်ခု သူတို့ထံ ရောက်လာသည်။

ကျူန်ချွမ်းက ရောက်လာသူကို သေသေချာချာ ကြည့်လိုက်သည်။

သူထင်သည့်အတိုင်း အဝတ်အစားအနက် ဝတ်ဆင်ထားသော အဘွားညာဝမ်းဖြစ်နေတော့သည်။

အဘွားအိုသည် ဖန်ကွမ်းစုရှေ့သို့ ရောက်လာသောအခါ ဂါရဝပြုလေသည်။

"ဂိုဏ်းချုပ်ကြီး ဘာများ အမိန့်ပေးစရာရှိလို့ပါလဲ"

ဖန်ကွမ်းစုက ကျူန်ချွမ်းဘက်သို့ညွှန်ပြရင်း...

"အဘွား... သူ့ကိုအဝေးရောက်အောင် ပို့လိုက်ပါ။ ဒါမှ ကျွန် တော့်အကြံအစည်အောင်မြင်မှာ၊ ဝေးနိုင်သလောက် ဝေးတဲ့နေရာကို လိုက်ပို့လိုက်ပါ"

ဖန်ကွမ်းစု၏စကားဆုံးသည်နှင့်...

"ဂိုဏ်းချုပ်ကြီး အမိန့်အတိုင်း ဆောင်ရွက်ပါ့မယ်"



အဘွားညာဝမ်းက အရိပ်အမြွက်တစ်ချက်ပေးပြီး ကျူန်ချွမ်း ဘက်သို့လှည့်ကာ...

"ကဲ... လာ သွားကြမယ်"

သို့သော် ကျူန်ချွမ်းသည် အဘွားညာဝမ်း၏စကားကို ဆုံး အောင် နားမထောင်တော့ဘဲ ကိုယ်ဖော့သိုင်းပညာဖြင့် ဂူအပြင်သို့ ထွက်ပြေးသွားတော့သည်။

အဘွားညာဝမ်းကလည်း ချက်ချင်း တောင်ဝှေးကိုတစ် ချက်ယမ်းလိုက်ပြီး ကျူန်ချွမ်းနောက်သို့ခုန်၍ လိုက်သွားရလေတော့ သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၀)

### အဆိပ်ပိုးကောင်

ဖန်ကွမ်းစုသည် ဂူအတွင်းသို့ပြန်ဝင်လာပြီး ထန်လေရီအား ပြောလိုက်၏။

"ကဲ.... ငါတို့ ခုခရီးစထွက်ရအောင်"

ထန်လေရီသည် အတွင်းဒဏ်ရာ ဖြစ်နေခဲ့သည့်အပြင် စောစောပိုင်းက ဖန်ကွမ်းစုနှင့် တိုက်ခိုက်ခဲ့ရသဖြင့် သူမ၏မျက်နှာ



ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

တာပျက်စန်းတောင်သို့ရောက်ရန် ရက်ပေါင်းငါးဆယ်ခန့် ခရီးနှင်ရမည်။

တာပျက်စန်းတောင်သို့မရောက်မီ သူမ၏အတွင်းဒဏ်မှာ ခံနိုင်ရည်ရှိမည်မဟုတ်ကြောင်း သူသိရသော်လည်း ထန်လေရီက ခေါင်းညိတ်လိုက်၏။

နှောင်ခါလာနှောင်ခါချေး သဘောထားလိုက်သည်။

"သွားဆိုရင် သွားကြမယ်"

ဖန်ကွမ်းစုသည် သူမအားကြည့်ရင်း မျက်နှာတစ်ချက် ပျက် သွားသည်။

"မိန်းကလေး... မင်း ဘယ်တုန်းက အတွင်းဒဏ်ရာရခဲ့တာလဲ"

သူမက မျက်နှာထားတင်းတင်းဖြင့်....

"ဒါက ရှင့်အလုပ်မဟုတ်ပါဘူး"

ဖန်ကွမ်းစုသည် ဒေါသထွက်လာသည်။

"မင်း ခုထိ ခေါင်းမာတုန်းပဲကိုး"

"ရှင် ကျွန်မကို သတ်ရဲလို့လား"

ဖန်ကွမ်းစုသည် ဒေါသထွက်လွန်း၍ မျက်နှာတစ်ခုလုံးနီရဲ

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ သူ၌ လူသတ်ချင်စိတ်ပေါ်လာသည်။

သို့သော် သူသည် မြင်းကုန်းနှီးမရသေး၍ ဒေါသကိုထိန်းချုပ်ထားသည်။

"ငါသာ မြင်းကုန်းနှီးကိုရရင် မင်းကိုသတ်ကို သတ်ပစ်မယ်"

သူသည် ထိုသို့စိတ်ထဲမှပြောလိုက်မိပြန်၏။ ထိုစဉ် တပည့်တစ်ယောက် ပြေးဝင်လာသည်။

"ဆရာကြီး အပြင်မှာ ဧည့်သည်ရောက်နေပါတယ်"

သူသည် မျက်မှောင်ကုပ်သွားသည်။

"ဘယ်ကဧည့်သည်လဲကွ"

သူ၏စကားမဆုံးသေးခင်မှာပင်....

"အစ်ကိုကြီးကလဲ ဧည့်သည်ကိုတောင်ထွက်ပြီး လက်ခံစကားပြောဖော်တောင် မရဘူး"

လူနှစ်ယောက်၏အသံ တစ်ပြိုင်တည်းထွက်ပေါ်လာ၏။

ဖန်ကွမ်းစု မျက်နှာတစ်ချက်ပျက်သွားသည်။

သူသည် ရုတ်တရက် အနီးရှိ ထန်လေရီကို အကြောပိတ်ထားခဲ့ပြီး ဂူအပြင်သို့ပြေးထွက်လာခဲ့သည်။

သူသည် ဂူအပြင်သို့ရောက်သောအခါ ထိတ်လန့်တုန်လှုပ်



သွားမိ၏။

အသံရှင်မှာ လူပုလေးရဲထင်းနှင့်ရဲတိတို့ ညီနောင်ဖြစ်နေသည်။

သူက မျက်မှောင်ကုပ်လိုက်သည်။

"ဘာကိစ္စရှိလို့လဲကွ"

ရဲထင်းက ပြုံး၍ကြည့်လိုက်ရင်း....

"အစ်ကိုကြီးရထားတဲ့ ပစ္စည်းကို ခွဲဝေယူဖို့ လာခဲ့တာပါ၊ ဒါကလဲ တရားမျှတတဲ့အလုပ်ပါ"

ရဲထင်း၏စကားကို ကြားရသောအခါ ဖန်ကွမ်းစုသည် အံ့ဩသွားမိ၏။

သို့သော် သူက မချိုပြုံးပြုံးလိုက်သည်။

"ဒီတောတောင်ထဲမှာ ဘယ်ကပစ္စည်းတွေရထားလို့ ခွဲဝေပေးရမှာလဲ၊ ပစ္စည်းရတယ်လို့ မင်းတို့ဘယ်က အသံကြားလာရသလဲ"

လူပုညီနောင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြလေ၏။

"ကဲ.... ညီလေး၊ တို့ စကြရအောင်"

"ဟုတ်ကဲ့.... အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စကားဆုံးသည်နှင့် ရဲထင်းသည် ရဲတိုပခုံးပေါ်သို့ခုန်တက်လိုက်လေ၏။

သည့်နောက် ရဲတိုက ရှေ့သို့ ခြေသုံးလှမ်းတိုးလိုက်ပြီး ရဲထင်းက အပေါ်မှဓားရှည်ဖြင့် ဖန်ကွမ်းစုကိုမိုး၍ ဆယ်ချက်တိုင်ဆက်တိုက်ခုတ်လိုက်လေ၏။

ဖန်ကွမ်းစုသည် သူ၏သံမဏိယပ်တောင်ဖြင့် ရဲထင်း၏တိုက်ခိုက်ခြင်းကို ခုခံလိုက်သောအခါ အောက်ဘက်ရှိ ရဲတိုက သူ၏ဓားရှည်ဖြင့် ဖန်ကွမ်းစု၏ ကိုယ်အောက်ပိုင်းကိုပိုင်း၍ တိုက်ခိုက်ပြန်သည်။

ထိုအခါ ဖန်ကွမ်းစုမှာ လူတစ်ယောက်က လက်လေးဖက်ဖြင့် ညှပ်၍ တိုက်ခိုက်ခြင်းခံရသကဲ့သို့ဖြစ်နေသည်။ မလူးသာမလွန်သာ အခြေအနေသို့ ရောက်ရှိသွားသည်။

ဖန်ကွမ်းစုမှာ လူပုညီနောင်တို့နှင့် တိုက်ခိုက်ရင်း အခြေအနေမလှကြောင်း သိရသောအခါ သူသည် ရှတ်တရက် ရှည်လျားသော လေချွန်သံတစ်ချက်ပေးလိုက်လေ၏။

ဖန်ကွမ်းစု၏လေချွန်သံ ဆုံးသွားသည်နှင့် တောတောင်လျှိုမြောင်ကြားမှ လိပ်ပြာဂိုဏ်းသားရှစ်ဆယ်ခန့် ထွက်လာကြ၏။

လိပ်ပြာဂိုဏ်းသားများမှာ လျင်မြန်သောအရှိန်အဟုန်ဖြင့်



လူပုညီနောင်တို့အား ဝိုင်းရံထားလိုက်ကြသည်။

ရဲတိုက ရဲထင်းအားလှမ်း၍....

"ကျွန်တော်တို့လူချင်းခွဲပြီး ဒီလူတွေကို နှိမ်နင်းကြရအောင်"

"အေး.... ကောင်းတယ်"

စကားဆုံးသည်နှင့် လူပုညီနောင်တို့သည် လိပ်ပြာဂိုဏ်းသားများကို အကွက်ကျကျတိုက်ကြသည်။

"အား...."

"အင့်...."

"ဝုန်း...."

လူပုညီနောင်၏လက်ချက်ဖြင့် လိပ်ပြာဂိုဏ်းသား အယောက်များများ သေကြေဒဏ်ရာရသွားကြသည်။

ထိုမြင်ကွင်းကြောင့် ဖန်ကွမ်းစုမှာ ထိတ်လန့်တုန်လှုပ်သွားလေ၏။

ရှတ်တရက် သူသည် ဂူတွင်းသို့ပြေးဝင်သွားလေ၏။

သတိလစ်နေသော ထန်လေရီအား စောင်တစ်ထည်ဖြင့်ထုပ်ပတ်ပြီး ကျောပေါ်ထမ်းကာ ထွက်ပြေးသွားလေတော့သည်။

ဖန်ကွမ်းစုသည် ထန်လေရီကိုထမ်းရင်း ပြေးနေသည်

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူ့ရှေ့၌ တစ်စုံတစ်ဦး ရုတ်တရက် ကာဆီးေ
သည်ကို တွေ့ရလေ၏။

ဖန်ကွမ်းစု မျက်နှာကွက်ခနဲပျက်သွားသည်။

သူသည် ရှေ့မှကာဆီးထားသူကို စေ့စေ့ကြည့်သည်။

ထိုလူမှာ လူပုစီလျှူစင်းဖြစ်နေသည်ကို တွေ့မြင်ရသေ
အခါ သူသည် ထိတ်လန့်သွားပြီး ချက်ချင်း မျက်နှာကိုတည်လိုက်
လေ၏။

"ခင်ဗျားလိုချင်တဲ့ပစ္စည်း လူပုညီနောင်ရဲတိ၊ ရဲထင်း
လက်ဦးလို့ပါသွားပြီ၊ သူတို့ဆီမှာ မြန်မြန်သွားယူပေတော့၊ ခင်ဗျ
လက်နှေးနေရင် ဆုံးရှုံးသွားလိမ့်မယ်"

ဖန်ကွမ်းစုသည် စီလျှူစင်း ဘာအလိုရှိသည်ကို သူသိထ
သည်။ အကြံတူ ရန်သူပင်မဟုတ်ပါလော။

ထို့ကြောင့် သူက ပရိယာယ်သုံး၍ ပြောရင်း ဂူဘက်
လက်ညိုးထိုးပြလိုက်၏။

သူညွှန်ပြရာသို့ စီလျှူစင်းက လှည့်၍ကြည့်လိုက်သော
ခါ လူပုညီနောင်နှင့် လိပ်ပြာဂိုဏ်းသားတို့ သဲသဲမဲမဲ တိုက်ခိုက်ေ
သည်ကို တွေ့လိုက်ရလေတော့သည်။

စီလျှူစင်းသည် မျက်မှောင်တစ်ချက်ကုပ်သွား၏။



သူက ဖန်ကွမ်းစုအား စေ့စေ့ကြည့်လိုက်သောအခါ ဖန်ကွမ်းစု၏ပခုံးထက်တွင် စောင်တစ်ထည်နှင့်ထုပ်ကာ ထမ်းထားသောအရာကို တွေ့မြင်ရသည့်အတွက် ဤအရာမှာ ကေန်ပင် မြင်းတုန်းနှီးဖြစ်လိမ့်မည်ကို တွက်ဆမိပေသည်။

ထို့ကြောင့် သူက ဖန်ကွမ်းစုပရိယာယ်ကို နားလည်သဘောပေါက်မိပြီး....

"ခင်ဗျား ကျုပ်ကိုလှည့်စားလို့ ဘယ်ရမလဲ၊ ခင်ဗျားပခုံးပေါ်က အထုပ်ကဘာလဲ"

သို့သော် ဖန်ကွမ်းစုသည် အခြေအနေမလှမှန်း သိသည်နှင့် စကားကိုပင် ဆုံးအောင်နားမထောင်တော့ဘဲ စီလျှူစင်းကိုကွေ့ရှောင်၍ ထွက်ပြေးသွားလေတော့သည်။

စီလျှူစင်းက ဒေါသထွက်လာပြီး အော်လိုက်လေ၏။

"ခင်ဗျားပြေးနိုင်ရင် ပြေးစမ်း"

သူသည် ပြေးရင်း အနီးရှိ ကျောက်တုံးတစ်တုံးကိုကောက်ယူပြီး ပြေးသွားသောဖန်ကွမ်းစုအား ပစ်ပေါက်လိုက်လေ၏။

ဖန်ကွမ်းစုသည် ရှေ့မှပြေးရင်း သူ၏နောက်မှ လေတိုးသံကိုကြားလိုက်မိသောအခါ သူသည် လှည့်ကြည့်လိုက်၏။

ထိုအခါ သူ့နောက်မှ ကျောက်တုံးတစ်တုံး သူ့ဆီသို့ဦး

www.burmeseclassic.com

www.burmeseclassic.com



တည်လာနေသည်ကို တွေ့မြင်ရသည်နှင့် သူသည် ကဗျာကယာခြေ ပေါ်သို့ မှောက်ချလိုက်လေ၏။

ကျောက်တုံးမှာ ဖန်ကွမ်းစုကိုမထိမိဘဲ လေထဲတွင် ဖြတ် သန်းသွားလေ၏။

ထိုစဉ် ဖန်ကွမ်းစု၏ ပခုံးထက်မှထမ်းလာသော စောင်နှ ထုပ်ထားသည့် လေထန်ရှိမှာ အဝေးသို့လွင့်စင်သွားပြီး သစ်ပင်တစ် ပင်ရင်းတွင် ကျရောက်ရပ်တန့်သွားသည်။

ဖန်ကွမ်းစုမှာ ကြောင်အမ်းအမ်းဖြစ်သွားလေ၏။

ထိုစဉ် သူ့ရှေ့သို့ ဓားရောင်ဝင်းခနဲ လက်လာသည်ကို တွေ့လိုက်ရသည်။

ဖန်ကွမ်းစုသည် လဲရာမှ ခုန်၍ထလိုက်ပြီး သံမဏိယပ် တောင်ကိုဖြန့်ကာ ခုခံကာကွယ်လိုက်လေ၏။

စီလျူစင်းသည် သူ၏လက်ထဲမှ မိုးနဂါးဓားဖြင့် ဖန်ကွမ်း ကိုတစ်ချက်ခုတ်လိုက်သောအခါ ဖန်ကွမ်းစု၏သံမဏိယပ်တောင် မှာ ဓားနှင့်ထိတွေ့မိသည်နှင့် မီးများ ပွင့်ထွက်သွားသည်။

ဖန်ကွမ်းစု၏ သံမဏိယပ်တောင်သည် ပြတ်ထွက်လွင့်စ သွားသည်။

သူသည် စီလျူစင်း၏ဓားကို ကြည့်လိုက်သောအခါ အ



ထိုက်တန်သော မိုးနဂါးဓားဖြစ်မှန်းသိလိုက်ရလေသည်။ ဓားသည် သံမဏိကိုပင် ပြတ်တောက်နိုင်ပါကလား။

ထိုအခါ သံမဏိယပ်တောင်၏ အကျိုးများကို စီလျူစင်း၏ ခေါင်းထက်ဆီသို့ ပစ်လွှင့်လိုက်ပြန်သည်။

စီလျူစင်းက သံမဏိယပ်တောင် အကျိုးစများကို ခုခံဖယ် ရှားနေသည်။

ထိုစဉ် ဖန်ကွမ်းစုသည် ထိုအခွင့်အရေးကိုရယူပြီး ကိုယ် ဖော့ပညာသုံး၍ ထွက်ပြေးသွားလေ၏။

စီလျူစင်းသည် သံမဏိယပ်တောင်အကျိုးစများ အားလုံး ကိုဖယ်ရှားလိုက်ရာ အားလုံးမြေသို့ကျသွားမှ ဖန်ကွမ်းစုကိုလှည့်၍ ကြည့်လိုက်သည်။

သို့သော် ဖန်ကွမ်းစု၏အရိပ်အရောင်ကိုမျှ မတွေ့ရတော့ ချေ။

ထန်နလရီ သစ်ပင်ကြီးခြေရင်းနှင့် တိုက်မိပြီး ရပ်သွား သည်။

သူမ၏ပိတ်နေသော သွေးကြောများ ပြန်လည်ပွင့်သွား ကာ အကောင်းပကတိဖြစ်သွားသည်။

ထိုအခါ သူမသည် ပတ်ဝန်းကျင်ကို တစ်ချက်လေ့လာ.

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိသောအခါ မနီးမဝေးတွင် ကြာပန်းကြာဖူးများ ထူထပ်စွာပေါက်နေသော ရေကန်တစ်ကန်ကိုတွေ့ရှိရသည်။

ဆက်လက်၍ ပြေးလျှင်လည်း ခရီးပေါက်ရောက်မည်မဟုတ်ကြောင်း သူမစဉ်းစားမိလေ၏။

သူမသည် ချက်ချင်းပင် ရေကန်ရှိရာသို့ အသာရွေ့လျားသွားပြီး ကန်စပ်ရှိကြာရွက်ကြာပွင့်များအောက်တွင် ဝင်ရောက်ပုန်းလျှိုနေလိုက်လေ၏။

အချိန်မည်မျှကြာသွားသည်မသိ။ မှောင်စပျိုးလာသည်။

ထိုအခါကျမှ သူမသည် ခေါင်းထောင်၍ ဝန်းကျင်တစ်ခုလုံးကိုကြည့်လိုက်မိသည်။

ဖန်ကွမ်းစုနှင့် စီလျှစင်းတို့၏ရန်မှ လွတ်မြောက်ပြီလောဟု ကြည့်ရှုခြင်းဖြစ်သည်။

ညှင့်ကျမ်းမှလွဲ၍ ရန်သူတစ်ယောက်မှ မတွေ့ရတော့ချေ။

သည့်နောက် ထန်လေရီသည် ရေကန်ထဲမှ အသံမကြားစေဘဲ အသာအယာ ကုန်းပေါ်သို့တက်လာ၏။

သူမသည် ကိုယ်ပေါ်ရှိ ရေစက်များကိုခါချပြီး ဝန်းကျင်တစ်ခွင်ကို ကြည့်လိုက်သည်။



အခြေအနေကို အကဲခတ်ကြည့်ရှုလိုက်သည်။

ထိုစဉ် သစ်ပင်တစ်ပင်၏ခြေရင်းတွင် လူတစ်ယောက်လဲနေသည်ကို တွေ့လိုက်ရလေတော့၏။

သူ၏အနီးတွင် အဝါရောင်တောက်ပနေသော အရာတစ်ခုကိုပါ တွေ့ရပြန်သည်။

ထန်လေရီသည် သစ်ပင်အနီးသို့လျှောက်သွားသည်။

တွေ့မြင်ရသောမြင်ကွင်းကြောင့် သူမသည် အံ့သြထိတ်လန့်သွားမိတော့သည်။

မိုးနဂါးဓားနှင့် အသက်ဝိညာဉ်ကင်းနေသော လူပုစီလျှစင်းပေတည်း။

သူမသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး တစ်ဖန်ဂူဝဆီသို့ လျှောက်သွားသည်။

သူမ၏ခြေလှမ်းများ တုန့်ခနဲရပ်သွားလေသည်။

သူမသည် အံ့အားသင့်သွားရပြန်သည်။

အလောင်းခုနစ်လောင်း....။

ဓားတိုနှစ်လက်....။

ဓားတိုတစ်လက်၏ လက်ကိုင်ရိုးတွင်'ထင်း'(မိုး) ဟူ၍လည်းကောင်း၊ နောက်ဓားတိုတစ်လက်၏ လက်ကိုင်ရိုးတွင် '

www.burmeseclassic.com





(မြေ)ဟူ၍ လည်းကောင်း စာလုံးများရေး ထိုးထားသည်ကို တွေ့ရသည်။

ယင်းဓားတို့နှစ်လက်၏ ပိုင်ရှင်မှာ လူပုညီနောင် ရဲထင်နှင့် ရဲတိတို့ဖြစ်ကြောင်းကို သူမက သိထား၏။

သို့သော် ဓားတိုပိုင်ရှင်နှစ်ယောက်၏ အလောင်းကိုမတွေ့ရချေ။

ထန်လေရီသည် ဓားတိုနှစ်လက်ကိုကြည့်ရင်း တွေဝေစဉ်းစားနေမိသည်။

"အဆင့်မြင့်တဲ့သိုင်းပညာရှင်တွေ ရောက်လာလို့ ဒီလူတွေဟာ ဓားကိုတောင်ပြန်မကောက်နိုင်ဘဲ ထွက်ပြေးသွားတာဖြစ်ရမယ်"

သူမသည် ဝန်းကျင်ကိုကြည့်လိုက်သည်။

သို့သော် လူရိပ်ဟူ၍ မတွေ့ရပါ။

သူမသည် စိတ်ကိုတင်းထားသော်လည်း ကြောက်စိတ်ဖုံးလွှမ်းလာသည်။

အချိန်မည်မျှကြာသွားသည်မသိချေ။

လူပုစီလျှုစင်း၏ အလောင်းဘေးတစ်ဘက်မှ အစိမ်းရောင် တောက်ပနေသော ဘဲဥပုံသဏ္ဌာန်ရှိသည့် အကောင်တစ်ကောင် တရွေ့ရွေ့ လှုပ်ရှားလာနေသည်ကို တွေ့မြင်ရသည်။

ထန်လေရီ လှုပ်ရှားလာမိသည်။

သူမသည် မျက်မှောင်ကုပ်၍ ထိုအကောင်ငယ်ကို သေချာစွာ ကြည့်လိုက်၏။

သူမသည် ထိုအကောင်ငယ်ကို မည်မျှကြာအောင် ကြည့်နေမိသည်မသိ ထိုအကောင်ငယ် တရွေ့ရွေ့လာနေရာ သူမရပ်နေရာနှင့် ခြောက်ပေခန့်သာ ကွာဝေးတော့သည်။

ထန်လေရီသည် ထိုသတ္တဝါငယ်ကိုကြည့်ရင်း ထိတ်လန့်လာမိ၏။

ဇောချွေးများလည်း စီးကျလာ၏။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင်ဖြစ်လာသည်။ သူမကြောက်လာနေပေပြီ၊

"ယူနန်နယ်နဲ့ ကွေ့ကျိုးနယ်မှာ ခုလို အဆိပ်ပြင်းတဲ့အကောင်တစ်မျိုးရှိတယ်လို့ ကြားဖူးတယ်၊ ဒီလူတွေဟာ ဒီလိုအဆိပ်ပြင်းတဲ့အကောင်ကိုက်လို့ သေတာပဲဖြစ်မယ်၊ ဒီတော့ အဆိပ်ပြင်းတဲ့အကောင်ကို လူအများ ဒုက္ခမပေးနိုင်အောင် သုတ်သင်ပစ်လိုက်မှပဲ"

သူမက ထိုသို့စဉ်းစားပြီး မိုးနဂါးဓားကိုယူကာ ခုတ်သင်ရန် လက်ကိုမြှောက်လိုက်မိလေ၏။

စူးရှသောအသံတစ်သံ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး မခုတ်လိုက်ပါနဲ့ ခုတ်ရင် မှားမယ်၊ စီလျှုစင်း လိုလူတောင်မှ အသက်ဆုံးရှုံးရတယ်၊ ဒီအကောင်ဟာ အလွန့်အဆိပ်ပြင်းတဲ့ သတ္တဝါတစ်မျိုးပဲ၊ ငြိမ်ငြိမ်နေ ငါ့ကိုလဲ လှည့်မကြည့်နဲ့"

သူမသည် တုန်လှုပ်ချောက်ချားသွားသည်။

အသံရှင်၏ သတိပေးစကားကြောင့် သူမသည် မလှုပ်ရဲငြိမ် သက်စွာဖြင့် ရပ်နေရသည်။

သတိပေးလိုက်သောအသံကို သူမ ကြားဖူးသလိုရှိ၏။

သို့သော် မည်သူမည်ဝါဟူ၍ စဉ်းစားမရပါ။

အချိန်တစ်နာရီခန့် ကြာသွားသည်။

ထိုအခိုက် စောစောက အသံရှင်၏အသံကို ကြားရပြန်သည်။

"မိန်းကလေး.... သိပ်တော်တယ်၊ ဒီသတ္တဝါဖြတ်သွားပြီးတဲ့အထိ ငြိမ်ငြိမ်သက်သက်နေပါ"

ထိုသို့ပြောပြီးသည်နှင့် အသံသည် ပျောက်သွား၏။

ထိုအဆိပ်ပြင်းသောသတ္တဝါငယ်မှာ သူမထံသို့ ရွေ့လျားလာနေသည်။

ထိုသတ္တဝါ သူမအနီးသို့ရောက်သည်နှင့် ထန်လေရီသည် တစ်ချက်ခုန်ဆိုက်သည်။



ထို့နောက် သူမသည် အသံကုန်အော်ဟစ်ပြီး ထိုနေရာမှ လျင်မြန်စွာ ပြေးထွက်လာခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

### တကယ့်ဖြစ်ပုံ

ထန်လေရီသည် ကျန်ချွမ်းအပေါ် ဤမျှ မေတ္တာကရုဏာထားခဲ့လေ၏။

သူမမည်မျှ မေတ္တာထားစေကာမူ ကျန်ချွမ်းက ကိုယ်လွတ်ရုန်းကာ ထွက်သွားခဲ့သည်။

သူမအား ဖန်ကွမ်းစုလက်ထဲ ဝကွက်၍ထားခဲ့သည်။



သို့သော် သူ့နောက်သို့ အဘွားညာဝမ်းက ထက်ကြပ်မကွာလိုက်နေသဖြင့် ကျန်ချွမ်းတစ်ယောက် အလွန်စိတ်ရှုပ်၍ နေလေတော့သည်။

တာပျက်စန်းတောင်ခြေရှိ သားရဲဘုရင် ရှန်ပိန်းအိမ်မှ ကျန်ချွမ်းနှင့် ထန်လေရီတို့ အတူထွက်လာကြပြီးနောက် ကျန်ချွမ်းသည် ထန်လေရီအပေါ် အဲကောက်ကြံကာ မြင်းကုန်းနှီးကိုယူ၍ ထွက်ပြေးခဲ့၏။

သို့သော် သူတကယ်ထွက်ပြေးသွားခြင်းမဟုတ်ပေ။

ကျန်ချွမ်းသည် အနီးရှိ မြက်ရှည်တောထဲတွင် ဝင်ပုန်းကာ ထန်လေရီ၏ အရိပ်အခြေကို အကဲခတ်ကြည့်နေ၏။

ထန်လေရီ အဝေးသို့ရောက်သွားသောအခါ သူသည် ပုန်းအောင်းနေရာမှ ထွက်လာခဲ့သည်။

သူသည် အပေါ်အင်္ကျီကိုချွတ်ပြီး မြင်းကုန်းနှီးနှင့်ထုပ်ပိုး

www.burmeseclassic.com

www.burmeseclassic.com



ကာ ထွက်လာခဲ့ခြင်းဖြစ်သည်။

တောင်ခြေတစ်နေရာသို့ ရောက်သောအခါ မြက်စားနေသောမြင်းပျံကိုတွေ့ရပြီး စီးလာခဲ့လေသည်။

သူသည် မြင်းပျံကိုစီးကာ ဟိုနန်နယ်သို့ရောက်လာခဲ့၏။

သူသည် မြို့တွင်းလမ်းမကြီးသို့ ရောက်လာသောအခါ ချင်စိရှောင်နှင့် တွေ့ဆုံမိကြသည်။

ချင်စိရှောင်သည် ထိုမြင်းပျံမှာ မိမိချစ်သူ ကျင်လေရှီးစီးယူထွက်သွားသောမြင်းမှန်း သိသော်လည်း သူသည် မသိဟန်ပြု၍ မေး၏။

ကျုန်ချွမ်းက ဤမြင်းကို တောင်ပေါ်မှတွေ့ခဲ့ကြောင်း လိမ်လည်ပြောဆိုလိုက်သည်။

ရိုးသားဖြောင့်မတ်သော ချင်စိရှောင်သည် မသိဟန်ဆောင်ပြီး ငွေသားသုံးထောင်ပေး၍ ဝယ်ယူလိုက်သည်။

ထိုအခါ ချင်စိရှောင်သည် မြင်းကိုငွေချေပြီး ဆွဲယူလာခဲ့ရာမှ ထန်လေရှီနှင့် တွေ့ဆုံခဲ့ရခြင်းပင်ဖြစ်ပါသည်။

ကျုန်ချွမ်းသည် မြင်းရောင်းရငွေဖြင့် ရွှေများဝယ်ယူပြီး ထိုမြို့မှ ဆက်လက်ထွက်ခွာလာခဲ့သည်။

တကျက်ကျုန်းပြည်နယ်သို့ ရောက်ရှိသောအခါ သူသည် လူ



သူ ကင်းရှင်းသောနေရာတစ်နေရာတွင် ခေတ္တအနားယူရင်း ထုပ်ယူလာသောမြင်းကုန်းနှီးကိုဖြည်၍ ကျေနပ်နှစ်သိမ့်စွာ ကြည့်နေမိသည်။

ဤမြင်းကုန်းနှီးကိုရရှိရန် သူသည် အံတော်ပင် အပင်ပမ်းခံ ကြိုးစားခဲ့ရသည် မဟုတ်ပါလား။

ကျုန်ချွမ်းသည် စီချွမ်းပြည်နယ်ရှိ မော်ဝီလားမား၏ တပည့်ဖြစ်သည်။

ဆရာဖြစ်သူထံမှ သိုင်းပညာအတတ်ကို စုံလင်စွာ သင်ကြားခဲ့သူဖြစ်သည်။

ယခုကဲ့သို့ သူသည် အရပ်တကာသို့လှည့်လည် ခရီးထွက်လာရခြင်းမှာ သူတို့ကျောင်းတွင် သီတင်းသုံးခဲ့သော ညွှေ့သည်ဆရာတော်တစ်ပါးသည် မြေပြန့်သို့ ဘုရားဖူးထွက်သွားရာ သတင်းအစအနမျှ မကြားရသည့်အတွက် သူ၏ဆရာတော်က စုံစမ်းရန် စေလွှတ်လိုက်ခြင်း ဖြစ်ပါတော့သည်။

ကျုန်ချွမ်းသည် စီချွမ်းပြည်နယ်မှ ထွက်လာပြီး မကြာမီ သူသည်ဟိုနန်နယ်ရှိ မြို့တစ်မြို့သို့ရောက်ရှိလာသည်။

သူသည် တည်းခိုခန်းတစ်ခန်းတွင် တည်းခိုနေစဉ် မမျှော်လင့်ဘဲ သတင်းတစ်ခုကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမြို့တွင် 'ချင်'သတို့သားနှင့် မင်္ဂလာဆောင်နှင်းမည့် သတို့သမီးလောင်းသည် အဖိုးထိုက်သော မြင်းကုန်းနှီးတစ်ခုကို ခိုးယူထွက်ပြေးသွားကြောင်း သတင်းစကား ကြားလိုက်ရခြင်းဖြစ်ပါသည်။

ထိုအခါ သူသည် မိမိ၏ဆရာတော်ပြောခဲ့သော စကားများကို ပြန်လည်၍ စဉ်းစားသတိရမိလေတော့သည်။

ဆရာတော်မော်ဝီလားမားသည် ညစဉ် အိပ်စက်နေရာမှ ကျယ်လောင်စွာ ယောင်ယမ်းပြောဆိုသောစကားများကို ကျွန်ုပ်ချမ်း မကြာခဏ ကြားနေရသည်။

ယနေ့ည သူသည် ဆရာတော်မော်ဝီ၏အခန်းသို့ ရောက်လာစဉ် ဆရာတော်၏ ယောင်ယမ်းပြောဆိုနေသောစကားများကို ကြားရသဖြင့် ဂရုစိုက်နားထောင်လိုက်မိ၏။

"သီတင်းသုံးဖော်ညီတော်.... မြင်းကုန်းနှီး"

"သီတင်းသုံးဖော်ညီတော်.... မြင်းကုန်းနှီး"

"သီတင်းသုံးဖော်ညီတော်....မြင်းကုန်းနှီး"

ထို့နောက် ဆရာတော်က ကျွန်ုပ်ချမ်းအား သူ၏သီတင်းသုံးဖော် လားမားတစ်ပါးကို အရှာခိုင်းလိုက်၏။

သို့သော် ဆရာတော်က အရှာခိုင်းလိုက်သည့်လားမား၏



ဘွဲ့အမည်ကိုကား ပြောပြလိုက်ခြင်းမရှိပါ။

မျက်ခုံးမွေးအလွန်ရှည်ပြီး အသားအရေမှာလည်း သစ်ခေးရောင်ကဲ့သို့မဲနေသော ဆရာတော်ကိုတွေ့လျှင် စီချမ်းနယ်သို့ အမြန်ဆုံး ပြန်ကြွရန်လျှောက်ထားပါ ဟူ၍သာ မှာကြားလိုက်သည်။

ရုပ်ရည်အသားအရည် ထူးခြားနေသောကြောင့် အမည်ကို မပြောလိုက်ခြင်းဖြစ်သည်။

ထို့ပြင် ထိုဆရာတော်လားမားကိုမှတ်မိသည့် ကြက်တူရွေးတစ်ကောင်ကို အဖော်အဖြစ်ထည့်ပေးပြီး စေလွှတ်လိုက်သည်။

ကျွန်ုပ်ချမ်းမှာ ဆရာတော်အရှာခိုင်းလိုက်သော လားမားကို အရှာထွက်ခဲ့ရင်း သူ၏ဦးနှောက်ထဲတွင် မြင်းကုန်းနှီးအကြောင်းကို သတိရနေလေ၏။

ကျွန်ုပ်ချမ်းကြားရသော သတင်းစကားအရ သတို့သမီးယူပြေးသော မြင်းကုန်းနှီးဟာ ဆရာတော်ပြောသည့်မြင်းကုန်းနှီးပင်ဖြစ်သည်ဟု မှတ်ချက်ချမိလိုက်သည်။

ဆရာတော်သည် ဤမြင်းကုန်းနှီးကို အဘယ်ကြောင့်စွဲလမ်းယောင်ယမ်း နေပါသနည်း။

ထိုမြင်းကုန်းနှီးသည် အဖိုးတန်၍လော သို့မဟုတ် သိုင်းလောကတွင်အရေးပါသော လျှို့ဝှက်ချက်များပါနေ၍လော ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ချွမ်းက အမျိုးမျိုးစဉ်းစားမိပြန်သည်။

သို့သော် ကျွန်ချွမ်းသည် ခရီးထွက်လာခဲ့သည်မှာ ခြောက်လခန့်ရှိခဲ့သော်လည်း ဆရာတော်အရှာခိုင်းလိုက်သောသူကို ရှာ တွေ့သေးပါ။

ထို့ကြောင့် သူသည် ဆရာတော်ထံပြန်၍ အကြောင်းကြား ရန် တောင်ဘက်သို့ခရီးပြန်လှည့်လာခဲ့ခြင်းဖြစ်၏။

ကျွန်ချွမ်းသည် အံ့တွေနယ်ရှိ ဟွမ်စန်းတောင်ပေါ်သို့ ရောက်လာသောအခါ သာယာသောရှုခင်းတစ်ခုကို တွေ့မြင်လိုက် သည်။

ရုတ်တရက် အနီးတစ်နေရာဆီမှ ညည်းသံလိုလိုကြားရသ ဖြင့် သူသည် အသံကြားရာဆီသို့လှမ်းကြည့်လိုက်ရာ သူသည် အံ့ဩ သွားမိ၏။

လှပသော မိန်းကလေးတစ်ယောက်ဖြစ်ပြီး သူမတွင် ဒဏ် ရာရရှိပြီး သွေးများပေကျံနေသည်။

မိန်းကလေးသည် လဲနေရာမှ ကျွန်ချွမ်းကိုတွေ့လိုက် သောအခါ ထိတ်လန့်သွားသည်။

ကျွန်ချွမ်းသည် သူမအား စေ့စေ့ကြည့်ကာ....

"ညီမက ဘယ်သူလဲ... ဘယ်လိုလုပ်ပြီး ဒီနေရာကိုရောက် နေရတာလဲ"



မိန်းကလေး၏ရင်ခွင်ထဲတွင် အဝတ်နှင့်ထုပ်ထားသော အထုပ်တစ်ထုပ်ကို ပိုက်ထွေးထားသည်။

သူမဘေးတွင် ရွှေရောင်တောက်ပနေသော ဓားရှည်တစ် လက်ကိုပါ တွေ့ရသည်။

ကျွန်ချွမ်းက မေးလိုက်သဖြင့် မိန်းကလေးသည် သူ၏ ဓားမှ ဓားရှည်ကို ဆွဲထုတ်လိုက်ပြီး....

"ရှင် ဘယ်သူလဲ"

ကျွန်ချွမ်းက မျက်မှောင်ကုပ်လိုက်သည်။

သူမ၏လက်ထဲရှိ ဓားရှည်မှာ ရွှေရောင်တောက်ပနေသ ဖြင့် ထိုဓားသည် သာမန်ဓားမဟုတ်ကြောင်း တွေးမိလိုက်၏။

မိန်းကလေး၏အမေးကိုမဖြေသေးဘဲ သူသည် ထိုသို့စဉ်း စားနေစဉ် မြင်းဟီသံကိုကြားလိုက်ရသဖြင့် သူသည် လှမ်းကြည့် လိုက်သောအခါ ကျွန်ချွမ်းသည် အံ့ဩသွားသည်။

မြင်းပိန်တစ်ကောင်သည် မြက်စားနေသည်ကို တွေ့မြင်ရ ၏။

ဟွမ်စန်းတောင်သည် ဤနယ်တွင် အမြင့်ဆုံးနှင့်မတ် စောက်လှသော တောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူလွှတ်ပင် ဤတောင်ပေါ်သို့တက်ရန် မလွယ်ကူပါ။ လွန်စွာ ခက်ခဲလှပါသည်။

သို့သော် ယခု မိန်းကလေးသည် မြင်းနှင့်လူပါ ဤတောင်ပေါ်သို့ရောက်အောင် တတ်နိုင်ခြင်းကိုကြည့်ခြင်းအားဖြင့် မြင်းမှာ သာမန်မြင်းမဟုတ်ကြောင်း သူအကဲခတ်မိသည်။

ဓားကောင်းတစ်လက်နှင့် မြင်းပိန်တစ်ကောင်....။

သူသည် မိန်းကလေးအား စေ့စေ့ကြည့်၍ မေးလိုက်လေ၏။

"ခင်ဗျားကကော.... ဘယ်သူလဲ"

မိန်းကလေးသည် မျက်မှောင်ကုပ်သွားပြီး ဒေါသသံဖြင့် ပြန် အော်သည်။

"ရှင်မေးစရာမလိုပါဘူး၊ ခုချက်ချင်း ရှင်ဒီတောင်ပေါ်က အမြန်ဆုံးဆင်းသွားပါ"

ကျန်ချွမ်းသည် တစ်စုံတစ်ရာကိုစဉ်းစားလိုက်ပြီး မဲ့ပြုံးတစ်ချက်ပြုံးကာ....

"ကျုပ်သွားပါ့မယ်.... ဒါပေမယ့် ခင်ဗျားဆန္ဒပြည့်ဝအောင် ကျုပ်ကို ဒီဓားနဲ့မြင်း ပေးရမယ်"

မိန်းကလေး၏မျက်နှာမှာ ဒေါသရောင်သန်းလာသည်။



သူမသည် လဲရာမှထ၍ ကျန်ချွမ်းအား တိုက်ခိုက်ရန်ကြိုးစားသော်လည်း သူမ၏ခြေထောက်မှ ဒဏ်ရာကြောင့် ထမရဘဲ ပြန်လဲကျသွား၏။

မိန်းကလေးက အံတစ်ချက်ကြိတ်လိုက်ပြီး....

"ဒီဓားနဲ့မြင်းကိုရရင် ရှင်တကယ် ဘယ်သူ့ကိုမှမပြောဘူး ပေါ့"

ကျန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကျုပ်ယောကျာ်းပါ.... ကျုပ်ကတိပေးပါတယ်"

မိန်းကလေးသည် ခေါင်းတစ်ချက်ညိတ်ကာ....

"ကောင်းပြီ.... ရှင့်ကတိတည်ပါစေ၊ ရော့.... ဒီမှာဓား"

သူမသည် မြင်းရှိရာသို့ လက်ညှိုးထိုးပြရင်း....

"ဟိုမှာမြင်း.... ကဲ.... ယူသွားပေတော့"

သို့သော် ကျန်ချွမ်းသည် ထွက်ခွာသွားခြင်း မရှိသေးသဖြင့် မိန်းကလေးသည် မျက်မှောင်ကုပ်သွားသည်။

"ရှင်လိုချင်တဲ့ မြင်းနဲ့ဓားကိုရပြီ မဟုတ်လား"

ကျန်ချွမ်းသည် မိန်းကလေး၏ရင်ခွင်ထဲမှ အထုပ်ကိုတစ်ချက်ကြည့်လိုက်ပြီး....

"ကျုပ်နောက်ထပ် ခင်ဗျားဆီက ပစ္စည်းနှစ်မျိုးကိုရမှသွား

www.burmeseclassic.com

www.burmeseclassic.com



နိုင်မယ်"

မိန်းကလေးသည် ဒေါသထွက်လွန်းသဖြင့် သူမ၏မျက်နှာမှာ နီရဲလာသည်။

သူ့အား စေ့စေ့ကြည့်ရင်း...

"ရှင် ကတိမတည်ပါလား၊ တော်ကြာ ကျွန်မဆရာ ရှမ်းနုရင် ရောက်လာရင် ရှင်ဘာမှမရဘဲ ဖြစ်သွားလိမ့်မယ်၊ ရှင် ဒီကမြန်မြန်သွားရင်ကောင်းမယ်"

ကျွန်ချွမ်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ဆရာမကြီးရှမ်းနုရင်မှာ သိုင်းလောကတွင် ကျော်ကြားထက်မြက်သော အဆင့်မြင့် ထိပ်သီးသိုင်းသမားတစ်ဦး ဖြစ်သည့်အပြင် သူမ၏ 'စကြဝဠာဓားသိုင်း'မှာ အလွန်ထက်မြက်ပြီး သိုင်းလောကတွင် တုန်လှုပ်ချောက်ချားစေခဲ့သည်။

သို့သော် ကျွန်ချွမ်းက အခြေအနေကို သုံးသပ်သောအခါ မိန်းကလေး၏ဆရာသည် မည်သည့်နည်းနှင့်မှ လာမည်မဟုတ်ဟု တွက်မိသည်။

"ဘယ်သူပဲလာလာ ကျုပ်နောက်ထပ် ပစ္စည်းနှစ်မျိုးကိုယူသွားနိုင်မယ်၊ ဒါမှမဟုတ်ရင် ကျုပ်ကိုယ်တိုင်အကြမ်းဖက်ပြီး ယူရလိမ့်မယ်"



သူမ၏မျက်လုံးအစုံသည် ပြူးကျယ်လာသည်။

သို့သော် မိန်းကလေးသည် အားမတန် မာန်လျှော့ပြီး...

"ကဲ... ရှင် နောက်ထပ် ဘာလိုချင်လို့လဲ"

ကျွန်ချွမ်းက သူ့လက်ထဲမှဓားကို တစ်ချက်ပြန်ကြည့်လိုက်ပြီး...

"ဒီဓားရဲ့ဓားအိမ်ကိုပေးပါ"

မိန်းကလေးက ဓားအိမ်ကို ပစ်ပေးလိုက်သည်။

"ကဲ... နောက်တစ်ခုက ဘာလဲ"

"ရင်ခွင်ထဲက အထုပ်ပါ"

ကျွန်ချွမ်း၏စကားကြောင့် မိန်းကလေး၏တစ်ကိုယ်လုံးသည် သိသိသာသာ တုန်လှုပ်သွားလေတော့၏။

မိန်းကလေးသည် သူမ၏ဒေါသကိုဆက်၍ မချုပ်တည်းနိုင်တော့ဘဲ ရုတ်တရက် ခုန်လိုက်ပြီး ကျွန်ချွမ်းအား တိုက်ခိုက်လိုက်လေတော့သည်။

ကျွန်ချွမ်းသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်သည်။

သူမ၏ တိုက်ခိုက်လာခြင်းကို အသာရှောင်တိမ်းပေးလိုက်သည်။

မိန်းကလေးမှာ အားအင်ကုန်ခမ်းနေသည့်အပြင် ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ရထားသည့်အတွက် 'ဘုန်း'ခနဲ မြေပေါ်သို့ပြန်ကျပြီး မိန်းကလေးသည် မေ့မြောသွားလေတော့သည်။

ကျွန်ချွမ်းသည် သူမရင်ခွင်ထဲမှ ထွက်ကျလာသောအထုပ်ကိုယူ၍ ကြည့်လိုက်သည်။

ကျွန်ချွမ်းမှာ အံ့ဩသွားမိသည်။

အထုပ်ထဲတွင် မြင်းကုန်းနှီးတစ်ခုကို တွေ့မြင်ရပေသည်။

ထိုမိန်းကလေးသည် 'ချင်'အမျိုးသားနှင့် လက်ထပ်မည့်ဆဲဆဲတွင် မြင်းကုန်းနှီးယူပြီး ထွက်ပြေးလာသော သတို့သမီးဖြစ်ကြောင်း သေချာသွားသည်။

သည့်နောက် ကျွန်ချွမ်းသည် မိုးနဂါးဓား၊ မြင်းပျံနှင့်မြင်းကုန်းနှီးကိုရယူပြီး တောင်ပေါ်မှဆင်းသက်လာခဲ့လေ၏။

ကျွန်ချွမ်းသည် မြင်းကိုစီးပြီး ခရီးနှင်လာခဲ့ရာ မြို့တစ်မြို့သို့ ရောက်ရှိလာသည်။ မြို့မှာ အတော်စည်ကား၏။

သူသည် တည်းခိုရိပ်သာတစ်ခုသို့ဝင်၍ အခန်းတစ်ခန်းကို ငှားရမ်းတည်းခိုသည်။ မခက်ခဲလှပါ။ ငွေပေးလျှင် တည်းခိုနိုင်သည်သာ ဖြစ်ပါ၏။

ကျွန်ချွမ်းသည် တံခါးကိုပိတ်ပြီး မြင်းကုန်းနှီးကို သေချာစွာကြည့်သည်။ လေ့လာသည်။



ဘာမှထူးခြားမှု မတွေ့ရသောကြောင့် သူသည် မြင်းကုန်းနှီးကိုခွဲ၍ အတွင်းသို့လေ့လာကြည့်၏။

မြင်းကုန်းနှီး အတွင်းတစ်နေရာ၌ ပုလဲအလုံးနှစ်ဆယ်ခန့်ကို တွေ့ရှိရလေသည်။

မြင်းကုန်းနှီးအတွင်းရှိ ဤပုလဲလုံးများနှင့်အတူ အပြင်၌စီခြယ်ထားသော ရတနာများကိုကြည့်ခြင်းအားဖြင့် အလွန်အဖိုးထိုက်လှသည် မဟုတ်သည့်အကြောင်းကို လေ့လာမိသောကြောင့် ကျွန်ချွမ်းသည် စိတ်ပျက်သွားမိသည်။

သည့်နောက် သူသည် မြင်းကုန်းနှီးကိုပြန်ချုပ်ပြီး ခုတင်ပေါ်တွင် လဲလျောင်းရင်း စဉ်းစားကာ အိပ်ပျော်သွားလေတော့သည်။

---

နောက်တစ်နေ့ ကျွန်ချွမ်းသည် ခရီးဆက်၍နှင်လာခဲ့ရာ 'ချင်ယန်း'မြို့သို့မရောက်မီ လမ်းခရီးတွင် မိန်းကလေးတစ်ယောက်ကို အံ့ဩစွာ တွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးမှာ မိမိတွေ့ခဲ့ရသော မြင်းကုန်းနှီးပိုင်ရှင်နှင့် ခြေးမရအောင် တူနေပေသည်။

ထိုမိန်းကလေးလက်ထဲမှပင် မြင်းပျံ့မိုးနဂါးစားနှင့် မြင်းကုန်းနှီးကို အရယူပြီး ထွက်လာခဲ့ခြင်းပင် မဟုတ်ပါလော။

သို့သော် ယခု ထိုမိန်းကလေးမှာ မိမိရှေ့တွင် လမ်းလျှောက်နေသည်ကို တွေ့မြင်ရပြန်သည်။

သူသည် မျက်မှောင်ကုပ်၍ စဉ်းစားရင်း တွေဝေနေမိပြန်သည်။

ယင်းမိန်းကလေးမှာ ဟွမ်စန်းတောင်ပေါ်၌ မြင်းထန်သောဒဏ်ရာရပြီး ဝေဒနာခံစားနေရသော မိန်းကလေးသည် အဘယ်ကြောင့် မိမိရှေ့သို့ ဦးအောင်ရောက်နေပါသနည်း။

ပို၍ အံ့သြရပြန်သည်မှာ မိမိသည် မြင်းပျံကိုစီး၍လာသည်။

သို့သော် သူမ၌ မြင်းမပါ။ လမ်းလျှောက်၍ လာနေသည်။

ကျူန်ချွမ်းသည် စဉ်းစားရင်း ထိတ်လန့်ချောက်ချားရပြန်သည်။

မိန်းကလေးသည် မိမိ၏စိတ်သဘောထားကို စမ်းသပ်လို၍ ဒဏ်ရာပြင်းထန်စွာ ခံစားနေရသည့်အသွင် ဆောင်နေခြင်း



လော။

ကျူန်ချွမ်းသည် အမျိုးမျိုးစဉ်းစားရင်း သူ၏မိုက်မှားသောစိတ်က သူ့အား ခြောက်လှန့်နေသည်။

သူသည် ထိတ်လန့်နေမိပေသည်။

အမှန်မှာ ကျူန်ချွမ်းထင်သကဲ့သို့ ယင်းမိန်းကလေးမှာ ချင်အမျိုးသားနှင့် လက်ထပ်မည့် ကျင်လေရီမဟုတ်ပါချေ။

မိန်းကလေးမှာ ထန်လေရီပင်ဖြစ်ပါ၏။

သူမသည် တကယ်ပင် ကျူန်ချွမ်းကို တစ်ခါမျှ မတွေ့ဘူးပေ။

ထို့ကြောင့်ပင် သူမသည် ကျူန်ချွမ်းကိုဂရုမပြုဘဲ သူမ၏လမ်းကိုဆက်၍ လျှောက်သွားနေခြင်းပင်ဖြစ်၏။

ကျူန်ချွမ်းသည် ထန်လေရီကို ငေး၍ကြည့်ရင်း တွေဝေနေမိရာမှ သူသည် တစ်စုံတစ်ရာစဉ်းစားမိပြီး သူမနောက်သို့လိုက်သွားလေသည်။

မကြာမီ ထန်လေရီသည် ထိုမြို့ရှိတည်းခိုရိပ်သာတစ်ခုသို့ ဝင်သွားသည်။

ကျူန်ချွမ်းသည် တည်းခိုရိပ်သာသို့ ဝင်လိုက်သွားပြီး အခန်းတစ်ခန်း ငှားရမ်းတည်းခိုသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူမ၏အမည်ကိုသိလို၍ စာရေးထံ ချဉ်းကပ်စုံစမ်းသောအခါ သူမ၏နာမည်မှာ ထန်လေရီဖြစ်ကြောင်း သိရှိရလေသည်။

ထိုညတွင် သူမ၏ဆရာလာရောက်ပြီး မိမိအား လက်တုန့်ပြန်မည်လောဟူ၍တွေးရင်း ကျွန်ချွမ်းမှာ တစ်မှေးမှ အိပ်မပျော်ခဲ့ချေ။

နောက်တစ်နေ့နံနက်တွင် ထန်လေရီသည် တည်းခိုခကိုရှင်းပြီး ခရီးဆက်၍ထွက်ခဲ့သည်။

ကျွန်ချွမ်းသည် ကြက်တူရွေးအား လွှတ်ပြီး မျက်ခြေမပြတ်လိုက်စေသည်။

သူသည် မြင်းပျံကိုစီးကာ ထန်လေရီဖြတ်ကျော်သွားမည့်တောင်ကုန်းပေါ်သို့ ဦးအောင်အရောက်သွားပြီး သူမအား စောင့်ဆိုင်းနေသည်။



သူသည် သစ်ပင်တစ်ပင်ရင်းတွင် လှဲအိပ်ကာ ဝေဒနာကိုအပြင်းခံစားနေရသည့် အသွင်ဆောင်လိုက်လေ၏။

ထိုအခါ သူ၏ကြက်တူရွေးသည် ထန်လေရီအား ခေါ်ဆောင်လာခဲ့သည်။

သည့်နောက် ကျွန်ချွမ်းသည် သူမအား ပစ္စည်းသုံးမျိုးဖြစ်သော မြင်းပျံ၊ မိုးနဂါးဓားနှင့်မြင်းကုန်းနှီးကိုပေးပြီး တာဖျက်စန်းတောင်သို့ အရောက်ပို့စေသည်။

ကျွန်ချွမ်းသည် အသက်အောင့်ပြီး သေဟန်ဆောင်ရင်း ကျန်ရစ်ခဲ့သည်။

ထန်လေရီသည် ကျွန်ချွမ်း တကယ်သေလေပြီဟု ထင်မှတ် ယုံကြည်ပြီး သူမပေးထားသည့်ကတိအတိုင်း တာဖျက်စန်းတောင်သို့ ခရီးဆက်ထွက်သွားခဲ့ခြင်းဖြစ်ပါသည်။

သည့်နောက် ကျွန်ချွမ်းသည် နောက်ယောင်ခံလိုက်သွားသည်။

သို့သော် သူမမှာ သူ၏စကားကိုယုံကြည်ပြီး တကယ်ပင်တာဖျက်စန်းတောင်ရှိရာ မြောက်ဘက်ဆီသို့ ခရီးဦးတည်နေသည်ကို တွေ့လိုက်ရသည်။

ထို့ကြောင့် ဤမိန်းကလေးမှာ တောင်ပေါ်၌နေခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com



သတို့သမီး ကျင်လေရှိမဟုတ်ကြောင်းကို လေ့လာသတိပြုမိသည်။

သူသည် ယင်းပစ္စည်းများကို ပြန်လည်လုယူရန် ဆန္ဒရှိသော်လည်း အခြေအနေကို စောင့်ဆိုင်းကြည့်ရန် သူမနောက်မှ နောက်ယောင်ခံလိုက်သွား၏။

ယခုအခါ'ချင်'အမျိုးတို့ ဘိုးစဉ်ဘောင်ဆက် သိမ်းဆည်းလာသောပစ္စည်းကို သတို့သမီးလောင်းက ခိုးယူသွားသည့်သတင်းမှာ သိုင်းလောကသို့ ပျံ့နှံ့သွားလေပြီ။

သိုင်းလောကမှ သိုင်းပညာရှင်များနှင့် လူဆိုးများသည် ယင်းရတနာမြင်းကုန်းနှီးကို လိုချင်တပ်မက်မောကြကုန်၏။

သို့သော် ထန်လေရှိသည် ထိုမြင်းကုန်းနှီး၏ လျှို့ဝှက်တန်ဖိုးကိုမသိသဖြင့် သူမသည် ထိုအဖိုးထိုက်တန်သော မြင်းကုန်းနှီးကို လျှို့ဝှက်မထားဘဲ သူမစီးသောမြင်းပေါ်တွင် တင်၍စီးလာသောကြောင့် လူအများ မြင်လွယ်စေခဲ့သည်။

ထို့ကြောင့်လည်း တာပျက်စန်းတောင်သို့ သွားရာခရီးလမ်းတစ်လျှောက်တွင် အနှောင့်အယှက်တွေ့ခဲ့ပြီး ကူညီပေးသူလည်းရှိသည့်အတွက် နောက်ဆုံး သူမသည် တာပျက်စန်းတောင်ပေါ်သို့ ရောက်လာခဲ့ပေသည်။

ကျုန်ချွမ်းသည် သူထင်သကဲ့သို့ သူမမှာ ကျင်လေရှိမ



ဟုတ်သောကြောင့် မြင်းကုန်းနှီးကိုပြန်လည်၍ လုယူခဲ့ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၂)

ရယ်ချင်းဆင်သော မိန်းကလေး

ကျွန်ချွမ်းသည် မြင်းကုန်းနှီးကို ထန်လေရီလက်ထဲမှ ပြန်လုပြီး ထွက်ပြေးခဲ့သည်။ သူခရီးဆက်ခဲ့သည်။

သူသည် ကျက်ကျန်းနယ်ရှိ မြို့တစ်မြို့သို့ ရောက်လာခဲ့လေ၏။

ကျွန်ချွမ်းသည် ထိုမြို့ရှိ တည်းခိုရိပ်သာတစ်ခုတွင် ဝင်



ရောက်တည်းခိုလိုက်သည်။

ည....။

သူသည် အခန်းတံခါးကိုပိတ်ပြီး ထိုမြင်းကုန်းနှီးကို ခွဲ၍ကြည့်လိုက်သောအခါ ပုလဲလုံးများ ထွက်ကျလာသည်။

သူသည် ယင်းပုလဲလုံးများကို အမှတ်မထင် စီတန်းကြည့်မိလိုက်ရာ သူသည် အံ့ဩသွားလေသည်။

ပုလဲလုံးများပေါ်ရှိ စာတန်းကိုဖတ်ကြည့်လိုက်၏။

ပုလဲ(၁၇)လုံးကို စီတန်းလိုက်သောအခါ...

"........ တောင်၏တောင်ဘက် ခုနစ်ခုမြောက် တောင်ကုန်းမှ ခုနစ်ခုမြောက်ဂူထဲတွင်ရှိ..."

ဟူသောအဓိပ္ပာယ်ရှိသော စာတန်းကိုတွေ့ရှိရသည်။

ကျွန်ချွမ်းမှာ အံ့ဩတွေဝေသွားလေ၏။

ထိုပုလဲလုံး စာညွှန်းအတိုင်းသွားလျှင် အဖိုးထိုက်သော ရတနာများ ရရှိမည်မှာ သေချာသည်။

သူသည် ထိုသို့စဉ်းစားမိသော်လည်း အရေးကြီးသော ပုလဲလုံးလျော့နေသည့်အတွက် တိကျသောနေရာကို မသိရဘဲ အတော်ကြုံနေရပြန်သည်။

ကျွန်ချွမ်းသည် စောစောကထဲက ယင်းမြင်းကုန်းနှီးကိုရခဲ့

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သေချာစွာ မလေ့လာမိသည်ကို နောင်တရနေသည်

ထို့နောက် သူသည် ယင်းမြင်းကုန်းနှီးကို ပြန်ချုပ်လိုက်ပြီ အခန်းပြင်ရှိ မြေကြီးကိုကျင်းတူးကာ မြှုပ်နှံလိုက်၏။

ကျွန်ချွမ်းသည် ထန်လေရီထံတွင်ရှိသည့် ပုလဲသုံးလုံး စာလုံးများကိုသိရှိနိုင်ရန် ညတွင်းချင်းပင်လိုက်ရန် ဆုံးဖြတ်လို သည်။

သူသည် အခန်းတံခါးကိုဖွင့်၍ ထွက်မည်အပြုတွင် တည် ခိုခန်းစာရေးအား မေးမြန်းနေသော မိန်းမပျိုတစ်ဦး၏ အသံ ကြားလိုက်ရလေသည်။

ထိုမိန်းမပျို၏အသံမှာ ပင်ပမ်းနွမ်းနယ်နေသည့် အသံ ဖြစ်သည်။ မည်သူ့အသံနည်း။

ကျွန်ချွမ်းသည် မျက်မှောင်ကုပ်ပြီး သေချာစွာနားစို ထောင်လိုက်သည်။

"ဒီမယ်ရှင့်... ကျွန်မ ဒီမှာတည်းခိုချင်လို့ အခန်းလွတ်မျာ ရှိပါသလား"

ကျွန်ချွမ်းမှာ မျက်လုံးပြူးကျယ်သွားသည်။ သူမ၏အသ ကိုကြားဖူးသည်။ သူမကိုလည်း ကောင်းစွာသိထားသည်။

ကျွန်ချွမ်းက မိန်းကလေးအား ကြည့်လိုက်သည်။ သူသေ



ချာစွာ အကဲခတ်ခြင်းဖြစ်သည်။

မိန်းကလေးသည် ဟောင်းနွမ်းသော အဝတ်အစားများကို ဝတ်ဆင်ထား၏။

သူမသည် အလွန်ပင်ပမ်းနွမ်းနယ်လာပုံရသည်။

ထိုမိန်းကလေးမှာ အခြားသူမဟုတ်ပါ။

ကျွန်ချွမ်း တောင်ပေါ်တွင်တွေ့ခဲ့ရသော မြင်းကုန်းနှီးပိုင် ရှင်ဖြစ်သူ ကျင်လေရီပင်ဖြစ်တော့သည်။

အမှန်မှာ ကျင်လေရီသည် ချင်စိရှောင်၏မိထွေး ပန်းသုံး ပွင့်မယ်နှင့်တိုက်ခိုက်ခဲ့စဉ် သူမ၏ပေါင်တွင် ပန်းသုံးပွင့်မယ်၏ လက်နက်ပုန်း မြားတိုကလေးစိုက်ဝင်ခံရပြီး ဒဏ်ရာရရှိခဲ့ခြင်း ဖြစ် သည်။

မိန်းကလေးသည် ဒဏ်ရာသက်သာလာသောအခါတောင် အောက်သို့ တဖြည်းဖြည်းဆင်းလာပြီး ဤတည်းခိုခန်းသို့ လာ ရောက်တည်းခို အနားယူခြင်းဖြစ်သည်။

တိုက်ဆိုင်မှုသာ ဆိုရပါမည်။

ထန်လေရီနှင့် ချင်စိရှောင်တို့သည်လည်း ဤတည်းခိုခန်း တွင်ပင် တည်းခိုမိကြသည်။

သို့သော်-သူတို့သည် ကျင်လေရီနှင့် မဆုံမိကြချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျင်လေရီအခန်းတွင်းသို့ဝင်သွားသည်ကို ကျွန်ချွမ်းက တွေ့မြင်လိုက်သည်။

ကျွန်ချွမ်းသည် မြင်းကုန်းနီး၏ လျှို့ဝှက်ညွှန်ကြားချက်ကို သိလိုသည်။ သူ့အတွက် အကျိုးရှိနိုင်သည်။ သိရန်ကြိုးစားရမည်။

ထို့ကြောင့် သူသည် မိမိအခန်းတွင်းသို့ပြန်ဝင်ပြီး အခန်းပြတင်းပေါက်မှတစ်ဆင့် ခေါင်မိုးပေါ်သို့တက်သွားလေ၏။

ကျွန်ချွမ်းသည် ခေါင်မိုးမှ သူမအခန်းရှိရာသို့ လျှောက်သွား၏။

ထိုစဉ်....

"ရှီး...."

ဟူသောအသံနှင့်အတူ အပြာရောင်တောက်နေသော မီးတန်းကြီးသည် ကောင်းကင်သို့ တက်သွားသည်ကိုတွေ့မြင်ရသည်။

ကျွန်ချွမ်းက အံ့ဩစွာ ငေးကြည့်မိ၏။

သူသည် ကျင်လေရီလုပ်ဆောင်နေခြင်းကို နားမလည်နိုင်အောင်ဖြစ်နေ၏။

သို့သော် ကျွန်ချွမ်းသည် ဘာမှဂရုမစိုက်ဘဲ သူမ၏အခန်းတွင်းသို့ ခုန်ဝင်လိုက်သည်။

"လေရီ... နေကောင်းတယ်နော်"



ကျွန်ချွမ်းက ကျင်လေရီအား မထီမဲ့မြင်ကြည့်ရင်း မေးလိုက်သည်။

ကျင်လေရီသည် ကျွန်ချွမ်းကိုတွေ့ရလျှင် အံ့အားသင့်သွားပြီး နောက်သို့တစ်လှမ်းဆုတ်လိုက်သည်။

ကျွန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"မကြောက်ပါနဲ့လေရီ... ကျုပ်လာတာက ဒုက္ခပေးဖို့မဟုတ်ပါဘူး"

ကျင်လေရီက ကျွန်ချွမ်းအား စေ့စေ့ကြည့်လိုက်ပြီး....

"ရှင် ကျွန်မအခန်းထဲက အမြန်ဆုံးထွက်သွားပါ"

ကျွန်ချွမ်းက မဲ့ပြုံးပြုံးကာ....

"ကျုပ်သိချင်တာတစ်ခုရှိလို့ လာခဲ့တာပါ၊ ကျုပ်သိချင်တာသိပြီးရင် ကျုပ်သွားပါ့မယ်"

ထိုစဉ် ကျင်လေရီသည် ပြတင်းပေါက်ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်ပြီး....

"ရှင်နောက်ကို လှည့်ကြည့်လိုက်ပါအုံး"

ကျင်လေရီ၏မျက်နှာမှာ ပြောင်းလဲသွား၏။ အသံက မာလာသည်။ ကြောက်စိတ်ကင်းသွားသည့်ဟန်လည်းဖြစ်သည်။

သူမ၏အမူအရာ ပြောင်းလဲသွားသည်ကို တွေ့ရသောအ

www.burmeseclassic.com

www.burmeseclassic.com



ခါ ကျွန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"ခင်ဗျားက ဉာဏ်ဆင်ပြီး ထွက်ပြေးဖို့မကြိုးစားပါနဲ့၊ ကျုပ်ကို ဒီလိုလှည့်ကွက်မျိုးနဲ့ လုပ်လို့မရဘူး"

ကျွန်ချွမ်းသည် ကျင်လေရီအနီးသို့ ခြေတစ်လှမ်းတိုးလိုက်ပြီး တိုက်ခိုက်ရန် လက်ကိုမြှောက်လိုက်သည်။

ထိုအခါ တစ်စုံတစ်ယောက်သည် ကျွန်ချွမ်း၏သွေးကြောကိုလှမ်းထောက်လိုက်သည်။

ကျွန်ချွမ်းသည် ချက်ချင်းပင် သူ၏ဆရာတော်သင်ကြားပေးထားသည့်နည်းဖြင့် အပိတ်ခံရသောသွေးကြောကို အတွင်းအားဖြင့် ပြန်၍ဖွင့်ရန်ကြိုးစားလေ၏။ အံ့ဩဖွယ်ရာ သွေးကြောပွင့်သွားသည်။

သို့သော် သူသည် မလှုပ်မယှက်ပင်ရပ်၍ အံ့ဩထိတ်လန့်စွာ ကြည့်နေမိသည်။

သူသည် ကျင်လေရီကို ကြောက်ရွံ့နေခြင်းမဟုတ်ပါ။

အစွမ်းထက်သောပုဂ္ဂိုလ်တစ်ယောက် သူမအား ကူညီရန်ရောက်နေပြီ မဟုတ်ပါလော။

ကျွန်ချွမ်းသည် သူ၏သွေးကြောပွင့်နေသော်လည်း မလှုပ်မယှက်ဖြင့် သွေးကြောပိတ်ခံရသကဲ့သို့ရပ်လျက် ထွက်ပြေးရန်



အခွင့် အရေးကို စောင့်ဆိုင်းနေသည်။

ယခုထွက်ပြေးလျှင် ထိုအစွမ်းထက်သော ပုဂ္ဂိုလ်၏လက်တွင်းမှ လွတ်မည်မဟုတ်ကြောင်းကို သူကောင်းစွာသဘောပေါက်ထား၏။

ထိုစဉ် ကျင်လေရီသည် ဝမ်းသာလှိုက်လှဲစွာဖြင့် အခန်းထဲသို့ရောက်ရှိလာသော အစွမ်းထက်ပုဂ္ဂိုလ်ကိုကြည့်ကာ....

"ဆရာ အချိန်မီရောက်လာလို့သာပေါ့"

သူမသည် ပြောရင်း အခန်းတွင်းသို့ ရောက်နေသော အဘွားအိုအား အရိုအသေပေးလိုက်သည်။

"ဆရာ.... ဆရာ့လက်ထဲကအထုပ်က ဘာထုပ်လဲဆရာ"

အဘွားအိုသည် ကျွန်ချွမ်းကိုဂရုမစိုက်ဘဲ ကျင်လေရီထံသို့ လျှောက်လာ၏။

သူမ၏အမေးကိုမဖြေဘဲ ကျင်လေရီကိုစေ့စေ့ကြည့်ကာ....

"လေရီ... မင်းကို ငါအိမ်ထောင်မပြုဖို့ပြောထားရက်နဲ့ မင်းက ငါ့စကားကိုနားမထောင်ဘူး၊ ကဲ.. အခု မင်း ငါနဲ့တစ်ခါထဲလိုက်ခဲ့ပြီး မင်းရဲ့ဒဏ်ရာကိုကုသပေတော့၊ ဒဏ်ရာပျောက်မှ ဒီလူတွေကို ပြန်တိုက်ခိုက်ပေါ့"

အဘွားအိုသည် စကားဆုံးသည်နှင့် သူမ၏လက်ထဲမှအ

www.burmeseclassic.com

www.burmeseclassic.com



ထုပ်ကို ခုတင်ပေါ်သို့ပစ်တင်လိုက်သည်။

အဘွားအိုသည် ကျင်လေရီ၏ဆရာ ရွှမ်နုရင်ဖြစ်ကြောင်းကို ကျုန်ချွမ်းက သိထားသည်။

အဘွားအိုသည် ကျုန်ချွမ်းအား ကျောပေး၍ ကျင်လေရီနှင့် စကားပြောနေသည်။

ထိုစဉ် ကျုန်ချွမ်းသည် ရရှိသောအခွင့်အရေးကို လက်လွှတ်မခံဘဲ ပြတင်းပေါက်မှခုန်၍ ထွက်ပြေးသွားလေတော့၏။

သူသည် မှောင်ရိပ်ခိုကာ လမ်းကြားလေးတစ်ခုထဲသို့ဝင်ကာ မှောင်ရိပ်ချောင်တစ်နေရာတွင် မလှုပ်မယှက်ရပ်၍ ပုန်းခိုနေလိုက်သည်။

အဘွားအိုသည် ပြတင်းပေါက်မှခုန်ထွက်ပြီး ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်သည်။

လူရိပ်မျှပင် မတွေ့ရသောကြောင့် အဘွားအိုသည် ပြတင်းပေါက်မှ ပြန်ခုန်ဝင်သွား၏။

ထိုစဉ် ကျုန်ချွမ်းသည် ပုန်းခိုနေရာမှ ထွက်ပြေးလွတ်မြောက်သွားလေတော့သည်။

ကျင်လေရီသည် သူမ၏ဆရာရှေ့၌ ဒူးထောက်ထိုင်ချလေ၏။



ကျင်လေရီသည် ကျုန်ချွမ်းနှင့် တွေ့ကြုံခဲ့ရသမျှ ဖြစ်ရပ်မှန်များကို သူမ၏ဆရာရွှမ်နုရင်အား အစမှအဆုံး ပြောပြလိုက်သည်။

ကျင်လေရီ၏စကားဆုံးသွားသောအခါ အဘွားအိုသည် ကျင်လေရီအား ကရုဏာသက်စွာ ကြည့်လိုက်ပြီး....

"လေရီ... မပူနဲ့ ခု မင်း ငါနဲ့အတူပြန်လိုက်ခဲ့ပြီး သိုင်းပညာကို ဆုံးခန်းတိုင်အောင် သင်ကြားရမယ်၊ ဒါမှ မင်းကိုသိုင်းလောကလူတွေက နောက်အနိုင်ကျင့်ရဲတော့မှာ မဟုတ်ဘူး"

ကျင်လေရီ၏မျက်နှာမှာ အတိုင်းမသိ ဝမ်းသာသွား၏။

သူမသည် အဘွားအိုအား ဂါရဝပြုလိုက်လေ၏။

"ဆရာရဲ့ကျေးဇူးကြီးမားလှပါတယ်"

အဘွားအိုက ကျင်လေရီ၏ လက်နှစ်ဖက်ကိုဆွဲထူ၍ ခုတင်ပေါ်သို့ထိုင်စေလိုက်သည်။

"လေရီ... သမီးကို ငါစတွေ့တုန်းက သမီးဟာ ဟန်ကျိုးမြို့ အနောက်ကန်တစ်နေရာမှာ တောင်းစားနေတဲ့ကလေးအရွယ်လောက်ပဲ ရှိသေးတယ်၊ သမီးရဲ့မိဘနဲ့ ဆွေမျိုးတွေ ဘယ်သူတွေလဲဆိုတာကော မှတ်မိသေးရဲ့လား"

ကျင်လေရီက ခေါင်းခါယမ်းလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မမှတ်မိတော့ပါဘူး ဆရာ၊ ကျွန်မမှတ်မိသလောက်ကတော့ ကျွန်မကို'ကျင်'အမျိုး သူတောင်းစားအဘိုးအိုတစ်ယောက်က မွေးစားထားပြီး သူနဲ့အတူ လိုက်ပြီးတောင်းရမ်းစားသောက်နေတာပဲ သိပါတယ်၊ နောက်တစ်ခုက ကျွန်မရဲ့ လည်ပင်းမှာဆွဲထားတဲ့ ကျောက်စိမ်းဆွဲကြိုးပြားပေါ်မှာ 'လေရီ'ဆိုတဲ့စာလုံးပါလို့ ကျွန်မကို လေရီလို့ ခေါ်ကြတယ်ဆိုတာလောက်ပဲ သိပါတယ်"

အဘွားအိုက မျက်မှောင်ကုပ်လိုက်ပြီး....

"ဒါဖြင့် အဲဒီ'ကျင်'အဘိုးအိုကကော ခု ဘယ်မှာရှိသလဲ"

"သေသွားပါပြီ... သူသာရှိသေးရင် ဘယ်သူမှကျွန်မကို အနိုင်ကျင့်ရဲမှာမဟုတ်ပါဘူး၊ ဒီလိုဆိုရင်လဲ ကျွန်မနဲ့ဆရာနဲ့တွေ့ကြရမှာ မဟုတ်ဘူးပေါ့ရှင်"

ကျင်လေရီက အဘွားအိုအား အံ့ဩစွာဖြင့် ကြည့်ကာ မေးမိ၏။

"ဆရာက ဒီအကြောင်းတွေကို ဘာဖြစ်လို့မေးနေရတာလဲရှင်"

ထိုအခါ အဘွားအိုက ခုတင်ပေါ်တွင် ပစ်တင်ထားသော အထုပ်ကို ညွှန်ပြရင်း....



"သမီး.... ဒီအထုပ်ကိုဖြည်ကြည့်လိုက်စမ်း"

ကျင်လေရီသည် စဉ်းစားတွေဝေနေရာမှ မေးမိသည်။

"ဒီအထုပ်ထဲမှာ ဘာတွေပါလို့လဲဆရာ"

ကျင်လေရီသည် ပြောရင်း ခုတင်ပေါ်မှအထုပ်ကို ဖြည်ကြည့်လိုက်သည်။

ထိုအခါ သူမမှာ အံ့ဩသွားမိတော့သည်။

မိမိ၏မျက်လုံးများကိုပင် မယုံနိုင်အောင်ဖြစ်သွားသည်။

ကျင်လေရီသည် ငေးမောကြည့်နေမိ၏။

အဘယ့်ကြောင့်ဆိုသော် ထိုအထုပ်ထဲတွင် မိန်းကလေးတစ်ယောက်သည် မျက်နှာအနေအထား၊ ကိုယ်လုံးကိုယ်ပေါက်၊ အရပ်အားလုံးသည် မိမိနှင့်ခွဲမရအောင်မင် တူနေသည်ကို အံ့ဩစွာ တွေ့မြင်ရသောကြောင့်တည်း။

အဘွားအိုက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"ငါက သူဘယ်သူဘယ်ဝါလဲဆိုတာ မသိဘူး၊ ဒီနေ့ ညနေက သူနဲ့အမျိုးသားတစ်ယောက် ဟိုဘက်က တည်းခိုရိပ်သာမှာလာတည်းခိုကြတယ်၊ သူ့ရုပ်က ညည်းနဲ့သိပ်တူတာကြောင့် ငါက ညည်း လို့ထင်ပြီး သူ့ဆီသွားတယ်၊ ဒါပေမယ့် သူက ငါ့ကိုအရေးမလုပ်ဘူး၊ ဒါနဲ့သူ့ကို မေ့ဆေးနဲ့ပက်ပြီး မေ့အောင်လုပ်နေတုန်း ညည်းရဲ့အချက်ပေးမီးရှူးကိုမြင်လို့ ဒီကိုရောက်လာတာပေါ့၊ သူနဲ့ညည်း

www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးများတော်မလားဆိုပြီး သူ့ကိုပါထမ်းခေါ်လာတာပဲ”

ကျင်လေရှီသည် ခေတ္တမျှစဉ်းစားလိုက်ပြီး....

“ကျွန်မမှာ ဆွေမျိုးဆိုလို့တစ်ယောက်မှ မရှိပါဘူး၊ သူနဲ့ ကျွန်မရုပ်ချင်းဆင်လို့ ဖြစ်ပါလိမ့်မယ်ဆရာ”

“ဒီလိုဆိုရင်လဲ သွားကြရအောင်”

အဘွားအိုသည် ပြောဆိုပြီး ကျင်လေရှီ၏လက်ကိုဆွဲကာ ပြတင်းပေါက်မှ ခုန်ထွက်သွားလေတော့သည်။

သူတို့သည် အမှောင်ထုထဲသို့ထိုးဝင်ကာ ပျောက်ကွယ်သွားတော့သည်။

ထိုမြို့ပေါ်ရှိ တည်းခိုရိပ်သာများသည် ပိုင်ရှင်တစ်ဦးတည်း ဖြစ်သောကြောင့် ယင်းတည်းခိုရိပ်သာများမှာ တစ်ပုံစံတည်းဖြစ်ပြီး အခန်းတိုင်းတွင်လည်း ‘ဟမ်’ဟူသော အမှတ်အသားများလည်း တူနေပြန်သည်။

ထန်လေရှီမှာ အိပ်နေစဉ် ရွှမ်နုရင်၏မေ့ဆေးကြောင့် မေ့ပြီး အခြားတည်းခိုခန်းသို့ ရောက်နေသော်လည်း သတိမပြုမိခဲ့ဘဲ



သူမသည် အိပ်ရာမှနိုးလာသောအခါ ချင်စီရှောင်ကို လိုက်ရှာမိခြင်း ဖြစ်ပါသည်။

ရွှမ်နုရင်သုံးသောမေ့ဆေး၏ အာနိသင်မှာ ဆယ့်နှစ်နာရီ မေ့ပြီး ပျက်ပြယ်သွားသည်။

လူကိုလည်း ဥပါဒ်မဖြစ်စေချေ။

မေ့ဆေးပြယ်သွားသောအခါ လူကောင်းပကတိဖြစ်သွားသည်။

ကျင်လေရှီမှာ ထိုတည်းခိုခန်းသို့ တစ်ယောက်တည်း လာသည့်အတွက် နောက်နေ့နံနက်တွင် ထန်လေရှီသည် ကျင်လေရှီ၏ အခန်းသို့ ရောက်ရှိနေခြင်းကို တည်းခိုခန်းမှလူများက သတိမပြုမိခဲ့ချေ။

ထို့ကြောင့် သူမနိုးလာသောခါ တည်းခိုခန်းမှ အလုပ်သမားကို ချင်စီရှောင်အား မေးမြန်းစုံစမ်းခြင်းဖြင့် အငြင်းပွားခဲ့ရခြင်းပင် ဖြစ်သည်။

ကျွန်ချွမ်းသည် တည်းခိုခန်းမှ ကြက်ခြေတောင်သို့ဦးတည် ထွက်ပြေးခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီမှာလည်း ထိုခရီးကိုပင်သွားနေသော်လည်း တစ် ယောက်နှင့်တစ်ယောက် မိုင်သုံးလေးဆယ်ခန့် ကွာဝေးနေ သည်။

သူတို့နှစ်ဦးမှာ ရှေ့ဆင့်နောက်ဆင့်ပင်။

သည့်နောက် ကျုန်ချွမ်းသည် လိပ်ပြာတောင်ကြားသို့ ရောက်သောအခါ မမျှော်လင့်ဘဲ ဖန်ကွမ်းစုနှင့် တွေ့ဆုံမိသည်။

ဖန်ကွမ်းစုက ကျုန်ချွမ်းထံမှ ရတနာမြင်းကုန်းနှီးကို တောင်း၏။

ထိုအခါ ကျုန်ချွမ်းက ယင်းမြင်းကုန်းနှီးမှာ တိရစ္ဆာန်ဘု ရင် ရှန်ပိန်းထံတွင်ရှိနေကြောင်းကို လှည့်ပတ်ပြောကြားလိုက်၏။

ဖန်ကွမ်းစုက မယုံကြည်ပေ။ နောက်ဆုံး ကျုန်ချွမ်းနှင့်ဖန် ကွမ်းစုတို့တိုက်ခိုက်ကြရင်း ဖန်ကွမ်းစုရှုံးတော့မည်အခြေအနေတွင် သူသည် လေတစ်ချက်ချွန်၍အချက်ပေးလိုက်သောအခါ အဘွားအို ညာဝမ်းရောက်ပြီး ဖန်ကွမ်းစုအား ကူ၍တိုက်ခိုက်ပေးသည်။

ထို့ကြောင့် ကျုန်ချွမ်းမှာ တစ်ယောက်နှင့် နှစ်ယောက် တိုက်ခိုက်ရသောကြောင့် အဘွားအိုညာဝမ်း၏ သွေးကြောပိတ် ခြင်းကို ခံရလေ၏။

ထိုအခါ ဖန်ကွမ်းစုသည် ကျုန်ချွမ်းအား ရတနာမြင်းကုန်း နှီးကို ထပ်ခါထပ်ခါ မေးသော်လည်း ကျုန်ချွမ်းသည် တစ်ခုတည်း



သော အဖြေကိုသာ ပေးနေသဖြင့် ဖန်ကွမ်းစုမှာ လိုရင်းအဖြေကို မရရှိဘဲ ဖြစ်နေ၏။

ထန်လေရီ ရောက်ရှိလာပြန်သည်။

ဖန်ကွမ်းစုသည် ထန်လေရီကို တိုက်ခိုက်ဖမ်းချုပ်ပြီး ရ တနာမြင်းကုန်းနှီးကိုမေး၏။

ထန်လေရီသည် ကျုန်ချွမ်းတစ်ယောက် ဖန်ကွမ်းစုလက် တွင်း၌ အဖမ်းခံနေရခြင်းကိုမသိရသဖြင့် သူမသည် ရတနာမြင်း ကုန်းနှီးကို တာပျက်စန်းတောင်၌ မြုပ်နှံထားကြောင်း လိမ်လည် ပြောနေခြင်းကို ရိပ်စားမိ၏။

ထို့ကြောင့် ဖန်ကွမ်းစုသည် ထန်လေရီအား ဖမ်းခေါ်ပြီး မေးမြန်းသည်။

ထန်လေရီသည် ကျုန်ချွမ်းကိုကာကွယ်ပြောဆိုပေးခဲ့သော် လည်း ကျုန်ချွမ်းသည် တစ်ကိုယ်ကောင်းဆန်းကာ ကိုယ်လွတ်ရုန်း ၍ ပြေးသွားသည်။

သူသည် စီချွမ်းပြည်နယ်တွင် နှစ်ရှည်လများ နေထိုင်လာ သူ ဖြစ်၍ ဤနယ်မြေဒေသကို ကျွမ်းကျင်သည်။

ကျိမိစန်းတောင်သည် အိုမေစန်းတောင်၏ အနောက် ဘက် မိုင်ခုနစ်ရာခန့်အကွာတွင် တည်ရှိကြောင်းကို ကျုန်ချွမ်းက သိထား၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဖန်ကွမ်းစုသည် ကျန်ချွမ်းအား စိတ်မချသည့်အတွက် နောက်ကျန်အေးရန် အဘွားအိုညာဝမ်းကို မျက်ခြေမပြတ်လိုက်သွားစေခဲ့ခြင်းဖြစ်သည်။

ကျန်ချွမ်းသည် ပရိယာယ်သုံး၍ နောက်မှလိုက်လာသော အဘွားအိုညာဝမ်းအား ကျိမိစန်းတောင်သို့ အရောက်လိုက်ပို့စေသည်။

အဘွားအိုညာဝမ်းသည် အကြောင်းရင်းဖြစ်ရပ်မှန်ကို မသိသောကြောင့် ဝေးရာအရပ်ဟုသာ သဘောပိုက်ပြီး ကျန်ချွမ်းကို ကျိမိစန်းတောင်သို့ အရောက်လိုက်ပို့ရန် ဆုံးဖြတ်လိုက်လေတော့သည်။

(ပထမပိုင်း)ပြီး၏။

(ဒုတိယပိုင်း)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

## အလုံး

ရာသီဥတုကား အလွန်အေးလျက်....။

သို့သော် ထန်လေရီက ထိုအေးချမ်းလှသော ရာသီဥတုကို အလေးမှုနိုင်ပေ။ သူမ ခရီးနှင်နေရသည်။

သူမ၏ဆရာဆီသို့ ဦးတည်ခရီးနှင်နေပေသည်။

ဤသို့ဖြင့် သူမသည် တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်တောင်ဆင်း ခရီးလမ်းကို ခက်ခဲကြမ်းတမ်းစွာ ထွက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းချောင်းကလေးတစ်နေရာသို့ ရောက်ရှိလာသောအခါ ထန်လေရီမှာ ရေငတ်လွန်း၍ ရေကို အားရပါးရ သောက်လိုက်မိသည်။

သူမသည် ရေကိုသောက်ပြီး သက်ပြင်းတစ်ချက်ချကာ အမောဖြေရင်း ပတ်ဝန်းကျင်ကိုကြည့်လိုက်၏။

သူမသည် ထိတ်လန့်တုန်လှုပ်သွား၏။

မြင်ကွင်းကို သေချာကြည့်လိုက်ပြန်သည်။

မိမိသောက်သုံးပြီးသောရေများမှာ တောင်စောင်းရှိ ရေတံခွန်ငယ်ကလေးသုံးခုမှ စီးကျလာသောရေများဖြစ်နေသည်။

ယင်းရေအိုင်၏အထက် ရေစီးလမ်းချောင်းတွင် မြွေမျိုးစုံသည် တစ်ကောင်နှင့်တစ်ကောင် ရစ်ပတ်ပျော်မြူးနေကြသည်ကို တွေ့မြင်၏။

ထိုမြွေအုပ်ကိုကျော်လွန်ပြီးမှ စီးဆင်းလာသောကြောင့် ယင်းစမ်းချောင်းရေအိုင်မှ ရေများတွင် ပြင်းထန်သော မြွေဆိပ်များပါမည်မှာ မလွဲပေ။

ထန်လေရီသည် ထိုမြင်ကွင်းကြောင့် ထိတ်လန့်ချောက်ချားခြင်း ဖြစ်မိသည်။

သူမ၌ အတွင်းဒဏ်ရာပင် မပျောက်ကင်းသေးပေ။

ယခုတစ်ဖန် မြွေဆိပ်များပါဝင်သော ရေကို သောက်မိပြန်လေပြီဟု တွေးမိပြီး လွန်စွာ စိတ်မကောင်းဖြစ်မိသည်။



သူမသည် စိတ်များချောက်ချားသည့်အတွက် ချုံးပွဲချငိုလိုက်မိတော့သည်။

"ဒီမှာငိုနေတာ ဘယ်သူလဲ"

ရုတ်တရက် သူမ၏နောက် ချုံထဲမှ အသံတစ်သံပေါ်လာသည်။

ထန်လေရီ၏မျက်လုံးမှာ ပြူးသွား၏။

သူမသည် အငိုရပ်ပြီး ထိုင်ရာမှထကြည့်လိုက်သည်။

ထိုစဉ်....

"ခုနကငိုနေတာ ဘယ်သူလဲ၊ ဒီနေရာကို ရောက်လာနိုင်တဲ့လူဟာ သိုင်းပညာအတော်အတန် ထက်မြက်တဲ့လူဖြစ်နေမယ်၊ ငါ့ကိုသေတ္တာထဲက ကယ်ထုတ်မယ်ဆိုရင် နှစ်ယောက်စလုံးအကျိုးရှိမယ်၊ အကယ်၍ ငါ့ကိုမကယ်ဘဲ ပစ်သွားမယ်ဆိုရင် နှစ်ယောက်စလုံး အကျိုးယုတ်စေနိုင်တယ်၊ အမြန်ဆုံး ဆုံးဖြတ်ပါ"

စကားပြောသံ ထပ်မံ၍ ကြားရပြန်သည်။

ထန်လေရီသည် တွေဝေစဉ်းစားနေရာမှ သတိရလာသည်။

သည့်နောက် သူမသည် အသံကြားရာသို့သွားကြည့်သည်။

ချုံကြားထဲတွင် သေတ္တာကြီးတစ်လုံးကို တွေ့မြင်ရသေးသည်။

"ငါ့နားမှာ ဘယ်သူလဲ၊ အမြန်ဆုံး ငါ့ကို ဒီသေတ္တာထဲက ကယ်ထုတ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သေတ္တာထဲမှအသံကို ကြားရပြန်သည်။

နောက်ဆုံး သူမသည် သေတ္တာထဲမှလူကိုကယ်ထုတ်ရန် စိတ်ဆုံးဖြတ်လိုက်ပြီး သူမသည် ရှေ့သို့လျှောက်လာသည်။

သို့သော် (၃-၄) လှမ်းသာ သွားမိသေးသည်။

ရုတ်တရက် သေတ္တာကြီးမှာ သူမဘက်သို့ လိမ့်ကျလာလေသည်။

ထန်လေရီသည် ကပျာကယာ နောက်သို့ခုန်ဆုတ်လိုက်ပြီး ခါးကြားမှ မိုးနဂါးဓားကို ဆွဲထုတ်လိုက်သည်။

"ဝုန်း...."

အသံနှင့်အတူ သေတ္တာကြီးမှာ သူမထံသို့မြောက်တက်လာသည်။

ထန်လေရီသည် ကိုယ်ကိုအသာတိမ်းရှောင်ရင်း လက်ထဲမှ ဓားဖြင့် သေတ္တာ၏ထောင့်တစ်နေရာသို့ ခုတ်လိုက်လေ၏။

မိုးနဂါးဓား၏ ထူးခြားသည့် ထက်မြက်သော စွမ်းရည်ကြောင့် သေတ္တာထောင့် တစ်နေရာမှာ ပဲ့ထွက်သွားပြီး သေတ္တာကြီး မြေသို့ပြန်ကျလေ၏။

"ကောင်းတယ်... ကောင်းတယ်"

စကားဆုံးသွားသည်နှင့် သေတ္တာကြီးမှာ မြေသို့ကျလာသည်။

ထန်လေရီသည် အံ့သြတွေဝေနေမိသည်။



ထိုအခါ သေတ္တာအပေါက်မှ လူတစ်ယောက်ထွက်လာတော့သည်။

သေတ္တာကြီးမှာ အမြင့်ငါးပေခန့်ရှိ၏။

အဘိုးအိုတစ်ယောက် ထွက်လာခြင်းဖြစ်သည်။

သူ၏ခြေနှစ်ဘက်တွင် သံကြိုးများဖြင့် ချည်နှောင်ထားသည်။

သူသည် သေတ္တာကြီးကို လက်ဖြင့်ရိုက်ထုတ်လိုက်၏။

"ဒီသေတ္တာကြီးထဲမှာ ကျုပ်လှောင်ပိတ်ခံထားရတာကြာပြီ၊ ခုမှ လွတ်တော့တယ်"

အဘိုးအိုသည် ပြောရင်း ထန်လေရီဘက်သို့ ကြည့်ပြီးမေးသည်။

"ကျုပ် ခုလိုလွတ်လာတာကို ဝမ်းမသာဘူးလား"

သူ၏မျက်နှာမှာ အလွန်ဝမ်းသာနေပုံရသည်။

သူမသည် တွေဝေနေရာမှ တစ်ချက်ပြုံးလိုက်ပြီး....

"ဟုတ်ကဲ့ရှင့်... ကျွန်မ ဝမ်းသာပါတယ်"

အဘိုးအိုသည် သံသေတ္တာအတွင်းမှနေ၍ မိမိလိုရာသို့ ရွေ့လျားသွားနိုင်ခြင်းကို တွေ့မြင်ရသည့်အတွက် အဘိုးအို၏အတွင်းအား ထက်မြက်ကြောင်းကို လေ့လာသည်။

အဘိုးအို၏ခြေထောက်မှ သံကြိုးများမှာ တချွင်ချွင်မြည်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအဘိုးအိုမှာ အခြားလူနှင့်မတူ။ ခေါင်းသေးသည်။ လက်တံရှည်သည်။ ခြေတံတိုသည်။ အဝတ်အစား စုတ်ပြတ်နေသည်။

ကိုယ်နေကိုယ်ဟန် ထူးခြားသူပေတည်း။

သူက ထန်လေရီ၏လက်ထဲမှ မိုးနဂါးဓားကိုကြည့်လိုက်၏။

"ဟဲ့... မိန်းကလေး မင်းလက်ထဲက မိုးနဂါးဓားကိုပေးစမ်း"

ထန်လေရီက မျက်မှောင်ကုပ်သွားသည်။ အဘယ့်ကြောင့် ဓားကိုတောင်းသနည်း။

"အဘိုးက ဒီမိုးနဂါးဓားကိုယူပြီး ဘာလုပ်မလို့လဲ"

အဘိုးအို၏မျက်နှာမှာ ဒေါသရောင်လွှမ်းသွားသည်။

"မင်းမပေးရင်ကော ငါ ယူလို့မရဘူးလား"

အဘိုးအိုသည် စကားဆုံးသည်နှင့်ထန်လေရီ၏ မိုးနဂါးဓားကို လုယူလိုက်၏။ အဘိုးအို၏လှုပ်ရှားမှုမှာ လျှင်မြန်လှသည်။

သူမသည် အားအင်ကုန်ခန်းနေ၍ မည်သို့မှရှောင်တိမ်းနိုင်ခြင်းမပြုနိုင်တော့ဘဲ လက်ထဲမှဓားကို အလုခံလိုက်ရသည်။

အဘိုးအိုသည် လက်ထဲသို့ ဓားရောက်ရှိသည်နှင့် ခြေထောက်မှသံကြိုးများကို ခုတ်ဖြတ်လိုက်လေသည်။

သည့်နောက် အဘိုးအိုသည် ဓားကိုမြှောက်ရင်း....

"ငါ့ကိုသေဖွယ်ရာထဲ လှောင်ပိတ်ထားတဲ့အဘွားကြီးကို အခုသင်ခန်းစာ ပြန်ပေးမယ်"

အဘိုးအို၏အသံမှာ ပြတ်သားလှသည်။



သူသည် ပြောရင်း ဓားကိုဝင့်၍ ဟိုဒီပြေးလွှားနေပြန်သည်။ နှုတ်ကလည်း အော်ဟစ်နေ၏။

"အဘွားကြီး... မင်းရဲ့မိုးပျံကျောင်းကို ငါလာမဖျက်ရရင်မကျေဘူး"

ထန်လေရီသည် ထိတ်လန့်သွားသည်။

မိုးပျံကျောင်း အမည်ပါလာသဖြင့် သူမသည် အံ့ဩမိသည်။

မိုးပျံကျောင်းမှာ မိမိ၏ဆရာနေထိုင်သောကျောင်းမင် မဟုတ်ပါလော။

ထန်လေရီက အဘိုးအိုအား စေ့စေ့ကြည့်ကာ....

"အဘိုးအိုက ဘယ်သူ့ကိုပြောနေတာလဲ"

အဘိုးအိုသည် သူမထံသို့လျှောက်လာပြီးပြောသည်။

"ကြက်ခြေတောင်ပေါ်က မိုးပျံကျောင်းမှာနေတဲ့အဘွားကြီး စိမ့်ဟွမ်းကိုပြောတာဟေ့"

ထန်လေရီက ထိတ်လန့်သွားပြန်သည်။

မိမိ၏ ဆရာသမားအား ဤသို့ ကြိမ်းမောင်းပြောဆိုနေခြင်းကို ဒေါသဖြစ်မိသည်။

အဘိုးအိုအား အန်တုဘက်ပြိုင်၍ တိုက်ခိုက်ရန်လည်း မိမိ၏သိုင်းပညာမှာ အဘိုးအိုလောက် အဆင့်မမြင့်။

နောက်ဆုံး ထန်လေရီသည် စိတ်ထဲတွင် ဆုံးဖြတ်

www.burmeseclassic.com

www.burmeseclassic.com



ချက်ချလိုက်သည်။

အဘိုးအိုအား အတွင်းကျကျပေါင်း၍ မိုးပျံကျောင်းရှိရာဆရာထံသို့ အရောက်ခေါ်ပြီး ဆုံးမခိုင်းမည်။

သို့သော် ယခုလောလောဆယ် ပရိယာယ်သုံး၍ ပူးပေါင်းလိုက်မည်ဟု သူမသည် စိတ်ထဲ၌ ဆုံးဖြတ်လိုက်၏။

"အဘိုးနဲ့ဒီအဘွားကြီး ဘယ်လိုရန်စများ ရှိခဲ့လို့ပါလဲရှင်"

အဘိုးအိုသည် မျက်မှောင်တစ်ချက်ကုပ်သွားသည်။

"ဒါ မင်းအလုပ် မဟုတ်ပါဘူး"

သူမသည် မျက်နှာတစ်ချက်ပျက်သွားသည်။

သူမ၏စိတ်ထဲတွင်....

"ဆရာ... တပည့်ကိုခွင့်လွှတ်ပါ၊ အခြေအနေအရ တပည့်ပရိယာယ်သုံးရတဲ့အတွက် တောင်းပန်ပါတယ်"

ထန်လေရီသည် ဆရာအား ကျိတ်၍စိတ်ထဲတွင် တောင်းပန်ပြီး....

"အဲဒီအဘွားကြီးဟာ ကျွန်မမိဘတွေကို သတ်သွားခဲ့တာမို့ ကျွန်မကိုယ်တိုင် သင်ခန်းစာပေးရမှ ကျေနပ်နိုင်တယ်၊ ဒါကြောင့် အဘိုးအနေနဲ့ မိုးပျံကျောင်းကိုဖျက်ဆီးတာ ကျွန်မအနေနဲ့ ကန့်ကွက်စရာမရှိပေမယ့် ကျွန်မရန်သူကို အဘိုးကသတ်လိုက်ရင် ကျွန်မခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး"

ထန်လေရီက ပရိယာယ်ကြွယ်ကြွယ် မျက်နှာထားတည်



တည်ဖြင့် ပြောလိုက်သည်။

အဘိုးအိုက သူမအား စေ့စေ့ကြည့်ကာ....

"အင်း... မိန်းကလေးမှာ ဒဏ်ရာရထားတော့ သွားပြီးတိုက်နိုက်လို့ဖြစ်ပါ့မလား"

အဘိုးအို၏စကားကို ကြားရသောအခါ သူမ၏စိတ်ထဲတွင် သူမ၏အကြံအောင်လေပြီဟု တွက်ဆကာ ကျိတ်၍ ဝမ်းသာသည်။

သူမက တစ်ချက်ပြုံးလိုက်ပြီး....

"ဒီအတွက် မပူပါနဲ့ရှင်၊ ကျွန်မမှာ အစွမ်းထက်တဲ့ မိုးနဂါးဓားရှိပါတယ်၊ နောက်ပြီး သိုင်းပညာလဲ သူ့ထက်တော့ အဆင့်မနိမ့်လှပါဘူးရှင်"

အဘိုးအိုမှာ သိုင်းပညာအဆင့်မြင့်သော်လည်း စဉ်းစားဝေဖန်နိုင်သော အသိဉာဏ်နည်းပါးလှသဖြင့် သူမ၏ပြောစကားကို အဟုတ်ထင်မိသည်။

နောက်ဆုံး အဘိုးအိုသည် သူမအား တပါတည်းခေါ်ထားရန် ဆုံးဖြတ်ချက်ချလိုက်လေ၏။

"ကောင်းပြီ... ဒါဖြင့် တို့အခုပဲ ခရီးစထွက်ကြမယ်"

သူမသည် အနည်းငယ်စဉ်းစားဟန်ဖြင့်....

"ကျွန်မမှာ ဒဏ်ရာနဲ့အခုသွားလို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်နေ့မှ ခရီးဆက်ကြရင်ကောင်းမယ်၊ အကယ်၍သာ ကျွန်မမှာဒဏ်ရာရခဲ့ရင် ခုဆိုကျွန်မရဲ့ရန်သူကို ချေမှုန်းပြီးတာ ကြာလှပြီ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ဒီနေ့ည အနားယူပြီး ခရီးဆက်ကြမယ်"

မိန်းကလေးက ပြုံး၍ ခေါင်းတစ်ချက်ညိတ်လိုက်၏။

"ကောင်းပါပြီရှင်"

နောက်တစ်နေ့....။

ထန်လေရီသည် အဘိုးအိုနှင့်အတူ ခရီးနှင်လာခဲ့သည်။

ကြက်ခြေဇောင်သို့ရောက်လာခဲ့ကြ၏။

ခရီးပြင်းနှင်လာရသောကြောင့် ထန်လေရီမှာ မောပမ်းလာပြီး ဒဏ်ရာမှာလည်း ပို၍ပြင်းထန်စွာ ခံစားရပြန်သည်။ သူမ အတွင်းဒဏ်ရာရခဲ့သည် မဟုတ်ပါလော။

အဘိုးအိုသည် သူမအားတွဲ၍ တောင်ပေါ်သို့တက်လာခဲ့သည်။

မိုးပျံကျောင်းနှင့် နီးလာသောအခါ ထန်လေရီမှာ ပို၍ အားတက်လာသည်။

မိုးပျံကျောင်းမှာ မြင့်မားသောတောင်ထိပ်တွင် တည်ရှိသောကြောင့် မိုးပျံကျောင်းဟူ၍ ခေါ်တွင်ခြင်းဖြစ်၏။

ကျောင်းသည် ကောင်းကင်တွင် လွင့်မြောနေသကဲ့သို့ ဖြစ်နေသည်။

ထန်လေရီသည် မိုးပျံကောင်းကို လှမ်းမြင်ရသောအခါ အံ့ဩထိတ်လန့်သွားမိလေတော့သည်။

အဘယ့်ကြောင့်ဆိုသော် ဝါးလုံးကြီးများဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်နှစ်ဆောင်မှာ ပြိုကျပျက်စီးနေပြီး ကျန်ကျောင်းဆောင်သုံးဆောင်မှာ လူမရှိသကဲ့သို့ တံခါးနှင့်ပြတင်းပေါက်များ ပွင့်လျက်ရှိနေသောကြောင့်တည်း။

ထန်လေရီသည် မြင်ကွင်းကိုကြည့်ရင်း ငေးမောနေမိလေ၏။

မိမိ၏ဆရာမမှာ ယခင်က သီလရှင်ဖြစ်ခဲ့သော်လည်း ယခုလူဝတ်လဲ၍ သိုင်းပညာလေ့ကျင့်ရင်း အချိန်ကိုကုန်လွန်စေခဲ့သည်။

မိမိမှတ်မိသလောက်ဆိုရလျှင် မိမိအား တပည့်အဖြစ် မွေးစားပြီးသည့် အချိန်မှစ၍ လူဝတ်လဲကာ သိုင်းပညာကိုလေ့ကျင့်လာခဲ့သာ ယခုအချိန်ထိပင်။

ယခုမြင်ကွင်းအရ ရန်သူများ မိုးပျံကျောင်းသို့ လာရောက်၍ တိုက်ခိုက်လေပြီလော သူမသည် အမျိုးမျိုးစဉ်းစားရင်း သူမ၏ဆရာမပေါ်ထားသော သံယောဇဉ်ကြောင့် စောင့်ဆိုင်းမနေတော့ချေ။

သူမ၏ ဟန်ဆောင်မျက်နှာဖုံး ကွာကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ... ဆရာ"

သူမက အော်၍ခေါ်ရင်း ကျောင်းဆောင်ဆီသို့ ပြေးသွားလေတော့သည်။

အဘိုးအိုမှာ သူမ၏ပြောင်းလဲပုံ မြန်ဆန်လွန်းသည်ကို ကြည့်ရင်း အံ့သြသွားသည်။

ထိုစဉ် ကျောင်းဆောင်အနောက်ဘက် မြေကွက်လပ်တွင် အဘွားအိုတစ်ယောက်က လက်နှစ်ဖက်ကိုဆန့်တန်းပြီး ထန်လေး ပြေးလာသည်ကို စောင့်၍ လက်ကမ်းကြိုဆိုနေပေသည်။

"ဆရာ... ဆရာ"

သူမသည် ဟန်ဆောင်ခြင်းမပြုနိုင်တော့ပါ။

သူမ၏ ဆရာထံသို့ရောက်သည်နှင့် ဆရာအား ဖက်ပြီး အားရပါးရ ငိုကြွေးလိုက်မိလေသည်။

သို့သော် မကြာပါ။

သူမ၏ဆရာမ စိမ့်ဟွမ်းနှင့် လူချင်းခွာလိုက်သောအခါ သူမှာ ထိတ်လန့်တုန်လှုပ်သွားမိသည်။

မျက်နှာစိမ်းတစ်ယောက်ကိုတွေ့မြင်လိုက်ရသည်။

ထိပ်သီးသိုင်းသမားကြီး တစ်ယောက်ဖြစ်ကြောင်း သိသာသည်။

ထိုစဉ်....

"ဪ... ဆရာကြီးမော်ဝီလဲ ရောက်နေတာကိုး၊ စိမ့်ဟွမ်း



တိုက်ခိုက်ရတာ တော်တော်မောသွားပြီထင်တယ်"

အဘိုးအို၏ စကားကိုကြားရသောအခါ ဆရာမကြီးစိမ့် ဟွမ်းသည် ထိတ်လန့်သွားမိ၏။

ဆရာမကြီးစိမ့်ဟွမ်းသည် ရုတ်တရက် ခေါင်းမိုးပေါ်သို့ခုန် တက်လိုက်လေ၏။

ထိုအခါ ဆရာမကြီးစိမ့်ဟွမ်းနှင့် တိုက်ခိုက်နေသော လူစိမ်း အဘိုးအိုသည် တဟားဟား ရယ်ရင်း....

"အဘွားကြီးစိမ့်ဟွမ်း... ခင်ဗျားဘယ်ပြေးလို့လွတ်ပါ့မလဲ"

ထိုလူစိမ်းက လူထူးလူဆန်း အဘိုးအိုဘက်သို့လှည့်ကြည့် ....

"ဦးလေးဆရာ... အခုထိ အသက်ရှည်တာကို တွေ့ရတာ သာပါတယ်"

ဤမျှ အစွမ်းထက်လှသော ထိပ်သီးသိုင်းသမားတစ် က်က ထိုအဘိုးအိုအား 'ဦးလေးဆရာ'ဟု ခေါ်သံကြားရသောအ ဆန်လေရှိမှာ ထိတ်လန့်တုန်လှုပ်သွား၏။

ထိုစဉ် ဆရာမကြီးစိမ့်ဟွမ်းသည် အဘိုးအို၏ မနီးမဝေးတွင် သည်ခုန်ဆင်းလိုက်ပြီး လက်အုပ်ချီလိုက်သည်။

"ဆရာကြီးတိုးကို့ လွတ်လာပြီးကိုး အခုလောက်ဆိုရင် ဆ ကြီးရဲ့အမှားကို ပြုပြင်နိုင်ပြီလို့ ကျွန်မထင်ပါတယ်"

တိုးကို့ဆိုသူသည် ဒေါသထွက်လာပြီး ဆရာမကြီးစိမ့်ဟွမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုတိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

အဘိုးအိုမော်ဝိသည် အဘိုးအို တိုးကို့ဘက်လှည့်ကာ တောင်းပန်လိုက်၏။

"ခဏနေပါအုံး… ဆရာဦးလေး"

အဘိုးအိုတိုးကို့က မျက်မှောင်ကုပ်သွားသည်။

"မင်းက မကူညီတဲ့အပြင် ဘာများပြောချင်လို့လဲ"

"ဆရာဦးလေးကိုရှာဖို့ ကျုန်ချွမ်းကို ကြက်တူရွေးနဲ့အတူ မြေပြန့်ကိုလွှတ်လိုက်တယ်… တွေ့မိသေးသလား"

"မတွေ့ခဲ့ပါဘူး… ဒီအဘွားကြီးက ငါ့ကိုသေတ္တာထဲလှောင်ပိတ်ထားလို့ ခုမှလွတ်လာတာပါ။ ဒါကြောင့် သူ့ကိုလက်တုံ့ပြန်မလို့"

ဆရာကြီးမော်ဝိက ပြောပြသည်။

"ကျုန်ချွမ်း ပြန်ရောက်မလာလို့ ကျွန်တော်လဲ စုံစမ်းရင်း ဒီကိုရောက်လာတာပါပဲ၊ ဒီကျတော့ အဘွားကြီးစိမ့်ဟွမ်းက ကျွန်တော့်ကို ကောင်းကောင်းမဆက်ဆံတာနဲ့နောက်ဆုံး သူနဲ့ခုလိုတိုက်ခိုက်ခဲ့ရတာပါပဲ"

ဆရာကြီးမော်ဝိသည် ထန်လေရှိအား တစ်ချက်ကြည့်ပြီး…

"အခုတော့ ဆရာဦးလေးကို ပြန်တွေ့ရပြီမို့ ရန်စကို အဆုံးသတ်ပြီး ကျွန်တော်တို့ပြန်ကြပါစို့"

အဘိုးအိုတိုးကို့၏မျက်နှာက ခက်ထန်လာသည်။

သူက မဲ့ပြုံးပြုံးလိုက်ပြီး…



"မင်းပြန်ချင်ပြန်နှင့် ငါတော့ ဒီအဘွားကြီးကို ဆုံးမပြီးမှ ပြန်မယ်"

သူ၏ စကားဆုံးသောအခါ ဆရာကြီးမော်ဝိသည် ဆရာမကြီးစိမ့်ဟွမ်းဘက်လှည့်ကာ…

"ကျုပ်ကိုခွင့်ပြုပါအုံး"

သူသည် စကားဆုံးသည်နှင့် ပြတင်းပေါက်မှ ခုန်ထွက်လေတော့သည်။

တောင်၏ ကွက်လပ်တစ်နေရာ ဆရာမကြီးစိမ့်ဟွမ်းနှင့် သိုင်းထိပ်သီးအဘိုးအို တိုးကို့တို့သည် ယှဉ်ပြိုင်တိုက်ခိုက်နေကြသည်။

အဘိုးအိုတိုးကို့၏ လက်ထဲတွင် ထန်လေရှိဆီမှ မိုးနဂါးဓားကိုကိုင်ထားသည်။

ဆရာမကြီးစိမ့်ဟွမ်းသည် သာမန်ဓားတစ်လက်ကိုကိုင်၍ အဘိုးအိုတိုးကို့၏ ဓားချက်ကို ခုခံနေသည်။

သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်ပြိုင်တိုက်ခိုက်မိသောအခါ

www.burmeseclassic.com



ဆရာမကြီးစိမ့်ဟွမ်း၏ လက်ထဲမှဓားမှာ အဘိုးအိုတိုးကို၏ မိုးနဂါးဓားချက်အထိခံရပြီး ထက်ပိုင်းကျိုးထွက်သွားသည်။

ထိုအခါ ဆရာမကြီးစိမ့်ဟွမ်းမှာ ထိတ်လန့်တုန်လှုပ်သွားလေ၏။

ထို့နောက် ရုတ်တရက် ဆရာမကြီးစိမ့်ဟွမ်းသည် အဘိုးအိုတိုးကို၏ ဘယ်ဘက်လက်မောင်းအောက် ဟာကွက်နေရာမှသွေးကြောကို ရုတ်တရက် လှမ်းထောက်လိုက်သည်။ ဆရာမကြီး၏လှုပ်ရှားမှုမှာ လျှင်မြန်လှသည်။

အဘိုးအို၏တစ်ကိုယ်လုံးမှာ ထုံကျင်သွားလေ၏။

သူ၏လက်ထဲမှ မိုးနဂါးဓားသည် လွတ်ထွက်သွားသည်။

အဘိုးအိုက လွတ်ကျသွားသောဓားကို ကောက်ယူရန် ကြိုးစားသော်လည်း လျင်မြန်သော သူမ၏တိုက်ကွက်များကြောင့် အဘိုးအိုသည် နောက်သို့ခုန်ဆုတ်လိုက်ရသည်။

ထိုအခါ ဆရာမကြီးစိမ့်ဟွမ်းက အဘိုးအိုလွတ်ကျသွားသော မိုးနဂါးဓားကိုကောက်ယူရန်မကြိုးစားဘဲ ခြေဖြင့်ခတ်ထုတ်လိုက်သည်။

ထိုစဉ် မလှမ်းမကမ်းမှကြည့်နေသော ထန်လေရီက မိုးနဂါးဓားကို ကောက်ယူလိုက်လေ၏။

"ဆရာ... ဒီဓားနဲ့ရန်သူကို အမြန်ဆုံးစီရင်လိုက်ပါ"

သို့သော် ဆရာမကြီးစိမ့်ဟွမ်းသည် ထန်လေရီ၏စကားကို



ကြားသော်လည်း လှည့်၍ပင်မကြည့်ချေ။

ထန်လေရီသည် မိမိတောင်ပေါ်မှအသိမပေးဘဲ ဆင်းသွားခြင်းကို ဆရာမကြီးစိတ်ဆိုးနေမှန်း သိလိုက်၏။

သူမသည် ဆရာမကြီးစိမ့်ဟွမ်းအား စေ့စေ့ကြည့်ရင်း သူမ၏အဖြစ်ကိုပြောပြလေ၏။

"ဆရာ တပည့်မှာ အတွင်းဒဏ်ရာရခဲ့ပါတယ်ဆရာ"

ဆရာမကြီးစိမ့်ဟွမ်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"နင့်အပြစ်နဲ့နင်ခံရတာ ဘယ်သူ့ကိုမှ အပြစ်ပြောဖို့မလိုဘူး"

သူမ၏ပါးစပ်ပိတ်သွားသည်။

ထို့နောက် အဘိုးအိုသည် လျှပ်တစ်ပြက် ဆရာမကြီးစိမ့်ဟွမ်းအား ဝင်ရောက်တိုက်ခိုက်ပြန်သည်။

အဘိုးအိုမှာ တိုက်ခိုက်ရင်း ဆရာမကြီးစိမ့်ဟွမ်း၏လက်ဝါးစောင်းတစ်ချက်အထိခံလိုက်ရပြီး နောက်သို့သုံးလေးလှမ်းဆုတ်သွားမိသည်။

အဘိုးအိုမှာ ထိတ်လန့်သွားမိ၏။

သို့သော် သူသည် ကိုယ်ကိုထိန်းပြီး သူ၏အထက်မြက်ဆုံးသော 'အကျိုးလက်ထဲမှကမ္ဘာ' သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်သည်။

ဆရာမကြီးစိမ့်ဟွမ်းမှာ နောက်သို့တစ်ချက်ခုန်လိုက်သောအခါ ဆရာမကြီး၏စိတ်ထဲတွင် အေးခဲနေဖြစ်သွားခြင်းကို ခံစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

ထိုစဉ်...

"ဆရာ... ဆရာ"

သူမသည် ထိ…

သို့ခေ… ဟလန့်စွာအော်၍ ခေါ်လိုက်၏။

…ဟ အချိန်က နောက်ကျသွားလေပြီ။

ဆရာမကြီးမှာ ရှောင်တိမ်းရင်း ချောက်ကမ်းပါးအောက်သို့ ကျသွားလေတော့သည်။

သူမမှာ ဆရာ၏ဖြစ်အင်ကိုကြည့်ရင်း မူးမေ့ကာ မြေပေါ် သို့ ယိုင်လဲကျသွားလေ၏။

## အခန်း(၂)

## လျို့ဝှက်ရတနာ

ကျုန်ချွမ်းသည် အဘွားညာဝမ်းကိုအဖော်ပြု၍ ခရီးနှင်နေ၏။

ရက်ပေါင်းအတန်ကြာသောအခါ သူတို့သည် ကျိုမီစန်းတောင်သို့ရောက်လာကြသည်။

ကျုန်ချွမ်းသည် ကျိုမီစန်းတောင်သို့ရောက်လျှင် မည်သို့သော အဖိုးထိုက်တန်သည့်ပစ္စည်းများ ရရှိမည်ကို ကျိတ်၍ စိတ်ကူးယဉ်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လော်ဘာသားကောင်ပေတည်း။

သူသည် မြင်းကုန်းနီးမှ လှျို့ဝှက်လမ်းညွှန်အတိုင်း ထွက်ခဲ့ရာ ကိုမီစန်းတောင်သို့ ရောက်ရှိလာခဲ့သည်။

ကိုမီစန်းတောင်သည် စီချွမ်းနှင့်စီခမ်း ပြည်နယ်နှစ်ခုကြား တွင် တည်ရှိသည်။

ထိုနေရာတစ်ဝိုက်တွင် လူနေအိမ်ခြေဟူ၍ မရှိချေ။

ဤတောင်တန်းသို့ အမဲလိုက်လေ့ရှိသော 'မျိုး' လူမျိုးအနည်းငယ်မှအပ အခြားလူမျိုးများကို မတွေ့ရချေ။ အလွန်ခေါင်သည်။

မြေပြန့်မှလူများသည် ဤတောင်တန်းအမည်ကိုကြားရသောအခါ ထိတ်လန့်တုန်လှုပ်တတ်ကြသည်။

ဤတောင်တန်းသည် အဆိပ်ပင်များပေါများခြင်း၊ သားရဲတိရစ္ဆာန်များ၏ အန္တရာယ်များခြင်းတို့ကြောင့် လာရောက်သူများ မရှိကြချေ။

ကျူန်ချွမ်းသည် ဤတောင်တန်းအနီးသို့ ချဉ်းကပ်လာမိလျှင် တောင်ခုနစ်လုံးစီတန်းတည်ရှိနေခြင်းကို တွေ့ရသောအခါ သူသည် ကျိတ်၍ဝမ်းသာမိပြီး နောက်ဆုံးတောင်သို့ ခရီးဆက်လာခဲ့သည်။

နေဝင်ချိန်သို့ ရောက်ရှိလာသောအခါ သူတို့သည် တောင်နှစ်လုံးကို ဖြတ်ကျော်မိကြသည်။



သူသည် အဘွားညာဝမ်းနှင့်အတူ ဆက်၍ ခရီးထွက်လာကြသည်။

ထိုစဉ်....

"အမယ်လေး...."

ကျူန်ချွမ်းသည် အော်ရင်း လဲကျသွားသည်။

အဘွားညာဝမ်းသည် ထိုဒေသတစ်ဝိုက်တွင် ကြီးပြင်းလာသူဖြစ်၍ ဤဒေသတွင် အဆိပ်ပင်မျိုးစုံရှိကြောင်းကို သိထား၏။

သူသည် ဝမ်းနည်းသောမျက်လုံးဖြင့် အဘွားညာဝမ်းအား ကြည့်ကာ တောင်းပန်လေ၏။

"အဘွား ကျွန်တော်တော့ အဆိပ်ဆူးစူးသွားပြီး ကယ်ပါအုံး"

အဘွားညာဝမ်းက ထိတ်လန့်သွားသည်။

ကျူန်ချွမ်း တကယ်အဆိပ်မိပြီဟု သူမထင်မိ၏။

"မင်းကို ငါကယ်ပါ့မယ်လေ"

အဘွားညာဝမ်းသည် ပြောရင်း အင်္ကျီအိတ်အတွင်းမှ ဆေးပုလင်းငယ်တစ်လုံးကို ထုတ်ယူလိုက်ပြီး ပြသည်။

"မင်း... ဒီအဆိပ်ဖြေဆေးကို သောက်ပြီးရင် သုံးရက်လောက်အနားယူရလိမ့်မယ်၊ နောက်နောင်ကို မင်း ဒီယူနန်နယ်ထဲကိုလာဖို့ စိတ်မကူးလေနဲ့၊ နောက်တစ်ခါ အဆိပ်မိရင် မင်းကို ငါကယ်နိုင်တော့မှာ မဟုတ်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ချွမ်းသည် ဝမ်းသာလွန်း၍ အဘွားညာဝမ်းအား ဦးချ
ဂန်တော့လိုက်သည်။

သို့သော် အဘွားညာဝမ်းသည် အဆိပ်ဖြေဆေးပုလင်းကို
ကျုန်ချွမ်းအား ပေးပြီးသည်နှင့် ချာခနဲလှည့်ထွက်ပြေးသွားလေ၏။

အဘွားညာဝမ်း ပျောက်ကွယ်သွားသည်နှင့် ကျုန်ချွမ်း
သည် လဲနေရာမှ ငေါက်ခနဲထလိုက်ပြီး လက်ထဲမှ အဆိပ်ဖြေဆေးကို
အဝေးသို့ လွှင့်ပစ်လိုက်သည်။

ဉာဏ်များသူ ကျုန်ချွမ်းတစ်ယောက်အဆိပ်မမိဘဲ ထထိုင်
နေလေပြီ။

အမှန်မှာ ကျုန်ချွမ်းတစ်ယောက် အဆိပ်မမိဘဲ ပရိယာယ်
ဘန်ဆောင်လိုက်ခြင်းသာဖြစ်သည်။

"လွတ်ပြီ... ကျွတ်ပြီ"

အဘွားညာဝမ်းမရှိတော့ပြီဖြစ်၍ သူသည် တစ်ယောက်
ထည်း လွတ်လပ်စွာ ခရီးဆက်ခဲ့လေတော့သည်။

ခြေလှမ်း သုံးလေးဆယ်ခန့် သွားမိသောအခါ သူသည် အ
မွှေးနံ့တစ်မျိုးကို ရှူရှိုက်မိသည်။

မကြာမီ သူ၏မျက်လုံးများ ပြာဝေလာသည်။

သူသည် ထိတ်လန့်တုန်လှုပ်လာ၏။

ကျုန်ချွမ်းသည် မိမိအဆိပ်နံ့တစ်မျိုးကို ရှူရှိုက်မိကြောင်း
သဘောပေါက်နားလည်မိသည်။



သူသည် လျှင်မြန်စွာဖြင့် စောစောက လွှင့်ပစ်လိုက်သော
အဆိပ်ဖြေဆေးပုလင်းကို ကိုင်းတောထဲတွင် လိုက်ရှာသည်။

မတွေ့တော့ပါ။

ညက ပို၍မှောင်လာသည်။ ပို၍ပင် ရှာရန်ခက်ခဲသွား
သည်။

သူ၏မျှော်လင့်ချက်လည်း ကင်းဝေးလာသည်။

ထိုအခါ ကျုန်ချွမ်းသည် ခြေပစ်လက်ပစ်ထိုင်၍ စဉ်းစားနေ
ရင်း တဖြည်းဖြည်း မူးဝေလာပြီး အိပ်ပျော်သွားလေတော့သည်။

ကျုန်ချွမ်း မျက်လုံးကို ဖွင့်ကြည့်လိုက်သောအခါ တစ်ကိုယ်
လုံးချွေးများ စိုရွှဲနေသည်ကို သတိပြုမိလိုက်သည်။

သူ ထိတ်လန့်သွားလေ။ အဘယ့်ကြောင့်ဆိုသော် သူသည်
အရိုးစုတစ်ခုပေါ်တွင် အိပ်နေမိသည်ကို တွေ့ရသောကြောင့်တည်း။

သူသည် ဤအတိုင်းနေပါက နောက်သုံးလခန့်ကြာလျှင် သူ
လည်း အရိုးစုဘဝသို့ ရောက်သွားမည်ကို နားလည်မိ၏။

ထို့ကြောင့် သူသည် အဘွားညာဝမ်းပေးခဲ့သော အဆိပ်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးပုလင်းကိုကြိုးစား၍ ရှာဖွေပြန်သည်။

မမျှော်လင့်ဘဲ သူသည် အရိုးစုအောက်တွင် ပြောင်လက်သော အရာဝတ္ထုတစ်ခုကို တွေ့ရလေသည်။

သူသည် ကပျာကယာ ကောက်ယူလိုက်၏။

ဓားတိုတစ်လက်နှင့် ဆေးအပြည့်ပါသော ပုလင်းငယ်တစ်လုံး။

ကျုန်ချွမ်းသည် ဘာမှမစဉ်းစားနိုင်တော့ဘဲ အဆိပ်ဖြေဆေးထင်သဖြင့် မော့၍သောက်ချလိုက်သည်။

မကြာမီ သူ၏တစ်ကိုယ်လုံးမှာ ပေါ့ပါးလန်းဆန်းသွားသည်။

သူသည် ဝန်းကျင်ကိုကြည့်လိုက်သည်။

သူတွေ့ရှိသောအရိုးစုနှင့် မနီးမဝေးတွင် နံရိုးနှစ်ချောင်းကျိုးနေသော အခြားအရိုးစုတစ်ခုကို တွေ့ရပြန်သည်။

ထိုလူနှစ်ယောက်မှာ အသက်ရှင်စဉ် ရန်သူများဖြစ်ခဲ့ကြပြီး တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ရင်း သေသွားကြဟန်တူသည်။

သူသည် မျက်မှောင်တစ်ချက် ကုပ်ကြည့်လိုက်ပြီးနောက် ထိုနေရာမှထွက်ခွာလာခဲ့သည်။

ခြေလှမ်း ဆယ်လှမ်းခန့်လျှောက်လာမိသောအခါ သူသည် ဘာစိုတစ်ရာကို နင်းမိသည့်အတွက် ငုံ့၍ကြည့်လိုက်၏။ သူအံ့သြသွားမိသည်။



ခွေ့မြင်ရသော အရာဝတ္ထုမှာ ပုလင်းငယ်တစ်ပုလင်းဖြစ်နေသည်။

သူသည် ထိုပုလင်းကိုကောက်ယူပြီးနောက် ပုလင်းအဖုံးကိုဖွင့်ကြည့်လိုက်ပြန်သည်။

အဆိပ်ဖြေဆေးအပြည့်ရှိနေသည်ကို တွေ့လိုက်ရသည့်အတွက် အံ့အားသင့်သွားသည်။

သူသည် သေချာစွာ ထပ်ကြည့်လိုက်၏။

ထိုဆေးပုလင်းငယ်သည် အဘွားညာဝမ်းပေးခဲ့သော အဆိပ်ဖြေဆေးပုလင်း ဖြစ်နေသည်ကို တွေ့ရသည်။

သူစောစောက သောက်ချလိုက်သောဆေးမှာ အဘွားညာဝမ်းပေးသော ဆေးပုလင်းမဟုတ်ကြောင်း သိလိုက်ရ၏။

မည်သို့ပင်ဖြစ်စေ သူသည် ယခုအဆိပ်သင့်ခြင်းမှ ပျောက်ကင်းသွားပြီမဟုတ်ပါလား။

ထို့ကြောင့် သူသည် ရည်ရွယ်ထားသည့်နေရာသို့ ဆက်၍ခရီးနှင်လာခဲ့လေတော့သည်။

သူသည် တစ်ညလုံး ခရီးပြင်းနှင်လာခဲ့သည်။

နံနက်ဝေလီဝေလင်းအချိန်သို့ ရောက်လာသည်။

သူသည် နောက်ဆုံးသွားရမည့်တောင်၏ တောင်ခြေခြင်းသို့ ရောက်လာလေ၏။

ကျုန်ချွမ်းသည် တစ်ညလုံး ခရီးပြင်းနှင်လာခဲ့ရသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပင်ပန်းလွန်း၍ သစ်ပင်တစ်ပင်ခြေရင်းတွင် အ႑မောအပမ်းပြေရင်း အိပ်ပျော်သွားလေတော့သည်။

သူသည် အိပ်ရာမှနိုးလာသောအခါဆက်၍ တောင်ရိုးလမ်းအတိုင်း ခရီးနှင်လာခဲ့ပြန်လေ၏။

နှစ်နာရီခန့်ကြာသောအခါ လူတစ်ယောက်လှဲ၍အိပ်နေသည့် ပုံသဏ္ဍာန်နှင့်တူသောကျောက်တုံးကြီးတစ်တုံးကိုတွေ့မြင်ရသည့်အတွက် သူသည် ဝမ်းသာသွားသည်။

"အင်း... ဒီနေရာပဲ"

သူသည် ဝမ်းသာစွာဖြင့် အော်ပြောလိုက်မိသည်။

"ဟုတ်တယ်... ဒီနေရာပါပဲ၊ ဒါပေမယ့် မင်းလဲငါ့လိုပဲ ဘယ်နှစ်နှစ်လောက် နောက်ကျသွားတယ်မသိဘူး"

ရုတ်တရက် ထိုကျောက်တုံး၏နောက်ဘက်မှ အေးစက်သောအသံတစ်သံ ပေါ်ထွက်လာတော့သည်။

သူသည် မျက်မှောင်ကုပ်လိုက်ပြီး အော်မေးလိုက်၏။

"ကျုပ်ကိုပြောင်နေတာ ဘယ်သူလဲ"

ကျုန်ချွမ်းသည် ဓားကိုဆွဲထုတ်လိုက်ပြီး တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။

ထိုစဉ်....

"ဟား... ဟား... ဟား... မင်းက ငါနဲ့ယှဉ်ပြိုင်ချင်လို့လား— ငါ့အကြောင်းသိချင်ရင် လာခဲ့ပါ"



ရုတ်တရက် ထိုကျောက်တုံးနောက်မှ အဘိုးအိုတစ်ယောက်သည် ထွက်လာလေ၏။

သူ၏အကျီအဝတ်အစားများမှာ စုတ်ပြတ်နေ၏။

ခေါင်းမှ ဆံပင်များမှာလည်း ရှုပ်ပွပြီး ရှည်လျားနေ၏။

သူသည် တဟားဟားရယ်ရင်း ကျုန်ချွမ်းအား စေ့စေ့ကြည့်နေသည်။

ကျုန်ချွမ်းသည် ထိုအဘိုးအိုအား အကဲခတ်ကြည့်လိုက်၏။

အဘိုးအိုမှာ အတွင်းအားကောင်းပြီး သိုင်းပညာအထွတ်အထိပ်သို့ရောက်နေသူမှန်းသိရသည်နှင့် မယှဉ်ပြိုင်ရန် ဆုံးဖြတ်လိုက်၏။

သူသည် ဓားကိုပြန်ရုပ်သိမ်းလိုက်ပြီး နောက်သို့ကျွမ်းတစ်ပတ်ထိုးကာ ရှောင်ထွက်ပြေးမည်ပြုသည်။

ကြက်တူရွေးတစ်ကောင်သည် ပျံဝဲလာပြီး ထိုအဘိုးအို၏ပခုံးတစ်ဖက်ပေါ်တွင် လာနားသည်ကိုတွေ့လိုက်ရလေ၏။

ကျုန်ချွမ်းမှာ အတော်အံ့သြသွား၏။

ထိုကြက်တူရွေးမှာ မိမိ၏ခရီးဖော် ကြက်တူရွေးပင် ဖြစ်နေသည်။

အဘိုးအိုသည် ကြက်တူရွေးကို အသာကိုင်ရင်း စကားပြောလေ၏။

"အဖြူလေး... မင်း မသေသေးဘဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



ကြက်တူရွေးက သူ့စကားနားလည်သည့်ပမာ ခေါင်းညိတ်နေသည်။

ကျုန်ချွမ်းသည် ထိုမြင်ကွင်းကိုတွေ့ရသော့အခါ များစွာအံ့ဩမိသည်။

ထိုအခါကျမှ ကျုန်ချွမ်းသည် မိမိဆရာပြောသော စကားများကိုသတိရလာသည်။

သူ၏ဆရာက အရှာခိုင်းလိုက်သောသူဖြစ်ကြောင်း ကျုန်ချွမ်းက နားလည်လိုက်သွားတော့သည်။

"အဘိုးလေးလား"

အဘိုးအိုက တစ်ချက်ပြုံးလိုက်ပြီး....

"မင်းက မော်ဇီရဲ့တပည့်လား"

ကျုန်ချွမ်းသည် ကပျာကယာ ဦးချကန်တော့လိုက်၏။

အဘိုးအိုသည် ကျုန်ချွမ်းအာ ဆွဲထူလိုက်ပြီး....

"အေး... မင်းရဲ့ဆရာမော်ဇီနဲ့ငါ ကြက်ခြေတောင်က မိုးပျံကျောင်းမှာ တွေ့ခဲ့ပြီးပြီ"

ကြက်ခြေတောင်နှင့် မိုးပျံကျောင်း'ဆိုသည့် အသံကိုကြားလိုက်ရသောအခါ ကျုန်ချွမ်းသည် ထန်လေရီကိုသတိရလာပြန်သည်။

သို့သော် သူသည် လေးစားစွာ ပြောလိုက်၏။

"ဆရာရဲ့ခိုင်းစေချက်အရ အဘိုးလေးကို ကျွန်တော်လိုက်ရှာနေတာကြာပါပြီ"



အဘိုးအိုသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"မင်းစောစောက ဒီကိုရောက်လာတာ ဝမ်းသာနေပုံရတယ်၊ ဒီမှာရှိတဲ့လျှို့ဝှက်ချက်ကို သိထားပြီနဲ့တူတယ်"

အဘိုးအို၏စကားသံက မာကျောနေသည်။

ကျုန်ချွမ်းမှာ ထိတ်လန့်သွား၏။

သို့သော် သူသည် ဟန်ဆောင်ပြုံးပြုံးလိုက်ပြီး....

"အဘိုးလေးပြောတဲ့ လျှို့ဝှက်ချက်ဆိုတာ ဘာများလဲ၊ သိုင်းလောကမှာ အများပြောဆိုနေသံကိုကြားရတာကတော့ ကွန်မင်မြို့က သိန်းပေါင်းများစွာ အလုခံရတဲ့...."

သူ၏စကားမဆုံးမီ အဘိုးအိုက လက်ကာပြလိုက်ပြီး....

"တော်... ဆက်မပြောနဲ့တော့ ငါသိချင်တာက မင်း ဒီကိုဘာလာလုပ်တာလဲ"

အဘိုးအိုဆိုသူမှာ ဆရာကြီး'တိုးကို'ဖြစ်သည်။

အဘိုးအို ဒေါသထွက်နေသည်ကိုသိထား၏။

သို့သော် သူသည် မသိဟန်ပြု၍ မျက်နှာတည်တည်ဖြင့်....

"အဘိုးလေးကိုရှာရင်း ဒီကိုရောက်လာတာပါ၊ အဘိုးလေးကော ဒီကိုဘာကြောင့်ရောက်နေတာလဲ"

"မင်းက ငါ့ကိုပြန်မေးရသလား"

အဘိုးအိုက မျက်မှောင်ကုပ်လိုက်ပြီး ဆက်ပြောသည်။

"ငါက တစ်ပြည်လုံးအနှံ့ လျှောက်လည်နေတော့ ရောက်

www.burmeseclassic.com



ချင်တဲ့နေရာ ရောက်မှာပေါ့ကွ၊ ဒါ ဘာမျှားဆန်းသလဲ”

ကျုန်ချွမ်းသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

“စောစောက အဘိုးလေးပြောတဲ့စကားထဲမှာ နောက်ကျ တာ ဘယ်နှစ်နှစ်ရှိပြီလဲ မသိဘူးဆိုတာက ဘာကိုဆိုတာလဲ အဘိုး လေး”

အဘိုးအိုက သူ့အား မျက်မှောင်ကုပ်၍ကြည့်လိုက်၏။

ကျုန်ချွမ်းသည် ဟန်ဆောင်ပြုံးပြုံးလိုက်ပြီး ဆက်ပြော လေ၏။

“အဘိုးလေးကို ကျွန်တော်လိုက်ရှာရင်း တာပျက်စန်း တောင်ပေါ်ရောက်တော့ အဘိုးအိုတစ်ယောက်က ဒီလူပုံသဏ္ဌာန် ကျောက်ရုပ်အောက်မှာ....”

စကားမဆုံးပါ။

အဘိုးအို၏မျက်လုံးမှာ နီရဲလာသည်။

သူသည် ရုတ်တရက် ကျုန်ချွမ်း၏ညာလက်မောင်းကို ဖမ်း လိုက်ပြီး....

“အဲဒီအဘိုးအိုရဲ့နာမည်က ဘယ်သူလဲ”

ကျုန်ချွမ်းက မဲ့ပြုံးပြုံးကာ....

“အဘိုးအိုက ချက်ချင်းပဲ သေသွားလို့ ကျွန်တော်နာမည် တောင် မမေးလိုက်မိဘူး”

ကျုန်ချွမ်းက ယုတ္တိရှိရှိ ပြောလိုက်၏။



သူက အဘိုးအိုအား စေ့စေ့ကြည့်ကာ ဆက်ပြောသည်။

“အဲဒီအဘိုးအိုက အသက်မထွက်ခင် ပြောပါသေးတယ်။ ကိုမီစန်းတောင်တန်းရဲ့ သတ္တမမြောက်တောင်က လူရုပ်ပုံသဏ္ဌာန် ကျောက်ရုပ်ကြီးရဲ့ ယာဘက်သတ္တမမြောက်ဂူထဲမှာ အဖိုးတန်ပစ္စည်း တွေရှိတယ်လို့ ပြောပါတယ်၊ ဒါပေမယ့် ဘာပစ္စည်းရယ်လို့ ပြောမ သွားဘူး၊ ဒီအကြောင်းကို သူတစ်ယောက်ထဲပဲသိတယ်လို့ပြောပြီး အသက်ထွက်သွားပါတယ်၊ ဒါကြောင့် ကျွန်တော်လဲနာမည်တောင် မေးမိလိုက်ဘူး”

အဘိုးအိုက မျက်မှောင်ကုပ်လိုက်ပြီး....

“သူကလွဲလို့ ဘယ်သူမှ မသိဘူးလို့ဆိုတယ်၊ ဒါဖြင့် ငါကော ဘာဖြစ်လို့ ဒီကိုရောက်လာတာလဲ”

“အဘိုးလေးလို ထိပ်သီးသိုင်းပညာရှင်တစ်ဦးက မသိဘူး ဆိုတာ မဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်၊ ဒါနဲ့ ဘာလျှို့ဝှက်ပစ္စည်း များ ရှိပါသလဲ”

“အေး... မင်းသိချင်ရင် ကိုယ်တိုင်သွားကြည့်ပေါ့”

ကျုန်ချွမ်းသည် ဘာမှဆက်မပြောတော့ဘဲ ချာခနဲလှည့်၍ ဂူပေါက်ရှိရာသို့ ထွက်သွား၏။

ကျောက်ရုပ်၏ကျောဘက်သို့ ရောက်သောအခါ အချိုး အစား အနံတစ်ပေခန့်ရှိသော ဂူပေါက်ငယ်ပေါင်းနှစ်ဆယ်ခန့်ကို တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ချွမ်းသည် သတ္တုမမြောက် ဂူပေါက်ငယ်အတွင်းသို့ လက်နှိုက်ကြည့်ရာ မြက်ပင်များမှလွဲ၍ ဘာမှမတွေ့ရချေ။

ကျုန်ချွမ်းသည် မျှော်လင့်ချက် ကုန်ဆုံးသည့်ပမာ သက်ပြင်းရှည်တစ်ချက် ချလိုက်မိပေတော့သည်။

## အခန်း(၃)

### ဖော်ထုတ်မရသော လျှို့ဝှက်ချက်

ကျုန်ချွမ်းက စိတ်ပျက်စွာဖြင့် တိုးကိုအား ငေးကြည့်နေသည်။

အဘိုးအိုသည် ပင့်သက်တစ်ချက်ချလိုက်ပြီး....

"ဒီရတနာပစ္စည်းတွေ တို့ထက်ဦးတဲ့လူ ယူသွားပြီ၊ ဒီတော့ ဘို့လူစုခွဲပြီး ရှာကြမယ်၊ မင်းက တောင်ဘက်ကိုခရီးထွက်ပြီးရှာ၊ ငါက မြောက်ဘက်ကို ခရီးထွက်မယ်၊ နောက်တစ်နှစ်ပြည့်တဲ့အချိန်မှာ ဒီမှာ ပြန်ဆုံကြမယ်၊ ငါပြောတာရှင်းတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ချွမ်းက ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

"ကောင်းပါပြီ အဘိုးလေး"

အဘိုးအိုသည် တစ်စုံတစ်ရာစဉ်းစားမိပြီး....

"မင်း ခရီးမထွက်ခင် ရန်သူတွေကိုခုခံနိုင်ဖို့ ငါ့ရဲ့အဆင့်မြင့်သိုင်းကွက်တွေကို သုံးရက်အတွင်း အပြီးသင်ပေးလိုက်မယ်"

ကျုန်ချွမ်းသည် ဝမ်းသာစွာ ပြောလိုက်သည်။

"ကျေးဇူးတင်လှပါတယ် အဘိုးလေး"

ဤသို့ဖြင့် တိုးကို့သည် ကျုန်ချွမ်းအား သိုင်းပညာသင်ကြားပေးလေတော့၏။

ငါးရက်ပြည့်သောနေ့....။

ကျုန်ချွမ်းသည် အဘိုးအိုတိုးကို့ထံမှ အဆင့်မြင့်သိုင်းကွက်များကိုသင်ယူပြီး လူချင်းခွဲကြသည်။

အဘိုးအိုတိုးကို့သည် မြောက်ဘက်သို့ ခရီးထွက်သွားသည်။

ကျုန်ချွမ်းသည် တောင်ဘက်သို့ခရီးထွက်ရန် တောင်ပေါ်မှဆင်းလာခဲ့လေ၏။

သို့သော် သူမကျေနပ်ချေ။ တောင်ပေါ်ရှိ ဂူထဲတွင် ပစ္စည်းတစ်ခုခုရှိရမည်။

သူသည် တောင်ပေါ်သို့ ပြန်တက်လေ၏။

သူသည် ဂူပေါက်များဆီသို့ ရောက်သောအခါ စိတ်မကျေမနပ်ဘဲ လက်နှိုက်ရှာဖွေကြည့်ရှသည်။



နောက်ဆုံး ဂူပေါက်ထဲမှ စာရွက်တစ်ရွက်ကို စမ်းမိလေတော့သည်။

ဂူပြင်တွင် အလောင်းတစ်လောင်းကိုတွေ့ရသည်။ အရိုးစုကျနေပေပြီ။

ယင်းစာရွက်မှာ နှစ်အတော်ကြာပြီဖြစ်၍ လက်နှင့်ထိလိုက်သည်နှင့်ကြွေကျကုန်၏။

ကျုန်ချွမ်းသည် ယင်းစာရွက်ကိုပြန်ယူပြီး ဆက်စပ်၍ဖတ်ကြည့်လိုက်သည်။

"ချစ်ဇနီး... အမြန်ဆုံး... တခြားနေရာသို့"

စာလုံးများကို ခက်ခဲစွာ ဖတ်ရှုရသည်။

အဓိပ္ပာယ်ကား မပြည့်စုံ။

တစ်ဖန် သူသည် အရိုးစုကိုလှမ်းကြည့်ပြန်ရာ အောက်မှအရိုးစုသည် နံရိုးခုနစ်ချောင်းကျိုးနေသည်။

၎င်းတို့မသေမီက ပစ္စည်းအတွက် အငြင်းမပွားဘဲ ခိုက်ရန်ဖြစ်ပွားပြီး သေဆုံးသွားပုံရသည်။

အဘိုးအိုကိုးတို့၏ ပြောကြားချက်အရ လွန်ခဲ့သောခုနစ်နှစ်ခန့်က ထန်လေရီ၏ဆရာ သီလရှင် စိမ့်ဟွမ်းလက်ချက်ဖြင့် သေတ္တာထဲတွင် အပိတ်လှောင်မခံရမီ သူသည် မြို့တစ်မြို့ရှိ တည်းခိုခန်း စားသောက်ဆိုင်တစ်ဆိုင်ထဲတွင် လူသုံးယောက်ကိုတွေ့ခဲ့သည်။

ထိုလူသုံးယောက်တွင် မြင်းကုန်းနှီးအကြောင်း ပြောကြား

www.burmeseclassic.com

www.burmeseclassic.com



သူတစ်ယောက်မှာ မိန်းမသားဖြစ်သည်။

ယောကျ်ားနှစ်ယောက်အနက် တစ်ယောက်နှင့်အကြင်လင်မယားဖြစ်ကြောင်းကို အဘိုးအိုကတစ်ဆင့် ပြန်လည်ပြောပြသည့်အတွက် သိခဲ့ရသည်။

ကျုန်ချွမ်းသည် စိတ်မကျေနပ်ဘဲ အခြားဂူပေါက်တစ်ပေါက်ကို လက်နှင့်စမ်းသပ်ရှာဖွေပြန်သည်။

မမျှော်လင့်ဘဲ စက္ကူစများကို ထပ်မံရှာဖွေတွေ့ရှိရပေသည်။

သူသည် ရှာဖွေတွေ့ရသော စက္ကူစများကို တစ်စစီ ဆက်လိုက်သောအခါ စက္ကူအရွယ်မှာ တစ်ပေပတ်လည်ခန့် ဖြစ်လာလေ၏။

စာလုံးရေမှာ တစ်ရာခန့်ရှိမည်ဟု ခန့်မှန်းရသော်လည်း စာလုံးများမှာ နှစ်ကြာပြီဖြစ်၍ဖတ်ရှုရန် အလွန်ခက်ခဲနေ၏။

သို့သော် ကျုန်ချွမ်းသည် စာလုံးများကိုဆက်စပ်၍ သေချာဖတ်ရှုရန် ကြိုးစားနေစဉ် ရုတ်တရက် လေပြင်းတစ်ချက် တိုက်ခတ်လာသည်။

မြေပေါ်တွင် စီထားသောစက္ကူစများ ပျံလွင့်တက်သွားသည်။

ကျုန်ချွမ်းသည် ပျံလွင့်တက်သွားသောစက္ကူစများကိုလိုက်လံဖမ်းယူသော်လည်း စက္ကူစနှစ်စသာ ဖမ်းယူရရှိခဲ့လေသည်။



သူသည် ဝန်းကျင်ကိုကြည့်လိုက်သောအခါ ကျောက်ရုပ်သဏ္ဌာန်ကျောက်တုံးနောက်ကွယ်တွင် လူခေါင်းနှစ်လုံးကို တွေ့လိုက်ရလေတော့သည်။

တိုက်ခတ်လာသောလေမှာ သဘာဝလေ မဟုတ်ကြောင်းကို ကျုန်ချွမ်းသဘောပေါက်မိ၏။ လူနှစ်ယောက်၏ဦးခေါင်း ထွက်ပေါ်လာပြီ မဟုတ်ပါလား။

"ဟား... ဟား... ဟား"

ရယ်သံနှင့်အတူ လူနှစ်ယောက်သည် ထိုကျောက်တုံးပေါ်သို့ ခုန်တက်လာသည်ကိုတွေ့လိုက်ရလေ၏။

ထိုသူနှစ်ယောက်မှာ လူပုလေး ရဲထင်းနှင့်ရဲထိတို့ ညီနောင်ဖြစ်နေသည်။

ကျုန်ချွမ်းသည် ဒေါသဖြစ်လွန်း၍...

"မင်းတို့ ဘာလာရှုပ်ကြတာလဲ"

လူပုညီနောင်က ပြိုင်တူပြောလိုက်၏။

"ငါတို့လဲ မင်းလိုပဲပေါ့ကွ၊ မင်း မေးဖို့မလိုပါဘူး"

ကျုန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"ကျုပ် ဒီကိုလာတာ ဘာအကြောင်းမှမပါဘူး"

သူက ပရိယာယ်နှင့်ခပ်အေးအေး ပြောလိုက်၏။

ရဲတိက ရယ်လိုက်ပြီး...

"မင်းရဲ့အသက်ကိုနှမြောမယ်ဆိုရင် မြင်းကုန်းနီးရဲ့လျှို့ဝှက်

www.burmeseclassic.com

www.burmeseclassic.com



ချက်တွေကို တို့ကိုပြောခဲ့ပါ"

ကျုန်ချွမ်းသည် မျက်မှောင်ကုပ်သွားသည်။

သူသည် စိတ်ကိုတည်ငြိမ်အောင် ထားလိုက်ပြီး....

"ငါ ဒီကိုရောက်လာတာ ဘာရည်ရွယ်ချက်မှမပါဘူး၊ လမ်းကြုံလို့ ဒီကိုရောက်လာတာပဲ၊ မင်းတို့နှစ်ယောက် လမ်းမှားလာကြပြီ"

သို့သော် လူပုညီနောင်က-သူ၏ပရိယာယ်ကို သိထားဟန်တူသည်။

သူတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး အားရပါးရ ရယ်မောနေသည်။

ပြီးတော့မှ သူတို့သည် အိတ်အတွင်းမှ ပုလဲတစ်လုံးစီထုတ်ယူလိုက်သည်။

"ဒီပုလဲလုံးမှာ 'မီစန်း' လို့ရေးသားထားတာကိုထောက်ရင် မြင်းကုန်းနီး ညွှန်ကြားချက်ဟာ ဒီကျိုးမီစန်းတောင်ပဲဖြစ်ရမယ်၊ ဒီပုလဲလုံးကို မိန်းကလေးတစ်ယောက်ဆီက ရထားတာ"

စကားဆုံးသည်နှင့် လူပုညီနောင်သည် ကျုန်ချွမ်းအား ဝင်ရောက်တိုက်ခိုက်လေတော့၏။

ရဲထင်းနှင့်ရဲတိတို့သည် ဓားကိုယ်စီဖြင့် ကျုန်ချွမ်းအား တစ်ဘက်တစ်ချက်ညှပ်၍ တိုက်ခိုက်ကြသည်။

ကျုန်ချွမ်းသည် ဓားတိုကလေးကို ကိုင်၍ခုခံကာကွယ်၏။



လူပုညီနောင်တို့၏တိုက်ကွက်မှာ အဆင့်အတန်းမြင့်သည့်အပြင် လျှင်မြန်လွန်းလှသည်။ ပူးပေါင်းတိုက်ကွက်မှာ ကြောက်စရာကောင်းလှသည်။

တိုက်ကွက်ပေါင်း လေးဆယ်ခန့်ရှိသောအခါ ကျုန်ချွမ်းသည် အခြေအနေမလှမှန်း သိလာသည်။

သိုင်းပညာတွင်လည်း လူပုညီနောင်နှင့် မယှဉ်သာမှန်းသိမြင်လာသည်။

နှစ်ယောက်တစ်ယောက်ဖြစ်နေခြင်းမှာ ဆိုးဝါးလှသည်။

ထိုစဉ် ကျောက်တုံးနောက်ဘက်မှ အသံတစ်သံပေါ်ထွက်လာလေ၏။

"အရှက်မရှိတဲ့ကောင်တွေ... နာမည်ကြီးသိုင်းသမားတွေလုပ်နေပြီး သာမညသိုင်းသမားတစ်ယောက်ကိုဝိုင်းပြီး အနိုင်ကျင့်တိုက်ခိုက်နေကြတာ မရှက်ဘူးလား"

ထိုအခွင့်အရေးကိုယူ၍ ကျုန်ချွမ်းသည် နောက်သို့ခုန်ဆုတ်ပြီး ထွက်ပြေးသွားလေ၏။

လူပုညီနောင်နောက်သို့ လှည့်ကြည့်နေပြီမဟုတ်ပါလား။

ကျောက်တုံးနောက်ကွယ်မှ ထွက်လာသူမှာ အရှေ့ပင်လယ်ကျွန်းမှ အဘွားကျုန်းပင်ဖြစ်၏။

အဘွားကျုန်းသည် လက်ထဲမှတောင်ဝှေးနှင့် လူပုညီနောင်ကိုညွှန်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်ဟာ တစ်ခါတုန်းကလဲ ဒဏ်ရာရလာတဲ့ မိန်းကလေးတစ်ယောက်ကို ဝိုင်းပြီးအနိုင်ယူခဲ့တယ်၊ခုလဲနှစ်ယောက် က တစ်ယောက်ကိုဝိုင်းတိုက်ကြတာ မရှက်ဘူးလား၊ တော်တော်အ ရှက်နည်းတဲ့ကောင်တွေ"

လူပုညီနောင်တို့သည် မျက်မှောင်ကုပ်၍ အဘွားကျန်းအား ကြည့်ကာ မဲ့မဲ့ရွဲ့ရွဲ့ပြောသည်။

"အဘွားကြီး... ခင်ဗျားဟာ ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်တာနှစ် ခါရှိပြီ၊ နောက်တစ်ခါကျရင် ခင်ဗျားနေတဲ့ကျွန်းကိုလာပြီးဖျက်ရမှ ကျုပ်တို့ညီအစ်ကို ကျေနပ်နိုင်မယ်"

အဘွားကျန်းသည် မဲ့ပြုံးပြုံးလိုက်ပြီး...

"ပြိုင်ချင်ရင် ခုပြိုင်နိုင်တယ်၊ ရက်တွေ လတွေ စောင့်နေဖို့မ လိုဘူး"

အဘွားကျန်းသည် စကားဆုံးသည်နှင့် လူပုညီနောင်အား တောင်ဝှေးဖြင့် ဝှေ့ယမ်းတိုက်ခိုက်လေတော့သည်။

လူပုညီနောင်တို့ကလည်း ဒေါသကိုမထိန်းနိုင်ဘဲ အဘွား ကျန်း၏ တောင်ဝှေးစက်ကွင်းမှလွတ်အောင် ရှောင်တိမ်းရင်း အဘွား ကျန်း၏ ဘေးတစ်ဖက်တစ်ချက်စီကို တိုက်ခိုက်လေ၏။

သူတို့သုံးယောက် သဲသဲမဲမဲ တိုက်ခိုက်နေစဉ် ကျုန်ချွမ်း သည် အဝေးသို့ရောက်ရှိသွားလေ၏။

သူရရှိသောစက္ကူစများကို ထုတ်ယူ၍ ဆက်စပ်ဖတ်ကြည့်



သည်။

"အရှေ့ကျွန်း... အခြားတစ်နေရာသို့... ဓား"

ဟူသောစာလုံးများကို ဖတ်ရသော်လည်း မည်သို့မျှဆက် စပ်၍ မရပေ။

စာထဲတွင်ပါရှိသောဓားမှာ ယခုမိမိရရှိထားသော ဓားပင် လော။

ဓားတိုတစ်လက်ကြောင့် လူနှစ်ယောက်သေလောက်သည့် အထိ ဖြစ်ရလေသလော။

အခြားတစ်နေရာသို့ဟူသော စာကြောင်းအဓိပ္ပာယ်မှာ ရ တနာပစ္စည်းများကို အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားသည်ကို ဆိုလိုသလော။

အရှေ့ကျွန်းဆိုသည်မှာ အဘွားကျန်းနေထိုင်သော အရှေ့ ဝင်လယ်'ကျီးလိုကျွန်း'ကို ဆိုလိုသလော။

ကျုန်ချွမ်းသည် ထိုသို့အမျိုးမျိုးစဉ်းစားဝေဖန်ပြီး တစ်ဖန် န်းကျင်ကို အကဲခတ်ကြည့်လိုက်ပြန်သည်။

အဘွားကျန်းနှင့် လူပုညီနောင်တို့ကား တဖြည်းဖြည်း ဝေး ကွာသွား၏။ သို့သော် သူတို့တိုက်ခိုက်နေသံကြားနေရဆဲပင်။

ထို့နောက် သူသည် တောင်အောက်သို့ဆက်၍ မဆင်းသေး ဘဲ အရိုးစုရှိရာသို့ လျှောက်လာပြန်သည်။

ကျုန်ချွမ်းသည် အရိုးစုအောက်သို့ ဂရုတစိုက်သတိမံ၍ ရှာ

www.burmeseclassic.com

www.burmeseclassic.com



ဖွေကြည့်ရှုပြန်သည်။

မမျှော်လင့်ဘဲ သားရေအိတ်တစ်လုံးကို တွေ့ရှိရလေသည်။

သူသည် အိတ်ကိုဖွင့်ကြည့်လိုက်သောအခါ တစုသီးအရွယ်ရှိ အဖျားချွန်နေသည့် သံမှိုပမာ အချောင်းငါးဆယ်ခန့်ကို တွေ့ရှိရလေသည်။

ထိုသံမှိုချွန်ကလေးများကို အဆိပ်ရည်စိမ်ထားပုံရသည်။

သံမှိုချွန်၏ထိပ်တွင် 'ချင်'ဟူသောစာလုံးကို ရေးထိုးထားသည်။

ထိုလက်နက်ပုန်းကို သိုင်းလောကတွင် မည်သူအသုံးပြုသည်ကို သူစဉ်းစား၍မရပါ။

ထို့နောက် သူသည် ထိုအိတ်ကိုခါးတွင်ပတ်၍ ချည်နှောင်ထားပြီး အလျင်အမြန် တောင်ပေါ်မှ ဆင်းသက်လာခဲ့လေသည်။

တောင်အောက်သို့အနည်းငယ် ဆင်းလာမိလေ၏။

ထိုစဉ် တောင်အောက်မှ လူနှစ်ယောက်တက်လာသည်ကို တွေ့လိုက်ပြန်သည်။

သူသည် ကပျာကယာ သစ်ပင်တစ်ပင်ပေါ်သို့တက်၍ ပုန်းခိုနေလိုက်ရသည်။

မကြာမီ ထိုနှစ်ယောက်မှာ ကျူန်ချွမ်းပုန်းခိုနေသောသစ်ပင်အောက်သို့ ရောက်လာကြသည်။

ရောက်လာသူနှစ်ဦးကိုတွေ့လိုက်ရသောအခါ ကျူန်ချွမ်း



အားသင့်သွားလေ၏။

အဘယ့်ကြောင့်ဆိုသော် ထိုသူနှစ်ဦးမှာ ဖန်ကွမ်းစုနှင့် အဘွားညာဝမ်းတို့ ဖြစ်နေသောကြောင့်တည်း။

သူတို့သည် သစ်ပင်အောက်တွင် ခေတ္တအပန်းဖြေကြပြီးနောက် ဆက်၍ထွက်ခွာသွားကြ၏။ ဘာစကားမျှ မပြောသဖြင့် ကျူန်ချွမ်း ဘာမျှမသိလိုက်ရချေ။

ကျူန်ချွမ်းသည် သစ်ပင်ပေါ်မှဆင်းလိုက်ပြီး မြင်းကုန်းနှီးနှင့် ပတ်သက်၍ လျှို့ဝှက်ချက်များ ရလိုရငြား တောင်အောက်သို့ ဆက်မဆင်းတော့ဘဲ သူတို့နောက်မှနောက်ယောင်ခံ၍ လိုက်သွားလေတော့သည်။

ည......။

လမသာဘဲ မှောင်မဲနေသည်။

မိုးသားများတက်၍ ရွာမယောင်ဆင်နေလေ၏။

ဝန်းကျင်တစ်ခုလုံးကို အမှောင်ထုက လွှမ်းခြုံလျက်ရှိသည်။

ကျူန်ချွမ်းသည် အမှောင်ထုထဲမှ တိုက်ခိုက်သံများ၊ စကား

www.burmeseclassic.com

www.burmeseclassic.com



ပြောသံများကြားရသည့်အတွက် ကျောက်တုံးတစ်တုံးကိုမှီ၍ အခြေအနေကိုစောင့်ကြည့်နေသည်။ တိုက်ခိုက်သံများ ကြားနေရဆဲပင်။

ထိုစဉ် ရုတ်တရက် မိုးခြိမ်းသံကြီးကို ကြားလိုက်ရပြီး မိုးရွာချလိုက်လေ၏။ မိုးသည် သည်းထန်စွာ ရွာသွန်းနေသည်။

ထိုအခိုက် လျှပ်စီးတစ်ချက် လက်လိုက်သည့်အတွက် ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။

ထိုအလင်းရောင်ကြောင့် လူငါးယောက်တိုက်ခိုက်နေကြသည်ကို တွေ့လိုက်ရသည်။ ထိုတိုက်ပွဲကြီးမျိုးမှာ ရှားသည်။ နှစ်ယောက်ချင်းတိုက်ခိုက်ခြင်းမျိုးသာ အဖြစ်များ၏။

တိုက်ခိုက်နေကြသူငါးယောက်မှာ အဘွားကျန်း၊ လူပုညီနောင် ရဲတီ၊ ရဲထင်း၊ အဘွားညာဝမ်းနှင့် ဖန်ကွမ်းစုတို့ ဖြစ်ကြ၏။

ကျုန်ချွမ်း ရှောင်ခဲ့သည့်လူများ တိုက်ခိုက်နေကြခြင်းပင်။

သူတို့သည် သဲသဲမဲမဲ တိုက်ခိုက်နေကြပြီး လျှပ်စီးလက်သောအလင်းရောင် ပျောက်ကွယ်သွားသည်နှင့် သူတို့သည် နောက်သို့ဆုတ်သွားကြပြန်သည်။

ကျုန်ချွမ်းသည် လျှပ်စီးလက်လိုက်သည်နှင့် ဝန်းကျင်ကိုကြည့်လိုက်ပြန်သည်။

ထိုအခါ မိမိမှီနေသော ကျောက်တုံးကြီး၏တစ်ဘက်တွင် လိုဏ်ခေါင်းတစ်ခုကို တွေ့ရပြန်သည်။

သူသည် မိုးခိုရန် ထိုလိုဏ်ခေါင်းထဲသို့ ပြေးဝင်လိုက်၏။



မိုးဒဏ်မှ ခေတ္တကင်းလွတ်သွားသည်။ ထိုအခါကျမှ မိုးရေစိုတော့ချေ။ လိုဏ်ခေါင်းဆိုသည့်အတိုင်း မှောင်မဲနေ၏။

သူသည် လိုဏ်ခေါင်းထဲတွင် မှီရင်း အမောဖြေကာ စဉ်းစားနေသည်။

ထိုစဉ် လျှပ်စီးတစ်ချက်လက်လိုက်ပြန်ရာ ဝန်းကျင်တစ်ခုလုံး လင်းထိန်သွားသည်။

သူသည် အမှတ်မထင် နံရံကိုကြည့်လိုက်မိလေ၏။

"ချစ်ဇနီး"

စာတန်းကိုတွေ့လိုက်ရသောအခါ သူ အံ့ဩသွားသည်။

ကျုန်ချွမ်းသည် ကျောက်ဖျာတွင် ရေးထားသောစာကို ဆက်ဖတ်လိုသော်လည်း အလင်းရောင်မရှိတော့ပါ။ မှောင်အတိဖြစ်နေသည်။

ဤစာများသည် ရတနာများ၏လျှို့ဝှက်ချက်ကို ညွှန်ပြထားသောစာများပင်ဖြစ်ပေမည်ဟု သူတွေးမိ၏။

သူသည် စာကိုဆက်ဖတ်လိုက်သော်လည်း အလင်းရောင်မရှိသည့်အတွက် အားမလိုအားမရဖြစ်နေသည်။

ထိုစဉ် လျှပ်စီးတစ်ချက် လက်လာပြန်သည့်အတွက် သူသည် စာကိုဆက်၍ ကပျာကယာ ဖတ်လိုက်သည်။

"အဆိပ်... သူကမှ တရားမစောင့်တော့... ကိုယ်ပ်..."

မှောင်သွားပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လျှပ်စစ်… လျှပ်စစ်…"

အလင်းရောင် မရတော့သဖြင့် ဘာမှမမြင်ရတော့ပါ။

မီးတိတ်သွားပြီဖြစ်သည်။

သို့သော် ဝန်းကျင်တစ်ခုလုံးသည် မှောင်နေဆဲဖြစ်၏။

ထို့ကြောင့် သူသည် စာကိုဆက်၍ဖတ်နိုင်မည့် အချိန်က
စောင့်ဆိုင်းရင်း အမျိုးမျိုး စဉ်းစားနေမိပေတော့သည်။

## အခန်း(၄)

## မိုးမြေကိုသစ္စာတည်

ထန်လေရှိ….။

သူမသည် အားအင်ကုန်ခန်းနေသည်။

အတွင်းဒဏ်ရာလည်း ရထားသည်။ မြေပြင်ပေါ်၌ သူမလဲ
…နေ၏။

သူမသည် သတိမေ့နေရာမှ လှုပ်ရှားလာပြီး မျက်လုံးအစုံ
…င့်ကြည့်လိုက်သည်။

"မိန်းကလေး… သက်သာပြီလား"

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီ မော့ကြည့်လိုက်၏။

အဘိုးအိုတိုးကို့က....

"သက်လာလာရင် မင်းဆရာရဲ့လျှို့ဝှက်ထားတဲ့ သိုင်းပဒေသာကျမ်းစာအုပ် ရတနာတွေထားတဲ့နေရာကို လိုက်ပြပေတော့"

ထန်လေရီသည် မျက်မှောင်ကုပ်သွားသည်။

သူမ ဒေါသထွက်သွားသည်။

အမှန်ပင် သူမ၏ဆရာ လျှို့ဝှက်ထားသော သိုင်းပဒေသာကျမ်းစာအုပ်နှင့် ရတနာတွေထားရာနေရာကို မသိပါ။

သိလျှင်တောင်မှ ထုတ်ဖော်ပြောမည်မဟုတ်ပါ။

သို့သော် သူမသည် ဆရာ့အတွက် ပြန်လည်တိုက်ခိုက်ရန် တာဝန်ရှိနေသေးသည်။

သူမသည် ကျောက်တုံးကြီးကိုညွှန်ပြရင်း....

"ဟိုကျောက်တုံးကြီးအောက်က လိုဏ်ခေါင်းထဲမှာ ဆရာ့ သိုင်းပဒေသာကျမ်းစာအုပ်နဲ့ အဖိုးတန်ရတနာတွေ သိမ်းထားလေ့ ပါတယ်၊ ဒီတော့ မိုးနဂါးဓား ကျွန်မကိုပေးပါ၊ ကျွန်မ ဒီကျောက်တုံး ကြီးကို မိုးနဂါးဓားနဲ့ကော်ပြီး ရှာဖွေယူပေးပါ့မယ်"

အဘိုးအိုတိုးကို့သည် ယုံကြည်သွားပြီး သူ့လက်ထဲမှမိုးနဂါး ဓားကို ထန်လေရီအား ကမ်းပေးလိုက်သည်။

ထန်လေရီသည် အဘိုးအိုထံမှ မိုးနဂါးဓားကိုလှမ်းယူပြီး ကျောက်တုံးကြီး၏အနောက်ဘက်သို့ လျှောက်သွား၏။



ထိုအချိန်တွင် ထန်လေရီမှာ အနည်းငယ်လန်းဆန်းလာပြီ ဖြစ်သည်။ ပန်းနေသော်လည်း ထနိုင်သေးသည်။

သို့သော် အတွင်းဒဏ်ရာက မပျောက်ကင်းသေးပေ။

သူမသည် ကျောက်တုံးကြီး၏နောက်ဘက်သို့ရောက်သည် နှင့်မြေကို အနည်းငယ်တူးဆွပြီး အော်လိုက်၏။

"ဟော... ဒီမှာကြည့် တွေ့ပြီ... တွေ့ပြီ"

သူမ၏အော်သံကိုကြားလိုက်ရသောအခါ အဘိုးအိုတိုးကို့ သည် အားရဝမ်းသာစွာဖြင့် သူမထံသို့ ပြေးသွားလေ၏။

အဘိုးအိုသည် သူမကြည့်နေသော ချောက်ထဲသို့လိုက်၍ ကြည့်နေစဉ် သူမသည် ဓားဖြင့် ခုတ်ချလိုက်၏။

"ဗိုး... ဝှစ်"

မိုးနဂါးဓားသည် သူ့ထံသို့တိုးဝင်လာသည်ကို တွေ့မြင်လိုက် သည်နှင့် သူသည် နောက်သို့ခုန်လိုက်ပြီး ဓားချက်ကိုရှောင်တိမ်းလိုက် သည်။ အဘိုးအိုတိုးကို့ကား လျှင်မြန်လှ၏။

"မိန်းကလေးက ငါ့ကိုစမ်းတာပေါ့လေ၊ မင်းဆရာကိုတောင် ငါက နိုင်ခဲ့တာကွ၊ မင်းလိုလူမျိုးတော့ ငါက မျက်လုံးထဲတောင် မ ထည့်ဘူး"

သူသည် ပြောရင်း ရှေ့ခြေတစ်လှမ်းတိုးလိုက်ကာ ထန်လေ ရီအား ဖမ်းဆွဲလိုက်သည်။

ထန်လေရီက ကမန်းကတန်းတစ်ဘက်သို့ တိမ်းလိုက်ပြီး

www.burmeseclassic.com



ဓားဖြင့် ဝှေ့ယမ်းလိုက်သည်။

အဘိုးအိုသည် တစ်ဘက်သို့ရှောင်တိမ်းလိုက်၍ ဓားချက်မှ လွတ်သွားသော်လည်း ခေါင်းမှဆံပင်များ ပြတ်ကျသွား၏။

အဘိုးအိုသည် ဒေါသထွက်လွန်းသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားသည်။

သူသည် ရုတ်တရက် ထန်လေရီ၏သွေးကြောကို လှမ်းထောက်လိုက်သည်။

ထန်လေရီ၏တစ်ကိုယ်လုံးမှာ ထုံကျင်သွားပြီး လက်ထဲမှ မိုးနဂါးဓားမှာ လွတ်ကျသွားလေတော့သည်။

"ဟား... ဟား... ဟား... မင်း ခု ဘာတတ်နိုင်သေးသလဲ ကဲ... ဒီတစ်ကြိမ်တော့ မင်းသေဖို့သာပြင်ပေတော့၊ ငါ့ကိုသတ်ဖို့ကြံတဲ့လူကို ငါက ဘယ်တော့မှခွင့်မလွှတ်ဘူးကွ"

ထန်လေရီအား ကြိမ်းမောင်းလိုက်၏။

အဘိုးအိုတိုးကိုကား တကယ်ဒေါသထွက်နေလေပြီ။

မိုးနဂါးဓားမှာ ရုတ်တရက် လေထဲသို့မြောက်တက်သွားသည်။

ထိုစဉ် လူနှစ်ယောက်သည် အဘိုးအိုတိုးကို့အနီးသို့ ခုန်၍ ရောက်ရှိလာသည်။

အဘိုးအိုမှာ ထိတ်လန့်သွားပြီး သေချာစွာကြည့်လိုက်၏။

ဆရာတော်တစ်ပါးနှင့် လူတစ်ယောက် ဖြစ်နေသည်။ သူ



မမျှော်လင့်ဘဲ ရောက်လာကြခြင်းဖြစ်သည်။

ထန်လေရီလည်း အံ့အားသင့်သွားသည်။

သူမက သေပြီဟု ထင်ထားသည့်သူဖြစ်နေသည်။

ဘဝတစ်ပါးပြောင်းလောက်ပြီဟု သူမထင်မိသည်။

သို့သော် ယခု သူတို့သည်မိမိအား အဘိုးအိုလက်ထဲမှ အချိန်မီကယ်တင်လိုက်ခြင်းဖြစ်၏။

သူမတွေ့မြင်ရသူနှစ်ဦးမှာ ချင်စိရှောင်နှင့် ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဆရာတော်၏လက်ထဲတွင် မိုးနဂါးဓားရောက်ရှိနေသည်။

ဆရာတော်၏သိုင်းပညာမှာ အလွန်အဆင့်မြင့်ကြောင်းအဘိုးအိုတိုးကို သိရှိလိုက်ရသည်။

အဘိုးအိုသည် နောက်သို့ခုန်ဆုတ်လိုက်ပြီး ထွက်ပြေးသွားလေ၏။ သူ့သိုင်းပညာသည် ဆရာတော်ကို လုံးဝမယှဉ်နိုင်ပါ။

ချင်စိရှောင်သည် ကျင်လေရီကို ရှာမတွေ့သည့်အဆုံး ဆရာတော်ထံ ချဉ်းကပ်အကူအညီတောင်းခဲ့သည်။

နောက်ဆုံး ချင်စိရှောင်သည် ဆရာတော်နှင့်အတူ မိုးပျံကျောင်းသို့လိုက်လာခဲ့ရာမှ မမျှော်လင့်ဘဲ ထန်လေရီကို တွေ့ဆုံရပြီး အဘိုးအိုတိုးကိုလက်တွင်းမှ သူမကို အချိန်မီကယ်တင်လိုက်နိုင်ခြင်းဖြစ်သည်။ လက်မတင်ကလေး ကယ်လိုက်နိုင်ခြင်းဖြစ်သည်။

ဆရာတော်သည် ထန်လေရီအား စေ့စေ့ကြည့်ကာ မေး

www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ဒကာမလေးရဲ့ဆရာက ဘယ်သူလဲ"

ထန်လေရီသည် ဝမ်းနည်းသွားလေ၏။

"တပည့်တော်မရဲ့ဆရာက စိမ့်ပွမ်းပါဘုရား၊ ဒါပေမယ့် ခုတော့ စောစောက လူနဲ့တိုက်ခိုက်ရင်း ချောက်ထဲကျသွားပါတယ်၊ နောက်ပြီး တပည့်တော်မှာလဲ အတွင်းဒဏ်ရာရထားပြီး မကြာခင် သေရမယ့် အခြေအနေရှိနေပါတယ်ဘုရား"

ချင်စိရှောင်သည် ထန်လေရီအား ကြည့်ကာ ဝမ်းနည်းစွာ ပြောလေ၏။

"ညီမကိုလိုက်ရှာလိုက်ရတာ ခုမှတွေ့ရတော့တယ်၊ တွေ့[illegible] ပြန်တော့လဲ...."

ချင်စိရှောင်၏စကားမဆုံးမီ....

"ကျွန်မကလဲ အစ်ကို့ကို လိုက်ရှာခဲ့ပါတယ်၊ ဒါပေမယ့် [illegible] ကျွန်မမှာ အတွင်းဒဏ်ရာခံစားနေရပြီး မကြာခင် သေဆုံးရမယ့်[illegible] ဖြစ်နေပြီး ဝမ်းနည်းဝမ်းသာနဲ့ထပ်ပြီး ခွဲခွာရမယ်ထင်ပါတယ် အစ်ကို ရယ်"

သူမသည် ဝမ်းနည်းနေသည်။

မျက်ရည်များပင် မျက်အိမ်တွင်းမှ လျှံကျလာသည်။

ဆရာတော်သည် ထန်လေရီအား ထပ်မံ စူးစိုက်၍ကြည့် လိုက်ပြီး....



"ဟုတ်တယ်... ဒီဒကာမလေးမှာ အတွင်းဒဏ်ရာတော် တော်ပြင်းပြင်းထန်ထန် ရထားတယ်၊ အသက်ရှည်မဲ့ပုံမပေါ်ဘူး"

ထန်လေရီ၏မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်လာသည်။

သွေးရောင်ပင် မရှိတော့ပေ။

"ဆရာတော် သူ့ကိုမကယ်နိုင်တော့ဘူးလား"

ဆရာတော်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒဏ်ရာက ပြင်းထန်လွန်းတဲ့အတွက် ရိုးရိုးဒဏ်ကြေဆေးနဲ့ [illegible]ကုလို့မရဘူး၊ ငါ့မှာရှိတာကလဲ...."

ဆရာတော်သည် ထန်လေရီကို အကဲခတ်ကြည့်လိုက်ပြီး...

"အင်း... နည်းလမ်းတစ်ခုတော့ရှိပါတယ်၊ နှင်းတောင်ပေါ် [illegible] နှင်းကြာပွင့်ခြောက်နဲ့ကုသရင်တော့ ဘယ်လောက်ပဲဒဏ်ရာပြင်း [illegible] ပျောက်ကင်းနိုင်တယ်"

"ဒါဖြင့် တပည့်တော်တို့ကို ဒီနှင်းတောင်ဆီကို သွားခွင့်ပြု[illegible]"

ထန်လေရီသည် ချင်စိရှောင်အား တောက်ပသောမျက်လုံး [illegible]ဖြင့်ကြည့်ရင်း သူမအပေါ် အနစ်နာခံနိုင်လွန်းသော ချင်စိရှောင် [illegible] ကရုဏာသက်ကာ မျက်ရည်များ တသွင်သွင်ကျဆင်းလာ [illegible]သည်။

"အစ်ကိုရယ်... ကျွန်မအတွက် ဒုက္ခမခံပါနဲ့တော့ရှင်၊ ကျွန် [illegible]ရာက ဒီလောက်ဝေးလံတဲ့ခရီးကို ဆက်နိုင်တော့မှာ မဟုတ်ပါ

www.burmeseclassic.com



ဘူးရှင်၊ အစ်ကိုပင်ပန်းမဲ့ဒဏ်ရှိသလို ညီမလဲ အပင်ပန်းမခံနိုင်တော့ပါဘူး၊ ဆရာ့နောက်ကို လိုက်သွားပါရစေတော့"

ထန်လေရီသည် ပြောရင်း အသံများ တုန်ယင်လာသည်။

ချင်စီရှောင်သည် သူမကိုတစ်ချက်ကြည့်လိုက်ပြီး ဆရာတော်ဘက်သို့လှည့်ကာ လျှောက်ထားလေ၏။

"ဆရာတော်ဘုရား တပည့်တော်တို့ကို မကယ်နိုင်တော့ဘူးလား၊ တပည့်တော် သေချင်သေပါစေ၊ နှင်းကြာပွင့်ခြောက်ကို ရအောင်ယူပေးပါရစေ"

ဆရာတော်သည် သူတို့အား ကရုဏာသက်ဖွယ်ဖြင့် ကြည့်ပြောသည်။

"မင်းတို့သွားချင်ရင် သွားနိုင်အောင် ငါစီစဉ်ပေးမယ်၊ ငါ့မှာရှိတဲ့ဆေးကို အရင်တိုက်လိုက်မယ်၊ ဒီဆေးက ရောဂါလုံးဝမပျောက်ကင်းနိုင်ပေမယ့် သက်သာနိုင်ပါတယ်၊ ပြီးတော့ လျှပ်စစ်မြင်းပျံနဲ့နှင်းတောင်ကို အမြန်ဆုံးသွားပါ၊ တစ်ခုတော့ရှိတယ်၊ နှင်းကြာပွင့်ခြောက်ရမရဆိုတာတော့ မင်းတို့ရဲ့ကုသိုလ်ကံပဲ"

ဆရာတော်သည် သူမအား ဆေးတစ်ခွက်တိုက်လေ၏။

ထို့နောက် ထန်လေရီနှင့်ချင်စီရှောင်တို့သည် ဆရာတော်အား ဦးတိုက်ကန်တော့လိုက်ကြပြီး ခရီးထွက်ကြလေတော့သည်။



မြင်းတစ်ကောင်....။

ထိုမြင်းက လျှပ်စစ်မြင်းပျံ...။

လူနှစ်ယောက်....။

ထန်လေရီက ရှေ့ကစီးလျက် ချင်စီရှောင်က နောက်မှစီးကာ မြင်းကိုနှင်လာသည်။

နှစ်ဦးစလုံး စိတ်ချမ်းသာနေကြသည်။

လမ်းခရီးတွင်....

"အစ်ကို...."

"ညီမ...."

"လောကမှာ ဒီလောက်ခွဲမရအောင် တူနေတဲ့ လူတူတွေရှိနေပါလားရှင်"

ထန်လေရီ၏စကားကို ကြားရသောအခါ ချင်စီရှောင်သည် ငြိမ်းသာသွားသည်။

သည်စကားအရ သူမသည် မိမိလက်ထပ်မည့်သူဖြင့် ဖြစ်

www.burmeseclassic.com



သည်ကို ပြောနေခြင်းပင်တည်း။

ချင်စိရှောင်က ဘာမျှမပြောပေ။

"အစ်ကိုက ကျွန်မပြောတာ မယုံဘူးလား"

ချင်စိရှောင်က ပြုံးလိုက်သည်။

"အစ်ကိုတော့ ဘာပြောရမှန်းမသိတော့ဘူး၊ ညီမဟာ ထန်လေရီလို့လဲပြောတယ်၊ ခု ကျင်လေရီလို့လဲပြောပြန်တယ်"

သူမသည် ချင်စိရှောင်အပေါ် တိုး၍ချစ်လာမိသည်။

ချင်စိရှောင်၏ရိုးသားခြင်း၊ ကြင်နာတတ်ခြင်းများကို သိမြင်လာသည်။

"အစ်ကို့ကို ကျွန်မတစ်ခုပြောချင်ပါတယ်၊ ကျွန်မဟာ ကျင်လေရီအစစ်ပဲဖြစ်ဖြစ်၊ အတုပဲဖြစ်ဖြစ် ကျွန်မကိုကျင်လေရီအဖြစ် သဘောထားနိုင်ပါ့မလား အစ်ကို"

ချင်စိရှောင်က လက်ကာပြလိုက်ရင်း....

"ဟာ... ဒီလိုဘယ်ဖြစ်ပါ့မလဲ"

ထန်လေရီသည် အသံထွက်အောင်ပင် ရယ်လိုက်ပြီး....

"အတုကို အစစ်လိုသဘောမထားနိုင်ရင် ကျွန်မဟာ အစစ်ပါပဲရှင်"

ချင်စိရှောင်က ပြုံးလိုက်ပြီး....

"ညီမပြောတာနဲ့ အစ်ကိုတော့ ရှုးလိမ့်မယ်၊ တကယ်လို့ ညီမက ကျင်လေရီအစစ်ဖြစ်တယ်ဆိုရင် ဘာဖြစ်လို့ ညီမက ဆရာ



ကြီး စိမ့်ဟွမ်းရဲ့တပည့် ဖြစ်နေရတာလဲ"

ထန်လေရီက မျက်မှောင်ကုပ်လိုက်ပြီး....

"ဒါကတော့ အစ်ကိုရယ် ကျွန်မမှာ ဆရာနှစ်ယောက်မရှိရဘူးလို့ ဘယ်သူသတ်မှတ်ထားလို့လဲ"

ချင်စိရှောင်က အနည်းငယ်စဉ်းစားလိုက်ပြီး မေးသင့်မေးဆိုက်သော မေးခွန်းကိုမေးသည်။

"အေးလေ... ဒါတော့ ထားလိုက်ပါတော့၊ ဒါဖြင့်ညီမက ဘာဖြစ်လို့ နဂါးဓားရယ်၊ လျှပ်စစ်မြင်းပျံရယ်၊ ရတနာမြင်းကုန်းနှီးစတဲ့ ပစ္စည်းတွေကို ခိုးယူထွက်ပြေးရတာလဲ"

သူမသည် ကျင်လေရီမဟုတ်သောကြောင့် ထိုအမေးကိုဖြေရန် ခက်သွားသည်။

အတန်ကြာမှ....

"အစ်ကိုရယ်... ဒီအကြောင်းတွေ မေ့ပစ်လိုက်ကြပါစို့ရှင်၊ ကျွန်မမှာ အတွင်းဒဏ်ရာ ရထားတဲ့သူပါ၊ မသေခင် စိတ်ညစ်စရာတွေ မေ့လိုက်ကြပါစို့ရှင်၊ ဒါတွေစဉ်းစားရင် ကျွန်မမခံနိုင်ဘူး"

သူမ၏စကားကိုကြားလိုက်ရသောအခါ ချင်စိရှောင်သည် တွေဝေသွားလေတော့သည်။

သူမမေးချင်ပါ၏။ သူ့အဓိကဦးတက်ချက်မှာ ထန်လေရီ၏ ကျန်းမာရေးဖြစ်ပါသည်။ ထန်လေရီကျန်းမာလျှင် အားလုံးကောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား ကျင်လေရီမဟုတ်ဟု ယုံမှားသံသယမရှိတော့ပါ။

ညောင်ပင်တစ်ပင်....။

သူတို့သည် ညောင်ပင်ရင်းတွင် ခေတ္တအပမ်းဖြေလိုက်ကြသည်။

ချင်စိရှောင်သည် ထန်လေရီအား စေ့စေ့ကြည့်ကာ....

"ညီမက အစ်ကိုရဲ့အချစ်ကိုမယုံကြည်လို့လား၊ ဒီလိုဆိုရင် ညီမနဲ့အစ်ကို ဒီညောင်ပင်ကြီးကိုသက်သေတည်ပြီး တရားဝင်ဇနီးမောင်နှံအဖြစ် သစ္စာဆိုကြမယ်"

ထန်လေရီ ဝမ်းသာသွားသည်။ သူသည် ချင်စိရှောင်အား ချစ်နေမိပြီမဟုတ်ပါလော။ အိမ်ထောင်ပြုခြင်းသည် အချိန်၏သက်သေပင်။

"အစ်ကိုသဘောပဲ"

"ကဲ... ဒါဖြင့် သစ္စာဆိုကြမယ်"

သူတို့သည် ညောင်ပင်ကို လက်အုပ်ချီ၍ သစ္စာဆိုကြ၏။

"ကျွန်တော် ချင်စိရှောင်နှင့် ကျွန်မ ကျင်လေရီတို့သည်"



ထန်လေရီက ရုတ်တရက် ရပ်တန့်လိုက်ပြီး....

"ဟင့်အင်း... ထန်လေရီလို့ထည့်ဆိုပါ"

ချင်စိရှောင်သည် မျက်မှောင်ကုပ်၍ စဉ်းစားလိုက်သည်။

မည်သို့ပင်ဆိုဆို လူတစ်ယောက်တည်းဖြစ်၍ မထူးတော့သည့်အဆုံး သူမစိတ်ချမ်းသာစေရန် သစ္စာဆိုရန် ထပ်မံစလိုက်လေသည်။

"ကျွန်တော် ချင်စိရှောင်နဲ့ကျွန်မ ထန်လေရီတို့သည် မိုးနတ်မင်းကြီးနှင့် ပထဝီမြေကြီးကိုသက်သေတည်ကာ ကျွန်တော် ကျွန်မတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြပါမည်၊ အကယ်၍ သစ္စာဖောက်ဖျက်ပါက ဘေးဒဏ်သင့်ပါစေသား"

သူတို့သည် တစ်ဦးကိုတစ်ဦးကြည့်၍ ပီတိဖြစ်နေကြသည်။

ထန်လေရီမှာ အတိုင်းမသိ ဝမ်းသာနေသည်။

ချင်စိရှောင်ကလည်း ကြည်နူးနေသည်။

"ညီမနဲ့အစ်ကိုတို့ ခုချိန်ကစပြီး ဇနီးမောင်နှံဖြစ်ကြပြီနော်"

ထန်လေရီက မချိုပြုံးပြုံးလိုက်ပြီး....

"ဟုတ်ပါတယ်ရှင်... ဒါပေမယ့် ကျွန်မရဲ့အတွင်းဒဏ်ရာကြောင့် မကြာခင် သေရမဲ့သူပါရှင်"

သူမ၏ စကားကြားရသောအခါ ချင်စိရှောင်သည် ဝမ်းနည်းသွားပြီး မျက်ရည်များ ရစ်ဝဲလာသည်။

"ညီမ ဒဏ်ရာက သေလောက်တဲ့ဒဏ်ရာမဟုတ်ပါဘူး...

www.burmeseclassic.com

အားတင်းစမ်းပါ ညီမရယ်"

ထိုသို့ပြောနေစဉ် တစ်ခဏအတွင်း ထန်လေရီမှာ မျက်လုံးများ ပြူလာသည်။ မျက်နှာပေါ်တွင် သွေးရောင်မရှိတော့ပေ။

"ကျွန်မအခြေအနေကို ကျွန်မသိပါတယ် အစ်ကိုရယ်၊ အစ်ကို ဘယ်လောက်ပဲ အားပေးပေးမယ့် ကျွန်မကတော့ မနေရတော့ဘူးလို့ထင်တယ် အစ်ကိုရယ်၊ သတ္တဝါတစ်ခု ကံတစ်ခုပေါ့လို့ အစ်ကိုရယ် ကံပေးသမျှပေါ့"

သူမသည် ပြောရင်း ကိုယ်ကိုမဟန်နိုင်တော့ဘဲ ယိုင်လဲကျသွားလေ၏။

ချင်စီရောင်သည် ကပျာကယာ သူမအားဆီးကြို၍ ပွေ့ထားလိုက်ရလေ၏။ ယခု ကယ်ရာမဲ့ဖြစ်နေကြလေပြီ။

ထိုစဉ် ရုတ်တရက်....

"ကံကောင်းလို့ ခုလိုလာတွေ့တာ... ကဲ... မင်း အခုဘယ်ပြေးမလဲ၊ ကမ္ဘာမြေဆုံးအောင် မင်းတို့မပြေးနိုင်ပါဘူးကွာ"

အသံတစ်သံကြားလိုက်ရပြီး လူပုနှစ်ယောက်ခုန်၍ ရောက်ရှိလာ၏။ သူတို့သည် ရဲထင်းနှင့်ရဲတိတ်တို့ဖြစ်ကြ၏။

ထန်လေရီသည် အားယူ၍ထိုင်လိုက်ပြီး....

"ရှင်တို့ဘာဖြစ်လို့ ကျွန်မကို လိုက်နှောင့်ယှက်နေရတာလဲ"

သူမ၏အသံမှာ အားမရှိလှချေ။

လူပုညီနောင်နှစ်ယောက် မျက်မှောင်ကုပ်သွားသည်။



"မင်းကိုလာနှောင့်ယှက်တာ မဟုတ်ဘူး၊ မင်း တို့နဲ့ခဏ လိုက်ခဲ့ပါ"

ချင်စီရောင် ဒေါသထွက်လာသည်။

သူသည် ခုန်ထွက်ပြီး လူပုညီနောင်အား တိုက်ခိုက်မည်ပြုစဉ် ထန်လေရီက ချင်စီရောင်အား လက်ကာပြလိုက်ရင်း....

"အစ်ကို... ဒေါသကိုရှေ့မထားပါနဲ့၊ ကျွန်မပြောပါရစေ"

သူမသည် အားတင်း၍ လူပုညီနောင်ဘက် လှည့်ကြည့်လိုက်သည်။

ချင်စီရောင်သည် တိုက်ကွက်ကိုပြန်ရုပ်လိုက်ပြီး သူမအား ထားလိုက်၏။ သူမလဲကျတော့မည် မဟုတ်ပါလား။

ရဲထင်းက မျက်မှောင်ကုပ်၍ကြည့်ရင်း....

"မိန်းကလေး ဘာပြောစရာရှိလို့လဲ၊ ပြောစရာရှိရင် အမြန်ပြောပါ"

ထန်လေရီသည် အင်္ကျီအိတ်အတွင်းမှ ပုလဲလုံးနှစ်လုံးကို ထုတ်ယူလိုက်ပြီး ပြသည်။

"ဟောဒီမှာ ရှင်တို့လိုချင်တာ ဒါ မဟုတ်လား၊ ကဲ... သူသွားတော့၊ ကျွန်မကိုဆက်ပြီး လာမနှောင့်ယှက်နဲ့တော့"

လူပုညီနောင်တို့သည် ထန်လေရီကမ်းပေးလာသောပုလဲလုံးများကို တစ်လုံးစီလှမ်းယူ၍ ကြည့်လိုက်၏။

ပုလဲနှစ်လုံးတွင် 'မီစန်း' ဟူ၍ ရေးသားထားခြင်းကိုတွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။

လူပုညီနောင်နှစ်ဦးသည် နားမလည်နိုင်ဘဲ တစ်ဦးမျက်နှာ တစ်ဦး ကြည့်နေကြလေ၏။

ထန်လေရီက သူတို့အား စေ့စေ့ကြည့်ရင်း....

"ကျိုမီစန်းတောင်ဆိုတာ ရှင်တို့ကြားဖူးမှာပေါ့၊ ဒီပုလဲလုံးတွေဟာ ရတနာမြင်းကုန်းနှီးထဲက ပါလာတဲ့ပစ္စည်းတွေပဲ"

လူပုညီနောင်တို့မှာ ဝမ်းသာသွားကြသည်။

သူတို့သည် ဘာမှဆက်မပြောတော့ဘဲ ကျိုမီစန်းတောင်သို့ သွားရန် ထိုနေရာမှထွက်ခွာသွားတော့သည်။

# အခန်း(၅)

## သေကံမရောက်

ထန်လေရီ၏မျက်နှာလေးမှာ သွေးရောင်မရှိတော့ချေ။ သူမသည် အားအင်ကုန်ခန်းနေသည်။

ချင်စိရောင်သည် သူမ၏ဖြစ်အင်ကိုကြည့်ရှုရင်း မျက်ရည်များ ကျလာသည်။ သူက ကြေကွဲဝမ်းနည်းစွာ မေးလိုက်သေး၏။

"ညီမ နေသာထိုင်သာရှိရဲ့လား"

သူမက မျက်လွှာကလေးပင့်ကာ အားတင်း၍ပြောသည်။

"အစ်ကို ကျွန်မတော့ မနေရတော့ဘူးထင်တယ်၊ အကယ်

www.burmeseclassic.com

www.burmeseclassic.com



၍ ကျွန်မသေဆုံးရင် ကျွန်မရဲ့မိုးနဂါးဓားနဲ့အတူ ဟောဒီအေးချမ်းသာယာလှတဲ့ နေရာလေးမှာ မြှုပ်ခဲ့ပါ အစ်ကိုရယ်"

သူမသည် ပြောရင်း မောဟိုက်လာသည်။

မျက်လုံးများ ရီဝေ၍ မျက်ရည်များ ကျဆင်းလာသည်။

ချင်စိရောင်မှာ လက်ထပ်ပြီးကာမှ ယခုကဲ့သို့ ချစ်ဇနီးလေးနှင့် သေကွဲခွဲရတော့မည့်အခြေအနေကို တွေ့မြင်မိသောခါ အသည်းနှလုံးကွဲထွက်လုမတတ် ပူဆွေးသောကမှာ ရင်ဝယ်ပြည့်လျှံလာသည်။

"ညီမ... ညီမ မသေရဘူး"

သူက ဝမ်းနည်းကြေကွဲစွာ အော်၍ပြောလိုက်လေ၏။

ထန်လေရီသည် မျက်လုံးကိုဖွင့်ကြည့်ရင်း....

"အစ်ကို ဝမ်းမနည်းပါနဲ့တော့ရှင်၊ ကျွန်မကိုချစ်ရင် ကျွန်မပြောတဲ့အတိုင်းသာ ဆောင်ရွက်ပါ၊ ကျွန်မတော့ မနေရတော့ဘူး ကျွန်မလေ... ကျွန်မ...."

ပြောရင်း သူမ၏အသံကား တိမ်ပျောက်သွား၏။

သို့သော် သူမက ကျိတ်၍ သက်ပြင်းရှိုက်လိုက်သည်။

မျက်လုံးအိမ်ထဲတွင် မျက်ရည်အပြည့်။

မကြာပါ။ သူမသည် ငြိမ်သက်သွား၏။

စကားမပြောနိုင်တော့။ သည့်နောက် သူမသည် အသက်သေဆုံးသွားသကဲ့သို့ပင်ဖြစ်၏။



အမှန်တွင်မူ သူမသည် မေ့မျောနေခြင်းသာဖြစ်သည်။

ချင်စိရောင်သည် သူမကိုစေ့စေ့ကြည့်လိုက်၏။

ထန်လေရီ၏မျက်လုံးအစုံသည် မှိတ်၍နေသည်။

မျက်နှာတွင်လည်း သွေးရောင်မရှိ။ ဖြူဖွေးနေ၏။ လူသေတစ်ယောက်၏မျက်နှာနှင့် တူနေသည်။

သူသည် ဝမ်းနည်းကြေကွဲစွာဖြင့် သူမ၏ခန္ဓာကိုယ်ကို လှုပ်နှိုး၍ကြည့်၏။

ထန်လေရီကား မထူးတော့။ လှုပ်ရှားခြင်းလည်း မရှိတော့။

အသက်ရှူခြင်းပင် ရပ်တန့်သွားလေပြီဟု သူထင်မိ၏။

ထို့ကြောင့် အသက်မြှင်မြှင်ကလေးရှူသည်ကိုပင် ဂရုမပြုမိတော့။

သူသည် ဝမ်းနည်းလွန်း၍ ငိုကြွေးနေမိသည့်အတွက် သူမမေ့မျောသွားသည်ကို မသိလိုက်ပါ။

တကယ်ပင် ထန်လေရီ သေပြီဟု ယူဆမိသည့်အတွက် သူကိုပွေ့ဖက်ပြီး ငိုကြွေးနေမိလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်စိရောင်သည် အနက်ငါးပေရှိ ကျင်းကိုတူးပြီးလေပြီ။ ထို ကျင်းတူးသည်မှာ လွန်စွာ ပင်ပန်းလှ၏။

သို့သော် ပင်ပန်းလွန်းသည်ဟု သူမထင်ခဲ့ပေ။

သူသည် ထန်လေရီအား ပွေ့ယူလိုက်ပြီး တူးထားသော ကျင်းထဲသို့ ခုန်ဆင်းလိုက်၏။

သူသည် ငိုထားလွန်း၍ မျက်လုံးများပင် နီရဲမို့မောက်နေ လေပြီ။ သူထပ်၍ မငိုနိုင်တော့ပေ။

တူနှစ်ကိုယ် ချစ်သစ္စာဆိုပြီးကာမှ မမျှော်လင့်ဘဲ သူမတစ် ယောက် သေကွဲကွဲသွားရလေခြင်းဟု ယူကြုံမရဝမ်းနည်းမဆုံးနိုင် အောင် ဖြစ်နေရသည်။ ကြေကွဲနေရသည်။

သူသည် မေ့မျောနေသောထန်လေရီအား အသာအယာ ကျင်းထဲတွင် ချလိုက်သည်နှင့် အသံတစ်သံ ကြားလိုက်ရလေ၏။

"ဟေ့... ဒီမိန်းကလေးနဲ့ မင်းနဲ့ ဘာတော်သလဲ၊ သူသေ သွားပြီလား၊ ငါ့ကိုမြန်မြန်ပြောစမ်း"



အသံကြားရ၍ သူသည် အပေါ်သို့ မော့ကြည့်လိုက်ရာ ကျင်း၏နှုတ်ခမ်းပေါ်တွင် အရုပ်ဆိုးသော အဘွားအိုတစ်ယောက် သည် အဝတ်နက်ကိုခြုံထားလျက် ရပ်နေသည်ကိုတွေ့ရ၏။

သူလုံးဝ မျက်စိမမှားပါ။

ချင်စိရောင်သည် အံ့ဩထိတ်လန့်သွားမိသည်။

"အဘွားကျန်း"

ကျင်းနှုတ်ခမ်းတွင်ရပ်နေသူမှာ အဘွားကျန်းပင် ဖြစ်ပါလေ

အဘွားကျန်းသည် သူ၏တောင်ဝှေးကို ချင်စိရောင်အား မ်းပေးရင်း....

"မင်း... ဒီတောင်ဝှေးကို မြန်မြန်ဆွဲထားလိုက်စမ်း"

ချင်စိရောင်က ကြောင်သွားသည်။

သူသည် အဘွားကျန်း၏တောင်ဝှေးကို လှမ်း၍ဆွဲလိုက် သည်။

အဘွားကျန်းသည် သူ့ကိုအပေါ်သို့ဆွဲတင်လိုက်၏။

ချင်စိရောင်သည် ကျင်းနှုတ်ခမ်းပေါ်သို့ရောက်သည်နှင့် အ ဘွားကျန်းသည် ကျင်းထဲသို့ ရုတ်တရက် ခုန်ချလိုက်သည်။

ထိုစဉ် ထန်လေရီမှာ တစ်ချက်လူးလွန့်လာပြီး ညည်းတွား ထွက်ပေါ်လာသည်။

အဘွားကျန်းက ဝမ်းသာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကျန်းသည် ထန်လေရီအနီးသို့တိုးကပ်သွားပြီး....

"မိန်းကလေး... မင်းဆီက ရတနာမြင်းကုန်းနီးရဲ့လျှို့ဝှက်ချက်ကို အမြန်ပြောစမ်း၊ မင်းအမြန်ဆုံးပြော... မင်းမသေခင်ပြော...."

ထန်လေရီမှာ တစ်ကိုယ်လုံး နာကျင်နေသည်။

သူမသည် မျက်လုံးကိုအသာအယာ ဖွင့်ကြည့်လိုက်ပြီး လေသံတိုးတိုးဖြင့်....

"ကျိုမိစန်းတောင်ကိုညွှန်ပြထားတဲ့ ရတနာမြင်းကုန်းနီးအကြောင်းကို လူပုညီနောင်ကိုပြောလိုက်ပြီ၊ ခုလောက်ဆိုရင် သူတို့တောင်ပေါ်ရောက်လောက်ပြီထင်တယ်၊ သိချင်ရင် မြန်မြန်လိုက်"

အဘွားကျန်းက ဝမ်းသာသွားပြီး....

"မင်း တကယ်ပြောတာလား"

ထန်လေရီက ပင်ပန်းနွမ်းလျစွာ ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်။

ထို့နောက် သူမသည် ပြန်လည်ငြိမ်သက်သွားပြန်သည်။

အဘွားကျန်းသည် ကျင်းနှုတ်ခမ်းပေါ်သို့ ခုန်တက်ပြီး ချင်စိရောင်အား....

"မိန်းကလေး အသက်မရှိတော့ဘူး၊ မြေကြီးသာ မြန်မြန်ဖို့လိုက်တော့၊ မင်းလုပ်စရာ ဒါပဲရှိတယ်...."

ကျင်းထဲရှိ ထန်လေရီက ထိုအသံကိုကြားလိုက်ရ၏။



သို့သော် သူမတစ်ကိုယ်လုံးမှာ အားအင်ကုန်ခန်းနေသဖြင့် မလှုပ်ရှားနိုင်။ သူလှုပ်ချင်သည်။ လုံးဝမလှုပ်နိုင်။

စကားလုံး ပြန်၍မပြောနိုင်ပါ။ စကားလည်း ပြောချင်ပါသည်။

သူမသည် မျက်လုံးအစုံကိုမှိတ်ထားရင်း စိတ်ထဲတွင်သာ ကျိတ်၍ ပြောနေမိသည်။

"ငါမသေသေးဘဲနဲ့ ဒီအဘွားကြီးက ငါ့ကိုသေပြီလို့ လိမ်ပြောတယ်"

သူမသည် စိတ်ထဲတွင် ထိုသို့ပြောနေစဉ် မြေကြီးများ အခဲလိုက် အတုံးလိုက် ဘေးတစ်ဘက်သို့ကျရောက်လာသည်။

"ကျွန်မ မသေသေးဘူးရှင့်... မသေသေးဘူး"

ထန်လေရီက အော်၍ ပြောလိုက်သော်လည်း အသံကထွက်မလာချေ။ လုံးဝအသံထွက်မလာချေ။

သို့သော် မြေစိုင်ခဲများ တစ်တုံးပြီးတစ်တုံးကျင်းထဲသို့ကျရောက်လာ၏။

ကျင်းထဲသို့ မြေစိုင်ခဲကြီးများသာ ကျရောက်လာသည့်အတွက် ထန်လေရီအဖို့ မြေကြီးတုံးကြီးများကြားမှ အသက်ရှူမရနိုင်သည့်ဒုက္ခအပြင် ကျင်းပေါ်မှ ချင်စိရောင်၏ ပူဆွေးသောကရောက်ပြီး တတွတ်တွတ် ပြောဆိုနေခြင်းများကိုပါ ကြားနေရသည်။

သို့သော် သူမသည် လှုပ်ရှား၍မရပါ။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာလာသောအခါ သူမသည် ဘာမျှခံသိတော့ဘဲ မေ့မျောသွားလေတော့သည်။

ညနေဆည်းဆာချိန်.....။

လူတစ်ယောက်သည် ထိုနေရာအနီးမှ ဖြတ်သွားသည်။

ထိုသူမှာ တိရစ္ဆာန်များ၏ဘုရင် ရှန်ပိန်းဖြစ်လေသည်။

သူသည် ညည်းတွားသံကြားရ၍ အလောင်းမြှုပ်နှံထားသောကျင်းကို တူးဖော်လိုက်ရာ သူသည် အံ့ဩသွားလသည်။

သူတွေ့ဖူးသော မိန်းမချောကလေးတစ်ယောက်ဖြစ်နေပြီး သူမသည် အတွင်းဒဏ်ရာ အပြင်းအထန်ခံစားနေရသည်ကို သူသိလိုက်၏။

ထိုအခါ သူသည် ရုတ်တရက် စဉ်းစားမိလိုက်သည်မှာ တစ်ချိန်က သူနှင်းတောင်ပေါ်ရောက်ခဲ့စဉ်က နှင်းကြာပွင့်ခြောက်ကိုရရှိခဲ့သည်။

ထိုနှင်းကြာပွင့်ခြောက်ကို သူ၏ဆရာအား ပြသသောအခါ ယင်းနှင်းကြာပွင့်ခြောက်မှာ မည်သည့်အတွင်းဒဏ်ရာမဆို ပျောက်



င်းနိုင်ကြောင်း သိခဲ့ရသည်။

ထို့နောက် သူသည် သူ့အိတ်ထဲမှနှင်းကြာပွင့်ခြောက်ကို ထုတ်ယူ၍ မိန်းကလေးအား တိုက်ကျွေးလိုက်လေတော့သည်။

ထန်လေရှီသည် သတိရလာပြီး မျက်လုံးကိုဖွင့်ကြည့်လိုက်သ၏။ သူမ၏ မျက်လုံးများ ပြာဝေခြင်း မရှိတော့ပါ။

တိရစ္ဆာန်များ၏ဘုရင် ရှန်ပိန်းကို တွေ့မြင်ရသည့်အတွက် မသည် အံ့ဩသွားသည်။

ရှန်ပိန်းက သူမအား စေ့စေ့ကြည့်ပြီး ရှင်းပြလိုက်သည်။

"မိန်းကလေးဟာ သိပ်ကုသိုလ်ထူးတယ်၊ ကျုပ် ဒီနေရာ ာက်လာတော့ ညည်းသံကြားတာနဲ့ ဒီမြေပုံကိုတူးဖော်ပြီး ကြည့် က်တော့ မိန်းကလေးကိုတွေ့ရတာပဲ၊ ပြီးတော့ မင်းမှာအတွင်း ဏ်ရာနေတာလဲ တွေ့ရလို့ ကျုပ်ရဲ့ဆေးမြစ်ကို ကျွေးလိုက်တော့ င်း ခုလိုဖြစ်လာတာပဲ"

သူသည် သူ၏နှင်းကြာပွင့်ခြောက်ကို တိုက်ကျွေးလိုက်၍ တွင်းဒဏ်ရာ ပျောက်ကင်းသွားပုံကို ပြန်လည်ရှင်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီမှာ ဝမ်းသာလွန်းပြီး ကျေးဇူးတင်လှသဖြင့် ဒူးတုပ်၍ ရှန်ပိန်းအား ဦးသုံးကြိမ်ချကန်တော့လိုက်သည်။

ရှန်ပိန်းက ခေါင်းညိတ်လိုက်ပြီး....

"အင်း... ကျုပ်ကို သိပ်ကျေးဇူးတင်မနေနဲ့ အမှန်တော့ မိန်းကလေးရဲ့ကုသိုလ်ပဲလို့ ဆိုရမှာပဲ၊ ကျုပ်မှာလဲ အင်မတန်ရခဲတဲ့ နှင်းကြာပွင့်ခြောက် အသင့်ပါလာလို့ ခုလိုမိန်းကလေးရဲ့ဒဏ်ရာကိုကုသနိုင်ခဲ့တာပေါ့"

ထန်လေရီမှာ တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းနေသည်။

နှင်းကြာပွင့်ခြောက်၏ အာနိသင်ဆေးစွမ်းကြောင့် မိမိတွင်ခံစားနေရသော အတွင်းဒဏ်မှာ လုံးဝပျောက်ကင်းသွားလေပြီ။ သူမဝမ်းသာလှသည်။

သူမသည် ရှန်ပိန်းအား ဂါရဝပြုလိုက်ပြီး....

"အစ်ကိုကြီး ကျွန်မရဲ့ဆရာစိမ့်ဟွမ်းဟာ ခုမရှိတော့ပါဘူး၊ ဖြစ်နိုင်မယ်ဆိုရင် ကျွန်မကို အစ်ကိုကြီးရဲ့တပည့်အဖြစ် အသိအမှတ်ပြုပါ"

ထန်လေရီက ပြောရင်း ဦးသုံးကြိမ်ချကန်တော့လိုက်ပြန်သည်။

ရှန်ပိန်းက ပြုံး၍ကြည့်ရင်း....

"ကဲ... ထတော့၊ ညီမကို အစ်ကိုကြီးကညီစောင့်ရှောက်ပါ့မယ်၊ ညီမရဲ့ဆန္ဒအတိုင်း တပည့်တစ်ယောက်အနေနဲ့ အစ်ကိုကြီးလက်ခံပါ့မယ်"



ထန်လေရီ၏မျက်နှာမှာ ကြည်လင်သွားလေသည်၊ ရှန်ပိန်း၏တပည့်ဖြစ်ရန် ခက်ခဲလှသည်။ သူမ၏ဆရာက ပြောခဲ့ဖူးသည်မဟုတ်ပါလော။

"ဆရာ...."

ထန်လေရီက လှိုက်လှဲစွာ ခေါ်လိုက်၏။

ရှန်ပိန်းက လှိုက်လှဲစွာပြုံးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

## သေရွာပြန်ဝိန်းကလေး

ရှန်ဝိန်းက ပြုံး၍ကြည့်ရင်း စကားပြောသည်။

"အစ်ကိုကြီးအနေနဲ့ တပည့်တပမ်း မွေးလေ့မရှိပါဘူး ဒါ ပေမယ့် ညီမကိုတော့ သိုင်းပညာ ထပ်မံဖြည့်စွက်သင်ကြားပေး တစ်နှစ်လောက်တော့ အစ်ကိုကြီးအနားမှာ နေခွင့်ပြုလိုက်မယ်၊ တစ် နှစ်အတွင်း ညီမအနေနဲ့ သိုင်းပညာကိုကြိုးစားသင်ယူပေတော့၊ တစ် နှစ်ထက်ပိုပြီးတော့ ညီမကိုနေခွင့်မပြုပါဘူး"

ထန်လေရီမှာ ဝမ်းသာသွားပြီး ချက်ချင်းပင် ဒူးထောက်၍



ရှန်ဝိန်းအား ထပ်မံဂါရဝပြုလိုက်ပြန်သည်။

ရှန်ဝိန်းက ခေါင်းညိတ်လိုက်ပြီး သူမအား တွဲထူ၍ ထစေ လိုက်သည်။

"ဟိုတောင်ထိပ်မှာ အစ်ကိုကြီးဆောက်ထားတဲ့ အိမ်သုံးလုံး ရှိတယ်၊ ဒီတော့ ခုချိန်ကစပြီး အဲဒီတောင်ထိပ်က အိမ်မှာ ဆရာနဲ့တ ပည့်တို့ နေထိုင်ကြပြီး သိုင်းပညာသင်ကြရအောင်"

ထန်လေရီက ခေါင်းညိတ်လိုက်ပြီး....

"ကောင်းပါပြီဆရာ"

"ကဲ... ဒါဖြင့် တပည့်ပစ္စည်းတွေယူပြီး တောင်ထိပ်ကိုခရီး ထွက်ကြစို့"

"ဟုတ်ကဲ့ဆရာ"

ထို့နောက် သူတို့သည် တောင်ထိပ်စခန်းသို့ ခရီးထွက်လာ ကြသည်။

သူ၏ချစ်သူ ချင်စိရှောင်သည် သူ၏အတွေးထဲသို့ လုံးဝဝင် မလာချေ။

www.burmeseclassic.com

www.burmeseclassic.com



တစ်လ....။

နှစ်လ....။

ခြောက်လခန့်ကြာခဲ့သည်။

ထန်လေရီသည် တောင်ပေါ်စခန်း၌ နေထိုင်ရင်း ရှန်ပိန်း၏ သင်ကြားပြသသော ဆန်းကျယ်နက်နဲသည့် သိုင်းကွက်များကို ကြိုးစားသင်ယူခဲ့ရသည်။

ယခု ထန်လေရီသည် ခွန်အားမှလွဲ၍ အတွင်းအားအတော် ပြည့်စုံလာသည်။

သိုင်းပညာလည်း အတော်တိုးတက်လာသည်။

ရှန်ပိန်းက ပြုံး၍ သူမအားကြည့်ရင်း....

“တပည့်အနေနဲ့ နောက်ထပ်နှစ်ဝက်လောက် ဆက်ပြီး သိုင်းပညာလေ့ကျင့်လိုက်ရင် အတော်တိုးတက်လာမယ်၊ ဒါပေမယ့် အရင် မိုးပျံကျောင်းမှာလို ဆရာမသိဘဲ တိတ်တဆိတ် ထွက်မပြေးဘူးနော်”



ထန်လေရီက ရှက်ပြုံးပြုံးလိုက်ပြီး....

“ကျွန်မ ဆရာမသိဘဲ ထွက်မသွားပါဘူးဆရာ”

ရှန်ပိန်းက ခေါင်းညိတ်၍....

“ကောင်းပြီ... ဒီလိုဆိုရင် တပည့် ဒီမှာပဲနေခဲ့ပြီး သိုင်းပညာကို လေ့ကျင့်နေပေတော့၊ ဆရာကိစ္စရှိလို့ ခရီးထွက်လိုက်အုံးမယ်၊ ဆရာအချိန်မီ ပြန်လာမှာပါ....”

“စိတ်ချပါ ဆရာ”

သည့်နောက် ရှန်ပိန်းက မှာကြားစရာရှိသည်များကို မှာကြားပြီး ခရီးထွက်သွားလေတော့သည်။

သိုင်းသမားတို့ ထုံးစံအတိုင်း လူတစ်ကိုယ်ချည်းသာ ထွက်သွားခဲ့သည်။

ဆရာရှန်ပိန်း ခရီးထွက်သွားပြီးနောက် ထန်လေရီသည် တောင်ပေါ်စခန်း၌ နေထိုင်ရင်း သိုင်းပညာများကို မပျက်မကွက် လေ့ကျင့်သည်။

အားလပ်သောအချိန်တွင် ရှန်ပိန်းမွေးမြူထားသော တိရစ္ဆာန်မျိုးစုံများနှင့် ဆော့ကစားခြင်းဖြင့် အချိန်ကိုကုန်စေသည်။

တိရစ္ဆာန်များကလည်း စုံလင်လှသည်။ ကြက်၊ ဝက်နှင့်သိုး ကောင်များ....။

လဝက်ခန့်ကြာသောအခါ တောင်ခြေမှ ကုန်သည်များ ...န်းသွားသောအသံများ၊ မြင်းသံ၊ လှည်းသံများကို ကြားရ

www.burmeseclassic.com



သည့်အတွက် သူမ၏စိတ်မှာ မငြိမ်မသက် ဖြစ်ရပြန်လေ၏။

သူမသည် တောင်အောက်သို့ ဆင်းလိုသောစိတ်ဆန္ဒ ဖြစ်ပေါ်လာသည်။

သူမသည် ဆရာအား အသိမပေးဘဲ တောင်အောက်သို့ ထွက်ပြေးတတ်သူမဟုတ်ပါလား။

သူမသည် မိမိ၏သိုင်းပညာ အတော်အတန် တိုးတက်မြင့်မားလာခြင်းကို သိထား၏။

တစ်ခါတစ်ရံ သူမ၏စိတ်သည် သိုင်းလောကထဲသို့ ပြန်လည်ဝင်ရောက်လိုသည်။

လိပ်ပြာယပ်တောင်ပိုင်ရှင် ဖန်ကွမ်းစုနှင့် သိုင်းပညာယှဉ်ပြိုင်လိုစိတ်များ ဖြစ်ပေါ်လာသည်။

တစ်ဖန် သူမ၏စိတ်မှာ ချင်စီရှောင်ထံသို့ လွင့်ပါသွားပြန်သည်။

တစ်ကြိမ်က မိမိနှင့်အကြင်လင်မယားအဖြစ် သစ္စာတိုင်ခဲ့သည်ဖြစ်သော်လည်း မိမိနှင့်ရုပ်ဆင်တူသော ကျင်လေရီကလည်း ရှိနေပြန်သေးသည်။

အကယ်၍ ချင်စီရှောင်သာ ကျင်လေရီနှင့် တွေ့ဆုံလျှင် မည်ကဲ့သို့ရှိမည်နည်း။

စသည်... စသည်အတွေးများ သူမ၏ဦးနှောက်ထဲသို့ ရောက်လာလေ၏။



ဤသို့အတွေးများ တစ်ခုပြီးတစ်ခု ဦးနှောက်ထဲသို့ ရောက်လာသည့်အတွက် သူမ၏စိတ်မှာ ရှုပ်ထွေးလာလေ၏။

သိုင်းပညာသင်ကြားနေချိန်တွင် စိတ်အာရုံမပျံ့လွင့်ရန် အထူးအရေးကြီးလှလေသည်။

နောက်ဆုံး သူမသည် ရှန်ပိန်းပြောသော စကားများကိုပင် မေ့ပျောက်ကာ....

"အပြင်လောကမှာလဲ လေ့လာစရာပညာတွေ အများကြီး ရှိနေသားပဲ"

သူမက တစ်ယောက်တည်း ကျိတ်၍ ဆင်ခြေပေးနေပြန်သည်။

နောက်ဆုံး သူမသည် ဤနေရာသို့ထွက်ခွာရန် ဆုံးဖြတ်ချက်ချလိုက်ပြီး ဆရာရှန်ပိန်းပေးထားသော တောရိုင်းသတ္တဝါထဲမှ အစွယ်ချိုးထားပြီး အလွန်ယဉ်ပါးလှသော ခုနစ်ပေခန့်ရှည်လျားသည့် မြွေတစ်ကောင်ကိုအဖော်ပြု ခရီးသွားရန်ဆုံးဖြတ်လိုက်သည်။

ယင်းမြွေကို ထန်လေရီသည် လက်မောင်းတွင်ပတ်ကာ အဝတ်အစားအချို့ကိုယူပြီး တောင်ပေါ်စခန်းမှထွက်လာခဲ့တော့၏။

တောင်ခြေတစ်နေရာရှိ မိမိအား မြှုပ်နှံထားသောနေရာလေးသို့သွားရောက်ကြည့်ရှုရန် ဆန္ဒဖြစ်ပေါ်လာသည့်အလျောက် သူမသည် တစ်ကြိမ်က ချင်စီရှောင်နှင့် ခွဲခွာကာနီး မြေပုံနေရာလေးသို့ဦးတည်၍ ခရီးနှင်လာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအကြိမ်ဖြင့် မြေပုံကိုကြည့်လိုသည်။

ထန်လေရီသည် မြေပုံနေရာသို့ ဦးတည်၍လာ၏။

ထိုစဉ် ကျယ်လောင်သောအသံတစ်သံကို ကြားရသည့်အတွက် သူမသည်အနီး၌ရှိ သစ်ပင်တစ်ပင်ကိုကွယ်၍ မြေပုံနေရာသို့ ချောင်းကြည့်လိုက်မိသည်။

"မင်းအခုချက်ချင်း အငိုတိတ်လိုက်စမ်း၊ မင်းဟာယောကျ်ားတန်မဲ့ မိန်းမတစ်ယောက်အတွက်နဲ့ ခုလိုလာငိုနေတာ မရှက်ဘူးလား"

ထိုအသံကို ထန်လေရီ ကြားဖူးသည်။

ထိုစဉ်....

"ကျွန်တော့် ဇနီးလောင်းမြှုပ်နှံထားတဲ့နေရာကို လာပြီး လွမ်းဆွတ်လို့ငိုတာ နောင်ကြီးအတွက် အနှောင့်အယှက်မဖြစ်ဘူးလို့ ထင်ပါတယ်"

ထိုအသံကိုလည်း သူမသည် ကြားဖူး၏။

ထန်လေရီသည် အသံလာရာသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ သူမသည် အံ့ဩမိပေသည်။

အော်ငေါက်သံမှာ မိုက်ရူးရဲ ရဲ့ရန်းဖြစ်ပြီး ပြန်ပြောသူမှာ မိမိတစ်ကြိမ်က ဤနေရာတွင် ဇနီးမောင်နှံအဖြစ် ပန်သစ္စာပြုခဲ့သည့် ခင်ပွန်းချင်စိရောင်ပင်ဖြစ်နေသည်။

ထိုအခါ အသံများ ဆက်ပေါ်လာပြန်သည်။



"မင်းဟာ ယောကျ်ားတစ်ယောက်လုပ်နေပြီး ခုလို လာငိုနေတာမရှက်ဘူးလား၊ ခုလို ငိုနေမယ့်အစား အရှေ့ပင်လယ်က 'ကျီးသို့'ကျွန်းမှာ လက်ရုံးရည်ယှဉ်ပြိုင်ဖို့ သွားပါလား"

ချင်စိရောင်သည် ကျောက်ပြားမှတ်တိုင်ရှေ့၌ မျက်ရည်ဖြိုင်ဖြိုင်ကျဆင်းလျက် ရဲ့ရန်းအား စေ့စေ့ကြည့်လိုက်၏။

"နောင်ကြီးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်မှာ ဇနီးသည်သေပြီးကတည်းက စိတ်ထိခိုက်နေတာကြောင့် သိုင်းပညာယှဉ်ပြိုင်ချင်တဲ့စိတ် မရှိပါဘူး၊ နောင်ကြီး သွားလိုရာသွားပါ၊ ကျွန်တော့်ကိုတော့ လာမနှောင့်ယှက်ပါနဲ့"

ရဲ့ရန်းက မျက်နှာနီရဲလာသည်။

ဒေါသထွက်လွန်း၍ သူသည် ရုတ်တရက် လက်ဝါးဖြင့် ကျောက်ပြားကိုရိုက်ချလိုက်လေ၏။

"ဝုန်း...."

ဟူသောအသံနှင့်အတူ ချင်စိရောင်လက်တဲ၌ရှိ ကျောက်ပြားသည် ထက်ပိုင်းကျိုးသွားသည်။

ချင်စိရောင်သည် တစ်ကိုယ်လုံး တုန်ယင်သွား၏။

ဒေါသရောင်များ မျက်နှာပေါ် လွှမ်းလာသည်။

"ကျုပ်ကိုမငိုပါနဲ့လို့ တားမြစ်တာကိုတော့ ကျုပ်သည်းခံနိုင်သေး၊ ဒါပေမယ့် သွားလေသူ ကျုပ်ဇနီးသည်ရဲ့ မှတ်တိုင်ကျောက်ပြားကို ရိုက်ချိုးဖျက်ဆီးတာတော့ ကျုပ်သည်းမခံနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com



စကားဆုံးသည်နှင့် ချင်စိရောင်သည် ရုတ်တရက် မတ်တတ်ရပ်လိုက်ပြီး သူသည် အားအပြည့်သုံး၍ ရဲ့ရှန်း၏ ရင်ညွန့်ဆီသို့ လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်လေ၏။

ထိုစဉ် ရဲ့ရှန်းသည် ချင်စိရောင်၏ လက်ဝါးစောင်း မိမိထံသို့ ရောက်လာသော်လည်း ချင်စိရောင်မှာ စာပေသမားတစ်ယောက်အသွင် ပေါ်လွင်နေသည့်အတွက် သူ၏တိုက်ကွက်ကိုမမှုဘဲ မိုက်ရူးရဲ ရဲ့ရှန်းသည် ရင်ဘတ်ကိုကော့ခံပေးလိုက်၏။

သူ၏ ရည်ရွယ်ချက်မှာ ချင်စိရောင်၏ လက်ဝါးစောင်းကို ယောင်ကိုင်းသွားလောက်အောင် အစွမ်းပြရန် ဖြစ်သည်။ သို့သော် သူထင်သကဲ့သို့မဟုတ်။

ချင်စိရောင်၏ပြင်းထန်သော လက်ဝါးစောင်းသည် ရဲ့ရှန်း၏ရင်ဘတ်သို့လာရောက်ထိသွားသည်။

မိုက်ရူးရဲ ရဲ့ရှန်းသည် ပြင်းထန်သော နာကျင်ခြင်းကို ခံစားသွားရ၏။ မျက်နှာရှုံ့မဲ့သွားသည်။

"မင်းက ငါ့ကိုအားအပြည့်သုံးပြီး တိုက်တာပေါ့လေ"

သူသည် ဒေါသကိုမချုပ်တည်းနိုင်တော့ဘဲ ကျောက်ပြားအကျိုးကိုကောက်ယူပြီး ချင်စိရောင်အား ပစ်ပေါက်လိုက်လေ၏။

ချင်စိရောင်က အသာအေးတစ်ဘက်သို့ ရှောင်တိမ်းပေးလိုက်၏။

ထိုစဉ် ရုတ်တရက် သစ်ပင်ကွယ်မှ ထန်လေရှီသည် ခုန်၍



ထွက်လာသည်။

ထိုမြင်ကွင်းကို မြင်ရသောအခါ မိုက်ရူးရဲ ရဲ့ရှန်းသည်နှင့် ချင်စိရောင်မှာ အံ့အားသင့်ကာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

ထန်လေရှီသည် ရဲ့ရှန်းထံသို့ လျှောက်သွားပြီး သူမ၏လက်မောင်းကို ဆန့်ထုတ်လိုက်သည်။

သူမ၏လက်မောင်းတွင် ရစ်ပတ်နေသောမြွေမှာ ပါးပြင်းထောင်၍ ထွက်လာသည်။

တစ်ဖန် ထန်လေရှီသည် ရဲ့ရှန်းထံသို့ ရှေ့တစ်လှမ်းတိုးလိုက်ပြီး....

"ကျွန်မကိုနှုတ်ဆက်ဖို့ ရှင်သတိမရသေးဘူးလား"

ရဲ့ရှန်းမှာ ပါးစပ်ပိတ်နေလေ၏။

မျက်လုံးပြူး၍ သူမအား ငေးကြည့်နေမိသည်။

မြွေမှာ ကိုယ်လုံးသေးသော်လည်း ခေါင်းက ကြီးသည်။

ထန်လေရှီသည် မြွေအမြီးကိုဆွဲလိုက်သည်နှင့် မြွေသည် ပါးပြင်းထောင်ပြီး ရဲ့ရှန်း၏လည်ပင်းကိုလှမ်းပေါက်၏။

မြွေပေါက်ခြင်းမှာ မြန်လှသည်။

သို့သော် ရဲ့ရှန်းသည် သိုင်းပညာခေသူမဟုတ်။

သူသည် ရုတ်ခြည်းလက်ဝါးကိုလှန်၍ မြွေခေါင်းအောက် လည်ပင်းကိုဆွဲညှစ်ရန် လက်ကိုဆန့်တန်းလိုက်လေ၏။

ထန်လေရှီသည် ရဲ့ရှန်း၏တိုက်ကွက်ကို ကြိုတင်တွက်ဆမိ

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် သူ၏လက်ဆန့်တန်းလာသည်နှင့် ထန်လေရီသည် မြွေကို တစ်ပတ်လှည့်ပေးလိုက်ခြင်းဖြင့် ရဲ့ရန်း၏လက်မောင်းကိုပွတ်ဆွဲလိုက်သည်။

မြွေ၏ကိုယ်ထည်ကို အချွန်ပါသည့်သံကိုယ်ထည် စွပ်ပေးထားလေ၏။

ရဲ့ရန်းမှာ သိုင်းပညာမခေသော်လည်း သံချွန်၏အသွားများရှိသော မြွေ၏ကိုယ်ထည်နှင့် ပွတ်တိုက်မိသောကြောင့် ရဲ့ရန်း၏လက်မောင်းမှာ တစ်လက်မခန့်ကွဲသွားပြီး သွေးများလက်မောင်းတစ်ခုလုံး ရဲသွားသည်။

ရဲ့ရန်းသည် ထိတ်လန့်သွား၏။

ထိုမြွေမျိုးမှာ အလွန်အဆိပ်ပြင်းကြောင်း သိထား၏။

ဤမျှအဆိပ်ပြင်းသောမြွေကို မိန်းကလေးက လက်မောင်းတွင်ပတ်ထားသည်ဖြစ်၍ သိုင်းပညာအဆင့် ခေသူတစ်ယောက်မဟုတ်ကြောင်းကို သူသဘောပေါက်မိ၏။

ထို့ကြောင့် သူသည် နောက်သို့ခုန်ဆုတ်လိုက်သည်။

ထိုစဉ် ချင်စိရှောင်သည်....

"ဟင် လေရီ... လေရီ၊ မင်းဟာ လူလား... တစ္ဆေလား ပြောပါအုံး၊ အစ်ကို့ကိုပြောပါ... အစ်ကို ဦးနှောက်ခြောက်ပြီး သေလိမ့်မယ်"

သူသည် မေးနေရသော်လည်း မျက်နှာမှာ အတိုင်းမသိ



ဝမ်းသာနေသည်။

ထန်လေရီသည် ချင်စိရှောင်အား စေ့စေ့ကြည့်ကာ....

"ကျွန်မ မသေပါဘူးအစ်ကိုရယ်၊ ကျွန်မ လူအစစ်ပါ၊ ဒီမိုက်ရူးရဲ့ကို မှတ်လောက်အောင် ဝိုင်းဆုံးမပြီးမှ ကျွန်မအကြောင်းစုံ ရှင်းပြပါ့မယ်"

ချင်စိရှောင်၏မျက်လုံးမှာ ပြူးကျယ်သွား၏။

တကယ်ပင် သူ၏ဇနီးလောင်းဖြစ်နေသည်ကို မြင်တွေ့ရသည့်အတွက် သူသည် အားတက်လာလေ၏။

သူသည် မိုးနဂါးဓားကို ဆွဲထုတ်လိုက်ပြီး ရဲ့ရန်းအား မိုးနဂါးသိုင်းကွက် (၁၈) ကွက်ဖြင့် စတင် ဝင်ရောက်တိုက်ခိုက်တော့သည်။

ရဲ့ရန်းသည် ရှောင်တိမ်းပေးလိုက်ပြီး တစ်ဆက်တည်း ရှောင်လင်ဆယ့်ရှစ်ကွက်ထဲမှ ခြင်္သေ့အမောက်ထောင် လက်သီးသိုင်းကွက်ဖြင့် ပြန်၍ ခုခံတိုက်ခိုက်သည်။

ချင်စိရှောင်သည် ကပျာကယာ ရှောင်တိမ်းလိုက်သော်လည်း ပခုံးကိုရဲ့ရန်း၏လက်သီးတစ်ချက် အထိခံလိုက်ရသည့်အတွက် ကိုယ်တစ်ချက်ယိုင်သွား၏။

မျက်လုံးများလည်း ပြာသွား၏။

သို့သော် ရဲ့ရန်း၏လက်သီးမှာ အားအပြည့်မသုံးသည့်အတွက် ချင်စိရှောင်အဖို့ ပြင်းထန်သောဒဏ်ရာကိုမရရှိခဲ့ချေ။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ချက်စိရောင်သည် သတိရှိစွာဖြင့် လက်ထဲရှိ မိုးနဂါးဓားဖြင့် ပခုံး၊ ရင်ဘတ်နှင့်ခါးဆီသို့ သုံးချက်ဆင့်၍လှမ်းထိုးလိုက်လေ၏။

ရဲ့ရန်းက ဓားချက်ကို ရှောင်တိမ်းရင်း....

"ဟား... ဟား... ဟား... မင်းက မယားပူမိပြီး သူများသား သမီးပျိုကို ဘာအကြောင်းရိုက်ချင်လို့လဲ"

စကားဆုံးသည်နှင့် သူသည် ကိုးဆစ်ချိုး သံမဏိကျာပွတ် ကိုဝှေ့ယမ်း၍ ချင်စိရောင်အား တိုက်ခိုက်ပြန်သည်။

ချင်စိရောင်က ရှောင်တိမ်းရင်း မျက်မှောင်ကုပ်ကာ....

"ခင်ဗျား ဘာသိလို့လဲ၊ ဒါသေသွားတဲ့ ကျုပ်မိန်းမဗျ၊ ကျုပ် ပူဆွေးနေတို ခင်ဗျားလာတားတာကို မသိတော့ဘူးလား"

ရဲ့ရန်းက မဲ့ပြုံးပြုံးကာ....

"မဖြစ်နိုင်တာတွေ လာပြောနေပြန်ပြီ"

ထိုအခိုက် ထန်လေရီ၏ဓားဦးသည် ရဲ့ရန်း၏ချိုင်းအောက် သို့ရှပ်ထိသွားသဖြင့် အင်္ကျီမှာစုတ်ပြတ်သွားသည်။

သူသည် ထိတ်လန့်သွားပြီး နောက်သို့ဆုတ်လိုက်၏။ ဤ မိန်းကလေးနှင့် ဤလူငယ်သည် သူ့အတွက် အန္တရာယ်ပင်။

ရဲ့ရန်းသည် အခြေအနေမဟန်မှန်း သိလိုက်သောအခါ ခု ခန့်လှည့်ကာ ထွက်ပြေးသွားလေတော့သည်။

ထန်လေရီက ပြုံး၍....

"အစ်ကို ခြောက်လအတွင်း ကျွန်မရဲ့သိုင်းပညာဟာ ဘယ် လောက်တိုးတက်လာတယ်ဆိုတာတွေ့တယ် မဟုတ်လား၊ ကျွန်မရဲ့ သိုင်းပညာတစ်ဆလောက် တက်လာတယ်"

ချင်စိရောင်က သူမ၏လက်ကိုယုယစွာ ကိုင်လိုက်ပြီး....

"ဟုတ်တယ်... အဲဒါကိုအစ်ကိုမေးမလို့၊ ကဲ... ပြောစမ်းပါ ဦး ညီမရယ်၊ ညီမက ဘယ်လိုလုပ်ပြီး သေရာက ပြန်ရှင်လာရတာ လဲ အစ်ကို့မှာတော့ ပူဆွေးလိုက်ရတာ"

ထန်လေရီက ပြုံး၍ကြည့်ရင်း....

"ဒီလိုပါ အစ်ကို... အမှန်တော့ ကျွန်မမသေပါဘူး"

သူမသည် မေ့မြောသွားခဲ့ပြီး နောက်ဆုံးတိရစ္ဆာဘုရင် ရှန် ...က ကယ်တင်ပြီး သိုင်းပညာသင်ကြားပေးခြင်းကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။

ထိုစဉ် ချင်စိရောင်သည် ထန်လေရီသေဆုံးသွားပြီဟုထင် ...ကာ ထန်စန်းတောင်သို့ထွက်ခွာသွားခဲ့၏။

အချိန်မှာ ခြောက်လကြာပြီး နောက်ဆုံး ချစ်ဇနီးလောင်းအ ...တ် လွမ်းစိတ်မပြေသေး၍ ဤနေရာသို့လာရောက်ပူဆွေးတမ်းတ ...ဉ်....

ယခုကဲ့သို့ မမျှော်လင့်ဘဲ ရဲရန်းနှင့် ဆုံတွေ့ရသည့်အ ...ကြောင်းကို ပြန်လည်၍ပြောကြားလိုက်လေ၏။

ထန်လေရီသည် ချင်စိရောင်၏စကားကိုကြားရသောအ ...



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို… အစ်ကိုဟာ တကယ်တော့ ကျွန်မအပေါ်မှာ သံယောဇဉ်ကြီးမားလှတယ်နော်"

သူမက ကျိတ်၍ ဝမ်းသာမိသည်။

ချင်စိရှောင်သည် သူမ၏ကိုယ်လုံးကလေးကို အသာအယာ ထွေးပိုက်ထားရင်း…

"သံယောဇဉ်ကြီးတာကြောင့်မို့လို့လဲ အခုလို ချစ်ဇနီးနဲ့ ပြန် တွေ့ရတာပေါ့ကွယ်"

ထန်လေရီ၏မျက်နှာမှာ ရဲခနဲဖြစ်သွား၏။

ရှက်ရှာလွန်း၍ ခေါင်းကလေးကို ငုံ့ထားသည်။

သို့သော် သူမ၏ရင်ထဲတွင် ရုတ်တရက် တစ်စုံတစ်ရာကိုသ တိရလာမိသည်။ အမှန်ပင် မိမိမှာ ကျင်လေရီမဟုတ်။

ကျင်လေရီအစားဝင်နေရသော အသည်းနှလုံးပွားထားရေ တစ်ဦးဖြစ်ကြောင်း သူမသတိရလာမိသည်။

သို့သော် ကျင်လေရီကား ယနေ့အထိ သတင်းအစအနမေ

ချင်စိရှောင်၏ယုယကြင်နာမှု၊ မြတ်နိုးတွယ်တာမှု ကြောင့် ထန်လေရီသည် တဖြည်းဖြည်း သူ့အပေါ် ချစ်စိတ်ဝင်လာ လေသည်။

ယခုတော့ ထန်လေရီသည် ချင်စိရှောင်အပေါ် ချစ်ကြ တွယ်တာနေမိလေပြီ။

သူသည် ထန်လေရီ၏ရင်ထဲမှ ခံစားချက်များကို ချင်



ရှောင်က မသိရှာ။

သူသည် ထန်လေရီနားသို့ကပ်၍ ခပ်တိုးတိုးပြောလိုက် သည်။

"အခု အစ်ကိုတို့ သစ္စာပြုထားတဲ့ ဇနီးမောင်နှံဖြစ်နေပြီ နော်၊ ညီမ အစ်ကို့ကိုထားပြီး ရှောင်ပြေးလို့မရတော့ဘူး"

ထိုစကားကို ကြားရသောအခါ ထန်လေရီ၏မျက်နှာမှာ ကြက်သွေးဖြာသွားသည်။

"ညီမရယ်… အစ်ကိုတို့ဇနီးမောင်နှံအဖြစ် ရောက်နေကြမှပဲ အဖြစ်လို့များ ရှက်နေရတာလဲကွယ်"

ထန်လေရီက အဖြေမပေး။

အတန်ကြာအောင် ချစ်သူရင်ခွင်ထဲ မှေးစက်နေမိပေသည်။

အချိန်အတော်ကြာသောအခါ ချင်စိရှောင်သည် တောထဲ၌ ကျက်ထားသောမြင်းကို သွားယူလေ၏။

ချစ်သူနှစ်ဦး….။

မြင်းတစ်ကောင်ကိုအတူစီးကာ ခရီးဆက်လာခဲ့ကြလေ သည်။

နေဝင်ချိန်တွင် သူတို့သည် မြို့တစ်မြို့သို့ ရောက်ရှိလာခဲ့ကြ

သူတို့သည် ထိုမြို့ရှိတည်းခိုရိပ်သာတစ်ခုတွင် ဝင်ရောက် တည်းခိုကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်စိရောင်က ဓနီးမောင်နှံဖြစ်နေပြီဖြစ်၍ အခန်းတစ်ခန်းကိုသာ ဌားရမ်းအိပ်ရန်ကိုပြော၏။

ထိုအခါ ထန်လေရီက....

"ကျွန်မတို့တွေ့ဆုံနေကြပြီပဲ နောက်ထပ် ထွက်ပြေးကြမှာမှ မဟုတ်တာ၊ ဟိုနန့်ပြည်နယ်ပြန်ရောက်မှ လက်ထပ်ပွဲကျင်းပကြပြီး အစ်ကို့သဘောကျ ဖြစ်စေရပ့ါမယ် အစ်ကိုရယ်၊ ခုတော့ တစ်ယောက်တစ်ခန်းစီ အိပ်ကြရအောင်လား"

ချင်စိရောင်က နောက်ဆုံး သူမ၏ဆန္ဒကို လိုက်လျောပြီး တစ်ယောက်တစ်ခန်းစီခွဲ၍ အပန်းဖြေအိပ်စက်လိုက်ကြသည်။

နောက်တစ်နေ့ မိုးလင်းလာသောအခါ သူတို့သည် ထိုမြို့မှ ခရီးဆက်၍ ထွက်လာခဲ့ပြန်သည်။

မြင်းတစ်စီးနှင့်လူနှစ်ယောက်ပင် ဖြစ်ပါလေ၏။

BURMESE CLASSIC .com

## အခန်း(၇)

## ကျိုမိစန်းတောင်တိုက်ပွဲ

ကျန်ခဲ့သောခြောက်လက ကျိုမိစန်းတောင်ပေါ်၌ ကျူန်ချွမ်းနင်ဆိုင်တွေ့ကြုံရသည့် တစ်ခုသောဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

တစ်နေ့ ညမှောင်ထဲတွင် မှန်ပေသည်။ မိုးကြိုးသည်းထန်စွာ ရွာနေသည်။

လျှပ်စီးများ လက်လျက်ရှိသည်။

အမှောင်ထုက ဝန်းကျင်တစ်ခုတွင် စိုးမိုးနေသည်။

မိုးရွာသံနှင့်အတူ တိုက်ခိုက်ခုတ်ထစ်သံများ ဆူညံပွက်လောရိုက်ပြီး ညံနေ

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

အမှောင်ထဲတွင် လူငါးဦးတိုက်ခိုက်နေကြလေ၏။

ထိုလူငါးဦးနှင့် မလှမ်းမကမ်း တစ်နေရာရှိ ကျောက်ဖျာအောက်တွင် မိုးခိုနေသော ကျူနံချွမ်း....။

ကျူနံချွမ်းသည် မိုးခိုရင်း အမှတ်မထင် လျှပ်စီးလင်းသော အလင်းရောင်ဖြင့် ကျောက်ဖျာအမိုးပေါ်တွင် ဆေးဖြင့်ရေးသားထားသောစာရှည်များကို တွေ့မြင်လိုက်ရလေသည်။

ယင်းစာ၏လက်ရေးမှာ ဂူငယ်ထဲမှရရှိသော စက္ကူစပေါ်မှ လက်ရေးနှင့်တထပ်တည်း တူနေသည်။

ထိုရေးသားထားသူမှာ အရှေ့စုဘဝသို့ ရောက်ရှိနေသူနှစ်ဦးအနက် တစ်ဦးဖြစ်ပြီး သူသည် ထွက်ပြေးလေသူ ဇနီးသည်အတွက် ရေးသားထားခဲ့ဟန်တူသည်။

စာသားများ၏အဓိပ္ပာယ်မှာ....

"ချင်း၏တစုသီးအစေ လက်နက်ပုန်းများမှာ အဆိပ်ထည့်ထားကြောင်း၊ သူက သစ္စာမရှိ၍ ငါလဲသစ္စာမစောင့်"

ဟူ၍ အဓိပ္ပာယ်ပြန်နိုင်ခဲ့သည်။

သူတို့နှစ်ဦးမှာ လောဘဒေါသလွှမ်းကဲပြီး တစ်ယောက်ကိုတစ်ယောက် အကောက်ကြံကာ နောက်ဆုံး နှစ်ယောက်စလုံးသေဆုံးရပြီး အရှေ့စုဘဝသို့ ရောက်လိမ့်မည်ကို ကျူနံချွမ်းတွေးမိ၏။

သူသည် စာကိုဆက်ဖတ်နိုင်ရန် လျှပ်စီးလက်လာမည့်အ



လင်းရောင်ကို လိုလားစောင့်မျှော်နေမိသည်။

သို့သော် မိုးမရွာတော့။

လျှပ်စီးလည်း လက်မလာတော့ဘဲ အလင်းရောင်ပျောက်နေတော့သည်။

အမှောင်ထုက ဝန်းကျင်ကိုစိုးမိုးနေပြန်သည်။

ကျူနံချွမ်းသည် စာကိုဆက်ဖတ်နိုင်ရန် မျှော်လင့်ချက်မရှိတော့သဖြင့် သူသည် မိုးလင်းလာသည့်တိုင်စောင့်ဆိုင်းရုံမှအပ အခြားနည်းလမ်း မရှိတော့ချေ။

ထို့ကြောင့် သူသည် ထိုင်ရင်း အားမွေးနေသည်။

မကြာပါ ရုတ်တရက် လေတိုးသံတစ်ချက် ရိုက်ခတ်လာပြီး သူ့အနီးသို့ တစ်စုံတစ်ဦးရောက်ရှိလာကြောင်း သတိပြုလိုက်မိသည်။

မိမိအနီးသို့ ရောက်ရှိနေသူမှာ လူငါးယောက်ထဲမှ တစ်ယောက်ဖြစ်ရမည်ကို ကျူနံချွမ်းတွက်ဆမိ၏။

အကယ်၍သာ ထိုသူသည် ထိုကျောက်ဖျာမှ စာသားများကို တွေ့ရှိသွားပါက မိမိအတွက် ပြဿနာမှာ ပို၍ရှုပ်ထွေးလာပေမည်။

ထို့ကြောင့် သူ့အား အမှောင်ထုထဲမှာ လုပ်ကြံတိုက်ခိုက်လျှင် သူ့အကြံအောင်မြင်နိုင်လိမ့်မည်ကို ကျူနံချွမ်းတွေးမိသည်။ သူသည် ကောက်ကျစ်သူဖြစ်သည်။ လောဘကြီးသူဖြစ်သည်။

ထိုစဉ် လေတစ်ချက်တိုက်လိုက်သောအခါ မိမိရှေ့၌ရပ်နေ

www.burmeseclassic.com



သူ၏အကျီစက သူ၏လက်ကိုလာထိမိသည်။

ထိုလူ၏အကျီစမှာ ပိုးဖဲအကျီဖြစ်ကြောင်းကို ကျုန်ချွမ်းက သတိပြုမိလိုက်သည်။

ပိုးဖဲအကျီဝတ်ဆင်သူများမှာ ဖန်ကွမ်းစုတစ်ယောက်သာ ရှိသည်။

"အင်း... ဟုတ်ပြီ၊ ဒီလူဟာ လိပ်ပြာတောင်ပိုင်ရှင် ဖန်ကွမ်းစုပဲ၊ မလွဲနိုင်ဘူး"

သူသည် စိတ်ထဲ၌ပြောဆိုပြီး အကျီအိတ်တွင်းမှ တစုသီးအ စေ့သဏ္ဍာန်အဆိပ်လူးသံချွန် လက်နက်ပုန်းကိုထုတ်ယူလိုက်၏။

သူ့လက်ကိုတော့ အစူးမခံနိုင်ချေ။ အဆိပ်ပြင်းသဖြင့် သေ သွားနိုင်သည်။

ထို့နောက် သူသည် တစုသီးလက်နက်ပုန်းနှင့် မိမိရှေ့တွင် ရပ်နေသူအား ပစ်ပေါက်လိုက်၏။

BURMESE CLASSIC .com

"ဝိုး....."

ဖန်ကွမ်းစု၏နာကျင်စွာ အော်လိုက်သောအသံကို ကြား လိုက်ရသည်။

ထိုအခိုက် ကျုန်ချွမ်းသည် ထိုနေရာမှထ၍ပြေးပြီး မ... ဝေးတစ်နေရာရှိ ကိုင်းတောထဲသို့ ဝင်ပုန်းနေလိုက်၏။

မရှေးမနှောင်းမှာပင် အဘွားကျန်း၏ တောင်ဝှေးသံနှင့်အ တူ အဘွားညာဝမ်း၏ ရှူးရှသောအော်သံများ ရောထွေးထွက်ပေါ်



လာပြန်သည်။

ဖန်ကွမ်းစု၏အော်သံကြောင့် အဘွားကျန်းက အခွင့် ကောင်းယူကာ ဝင်ရောက်တိုက်ခိုက်မည်ပြုသည်။

အဘွားညာဝမ်းက ဖန်ကွမ်းစုအား ဝင်ရောက်ကာကွယ် အားဆီးပေးခြင်းဖြစ်မည်ကို ကျုန်ချွမ်းက သတိပြုလိုက်မိ၏။

ဖန်ကွမ်းစုမှာ ခြေသလုံးတွင် တစုသီးလက်နက်ပုန်းနှစ်ခု စိုက်ခံလိုက်ရသည်။

သူသည် အသဲခိုက်အောင်နာကျင်သော ဝေဒနာကို ခံစား နေရသည်။

ကိုယ်အောက်ပိုင်းမှ အထက်ပိုင်းသို့ တဖြည်းဖြည်း ထုံကျင် လာလိမ့်မည်ဟု လုံးဝမထင်ခဲ့ပါ။

အဆိပ်ပြင်းသော မြွေတစ်ကောင်က ပေါက်လိုက်ခြင်းသာ ဖြစ်မည်ဟု ဖန်ကွမ်းစုက ထင်မှတ်ကာ မိမိ၏အိတ်ထဲရှိ အဆိပ်ဖြေ ဆေးကိုယူ၍ သောက်မည်ပြုလိုက်၏။

အဘွားကျန်းက အသံကြားရာသို့ လာရောက်တိုက်ခိုက် ခြင်း ဖြစ်၏။

ထိုအခါ အဘွားညာဝမ်းက အဘွားကျန်း၏ တိုက်ခိုက်မှုကို အားဆီးလိုက်ခြင်းဖြစ်သည်။

သူတို့၏တိုက်ခိုက်သောအသံကြောင့် လူပုညီနောင်တို့ သည်း မရှေးမနှောင်းရောက်ရှိလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်သူများရောက်နေကြသည့်အတွက် ကျုန်ချွမ်းသည် အ သံမထွက်ရဲဘဲ ငြိမ်၍ ပုန်းနေလိုက်သည်။

ရန်သူကလည်း တစ်ယောက်ထဲမဟုတ်ချေ။ အများစုဖြစ် သည်။

ဖန်ကွမ်းစုသည် တိုက်ခိုက်လာသည့်အသံကို ကြားရသေ အခါ သူသည် အဆိပ်များတစ်ကိုယ်လုံးသို့ ပြန့်မသွားစေရန် ကြောများကို ပိတ်လိုက်လေ၏။

သူသည် ဘေးတစ်ဘက်သို့လိုမ့်ထွက်ပြီး အသာငြိမ်နေ လိုက်၏။

ဝန်းကျင်တစ်ခုလုံး မှောင်မဲနေသည်။

လူပုညီနောင်တို့သည် အနီးရှိ ကိုင်းပင်မြက်ပင်များကို တွေ့မိသည့်အတွက် မိမိတို့အား ဖန်ကွမ်းစုက ဉာဏ်ဆင်၍ ထော ချောက်ဆင်၍ဖမ်းသည်ဟု ယူဆကာ သူတို့သည် မြက်တောထဲ ဒူးထောက်ချလိုက်ပြီး လက်ထဲရှိဓားဖြင့် ဝှေ့ယမ်းလိုက်လေသည်။

မြက်ပင်ကိုင်းပင်များမှာ ဓားနှင့်ထိ၍ ပြတ်ထွက်သွား သည်။

လူပုညီနောင်တို့ ရောက်ရှိနေသောနေရာနှင့် ကျုန်ချွမ်းပု နေသည့်နေရာမှာ သိပ်အလှမ်းမကွာလှချေ။

မြက်ပင်များရှည်နေသည်က တစ်ကြောင်း။ ဝန်းကျင်တ ခုလုံးမှာလည်း မှောင်မဲနေသဖြင့် ကျုန်ချွမ်းသည် လူပုညီနောင်



းကို မတွေ့မမြင်ရသော်လည်း သူ၏မျက်နှာအနီး၌ ဓားချက်မှာ ဝှီးဝှီးနှင့် ရိုက်ခတ်ကြောင်း သိရှိနေရသည်။

ကျုန်ချွမ်းအဖို့ လူပုညီနောင်တို့၏ ဓားချက်များသည် စိုးရိမ် ရာမဟုတ်ပါလား။

ထို့ကြောင့် သူသည် ရုတ်တရက် သံတစုသီး လက်နက်ပုန်း ချောင်းကိုထုတ်ယူလိုက်ပြီး လူပုညီနောင်အား မှန်းဆ၍ ပစ်ခတ် လိုက်သည်။

သို့သော် လူပုညီနောင်တို့သည် ဓားကိုဝှေ့ယမ်းနေသည့်အ တွက် ကျုန်ချွမ်းပစ်ခတ်လိုက်သော လက်နက်ပုန်းများသည် လူပုညီ နောင်တို့၏ ဓားနှင့်ထိမိပြီး ဘေးသို့လွင့်ကျသွား၏။

ထိုအခါ သံသံချင်း ထိခိုက်သံနှစ်ချက်ပေါ်လာသည်။

သံချင်းထိခိုက်မှုကြောင့် ဝင်းခနဲအလင်းရောင်များ ထွက် လာသည်။

ထိုထွက်ပေါ်လာသော အလင်းရောင်ကြောင့် တစ်ဘက် ကုန်း၍ဆေးထည့်နေသော ဖန်ကွမ်းစု....။

တစ်နေရာတွင် မှောက်လျက်ပုန်းနေသော ကျုန်ချွမ်း....။

ထိုမြင်ကွင်းကိုတွေ့လိုက်ရသော လူပုညီနောင်တို့သည် ချည်း လူချင်းခွဲကာ တစ်ဘက်တစ်ချက်မှနေပြီး ခုန်၍တိုက်ခိုက် လာတော့သည်။

ကျုန်ချွမ်းသည် ထိတ်လန့်သွား၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူ့ထံသို့ ခုန်အုပ်လာသောသူမှာ ရဲထင်းတစ်ယောက်တည်းဖြစ်နေသည်ကို တွေ့ရသည့်အတွက် ကြောက်စိတ်ပြေသွား၏။

သူကြောက်သည်မှာ နှစ်ဦး၏ပူးပေါင်းတိုက်ကွက်ဖြစ်သည်။ တစ်ယောက်တည်းတော့ သူမကြောက်ချေ။

သူသည် တစုသီးလက်နက်ပုန်းကို ရဲထင်းထံသို့ပစ်လွှတ်လိုက်သည်။

ရဲထင်းက လေထုထဲသို့ခုန်၍ ကျုန်ချွမ်း၏လက်နက်ပုန်းကို ရှောင်တိမ်းလိုက်၏။

ထိုအခါ ကျုန်ချွမ်းသည် ကိုင်းတောထဲရှိ အခြားနေရာသို့ ပြောင်း၍ မှောက်ကာ အသာငြိမ်နေလိုက်ရသည်။

ရဲထင်းသည် ဒေါသထွက်လာပြီး သူ၏မေးတို့နှင့်ဝှေ့ယမ်းရင်း ကျုန်ချွမ်းကိုရှာကြည့်လိုက်၏။

ဝန်းကျင်တစ်ခုလုံး မှောင်မဲနေသည့်အတွက် ရန်သူကိုရှာတွေ့ဘဲရှိနေသည်။

ထိုစဉ် အဘွားကျန်းနှင့် အဘွားညာဝမ်းတို့၏ တိုက်ခိုက်သံကို ကြားနေရသည်။

သူတို့ တိုက်ခိုက်နေကြသည့်အသံမှာ မဝေးလှကြောင်း ရဲထင်းရိပ်စားမိလိုက်လေ၏။

ရဲထင်းသည် ဆက်၍ ကျုန်ချွမ်းအား မရှာတော့ဘဲ ရုတ်တ



ရက် ထိုနေရာမှ ခုန်ထွက်ရှောင်တိမ်းသွားလေတော့သည်။

ထိုစဉ် တစ်ဘက်မှရဲတိက ဖန်ကွမ်းစုထံသို့ ခုန်အုပ်လိုက်ရာ ဖန်ကွမ်းစုမှာ ခြေထောက်တွင် သံတစုသီးလက်နက်ပုန်း ထိခံထားရသည့်အတွက် ကြိုးစားရှောင်တိမ်းလိုက်သော်လည်း မချော်လင့်ဘဲ ပခုံးတစ်ဘက်သို့ ရဲတိ၏ဓားချက် ထိခိုက်သွားလေ၏။

ဖန်ကွမ်းစုသည် ပြင်းထန်စွာ ဝေဒနာခံစားမိသည့်အတွက် အဘွားညာဝမ်းအား အော်၍ အကူအညီတောင်းလိုက်၏။

ဖန်ကွမ်းစု၏ အော်သံကြောင့် အဘွားညာဝမ်းသည် အချိန်မီ ခုန်၍ရောက်လာပြီး ရဲတိ၏ရန်မှ, ဖန်ကွမ်းစုအား ကယ်တင်နိုင်လိုက်လေသည်။

အဘွားညာဝမ်း၏သိုင်းပညာမှာ ထက်မြက်လှ၏။

ထိုအချိန်တွင်ပင် ရဲထင်းသည် အဘွားကျန်းနှင့်တစ်ယောက်ချင်း ယှဉ်ပြိုင်နိုင်စွမ်း မရှိသည်ကို သိလိုက်သဖြင့် သူသည် လေတစ်ချက်ချွန်လိုက်လေ၏။

ရဲထင်း၏ အချက်ပေးလေချွန်သံကို ကြားရသောအခါ ရဲတိသည် မြေပေါ်မှလိမ့်ကာ လိမ့်ကာ ရောက်ရှိသွား၏။

သူသည် ရဲထင်း၏ပခုံးပေါ်သို့ခုန်တက်လိုက်ပြီး အဘွားကျန်းအား စုပေါင်းတိုက်ခိုက်ကြလေတော့သည်။

တစ်ဘက်တွင် အဘွားညာဝမ်းက ဖန်ကွမ်းစုထံသို့ ချဉ်းကပ်လာပြီး မေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာ ထိသွားသေးသလဲ"

ဖန်ကွမ်းစုက မျက်နှာတစ်ချက်ရှုံ့မဲ့လိုက်ပြီး....

"ခြေထောက်မှာ သံတစ်သီးနှစ်ခု အစိုက်ခံလိုက်ရတယ်၊ ပခုံးမှာလဲ ဓားချက်တစ်ချက်အထိခံရတယ်၊ ဒဏ်ရာကမသေးဘူး တစ်သီးလက်နက်က အဆိပ်သုတ်လိမ်းထားပုံရတယ်"

အဘွားညာဝမ်း မျက်မှောင်ကုပ်သွားလေတော့၏။

# အခန်း(၈)

## ပရိယာယ်များသူ

မိုးသားများ တဖြည်းဖြည်း ကင်းစင်လာပြီဖြစ်ပါသည်။

လဝန်းကြီး၏ အလင်းရောင်ကြောင့် ဝန်းကျင်တစ်ခုလုံးကို [illegible]ထင်ရှားရှား မြင်တွေ့လာရပြီဖြစ်ပါ၏။

သစ်ပင်၊ မြက်ပင်ရှည်နှင့်ကျောက်တုံးများကို ထင်လင်းစွာ [illegible]မြင်ရသည်။

အဘွားညာဝမ်းသည် ဖန်ကွမ်းစု၏ ခြေထောက်မှနုတ်[illegible] [illegible]သော တစ်သီးသံချွန် လက်နက်ပုန်းကိုကြည့်ကာ ဒေါသထွက်

www.burmeseclassic.com

www.burmeseclassic.com



နေ မိသည်။

အဘွားညာဝမ်းက တစ်ချက်စဉ်းစားလိုက်ပြီး....

"လက်စသတ်တော့ ဟိုနန်နယ်က ကျင်ကန်းဆိုတဲ့လူစွမ်းကောင်း'ချင်'လဲ ရောက်နေတာကိုး၊ အရင်တစ်ခါက ငါက စေတနာကောင်းနဲ့ အဆိပ်ဖြေဆေးကိုပေးခဲ့သေးတယ်၊ ခုတော့ သူက လျှို့ဝှက်လက်နက်ပုန်းနဲ့ ငါတို့ဂိုဏ်းချုပ်ကြီးကို ဒဏ်ရာရအောင် လုပ်လိုက်တာပေါ့ ဟုတ်လား"

အဘွားညာဝမ်း၏အသံက စူးရှစွာ ပျံ့လွင့်သွားသည်။

မနီးမဝေး ကိုင်းပင်များကြားတွင် ပုန်းအောင်းနေသော ကျုန်ချွမ်းသည် တုန်လှုပ်ချောက်ချားသွားသည်။

ကျုန်ချွမ်းသည် မိမိအား အဘွားညာဝမ်းက တွေ့သွား၍ ပြောလိုက်လေသလောဟု ထိတ်လန့်တကြား တွေးမိလိုက်၏။

အမှန်မှာ ကျင်ကျန်းခေါ် ချင်ကျဲ့သည် ဟိုနန်နယ်တွင် ထိပ်ထိပ်ကျဲသိုင်းအကျော်အမော်တစ်ဦးဖြစ်သည်

အရိုးစုနှစ်ခုအနက် တစ်ခုဖြစ်သည်။

ထိုအရိုးစုအောက်တွင် တစ်ချိန်က ကျုန်ချွမ်းသည် အဆိပ်ဖြေဆေးပုလင်းကိုတွေ့ရှိပြီး သောက်ခဲ့ဖူးသည်။

အဘွားညာဝမ်း၏စကားအရ သူမက ကျင်ကန်းအား အဆိပ်ဖြေဆေးပေးခဲ့ခြင်းဖြစ်ပေသည်။

တကယ်တော့ ကျင်ကန်း ခေါ် ချင်ကျဲ့သည် ချင်စိရောင်၏



ဖခင်ရင်းဖြစ်သည်။

အဘွားညာဝမ်းက စိတ်ဆိုးစွာပြောလေ၏။

"ကျင်ကန်း... မင်း ဘယ်မှာလဲထွက်ခဲ့ပါ" -

ထပ်ခါထပ်ခါ မေးလိုက်သော်လည်း မည်သူတစ်ဦးတစ်ယောက်၏အသံကိုမျှ မကြားရချေ။

ထို့ကြောင့် သူမက ပို၍ ဒေါသဖြစ်နေမိသည်။

ထိုစဉ် လူပုညီနောင်တို့၏ရယ်သံ ထွက်ပေါ်လာလေ၏။

ရဲထင်းက အဘွားညာဝမ်းအား စေ့စေ့ကြည့်ရင်း ပြန်အော်လေ၏။

"အဘွားကြီး သိပ်ပြီး အော်ပြောမနေနဲ့၊ အခု အဆိပ်လူးတဲ့လက်နက်ပုန်းကိုသုံးလိုက်တဲ့သူဟာ လူငယ်ပိုင်းပဲရှိသေးတယ်၊ ကျင်ကန်း မဟုတ်ပါဘူး၊ ကျင်ကန်းသေတာ နှစ်ပေါင်းကြာပါပြီ၊ သူ့မိန်းမပန်းသုံးပွင့်မယ်တောင် သူ့ကိုမေ့လောက်နေပြီ၊ သူ့ကိုအော်ခေါ်မနေနဲ့ အလကားပဲ၊ သူမရှိတော့ဘူး"

ရဲထင်း၏စကားကိုကြားရသောအခါ အဘွားညာဝမ်းသည် မျက်မှောင်ကုပ်သွားသည်။

သူမ၏လက်ထဲရှိ သံတစုသီးလက်နက်ပုန်းကို သေချာစွာကြည့်မိ၏။

သံတစုသီး လက်နက်ပုန်းတိုင်းတွင်'ချင်'ဟူသော စာလုံးထွင်းထားသည်ကို တွေ့ရှိနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားညာဝမ်းက သံတစုသီးလက်နက်ပုန်းကို ထောင်ပြရင်း....

"ဒီအမှတ်အသားဟာ ကျင်ကန်း ခေါ် ချင်ကျဲ့ရဲ့အမှတ်အသားမဟုတ်လို့ ဘယ်သူ့ဟာလဲ"

သူမက စကားဆုံးသွားသည်နှင့်သံတစုသီးလက်နက်ပုန်းနှစ်ခုကို လူပုညီနောင်ဘက်သို့ပစ်လိုက်လေသည်။

တစုသီးလက်နက်ပုန်းနှစ်ခုသည် အရှိန်ပြင်းစွာဖြင့် လူပုညီနောင်ထံသို့ လွင့်ပျံ့လာသည်။

လူပုညီနောင်သည် မြေပေါ်သို့ကပျာကယာ လှဲချလိုက်ပြီး တစ်ဘက်လိမ့်၍ ရှောင်ပေးလိုက်လေသည်။

"ကျင်ကန်း... မင်းအခုထွက်ခဲ့ပါ၊ မင်းရဲ့သူငယ်ချင်း 'ရွှေဝါမြွေဟွာချင်း' ဘယ်ရောက်နေသလဲ၊ သူ့မိန်းမက လိုက်ရှာနေတာ မောလှပြီ"

အဘွားညာဝမ်းက ဝန်းကျင်ကိုကြည့်ရင်း အော်၍ ပြောလိုက်ခြင်းဖြစ်သည်။

အဘွားညာဝမ်း၏ စကားကို ကြားရသောအခါ ကျွန်ုပ်မှာ မျက်မှောင်ကုပ်သွားသည်။

သူမ၏စကားကြောင့် ယခု သူသိလိုသည်များကို သိရပြီမဟုတ်ပါလော။ ဟုတ်ပါသည်။

ရွှေဝါမြွေမှာ ဟွာချင်းဖြစ်ပြီး သူ၏ဇနီးသည်မှာ ငွေဟသ်



တုန်ဖန်လင်းဖြစ်ပါသည်။

ထိုစဉ်အခါက သူတို့ဇနီးမောင်နှံသည် ဟိုနန်နယ်သိုင်းလောကတွင် ကျော်ကြားခဲ့သူများဖြစ်ကြသည်။

သူတို့နှင့်အဘွားညာဝမ်း မည်သို့ ဆက်သွယ်သိကျွမ်းခဲ့ကြသည်ကို ကျွန်ုပ်ချမ်းက အဖြေရှာမရပါ။

သူသည် ယခုအထိ တုတ်တုတ်မျှမလှုပ်ရဲ...။

ထိုစဉ် ရဲထင်းက ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး....

"အဘွားထင်နေတာ မှားနေပြီ၊ တစုသီးလက်နက်ပုန်းနဲ့ပစ်တော်တာ ကျင်ကန်းမဟုတ်ပါဘူး၊ လူငယ်တစ်ယောက်ရဲ့လက်ချက်ပါ"

အဘွားညာဝမ်းက အနည်းငယ်စဉ်းစားလိုက်ပြီး....

"မင်း တကယ်ပြောနေတာလား"

လူပုညီနောင်က တစ်ပြိုင်တည်းပြော၏။

"အဘွား ခုနတုန်းက ကျွန်တော်တို့ကိုကယ်ခဲ့တဲ့ ကျေးဇူးရှိပါတယ်၊ လိမ်မပြောပါဘူး ဒီလူငယ်ဟာ သိပ်ဝေးဝေးရောက်သွားမဟုတ်သေးဘူး၊ ကျွန်တော်တို့တွေ ဝိုင်းရှာလိုက်ကြရင်တွေ့နိုင်ပါတယ်"

လူပုညီနောင်တို့၏စကားကိုကြားရသောအခါ ဖန့်ကျင်းစုသည် သူ၏ဒဏ်ရာကိုပင် မမှုနိုင်တော့ဘဲ ဝင်ပြောလေ၏။

"ဟုတ်တယ်... သူ့ကိုဝိုင်းရှာကြရအောင်"

www.burmeseclassic.com

www.burmeseclassic.com



အဘွားကျန်းက မဲ့ပြုံးပြုံးလိုက်သည်။

"သူ့ကိုရှာတွေ့လို့ကော မင်းတို့လိပ်ပြာဂိုဏ်းက နိုင်မယ် ထင်သလား၊ မင်းတို့သေတောင် မနိုင်ဘူးမှတ်ထားပါ"

ဖန်ကွမ်းစုက မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ… ခင်ဗျားက ပညာချင်းဖလှယ်ချင်လို့လား"

သူ၏စကားကိုကြားရသောအခါ အဘွားကျန်းသည် ရုတ် တရက် သူမ၏တောင်ဝှေးကိုတစ်ချက် ဆောင့်ခါလိုက်သည်။

အဘွားညာဝမ်းသည် ဖန်ကွမ်းစုရှေ့သို့ ဝင်ရောက်ခါ ကာ ဆီးရပ်လိုက်လေ၏။

ထိုအဘွားအိုနှစ်ဦး၏သိုင်းပညာမှာ အဆင့်တူနေ၍ အနိုင် အရှုံးမရှိခြင်းကို လူပုညီနောင်တို့က သိထားသည်။

ထို့ကြောင့် ရဲထင်းက သူတို့အား စေ့စေ့ကြည့်ကာ…

"ကဲ… ကျွန်တော်တို့အချင်းမပွားကြဘဲ ရန်သူအဝေး ရောက်ခင် ရှာရင်ကောင်းမယ် နောက်မှကျွန်တော်တို့ညာတယ်လို့ တော့ မပြောကြနဲ့"

အဘွားကျန်းက မချိပြုံးပြုံးလိုက်ပြီး…

"ဒီတော့ ဘယ်သူက အရည်အချင်းရှိတယ်ဆိုတာသိ အောင် ရန်သူကိုရှာကြပြီး ရတနာမြင်းကုန်းနှီးရဲ့လျှို့ဝှက်ချက်ကို ‌‌ စမ်းကြစို့"

ထိုစကားကိုကြားရသောအခါ ကျုန်ချွမ်းသည် ထိတ်လန့်



သွားမိလေ၏။

သည်တစ်ကြိမ်တော့ အမှန်ပင် သူသည် ဒုက္ခနှင့်ရင်ဆိုင်ရ လေပြီ။

ကျုန်ချွမ်းက ကျိတ်၍ စိုးထိတ်နေမိသည်။

ဒဏ်ရာရရှိနေသော ဖန်ကွမ်စုမှလွဲ၍ ကျန်လူများကို ယှဉ် ပြိုင်ရန်မလွယ်ကြောင်း သူသိထားသည်။

ထိုစဉ် လူပုညီနောင်တို့သည် မြက်တောထဲသို့ခုန်၍ ဝင် သွားလေသည်။

ကျုန်ချွမ်းသည် အသာခေါင်းထောင်၍ ကောင်းကင်သို့ မော့ကြည့်လိုက်သည်။

မမျှော်လင့်ဘဲ သူ၏ကြက်တူရွေးသည် ကောင်းကင်တွင် ပျံနေခြင်းကို တွေ့ရသောအခါ သူသည် ဝမ်းသာသွား၏။

ဤကြက်တူရွေးကို မြင်လိုက်ရခြင်းအားဖြင့် ဆရာဘိုးလေး တို့မှာ မဝေးတော့သည့်တစ်နေရာတွင် ရောက်နေကြောင်းကို ကျုန်ချွမ်းက ကောင်းစွာသဘောပေါက်လေသည်။

ဆရာကြီးတိုးကို့ရောက်လာလျှင် ထိုလူငါးဦးကို ဘာမှမှုစရာ မလိုတော့ပေ။ သူတို့အား နှိမ်နင်းရုံသာရှိသည်။

ပုန်းနေရာမှထွက်ပြီး ထိုလူများကို လှည့်စားကာ အချိန်ကို ဆွဲထားရင်း ဆရာကြီးတိုးကို့ကို ကြက်တူရွေးအား အခေါ်လွှတ်လိုက် မည်။

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ချွမ်းက ထိုသို့စဉ်းစားဆုံးဖြတ်ပြီး လေတစ်ချက်ချွ
လိုက်၏။

ကြက်တူရွေးသည် လေချွန်သံကြားရသောအခါ ပျံဝဲ
ဆင်းလာပြီး ကျုန်ချွမ်း၏ပခုံးတစ်ဘက်ပေါ်သို့ လာရောက်နား
သည်။ ကျုန်ချွမ်း ခုန်ထွက်လိုက်၏။

ကျုန်ချွမ်း ရုတ်တရက် ခုန်ထွက်လာသည်ကို တွေ့ရသေ
အခါ အဘွားကျန်းတို့လူစုသည် အံ့အားသင့်သွားကြသည်။

အတန်ကြာအောင် တွေဝေရင်း ကျုန်ချွမ်းကိုကြည့်နေ
၏။

ထိုစဉ် လူပုညီနောင်တို့သည် အော်သံတစ်ချက်ပေးက
ကျုန်ချွမ်းအား တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ရန် ခုန်ဝင်လာ
ကြလေ၏။

သို့သော် ကျုန်ချွမ်းက မမှုသည့်အမူအရာဖြင့် တစ်ချက်
ပြုံး ပြုံးလိုက်သည်။

သူ၏ပခုံးပေါ်တွင် နားနေသောကြက်တူရွေးကို ပွတ်သ
ပေးရင်း....

"ခင်ဗျားတို့လို ဝါရင့်သိုင်းပညာရှင်ငါးယောက်တို့က ကျွ
လို သာမန်သိုင်းသမားကို ဝိုင်းတိုက်ကြမယ်ဆိုရင် ကျုပ်ကအေ
လက်တုန့်မပြန်ပါဘူး၊ ဒါပေမယ့် တစ်ယောက်ချင်းဆိုရင်တော့ ပည
ချင်း ဖလှယ်ချင်ပါတယ်"



ကျုန်ချွမ်း၏စကားကို ကြားရသောအခါ လူပုညီနောင်မှာ
လမ်းခုလတ်၌ ရပ်တန့်သွားကြလေတော့သည်။

အဘွားကျန်းက မျက်မှောင်ကုပ်လိုက်ပြီး ကျုန်ချွမ်းအား
စေ့စေ့ကြည့်ကာ....

"အင်း... မင်းသတ္တိတော့ မခေဘူး၊ ကျင်ကန်းရဲ့အဆိပ်လူး
ထားတဲ့ တစုသီးလက်နက်ပုန်းကို မင်း ဘယ်လိုလုပ်ရခဲ့တယ်ဆိုတာ
မြန်မြန်ပြောစမ်း"

ထိုအခါ ဖန်ကွမ်းစုသည် အဘွားညာဝမ်းနားသို့တိုးကပ်
ပြီး....

"ဒီကောင်ဟာ သိပ်အရေးကြီးတယ်၊ သူ့ကိုဖမ်းပြီး လိပ်ပြာ
တောင်ကြားကိုခေါ်သွား၊ ကျန်လူတွေကို ကျုပ်တားထားတယ်"

အဘွားညာဝမ်းက ခေါင်းခါယမ်းပြီး....

"ဂိုဏ်းချုပ်ကြီး နောက်ထပ်ဒဏ်ရာရရင် ကျွန်မမကယ်နိုင်
တော့ဘူး"

ဖန်ကွမ်းစု ဒေါသထွက်သွားသည်။

အဘွားညာဝမ်း၏အသံက ကျယ်လွန်းသည်၊

သူတို့နှစ်ဦး၏ပြောဆိုနေကြသည်ကို အခြားလူများပါကြား
သည့်အတွက် ဖန်ကွမ်းစုသည် ပါးစပ်ပိတ်သွားလေတော့၏။

ကျုန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး ဖန်ကွမ်းစုဘက်လှည့်
ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးဟာ လိပ်ပြာဂိုဏ်းချုပ်ကြီးတစ်ယောက် လုပ်နေပြီး ကျွန်တော့်ကိုဖမ်းမယ်ဆိုရင် သိုင်းလောကလူတွေက အပြစ်ဆိုကြမှာပေါ့ဗျာ"

ဖန်ကွမ်းစုသည် ငြိမ်သွားလေ၏။

သည့်နောက် အဘွားကျန်းအား စေ့စေ့ကြည့်ရင်း....

"အဘွားကျန်း မေးတာကို နောက်မှဖြေပါရစေ၊ ကျွန်တော် လုပ်စရာလေးတွေကို လုပ်ပါရစေအုံး"

သူသည် ကြောက်ရွံ့နေမိသော်လည်း မျက်နှာအမူအရာ မပျက်စေဘဲ အသံတိုးတိုးဖြင့်....

"အဖြူလေးရေ... ဆရာအဘိုးလေးကို အမြန်သွားခေါ်ပါ"

ကြက်တူရွေးသည် ကျူနန်ချွမ်း၏စကားကို နားလည်သကဲ့သို့ ချက်ချင်းပင် ကောင်းကင်သို့ပျံတက်သွားလေသည်။

တစ်ဖန် သူသည် အဘွားကျန်းအား....

"ကျင်ကန်းကို ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် သူသားချင်းစိရှောင် မင်္ဂလာဆောင်ကိုရောက်ခဲ့တုန်းက ဒီတစုသီးလက်နက်ပုန်းကို တောင်းယူခဲ့တာပါ"

ဖန်ကွမ်းစုသည် မဲ့ပြုံးပြုံးလိုက်၏။

"မင်းကို ဒါတွေမေးနေတာ မဟုတ်ဘူးကွ၊ ငါတို့မေးနေတာက ရတနာမြင်းကုန်းနှီး ဘယ်မှာရှိတယ်ဆိုတာ မြန်မြန်ပြောစမ်း"



ကျူနန်ချွမ်းမှာ အချိန်ဆွဲထားရန် ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။ မဟုတ်တာများပြောခြင်းသည် အချိန်ကုန်လွယ်စေသည် မဟုတ်ပါလား။

အမှန်အားဖြင့် သူသည် ဒဏ်ရာရရှိထားသော ဖန်ကွမ်းစုမှသွဲ၍ ကျန်လူများကိုမနိုင်မှန်း သိထား၏။

ထို့ကြောင့် အချိန်ဆွဲပြီး အဘိုးအိုတို့ကိုအား ဆောင့်လိုခြင်းဖြစ်သည်။

သူသည် ဆရာဘိုးလေးတို့ကိုလာသည့်အထိ စောင့်ဆိုင်းရသည်မဟုတ်ပါလော။

သူသည် ရင်ကိုကော့၍ ရှေ့သို့တိုးလာလေ၏။

"ကျွန်တော်ဟာ ဘာမှအသုံးမကျပေမယ့် သိက္ခာတော့အကျမခံဘူး၊ ဒီတော့ ခင်ဗျားနဲ့ကျွန်တော်တစ်ယောက်ချင်း ယှဉ်ပြိုင်ကြရင် မကောင်းဘူးလား"

ကျူနန်ချွမ်းသည် လိပ်ပြာတောင်ကြားတွင် ဖန်ကွမ်းစုနှင့် အစ်ကြိမ် ယှဉ်ပြိုင်ခဲ့ဖူး၏။

သူသည် အချိန်ကိုဆွဲ၍ ဆရာကြီးတို့ကို ရောက်လာသည်အထိစောင့်နေခြင်း ဖြစ်၏။

ဖန်ကွမ်းစု၏ စိတ်ထဲတွင် တွေဝေနေသည်။ ကျူနန်ချွမ်းသည် အရှိုင်းခံနေရသော်လည်း ထွက်မပြေးသည့်အပြင် တောင်းပန်စကားကိုပင်မပြော။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုပင် တစ်ယောက်ချင်း ယှဉ်ပြိုင်ရန် စိန်ခေါ်နေပြန် သည်။

ဖန်ကွမ်းစု အစဉ်းစားရခက်နေသည်။

သို့သော် ကျူန်ချွမ်း၌အကောင်းဆုံးသော အကြံအစည်ရှိနေ သည်ကို ဖန်ကွမ်းစုမသိချေ။

ထိုအခါ ဖန်ကွမ်းစုသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး သူ၏ အင်္ကျီအိတ်အတွင်းမှ သံမဏိယပ်တောင်ကို ထုတ်ယူလိုက်သည်။

သူသည် သံမဏိယပ်တောင်ကိုဖွင့်လိုက်ပြီး ကျူန်ချွမ်းအား တောက်ပသောမျက်လုံးဖြင့်ကြည့်ကာ....

"ကောင်းပြီ... မင်းကိုတော့ ငါ့အကြောင်းသိအောင် ပြ သေးတာပေါ့"

သူသည် ပြောရင်း နောက်သို့ခြေလှမ်းတစ်ဝက်ခန့် ဆုတ် လိုက်ပြီး....

သူ၏ဘယ်လက်နှင့် ရင်ကိုအုပ်ကာပြီး ညာလက်ဝါးကိုလှမ်း ပြီး'မောဝေ'သိုင်းကွက်ကိုဆင်ကာ ညာလက်ဝါးဖြင့် တွန်းထုတ်လိုက် လေ၏။

ကျူန်ချွမ်းက ခြေတစ်လှမ်းဆုတ်ရှောင်ကာ လျှပ်တစ်ပြက် လက်ဝါးစောင်းနှင့်ဇက်ပိုးကို တစ်ချက်လှမ်းခုတ်လိုက်လေ၏။

ဖန်ကွမ်းစုသည် ရုတ်တရက် သူ၏သံမဏိယပ်တောင်ကို မြင့်ချိန်မှ့ချိုလုပ်ပြီး'ရင်ခွင်ပျံ့ စာသူငယ်'သိုင်းကွက်ဖြင့် ကျူန်ချွမ်း၏ရင်



ဘတ်တစ်ဝိုက်ကို တိုက်ခိုက်လိုက်သည်။

ထိုစဉ် ကျူန်ချွမ်းသည် မိမိရင်ခွင်ဆီသို့ သံမဏိယပ်တောင် တန်းတန်းမတ်မတ် လာနေသည်ကိုတွေ့ရသည်နှင့် ကပျာကယာ နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ခုခံရန်ပြင်လိုက်၏။

ထိုအခိုက် လက်သီးဆုပ်ခန့်ရှိသော ခဲတစ်လုံးသည် ဖန် ကွမ်းစု၏ယပ်တောင်ဆီသို့ ပျံ့လွင့်ရောက်လာသည်။

ဖန်ကွမ်းစုမှာ ထိတ်လန့်သွားပြီး ကပျာကယာ သူ၏ဖြန့် ထားသော သံမဏိယပ်တောင်ကိုပိတ်ကာ ပျံ့လွင့်လာသော ကျောက်ခဲလုံးကိုခံပေးလိုက်သည်။

ထိုကျောက်ခဲမှာ ထင်ထားသည်ထက် အားများနေသော ကြောင့် သူသည် တစ်ချက်ယိုင်သွား၏။

အဘွားညာဝမ်းက မျက်မှောင်ကုပ်၍ကြည့်ရင်း....

"တစ်ယောက်ချင်းယှဉ်မယ်လို့ ပြောထားရက်နဲ့ အဘွား ကျန်းက ဘာဖြစ်လို့ဝင်ပါရတာလဲ"

အဘွားကျန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဒီသူငယ်မှာ ဘာလက်နက်မှမရှိဘူး၊ ဖန်ကွမ်းစုက သံမ ဏိ ယပ်တောင်ကိုကိုင်ပြီး ယှဉ်ပြိုင်တာတော့ ဘယ်တရားပါ့မလဲ"

အဘွားကျန်း၏စကားကို ကြားရသောအခါ ဆရာကြီးတို့ ကို ရောက်မလာသေးသည့်တိုင်အောင် အန္တရာယ်မရှိကြောင်းကို ကျူန်ချွမ်းက တွက်ထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘွားကျုန်သည် စိတ်ထင်ရာ တစ်ဖွတ်ထိုးလုပ်တတ်သော်လည်း ပညာချင်းယှဉ်ပြိုင်ရာတွင်မူ တရားမျှတမှုကို လိုလားသူဖြစ်သည်။

ကျုန်ချွမ်းသည် အဘွားကျုန်းအား ပြုံး၍ကြည့်ရင်း....

"အဘွားကျုန်းရဲ့စေတနာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် သံမဏိယပ်တောင်ဟာ အစွမ်းထက်တယ်လို့ ကျော်ကြားပါတယ်၊ ဘယ်ပုံဘယ်နည်း အစွမ်းထက်တယ်ဆိုတာ ကျွန်တော်ကြည့်ချင်လို့ပါ၊ ဒီလိုသာမဟုတ်ရင် သူ့ကိုအနိုင်ယူပြီးတာ ကြာပါပြီ၊ ဒါကြောင့် ကျွန်တော့်အတွက် အဘွားကျုန်းမစိုးရိမ်ပါနဲ့"

ကျုန်ချွမ်း၏စကားကို ကြားရသောအခါ ဖန်ကွမ်းစုသည် ပို၍ဒေါသထွက်လာကာ ရုတ်တရက် သူသည် သံမဏိယပ်တောင်ဖြင့် ကျုန်ချွမ်း၏သွေးကြောကို ပိတ်ရန် ချိန်ရွယ်လိုက်လေ၏။

## အခန်း(၉)

## အတိတ်အကြောင်းအရာ

ဖန်ကွမ်းစုက သူ့ကိုအကြောပိတ်ရန် သံမဏိယပ်တောင်ဖြင့် ချိန်လိုက်သည်။

ကျုန်ချွမ်းသည် ရုတ်ချည်းလက်ဝါးကိုလှန်၍ ယပ်တောင်ကိုလုယူလိုက်လေ၏။

ဖန်ကွမ်းစုသည် တိုက်ကွက်ကိုပြောင်းရန် လက်ကိုရုတ်လိုက်ပြီး ကျုန်ချွမ်း၏လက်ဝါးမှ သွေးကြောကို လှမ်းပိတ်လိုက်၏။

သို့သော် ကျုန်ချွမ်းသည် ဖန်ကွမ်းစု၏တိုက်ကွက်ကို ကြို

www.burmeseclassic.com



တင်သိထားသည်။

သူသည် နောက်သို့ (၃-၄) လှမ်းဆုတ်ပေးလိုက်၏။

ဖန်ကွမ်းစုသည် သိုင်းကွက်ကိုပြောင်းကာ သူ၏သံမဏိယပ်တောင်ကို ဖွင့်ချိုးပိတ်ချိုးဖြင့် ကျုန်ချွမ်းအား ပြင်းပြင်းထန်ထန် တိုက်ခိုက်သည်။

ကျုန်ချွမ်းသည် လေထုထဲသို့ တစ်ချက်ခုန်၍ ဖန်ကွမ်းစု၏ တိုက်ကွက်ကို ရှောင်တိမ်းလိုက်သည်။

အမှန်မှာ ကျုန်ချွမ်းသည် အချိန်ဆွဲ၍တိုက်ခိုက်ရန် ဆုံးဖြတ်ထားသောကြောင့် သူသည် တိုက်စစ်ကိုမသုံးဘဲ ခံစစ်နှင့်သာယှဉ်ပြိုင်နေသည်။

အကယ်၍သာ ကျုန်ချွမ်းသည် ပြင်းထန်သောတိုက်ကွက်ကိုသုံးပါက အနိုင်ရမည်ကိုသိသည်။

သို့သော် သူသည် ဆရာအဘိုးလေးရောက်မလာမီ ရုတ်တရက် အနိုင်မယူလိုချေ။

ထို့ကြောင့် ကျုန်ချွမ်းသည် ရှေ့သို့တစ်လှမ်း တိုးပြီး နောက်သို့နှစ်လှမ်းဆုတ်ပေးရင်း သူ၏လက်ဝါးဖြင့် တစ်ကိုယ်လုံးကို ခုခံကာကွယ်ထားသည်။

ဖန်ကွမ်းစုသည် လိပ်ပြာတောင်ဂိုဏ်း၏ သိုင်းကွက်များကို အစမှအဆုံးထိထုတ်၍ သုံးသော်လည်း အနိုင်မရသေးပါ။

ထိုစဉ်.....



"ရှီး....."

ကောင်းကင်ထက်၌ အလင်းရောင်တန်းကြီးကို မြင်လိုက်ရလေ၏။

"ဆရာဘိုးလေး လာနေပြီ"

ကျုန်ချွမ်းက ကောင်းကင်သို့မော့ကြည့်ရင်း အော်ပြောလိုက်သည်။

သူသည် အလွန်ဝမ်းသာသွားသည်။ ဤလူစုကို သူမကြောက်ရတော့ပေ။

ထိုမီးရောင်တန်းမှာ ဆရာဘိုးလေးအချက်ပေးခြင်းဖြစ်ကြောင်း ကျုန်ချွမ်းက သိလိုက်၏။

ကျုန်ချွမ်းသည် အားတက်လာပြီး တစ်ချက်ရှောင်တိမ်းရင်း အဆိပ်လူးထားသော သံတစုသီးလက်နက်ပုန်းသုံးခုကို ပစ်လွှင့်လိုက်သည်။

ဖန်ကွမ်းစုသည် ထိတ်လန့်သွားသည်။

သူသည် ကပျာကယာ သံမဏိယပ်တောင်ဖြင့် ကာလိုက်ရသည်။

ထိုစဉ် ကျုန်ချွမ်းသည် ကိုယ်ကိုတစ်ချက်လှည့်လိုက်ပြီး တစ်ဖန်ထပ်၍အဆိပ်လူးသော သံတစုသီး လက်နက်ပုန်းသုံးခုကို လွှင့်လိုက်ပြန်သည်။

ဖန်ကွမ်းစုသည် ကိုယ်ကိုတိမ်း၍ ရှောင်ပေမယ့်ကျပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ကျုန်ချွမ်းက တဟားဟား ရယ်မောပြောလိုက်၏။

“လက်စသတ်တော့ ယူနန်နယ်နဲ့ ကျိုးနယ်နှစ်ခုစလုံးမှာ ကျော်ကြားလှတဲ့ လိပ်ပြာဂိုဏ်းခေါင်းဆောင်ဟာ သူလိုငါလိုလူပါပဲလား၊ ဘာမှမထူးတဲ့ သာမန်လူပဲ”

ထိုအခိုက် အော်သံတစ်ချက် ကြားလိုက်သည်။

မရှေးမနှောင်းမှာပင် လူတစ်ယောက်သည် အပြေးအလွှား ရောက်ရှိလာလေ၏။

ဆံပင်စုပ်ဖွားနှင့် အလွန်အရုပ်ဆိုးသော အဘိုးအိုတစ်ယောက်ပင်တည်း။

ထိုအဘိုးအိုမှာ ကျုန်ချွမ်းမျှော်လင့်နေသော သူ၏ဆရာဘိုးလေးတိုးကို့ပင် ဖြစ်လေတော့သည်။

ဆရာကြီးတိုးကို့သည် ကြက်တူရွေးမှတစ်ဆင့် ကျုန်ချွမ်းထံသို့ရောက်လာခဲ့ခြင်းဖြစ်သည်။

သူသည် ရောက်ရောက်ချင်း ကျုန်ချွမ်းနှင့်တိုက်ခိုက်နေသော ဖန်ကွမ်းစုကို ဝင်ရောက်တိုက်ခိုက်လိုက်သည်။

ထိုအခါ ဘေးတစ်ဘက်မှကြည့်နေသော အဘွားညာဝမ်းသည် ငြိမ်မနေနိုင်တော့ပါ။

သူမ၏ လက်နက်သဖွယ်အသုံးပြုနေသော ကြိုးလုံးကြီးကို လှမ်းပစ်လိုက်ပြီး လက်ဝါးကိုလွှန်လိုက်သည်။



ကြိုးလုံးသည် ဆရာကြီးတိုးကို့၏ခြေထောက်ကို ပတ်မိသွားလေတော့၏။

ဆရာကြီးတိုးကို့သည် လေထဲသို့တစ်ချက်ခုန်လိုက်ပြီး....

သူသည် မြေပေါ်သို့ပြန်မကျမီမှာပင် ကိုယ်ကိုတစ်ဘက်သို့လှည့်လိုက်ပြီး သူ၏လက်တံရှည်ကြီးနှင့် အဘွားညာဝမ်းကို ထွန်းဖြတ်လိုက်၏။

အဘွားညာဝမ်းမှာ အဝေးသို့လွှင့်စင်ထွက်သွားလေ၏။

ကြိုးစမှာလည်း ဆရာကြီးတိုးကို့ခြေထောက်မှ ပြေသွားလေတော့သည်။

အဘွားညာဝမ်းက ဖန်ကွမ်းစုအား အချိန်မီကယ်တင်လိုက်သော်လည်း ဖန်ကွမ်းစု၏ပခုံးပေါ်တွင် သံတစုသီးလက်နက်ပုန်းငါးခုခတ်ဝင်နေပြီး နားရွက်တစ်ဖက်မှာလည်း အနည်းငယ်ပြတ်ထွက်သွားသည်။

ထို့အပြင် ဖန်ကွမ်းစုမှာ ကျုန်ချွမ်း၏လက်ဝါးဒဏ်ချက်ကြောင့် ရှေ့လေးငါးလှမ်းခန့် လွှင့်စင်သွားသည်။

ကျုန်ချွမ်းအသေ သတ်လျှင်ဖြစ်သည်။ သို့သော် ကျုန်ချွမ်းကမသတ်ချေ။

ထိုအခါ အဘွားကျန်းသည် တိုက်ကွင်းထဲသို့ ခုန်ဝင်လာပြီး တောင်ဝှေးဖြင့် ဆရာကြီးတိုးကို့ကို ဝင်ရောက်တိုက်ခိုက်သည်။

တိုက်ပွဲမှာ တစ်ယောက်နှင့်နှစ်ယောက်အဖြစ် ပြောင်းလဲ

www.burmeseclassic.com



သွားလေသည်။

လူပုညီနောင်တို့သည် မိမိတို့အသက်ကို ကယ်တင်ဖူးသော အဘွားကျန်းကို အာရုံစိုက်ကြည့်နေစဉ် ကျုန်ချွမ်းမှာ ဆယ်ပေခန့် ဝေးသောနေရာသို့ ဆုတ်သွားပြီး မြက်တောထဲဝင်သွားသည်။

"တပည့်ကျုန်ချွမ်း... မင်းဘာဖြစ်လို့ ငါ့ကိုလာမကူတာလဲ"

ခေါ်သံကြားရသောကြောင့် ကျုန်ချွမ်းသည် အသာအယာ ချောင်းကြည့်လိုက်မိသည်။

ရဲထင်းသည် ရဲတိ၏ပခုံးပေါ်တက်ကာ လူပုညီနောင်တို့နှင့် ယောက်စလုံး တိုက်ပွဲထဲတွင် ဝင်ရောက်တိုက်ခိုက်နေကြသည်ကို တွေ့ရလေသည်။

ဖန်ကွမ်းစုမှလွဲ၍ ကျန်လူများမှာ ထိပ်သီးသိုင်းသမားများ ဖြစ်ကြသည်။

ထို့ကြောင့် တိုးကို့သည် ကျုန်ချွမ်းအားလှမ်းခေါ်၍ အကူအညီတောင်းခြင်းဖြစ်သည်။

သို့သော် ကျုန်ချွမ်းသည် တိုက်ပွဲတွင်းသို့ဝင်ရန် အခြေအနေ မလှမှန်း သိရသဖြင့်....

"ဆရာဘိုးလေး... ကျွန်တော်ဒဏ်ရာရထားလို့ ခဏနားပြီး အားဖြည့်ပါရစေအုံး"

ထိုသို့ပြောဆိုပြီး သူသည် ကျောက်ဖျာရှိရာသို့ ပြေးသွား လေတော့သည်။



ကျောက်ဖျာနားရောက်မှ သူသည် သက်ပြင်းချနိုင်လေ တော့သည်။

ဖန်ကွမ်းစုမှာ ဒဏ်ရာပြင်းထန်ပြီး မျက်နှာမှာလည်း ဖြူ ပ်ဖြူရော်ဖြစ်နေသည်။

ထိုမြင်ကွင်းကိုတွေ့ရသော အဘွားညာဝမ်းသည် တိုက်ခိုက် နေရာမှခုန်ထွက်လာပြီး ဖန်ကွမ်းစုအားပွေ့ယူကာ ထိုနေရာမှ ထွက် ပြေးလေတော့သည်။

သူမအဖို့ ဤအလုပ်သာလျှင် အသင့်လျော်ဆုံးအလုပ်ဖြစ် သည်။

သူမသာ တိုးကို့နှင့် အစအဆုံးတိုက်ခိုက်နေလျှင် ဖန်ကွမ်းစု သေသွားနိုင်သည် မဟုတ်ပါလော။

ကျုန်ချွမ်းသည် ကျောက်ဖျာအနီးသို့ ရောက်သောအခါမှ စိတ်အေးသွားသည်။

သူသည် ကျောက်ဖျာပေါ်မှစာများကို ဖတ်ကြည့်ရန် ခေါင်းကိုမော့လိုက်သည်။

ထိုစဉ် သူ၏ကျောပေါ်သို့ ချွန်ထက်သော အရာဝတ္ထုတစ်ခု ခြင်း လာရောက်ထောက်ထားသည်ကို သိလိုက်ရလေတော့သည်။

တစ်ဆက်တည်းမှာပင် အေးမြကြည်လင်သော အသံတစ်သံ ပေါ်ထွက်လာသည်။

အသံသည် ရုပ်ရည်နှင့်လိုက်ဖက်လျှင် ရုပ်အလှချောမည့်

www.burmeseclassic.com

www.burmeseclassic.com



သူပေတည်း။

"မလှုပ်နဲ့"

ထိုသံကိုရင်းနှီးစွာ ကြားဖူးပါသည်။

သို့သော် ရုတ်တရက်ဖြစ်သဖြင့် မည်သူမည်ဝါဟု စဉ်းစား၍ မရချေ။

သူသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် ပြောလိုက်၏။

"ခင်ဗျားက ဘယ်သူလဲဗျ၊ ကျွန်တော်နဲ့ ဘာရန်ငြိုးရှိလို့လဲ ရန်ငြိုးမရှိဘဲနဲ့ ဒီလိုကျီစယ်တာမကောင်းပါဘူး"

အသံရှင်က မဲ့ပြုံးပြုံးလိုက်ပြီး....

"ဟင်း... ဘာရန်စရှိလို့လဲ ဟုတ်လား၊ စဉ်းစားကြည့်ပေါ့ရှင် တစ်ချိန်က ဟွမ်စန်းတောင်ပေါ်မှာ ရှင်ဘာတွေလုပ်ခဲ့သလဲဆိုတာ ပြန်စဉ်းစားကြည့်ရင် သိပါလိမ့်မယ်"

ထိုအခါကျမှ သူသည် အသံရှင်မည်သူဖြစ်သည်ကို သိလိုက်ရတော့သည်။

"ကျင်လေရီ"

ဟုတ်ပါသည်။ သူမသည် ကျင်လေရီပင်ဖြစ်ပါသည်။

ကျူန်ချွမ်းသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"ဟိုတုန်းက အထင်မှားကြတာပါ၊ ကျွန်တော့်ကိုခွင့်လွှတ်ပါ၊ ကျွန်တော်ပြောပါရစေအုံး"

ကျူန်ချွမ်းသည် ပြောရင်း ကျောက်ဖျာထက်မှ စာများကို



ဖတ်နေသည်။

ကျင်လေရီက မသိရှာ။

သူသည် စာကိုဖတ်ရှုပြီးသောအခါ စိတ်ထဲတွင် ကြ-ချမ်းသာသွားမိသည်။

သူဖတ်လိုက်ရသည့်ကျောက်ဖျာမှ စာသားများသည် ရွှေဝါမြေပွှာချင်းက ဓနီးဖြစ်သူ ငွေဟသာတုန်ဖန်လင်းအား ရည်ညွှန်း၍ ရေးသားထားခြင်းဖြစ်ပါ၏။

စာသားမှာ ရှည်လျားသည်။

သို့သော် ကျူန်ချွမ်းသည် သည်စာသားကို အမိအရဖတ်သည်။

စာသား၏အဓိပ္ပာယ်မှာ....။

"လူဆိုးချင်က သူ့ရဲ့တစုသီးသံချောင်းများကို အဆိပ်လူးထားပြီးပြီ၊ သူကသစ္စာဖောက်တော့ ကိုယ်လဲသစ္စာမစောင့်နိုင်တော့ဘူး၊ ရတနာမြင်းကုန်းနှီးထဲက လျှို့ဝှက်ချက်တွေကို မင်းနဲ့ကိုယ်တလွဲလို့ ဘယ်သူမှမသိသေးဘူး၊ တကယ်လိုချင်တာက ကိုယ့်ကိုသတ်ဖို့ကြံရင် သူလဲသေရမှာပဲ၊ ဂူထဲက အစွမ်းထက်တဲ့ ဓားခုနစ်လက်ထဲက အကြီးဆုံးဓားက ကိုယ့်လက်ထဲမှာ ဒီဓားတွေဟာ ဘယ်အရာမဆို ဖြတ်ဖြတ်နိုင်စွမ်းရှိတယ်၊ ဒီဓားတွေကို အသုံးပြုရမဲ့ သိုင်းကျမ်းကိုတော့ အဘွားကျွန်းနေထိုင်တဲ့ အရှေ့ပင်လယ်'ကျီးလိုကျွန်း'ပေါ်မှာ ဖွက်ထားတယ်၊ ကိုယ်တို့ရဲ့အမွှာသမီးနှစ်ယောက်ကို လူဆိုးချင်က

www.burmeseclassic.com

www.burmeseclassic.com

သူပေတည့်ဘယ်၊ သမီးတွေကိုပြန်ရဖို့ စိတ်စောနေလို့ ဒီဓားခုနှ
နှကို မေ့ထားရတယ်၊ မင်းဟာကိုယ့်ဇနီးပဲ၊ မင်းဒီနေရာကို
ကလာ မယ်လို့ထင်တဲ့အတွက် ဒီဂူထဲမှာစာကိုရေးထားခဲ့တယ်
နောက်ဆုံး မင်းကိုအသိပေးလိုတာကတော့ ဒီဓားဆန်းခုနစ်လက်နဲ့
သိုင်းကျမ်းနိသျှည်းရခဲ့ရင် ဒီလူဟာ သိုင်းလောကရဲ့ ပြိုင်ဘက်ကင်း
ဖြစ်မယ်ဆိုတာပဲ”

စာ၏အဆုံးတွင် မြေပုံတစ်ကောင်အရုပ်ကို ရေးဆွဲထား
သည်။

စာထဲပါရှိသော အကြောင်းအရာများသည် အတိတ်၏ဖြ
ရပ်တစ်ခုပင်တည်း။

ရွှေဝါမြွေ(ခေါ်)ဟွာချင်းရော၊ ကျင်ကန်းပါ သေဆုံးသွား
ဖြစ်၍ ငွေဟာသံတုန်ဖန်လင်းမှလွဲ၍ ဤအကြောင်းကို မည်သူမျှသ
ကြမည်မဟုတ်ချေ။

အမြွာပူးသမီးနှစ်ယောက်ကို လူဆိုး‘ချင်’က တခြားသို့သွား
ရောင်းစားသည်။

ဆိုသည့်အကြောင်းအရာများကို ဖတ်လိုက်ရသော်လည်း
ကျူနစ်ချွမ်းမှာ နားမလည်။

သိုင်းလောကမှကြားရသော သတင်းအရ ကျင်ကန်းနှင့်ရွှေ
ဝါမြွေ(ခေါ်)ဟွာချင်းတို့မှာ ချစ်ခင်ကြသူများဖြစ်ကြသည်။

ကျူနစ်ချွမ်းသည် ရတနာမြင်းကုန်းနှီး၏ လျှို့ဝှက်ချက်များ



သိရသည့်အတွက် အတိုင်းမသိ ဝမ်းသာမိ၏။

ဓားဆန်းခုနစ်လက်အနက် ကျန်ခြောက်လက်ရှိသောနေရာ
များကို ညွှန်ပြထားသည်။

ယင်းဓားဆန်းများကို အသုံးပြုသည့်အခါ အသုံးပြုရမည့်
သိုင်းကွက်နိသျှည်းနှင့် မိမိရရှိထားသောဓားမှာ အငယ်ဆုံးဓားတစ်
လက်ဖြစ်ကြောင်းကိုပါ သိရှိခဲ့ရသည်။

ဤအဖြစ်အပျက်ကို တွေးဆရသောအခါ ကျင်ကန်းနှင့်ဟွာ
ချင်းတို့သည် ဤကျိုမိစန်းတောင်ပေါ်သို့လာကြသည်မှာ တစ်ကြိမ်မ
က အကြိမ်ပေါင်းများစွာ ရောက်လာကြမည်ဖြစ်သည်။

ပထမတစ်ကြိမ် ရောက်လာစဉ်ကပင် ဟွာချင်းသည် ထိုဓား
ဆန်းခြောက်လက်နှင့်တကွ သုံးနည်းသိုင်းနိသျှည်း စာအုပ်ကိုရရှိထား
ဖြစ်၏။

ဟွာချင်းသည် ဓားဆန်းငါးလက်နှင့် သိုင်းနိသျှည်းစာအုပ်
ကိုယူပြီး ကျိုးလိုကျွန်းသို့ သွားရောက်ဝှက်ထားဟန်တူသည်။

တစ်ချိန်တည်းမှာပင် ကျင်ကန်းသည် သက်မကောင်းသော
ရောဂါဖြစ်ပေါ်လာပြီး နောက်တစ်ကြိမ် သူတို့သည် ကျိုမိစန်းတောင်
ပေါ်သို့ ထပ်မံရောက်လာသောအခါ သဘောထားကွဲလွဲကြပြီး တစ်
ယောက်က အဆိပ်လူးထားသော တစုသီးလက်နက်ပုန်းဖြင့် ပစ်ခတ်
ခဲ့။

ကျန်တစ်ယောက်က ဓားဆန်းအငယ်စားနှင့် ထိုးသည့်အ

www.burmeseclassic.com

www.burmeseclassic.com



တွက် သူတို့နှစ်ဦးသည် အသက်ဆုံးရှုံးရပြီး နောက်ဆုံးအရိုးစုဘ[illegible] ရောက်ခဲ့ရခြင်း ဖြစ်ပေလိမ့်မည်။

ကျွန်ချွမ်းသည် စာကိုဆုံးအောင်ဖတ်ပြီး ခေါင်းကိုပြ[illegible] ထားလိုက်၏။

ဖုချွန်းကျန်းမြစ်နံဘေးတွင် တည်ရှိသော မြို့ကလေးတ[illegible] တွေ့ခဲ့ရသော ကျင်လေရီမှာ ယခုအဘယ်ကြောင့် ကျိုမီစန်းတောင်[illegible] ရုတ်တရက် ရောက်လာခြင်းကိုစဉ်းစား၍မရချေ။

ကျွန်ချွမ်းသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"ကျင်လေရီကို ကျွန်တော်ပြောချင်ပါတယ်၊ ကျွန်တော်[illegible] ရတနာမြင်းကုန်းနီးကို ရပြီးကတည်းက ကောင်းကျိုးမရခဲ့တဲ့အ[illegible] သိုင်းလောကကလူတွေရဲ့ နောက်ယောင်ခံလိုက်ပြီး နှောက်ယှ[illegible] တာကိုခံခဲ့ရတယ်၊ အသက်အန္တရာယ်ကြုံခဲ့ရတဲ့အကြိမ်လဲ မနည်[illegible] တော့ဘူး၊ ဒါပေမယ့် ဒီမြင်းကုန်းနီးရဲ့ လျှို့ဝှက်ချက်ထဲက ကျင်လေ[illegible] ရဲ့ ဇာတိမြစ်ကိုသိခဲ့တဲ့အတွက် ကျွန်တော်တောင် ကျင်လေရီကိုလို[illegible] ရှာခဲ့ရပါတယ်"

သူ၏စကားကို ကြားရသောအခါ ကျင်လေရီမှာ စိတ်လှု[illegible] ရှားသွားသည်။

ကျင်လေရီသည် အတိတ်ကိုပြန်စဉ်းစားမိသည်။

သူမသည် သိတတ်သည့်ကလေးအရွယ်ကစပြီး မွေးစ[illegible] ခင် သူတောင်းစားအဘိုးအိုနောက်သို့ လိုက်နေခဲ့သည်။



ဟန်ချောင်မြို့ အနီးရှိ(စီဟူ အနောက်ဘက်ကန်)တစ်ဝိုက်တွင် တောင်းရမ်းစား သောက်ခဲ့သည်။

ထိုစဉ် သိုင်းဆရာမကြီးရွှမ်နုရင်က မေတ္တာကရုဏာပွားပြီး ခေါ်ယူကျွေးမွေးစောင့်ရှောက်ကာ သိုင်းပညာများကို သင်ကြားပေးခဲ့သည်။

သူတောင်းစားအဘိုးအိုသည် အရက်များမူးပြီး ထွေရာလေးပါးလျှောက်ပြောခဲ့သဖြင့် ကျင်လေရီသည် ဟိုနန်နယ်မှ ကျင်ကန်းနှင့် ဆွေနီးမျိုးစပ်တော်ကြောင်းကို ကြားဖူးသည်။

နောက်ဆုံး ကျင်လေရီသည် သိုင်းပညာသင်ယူပြီး ဟိုနန်နယ်သို့လာရောက်ပြီး ကျင်ကန်းအကြောင်းကိုစုံစမ်း၏။

သူမသည် ချင်စိရှောင်နှင့် တွေ့ဆုံခဲ့ရမှာ ချင်စိရှောင်သည် သူမစုံစမ်းနေသော ကျန်ကန်း၏သားဖြစ်ကြောင်းကို သိရှိရသည့်အတွက် ကျင်လေရီသည် ချင်စိရှောင်နှင့်ပို၍ ရင်းနှီးအောင်နေပြီး သူ၏ဇစ်မြစ်ကို ပို၍သိရန် ရည်ရွယ်သည်။

ထို့ကြောင့် ကျင်လေရီမှာ ချင်စိရှောင်အား ချစ်ဟန်ဆောင်သည်။ ရင်းနှီးစွာနေသည်။ သူ့အကြောင်းစုံစမ်းသည်။

ချင်စိရှောင်မှာ လူရိုးလူဖြောင့်ဖြစ်၏။

ချင်စိရှောင်သည် ကျင်လေရီနှင့် ရင်းနှီးမှုပိုခဲ့ရာမှ ချင်စိရှောင်က သူမအား တကယ်မေတ္တာသက်ဝင်ခဲ့သည်။

နောက်ဆုံး ချင်စိရှောင်နှင့် ကျင်လေရီတို့ မင်္ဂလာပွဲကျင်းပ

www.burmeseclassic.com

www.burmeseclassic.com



ရှန် သဘောတူလိုက်၏။

မင်္ဂလာပွဲကျင်းပရန် လေးရက်အလိုတွင် သတို့သားအိမ်တွင် အစဉ်အဆက်သိမ်းဆည်းထားသော ရတနာမြင်းကုန်းနှီး ကြောင်းကို ကျင်လေရီက လေ့လာမိ၏။

ဤရတနာမြင်းကုန်းနှီး မည်သို့အသုံးဝင်ခြင်းကို ကျင်လေ ရီသည် မသိရှိပေ။

သူမသည် ချင်စိရှောင်နှင့် လက်မထပ်လို၍ အကြောင်း ကာ သူတို့၏ အစဉ်အဆက်ထားရှိသော ရတနာမြင်းကုန်းနှီးနှင့် ဂါးကိုခိုးယူကာ လျှပ်စစ်မြင်းပျံကိုစီး၍ အိမ်မှထွက်ပြေးရန် ကြိုး ၏။

သို့သော် ဒေါသကြီးသော ချင်စိရှောင်၏မိထွေး ပန်းသုံး မယ်နှင့်တွေ့ဆုံကာ စကားများပြီး တိုက်ခိုက်ခဲ့ရာမှ ဒဏ်ရာရ သည်။

သူမ၏ မရေရာသောဘဝကို အမှန်တကယ်သိမြင်သူမှာ မွေးစားဖခင် သူတောင်စားအဘိုးကြီးနှင့် ဆရာမကြီး ရွှမ်နုရင် နှစ်ဦးသာ သိရှိကြသည်။

ယခု ကျုန်ချွမ်း၏စကားကိုကြားရသောအခါ တုန်လှု ချောက်ချားခြင်းနှင့်အတူ ဝမ်းသာခြင်းလည်း ဖြစ်မိလေတော့သည်။

ကျင်လေရီသည် သိလိုသည်များ သိရမည်ထင်ပြီးမေးလို ၏။



"ကဲ... ရှင် ဘာသိသလဲ ပြောပါ၊ အဖြစ်မှန်ကို မြန်မြန်ပြော ရင် ရှင့်အသက်ကို ချမ်းသာပေးလိုက်မယ်"

ကျုန်ချွမ်းက မဲ့ပြုံးတစ်ချက်ကျိတ်၍ ပြုံးလိုက်သည်။

"သိပ်မလောပါနဲ့လေ... ကျွန်တော့်ကိုလွှတ်ပေးပြီးမှ ပြော သို့ ဖြစ်မှာပေါ့၊ ဖမ်းထားရင် ဘယ်လိုပြောမလဲ"

ကျင်လေရီသည် ဓားမြှောင်ကိုပြန်ရုပ်လိုက်ပြီး ဘယ်လက် င့် ကျုန်ချွမ်း၏သွေးကြောကိုပိတ်ရန် လက်ကိုမြှောက်လိုက်၏။ ကျုန်ချွမ်းကို အပိုင်နိုင်လုပ်မှ ရပေလိမ့်မည်။

ကျုန်ချွမ်းသည် ကိုယ်ကိုတစ်ဘက်သို့ လှည့်ပေးလိုက်ပြီး ခနီးရှိ ခဲတစ်လုံးကိုကောက်ယူလိုက်၏။

"ညီမ ဘေးဖယ်"

ကျင်လေရီသည် ဘာမှန်းမသိဘဲ ဘေးသို့ရှောင်တိမ်းပေး လိုက်ရလေ၏။

ကျုန်ချွမ်းသည် ကျောက်ဖျာရှိ စာများကိုတအားပစ်ပေါက် လိုက်သည်။

"ဝုန်း...."

ကျယ်လောင်သောအသံကြီးဖြစ်ပေါ်လာသည်။

ရွှေဝါမြွေဟွာချင်းရေးထားသောစာများ အစိတ်စိတ်အမွှ ာ ဖြစ်သွား၏။

ယခုအခါ ကျောက်ဖျာပေါ်တွင် ရေးသားထား သောစာများ

www.burmeseclassic.com

www.burmeseclassic.com



တွင်ပါရှိသော အကြောင်းအရာများကို သူကလွဲလျှင် မည်သူမှသိရှိနိုင်တော့မည်မဟုတ်ချေ။ ကျုန်ချွမ်းသည် လူလည်လူရုပ်ပေတည်း။

ကျုန်ချွမ်းက အားရကျေနပ်စွာ ရယ်လိုက်ပြီး...

"ခုနက ကျွန်တော်သာ အကြံမထုတ်ရင် ညီဇာက လွတ်အုံးမှာမဟုတ်ဘူး"

ကျင်လေရီက မဲ့ပြုံးပြုံးလိုက်သည်။

"ရှင် ခု ကျွန်မလက်ထဲကလွတ်ပြီလို့ ထင်နေတာပေါ့လေ"

သူမ၏စကားဆုံးသည်နှင့် လူတစ်ယောက် သူတို့အနီးသို့ ရောက်ရှိလာလေ၏။

ထိုသူကိုမြင်လိုက်သည်နှင့် ကျင်လေရီ၏မျက်နှာမှာ ဝမ်းသာသောအမူအရာပေါ်လာသည်။

ရောက်လာသူမှာ ကျင်လေရီ၏ဆရာမဖြစ်သော ရွှမ်နရင့်ပင်တည်း။

## အခန်း(၁၀)

## သိလိုသောဘဝမှန်

ဆရာကြီးတိုးကို့နှင့် အသွားကျန်းတို့လူစုကား အပြင်းအထန် တိုက်ခိုက်နေကြဆဲပင်တည်း။

ကျုန်ချွမ်းက အခြေအနေကိုကြည့်ပြီး ထိတ်လန့်သွား၏။ သူသည် အခြေအနေ ယခုအခြေအနေကို မကြိုက်ပါ။ အတိုးလေးတိုးကို့က အနိုင်ရသည်ကိုသာလိုလားသည်။ ထို့ကြောင့် သူသည် ဟန်ဆောင်ပြုံးတစ်ချက်ပြုံးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျင်လေရီ... ဟိုတစ်ခါတုန်းက ကျွန်တော်တမင်လုပ်ခဲ့တာ မဟုတ်ပါဘူး၊ အခု ကျွန်တော့်မှာ မြင်းကုန်းနီးလဲ မရှိတော့ဘူး၊ တကယ်လို့ ကျွန်တော်သာ အခုသေသွားမယ်ဆိုရင် ကျင်လေရီရဲ့ဘဝမှန်ကို ဘယ်သူမှသိတော့မှာ မဟုတ်တော့ဘူး"

ကျုန်ချွမ်း၏အသံက ပျော့ပျောင်းလာသည်။ သူသည် ပရိယာယ်မာယာအမျိုးမျိုး လုပ်တတ်သည်။ လူညစ်ဖြစ်သည်။

ကျင်လေရီသည် သူ့အား စေ့စေ့ကြည့်ကာ....

"ကဲ... ကျွန့်မဘဝမှန်ကို မြန်မြန်ပြောရင် ရှင့်အသက်ကိုချမ်းသာပေးမယ်"

ကျုန်ချွမ်းက ပြုံးလိုက်သည်။

"ကျင်လေရီရဲ့ ဖခင်အရင်းဟာ 'ရွှေဝါမြွေ'လို့ ကျော်ကြားတဲ့ 'ဟွာချင်း'ဖြစ်ပါတယ်"

ကျင်လေရီက အံ့သြသွားသည်။

"ရွှေဝါမြွေဟွာချင်း ဟုတ်လား"

သူမသည် ဆရာမကြီး ရွှယ်နုရင်ဘက်သို့လှည့်ကာ မေးလိုက်၏။

"ဆရာ... ရွှေဝါမြွေဟွာချင်းဆိုတာ ဘယ်သူလဲ၊ ဆရာသိသလား"

ဆရာမကြီး ရွှမ်နုရင်က စဉ်းစဉ်းစားစားပြောသည်။

"ဒီလူဟာ တစ်ချိန်တုန်းက ဟိုနန်နဲ့ဟိုပေပြည်နယ်နှစ်ခုမှာ



ကျော်ကြားတဲ့ သိုင်းပညာရှင်တစ်ယောက်ဖြစ်တယ်၊ ဒါပေမယ့် သူသေတာကြာပြီ၊ တပည့်က သူ့စကားကို သိပ်မယုံနဲ့အုံး၊ သူ့ပုံစံကိုငါမကြိုက်ဘူး"

ကျုန်ချွမ်းသည် မျက်မှောင်ကုပ်သွား၏။

"ကျွန်တော်ပြောတာတွေ အမှန်ချည်းပါပဲ၊ မယုံရင် ကျွန်တော့်ဆရာဘိုးလေးတိုးကို့နဲ့ အဘွားကျန်းတို့ကိုမေးကြည့်ပါ၊ ဒါဆိုရင် အမှန်သိသွားမှာပေါ့"

သူ၏စကားကို ကြားရသောအခါ ရွှမ်နုရင်သည် ငိုင်၍စဉ်းနေသည်။

အတန်ကြာမှ ရွှမ်နုရင်က....

"ကောင်းပြီ... မင်းပြောတာမှန်မမှန် စုံစမ်းကြည့်ရမှာပဲ၊ အမှန်တော့ ငါတို့ဒီကိုလာရင်း မင်းနဲ့တွေ့ရတာပဲ၊ မင်းကိုယုံစားလို့တော့ မရဘူး"

မှန်ပါသည်။

ကျင်လေရီနှင့်ရွှမ်နုရင်တို့သည် ဤနေရာသို့လာရန် မရည်ရွယ်ခဲ့ပါ။

ကျင်လေရီသည် ဖုချွန်းကျွန်းမြစ်အနီးရှိ မြို့တစ်မြို့တွင် ဆေးဝါးရှာဖွေနေစဉ်... ဆရာမကြီးရွှမ်နုရင်နှင့်တွေ့ဆုံမိကြပြီး ကျင်လေရီက အဖြစ်မှန်များကို ဆရာမကြီးအား ပြန်လည်၍ ပြောပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျင်လေရီ၏ဒဏ်ရာ ပျောက်ကင်းသွားသောအခါ ဆရာ တပည့်နှစ်ယောက်တို့သည် ကျုန်ချွမ်းအား လိုက်လံရှာဖွေရင်း ဤ နေရာသို့ ရောက်ရှိလာကြခြင်းဖြစ်သည်။

ဆရာမကြီးရွှမ်နုရင်သည် သိုင်းလောကတွင် ကျော်ကြား သောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ သိုင်းလောကထိပ်သီးများထဲတွင် တစ် ဦးအပါအဝင်ဖြစ်သည်။

ထို့ကြောင့် ကျုန်ချွမ်းပြောလိုက်သော လူများ၏အမည်များ ကို သိထားပြီး ဖြစ်၏။

ဆရာမကြီးရွှမ်နုရင်က တည်ငြိမ်စွာဖြင့် ကျုန်ချွမ်းကိုမေး ကြည့်ကာ....

"မင်း... ဒီအကြောင်းတွေကို ဘယ်ကကြားခဲ့သလဲ ပြော စမ်း၊ မှန်မှန်ပြောနော်... နောက်မှ ငါ့ကိုအဆိုးမဆိုနဲ့"

ကျုန်ချွမ်းက အနည်းငယ်စဉ်းစားပြီးပြောသည်။

"ရွှေဝါမြွေပွေးချင်းနဲ့ ကျင်ကန်းတို့ဟာ ဒီကိုရောက်လာ[illegible] တစ်ယောက်နဲ့တစ်ယောက် သေဆုံးတဲ့အထိ တိုက်ခိုက်ကြတယ် ဗွာချင်းဟာ သူမသေခင် သူ့မိန်းမ ငွေဟသ်ာတုန်ဖန်လင်းကို [illegible] ပေးခဲ့တဲ့ စာထဲမှာ သူ့အမြွှာပူးသမီးလေး နှစ်ယောက်နဲ့ ကွဲကွာသွား တာကြာပြီဖြစ်တဲ့အကြောင်း ပါရှိပါတယ်၊ ကျင်လေရီဟာ အမြွှာပူး[illegible] မနှစ်ယောက်ထဲက တစ်ယောက်ဖြစ်ပါတယ်"

ကျင်လေရီနှင့်ဆရာမကြီး ရွှမ်နုရင်တို့သည် တစ်ချိန်က မြို့



[illegible]လေးတစ်မြို့တွင် ကျင်လေရီနှင့် ရုပ်ချင်းဆင်တူသော ထန်လေရီ ကို တွေ့မြင်ခဲ့ကြရသည်။

ကျုန်ချွမ်း ပြောသောစကားများမှာ ဖြစ်နိုင်စရာအကြောင်း သည်ဟု ယူဆမိသည်။

ကျုန်ချွမ်းက တစ်ဖန် စကားဆက်လိုက်ပြန်သည်။

"ငွေဟသ်ာတုန်ဖန်လင်းဟာ အသက်ရှင်လျက်ရှိနေသေး [illegible]လို့ အဘွားကျန်းရဲ့ပြောစကားကိုကြားဖူးပါတယ်၊ ဒီတော့ ဒီအ ကြောင်းတွေကို သူ့ကိုမေးလိုက်ရင် သိချင်တာတွေသိနိုင်ပါတယ်"

ကျင်လေရီသည် စိတ်မြန်သူတစ်ဦးဖြစ်သည့်အတွက်....

"အဘွားကျန်းဆိုတာ ဘယ်သူလဲ"

ကျုန်ချွမ်းက အဘွားကျန်းဘက်သို့ညွှန်ပြရင်း....

"ဟိုဘက်က အဘွားအိုဟာ အဘွားကျန်းပါ"

ကျင်လေရီသည် သဲသဲမဲမဲ တိုက်ခိုက်နေသော လူစုထံသို့ [illegible]တ်သည်။

သူမသည် သူမဘာဝမှန်ကို အလွန်သိလိုနေသည်။ စဉ်းစား [illegible]ခြင်ခြင်မရှိ။ တိုက်ပွဲထဲခုန်ဝင်သွားသည်။

ဆရာမကြီးရွှမ်နုရင်သည် သူ၏တပည့်ကို စိတ်မချသည့်အ [illegible] သူမ၏နောက်မှ လိုက်သွားသည်။

ကျုန်ချွမ်းက လှမ်း၍ပြောသည်။

"ဟိုဘက်က သံတောင်ဝှေးကိုင်ပြီး တိုက်နေတာ အဘွား

www.burmeseclassic.com

www.burmeseclassic.com



ကျန်းပဲ၊ ခင်ဗျားတို့မှားနေမှာစိုးလို့”

သေချာအောင် အော်ဟစ်ပြောလိုက်ပြန်သည်။

ကျုန်ချွမ်း၏စကားဆုံးသည်နှင့် ကျင်လေရီသည် ထပ်ဆင့်၍ တစ်ချက်ခုန်လိုက်သည်။

“သတိထား လေရီ... အရမ်းမဝင်နဲ့”

ဆရာမကြီးရွှမ်နုရင်က အော်၍ပြောရင်း ကျင်လေရီနောက်သို့ခုန်၍ လိုက်သွားလေတော့သည်။

ကျင်လေရီနှင့်ရွှမ်နုရင်တို့သည် အဘွားကျန်းနှင့်မနီးမဝေး နေရာတွင် ရောက်ရှိလာကြလေ၏။

ကျင်လေရီသည် ဆရာမကြီးဘက်သို့လှည့်ကာ....

“ဆရာနဲ့တပည့် ဒီအဘွားကျန်းကိုညှပ်ပြီး ဝိုင်းမေးလိုက်ရင် အဖြစ်မှန်ကို သူမပြောဘဲမနေရဲပါဘူး၊ ဒီတော့ ဆရာက တပည့်ကို ကူညီပါအုံး”

ကျင်လေရီ၏စကားကို ကြားရသောအခါ အဘွားကျန်းသည် တိုက်ခိုက်နေရာမှ တစ်ချက်စောင်း၍ကြည့်လိုက်၏။

အဘွားကျန်းသည် တစ်ချိန်က တာပျက်စန်းတောင်ပေါ်တွင် သူ၏လက်မှထွက်ပြေးလွတ်မြောက်သွားသော ထန်လေရီပင် ဖြစ်မည်ဟုထင်ပြီး ဒေါသထွက်လာသည်။

သူမသည် တိုက်ကွင်းမှခုန်ထွက်လာပြီး ကျင်လေရီအား တောင်ဝှေးဖြင့် ရိုက်ချလေ၏။



ရုတ်တရက် အဘွားကျန်း၏ တောင်ဝှေးရိုက်ချက်ကြောင့် ကျင်လေရီသည် ထိတ်လန့်သွားသည်။

ကပျာကယာ သူမ၏ဓားဖြင့် အဘွားကျန်း၏တောင်ဝှေးကို ခုခံလိုက်လေသည်။

“ထန်း....”

ကျင်လေရီမှာ အဘွားကျန်းထက် ပညာအဆင့်နိမ့်သူဖြစ်၍ နောက်သို့ခြေနှစ်လှမ်းခန့် ဆုတ်သွားရ၏။

အဘွားကျန်း၏ တောင်ဝှေးရိုက်ချက်မှာ ပြင်းထန်လွန်း၍ ကျင်လေရီမှာ ထိတ်လန့်သွားပြီး ဘာဆက်လုပ်ရမည်ကိုမသိဘဲ ဖြစ်သွားသည်။

ထိုတိုက်ကွက်ကြောင့် ဆရာမကြီးရွှမ်နုရင် ဒေါသထွက်သွားသည်။

“အဘွားကျန်း မသိနားမလည်တဲ့ကလေးမကို ညှာတာထောက်ထားမှုမရှိဘဲ ဒီလိုလုပ်ရသလား”

သူမသည် ပြောရင်း ကျင်လေရီအား တစ်ဘက်သို့တွန်းထုတ်လိုက်သည်။ ကျင်လေရီ ခုန်ဆုတ်သွားသည်။

အဘွားကျန်းသည် တိုက်ခိုက်မှုကိုရပ်တန့်လိုက်ပြီး ဆရာမကြီး ရွှမ်နုရင်အား စေ့စေ့ကြည့်လိုက်ပြီး....

“ဪ... ဆရာမကြီးရွှမ်နုရင်ကိုး”

ရွှမ်နုရင်က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



"အဘွားကျန်းရဲ့သိုင်းပညာဟာ အလွန်အဆင့်မြင့်လှပါ တယ်"

သူတို့နှစ်ဦးသည် တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်ကြည့်ပြီး ခပ်ထွေ့ထွေ့ပြောနေကြခြင်းဖြစ်သည်။ သူတို့တွင် အစောင်းအချိတ်များရှိသည်။

သို့သော် သူတို့သည် တစ်ဦးကိုတစ်ဦး အကဲခတ်ရင်း အလင်းမပေးဘဲ သတိဖြင့် စောင့်ကြည့်နေကြလေ၏။

အဘွားကျန်း တိုက်ကွင်းထဲမှ ခုန်ထွက်သွားပြီးသည့်နောက် လူပုညီနောင် ရဲထင်းနှင့်ရဲတိတို့သည် ဆရာကြီးတိုးကို့အား အပြင်းအထန် ခုခံတိုက်ခိုက်နေရသည်။

အဘွားကျန်းမရှိသည့်နောက် သူတို့အဖို့ အင်အားလျော့နည်းသွားသဖြင့် ဆရာကြီးတိုးကို့က အသာစီးရနေသည်။

ထိုအခိုက် ဆရာကြီးတိုးကို့သည် တစ်ချက်အော်လိုက်ပြီးလေထဲသို့ တစ်ပတ်ကျွမ်းထိုးလိုက်သည်။

သူသည် တစ်ပတ်လည်ပြီး မြေပေါ်သို့အကျတွင် သူ၏အကျီနက်ရှည်ကြီးဖြင့် ငှက်ကြီးတစ်ကောင်ပမာ ဝဲကျလာရင်း ရဲထင်းအား အပေါ်မှလှမ်း၍ ကုပ်ဆွဲလိုက်လေသည်။

ရဲထင်းသည် ထိတ်လန့်သွားသည်။ ရုတ်တရက် သူသည် လက်ထဲမှဓားဖြင့် လျှပ်တစ်ပြက် ပစ်ပေါက်လိုက်သည်။

ထိုအခါ ဆရာကြီးတိုးကို့သည် သူ့ထံသို့လာနေသောဓားကို



ဓားနှောင့်ဖြင့် ပုတ်ချလိုက်သည်။

ရဲထင်းပစ်လိုက်သောဓားသည် မြက်တောထဲသို့ လွင့်ကျသွားသည်။

ဤအကွက်ကို ရဲထင်းက ကြိုတင်တွက်ထားသည့် အတွက် သူသည် ရဲတိ၏ပခုံးကို အားယူကာ ကန်ထွက်သွားသည်။

ရဲထင်းမှာ ဆရာကြီးတိုးကို့၏ တိုက်ခိုက်ခြင်းမှ လွတ်မြောက်သွားလေတော့သည်။

သို့သော် ရဲတိမှာမူ ဆရာကြီးတိုးကို့၏ အန္တရာယ်စက်ကွင်းထဲတွင်မိနေပြီး မပြေးသာဘဲဖြစ်နေစဉ်....

"ညီလေး... မကြောက်နဲ့"

အော်ရင်း ရဲထင်းသည် ဆရာကြီးတိုးကို့၏နောက်မှ ခုန်ဝင်ပြီး တိုက်ခိုက်လိုက်လေသည်။

ထိုအခါ ဆရာကြီးတိုးကို့မှာ ရဲထင်းဘက်သို့လှည့်၍ ဓားချက်ကိုကာကွယ်လိုက်၏။ မကာကွယ်ပါက သေတွင်းသို့ သူကျဆင်းမည်တည်း။

ထို့ကြောင့် ရဲတိ၏အသက်ကို အန္တရာယ်ကြားမှ အချိန်မီကယ်တင်နိုင်လိုက်နိုင်သည်။

ထို့နောက် လူပုညီနောင်နှစ်ယောက်တို့သည် ဆရာကြီးတိုးကို့ကို စောစောပိုင်းကထက် ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာကြသည်။

ထိုစဉ် အော်သံတစ်သံထွက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာဘိုးလေး... ရပ်လိုက်ပါအုံး၊ ကျွန်တော်ပြောစရာရှိလို့ပါ၊ အဘိုးလေးဆက်တိုက်နေရင် ကျွန်တော်ဘယ်လိုပြောရတော့မလဲ"

ကျွန်ချွမ်းသည် အနီးသို့ရောက်လာပြီး ပြောလိုက်ခြင်းဖြစ်သည်။

ဆရာကြီးတိုးကို့က လှမ်းကြည့်လိုက်သည်။

"ဘာပြောမလို့လဲကွ"

ကျွန်ချွမ်းက အနားသို့တိုးကပ်လာပြီး တိုးတိုးပြော၏။

"အစွမ်းထက်တဲ့ဓား(၇)လက် ဝှက်ထားတဲ့နေရာကို ကျွန်တော်သိထားလို့ ပြောမလို့ပါ"

ကျွန်ချွမ်း၏စကား ဆုံးသွားသည်နှင့် ဆရာကြီးတိုးကို့သည် ကျွန်ချွမ်း၏လက်မောင်းကို ဖမ်းဆွဲချုပ်ကိုင်လိုက်သည်။ သူသည် တပည့်ဟူ၍ မညှာချေ။

"အမယ်လေး...."

ကျွန်ချွမ်းသည် နာကျင်လွန်း၍ ထိတ်လန့်တကြား အော်လိုက်မိသည်။

တိုးကို့ကမူ ကျွန်ချွမ်းအော်လိုက်သည်ကို ဂရုမစိုက်ဘဲ—

"ဘာကွ... အစွမ်းထက်တဲ့ဓား ဟုတ်လား၊ ဘယ်မှာလဲ မြန်မြန်ပြောစမ်း၊ မင်းမပြောရင် ပြောအောင်လုပ်ရမှာပဲ"

ဆရာကြီးတိုးကို့၏မျက်နှာမှာ အံ့သြဝမ်းသာနေသည်။ သူသည် ထိုဓားများကို မျှော်လင့်နေပုံရသည်။



ကျွန်ချွမ်းသည် မျက်မှောင်ကုပ်လိုက်ပြီး....

"တိုးတိုးပြောပါ ဆရာဘိုးလေး၊ တခြားလူတွေကြားကုန်ပါ့မယ်၊ အဲဒီအစွမ်းထက်တဲ့ ဓားဆန်းခုနစ်လက်အထဲမှာ အကြီးဆုံးဖြစ်တဲ့ မိုးနဂါးဓားဟာ ဆရာတော်တစ်ပါးဆီမှာ ရောက်နေတာကလွဲလို့ ကျန်တဲ့ဓားခြောက်ချောင်းကို ရွှေဝါမြွေပဟ္ဘာချင်းက ကျိုးလိုကျွန်းမှာ သွားဝှက်ထားခဲ့ပါတယ်"

ဆရာကြီးတိုးကို့သည် မျက်မှောင်ကုပ်၍ စဉ်းစားလိုက်သည်။

"ကျိုးလိုကျွန်းဆိုတာ အဘွားကျန်းနေတဲ့ကျွန်း မဟုတ်လား၊ တခြားကျွန်း မရှိပါဘူး၊ ငါသိထားက အဲ့ဒီကျွန်းတစ်ကျွန်းပဲ ရှိတယ်"

"ဟုတ်ပါတယ်... ဒါပေမယ့် ဒီကျွန်း ဘယ်နေရာမှာလဲဆိုတာတော့ အတိအကျမသိပါဘူး"

ဆရာကြီးတိုးကို့သည် ကျွန်ချွမ်းအား ဘာမှဆက်မမေးတော့ဘဲ အဘွားကျန်းကိုတစ်ချက်လှမ်းကြည့်ကာ တစ်စုံတစ်ရာပြောလိုက်မည်ပြုသည်။

ကျွန်ချွမ်းက လျှင်မြန်စွာ တားမြစ်လိုက်သည်။

"အခုမပြောနဲ့အုံး ဆရာဘိုးလေး... အဘွားကျန်း ပြန်သွားပြီးမှ ကျွန်တော်တို့ ကျိုးလိုကျွန်းကိုလိုက်သွားပြီး တစ်ကျွန်းလုံးကို မွှေလှန်ရှာကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတိုးကို့သည် ကျွန်ချွမ်း၏အကြံကို သဘော
လက်ခံလိုက်သည်။

"အဲဒီအကြံ ကောင်းတယ်"

"ဒါဖြင့် တို့ခဏရှောင်နေကြရအောင်"

ဆရာကြီးတိုးကို့သည် ကျွန်ချွမ်း၏လက်ကိုဆွဲပြီး ထိုနေ
မှ ခုန်ထွက်သွားလေတော့သည်။

✦

အဘွားကျန်းက ငွေတောင်ဝှေးကိုဝှေ့ယမ်းကာ ဆရာမကြီးရွှမ်
နုရင်အား တိုက်ခိုက်မည်ပြုသည်။

ထိုစဉ် လူပုညီနောင်တို့ရောက်ရှိလာကြလေ၏။

ရဲထင်းက....

"ကိုယ့်လူအချင်းချင်းမို့ မတိုက်ခိုက်ကြပါနဲ့တော့"

လူပုညီနောင်တို့သည် ဆရာမကြီးရွှမ်နုရင်အား အကြိမ်
ကြိမ်တွေ့မြင်ဖူးသဖြင့် လေးစားရှိသေကြသည်။

ဆရာမကြီး ရွှမ်နုရင်သည် အဘွားကျန်းအား တစ်ချက်ပြုံး
ပြလိုက်ပြီး....



"ဒီညီနောင်နှစ်ယောက်ပြောတာ မှန်ပါတယ်၊ ကိစ္စလေး
တစ်ခုကိုမေးမိတာနဲ့ တစ်ယောက်နဲ့တစ်ယောက်ဒေါသဖြစ်ပြီးတိုက်
ခိုက်ကြရတာ မကောင်းပါဘူးရှင်၊ ကျွန်မတို့ဟာ ရန်သူတွေလဲ မ
ဟုတ်ကြဘူး"

အဘွားကျန်းသည် ဒေါသစိတ်ပြေပျောက်သွားကာ ပြန်
လည်ပြုံးပြလိုက်ပြီး....

"ဘာများ မေးချင်လို့လဲ"

ထိုစဉ် ကျင်လေရီက ရှေ့သို့တိုးလာပြီး....

"ငွေဟသ်ာ တုန်ဖန်လင်းဆိုတဲ့ အမျိုးသမီးကြီးဟာ အ
သက်ရှင်လျက် ရှိနေသေးတယ်ဆိုတာ ဟုတ်ပါသလားရှင်"

သူမ၏အမေးကြောင့် အဘွားကျန်းသည် မျက်နှာတစ်ချက်
ပျက်သွားသည်။

"ဘာဖြစ်လို့ သူ့ကိုမေးရတာလဲ"

"ဒီလိုပါရှင်... ကျွန်မဟာ ငယ်စဉ်ကတည်းက ကျွန်မမိဘ
တွေနဲ့ကွဲခဲ့ရတယ်၊ တချို့က ကျွန်မကို ငွေဟသ်ာတုန်ဖန်လင်းရဲ့သမီး
လို့ ပြောနေကြပါတယ်၊ အဲဒါဟုတ်မဟုတ် ကျွန်မသိချင်လို့ပါရှင်"

အဘွားကျန်းသည် တွေဝေသွား၏။

အတန်ကြာမှ အဘွားကျန်းက....

"လွန်ခဲ့တဲ့နှစ်နှစ်လောက်က သူဟာ ကျိုးလိုကျွန်းကိုရောက်
လာပြီး အဲဒီမှာပဲ ဆုံးသွားရှာပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျင်လေရီမှာ ဝမ်းနည်းသွားပြီး ငိုင်သွားတော့သည်။

ငွေဟင်္သာမှာတုန်ဖန်လင်းမှာ သူမ၏အမေရင်း ဟုတ် ဟုတ် မသိရသေးမီ ဤသို့သေဆုံးသွားကြောင်း သိရသည့်အတွက် ဝမ်းနည်းမဆုံးဖြစ်မိသည်။

သူမ၏မျိုးရိုးဇာတိကို သဲလွန်စရပြီးမှ ယခုတစ်ဖန် လမ်း ပျောက်ခဲ့ရပြန်လေပြီ။

ငွေဟင်္သာတုန်ဖန်လင်းသည် သူမ၏ခင်ပွန်းဖြစ်သူ ဟွ ချင်းအား ခဲခဲယဉ်းယဉ်း လိုက်လံရှာဖွေနေသည့် သတင်းကို အဘွား ကျန်းက မနေ့က လူပုညီနောင်အား ပြောပြခဲ့သေးသည်။

ယခု အဘွားကျန်းက ငွေဟင်္သာတုန်ဖန်လင်း သေပြီဟု ပြောလိုက်သည့်အတွက် လူပုညီနောင်မျက်စိလည်သွားလေတော့၏။

သို့သော် အဘွားကျန်းမှာ သူတို့၏အသက်ကိုကယ်တင် ထားသောကျေးဇူးကြောင့် လူပုညီနောင်တို့သည် ဘာမှဝင်မပြော တော့ဘဲ ဆိတ်ဆိတ်နေလိုက်ကြလေသည်။

ကျင်လေရီသည် ဝမ်းနည်းနေ၏။

ဆရာမကြီး ရွှမ်နုရင်က နှစ်သိမ့်အားပေး၏။

"ဟိုကောင်လေးပြောပြချက်အရ တပည့်မှာ အမွှာပူးအစ် လား ညီမလားဆိုတာတော့မသိဘူး တစ်ယောက်ရှိတယ်လို့ပြော တယ်၊ ဆရာတို့ တရှေ့လောက ဖုချွန်းကျန်းမြစ်နားက မြို့ကလေးမှာ တွေ့ခဲ့တဲ့ မိန်းကလေးများဖြစ်နေမလား မသိဘူး၊ သူ့ကိုသာရှာလို့



တွေ့ခဲ့ရင် တပည့်ရဲ့မိဘတွေဟာ ဘယ်သူဘယ်ဝါဆိုတာ သိနိုင်လိမ့် ယ်ထင်တယ်၊ ငွေဟင်္သာတုန်ဖန်လင်းမရှိပေမယ့် အဲဒီမိန်းကလေးရှိ ပါသေးတယ်၊ သူက သိနိုင်ပါသေးတယ်"

ကျင်လေရီကလည်း သူမ၏ဆရာ့စကားကို သဘောတူ သက်ခံသည်။

ထို့နောက် ကျင်လေရီတို့ ဆရာတပည့်သည် အဘွားကျန်း အား နှုတ်ဆက်ပြီး ထိုနေရာမှထွက်ခွာသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

## လွမ်းမောဖွယ်ရာအတိတ်

ရဲထင်းက အဘွားကျန်းအားကြည့်ပြီး ပြောလိုက်လေ၏။

"တာပျက်စန်းတောင်ပေါ်တုန်းက ကျွန်တော်တို့ညီအစ်ကိုဟာ ကျိုးလိုကျွန်းကို ဖျက်ဆီးဖို့ဆန္ဒရှိခဲ့ပါတယ် အဘွားကျန်း"

အဘွားကျန်းက ခပ်အေးအေးပင် ပြောသည်။

"အင်း... အခုတော့ကော..."

ရဲထင်းက ပြုံးလိုက်သည်။

"စောစောက အဘွားကျန်းဟာ ကျွန်တော်တို့ရဲ့အသက်ကို



ကယ်ခဲ့တဲ့အတွက် အရင်က အငြိုးတွေကို ကျွန်တော်တို့နှစ်ယောက်စလုံးမေ့ပစ်လိုက်ပါပြီ၊ ခုနက မိန်းကလေးက ငွေဟသ်ာ(ခေါ်)တုန်ဖန်လင်းအကြောင်းကိုမေးတော့ သေပြီလို့ ဘာကြောင့်ပြောလိုက်ရတာလဲ၊ အကယ်၍သာ အဲဒီမိန်းကလေးဟာ တုန်ဖန်လင်းရဲ့သမီးအရင်းဖြစ်နေမယ်ဆိုရင် အဘွားကျန်းရဲ့ဆပ်စပ်ပေးမှုကြောင့် သမီးနဲ့မိခင် ပြန်လည်ပေါင်းဆည်းကြရရင် မကောင်းပေဘူးလား၊ အခု အဘွားကျန်းက သေပြီလို့ပြောလိုက်တော့ သူတို့အဆက်အစပ်ပြတ်သွားတာပါ၊ တကယ်တော့ အမေနဲ့သမီး တွေ့သင့်ပါတယ်"

အဘွားကျန်း၏မျက်နှာ ခက်ထန်သွားသည်။

"မင်းက တယ်စပ်စုပါလား"

လူပုညီနောင်က ဟက်ဟက်ပက်ပက် ရယ်လိုက်ကြသည်။

ရဲထင်းက ဆက်၍...

"အဘွားကျန်းရယ် ကျွန်တော်တို့လက်ရုံးရည်ချင်း ယှဉ်ပြိုင်ကြမယ်ဆိုရင် အရှုံးပေးအညံ့ခံမှာမဟုတ်ပါဘူး၊ ဒါပေမယ့် အဘွားကျန်းဟာ ကျွန်တော်တို့ရဲ့အသက်ကိုကယ်တင်ခဲ့တာမို့ အဘွားမှာဖြေရှင်းနိုင်တဲ့ အခက်အခဲတွေရှိခဲ့ရင် ကျွန်တော်တို့ကို ယုံယုံကြည်ကြည်နဲ့ခိုင်းပါ၊ ကျွန်တော်တို့ အသက်စွန့်ပြီး ဆောင်ရွက်ပေးပါ့မယ်"

ရဲထင်း၏စကားကို ကြားရသောအခါ အဘွားကျန်းသည် သူတို့အပေါ် လေးစားအားထားလာမိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ပင် လူပုညီနောင်တို့သည် အနောက်မြောက်ပိုင်းနယ်တစ်လျှောက်တွင် အသိမိတ်ဆွေ အပေါင်းအသင်းများသည့် အတွက် အားကိုးအားထား ပြုနိုင်သောသူများဖြစ်ကြောင်းကို အဘွားကျွန်းက လှေလာမိသည်။

အဘွားကျွန်းက သူမ၏စိတ်ကို ဆုံးဖြတ်ချက်ချလိုက်ပြီး....

"အမှန်ကိုပြောရရင် မင်းတို့ကို အသက်ကယ်လိုက်ရလို့ ကျေးဇူးဆပ်ခိုင်းတာလို့တော့ မထင်စေချင်ဘူး၊ ဒါပေမယ့် ကိစ္စတစ်ခုမှာ မင်းတို့ရဲ့အကူအညီလိုအပ်မယ်ဆိုရင် ဘယ်လိုသဘောထားကြမလဲ အကူအညီပေးနိုင်ပါ့မလား"

ရဲထင်းက ပြုံးလိုက်ပြီး....

"သေဘေးနဲ့တောင် ရင်ဆိုင်ပါရစေ၊ ကျွန်တော်တို့အကူအညီပေးပါ့မယ်"

အဘွားကျွန်းက သဘောကျသွားသည်။

"ကဲ... ဒါဖြင့် ငါမေးမယ်၊ တစ်ခါတုန်းက မင်းတို့ညီအစ်ကိုဟာ ထန်လေရီကိုလမ်းမှာ ဆီးပြီးလုတာ ဘာကိုလိုချင်လို့လဲ၊ မှန်မှန်ပြောနော်... ငါ့ကိုမညာနဲ့...."

အဘွားကျွန်း၏ ရုတ်တရက် မေးခွန်းကြောင့် သူတို့ဘာပြေရမှန်းမသိပေ။

သို့သော် နှစ်ယောက်စလုံး၏ မျက်နှာများ တည်ကြည်သွားကြ၏။



ရဲတီက....

"ရတနာမြင်းကုန်းနီးကို လိုချင်လို့ပါ"

သူက အမှန်အတိုင်းဖြေသည်။

အဘွားကျွန်း မျက်မှောင်ကုပ်သွားသည်။

"ရတနာမြင်းကုန်းနီးဟာ ဘယ်လို အသုံးကျတယ်ဆိုတာကော သိကြသလား၊ မင်းတို့ဘာကြောင့် လိုချင်ကြတာလဲ"

လူပုညီနောင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ရဲထင်းက ပြုံး၍....

"ဒါတော့ ကျွန်တော်တို့မသိပါဘူး၊ သိုင်းလောကထဲက လူတွေခပ်များများက ဒီမြင်းကုန်းနီးဟာ သိပ်အသုံးဝင်တယ်လို့ကြားရတာနဲ့ ရအောင်လိုက်လုတာပါ။ တကယ်တော့ ကျွန်တော်တို့ဟာ လေကြားပြီး တရားနာကြတာပါ"

အဘွားကျွန်းက ရယ်လိုက်ပြီး....

"အေး... မင်းတို့မသိပေမယ့် ငါသိတယ်ကွယ့်"

လူပုညီနောင်တို့သည် မျက်မှောင်ကုပ်သွားသည်။

သူတို့သည် အဘွားကျွန်း၏စကားကိုငံ့လင့်နေကြသည်။

အဘွားကျွန်းသည် သူတို့အား စေ့စေ့ကြည့်ရင်း....

"အဲဒီအကြောင်းတွေကို ငွေဟသာ်ဓတုန်ဖန်လင်းက ပြောလို့ ငါသိရတာကွယ့်"

www.burmeseclassic.com

www.burmeseclassic.com



ရဲထင်းက ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်ကဲ့ပြောပါ... ဘာပစ္စည်းလဲဆိုတာ သိပါရစေ"

အဘွားကျန်းက....

"ထူးဆန်းတဲ့ဓားရဲ့လျှို့ဝှက်ချက်တွေကို ညွှန်ပြထားတာကွယ့်၊ တခြားတော့ မဟုတ်ပါဘူး"

လူပုညီနောင်မှာ အံ့သြနေမိကြသည်။ သူတို့ငြိမ်၍ နားထောင်နေကြသည်။

သို့သော် စကားမဆိုကြသေးပေ။

အဘွားကျန်းက စကားဆက်ပြန်သည်။

"အဲဒီဓားတွေဟာ သံကိုတောင် ခုတ်ဖြတ်နိုင်တဲ့ အစွမ်းရှိတယ်၊ ဒီဓားဆန်းတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်းသုံးရာက သိုင်းပညာတစ်ဖက်ကမ်းခတ် တတ်မြောက်တဲ့ သိုင်းဆရာကြီး ဖုလင်က အသုံးပြုခဲ့တဲ့ဓားတွေပဲ"

အဘွားကျန်းက ခေတ္တနားပြီး စကားကိုဆက်ပြန်သည်။

"ဒီဓားတင်မကဘူး... ဓားဆန်းတွေကို အသုံးပြုနည်း သိုင်းကျမ်းကို သိုင်းဝိဇ္ဇာဖုလင်၊ နှင်းတောင်က သိုင်းထိပ်သီး အကျော်လေးဦးတို့အပြင် ပေထင်စန်းတောင်က သိုင်းဆရာကြီး ချီစင်းစုတို့ပေါင်းပြီး ရေးသားထားခဲ့တယ်ကွယ့်"

လူပုညီနောင်၏မျက်လုံးမှာ ပြူးကျယ်သွား၏။ ဤအကြောင်းများကို သူတို့မကြားဘူးခဲ့ပေ။



သူတို့သည် အတန်ကြာအောင် တွေဝေနေကြပြီးမှ ရဲထင်းက.....

"ဒါဖြင့် ဒီဓားဆန်းခုနစ်လက်ရဲ့ သိုင်းကျမ်းစာအုပ်အတိုင်း နည်းလမ်းကျကျ လေ့ကျင့်နိုင်ရင် သိုင်းဝိဇ္ဇာဖုလင်လိုပဲ သိုင်းပညာထူးချွန်မှာပေါ့နော် အဘွားကျန်း"

အဘွားကျန်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တာပေါ့ကွယ့်"

ရဲတိက မေးလိုက်လေ၏။

"အဘွားကျန်းက ဒီအကြောင်းတွေကို ဘယ်လိုလုပ်သိခဲ့တာလဲ"

အဘွားကျန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

သည့်နောက် အဘွားကျန်းက အတိတ်က တွေ့ကြုံခဲ့ရသာဖြစ်ရပ်များကို ပြန်လည်၍ပြောပြလေတော့သည်။

လွန်ခဲ့သော လေးနှစ်....။

တစ်နေ့ ကျီးလိုကျွန်း၏ကမ်းခြေတွင် အဘွားကျန်းသည်

www.burmeseclassic.com

www.burmeseclassic.com



အညောင်းဖြေ လမ်းလျှောက်နေသည်။

မမျှော်လင့်ဘဲ လှူတစ်ယောက်လှေတစ်စင်းနှင့် ထိုကျွန်းသို့ လှော်ခတ်လာသည်ကို တွေ့မြင်လိုက်သည်။

အမှန်မှာ ဤကျွန်းမှာ အဘွားကျန်း၏ အမိန့်မရဘဲ ကျွန်းသူကျွန်းသားများက လူစိမ်းများကို တင်ဆောင်မလာရချေ။

အဘွားကျန်းမှာ အတိအကျပြောရမည်ဆိုလျှင် ဤကျွန်း၏ အရှင်သခင်ဖြစ်သည်။

ကျီးလိုကျွန်း၏ ပင်လယ်ကမ်းခြေမှ မကြာခဏဆိုသလို အဖိုးတန်ကျောက်မျက်ရတနာများကို ကျွန်းသူကျွန်းသားများက ရှာဖွေတွေ့ရှိပြီး အဘွားကျန်းအား လာပေးလေ့ရှိ၏။

ထိုအခါ အဘွားကျန်းက ယင်းရလာသော ရတနာများကို မြို့သို့လူလွှတ်၍ ရောင်းစေသည်။

ရောင်း၍ရလာသော ရတနာတန်ဖိုးငွေများကို ကျွန်းသူကျွန်းသားများအား ခွဲဝေပေးသည်။

ထို့ကြောင့် ကျွန်းသူကျွန်းသားများက အဘွားကျန်း၏အမိန့်ကို အားလုံးနာခံကြသည်။ အဘွားကျန်းသည် မည်သည့်အခါမျှ ဓား ရားမလုပ်ခဲ့ချေ။

အဘွားကျန်းမှာ တစ်ကြိမ်က သိုင်းအဖွဲ့ပေါင်း ခြောက် ဆယ့်လေးဖွဲ့၏ ခေါင်းဆောင်ဖြစ်ခဲ့ဖူး၏။

သို့သော် သူမမှာ အသက်ငါးဆယ်ကျော်လာသောအခါ



သိုင်းလောကကို ငြီးငွေ့လာပြီး သူမသည် ကျီးလိုကျွန်းသို့ရောက်လာပြီး အေးအေးဆေးဆေးနေထိုင်ရင်း ထိုကျွန်းကို လှပသာယာအောင် ပြုပြင်ဖန်တီးကာ အချိန်ကိုကုန်လွန်စေသည်။

သိုင်းလောကရှိ သူမ၏အဖွဲ့အစည်းများမှ သိုင်းသမားများကလည်း လက်ဆောင်ပစ္စည်းများ လာရောက်ပို့ဆောင်လေ့ရှိကြ၏။

ကြာသော် အခြားကျွန်းမှာ အရှေ့ကျီးလိုကျွန်း၏ အရှင်သခင် ဖြစ်လာလေတော့သည်။

ကျီးလိုကျွန်းပေါ်တွင် ခမ်းနားလှပသော အဆောက်အဦများကို ဆောက်လုပ်ထားပြီး အဘွားကျန်းသည် အခြွေအရံအလုပ်အကျွေးများဖြင့် အေးငြိမ်းစွာ နေထိုင်သည်။ သူမဘဝကား အေးချမ်းလှလေ၏။

သာယာသောနေ့ တစ်နေ့....။

လှူတစ်ယောက်သည် လှေတစ်စင်းကို လှော်ရင်း လာနေသည်။

အဘွားကျန်းက သူမထံသို့လာနေသည်ဟု ထင်မှတ်ကာ ကြည့်နေမိသည်။ လူစိမ်းပေတည်း။

လှေပေါ်တွင် လှူတစ်ရပ်ခန့်အမြင့်ရှိသော ငွေဖြင့်ပြုလုပ်ထားသည့် ငွေဟသ်ာရုပ်တစ်ရုပ်ကို တွေ့မြင်ရသည်။

ထိုရုပ်ထုမှာ ဝိန်ပြီးရှည်နေသဖြင့် ငွေဟသ်ာနှင့်သိပ်မတူလှ

www.burmeseclassic.com

www.burmeseclassic.com



ချေ။ အဘွားကျန်းက ဂရုစိုက်နေသည်။

အဘွားကျန်းသည် မျက်မှောင်ကုပ်သွားသည်။

သူမသည် ဂရုစိုက်၍ ကြည့်လိုက်ပြန်သည်။

ထိုငွေဟင်္သာရုပ်မှာ လက်နက်တစ်မျိုးဖြစ်နေသည်။

ထိုစဉ် လှေဝမ်းထဲမှ ငွေရောင်ဖဲအဝတ်အစားကို ဝတ်ဆင်ထားသော အမျိုးတစ်ဦးထွက်လာသည်။

မရှေးမနှောင်းလှေသည် ကမ်းစပ်သို့ကပ်လာသည်။

အဘွားကျန်းက မေးမည်ပြုစဉ် ထိုအမျိုးသမီးသည် ငွေဟင်္သာရုပ်ကိုလှမ်းယူလိုက်ပြီး လျင်မြန်ပေါ့ပါးစွာနှင့် ကမ်းပေါ်သို့ ခုန်တက်လာလေ၏။

ထိုလူလတ်ပိုင်းရှိ အမျိုးသမီးမှာ အဘွားကျန်းကိုသတိမပြုမိချေ။

သူသည် ဤကျွန်းကိုလူမရှိသောကျွန်းဟု ထင်နေသလားမသိပေ။

အမျိုးသမီးသည် ကမ်းစပ်အတိုင်း အနည်းငယ် လျှောက်မှသာ အဘွားကျန်းရပ်နေသည်ကို မြင်တွေ့လိုက်ရသည်။

ယင်းအမျိုးသမီးသည် ငွေဟင်္သာရုပ်နှင့် အဘွားကျန်းဘက်သို့ ချိန်ရွယ်ပြီးပြောသည်။

"အဘွား... ဒီကျွန်းဟာ ကျီးလိုကျွန်း မဟုတ်လားရှင်"

အဘွားကျန်းသည် ထိုအမျိုးသမီးကို မြင်ရသောအခါ အားသင့်သွား၏။



သူမသည် အလွန်လှပတင့်တယ်ပြီး အသားအရည်ကလည်း စိုပြေချောမွတ်လှ၏။

သူမ၏ ကိုယ်ဖော့သိုင်းပညာမှာလည်း အဆင့်မြင့်လှသည်။ သိုင်းပညာအဆင့်မြင့်သူများကို သာမန်အားဖြင့် အဘွားကျန်း မမြင်ဘူးချေ။

အဘွားကျန်းသည် ထိုအမျိုးသမီးအား စေ့စေ့ကြည့်ရင်း....

"ဟုတ်ပါတယ်... ဒီကျွန်းဟာ ကျီးလိုကျွန်းလို့ခေါ်ပါတယ်၊ ဒါအပြင် ညည်းဘာသိချင်သေးသလဲ"

အမျိုးသမီး၏မျက်နှာမှာ ဝမ်းသာသွားသည်။

"ဟိုနန်ပြည်နယ်က သူရဲကောင်းကြီး ရွှေဝါမြွေဟွာချင်း ဒီကျွန်းမှာ ရှိပါသလားရှင်"

သူမ၏စကားအရ ထိုအမျိုးသမီးမှာ ရွှေဝါမြွေဟွာချင်း၏ ဇနီးဖြစ်ရမည်ဟု အဘွားကျန်းက တွက်ဆမိ၏။

သူတို့ဇနီးမောင်နှံသည် မြောက်ပိုင်းရှိ ပြည်နယ်ငါးခုတွင် ကျော်ကြားသောသိုင်းပညာရှင်များ ဖြစ်ကြသည်။

သိုင်းပညာရှင်များ ကျော်ကြားလာပါက ဤသို့ပင် နယ်သစ်မှာ ဗိုလ်လုလာလေ့ရှိသည်။

အဘွားကျန်းသည် မျက်မှောင်ကုပ်လိုက်ပြီး....

"သြော်... ညည်းက ဒီကျွန်းကို ကိုယ့်သဘောနဲ့ကိုယ် လာ

www.burmeseclassic.com

www.burmeseclassic.com



ရှာတာပေါ့၊ ဒီကျွန်းပေါ်ကို ကိုယ့်သဘောနဲ့ကိုယ် လာခွင့်မရှိဘူးဆို တာ ညည်းမသိဘူးလား၊ ဒီကျွန်းဟာ ပိုင်ရှင်မဲ့ကျွန်းမဟုတ်ဘူး"

အမျိုးသမီးက မဲ့ပြုံးပြုံးလိုက်ပြီး....

"မကြာခင်က ကျွန်မခင်ပွန်းဟာ ကျီးလိုကျွန်းကို စုံစမ်းပြီး အနောက်ပင်လယ်ပိုင်းကို ခရီးထွက်သွားပါတယ်၊ ကျွန်မလဲသတင်း ကြားလို့ လိုက်လာတာပါ၊ သူ ဒီမှာမရှိရင် ဘယ်ကိုရောက်နေမှာလဲ"

အမျိုးသမီးသည် အဘွားကျုန်းအား အကဲခတ်ကြည့်လို သည်။

အဘွားကျုန်းမှာ သာမန် ပိတ်ဖြူအင်္ကျီအဝတ်အစားကို ဝတ်ဆင်ထားသည်။ ရိုးရိုးသာမန်လူကဲ့သို့ ထင်မှတ်ရသည်။

အမျိုးသမီးက သူမ၏စကားကိုဆက်ပြန်သည်။

"ဒီကျွန်းကိုပိုင်တဲ့ အဘွားကျုန်းရှိတဲ့နေရာကို ခေါ်သွား ပါ၊ သူက ဘာဖြစ်လို့ ကျွန်မရဲ့ခင်ပွန်းကို ဒီကျွန်းပေါ်မှာ ထား လဲ"

သူမ၏စကားကိုကြားရသောအခါ အဘွားကျုန်းက ဒေ ထွက်လွန်း၍ မျက်နှာတစ်ခုလုံးနီရဲလာသည်။

အမှန်မှာ ငွေဟသ်ာတုန်ဖန်လင်းသည် ကျီမီစန်းတော လျှို့ဝှက်ချက်များကို သိခဲ့ရသော်လည်း ထူးဆန်းသောဓားများ မတွေ့ချေ။

ရွှေဝါမြွေပွှာချင်းသည် အနောက်ပင်လယ်သို့ ခရီး



သွားကြောင်း ကြားသိခဲ့ရသည်။

ပွှာချင်းသည် ဓားဆန်းခြောက်လက်နှင့် အသုံးပြုနည်း သိုင်းကျမ်းစာအုပ်ကို ရရှိခဲ့သည်။ ထိုပစ္စည်းများ သိုင်းသမား၏အ သက်ပင်ဖြစ်သည်။

သူသည် ကျင်ကန်းနှင့်မတွေ့အောင် ရှောင်တိမ်းလာခဲ့ပြီး ယင်းဓားဆန်းနှင့် သိုင်းကျမ်းစာကို ကျီးလိုကျွန်းပေါ်တွင် လာရောက် ဝှက်ထားပြီးအပြန်တွင် မမျှော်လင့်ဘဲ ကျင်ကန်းနှင့်ဆုံမိကြသည်။ ကျင်ကန်းကလည်း သူ့ကိုလိုက်ရှာနေသည်။

သို့သော် ပွှာချင်းက သစ္စာဆိုကျိန်တွယ်ပြီး ယင်းလျှို့ဝှက် ပစ္စည်းများမှာ ယခုတိုင် ကျီမီစန်းတောင်၌ပင် ရှိနေသေးသည့်အ ကြောင်းကိုပြောနေ၏။

ကျင်ကန်းက ယုံကြည်သွားပြီး နှစ်ယောက်အတူ ကျီမီစန်း တောင်သို့ ခရီးထွက်ခဲ့ကြသည်။

သို့သော် ကျီမီစန်းတောင်ပေါ်တွင် ပစ္စည်းများရှာဖွေရင်း ချင်းပွားပြီး တိုက်ခိုက်ကြရာ ရွှေဝါမြွေပွှာချင်းနှင့် ကျင်ကန်းတို့ သည် သေဆုံးကြရာမှ နောက်ဆုံးနှစ်ဦးစလုံး အရိုးစုဘဝသို့ ရောက်ရှိ သွားခဲ့ကြခြင်းဖြစ်သည်။

ပို၍ဆိုးသောဖြစ်ရပ်တစ်ခုသည် ရွှေဝါမြွေပွှာချင်း၏ မိ ဘးစုထံသို့ ဖန်တီးလာပြန်သည်။

သူတို့မသေဆုံးမီ ရွှေဝါမြွေပွှာချင်း သစ္စာဖောက်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို ကျင်ကန်းကလေ့လာမိပြီး အမြဲတစေ မကောင်းကြံစည်နေသည်

တစ်နေ့ ရွှေဝါမြွေပွှာချင်း ခရီးထွက်နေခိုက် ငွေဟသ်ာတုန်ဖန်လင်းထံသို့ ကျင်ကန်းရောက်ရှိလာပြီး သူမကိုလိမ်လည်၍ သူမ၏သုံးလအရွယ်ရှိ အမြှာပူးသမီးနှစ်ယောက်ကိုခေါ်ဆောင်သွားပြီ ရောင်းစားလိုက်ခြင်းဖြစ်သည်။

ငွေလို၍တော့ မဟုတ်ပေ။ တမင် ဒုက္ခရောက်အောင် ဖ တီးလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ငွေဟသ်ာတုန်ဖန်လင်းသည် သမီးနှစ်ယော နှင့် ခင်ပွန်းသည်အတွက် သောကဗျာပါဒများ ခံစားနေရရှာသည်

သို့သော် သမီးများနှင့်ခင်ပွန်းသည်ကို ရှာမတွေ့သည့်အ ဆုံး ကျီးလိုကျွန်းသို့ လာခဲ့ခြင်းဖြစ်လေတော့သည်။

အဘွားကျန်းသည် တုန်ဖန်လင်းအား စေ့စေ့ကြည့်က

"ညည်းလင်ပျောက်တာနဲ့ ငါ့ရဲ့ကျီးလိုကျွန်းနဲ့ဘာဆိုင်လို့

တုန်ဖန်လင်းက နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်ပြီ

"ဩော်... အဘွားက ကျီးလိုကျွန်းရဲ့ဘခင် အဘွားကျ



ကိုး၊ ကျွန်မ မသိလို့ ပြောမိတာ အဘွားဗွေမယူပါနဲ့"

အဘွားကျန်းက သရော်ပြုံးပြုံးလိုက်ပြီး...

"အေး... ဟုတ်တယ်၊ ညည်း ဒီကျွန်းက အမြန်ဆုံးထွက်ခွာသွားရင် ကောင်းမယ်၊ နို့မဟုတ်ရင် ငါ့ရဲ့တောင်ဝှေးဒဏ်ကို ခံရလိမ့်မယ်၊ ညည်းကို ငါကြည့်မရတော့ဘူး"

စကားဆုံးသည်နှင့်အဘွားကျန်းသည် သူမ၏တောင်ဝှေးဖြင့် တစ်ချက်ဝှေ့ယမ်း တိုက်ခိုက်လိုက်သည်။

"ရွှေဝါမြွေပွှာချင်း ဒီကျွန်းပေါ်မှာ တကယ်မရှိဘူးလား"

တုန်ဖန်လင်းက မေးရင်း သူမ၏ ငွေဟသ်ာရပ်ထုနှင့် တောင်ဝှေး၏ရိုက်ချက်ကို ခုခံလိုက်သည်။

"ဒေါင်း...."

ဟူသော အသံမြည်လာပြီး တုန်ဖန်လင်း၏လက်ထဲမှ ငွေဟသ်ာရပ်ထုမှာ သူမ၏လက်ထဲမှ လွင့်စင်ထွက်သွားပြီး ပင်လယ်ထဲသို့ ကျသွားလေသည်။

ထိုအခါ ငွေဟသ်ာတုန်ဖန်လင်းသည် အဘွားကျန်း၏ သိုင်းပညာအဆင့်မြင့်မားပြီး မယှဉ်သာမှန်းသိသဖြင့် ဆက်၍မတိုက်ခိုက်တော့ဘဲ ထိုနေရာမှလှည့်၍ ထွက်ပြေးသွားလေတော့သည်။

အဘွားကျန်းသည် ဤကျွန်း၏အရှင်သခင်မဟုတ်ပါလား။ အရှင်သခင်ဖြစ်သည်နှင့်အညီ သိုင်းပညာလည်း မြင့်မားရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် သုံးနှစ်မျှကြာမြင့်သွားလေ၏။

တစ်နေ့ ကျိုးလိုကျွန်း၏ အဆောက်အဦးကြီးတစ်ခုတွင်....

"ဝုန်း.... ဒိုင်း....."

ဟူသောအသံကို ကြားလိုက်ရသည့်အတွက် အတွင်းဆောင်မှအဘွားကျန်းသည် အပြင်ခန်းမဆောင်သို့ လှမ်းမျှော်ကြည့်လိုက်မိသည်။

အဘွားကျန်းသည် အံ့ဩသွားသည်။

သူမ တွေ့မြင်နေရသူမှာ ဤကျွန်းသို့လွန်ခဲ့သော သုံးနှ ခန့်ကရောက်လာသော ငွေဟင်္သာတုန်ဖန်လင်းဖြစ်နေသည်။

ငွေဟင်္သာတုန်ဖန်လင်း၏ တိုက်ခိုက်မှုကြောင့် ကျွန်းပေါ် အမျိုးသမီးသိုင်းပညာရှင်မှာ မခုခံနိုင်သည့်အပြင် နောက်ဆုတ်ပြေ လာကြရလေ၏။

ယခု အဆောက်အဦတွင်းရှိ ပန်းအိုး ပန်းကန်များနှင့်အသုံးအဆောင်ပစ္စည်းများပါ ကွဲကြေပျက်စီးသွားလေသည်။

ထို့အပြင် ငွေဟင်္သာတုန်ဖန်လင်းမှာလည်း ယခင်ကနှင့်လုံး ဝမတူတော့ချေ။ လုံးဝပြောင်းလဲသွားသည်။ ယခင်ကလို သားနား ခြင်းမရှိတော့ပေ။

ရုပ်ရည်မှာလည်း လှပခြင်းမရှိတော့ပေ။

သူမ၏ခေါင်းမှ ဆံပင်များမှာလည်း စုတ်ဖွားဖွားဖြစ်နေ သည်။ အဝတ်အစားများမှာလည်း စုတ်ပြတ်နေသည်။



သူမသည် အရူးတစ်ယောက်ပမာဖြစ်နေသည်။

ပါးစပ်ကလည်း တတွတ်တွတ်နှင့်တွေ့ကရာပြောနေ၏။

"အစ်ကိုဟွာချင်း.... အစ်ကိုဟာ လူဆိုး'ချင်'ရဲ့လက်ချက်ကြောင့် သေဆုံးရပြီပေါ့နော်၊ ကျွန်မရဲ့အဖြစ်ကို လာကြည့်ပါအုံးအစ်ကိုရယ်၊ အစ်ကိုဟာ ထူးဆန်းတဲ့ဓားကို ရထားတာနဲ့ ကျွန်မကိုပစ်ခွာသွားတော့မှာလား"

သူမ၏စကားများသည် ရှေ့နောက်မညီတော့ချေ။

တုန်ဖန်လင်းသည် ရှေ့နောက် မညီသောစကားများကို တတွတ်တွတ် ပြောနေပြန်သည်။

အဘွားကျန်းသည်'ဓားဆန်း'ဟူသော အသံကိုကြားလိုက်ရသောအခါ ခေါင်းထောင်သွားမိလေ၏။

လွန်ခဲ့သောနှစ်ပေါင်းများစွာက သိုင်းထိပ်သီးဆရာကြီး 'ဖုလင်'ဟူသော ပုဂ္ဂိုလ်ကြီးကိုသတိရလာသည်။

သိုင်းဝိဇ္ဇာဖုလင်သည် ဓားဆန်းခုနစ်လက်ကို တီထွင်ကာ သင်္ချာနည်းနှင့် အသေအချာတွက်ချက်၍ စနစ်ကျနပြီး ဟာကွက်လုံးဝမရှိသော သိုင်းကွက်များကို ရေးသားတီထွင်ခဲ့သည်။

ထိုမျှမကသေး ယင်းဓားဆန်းခုနစ်လက်ကို အသုံးပြုနည်းပါသည့်သိုင်းကွက်များကို ထန်းစန်းတောင်မှ သိုင်းထိပ်သီး ချိစင်းရှ အနောက်မြောက်ပိုင်းနယ်မှ ထိပ်သီးသိုင်းပညာရှင် လေးဦးနှင့်တိုင်ပင်ပြီး ဓားသိုင်းကွက်များကို ဆွေးနွေးတိုင်ပင်၍ တီထွင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လွန်ခဲ့သော နှစ်ပေါင်းသုံးရာခန့်က ထိပ်သီးသိုင်းပညာရှင်များ၏ သိုင်းပညာနိဿျည်းများကိုပါ လေ့လာတီထွင်၍ ကျမ်းပြုစုခဲ့ရာ ယခုတိုင် သိုင်းလောကတွင် ကျော်ကြားနေဆဲဖြစ်နေသည်။

ထို့ကြောင့် သိုင်းလောကမှလူများသည် ဓားဆန်းခုနစ်လက်နှင့် သိုင်းပဒေသာကျမ်းစာအုပ်ကို အရယူရန် သူ့ထက်ငါ ကြိုးစားနေကြ၏။

ဤသည်မှာ သိုင်းလောကသားတိုင်း သိကြသောအကြောင်းအရာများ ဖြစ်သည်။ အဆန်းမဟုတ်ပေ။

လူအများပြောဆိုနေကြသော အကြောင်းများကို အဘွားကျန်းက ကြားသိခဲ့ပြီးဖြစ်သည်။

ယခုအခါ ငွေဟင်္သာတုန်ဖန်လင်း၏ ပါးစပ်မှ ထွက်လာသောကြောင့် အဘွားကျန်းမှာ စိတ်ပါဝင်စားလာသည်။

ထို့ကြောင့် သူမတို့တိုက်ခိုက်ရာအနီးသို့ လျှောက်သွားပြီး တိုက်ကွက်ထုတ်လိုက်သည်။

ထိုအခါ တုန်ဖန်လင်းနှင့် ခုခံတိုက်ခိုက်နေသော အမျိုးသမီးများသည် နောက်ဆုတ်သွားကြလေ၏။

အဘွားကျန်းသည် တုန်ဖန်လင်းအနီးသို့ ရောက်သည်နှင့် သူမ၏ရင်ဘတ်သို့ လက်ဝါးစောင်းဖြင့် တစ်ချက်ရိုက်ချလိုက်လေသည်။

"အမယ်လေး....."



တုန်ဖန်လင်းသည် လန့်၍ တစ်ချက်အော်လိုက်ပြီး ခေါင်းကိုငုံ့ကာ ကိုယ်နှင့်ပစ်ဝိုက်လိုက်သည်။

တုန်ဖန်လင်း၏ တိုက်ကွက်ကြောင့် အဘွားကျန်းမှာ အံ့အားသင့်သွားသည်။

အဘွားကျန်းသည် ချက်ချင်းပင် ကိုယ်ကိုတစ်ချက်လှည့်ပေးလိုက်သည်။

ထို့ကြောင့် တုန်ဖန်လင်း၏ကိုယ်သည် အဘွားကျန်းကိုမထိဘဲ ဘေးမှဖြတ်ကျော်သွားလေ၏။

ထိုအခါ အဘွားကျန်းက လက်ဝါးကိုလှန်ပြီး တုန်ဖန်လင်း၏လက်ကို ဖမ်းချုပ်လိုက်သည်။

သို့သော် တုန်ဖန်လင်းက ရှောင်၍မထွက်ဘဲ ရုတ်ချည်းဘဲထောင်ဆစ်တွက်နည်း'သိုင်းကွက်ဖြင့် အဘွားကျန်း၏ ရင်ဘတ်မှ အရေးပါသော 'ချီမင်ရဲ့'သွေးကြောကို လှမ်းပိတ်လိုက်၏။

ထိုအခါ အဘွားကျန်းသည် ကပျာကယာ ရှောင်တိမ်းလိုက်ရသဖြင့် သူမသည် တုန်ဖန်လင်း၏လက်ကို ဖမ်းချုပ်မည့်အကြံမှာ ပျက်စီးသွားခဲ့ရသည်။

သိုင်းကွက်နှစ်ကွက်ခန့် ယှဉ်ပြိုင်တိုက်ခိုက်မိသောအခါ တုန်ဖန်လင်းမှာ အရှုံးတစ်ယောက်ပမာ ဖြစ်နေကြောင်းကို အဘွားကျန်းက ကောင်းစွာသိရှိခဲ့သည်။

ထို့ကြောင့် အဘွားကျန်းသည် သိုင်းကွက်ဖြင့် တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းမပြုတော့ဘဲ ကိုယ်ကိုထိုင်ချလိုက်သကဲ့သို့ နှိမ်ချလိုက်ပြီး ခြေနှင့်ယမ်းလိုက်ရာ တုန်ဖန်လင်း၏ ဘယ်ခြေထောက်ကိုထိပြီး ခြေမခိုင်တော့ဘဲ မြေပေါ်သို့ ယိုင်လဲကျသွားလေတော့၏။

တုန်ဖန်လင်းသည် တရှုံ့ရှုံ့နှင့်အော်၍ ငိုနေပြန်သည်။

ထိုအခါ အဘွားကျန်းသည် သူမအနီးသို့ ဝင်ထိုင်လိုက်ပြီး စေ့စေ့ကြည့်လိုက်၏။

တုန်ဖန်လင်းမှာ မျက်လုံးပြူးကြောင်ကြောင်နှင့် မျက်ရည်များ ယိုစီးကျရင်း အဘွားကျန်းအား ပြူးစေ့စေ့နှင့်ကြည့်နေသည်။

သူမ၏အသွင်မှာ စိတ္တဇရောဂါသည်တစ်ယောက်ဖြစ်မှန်း အဘွားကျန်းက လှော့လာမိသည်။

အဘွားကျန်းသည် သူမထံမှ ဓားဆန်းများအကြောင်းကို သိလိုသဖြင့် ဆက်လက်၍မတိုက်ခိုက်တော့ဘဲ အခန်းတွင်းသို့ တွဲ၍ ခေါ်လာခဲ့လေတော့သည်။

သူမအား ချော့ခေါ်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း အဘွားကျန်း သိသွားပေပြီ။



နှစ်ရက်တိတိ ကြာမြင့်ခဲ့၏။

အဘွားကျန်းက တုန်ဖန်လင်းအား ပြုံး၍ကြည့်လိုက်ပြီး ချော့မော့ပျောင်းသောလေသံဖြင့် မေးသည်။

"စောစောတုန်းက သူ့ရဲ့ကောင်းမကြီးပြောနေတဲ့ ဓားဆန်းဆိုတာကို ဘယ်သူရသွားသလဲ"

တုန်ဖန်လင်းက ငိုပြန်လေ၏။

"အစ်ကိုပွှာချင်းဟာ ဓားဆန်းတွေကိုရသွားတာနဲ့ ကျွန်မကိုပစ်သွားပြီးရှင့်၊ သမီးတို့ရေ သမီးတို့ကိုရှာတွေ့ရင်တောင် နင်တို့မှာ အဖေမရှိတော့ဘူးကွယ့်"

အဘွားကျန်းမှာ မျက်မှောင်ကုပ်သွားရသည်။

တုန်ဖန်လင်း၏စကားမှာ ရှေ့နောက်မညီဖြစ်နေသည်။

သူမတွင် စိတ်သောကများရလွန်း၍ စိတ္တဇဝေဒနာဖြစ်နေရခြင်းကို အဘွားကျန်းကောင်းစွာ သဘောပေါက်မိလာသည်။ စိတ်သောကများသူများမှာ ဤသို့ပင်ဖြစ်တတ်ကြပေ၏။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသော် အဘွားကျန်းက စိတ်မရှည်သောလေသံနှင့်မေးသည်။

"ဟွာချင်းက အခုဘယ်မှာလဲ၊ ဓားဆန်းကို သူက ဘယ်လိုနည်းနဲ့ရခဲ့တာလဲ၊ ငါ့ကိုပြောပြစမ်း။ ငါသိချင်တယ်"

ထိုစကားကို ကြားလိုက်ရသောအခါ တုန်ဖန်လင်းသည် ထခုန်လိုက်သည်။

"အစ်ကိုဟွာချင်းဟာ ကျိုးလိုကျွန်းကိုရောက်နေပြီး ကျွန်မကိုအတွေ့မခံဘဲ ပုန်းနေတယ်၊ ရတနာမြင်းကုန်းနှီးအတွက် ကျင်ကန်းက ကျွန်မကိုအကြီးအကျယ် ဒုက္ခပေးတာပေါ့လေ"

ထိုသို့ဖြင့် တုန်ဖန်လင်းသည် နွေ့စဉ် ငိုယိုရင်း တွေ့ကရာများကိုပြောဆိုကာ အချိန်ကုန်လွန်ခဲ့ရသည်။ အဘွားကျန်းမေး၍လည်း မရချေ။

သူမ၏စကားအရ နှစ်ပေါင်းသုံးရာကွယ်ပျောက်နေသော ဓားဆန်းခုနစ်လက်၏ လျှို့ဝှက်ချက်မှာ ရတနာ မြင်းကုန်းနှီးတွင်သာ ရှိရမည်ဟု အဘွားကျန်းက မှတ်ချက်ချလိုက်သည်။

အဘွားကျန်းသည် အဆင့်မြင့်သိုင်းပညာရှင် တစ်ဦးဖြစ်သည်။

သူမသည် ကျိုးလိုကျွန်းပေါ်တွင် အေးအေးဆေးဆေးနေထိုင်ရင်း သိုင်းလောကကို အဆက်အသွယ်ဖြတ်ထားသည်။

သို့သော် ယခုကဲ့သို့သော ရှားပါးပြီး အဖိုးမဖြတ်နိုင်သော



ဓားဆန်းများအကြောင်းကို ကြားလိုက်ရသောအခါ အလွန်ပင် စိတ်လှုပ်ရှားသွားသည်။ သူမ အေးအေးမနေနိုင်တော့ပေ။

အကယ်၍သာ ဓားဆန်းခုနစ်လက်ကို ရယူနိုင်ပါက သိုင်းလောကတွင်ပြိုင်စံရှားပြီး သူမ၏သိုင်းပညာများလည်း ထူးချွန်မြင့်မားလာမည်မဟုတ်ပါလော။

ထို့ကြောင့် အဘွားကျန်းသည် တုန်ဖန်လင်းအား ကျောက်ဂူတစ်ဂူထဲတွင်ပိတ်ထားရန် သူမ၏ငယ်သားများအား အမိန့်ပေးလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

## လှောင်ပိတ်ခံအရှုံးမ

အဘွားကျန်း၏ အတိတ်ဖြစ်ရပ်များကို နားထောင်နေကြသော လူပုညီနောင်တို့သည် အံ့အားသင့်နေကြသည်။

အဘွားကျန်း၏ စကားဆုံးသွားသည်နှင့် ရဲထင်းက ပြောသည်။

"ဒီအတိုင်းဆိုတော့ အဘွားကျန်းစိတ်ကူးလွဲတာပေါ့"

အဘွားကျန်းသည် ရဲထင်း၏ အပြစ်တင်သလိုပြောလိုက်သော စကားများကို ကြားရသောအခါ မျက်နှာထားတင်းသွားသည်။



သူက ပြန်မေးလေ၏။

သူ့လေသံက မကျေနပ်သည့်သဘော။

ရဲထင်းက ပြုံးလိုက်ပြီး.....

"ခုနက တုန်ဖန်လင်းသေပြီလို့ ပြောလိုက်တာဟာ လျှို့ဝှက်ချက်ကို မပေါက်ကြားစေချင်လို့ပဲ မဟုတ်လား၊ တုန်ဖန်လင်း အရှုးဘဝကိုရောက်ရတာ အကြောင်းနှစ်ချက်ရှိတယ်၊ တစ်ချက်က သူ့ခင်ပွန်းပျောက်သွားလို့ရယ်၊ နောက်တစ်ချက်က ပျောက်သွားတဲ့အမြွှာပူးသမီးနှစ်ယောက်ကို ရှာမတွေ့တာရယ်ကြောင့် သူဟာ စိတ်ထိခိုက်ပြီး တဖြည်းဖြည်း အရူးဘဝရောက်သွားတာပဲဖြစ်ရမယ်"

ရဲထင်းက စကားကိုဖြတ်လိုက်ပြီး အဘွားကျန်းကိုအေးဆေးစွာ ကြည့်လေ၏။

အဘွားကျန်းက ရဲထင်းကိုစိုက်ကြည့်သည်။

ထို့နောက် ဆက်ပြောသည်။

"ပြောစမ်းပါအုံး.... မင်းရဲ့ထင်မြင်ချက်ကို"

ရဲထင်း၏ထင်မြင်ချက်ကို သူမက တောင်းလိုက်၏။

ရဲထင်းက....

"အကယ်၍ သူ့ကိုသူ့သမီးတွေနဲ့ တွေ့ဆုံပေးလိုက်နိုင်ရင်တော့ သူဟာ စိတ်ပြောင်းသွားပြီး ပြန်သတိရလာနိုင်တယ်၊ အဲဒီအခါကျမှ သူ့ကိုဓားဆန်းတွေရဲ့အကြောင်း စုံစမ်းမေးမြန်းလိုက်ရင် အဖြေမှန်ရလာမယ်လို့ ထင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူပုညီနောင်တို့သည် အဘွားကျန်းအား ဦးညွတ်ဂါရဝပြုကြ၏။

"အဘွားကျန်း... ဒီနေရာမှာ ကျွန်တော်တို့အတွက် ကိစ္စမရှိတော့တဲ့အတွက် ကျွန်တော်တို့ကို သွားခွင့်ပြုပါအုံး၊ နောက်နောင်မှာ ဘယ်လိုကိစ္စမျိုးကိုမဆို အဘွားကျန်းအတွက်ဆိုရင် ကျွန်တော်တို့အ သက်ပေးကူညီပါ့မယ်"

အဘွားကျန်းက ပြုံးလိုက်ပြီး...

"ခုနက ငါပြောတာတွေကို ဘယ်သူ့ကိုမှ ပြန်မပြောရဘူးနော်... အထူးမှတ်ထား"

လူပုညီနောင်တို့က ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါအဘွား... ကျွန်တော်တို့ကလဲ 'ချိုလျှင်တောင်'ကိုမပြန်သေးပါဘူး၊ လျှို့ဝှက်ပစ္စည်းတွေနဲ့ ပတ်သက်တဲ့သတင်းကိုလဲ လိုက်လံ စုံစမ်းပါအုံးမယ်၊ စုံစမ်းလို့ အတိအကျ သိရတဲ့အခါကျရင် ကျီးလိုကျွန်းကို လူလွှတ်ပြီး အကြောင်းကြားပါ့မယ်"

ထိုသို့ပြောဆိုပြီးသည်နှင့် သူတို့သည် အဘွားကျန်းအား နှုတ်ဆက်ကာ ထိုနေရာမှ ထွက်ခွာသွားကြလေတော့သည်။

အဘွားကျန်းသည် လူပုညီနောင်တို့ ထွက်ခွာသွားပြီးနောက် သူသည်လည်း ကျီးလိုကျွန်းသို့ခရီးထွက်လာခဲ့သည်။



ဆရာကြီးတိုးကို့သည် လူလွှတ်၍ ကျီးလိုကျွန်းကို တစ်လ ဖွားရမ်းရန် စာပေးလိုက်လေသည်။

အဘွားကျန်းသည် ဒေါသထွက်လွန်း၍ စာလာပို့သူကို တိုက်ခိုက်လိုက်သည့်အတွက် ထိုသူမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားတော့သည်။

ဆရာကြီးတိုးကို့က သူ့လူ ဒဏ်ရာရလာသည့်အတွက် ဒေါသထွက်ကာ ယှဉ်ပြိုင်ရန် စိန်ခေါ်လိုက်လေ၏။

သိုင်းလောကမှလူများသည် ဆရာကြီးတိုးကို့တို့လူစုနှင့် အဘွားကျန်းတို့လူစုသည် ကျီးလိုကျွန်းတွင် ယှဉ်ပြိုင်မည့်ပွဲကို သွားရောက်ကြည့်လိုကြသည်။

ထိုအချိန်အတွင်းမှာပင် အဘွားကျန်းသည် သူမထိထွင်ထားသော 'ရေလိုင်း'သိုင်းကွက်ကို ကြိုးကြိုးစားစားလေ့ကျင့်သည်။

ဤသတင်းထူးကို ရွှမ်နုရင်နှင့်ကျင်လေရီတို့ ကြားသိကြသည်မှာ အမှန်ပင်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆရာတပည့်နှစ်ယောက်က ထန်လေရီကို လိုက်လံရှာဖွေနေချိန်တွင် ထန်လေရီသည် တိရစ္ဆာန်များဘုရင် ရှန်ပိန်းထံတွင် သိုင်းပညာသင်ယူနေချိန်ဖြစ်၏။

ကျီးလိုက်ကျွန်းတွင် ယှဉ်ပြိုင်ပွဲကြီးကို ကျင်းပမည်ဖြစ်၍ သိုင်းလောကမှလူများ အမှန်ပင် လာရောက်စုဝေးကြမည်ဖြစ်သည်။

ထို့ကြောင့် ဆရာမကြီးရွှမ်နုရင်နှင့် ကျင်လေရီတို့သည် ထန်လေရီကို ဆက်လက်၍ မရှာကြတော့ချေ။

သူတို့သည် ဖုချွန်းကျွန်းအနီးရှိ စခန်းသို့ပြန်ပြီး ရွှမ်နုရင်၏ဂိုဏ်းမှ အထက်မြက်ဆုံးဖြစ်သည့်'ပိတုန်းလေမှာဝဲ'သိုင်းကွက်ကို ကျီးလိုက်ကျွန်းသို့ရောက်သည့်အခါ အစွမ်းပြနိုင်ရန် အပြင်းအထန် လေ့ကျင့်နေကြလေတော့သည်။

ကျီးလိုက်ကျွန်းတွင် ယှဉ်ပြိုင်ပွဲကြီး ကျင်းပမည့်သတင်းကို ထန်လေရီနှင့် ချင်စီရှောင်တို့ ကြားသိရပြီးသည့်နောက် သူတို့နှစ်ဦးသည် တောထဲမှထွက်ခွာလာကြပြီး ကျီးလိုက်ကျွန်းသို့ ဦးတည်ခရီးထွက်လာကြသည်။



ကျီးလိုက်ကျွန်းတွင် ယှဉ်ပြိုင်မည့်ရက်ကလည်း တစ်နေ့ထက်တစ်နေ့ နီးကပ်၍လာသည်။

ထန်လေရီ၏စိတ်ထဲတွင် တွေးပူမိသည်မှာ မိမိတို့ဟိုနန်ပြည်နယ်သို့ ပြန်လည်ရောက်ရှိလျှင် အမှန်ပင် ချင်စီရှောင်သည် မိမိအား ချစ်နေမိသည်နှင့်အမျှ လက်ထပ်ရန်ပြောမည်မှာ မလွဲပါချေ။

မိမိကလည်း ချင်စီရှောင်အပေါ် မေတ္တာသက်ဝင်ချစ်ခင်နေမိပါသည်။

ချင်စီရှောင်ကချစ်ခဲ့သည်မှာ ကျင်လေရီဖြစ်ပြီး မိမိမှာ ကျင်လေရီမဟုတ်ဘဲ ထန်လေရီဖြစ်နေသည်။

သို့သော် မိမိက သူ့အပေါ် မေတ္တာစစ်ဖြင့် နှစ်နှစ်ကာကာချစ်နေမိလေပြီ။

ထိုကိစ္စတွက် ထန်လေရီမှာ စိုးရိမ်ပူပန်နေမိလေသည်။

ဆရာကြီးတိုးကို့က ကျီးလိုက်ကျွန်းကို သွားလိုသည်မှာ အခြားရည်ရွယ်ချက်တစ်ခုခု ရှိရမည်ကို ထန်လေရီက တွေးမိသည်။

မကြာမီ သူတို့သည် ပင်လယ်ဆိပ်ကမ်းသို့ ရောက်ရှိလာကြသည်။ ယှဉ်ပြိုင်ပွဲကျင်းပမည့်ရက်ကလည်း နီးကပ်၍လာလေပြီ။

ဆိပ်ကမ်းတွင် ကျီးလိုက်ကျွန်းသို့ ပို့ပေးမည့်လှေများကို တွေ့ရှိရ၏။

ချင်စီရှောင်နှင့် ထန်လေရီတို့သည် လှေတစ်စင်းကိုငှားရမ်းကာ ကျီးလိုက်ကျွန်းသို့ ခရီးဆက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အချိန်အတွင်း သူတို့သည် ကျီးလိုကျွန်းသို့ ရောက်လာကြသည်။

သူတို့သည် ကျွန်းသူကျွန်းသားများ ဆောက်လုပ်ထားသော ဧည့်ရိပ်သာတွင် တည်းခိုကြသည်။

ကျီးလိုကျွန်းတွင် လှပသည်။ သာယာသည်။ အေးချမ်းသည်။

သို့သော် မကြာမီအချိန်တွင် ဝမ်းနည်းစရာ၊ ကြေကွဲစရာအဖြစ်အပျက်များ ဖြစ်ပေါ်လာမည်ကိုကား မည်သူမျှ မသိကြချေ။

အဘွားကျန်းသည် သူမ၏'ရေလှိုင်း'သိုင်းကွက်ကို လေ့ကျင့်လာခဲ့ရာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေလာသည်။

ကျီးလိုကျွန်း၏ သာယာလှပသော ရှုခင်းများကြောင့် လာရောက်သမျှတော့ ဧည့်သည်တော်များသည် ပျင်းရိငြီးငွေ့ခြင်းမရှိဘဲ လည်ပတ်ကြည့်ရှုခြင်းဖြင့် အချိန်ကုန်လွန်သွားကြလေတော့သည်။

ဤသည်မှာ သူတို့အမှားပင်။ သူတို့သိုင်းပညာမလေ့ကျင့်ခြင်းမှာ အမှားပင်မဟုတ်ပါလား။



အချို့ဧည့်သည်များသည် အချင်းချင်း မိတ်ဖွဲ့ကာ ခင်မင်သွားကြ၏။

ရန်ငြိုးရန်စ ရှိနေကြသူများပင် အဘွားကျန်း၏ချက်နှာကို ထောက်ထား၍ တစ်ဦးနှင့်တစ်ဦး တိုက်ခိုက်ခြင်းမပြုကြချေ။

သူတို့အားလုံးသည် လပြည့်နေ့တွင် ပညာစွမ်းပြရန် အားခဲထားကြသည်။

ဧည့်ရိပ်သာ၏ အခန်းတစ်ခန်းတွင် ထန်လေရီသည် ရှားနာမြင်းကုန်းနှီးနှင့်ပတ်သက်၍ ချင်စိရှောင်နှင့်ဆွေးနွေးနေသည်။

သူမပြောဆိုသောလေသံမှာ ကျင်လေရီ၏ လေသံမျိုးမဟုတ်သည်ကို ချင်စိရှောင်က သတိပြုမိသည်။

ညဉ့်နက်လာသောအခါ သူတို့သည် မိမိတို့အခန်းသို့ အသီးသီးပြန်အိပ်ကြ၏။

သို့သော် ထန်လေရီမှာ အိပ်၍မပျော်ပါ။

နောက်ဆုံး သူမသည် အခန်းမှထွက်လာပြီး မြစ်ကမ်းပါးသို့ လျှောက်လာခဲ့သည်။

ထန်လေရီသည် လမ်းလျှောက်ရင်း ထွေရာလေးပါးတွေးမိသည်။

မိမိနှင့်ချင်စိရှောင်မှာ သစ္စာတိုင်၍ ဇနီးမောင်နှံဖြစ်ခဲ့သော်လည်း တရားဝင်လူသိရှင်ကြား လက်မထပ်ရသေးချေ။

မိမိသည် သူ့အပေါ် မေတ္တာသက်ဝင် ချစ်ကြိုးငင်နေခဲ့ပြီ

www.burmeseclassic.com



ဖြစ်ပါသည်။

သို့သော် ချင်စိရောင်က မိမိအား ကျင်လေရီအဖြစ်နှင့်သာ ချစ်နေပါသည်။

ချင်စိရောင်ကိုစွန့်ခွာပြီး ဝေးရာသို့သွားရမည်လော သို့တည်းမဟုတ် ချင်စိရောင်နှင့်ချစ်ခင်ပေါင်းသင်းနေထိုင်ခြင်း ပြုရမည်လော။

ဤလမ်းနှစ်သွယ်စလုံးသည် သူမအား တစ်သက်လုံး တစ်နည်းမဟုတ်တစ်နည်း စိတ်ဆင်းရဲစေမည်ဖြစ်၍ မည်သည့်လမ်းကိုမှ မလိုက်လိုပါ။

ထို့ထက်မက ကြီးမားသည့်ပြဿနာတစ်ခုက ရှိနေသေးသည်မဟုတ်ပါလား။

အကယ်၍ ယခုအခါ ကျင်လေရီအစစ် ပေါ်ထွက်လာပါက မည်ကဲ့သို့ဖြစ်လေဦးမည်နည်း။

စိတ်ရှုပ်ထွေးစရာအတွေးများ သူမ၏ဦးနှောက်ထဲသို့တိုးဝင်လာသည်။

ထန်လေရီသည် ပင်လယ်ကမ်းခြေတွင် လမ်းလျှောက်ပြီး တွေးတောရင်း အချိန်ကုန်မှန်းမသိ ကုန်သွား၏။

သူမ မည်မျှစိတ်ထွေနေသည်ဆိုသော် မိုးလင်းလုနီးနီးဖြစ်သွားခဲ့သည်။

သို့သော် ဝန်းကျင်တစ်ခုလုံးမှာ ဆိတ်ငြိမ်မြဲပင်ဖြစ်၏။



ထန်လေရီသည် ဝန်းကျင်တစ်ခုလုံးကိုလှမ်း၍ ကြည့်လိုက်သည်။

ပင်လယ်ရေပြင်ကြီးသည် ငြိမ်သက်စွာ ရှိသော်လည်း အလယ်ဗဟိုရှိ အဘွားကျန်းနေထိုင်ရာ အဆောက်အဦမှာ မီးရှူးလင်းလျက်ရှိနေသည်။

သူမ ခေတ္တတွေဝေသွားသည်။ သူမ၏စိတ်သည် မီးလင်းနေသော အဆောက်အဦးသို့ ရောက်နေ၏။

သူမသည် သိလိုဇောဖြင့် ထိုမီးလင်းနေသော အဆောက်အဦးဆီသို့ လျှောက်လာခဲ့မိတော့သည်။

အဘွားကျန်းနေထိုင်သော အဆောက်အဦးရှေ့သို့ရောက်သော်လည်း လှိုင်းပုတ်သံများကို ကြားနေရမြဲဖြစ်သည်။

ထန်လေရီသည် သံတိုင်များ အတွင်းဘက်သို့လှမ်း၍ ကြည့်လိုက်၏။

လက်နက်ကိုယ်စီကိုင်ဆောင်၍ စောင့်ကြပ်နေကြသောအမျိုးသမီးများကို တွေ့မြင်ရသည်။

သို့သော် ထိုအစောင့်အမျိုးသမီးများ၏ လှုပ်ရှားမှုကိုကြည့်ခြင်းဖြင့် သူတို့၏သိုင်းပညာမှာ သာမန်အဆင့်သာရှိကြောင်းကို ထန်လေရီ ရိပ်စားမိ၏။

သည့်နောက် ထန်လေရီသည် အဆောက်အဦအတွင်းသို့ ဝင်၍ ကြည့်ရှုလေ့လာရန် ဆုံးဖြတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် နံရံတွင်ကပ်လိုက်ပြီး အစောင့်အမျိုးသမီးများ တစ်ဘက်သို့ ထွက်သွားသည်နှင့် ထန်လေရီသည် ကိုယ်ဖျောက်သိုင်းပညာကိုသုံးပြီး ခန်းမကြီးထဲသို့ဝင်သွား၏။

သူမသည် ခန်းမကြီးထဲသို့ ရောက်ရှိသောအခါ လှိုင်းမှတ်သံများကို မကြားရတော့ချေ။

ဝန်းကျင်တစ်ခုလုံး ဆိတ်ငြိမ်သွား၏။

ထိုအခါမှ ထန်လေရီသည် မိမိ ဤနေရာသို့ရောက်နေသည့်အကြောင်းကို အဘွားကျန်းသိသွားလျှင် ဘာမှမပြောသည့်တိုင် သူမ၏စိတ်ထဲတွင် ခုသွားမှာ သေချာသည်ကို တွေးမိလေ၏။

ထို့ကြောင့် ထန်လေရီသည် ဤနေရာမှဝေးရာသို့ ထွက်ခွာမည်ပြုစဉ် ဂီတသံတစ်သံကို ကြားလိုက်ရလေ၏။

"ချစ်သမီးလေး"

ဝမ်းနည်းကြေကွဲဖွယ်ရာ အသံကို ကြားလိုက်ရသည်။

အသံမှာ တစ်နေရာမှ လွင့်ပျံ့လာဟန်ရှိသည်။

အဘွားကျန်းကို ထန်လေရီ မြင်ဖူးကြားဖူးသောကြောင့် ထိုကြားရသော သနားစဖွယ်မိန်းမသံမှာ အဘွားကျန်း၏ အသံဖြစ်ကြောင်း သူမ ကောင်းစွာသိနေသည်။

ထန်လေရီသည် ကြားရသောအသံကို ဂရုတစိုက် နားထောင်လိုက်သောအခါ ယင်းဂီတသံမှာ မြေအောက်တစ်နေရာမှ လာကြောင်းကို မှန်းဆမိသည်။



သည့်နောက် သူမသည် အသံထွက်ပေါ်လာရာသို့ မှန်းဆ၍ လျှောက်သွား၏။

သူမသည် စင်္ကြံကိုဖြတ်လျှောက်ပြီး အနောက်ဘက်ရှိ ပန်းခြံတစ်ခုတွင်းသို့ ရောက်ရှိလာခဲ့၏။

ထိုပန်းဥယျာဉ်သည် တောင်ကုန်းပေါ်တွင် တည်ရှိသည်။

ထိုတောင်ကုန်းတစ်နေရာမှ ရေစီးကြောင်းနှစ်ကြောင်းသည် တသွင်သွင်စီးကျနေသည်မှာ ရှုမငြီးအောင်ရှိနေသည်။

ယင်းတောင်ကုန်းဘေးတွင် တောင်ပူစာလေးတစ်ခုရှိ၏။

တစ်ချက်တစ်ချက်ကြားရသော မိန်းမသံမှာ ထိုတောင်ပူစာအောက်မှ ထွက်ပေါ်လာခြင်းဖြစ်၏။

ကြားရသော ကြေကွဲဖွယ်ရာအသံကြောင့် ထန်လေရီ၏ရင်ထဲတွင် အဘယ်ကြောင့်မှန်းမသိ ကြီးစွာသော ကရုဏာနှင့်သနားစိတ်များ ဖြစ်ပေါ်ခံစားမိသည်။ သူမ၏စိတ်ကိုလည်း သူမ အံ့သြမိသည်။

အဘွားကျန်းသည် စိတ်ကောင်းဝင်သည့်အခါ ကောင်းနေတတ်သည်။

သို့သော် သူမအလိုမကျသည့်အခါ လူများကိုဖမ်း၍ ဤတောင်ပူစာအောက်ရှိ မြေအောက်ခန်းတွင် လှောင်ပိတ်ထားသလောဟူ၍ ထန်လေရီသည် တွေးမိပြန်၏။

သည့်နောက် ထန်လေရီသည် တောင်ပူစာနှင့် ပတ်၍

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသောအခါ ဂူဝသဖွယ် ဝင်ပေါက်ကိုတွေ့မြင်ရသည်။

လှေကားထစ်များသည် အောက်သို့ အနည်းငယ် နိမ့်ဆင်းသွားသဖြင့် ထန်လေရီလည်း လှေကားအတိုင်း ဆင်းလိုက်သွားသည်။

သူမသည် ဂူအတွင်းပိုင်းသို့ဝင်မိသောအခါ အံ့ဩသွားတော့သည်။

ဂူထဲတွင် မီးထွန်းထား၏။ ဂူ၏အလယ်ဗဟိုတွင် ကျောက်စားပွဲတစ်လုံးမှတစ်ပါး အခြားဘာမျှမရှိချေ။

သူမသည် ကျောက်စားပွဲသို့ရောက်လာသည်။

ထိုအခါ....

"ချစ်သမီးလေး"

ငိုသံကို ကြားရပြန်သည်။

ထန်လေရီသည် မျက်မှောင်ကုပ်သွားသည်။

"သမီးလေးက အမေ့ကိုပစ်သွားတယ်"

မိန်းမသံမှာ စားပွဲအနီးသို့ရောက်မှ ပို၍ကြည်လင်ပြတ်သားလာ၏။

ငိုနေသောမိန်းမသည် သူနှင့်ပို၍ နီးကပ်လာကြောင်း ထန်လေရီ သိရှိလေ၏။

သူမသည် ခေတ္တမျှ တွေဝေစဉ်းစားနေသည်။

ကျောက်စားပွဲအောက်တွင် မြေအောက်ခန်းရှိရမည်ကို စဉ်းစားမိသည်။



ယင်းမိန်းမသံမှာလည်း စားပွဲအောက်ရှိ မြေအောက်ခန်းမှ ထွက်ပေါ်လာခြင်းဖြစ်ရမည်ဟု ထန်လေရီတွက်မိသည်။

ထို့ကြောင့် သူမသည် ကျောက်စားပွဲကို တွန်းကြည့်လိုက်သည်။ သူမ၏စိတ်စေ့ဆော်မှုကြောင့် တွန်းကြည့်လိုက်ခြင်းဖြစ်သည်။

မမျှော်လင့်ဘဲ ယင်းကျောက်စားပွဲသည် ညာဘက်သို့ရွေ့သွားသွားလေ၏။

"ဒေါက်...."

ဟူသော အသံတစ်ချက်ကြားလိုက်ရပြီး အပေါက်ဝိုင်းတစ်ပေါက်ကိုတွေ့မြင်ရလေသည်။

ထိုအပေါက်မှ လူတစ်ကိုယ်စာသာသာခန့် ကျယ်ဝန်းသည်။ မြေအောက်ခန်းသို့ဆင်းရန် အပေါက်ပေတည်း။

ထန်လေရီသည် ထိုမြေအောက်သို့သွားသည့် အပေါက်ကို မီးတုတ်နှင့် လှမ်းကြည့်မည်ပြုလေ၏။

ထိုစဉ် တိုက်ခိုက်လိုက်သောလေကြောင့် မီးတုတ်မှာ ငြိမ်းသွားပြီး မှောင်အတိဖြစ်သွားသည်။

တစ်ဆက်တည်းလိုလို အော်သံတစ်ချက်ကြားလိုက်ရသည်။ သူမ၏ရင်ဘတ်နေရာကို လေလှိုင်းတစ်ခုက လာရောက်တိုက်ခိုက်သည်ဟု ထင်လိုက်သဖြင့် ထန်လေရီသည် ကပျာကယာ နောက်သို့ ခုန်ဆုတ်လိုက်သည်။ အချိန်မီကလေး သူမရှောင်တိမ်းနိုင်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘိုင်း'ခနဲမြည်သံကြားရပြီး တစ်စုံတစ်ဦး လဲကျသံကိုကြားလိုက်ရသည်။ သူမအား တိုက်မိုက်သူ လဲကျသွားခြင်းပေတည်း။

သို့သော် မကြာပါ။

ထိုလဲကျသော့အသံသည် ပြန်၍ထပြေးသွားသော ခြေသံကို ကြားရပြန်သည်။

ထိုလူ၏သိုင်းပညာမှာ အဆင့်မနိမ့်လှကြောင်း ထန်လေရီ ယူဆသည်။

ထိုလူသည် ငိုယိုပြီး ဂူဝသို့ဦးတည်ပြေးသွားကြောင်း တွေ့လိုက်ရလေ၏။

ထန်လေရီသည် ထိုသူကိုသေချာစွာ ကြည့်လိုက်၏။

လူလတ်ပိုင်းအရွယ်ရှိ အမျိုးသမီးတစ်ယောက်ဖြစ်ပါသည်။

သူမ၏ဆံပင်မှာ ရှုပ်ထွေးဖွာလန်ကြဲနေပြီး အဝတ်အစားများ စုတ်ပြတ်နေလေ၏။ အရူးမတစ်ယောက်ကဲ့သို့ ဖြစ်နေ၏။

ထန်လေရီသည် ဆက်၍ မစဉ်းစားတော့ဘဲ ရှေ့မှပြေးသွားသော အမျိုးသမီးနောက်သို့ ပြေးလိုက်သွားမိသည်။

မြေအောက်တွင် ဖမ်းဆီးခံအမျိုးသမီးကား ဘယ်သူနည်း။

ထိုစဉ် ရှေ့မှပြေးနေသောအမျိုးသမီးက သမင်လည်ပြန် ကြည့်လိုက်၏။

မီးရောင်အောက်တွင် ဆံပင်စုတ်ဖွားနှင့် ကြည့်နေသောအမျိုးသမီး၏မျက်နှာမှာ မိမိနှင့်အလွန်တူနေသည်ကို ထန်လေရီ အံ့ဩဖွယ်ရာတွေ့ရသည်။



မိမိနှင့်ရုပ်ဆင်းတူသော်လည်း သူမမှာ ကျင်လေရီမဖြစ်နိုင်။

ထိုအမျိုးသမီးမှာ အသက်ပိုကြီးနေသည်။

ကျင်လေရီ၏အသက်မှာ မိမိနှင့်မတိမ်းမယိမ်းဖြစ်၏။

ထန်လေရီက အံ့ဩခြင်းဖြင့် ထိုအမျိုးသမီးကိုကြည့်ရင်း လှမ်းမေးလိုက်၏။

"ရှင် ဘယ်သူလဲ"

ထိုအမျိုးသမီးက မဖြေပေ။ သူမသည် လှည့်ပြီး ရပ်ကြည့်နေသည်။ ကြည့်မြဲ ကြည့်နေသည်။

အမှန်မှာ ထိုအမျိုးသမီးသည် အဘွားကျန်းလော့ာင်ဖိတ်ထားခြင်းခံရသော ငွေဟင်္သာတုန်ဖန်လင်းတည်း။

ယခု ငွေဟင်္သာတုန်ဖန်လင်းမှာ အရူးဘဝသို့ ရောက်နေချေပြီ။

သူမသည် လင်ပျောက်ပြီး သမီးများနှင့်ကွဲကွာနေသည့်အတွက် စိတ်သောကခံစားရင်း နောက်ဆုံးအရူးမဘဝသို့ ရောက်ခဲ့ခြင်းပင်ဖြစ်၏။

သူမ၏ဘဝကား ကြေကွဲဖွယ်ရာဘဝပေတကား။

www.burmeseclassic.com

www.burmeseclassic.com



ငွေဟသ်ာ တုန်ဖန်လင်းသည် မည်သို့သော အမျိုးသမီးနည်း။

သူမသည် ခင်ပွန်းဖြစ်သူ ဟွာချင်းရေးသားခဲ့သောကျောက်ဖျာပေါ်မှ စာများကို အဘယ်မှာလျှင် ဖတ်ခွင့်ရမည်နည်း။

တုန်ဖန်လင်း ကျီးလိုကျွန်းသို့ရောက်လာခြင်းမှာ သူမ၏ခင်ပွန်းကိုလာ၍ရှာဖွေခြင်းပင်ဖြစ်၏။ သူမ၏ခင်ပွန်းကိုမတွေ့ရပေ။

သိုင်းပညာလောကကြီးသော အဘွားကျန်းနှင့်သာ တွေ့ရသည်။

အဘွားကျန်းက တုန်ဖန်လင်းအား ဂူထဲတွင် တစ်နှစ်ကျော်မျှ လှောင်ပိတ်ထားသည့်အတွက် သူမ၏ရုပ်သွင်မှာ ကြောက်စရာကောင်းသကဲ့သို့ ဖြစ်နေသည်။

တုန်ဖန်လင်းက ထန်လေရီအား လှည့်၍ကြည့်ရင်း တစ်ချက်ပြုံးလိုက်၏။

ထိုအခါ ထန်လေရီက ပြန်၍ပြုံးရင်း ဆက်မေးရန်ပြုစဉ်



သူမ၏နောက်မှ တစ်စုံတစ်ယောက်၏အသံကို ကြားလိုက်ရလေသည်။

"မိန်းကလေး.... သူဟာ မိန်းကလေးရဲ့အမေပါပဲ"

ထန်လေရီက အသံကြားရာသို့ လှည့်ကြည့်လိုက်သည်။

တောင်ဝှေးတစ်ချောင်းကိုကိုင်၍ ရပ်နေသော အဘွားကျန်းကိုတွေ့မြင်ရလေ၏။ အဘွားကျန်း စိတ်ကောင်းဝင်သွားသည်။

သူမသည် ဘယ်အချိန်က ရောက်လာသည်မသိပေ။

ဤသည်ကို ထောက်ရှုလျှင် သူမ၏သိုင်းပညာမှာ အလွန်အဆင့်မြင့်လှကြောင်း သိရှိနိုင်၏။

ထန်လေရီက ရှက်ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"အဘွားကျန်းက ကျွန်မကို ကျီစယ်နေတာကိုး"

တကယ်တော့ အဘွားကျန်းက ကျီစယ်နေခြင်းမဟုတ်ပေ။

ကျိုမိစန်းတောင်ပေါ်တွင် ကျင်လေရီနှင့်တွေ့ဆုံစဉ်က လိမ်ညာခဲ့မိသည့်အတွက် သူမ၏အမှားကိုပြန်၍ နောင်တရမိကာ သူ့အမှားကို ချေဖျက်သည့်အနေဖြင့် ပြောပြလိုက်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ထန်လေရီအား ကျင်လေရီအထင်ဖြင့် ပြောလိုက်ခြင်းပင်ဖြစ်သည်။

အဘွားကျန်းသည် ထန်လေရီဝင်လာသည်ကို မည်သို့သိသနည်း။

အဘွားကျန်းသည် တုန်ဖန်လင်းငိုယိုပြောသံကို ကြားရ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ သူမသည် သိုင်းလေ့ကျင့်ရာအခန်းမှ ထွက်ကြည့်၏။

တုန်ဖန်လင်းနောက်မှ ထန်လေရီကိုမြင်ရသောအခါ ကျင်လေရီဟုထင်ကာ ဝမ်းသာပြီး နောက်မှလိုက်ခဲ့ခြင်းဖြစ်၏။

အဘွားကျန်းက ထန်လေရီအားပြုံး၍…

"မိန်းကလေးကို ကျီစယ်နေတာမဟုတ်ပါဘူး၊ သူဟာ တကယ့်ကို မိန်းကလေးရဲ့အမေပါ"

ထန်လေရီသည် ငယ်စဉ်ကပင် ဆရာမကြီးစိမ့်ဟွမ်း၏ ပြုစုကျွေးမွေးခြင်းဖြင့် ကြီးပြင်းလာသူဖြစ်၏။

သူမသည် သူမ၏မိဘများ လုံးဝမရှိတော့ဟုသာ ထင်မှတ်ခဲ့သည်။

တစ်ခါတစ်ရံ မိမိ၏မိဘအရင်းနာမည်များကို မေးသောအခါ ဆရာမကြီးစိမ့်ဟွမ်းက ခေါင်းခါယမ်းကာ မသိကြောင်းသာ ပြော၏။

ထို့ကြောင့် ထန်လေရီသည် ဘဝဇာတ်ကြောင်းကို မေ့ချေပျောက်ပျောက်နှင့်ပျော်ရွှင်စွာ နေထိုင်ခဲ့သည်။ လွတ်လပ်စွာ နေထိုင်သည်။

သို့သော် ကျင်လေရီက ထန်လေရီကဲ့သို့ မဟုတ်။ တစ်ကိုယ်တည်း ဘဝကိုမကျေနပ်ချေ။ သူမ၏မျိုးရိုးဇာတိကို ကြိုးစားစုံစမ်း၏။

ထန်လေရီသည် အဘွားကျန်း၏စကားကို ကြားရသောအ



ခါ တစ်ချက်ငိုင်သွား၏။

အတန်ကြာမှ တွေးတွေးဆဆဖြင့် မေးလေ၏။

"ဒါ ကျွန်မ အမေလား"

သူမက ရှေ့သို့တိုးကာ တုန်ဖန်လင်းအား သေချာစွာကြည့်၏။

တုန်ဖန်လင်းကား ရပ်မြဲရပ်နေသည်။

အရွယ်မအမျိုးသမီး၏မျက်နှာနှင့် မိမိ၏မျက်နှာမှာ ခွဲးမရအောင်တူနေသည်။

တုန်ဖန်လင်းသည် ဘာမှမပြောဘဲ မျက်လုံးများပြူးကျယ်၍သာ ကြည့်နေ၏။

ထိုစဉ် အဘွားကျန်းက တုန်ဖန်လင်းအား စေ့စေ့ကြည့်ကာ ပြောလိုက်၏။

"တုန်ဖန်လင်း… ဒါ ရှင့်သမီးအရင်းပေါ့၊ ဘာဖြစ်လို့နှုတ်မဆက်ရတာလဲ၊ ဒါ… ရှင့်သမီး… ရှင့်သမီးရှင့်"

အဘွားကျန်း၏စကားကို ကြားရသောအခါ တုန်ဖန်လင်း၏ နားထဲတွင် မိုးခြိမ်းသံပမာ ခံစားလိုက်ရလေ၏။

သူမ၏တစ်ကိုယ်လုံးမှာ သိသိသာသာတုန်လှုပ်သွားသည်။

သမူ၏ဦးခေါင်းကို မိုးကြိုးပစ်ခံလိုက်ရသကဲ့သို့ ဖြစ်သွားသည်။

သူမ၏အတိတ်ဇာတ်လမ်း တစ်စိတ်တစ်ဒေသကို ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



သတိရလာမိ၏။

တုန့်ဖန်လင်းသည် အမြွှာပူးသမီးနှစ်ယောက်ကို မွေးပြီးသုံး လအကြာတွင် ကျင်ကန်းက လိမ်လည်ခေါ်သွားသဖြင့် အမြွှာပူးသ မီးနှစ်ယောက် ပျောက်ဆုံးသွားခဲ့သည်။

ထိုအခါ သူမသည် သေမလောက် ပူဆွေးသောကခံစားရင် အရူးတစ်ပိုင်းဖြစ်ခဲ့ရသည်။

တုန့်ဖန်လင်းသည် အဘွားကျန်း၏စကားကို ကြားရလျှင် စိတ်အနည်းငယ်ကြည်လင်လာပြီး ထန်လေရီအား ခြေဆုံးခေါင်းဆုံး အပြန်အလှန်ကြည့်နေမိပြန်သည်။

အတန်ကြာသောအခါ....

"ညာတာ ညာတာ ကျွန်မသမီးတွေဟာ သုံးလအရွယ် ရှိသေးတယ်၊ ဒီလိုအပျိုကြီးဖားဖားအရွယ်ဟာ ဘယ်နည်းနဲ့မှ ကျွန် သမီး မဖြစ်နိုင်ဘူး၊ ကလေးက ဘယ်လိုလူကြီးဖြစ်မှာတုန်း"

တုန့်ဖန်လင်း၏စကားမှာ မှုမမှန်သေးသော်လည်း မျက်နှ မှာ ကြည်လင်လာသည်ကို အဘွားကျန်းက သတိပြုမိ၏။ သမီးဖြစ် သူနှင့်တွေ့ရသဖြင့် ဤသို့ကြည်လင်လာခြင်းဖြစ်ရပေမည်။

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီး....

"ဟုတ်တယ်... ဟုတ်တယ် ကြီးလာမှာပေါ့"

တုန့်ဖန်လင်းသည် စကားဆုံးသည်နှင့် လက်နှစ်ဖက်ကိုဆန့် တန်းပြီး ထန်လေရီအား ပွေ့ဖက်မည်ပြုပြီးမှ သူမသည် တစ်စုံတစ်



ရာကို စဉ်းစားမိသည့်အတွက်....

"မဟုတ်သေးဘူး... မဟုတ်သေးဘူး၊ သမီးတွေဟာ အမြွှာ ပူးနှစ်ယောက်တောင်ရှိတယ်၊ တစ်ယောက်ထဲမဟုတ်ဘူး၊ သူက တစ် ယောက်ထဲပဲ...."

တုန့်ဖန်လင်း၏စကားကို ကြားရသောအခါ ထန်လေရီ၏ စိတ်မှာ လှုပ်ရှားသွား၏။

ကျင်လေရီအား မမြင်ဖူးသော်လည်း ကျင်လေရီနှင့်မိမိမှာ ရုပ်ချင်းတူရုံမျှမက အသံပါတူကြောင်း အများ၏ပြောပြချက်ကို ကြားဖူး၏။

ထို့ကြောင့် မိမိနှင့် အမြွှာပူးညီအစ်မသာ မဟုတ်ခဲ့လျှင် ကျင်လေရီနှင့် ဤမျှတူညီချက်များ ရှိလိမ့်မည်မဟုတ်ချေ။

ဤသို့စဉ်းစားပြီး ထန်လေရီသည် ရှေ့သို့ခြေနှစ်လှမ်းတိုး ကာ တုန့်ဖန်လင်းအား စေ့စေ့ကြည့်ရင်း ရှင်းပြမည်ပြုစဉ် ဘေးမှ ကြည့်နေသောအဘွားကျန်းက....

"မင်းမှာ သမီးနှစ်ယောက်ရှိတာမှန်ပေမယ့် ပျောက်တုန်း က တစ်ချိန်ထဲပျောက်သွားပြီး ပြန်တွေ့တဲ့အခါမှာတော့ ဘယ်လိုလုပ် ပြီး တစ်ချိန်ထဲ ပြန်တွေ့နိုင်ပါ့မလဲ၊ ကဲ... အခုတွေ့နေတဲ့သမီးတစ် ယောက်ကို အရင်ခေါ်လိုက်ပါအုံး"

ထိုအခါကျမှ တုန့်ဖန်လင်း၏မျက်နှာမှာ ပြုံးလာနိုင်တော့ သည်။ သူမတစ်စုံတစ်ခုကို သတိရသွားပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် တစ်စုံတစ်ခုကိုစဉ်းစားမိပြီး ပြောလေ၏။

"သမီးကြီးက ငိုတတ်တယ်... သမီးငယ်က မငိုတတ်ဘူး အင်း... သမီးကြီးလည်ပင်းမှာ မှဲ့နီသုံးလုံးစီတန်းနေတယ်၊ သမီးငယ်ရဲ့လည်ပင်းမှာတော့ မှဲ့နီနှစ်လုံးပဲရှိတယ်၊ အဲဒါတွေ မင်းမှာပါသလား"

တုန်ဖန်လင်း၏စကားဆုံးသည်နှင့် ထန်လေရှီသည် သူမ၏ မှဲ့နီနှစ်လုံးရှိကြောင်း သိနေသဖြင့် ချက်ချင်းပြသလိုက်လေ၏။

ထန်လေရှီသည် တုန်ဖန်လင်းအနီးသို့သွားပြီး သူမ၏ မှဲ့နီနှစ်လုံးကိုပြရင်း....

"မေမေ ဟောဒီမှာကြည့် မှဲ့နီနှစ်လုံး"

တုန်ဖန်လင်းသည် ထန်လေရှီပြသည့် မှဲ့နီကိုကြည့်ပြီး ရှိုက်ကြီးတငင် ငိုလေတော့သည်။ သူမသည် သမီးငယ်ကို အသိအမှတ်ပြုသွားပေပြီ။

သူမသည်အော်ငိုရင်း မူးမေ့လဲကျသွားသည်။

ထန်လေရှီမှာ ဘာလုပ်ရမှန်းမသိဘဲ မိခင်အားပွေ့ဖက်ပြီး စိတ်လှုပ်ရှားနေလေ၏။

အဘွားကျန်းက တုန်ဖန်လင်းအား စေ့စေ့ကြည့်ကာ...

"မပူပါနဲ့ စိတ္တဇရောဂါသည်ဟာ မူးမေ့ပြီး သတိပြန်ရလာရင် လူကောင်းပကတိ မြန်မြန်ဖြစ်သွားမှာပါ၊ ကဲ... သူ့ကိုအဘွားနေတဲ့ အဆောင်ထဲကို အမြန်ဆုံးပွေ့ယူလာခဲ့ပေတော့...."



ထိုအခါ ထန်လေရှီသည် ချက်ချင်းပင် သူမ၏မိခင် တုန်ဖန်လင်းအား ပွေ့ကာ အဘွားကျန်းနောက်သို့ ထက်ကြပ်မကွာ လိုက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၃)

သားအမိ

တုန်ဖန်လင်းသည် ခုတင်ပေါ်တွင် လူးလွန့်ရင်း မျက်လုံးအစုံကိုဖွင့်ကြည့်လိုက်၏။

သပ်သပ်ယပ်ယပ် ပြုပြင်ပေးထားသဖြင့် တုန်ဖန်လင်းမှာ ရုပ်ရည်ပေါ်လာသည်။

သူမသည် အံ့ဩခြင်းကြီးစွာ ငေးကြောင့်ကြည့်နေသည်။

အတန်ကြာသောအခါ သူမသည် ထန်လေရီ၏ လည်ပင်းမှ မှဲ့နီနှစ်လုံးကိုကြည့်ပြီး မေးလေ၏။

"သမီးလေး... သမီးလေး မမကော"

ထန်လေရီမှာ ရင်ထဲဆို့နင့်လာသည်။ အသက်ရှူမရသလို ဖြစ်လာ၏။ သူမ၏မျက်လုံးအိမ်ထဲတွင် မျက်ရည်များရစ်ဝဲလာသည်။



"သမီးနဲ့တထေရာထဲတူတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်လို့ ပြောသံကြားဖူးတယ်မေမေ၊ ဒါပေမယ့် သူ့ကိုတော့ သမီးမတွေ့ဘူးသေးပါဘူး၊ သူက သမီး မမပေါ့နော်"

ထန်လေရီသည် တုန်ဖန်လင်းအား ဖက်၍ ငိုလေတော့သည်။

တုန်ဖန်လင်းမှာ ဝမ်းသာလွန်း၍ မျက်ရည်များပင်ကျလာလေသည်။

တကယ်ပင် အဘွားကျန်းပြောသည့်အတိုင်း သူမမှာ လူကောင်းပကတိဖြစ်လာသည်။ လူကောင်းပြန်ဖြစ်လာသည်။

စိတ္တဇဝေဒနာရှင် မဟုတ်တော့ပါ။

"သမီးကြီးရှိတဲ့နေရာကိုသိရရင် မတွေ့တွေ့အောင်ရှာနိုင်ပါတယ်၊ အင်း... ဆယ့်ကိုးနှစ်လုံးလုံးကြာမျှ ကွဲကွာနေခဲ့ကြရတဲ့ တို့သားအမိတွေ ခုပြန်တွေ့ကြရပြီပေါ့၊ ငါ့သမီးလေး...."

တုန်ဖန်လင်းသည် ယင်းသို့ပြောလိုက်ပြီး ထန်လေရီအားတင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

ထန်လေရီကလည်း မိခင်တုန်ဖန်လင်းအား ပြန်၍ဖက်ထားလိုက်လေတော့သည်။

မည်မျှကြာသွားသည်မသိ ကြားယံမှ အသံတစ်သံထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"တုန်ဖန်လင်း... ဓားဆန်းတွေ ဘယ်နေရာမှာရှိသလဲ"

အဘွားကျန်း၏ စကားသံကိုကြားလိုက်ရသဖြင့် တုန်ဖန်လင်းမှာ ထိတ်လန့်တကြား ဖြစ်သွားသည်။

သူမ သတိရသည်မှာ ဤကိစ္စနှင့်ပတ်သက်၍ ကျင်ကန်းဟွာချင်းနှင့် မိမိတို့သုံးဦးမှလွဲ၍ မည်သူမှမသိကြပါ။ ဓားဆန်းနှင့်ပတ်သက်၍ မည်သူ့ကိုမှ မပြောရဟု ကတိပြုထားကြသည်။

မိမိစိတ်ရှုပ်ဝင်ခဲ့စဉ်က ထင်ရာကိုပြောမိမည်ဖြစ်သော်လည်း ယခု ပြန်လည်သတိရလာပြီဖြစ်၍ ပေးထားသောကတိကို အလေးထားရမည်မဟုတ်ပါလော။

ထို့ကြောင့် သူမသည် အိပ်ရာမှထလိုက်ပြီး....

"ဓားဆန်းဆိုတာ ဘာလဲ... ကျွန်မ ဘာမှနားမလည်ပါလား၊ ကျွန်မ မသိတဲ့စကားတွေနဲ့ ကျွန်မကိုနှိပ်စက်တာလား"

အဘွားကျန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ဒီမယ်... တုန်ဖန်လင်း... မင်းတို့သားအမိကို ပြန်လည်ဆုံစည်းအောင် ဖန်တီးပေးနိုင်သလို ကွဲအောင်လဲ ငါလုပ်နိုင်တယ်ဆိုတာ မင်း ကောင်းကောင်းနားလည်ထားပါ၊ ငါက ဒီကျွန်းရဲ့အရှင်သခင်ပဲ"

အဘွားကျန်း၏စကားကြောင့် တုန်ဖန်လင်း၏မျက်နှာမှာ ရုတ်ချည်းပြောင်းလဲသွားသည်။

သူမသည် ထိုင်နေရာမှ ရုတ်တရက် ထခုန်လိုက်ပြီး လက်ဝါးစောင်းဖြင့် အဘွားကျန်းအား လှမ်းခုတ်လိုက်၏။ သူမ၏လှုပ်ရှားမှုက လျှင်မြန်လှသည်။

ထိုအခါ အဘွားကျန်းသည် 'ရေလှိုင်းပမာ' သိုင်းကွက်ဖြင့် ပြန် လည်တိုက်ခိုက်လိုက်တော့သည်။

သို့သော် တုန်ဖန်လင်းမှာ နလံထစဖြစ်၍ အားအင်ကုန်ခမ်းနေသည်။ သူမ၏သိုင်းပညာမှာ လေ့ကျင့်မှုအားကင်းမဲ့နေသည်။

တုန်ဖန်လင်းသည် အဘွားကျန်း၏တိုက်ကွက်ကိုခံနိုင်ရည်မရှိဘဲ ကျွမ်းတစ်ပတ်ပတ်၍ ရှောင်ထွက်လိုက်ရလေ၏။

တုန်ဖန်လင်းသည် စားပွဲတစ်လုံးပေါ်သို့ကျရောက်သွားပြီး စားပွဲမှာ အစိတ်စိတ်အပိုင်းပိုင်း ကျိုးပဲ့ပျက်စီးသွားသည်။

သူမသည် ထိုနေရာမှ မထနိုင်တော့ချေ။

ထန်လေရီသည် ဒေါသထွက်လာကာ သူမ၏ကိုယ်ကိုလှည့်ပြီး မိခင်ကိုကာကွယ်လိုက်ရင်း....

"ကျွန်မတို့သားအမိကိုတွေ့အောင် ဖန်တီးပေးတာ ကျေးဇူး တင်ပါတယ်၊ ဒါပေမယ့် ကျွန်မအမေဟာ ခုအချိန်မှာ နလံထစမို့ အားကုန်ခမ်းနေပါတယ်၊ ဒါကြောင့် ဒီလိုအနိုင်ကျင့်တာမျိုး ကျွန်မခွင့် မလွှတ်နိုင်ဘူး၊ ရှင်က မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ပဲ...."

အဘွားကျန်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"အင်း... အကောင်းအဆိုး မသိတတ်တဲ့လူကိုတော့ ဆုံးမလိုက်ရအုံးမှာပေါ့၊ တုန်ဖန်လင်း ညည်းသမီးကိုချစ်သလား ဒါမှမ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ် ဓားဆန်းကိုပဲချစ်သလားဆိုတာ ခုချက်ချင်းပြောပါ"

တုန်ဖန်လင်းသည် တကယ်ပင် ဓားဆန်းများထားရှိသည့် လျှို့ဝှက်နေရာကို မသိပါ။ ဤလျှို့ဝှက်ချက်ကို ယခုအခါ ကျွန်းရှမ်း တစ်ယောက်သာ သိထားသည်။

တစ်ချိန်က တုန်ဖန်လင်းသည် ကျိုမီစန်းတောင်သို့ ရောက်ခဲ့စဉ်က ထိုဓားဆန်းများကို ဟွာချင်းက ယူသွားပြီဖြစ်သည်။

တုန်ဖန်လင်းသည် ယခုတိုင် ဤကိစ္စကို သူတို့သုံးဦးမှလွဲ၍ မည်သူမျှမသိကြသေးဟု ထင်နေဆဲဖြစ်သည်။

ထို့ကြောင့် သူမက ခေါင်းကိုသာ တွင်တွင်ခါယမ်းရင်း....

"ရှင်ပြောတာကို ကျွန်မ ဘာမှနားမလည်ဘူး"

ထန်လေရီသည် တကယ်ပင် ဘာမှမသိသောကြောင့်....

"အဘွားကျန်းပြောတဲ့ ဓားဆန်းဆိုတာကို အမေက မသိပါဘူးဆိုမှပဲ၊ မသိတာကို သိရမယ်လို့ တစ်ဘက်သတ်ပြောနေတာ မတရားပါဘူး"

အဘွားကျန်းက မျက်မှောင်ကုပ်လိုက်ပြီး....

"ဒီမယ်မိန်းကလေး... မင်းရဲ့အမေတင်မက ဒီရတနာမြင်းကုန်းနှီးရဲ့လျှို့ဝှက်ချက်ကို မင်းလဲသိမှာပါပဲ"

ထန်လေရီက ပြုံးလိုက်ပြီး....

"ဒီလျှို့ဝှက်ချက်နဲ့ ပတ်သက်ပြီး 'ကျိုမီစန်း' တောင်ပေါ်မှာ ရှိတယ်ဆိုတာ အဘွားကျန်းကို ကျွန်မပြောပြပြီးပြီမဟုတ်လား။ ဓား



ဆန်းဆိုတာတော့ ကျွန်မ တကယ်မသိပါဘူး"

အဘွားကျန်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး တုန်ဖန်လင်းဘက်သို့လှည့်ကာ....

"ကျိုမီစန်းတောင်ပေါ် ရောက်သွားကြတဲ့လူတွေလဲ မနည်းတော့ဘူး၊ ဒါပေမယ့် ဘာမှမထူးခြားခဲ့ဘူး၊ ဒီတော့ ဓားဆန်းနဲ့ပတ်သက်တဲ့ လျှို့ဝှက်ချက်တွေကို ပြောမလား မပြောဘူးလား ဒါပဲ"

တုန်ဖန်လင်းက ခေါင်းကိုခါယမ်းလိုက်ပြီး....

"အခု ဒီဓားဆန်းတွေ ဘယ်ကိုရောက်ကုန်ပြီလဲဆိုတာ ကျွန်မလဲ မသိတော့ပါဘူး၊ အရင်ကလဲ မသိဘူး"

အဘွားကျန်း၏မျက်နှာသည် တည်သွားသည်။

"ကဲ... ဓားဆန်းရဲ့နေရာကိုပြောမလား၊ မပြောဘူးလား"

သူမသည် စကားဆုံးသွားသည်နှင့်ထန်လေရီ၏ပခုံးကို ညှမ်း၍ ကိုင်မည်ပြုစဉ် ထန်လေရီသည် အဘွားကျန်း၏ လက်ငါးချောင်းအားကိုခုခံနိုင်ရန် သူမသည် ကိုယ်ကိုလှည့်လိုက်ပြီး သံဆူးကိုယ်ထည်တပ်ဆင်ထားသော မြွေကို ရုတ်တရက် လက်မောင်းမှ ဆန့်ထုတ်လိုက်သည်။

ထန်လေရီ၏လက်မောင်းမှမြွေသည် 'ရှော'ခနဲ အဘွားကျန်း၏ မျက်နှာဆီသို့ ရောက်သွားသည်။

အဘွားကျန်းက ထိတ်လန့်သွား၏။

ထန်လေရီနှင့်မတွေ့ရသည်မှာ အချိန်ဝိုင်တောင်လှသော

www.burmeseclassic.com

www.burmeseclassic.com



လည်း သူမ၏သိုင်းပညာမှာ အလွန်တိုးတက်မြင့်မားလာသည်ကို တွေ့ရ၏။ သူမသိုင်းပညာအသစ်များ တစ်ခုခုပေါ်ထွက်ထားပြီမဟုတ်ပါလော။

သူမထံမှ ရုတ်တရက် အမဲရိပ်တစ်ခု ထွက်လာသည်ကို အဘွားကျွန်းက ကျာပွတ်ဟုထင်မှတ်ပြီး လက်ငါးချောင်းဖြင့် ဖမ်းလိုက်မည်ပြုလေ၏။ သို့သော် အဘွားကျွန်းသည် အံ့သြသွားသည်။

ကျာပွတ်မဟုတ်ပါ။ သံဆူးကိုယ်ထည်ဖြင့်ပတ်ထားသော မြွေအရှင်တစ်ကောင်ဖြစ်နေသည်ကို တွေ့ရသည်။

ဤကဲ့သို့ဆန်းပြားသည့်မြွေမျိုးကို သူမတစ်ခါမှ မတွေ့ဘူးသေးပါ။ ကိုယ်ထည်ကိုသံဆူးများဖြင့် ပတ်ထားသေးသည်။

ထို့ကြောင့် အဘွားကျွန်းသည် သူမထံသို့ရောက်လာသော မြွေကိုဆက်၍ မဖမ်းဝံ့တော့ဘဲ နောက်သို့ ကပျာကယာ (၃-၄) လှမ်းမျှ ဆုတ်လိုက်ရ၏။

အဘွားကျွန်း၏ တစ်သက်တာတွင် ထူးဆန်းသောအရာများကို တွေ့ဖူးကြုံဖူးခဲ့သည်မှာ မနည်းလှပါ။ သို့သော် ယခုကဲ့သို့ မြွေအရှင်ကို လက်နက်အဖြစ် အသုံးပြုခြင်းမျိုး တစ်ခါမျှ မတွေ့ဘူးခဲ့သေးပါ။ မြွေလက်နက်သည် ကြောက်မက်ဖွယ်ကောင်းလှ၏။

ထန်လေရီ၏လှုပ်ရှားမှုမှာ မမြန်လှသော်လည်း လေ့ကျင့်ထားဟန်ရှိသော ထိုမြွေသည် သခင်၏အလိုဆန္ဒကို သိထားသည့်ပမာ ရန်သူကိုပေါက်ရန် မနေးပါ။ သူသည် အဘွားကျွန်းကို ပေါက်ပြီးသည်နှင့် နောက်ပြန် ဆုတ်သည်။



ဤကဲ့သို့ အဆိပ်ပြင်းသည့်မြွေမျိုး အကိုက်ခံလိုက်ရလျှင် အသက်သေးနှင့်နီးလွန်းလှသည်။ သူ့အဆိပ်ကလည်း ကြောက်စရာပင်။

အဘွားကျွန်းသည် မြွေကိုကြောက်ကြောက်ဖြင့် သူမ၏သံတောင်ဝှေးဖြင့် ယမ်းလိုက်သည်။

အဘွားကျွန်းသည် မကြောက်သည့်ဟန်ဖြင့် ပြောသည်။

"မိန်းကလေးတို့ မင်းတို့အသက်မသေချင်ရင် ဓားဆန်းတွေဝှက်ထားတဲ့နေရာကို အမြန်ဆုံးပြောဖို့ ညည်းအမေကိုဖျောင်းဖျပါ။ ငါကတိအတိုင်း ညည်းတို့သားအမိရဲ့အသက်ကို အန္တရာယ်မဖြစ်အောင် ငါတာဝန်ယူတယ်၊ ငါ ဒီကျွန်းရဲ့အရှင်သခင်ဆိုတာ မမေ့နဲ့..."

ထန်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး....

"အဘွားကျွန်းရဲ့သိုင်းပညာဟာ ကျွန်မထက် အများကြီးအဆင့်မြင့်တယ်ဆိုတာ ကျွန်မသိတယ်၊ ဒါပေမယ့် ကျွန်မအမေကို အနိုင်ကျင့်ရင်တော့ ကျွန်မအသက်နဲ့လဲပြီး ကာကွယ်ရမှာပဲ၊ နောက်ပြီး သတိပေးချင်တာက ကျွန်မသေတာထက် ဒီမြွေတစ်ခုခုဖြစ်သွားလို့ သူ့သခင်က ကျိုးလိုက်ကျွန်းကိုလိုက်လာရင် မလွယ်ဘူးဆိုတာ သိထားလိုက်ပါ"

အဘွားကျွန်းက မထီမဲ့မြင် ပြုံးလိုက်ပြီး ပမာမခန့်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မြွေရဲ့သခင်က ဆရာကြီးတိုးကိုထက်များ ပိုစွမ်းနေသေးလို့လား၊ လာချင်တဲ့လူ လာပါစေ၊ ငါဂရုမစိုက်ဘူး"

ထန်လေရီက အေးဆေးတည်ငြိမ်သောအသံဖြင့်....

"ဆရာကြီးတိုးကိုက ဘယ်လောက်အစွမ်းထက်လို့လဲ၊ သူ့ကိုဘယ်သူက စကားထဲထည့်ပြောလို့လဲ"

သူမ၏စကားကို ကြားလိုက်ရသည်နှင့် အဘွားကျွန်းသည် စိုးရိမ်စိတ်ဖြစ်ကာ နောက်သို့တစ်ချက် လှည့်ကြည့်လိုက်သည်။

ထန်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး ခြိမ်းခြောက်လိုက်၏။

"မကြောက်ပါနဲ့ သူ အခု ဒီကျွန်းပေါ်မှာ မရှိသေးပါဘူး။ ကျွန်မ ဒီကျွန်းကိုရောက်နေတာ သူသိတယ်"

အဘွားကျွန်းက မျက်မှောင်ကုပ်လိုက်ပြီး....

"ဒီမြွေရဲ့သခင်ဆိုတာ ဘယ်သူလဲ"

သူမသည် ထိတ်လန့်စွာဖြင့် မေးလိုက်သည်။

အကင်းပါးသော ထန်လေရီက တစ်ချက်ပြုံးလိုက်ပြီး....

"ဒီသိုင်းပညာရှင်က သူ့နာမည်ကိုထုတ်ဖော်ပြောဖို့ ခွင့်မပြုဘူး၊ ဒါပေမယ့် တာပျက်စန်းတောင်ပေါ်က တဲအိမ်တစ်အိမ်မှာ အဘွားကျွန်း သူ့ကိုတွေ့ဖူးပါတယ်"

ထိုစကားကြားလိုက်ရသောအခါ အဘွားကျွန်း၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။ သူသည် ရှန်ပိန်းကိုတော့ ကြောက်သည်။



"သူလား"

"ဟုတ်ပါတယ်"

ထန်လေရီက ခေါင်းညိတ်၍ အဖြေပေးလိုက်ပြီးနောက် စကားဆက်ပြန်သည်။

"ဓားဆန်းတွေကို ကျွန်မတို့မမက်မောပါဘူး၊ ကျွန်မတို့လိုချင်တာက ကျွန်မတို့မိသားစု ပြန်လည်ဆုံတွေ့ပေါင်းစည်းကြဖို့ပါပဲ၊ ကျွန်မအမေသာ အဲဒီဓားဆန်းတွေကို ကျီမီစန်းတောင်ပေါ်မှာရှိတယ်ဆိုတာကလွဲလို့ ဘာမှတိတိကျကျ မသိပါဘူး၊ အဲဒီတော့ ရှာလို့တွေ့မယ်မတွေ့ဘူးဆိုတာ ကျွန်မတို့ ဘယ်လိုလုပ်ပြောနိုင်မှာလဲ"

ထန်လေရီ၏ စကားကြောင့် အဘွားကျွန်းသည် အနည်းငယ် ကျေနပ်သွားသည်။

ထို့ကြောင့် အဘွားကျွန်းသည် လေသံပြောင်းသွားကာ အသံခပ်အေးအေးဖြင့်....

"ဒီမယ်တုန်ဖန်လင်း... ဟိုနေ့တုန်းက ဓားဆန်းတွေဟာ ဟွာချင်းလက်ထဲရောက်နေပြီလို့ပြောတာ တကယ်ပဲလား"

တုန်ဖန်လင်းသည် သူမအား သေသေချာချာ ကြည့်လိုက်ပြီး....

"ဟုတ်ကဲ့... အစကတော့ ကျွန်မလဲ ဒီအတိုင်းပဲလို့ ထင်ပါတယ်၊ ကျွန်မခင်ပွန်းနဲ့ကျင်ကန်းတို့ဟာ ကျီမီစန်းတောင်ကို အတူထွက်လာကြပြီးတဲ့နောက် နှစ်ယောက်စလုံးရဲ့သတင်းကို အစအန

www.burmeseclassic.com

www.burmeseclassic.com



တောင်မရတော့ဘဲ ပျောက်သွားကြပါတယ်၊ အကယ်၍သာ သူတို့ ဒီဓားဆန်းတွေကို ရှာဖွေတွေ့လို့ရသွားကြရင် ကျွန်မဆီကိုပြန်လာမှာ သေချာပါတယ်၊ အခုတော့ နှစ်ပေါင်း ဒီလောက်ကြာတဲ့အထိ သူတို့ရဲ့ သတင်းအစအနကို မကြားရတော့ သူတို့မှာ မမျှော်လင့်တဲ့ပြဿနာ တစ်ခုခု ကြုံတွေ့ရပြီနဲ့ တူပါတယ်၊ နောက်ပြီး ကျင်ကန်းဟာလဲ အင်မတန်စိတ်ထား ယုတ်ညံ့တယ်၊ ကျွန်မတို့သမီးလေးတွေကိုလဲ လိမ်လည်ခိုးယူပြီး ရောင်းစားသွားသေးတယ်၊ ဒါကြောင့် ဒီလူဟာ ကျွန်မခင်ပွန်းကိုသတ်ပစ်ချင် သတ်ပစ်နိုင်ပါတယ်"

တုန်ဖန်လင်းစကားဆုံးသွားသောအခါ အနားတွင်ငြိမ်၍ နားထောင်နေသော ထန်လေရီက ရုတ်တရက် သူ၏မိခင်အား မေးလိုက်သည်။

"မေမေ... ကျွန်မတို့ဖေဖေဟာ 'ရွှေဝါမြွေဟွာချင်း' ဟုတ်လား၊ ကျင်ကန်းဆိုတာက ဟိုနန်နယ်က ကျော်ကြားတဲ့သိုင်းပညာရှင်လား"

တုန်ဖန်လင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် သမီး... သမီးတို့မျိုးရိုးက 'ဟွာ' မျိုးဖြစ်တယ်"

အဘွားကျွန်းသည် သူတို့သားအမိ ပြောဆိုနေကြသည်ကို ငြိမ်၍နားထောင်နေသည်။

ထန်လေရီသည် အဘွားကျွန်းအား ပြုံး၍ကြည့်လိုက်ပြီး တားမြစ်လိုက်၏။



"အဘွားကျွန်း... မကြာခင် ဆရာကြီးတိုးကို ရောက်လာတော့မှာမို့ ဒီအကြောင်းတွေကို ခဏရပ်ထားလိုက်ပါအုံး"

အဘွားကျွန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အေး... ဒါဖြင့် ညည်းတို့သွားတော့"

ထန်လေရီသည် ဝမ်းသာသွားပြီး မိခင်ကိုဆွဲကာ ထိုနေရာမှလှည့်၍ ထွက်ခွာသွားလေတော့သည်။

မိုးစင်စင်လင်းလေပြီ....။

ကျွန်းပေါ်ရှိလူများသည် သွားလာလှုပ်ရှားနေကြပြီဖြစ်ပါသည်။ ထိုအထဲတွင် လူတစ်ယောက်ပါရှိနေသည်။

ထိုလူသည် ဟိုဟိုဒီဒီကြည့်နေ၏။ လူပျောက်ရှာပုံတော် ဖွင့်နေဟန်ရှိသည်။

ထန်လေရီသည် အဝေးမှပင် ချင်စိရောင်ကိုမြင်မိသည်။

သူမသည် ဝမ်းသာအားရ ထိုသူအား ခေါ်လိုက်မည်ပြုသည်။ သို့သော် မခေါ်မိပေ။

လူလတ်ပိုင်းအရွယ်ရှိ အမျိုးသမီးတစ်ဦးနှင့် ဆယ်ကိုးနှစ်အရွယ်ရှိ မိန်းကလေးတစ်ဦးတို့သည် ပခုံးချင်းယှဉ်၍လျှောက်လာနေသည်ကို တွေ့လိုက်ရ၍ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူလတ်ပိုင်းအရွယ်ရှိ အမျိုးသမီးသည် ဝတ်ရုံနက်ကိုလွှမ်းခြုံထားသည်။ မိန်းကလေးမှာ မိမိနှင့်ရုပ်ချင်းအလွန်တူနေသည်။

ထန်လေရီသည် ထိုမိန်းကလေးကို တွေ့မြင်ရသောအခါ ရင်ထဲတွင် တဒိတ်ဒိတ်နှင့် ဖြစ်ပေါ်ခံစားလာရသည်။

ထိုစဉ် ချင်စီရှောင်သည် ထိုမိန်းကလေးကို တွေ့မြင်ရသည်နှင့် သူသည် ထိုမိန်းကလေးထံသို့ပြေးသွားပြီး....

"လေရီ... လေရီ"

ထန်လေရီက ချင်စီရှောင်၏ခေါ်သံကို ကြားရသောအခါ ထိုမိန်းကလေးမှာ သူမ၏အမြွှာပူးအစ်မဖြစ်ကြောင်း သိလိုက်ရလေတော့သည်။

သို့သော် သူမချစ်နေသည့်သူသည် သူမနှင့် မသက်ဆိုင်သကဲ့သို့ ဖြစ်သွားသည်ကိုတွေးမိပြီး အလွန်ဝမ်းနည်းသွားလေတော့သည်။

(ဒုတိယပိုင်း)ပြီး၏။

(တတိယပိုင်း-တတ်သိမ်း)ကို ဆက်လက်ဖတ်ရှုပါရန်။

တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

## မိသားစုပေါင်းစည်းခြင်း

ထန်လေရီသည် စိတ်မထိန်းနိုင်တော့ဘဲ မျက်ရည်ကျမိတော့သည်။

သမီးဖြစ်သူကို သတိပြုကြည့်နေသော တုန်ဖန်လင်းက ထန်လေရီအား မေးလိုက်လေ၏။

"သမီးလေး ဘာဖြစ်လို့ ငိုတာလဲကွယ့်"

ထန်လေရီသည် အဖြေမပေးနိုင်ဘဲ သူမတွေ့ရသော မြင်ကွင်းကို လက်ညှိုးထိုးပြလိုက်သည်။ မျက်ရည်များကတော့ စီးကျမြဲ

www.burmeseclassic.com

www.burmeseclassic.com



ပင်။

တုန်ဖန်လင်းသည် ထန်လေရီ ညွှန်ပြရာသို့ ကြည့်လိုက်မိသည်။

မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

ထိုမိန်းကလေးသည် ထန်လေရီနှင့် ရုပ်ချင်းအလွန်တူနေသည်။ အမြွှာမိန်းကလေးဖြစ်ကြောင်း သိနိုင်သည်။

ထိုအခါ တုန်ဖန်လင်းသည် ထန်လေရီ၏ လက်ကိုဆွဲကာ ချင်စိရှောင်နှင့် ကျင်လေရီရှိရာသို့ တစ်ဟုန်ထိုး ပြေးသွားမိလေတော့၏။

"လေရီ… ညက ဘယ်ကိုထွက်သွားတာလဲ၊ မိုးလင်းလို့မတွေ့တာနဲ့ အခုလိုက်ရှာနေတာ၊ ပြောသွားမှပေါ့ကွယ်"

ချင်စိရှောင်၏စကားကိုကြားရသောအခါ ကျင်လေရီသည် အံ့အားသင့်သွားသည်။

သူမသည် ချင်စိရှောင်အား စေ့စေ့ကြည့်ကာ….

"ရှင်နဲ့ကျွန်မ တွေ့ဖို့မလိုတော့ပါဘူး၊ ကျွန်မဟာ ရှင့်အမေလက်ချက်နဲ့ ဒုက္ခရာအပြင်းအထန် ခံစားခဲ့ရတယ်၊ ဒီတော့ ရှင်နဲ့ကျွန်မ စကားပြောဖို့ လိုသေးသလား"

သူမ၏စကားကြောင့် ချင်စိရှောင်မှာ အံ့အားသင့်သွားသည်။

"ညီမ… ဒီစကားမျိုးမပြောတာကြာပြီ၊ ခုမှ ဘာဖြစ်လို့ပြန်



ပြောနေရတာလဲ၊ ပြီးခဲ့တဲ့ကိစ္စတွေကို မေ့ပစ်လိုက်ကြပါစို့"

သို့သော် ကျင်လေရီသည် စိတ်မကျေနိုင်ဘဲ မျက်နှာကိုတစ်ဘက်သို့လှည့်လိုက်သည်။

ထိုစဉ် မမျှော်လင့်ဘဲ တွေ့မြင်ရသောမြင်ကွင်းကြောင့် သူမ ကြက်သေသေသွားတော့သည်။

မိမိနှင့်ရုပ်ချင်းအလွန်တူသော ထန်လေရီကို တွေ့မြင်ရလေသည်တကား။

ထန်လေရီနှင့်တုန်ဖန်လင်းတို့သည် သူတို့ထံသို့ ပြေးလာနေသည်ကိုပါ တွေ့ရပြန်လေသည်။

ကျင်လေရီသည် အလွန်ဝမ်းသာသွားပြီး သူမ၏ဆရာဘက်သို့လှည့်ကာ ပြောလိုက်၏။

"ဆရာ… ကျွန်မရှာနေတဲ့ မိန်းကလေးကို တွေ့ပြီဆရာ"

ထိုသို့ပြောနေစဉ် တုန်ဖန်လင်းနှင့်ထန်လေရီတို့သည် သူတို့အနီးသို့ ရောက်ရှိလာကြ၏။

တုန်ဖန်လင်းက ဝမ်းသာအားရဖြင့် ကျင်လေရီ၏လက်မောင်းကိုဆွဲလိုက်လေ၏။

"သမီး… သမီးရဲ့လည်ပင်းမှာ မှဲ့နီသုံးလုံးရှိသလား၊ မေမေကြည့်ချင်တယ်"

ကျင်လေရီက မျက်မှောင်ကုပ်ကြည့်သည်။

"ဟုတ်ပါတယ်… ကျွန်မလည်ပင်းမှာ မှဲ့နီသုံးလုံးရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီက ကျင်လေရီကိုပြောပြလိုက်၏။

"ဟုတ်ပါတယ်မမ... ဒါ မေမေပါ၊ ညီမလေးတို့နဲ့ ကွဲနေတဲ့ မေမေလေး..."

ကျင်လေရီမှာ အခြေအနေကိုသိရှိသွားလေ၏။

"မေမေ...."

ကျင်လေရီက ဝမ်းသာလှိုက်လှဲစွာ ခေါ်လိုက်၏။

တုန်ဖန်လင်းသည် ကျင်လေရီအားဖက်ကာ ငိုလေတော့သည်။

ထိုအခါ ဘေးမှကြည့်နေသော ချင်စိရှောင်သည် သူ၏ချစ်သူသည် မည်သူမည်ဝါဖြစ်သည်ကို ဝေခွဲမရတော့ချေ။

ချင်စိရှောင်သည် သူတို့အား ကြည့်ရင်း တွေဝေနေစဉ် ထန်လေရီက ပြုံးလိုက်ပြီး....

"အစ်ကို့ကို လူမှားနေပြီလို့ ကျွန်မပြောသားပဲ၊ ခုတော့ ယုံပြီမဟုတ်လား၊ ကျွန်မမှာ အမြွှာညီအစ်မရှိတယ်လို့ ဟိုတုန်းထဲက ထင်နေတာပါ"

ချင်စိရှောင်သည် ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်နေသည်။

အတန်ကြာမှ....

"ဪ...."

ဟု တစ်လုံးသာထွက်ပေါ်လာနိုင်သည်။



ထို့နောက် သူသည် အတိတ်မှဖြစ်ရပ်များသည် သူ၏ဦးနှောက်ထဲသို့ တစ်ခုပြီးတစ်ခု အစီအရီ ပေါ်လာလေတော့သည်။

တုန်ဖန်လင်းသည် အဖြစ်အပျက်အားလုံးကို ပြန်လည်ပြောကြားပြလိုက်သည်။ အတိတ်မှ အဖြစ်အပျက်များ။

သူမ၏ စကားဆုံးသွားသည်နှင့်....

"မေမေ... ဒါ ကျွန်မညီမလေးလား"

ကျင်လေရီက တုန်ဖန်လင်းဘက်လှည့်၍ မေးလိုက်သည်။

တုန်ဖန်လင်းက ခေါင်းညိတ်၍ အဖြေပေးလိုက်၏။

ကျင်လေရီက စကားဆက်ပြန်သည်။

"မေမေ... ကျွန်မတို့ညီအစ်မနှစ်ယောက်ဟာ ဘာဖြစ်လို့ အကွဲကွဲအပြား ဖြစ်ခဲ့ရတာလဲ၊ ဖေဖေ့ကိုကော ဘယ်သူသတ်သွားတာလဲဟင်၊ ပြောပြပါလား မေမေ"

ထိုမေးခွန်းကြောင့် တုန်ဖန်လင်းမှာ ငိုင်ကျသွား၏။

အတန်ကြာမှ....

"သမီးတို့ရယ်... ဒီကိစ္စကို ဒီမှာပြောလို့မဖြစ်ဘူး"

ကျင်လေရီသည် ထန်လေရီဘက်သို့လှည့်ကာ....

"ညီမရေ... မမတို့ မိသားစုကို စော်ကားတဲ့လူတွေကို လက်စားချေဖို့ ခုအချိန်အခါမှာ တို့ညီအစ်မနှစ်ယောက်စလုံး ကြိုးစားရမယ်၊ ဒါပေမယ့် မေမေက ဘယ်သူလဲဆိုတာ မပြောမပြဘူး၊ ရန်သူဟာ တော်တော်ဆိုးတယ်၊ မိသားစုတစ်စုလုံး ကွဲကွဲပြားပြားဖြစ်ခဲ့ရတယ်"

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီက....

"ကျွန်မတို့ညီအစ်မနှစ်ယောက် သုံးလသမီးအရွယ်မှာ ကျင်ကန်းကခိုးယူပြီး တခြားသူလက်ထဲ ရောင်းစားခဲ့တယ်လို့ မေမေ ပြောတာ ကြားခဲ့တယ်"

ကျင်လေရီသည် တစ်ကိုယ်လုံးတုန်လှုပ်သွားမိ၏။

"ကျင်ကန်း ဟုတ်လား"

သည့်နောက် တစ်ဘက်သို့လှည့်ကာ မေးလိုက်လေ၏။

"ချင်စီရှောင်... ချင်စီရှောင်"

သို့သော် ချင်စီရှောင်ကား မရှိတော့ချေ။

သူပြေးရမည်လေ။ ညီအစ်မနှစ်ယောက်စလုံး၏ ဒေါသသည် သူ့အပေါ်အားလုံးပြိုကျနိုင်၏။

သူ မည်သည့်အချိန်က ထွက်သွားသည်မသိပေ။

ကျင်လေရီ၏မျက်နှာသည် ဒေါသရောင်သန်းလာသည်။

"အင်း... လူယုတ်မာ သား၊ သေမှာကြောက်လို့ ထွက်ပြေးမှာပေါ့"

ထန်လေရီက မျက်နှာထားတည်ငြိမ်စွာဖြင့်....

"မမတို့ သုံးလအရွယ်တုန်းက ချင်စီရှောင်လဲ ကလေးအရွယ်ပဲ ရှိအုံးမှာပါ၊ ဒီတော့ အဖေလုပ်ခဲ့တဲ့ အလုပ်တွေကို သူဘာယ်လာပြီး သိနိုင်ပါ့မလဲ၊ သူထွက်ပြေးတာကို မစိုးရိမ်ပါနဲ့မမ"

ကျင်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး....



"ချင်စီရှောင်ကို ငါ့ညီမကလဲ သိတာကိုး"

ထန်လေရီက ပြုံး၍ ကြည့်နေသည်။

တုန်ဖန်လင်းသည် ချင်စီရှောင်နှင့် သမီးနှစ်ယောက်ကြား ဖြစ်ပျက်ခဲ့သည်ကို မသိရှာပေ။

သူ့အဖို့အားလုံး အသစ်အဆန်းချည်း ဖြစ်နေသည်။

သူမသည် ကွဲကွာနေသော သမီးနှစ်ယောက်နှင့် ပြန်လည်ပေါင်းစည်းရသည့်အတွက် ဝမ်းသာမဆုံးရှိနေသည်။

ထို့နောက် သူတို့သည် တည်းခိုရာအိမ်သို့ ပြန်လှည့်လာကြ၏။

ထန်လေရီသည် ချင်စီရှောင်အပေါ် သံယောဇဉ်တွယ်လာမိသည့်စိတ်များ ရင်ထဲခံစားလာမိသည့်အတွက် သူမသည် လှမ်းနေသောခြေလှမ်းကိုရပ်ကာ ပြောလိုက်၏။

"မေမေတို့ ရှေ့က သွားနှင့်ကြပါ၊ ကျွန်မ ကိစ္စနည်းနည်းရှိလို့ နောက်မှလိုက်လာခဲ့မယ်"

တုန်ဖန်လင်းက အံ့အားသင့်သွားလေ၏။ သူသည် သမီးများကို မခွဲချင်ပေ။

"သမီး ဘယ်သွားမှာလဲ"

ထိုအခါ ကျင်လေရီက ပြုံးလိုက်ပြီး....

"မေမေ စိတ်ချပါ၊ သူသွားစရာ ရှိလို့ပါ၊ ဒါပေမယ့် သူအသည်းစွဲချစ်တဲ့သူဆီကိုတော့ သွားမှာမဟုတ်ပါဘူး ယင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျင်လေရီ၏ ခနဲ့တဲ့တဲ့ ပြောလိုက်သောစကားကြောင့် ထန်လေရီသည် ရှက်သွေးဖြာသွား၏။

သူမသည် မချိပြုံးပြုံးလိုက်ပြီး ချာခနဲလှည့်ထွက်ခဲ့လေသည်။

သူ့ကိုတွေ့ရလေပြီ။

ထန်လေရီသည် မျက်နှာချင်းဆုံတွေ့ရသောသူကို မော့၍ကြည့်လိုက်၏။ သူ့မျက်နှာမှာ ဘာကိုမျှသိမထားပုံပင်။

သူ့မျက်နှာမှာ ဝမ်းသာကြည်လင်လာသည်။

"လေရီ… ညီမ"

ခေါ်လိုက်သူမှာ ချင်စီရှောင်ဖြစ်၏။

"ရှင်… အစ်ကို"

ပြန်ထူးသူက ထန်လေရီဖြစ်သည်။

သူတို့ ပြန်လည်ဆုံတွေ့ကြသည်။

ထိုအခါ ချင်စီရှောင်မှာ သူမထံသို့လျှောက်လာသည်။

ချင်စီရှောင်က သူမအား စေ့စေ့ကြည့်ရင်း….



"အရင်ကတော့ လေရီတို့ညီအစ်မနှစ်ယောက်ကို ခွဲခြားလို့မရပေမယ့် အခုတော့ခွဲခြားလို့ရပါပြီ"

ထန်လေရီက မချိပြုံးပြုံးလိုက်သည်။

"ဘာဖြစ်လို့လဲရှင်"

"ဘာကြောင့်လဲဆိုတော့ လေရီတို့ညီအစ်မဟာ ရုပ်ချင်းခွဲခြားလို့မရပေမယ့် စိတ်သဘောထားကတော့ တစ်မျိုးစီဖြစ်နေတာတွေ့ရပါတယ်"

ထန်လေရီက မျက်နှာကိုတစ်ဘက်သို့ လွှဲလိုက်ပြီး….

"ကျွန်မ ဘယ်သူဆိုတာသိလို့လား"

"သိပါတယ်… လေရီဟာ အစ်ကိုနဲ့သစ္စာပြု လက်ထပ်ထားတဲ့သူပါ"

ချင်စီရှောင်၏စကားကို ကြားလိုက်ရသောအခါ ထန်လေရီသည် သူမ၏အသည်းနှလုံးကို ကိုင်လှုပ်ခံရသကဲ့သို့ ခံစားမိလေ၏။

သူမသည် မချိပြုံးပြုံးကာ….

"အစ်ကိုမှတ်မိသားပဲ… အမှန်တော့ ကျွန်မဟာ အစ်ကိုချစ်သူ ကျင်လေရီမဟုတ်ဘူးဆိုတာ ရှင်းသွားပြီနော်၊ ဒီတော့ ကျွန်မရဲ့ အစ်မဆီ အမြန်သွားတောင်းပန်ပြီး ကျီးလိုကျွန်းက ယှဉ်ပြိုင်ပွဲကြီးပြီးရင် အစ်ကိုမြို့ကိုပြန်ပြီး လက်ထပ်ကြတာပေါ့"

ထိုစကားကိုပြောလိုက်ရသော်လည်း ထန်လေရီ မချိပေ။

သူမသည် ချင်စီရှောင်ကိုချစ်မိနေပြီ မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ချင်စိရှောင်ကို အသည်းစွဲချစ်နေမိသော်လည်း အစ်မ၏ချစ်သူတစ်ယောက်ကို မလုယူလိုပေ။

သူမ၏စကားကိုကြားရသောအခါ သူသည် ငိုင်သွားသည်။

"လေရီ ဘယ်လိုပြောလိုက်တာလဲ၊ အစ်ကိုတို့ဟာ နတ်သီကြားဇွေကို တိုင်တည်ပြီး လက်ထပ်ပြီးသားပါ၊ အစ်ကိုတို့က အကြင်လင်မယားလေ"

ထန်လေရီက မသိမသာသက်ပြင်းတစ်ချက်ချလိုက်သည်။

ချင်စိရှောင်၏ ရိုးသားသောမျက်နှာကို အကြည့်ချင်းမဆုံမိအောင် သူမ၏မျက်လုံးကို တစ်ဘက်သို့လွှဲကာ....

"အစ်ကိုဟာ တယ်လဲ အ,သေးတာကိုး၊ သစ္စာဆိုရုံနဲ့အကြင်လင်မယား ဖြစ်ရောလား၊ ဒီမှာ အစ်ကို... ဟိုတစ်ချိန်က အစ်ကိုဟာ အရူးပမာ အချစ်ဝေဒနာခံစားနေရတာသိလို့ ကျွန်မက အစ်မအယောင်ဆောင်ပြီး အစ်ကိုစိတ်သက်သာရာရစေဖို့ လုပ်ခဲ့တာပါ၊ ဟား ... ဟား... ဟား"

သူမသည် မချိတင်ကဲ ပြောကြနေသည်။

ထို့ကြောင့် သူမ၏ရယ်သံကလည်း သဘာဝမကျ ငိုသံပါနေသည်။

ထန်လေရီ၏စကားကြောင့် ချင်စိရှောင်သည် ဘာမှမပြောနိုင်တော့ဘဲ တွေဝေငေးမောနေမိသည်။

"ပြောမယ့်ပြောရင် ပြတ်ပြတ်သားသားပြောမှ...."



ထန်လေရီက ထိုသို့တွေးမိပြီး....

"အစ်ကို ယောကျ်ားတစ်ယောက်ပါ... ကျွန်မရဲ့အစ်မကိုပဲ ခဖောက်မပြန် ဆက်ပြီးချစ်သွားပါ"

ထိုအခါကျမှ ချင်စိရှောင်သည် သက်ဝင်လှုပ်ရှားလာသည်။ သူ့စိတ်လှုပ်ရှားနေသည်။

သူသည် ထန်လေရီအား စေ့စေ့ကြည့်ကာ ပြောလိုက်၏။

"လေရီ... ညီမပြောတဲ့အတိုင်း အစ်ကိုဟာ ယောကျ်ားတစ်ယောက်ပါ၊ အစ်ကိုက သူ့ကိုစွဲစွဲလန်းလန်းနဲ့ ချစ်ခဲ့ပေမယ့် သူက အစ်ကိုရဲ့မေတ္တာကို မတုန့်ပြန်ခဲ့ဘူး၊ မေတ္တာဆိုတာ တစ်ဦးနဲ့တစ်ဦးတုန့်ပြန်ပြီး ချစ်ကြမှ၊ နောက်ဆုံး သူနဲ့ပြန်တွေ့ပြန်တော့လဲ အစ်ကို့ကိုစိမ်းထားနေတယ်၊ တကယ်တော့ အစ်ကို့ချစ်သူဟာ သူမဟုတ်ဘူး၊ ကိုယ့်ချစ်သူဟာ ဟောဒီက လေရီပါပဲ"

ထန်လေရီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် အစ်ကိုနဲ့မမတို့ဟာ လက်ထပ်ခါနီးမှ ခွဲကွာခဲ့ကြရတာ၊ အခုလိုအချိန်မှာ မမဆီ ပြန်သွားပြီး ရှင်းပြလိုက်ပါ ရှင်းပြရင် သူလက်ခံရမှာပဲ"

ကျင်လေရီသည် သူ့ကိုစွန့်ခွာပြေးသူဖြစ်နေပါသည်။

ချင်စိရှောင်က မျက်မှောင်ကုပ်သွားသည်။

သူသည် စကားထစ်ထစ်ငေါ့ငေါ့ဖြင့်....

"အစ်ကို့ သူ့ဆီသွားရှင်းပြရမယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီက ခေါင်းညိတ်လိုက်၏။

ပြီးတော့မှ ချင်စိရှောင်အား စေ့စေ့ကြည့်ကာ....

"ဟုတ်ပါတယ်ရှင်... အထင်အမြင်လွဲမှားရုံလေးနဲ့ သူ့ကို တစ်သက်လုံး မကြည့်ချင် မမြင်ချင်တော့ဘူးလား"

ဟိုသို့ပြောလိုက်သော်လည်း သူမရင်ထဲတွင် နာကျည်းကြေကွဲလျက်ရှိ၏။

သူတို့နှစ်ဦးစလုံးမှာ ပြောရန်စကားများကို ရင်ထဲ၌သိုဝှက်ထားသည်။

"ကဲ... ကျွန်မ သွားတော့မယ်၊ ကျွန်မ... ဒါတွေကိုပြော လာခဲ့တာ"

ထန်လေရီသည် စကားဆုံးသည်နှင့်ချာခနဲ လှည့်ထွက်လေတော့သည်။



## အခန်း(၂)

## လျှို့ဝှက်ကြံစည်သူများ

ထန်လေရီသည် ရင်ထဲတွင် ဟာတာတာဖြစ်ခဲ့သော်လည်း ယခုတော့ဖြင့် သူမအဖို့ နောင်တွင်ပူဆွေးသောကမရှိတော့လေပြီ။ ရှင်းသင့်သည့်ကိစ္စကို ရှင်းခဲ့လေပြီ။

သူမသည် သက်ပြင်းချလိုက်ပြီး ရည်ရွယ်ချက်မရှိ ခြေဦးတည့်ရာ လျှောက်သွားနေမိသည်။

မည်မျှကြာအောင် သွားမိသည်မသိ။ သူမနောက်မှ တစ်စုံတစ်ယောက်လိုက်လာသည်။ မကြာမီ သတိပြုလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် မျက်စိရှင်သူ နားပါးသူဖြစ်သည်။ ထို့ပြင် သိုင်းပညာလည်း ထက်မြက်သူဖြစ်သည်။

ချက်ချင်းပင် သူမသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ လူကိုမတွေ့ရတော့ပါ။ မည်သူနည်း။

သူမသည် မျက်မှောင်ကုပ်သွား၏။

သည့်နောက် သူမသည် ဆက်၍ လျှောက်သွားပြန်သည်။

မကြာပါ။ နောက်မှလိုက်လာသူ မဟုတ်တော့ပါ။

သူမဘေးမှ မြက်ပင်များ၏လှုပ်ရှားသံကို ကြားရပြန်သည်။ နောက်ယောင်ခံလိုက်သူသည် သူမ၏ဘေးမှနောက်ယောင်ခံလိုက်နေပြန်သည်။

ချင်စိရောင်က မိမိအပေါ် စိတ်မကုန်သေး၍ လိုက်လာသလောပေလော။ သို့သော် ယခုအဖြစ်မှာ သဘာဝမကျပေ။

သူမ လှည့်ကြည့်လိုက်တိုင်း နောက်မှလိုက်လာသူမှာ ချက်ချင်းပင် ကိုယ်ရောင်ဖျောက်သွားနိုင်သည်။

သူ၏ကိုယ်ဖော့ပညာမှာ အလွန်အဆင့်မြင့်ဟန် တူသည်။

သို့သော် ချင်စိရောင်၏ကိုယ်ဖော့သိုင်းပညာမှာ ဤမျှအဆင့်မမြင့်။

သူမနောက်ကို ဤသို့လိုက်လာရန်လည်း မလိုပေ။ ပေါ်ပေါ်ထင်ထင် တွေ့ဆုံရမည်သာဖြစ်ပါသည်။

ကျိုးလိုက္ကျွန်းပေါ်တွင် မည်သူက သူမအား နောက်ယောင်ခံ



လိုက်နေပါအံ့နည်း။

သူမသည် သိလိုဇောဖြင့် မြက်တောဘက်သို့လှည့်ကာ အော်လိုက်၏။

“ဘယ်က မိတ်ဆွေလဲ... ကျွန်မကိုတွေ့ချင်ရင် ထွက်ခဲ့ပါ”

သို့သော် ပြန်လည်ထူးသံမကြားရပါ။

သူမသည် မျက်မှောင်ကုပ်သွားသည်။

ထို့နောက် ထန်လေရီသည် စိတ်မရှည်နိုင်တော့ဘဲ သူမ၏သံစူးအရှေ့ခွစွပ်ထားသော မြွေကို ထုတ်ယူပြီး လက်ထဲတွင်ကိုင်ကာ မြက်တောထဲသို့ လိုက်လံရှာဖွေသည်။

မည်သူ့ကိုမှ မတွေ့ရပေ။ မနီးမဝေးတွင် တောင်ကုန်းလေးနှစ်ခုကို တွေ့ရ၏။

၎င်းတောင်ကုန်းနှစ်ခုကြားတွင် တစ်ပေကျော်ခန့် ကျယ်ဝန်းသောရေစီးကြောင်းကို တွေ့မြင်ရသည်။ စမ်းချောင်းငယ်သဘောဖြစ်နေသည်။

ထိုနေရာလေးသည် အလွန်သာယာလှသည်။

ထန်လေရီသည် နောက်ယောင်ခံသောလူကို ဆက်၍မရှာတော့ဘဲ ထိုနေရာလေးတွင် အပန်းဖြေရန် ကျောက်တုံးကြီးအကြားသို့ လျှောက်ဝင်သွားသည်။

ထိုစဉ် လူတစ်ယောက်ကြေးတူကြီးကိုကိုင်ကာ ကျောက်တုံးပေါ်မှခုန်ဆင်းလိုက်ပြီး ထန်လေရီ၏ခေါင်းကို ထုချလိုက်လေ၏။

www.burmeseclassic.com



သူမမှာ လေတိုးသံကြား၍ လှည့်ကြည့်မိလိုက်သော [illegible] လည်း ရှောင်တိမ်းရန် နေရာမရှိပေ။

ထို့ကြောင့် သူမ၏ကိုယ်ကို ပုချလိုက်ပြီး လက်ကိုအပေါ် [illegible] မြှောက်လိုက်သည်။

သူမ၏လက်မောင်းမှနေ၍ လက်ဝါးသို့တိုင်အောင် အတွ [illegible] အားများကိုစုစည်းကာ အထက်သို့လှန်သည့်သိုင်းကွက်ဖြင့် ခုခံလို [illegible] သည်။

ကြေးတူကြီးမှာ အထက်မှအောက်သို့ ကျလာသည်ကို [illegible] သာခံပြီး အရှိန်နှင့်တစ်ဖက်သို့ တွန်းထုတ်လိုက်သည်။ တွန်းထု [illegible] နိုင်သည်။

သူမသည် ခုန်ဆင်းတိုက်ခိုက်လာသူကို လှည့်ကြည့်လို [illegible] ၏။

ထိုသူသည် အထက်မရောက် အောက်မကျဘဲ ကျောက် [illegible] နှစ်တုံးကြားတွင် ညှပ်ပြီးတစ်နေသည်။

သူ၏တိုက်ခိုက်မှုမှာလည်း မအောင်မြင်ချေ။ ထန်သေ [illegible] သိုင်းပညာပိုမိုထက်မြက်လာနေပြီး သူ့တိုက်ခိုက်မှုကို ရှောင်လွှဲ [illegible] သည်။

ထိုလူကိုမြင်တွေ့လိုက်ရသောအခါ သူမမှာ အံ့အားသ [illegible] သွားမိသည်။

ထိုလူမှာ မိုက်ရူးရဲ ရဲ့ရန်းဖြစ်၏။ သူ၏သံတူဖြင့် တိုက်ခို [illegible]



[illegible] အချည်းနှီးဖြစ်သွားသည်။

ထိုအခါ ထန်လေရီသည် လက်မှသံစူးအရေခွံစွပ်ထားသော [illegible] ကို လွှတ်လိုက်သည်။

မြွေသည် သူမ၏လက်မှတန်းထွက်လာသည်။

တစ်ချိန်တည်းမှာပင် သူမသည် ရဲ့ရန်း၏ ပခုံးချိုင်းအောက် [illegible] အကြောသုံးနေရာကိုမှန်းဆပြီး ထောက်လိုက်၏။

သို့သော် သံမဏိကဲ့သို့ မာကျောလှသော ရဲ့ရန်း၏ခန္ဓာ [illegible] ယ်မှာ တဒေါက်ဒေါက်နှင့် ထိမိသော်လည်း ဘာမှမဖြစ်ချေ။

သူမမှာ တစ်ချက်ထိတ်လန့်သွား၏။

သူမသည် ကပျာကယာ ကျောက်တုံးပေါ်သို့ ကုတ်ကပ်၍ [illegible] ယ်တက်လိုက်၏။

သူမသည် ကျောက်တုံးပေါ်သို့ရောက်ရှိသောအခါ ရုတ် [illegible] း မြေကြီးတစ်ခဲကိုကောက်ယူပြီး ရဲ့ရန်းအား ပစ်လိုက်လေသည်။

ထိုအခိုက် ရဲ့ရန်းသည် ပါးစပ်ဟ၍ တစ်စုံတစ်ရာအော်ပြော [illegible] ဖြစ်စဉ် မြေကြီးခဲသည် သူ၏ပါးစပ်ထဲသို့တန်းဝင်သွားလေ၏။

တကယ်ပစ်လျှင် ဤသို့ဝင်ချင်မှဝင်မည်။ ယခုတော့ တန်း [illegible] သွားသည်။

ရဲ့ရန်းသည် ကိုယ်ကိုမဟန်နိုင်တော့ဘဲ ကျဉ်းမြောင်းသ [illegible] ကျောက်တုံးနှစ်တုံးကြားထဲသို့ မတ်တတ်ရပ်လျက်နှင့်လျှော [illegible] သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် မည်သို့မျှ မလှုပ်သာတော့ချေ။

ထန်လေရီသည် ကျောက်တုံးပေါ်မှခုန်ဆင်းလိုက်ပြီး....

"တယ်သတ္တိကောင်းပါလား... မိန်းကလေးတစ်ယောက်ကို နောက်ကနေချောင်းမြောင်းတိုက်ခိုက်တာဟာ သူရဲကောင်းမဆန်ဘူး၊ ကဲ.. ခဏလောက်တော့ ဒဏ်ခတ်ထားလိုက်အုံးမယ်၊ တစ်ခုတော့ရှိတယ် ကျွန်မလာပြီး မလွှတ်ပေးခင်တော့ ရုန်းလား ကန်လား မလုပ်နဲ့၊ နားမထောင်လို့ရုန်းကန်နေရင်တော့ ဒီမြွေကို ကျွန်မအစောင့်ထားခဲ့တယ်၊ ဒီမြွေအကိုက်ခံရရင် နှစ်နာရီအတွင်း အသက်ပျောက်နိုင်တယ်၊ ရှင်မြဲမြဲမှတ်ထား...."

ထိုသို့ပြောပြီး သူမသည် မြွေကိုကိုင်၍ သူ၏မျက်နှာဆီသို့ ဟိုဒီဝှေ့ယမ်းပြရင်း ချောက်လှန့်လိုက်၏။

မိုက်ရူးရဲ ရဲရန်းသည် ကြောက်လွန်း၍ တအားအားနှင့်သာ အော်နေတော့သည်။

ထန်လေရီသည် မြွေကို ရဲရန်း၏အနီးတွင် အသာချထားလိုက်သည်။

မြွေကား ငြိမ်မနေပေ။ လှုပ်ရှားနေ၏။ သို့သော် တခြားတစ်နေရာသို့လည်း ထွက်ခွာမသွားပေ။

ရဲရန်းသည် မြွေကိုမြင်ရလျှင်ထိတ်လန့်ပြီး ဇောချွေးပြန်နေလေ၏။

ထန်လေရီသည် တစ်ချက်ပြုံးလိုက်ပြီး တစ်ဘက်သို့လှည့်၍



ထွက်လာခဲ့၏။

အနည်းငယ်လျှောက်မိသောအခါ ရေတာသွင်သွင်စီးကျနေသော ရေတံခွန်နှင့် ၎င်းအောက်တွင် ရေကန်တစ်ကန်ကိုတွေ့ရလေသည်။

ထိုရေများစီးလာသည့်စမ်းချောင်းကို စောစောကတွေ့ရခြင်းဖြစ်သည်။

ကန်၏ဘေးတစ်ဘက်တွင် တစ်ပင်လုံးညွတ်နေအောင် ဖူးပွင့်နေသည့် ပန်းပင်ကြီးတစ်ပင်ကိုတွေ့ရ၏။

ထိုအပင်မှပန်းရနံ့သည် သင်းပျံ့ကြိုင်လှိုင်လာ၏။

ဝန်းကျင်တစ်ခုလုံးမှာ ဆိတ်ငြိမ်၍သာယာနေ၏။

ထန်လေရီသည် ကျောက်တောင်ကြားမှထွက်လိုက်သည်နှင့် ရေတံခွန်မှ ရေစီးကျနေသံကိုကြားရသည်။

ထိုရေကျသံနှင့်အတူ လူသံများကိုပါ ရောထွေးကြားလာရသည်။

ရေတံခွန်၏အကျယ်မှာ ဆယ်ပေခန့်ရှိ၏။

ရေတံခွန်၏နောက်တွင် မဲမှောင်နေပြီး ဂူသဏ္ဌာန်လိုလို တွေ့မြင်ရသည်။ ရေကျခြင်း၏နောက်တွင် ဂူရှိနေခြင်းဖြစ်သည်။

သူမသည် ခေတ္တရပ်၍ကြည့်ရှုရာ တကယ်ပင် ဂူတစ်ခုဖြစ်နေကြောင်း တွေ့လိုက်ရ၏။

သူမသည် သိလိုဇောဖြင့် ရေကန်ကိုပတ်၍ လျှောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ရေတံခွန်ဘေးဘက်မှလျှို၍ ဝင်လိုက်၏။

ရေများစိုသွားသည်။ တစ်ပြိုင်နက်လိုလို စကားပြောသံများကို ကြားလိုက်ရလေ၏။

"ဆရာကြီးရှောင်ပင်းရဲ့သဘောအရဆိုရင် အခုချိန်မှာ အခွင့်ကောင်းကိုအရယူပြီး တရားလက်ကိုင်ထားတဲ့ လူစွမ်းကောင်းသိုင်းပညာရှင်တွေကို အပြတ်ရှင်ဖို့လိုတယ်မဟုတ်လား၊ ဒါပေမယ့် အဲဒီလို လူမျိုးတွေ ဘယ်လောက်များများ ရောက်လာကြပြီလဲဆိုတဲ့ သတင်း ကောရထားပြီလား"

ထိုလူ၏အသံသည် အလွန်စူးရှလှ၏။

- ထန်လေရီသည် ကျောက်တုံးနံရံကိုကပ်ကာ ဂူအတွင်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်သော်လည်း ဂူအတွင်း၌ မဲမှောင်နေ၍ ဘာမှမမြင်ရချေ။

"ဟား... ဟား... ဟား"

ရယ်သံနှင့်မရှေးမနှောင်းမှာပင် စကားပြောသံကိုကြားရပြန်သည်။

"ဒီတစ်ခါတော့ ကျုပ်တို့အကြံအောင်ရမယ်၊ ရှမ်နုရင်တစ်ယောက်ထဲမဲ တခြားသူတွေထက် ထက်မြက်တာပါ၊ ဒါပေမယ့် သူ့ကိုလဲ အနုနည်းနဲ့ တခြားတစ်နေရာကို သွားနေခိုင်းလိုက်တာပေါ့။ ဒါက မခက်ပါဘူး၊ ကျုပ် တတ်နိုင်ပါတယ်"

နောက်တစ်ယောက်၏အသံ ပေါ်လာပြန်သည်။



"အင်း... ဒါလောက်လွယ်လိမ့်မယ်လို့မထင်ဘူး၊ တခြားသိုင်းဆရာကြီးတွေ ထပ်ရောက်လာရင် မခက်ဘူးလား၊ အဲဒါမှလုပ်ရနိုင်ရခက်လိမ့်မယ်"

စကားမဆုံးမီ....

"အား...."

ကျယ်လောင်သောအော်သံတစ်ချက်ကြားရပြီး ဆရာကြီးရှောင်ပင်းက စကားဆက်ပြန်သည်။

"ဟေ့... မင်းသတ္တိမရှိရင် ဒီမှာအနားယူရစ်ခဲ့"

"ကျုပ်သတ္တိကြောင့်လို့မဟုတ်ပါဘူး၊ ရှေ့ရေးကိုကြိုတွေးပြီးပြောလိုက်တာပါ၊ ဒါပေမယ့် ကျုပ်တို့တတွေ ကောင်းစားရေးအတွက်ဆိုရင်တော့ ခင်ဗျားအကြံကိုပဲ နာခံရမှာပေါ့လေ"

"ကဲ... ဒါဖြင့် နားထောင်လိပ်ပြာကိုဏ်းရဲ့ ခေါင်းဆောင်ကောင်း အဘွားညာဝမ်းတို့ဟာ မကြာခင် ရောက်လာတော့မယ်၊ အေးချုပ်ဖန်ကွမ်းစုကိုတော့ အဘွားကျန်းက အသေအလဲမုန်းနေပြီ၊ ဆရာမကြီးစိမ့်ဟွမ်းကလဲ ချောက်ထဲတွန်းချခံလိုက်ရတယ်၊ နောက်ကြီးသမာသမတ်ရှိတဲ့ အထက်တန်း သိုင်းပညာရှင်တွေကတော့ လာကြမှာမဟုတ်ဘူး၊ ဒါတို့အတွက် အကွက်ကောင်းပဲ"

သူတို့၏စကားကြောင့် ထန်လေရီမှာ ထိတ်လန့်သွားမိ၏။

ထိုစဉ် အရပ်ရှည်သောလူတစ်ယောက် ဂူအတွင်းသို့ဝင်သွားသည်ကို ရိပ်ခနဲတွေ့မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ ဂူအတွင်းမှ အသံကြားလိုက်ရသည်။

"ဆရာကြီး... ဟိုမိန်းကလေး ဒီဘက်ကိုလာနေတာကို တွေ့လိုက်ရပါတယ်၊ ဒီဂူထဲမျာ း ဝင်လာသလား"

ထိုသူ၏အသံမှာ မိုက်ရူးရဲ ရဲရန်း၏အသံဖြစ်နေသည်။

ရဲရန်းသည် မြွေကိုမကြောက်ဘဲ အဘယ်သို့လွတ်လာ သည်ကို အံ့ဩနေမိသည်။

ထိုစဉ် ရဲရန်းက ရုတ်တရက် ထန်လေရီအား မြင်သွား သည်။

ရဲရန်းက ကျယ်လောင်သောအသံဖြင့် အော်ပြောလေ

"မိန်းကလေး... နင့်ရဲ့မြွေဟာ အစွယ်မှမရှိတာ တစ်ခါ ဆရာကြီးအကြောင်းမိသွားပေမယ့် အခုငါကတော့ အငိုက်မမိဘူး"

ရဲရန်းသည် ကျောက်တုံးကြားမှ ရုန်းထွက်ပြီးလာခဲ့ခြင်းဖြ ပေလိမ့်မည်။

ထိုစဉ် ရဲရန်းသည် သူ၏ကြီးမားကျယ်ပြန့်သောလက်ဖ ကြီးကိုဖြန့်ကာ ထန်လေရီထံသို့ တစ်လှမ်းချင်းလာနေသည်။ သူ လှုပ်ရှားမှုမှာ ကြောက်လန့်စဖွယ်ပင်။

ရဲရန်းနှင့်ထန်လေရီတို့ နှိုင်းယှဉ်ကြည့်ပါက ဆိတ်နှင့်ဆင် မျှ ကွာခြားလှ၏။

သို့သော် ထန်လေရီ၏သိုင်းပညာသည် ရဲရန်းထက်အ အဆင့်မြင့်၏။ သူ၏သိုင်းပညာမှာ ထိပ်တန်းသိုင်းပညာဖြစ်၏



ရဲရန်း၏လက်ဝါးသည် ထန်လေရီအား လှမ်းကိုင်လိုက် သည်နှင့် သူမသည် ကိုယ်ကိုနှိမ့်ချလိုက်၏။

တစ်ဆက်တည်း သူမ၏လက်နှစ်ဖက်ဖြင့် ရဲရန်းလက်ဝါး ကြီးကိုညှပ်ထားလိုက်ပြီး အရှိန်နှင့် (၃-၄) ကြိမ်ထိအောင် ဆွဲကာ ပစ်လွှတ်လိုက်သောအခါ ရဲရန်းသည် အရုပ်ကြိုးပြတ်သွားသည့်ပမာ လွင့်သွားသည်။

လွင့်စင်သွားသည်မှာ လွတ်လွတ်လပ်လပ် လွင့်စင်သွား ခြင်း မဟုတ်ပေ။

"ဒုန်း....."

ခန်နေအောင် ကျောက်တုံးနှင့်ခေါင်းဆောင့်မိသည်။

မည်မျှပင် သန်မာထွားကျိုင်းစေကာမူ ခေါင်းမူးဝေကာ ပင် ထိုင်ကျသွားလေတော့၏။

ထန်လေရီသည် အချိန်ကိုမဖြုန်းတော့ဘဲ ဂူဝသို့လှည့်ပြေး သည်။

နောက်မှရယ်သံကို ကြားရ၍ လှည့်ကြည့်မိ၏။

"ဗိုး....."

ဟူသောအသံနှင့်အတူ လျှပ်စီးလက်သကဲ့သို့ အလင်းရောင် တန်းသည် သူမနောက်မှ လျှင်မြန်စွာလိုက်ပါလာသည်ကို တွေ့လိုက် မိသည်။

သူမသည် ရှေ့သို့ထိုးမှောက်ချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အရာဝတ္ထုသည် သူမ၏ခေါင်းပေါ်မှဖြတ်ကျော်သွားလေ၏။

"ဒေါင်...."

ကျောက်နံရံနှင့်ထိမိပြီး ကျယ်လောင်သောအသံမြည်ထွက်လာလေသည်။

ကျောက်တုံးငယ်ကလေးများ လွင့်စင်ထွက်လာလေတော့၏။

ထန်လေရီက ခေါင်းထောင်ကြည့်လိုက်သောအခါ ထိုအရာဝတ္ထုမှာ တစ်ပေခန့်ရှိသည့် လခြမ်းပုံသဏ္ဍာန် သံမဏိဓားတစ်လက်ဖြစ်နေ၏။

မရှေးမနှောင်းမှာပင် လူဆိုးများသည် ဂူတွင်းမှပြေးထွက်လာကြသည်။

ထန်လေရီသည် ကိုယ်ကိုဘေးသို့ လိမ့်ထွက်လိုက်သောအခါ သူမ၏ထွက်ပေါက်ကို ထိုလူဆိုးများက ပိတ်ဆို့ကာဆီးထားပြီဖြစ်နေတော့၏။

ထန်လေရီသည် လဲရာမှထလုက်သည်။

သူမရှေ့မှထွက်ပေါက်ကို ကာဆီးထားသူများမှာ ဘေးတင်ဘက်သို့ရှဲကုန်ကြ၏။

ထိုသူများသည် သူမကိုတော့ ကြောက်သည်။

ထိုလူဆိုးဆယ်ယောက်ခန့်သည် ဆူညံစွာပြောဆိုနေကြ၏



ထန်လေရီက လှမ်းကြည့်လိုက်ရာ သူမ၏သံစူးတပ်အရေခွံ ခွပ်ထားသောမြွေကို တွေ့မြင်ရသည်။

ထန်လေရီသည် လက်ထဲတွင် မည်သည့်လက်နက်မှမပါချေ။ သူမတွင် လက်နက်လိုသည်။

ထို့ကြောင့် သူမသည် ရုတ်ချည်း လေချွန်၍ မြွေကိုခေါ်လိုက်သောအခါ မြွေသည် လျှင်မြန်စွာဖြင့် သူမထံသို့ တန်းဝင်လာသည်။

ထိုအခါ ထန်လေရီသည် လက်ကိုဆန့်ပြီး မြွေကိုဖမ်းယူလိုက်၏။

တစ်ဘက်တွင် ဆရာကြီးရှောင်ပင်းသည် လဲကျနေသော ရဲ့ရှန်းကိုထူပေးနေသည်။

ရဲ့ရှန်းက....

"ဆရာကြီး... ဒီမိန်းကလေးက ကျွန်တော့်ကိုတောင်ကြား ညှပ်ထားခဲ့ပြီး ဒီဂူထဲဝင်လာတာကြာပါပြီ၊ သူဟာ ဆရာကြီးတို့ တိုင်ပင်တဲ့စကားတွေကို အားလုံးကြားပြီးသောက်ပါပြီ"

ဆရာကြီးရှောင်ပင်းက ထန်လေရီဘက်လှည့်ကာ ကြည့်လိုက်လေ၏။

"လက်စသတ်တော့ မင်းကိုး"

ထန်လေရီသည် ထွက်လမ်းကိုမျှော်ကြည့်လိုက်ရာ လူပေါင်း ဆယ်ခန့်သည် သူမ၏ရှေ့နေပြီး သူမမထွက်ပြေးနိုင်ရန် ကာဆီး

www.burmeseclassic.com

www.burmeseclassic.com



ထားကြောင်း တွေ့မြင်ရသည်။

သူတို့၏ မျက်နှာများကိုကြည့်ခြင်းအားဖြင့် မည်သည့်ဓ ကောင်းမှု ဒုစရိုက်အမျိုးမျိုးကိုမဆို ပြုမူရန် နေးကြမည့်သူများ ဓ ဟုတ်ကြောင်းပေါ်လွင်နေသည်။

ထိုအခါ ထန်လေရီသည် မြွေကိုလက်ထဲတွင်ကိုင်ပြီး အနီး လူ (၄-၅) ယောက်ကို လှဲရိုက်လိုက်၏။

"ဝိုး... ဝိုး... ဝိုး"

သူမသည် ခြေဖျားထောက်ကာ လက်တစ်ဖက်က မြွေ ကိုင်ပြီး ကျန်လက်တစ်ဖက်က ရိုက်ထုတ်ရင်း ဂူဝသို့ပြေးထွက် သည်။

ဂူဝသို့ရောက်သောအခါ လူတစ်စုကိုတွေ့ရပြန်သည်။

ထိုလူများထဲတွင် တစ်ကြိမ်က တာပျက်စန်းတောင်ပေ တွင်တွေ့ခဲ့ရသော ဟိုကြဲ့ယက်နှင့်လူပိန်နှစ်ကောင် ပါဝင်သည်။

ဟိုကြဲ့ယက်က...

"ဟေ့... မိန်းကလေး မပြေးနဲ့"

သူ၏အော်သံနှင့်အတူ သူမအား ခုန်အုပ်၍ တိုက်နို သည်။

သို့သော် လျင်မြန်ဖျတ်လတ်သော ထန်လေရီသည် ဘေး တိမ်းရှောင်လိုက်သည်။

ထိုအခါ ကိုယ်ကိုလှည့်ပြီး ပြန်ဖမ်းမည်ပြုသည်။



ထန်လေရီက သူ၏တင်ပါးကို တအားကန်လိုက်လေ၏။

ဟိုကြဲ့ယက်နှင့်အတူ လူခုနစ်ယောက်ခန့် လဲကျကုန်သည်။

ထိုစဉ် တစ်ဘက်မှ လူပိန်နှစ်ယောက်သည် ကြေးဖြင့်ပြု လုပ်ထားသော လူရုပ်သဏ္ဌာန်လက်နက်ဆန်းကိုယမ်းရင်း သူမထံသို့ ဦးကပ်လာနေသည်။

ကြေးလူရုပ်တစ်ရုပ်သည် သူမ၏ကိုယ်ကိုထိရန် ပေဝက်ခန့် သာ လိုတော့သည်။

ဤမျှရက်စက်ပြင်းထန်သည့် လက်နက်ဆန်းကိုသုံးသော သူများသည် မည်သည့်သိုင်းအဖွဲ့မှ ဆင်းသက်လာသည်ကို သူစဉ်း စား၍ မရချေ။

သူမသည် ဆက်၍မစဉ်းစားနိုင်တော့ဘဲ ဘေးတစ်ဘက်သို့ ရှောင်တိမ်းလိုက်သောအခါ ထိုသူ၏လက်ထဲမှ ကြေးရုပ်သည် လွတ် ထွက်သွားလေသည်။

တစ်ဆက်တည်း နောက်လူတစ်ယောက်၏ ကြေးရုပ်သည် လည်း သူမထံသို့နီး၍လာသည့်အတွက် ထန်လေရီသည် မြွေကိုကိုင် ကာ စက်ဝိုင်းပုံသဏ္ဌာန်လှည့်ပတ်ရင်း ထိုလူအား မြွေနှင့်ပတ်စေပြီး အားနှင့်ဆွဲလိုက်ရာ ထိုသူမှာ အရှိန်ကိုမထိန်းနိုင်ဘဲ သူမရှေ့သို့ ယိုင် ထိုးလာလေတော့၏။

တစ်ချိန်တည်းမှာပင် ထန်လေရီသည် လက်ဝါးစောင်းဖြင့် ထိုသူ၏ယယ်ထိပ်ကိုချိန်ရွယ်ကာ ခွဲချရန် လက်မြှောက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျယ်လောင်သောအသံတစ်သံပေါ်ထွက်လာ၏
စောင်းပန်သံပေတည်း။

"မိန်းကလေး... ကျုပ်ညီကိုချမ်းသာပေးပါ"

ယိုင်ကျလာသူမှာ လူခုနစ်ဦး၏ခေါင်းဆောင်ဖြစ်ဟန်တူ၏

သူမသည် တည်ငြိမ်သောမျက်နှာထားနှင့် ထိုသူအား
ထားသောမြွေကို ဖြေပေးလိုက်သည်။

"ဒါဖြင့် အားလုံးလက်နက်တွေကို ချလိုက်ကြ"

ထိုသူက သူ၏လက်ထဲမှကြေးရုပ်ကြီးကို မြေသို့ပစ်ချသည်

ထိုစဉ်....

"ဝိုး....."

အသံမြည်လာပြီး လျှပ်စစ်အလင်းရောင်တန်းကြီး
ထွက်လာသည်။

လခြမ်းပုံသဏ္ဍာန် ဓားတစ်ချောင်းလွင့်လာပြီး
တော့ မည်ကြေးရုပ်ကို ပင့်တင်လိုက်သောအခါ ထိုကြေးရုပ်
ထန်လေရီ၏မျက်နှာဆီသို့ တန်းတန်းမတ်မတ် ဝင်လာလေ၏

လျှပ်တစ်ပြက်အတွင်း လျင်မြန်လှသောအဖြစ်အပျက်
ကြောင့် ထန်လေရီသည် ဘာမှမစဉ်းစားနိုင်တော့ဘဲ ဖမ်းမိ
သော သူကိုလွှတ်ကာ နောက်သို့ဆုတ်ပြီး ဝင်လာသောကြေးရုပ်
ဖမ်းယူလိုက်၏။

ကြေးရုပ်လက်နက်သည် သူမလက်ထဲရောက်ရှိလာ



ထန်လေရီသည် ဂူဝသို့ တစ်ချက်အကဲခတ်ကြည့်လိုက်ရာ
သူများ ဘေးတစ်ဘက်သို့ ရှဲကုန်ကြသည်ကို မြင်တွေ့ရသည်။

သူမသည် ရရှိသောအခွင့်အရေးကို လက်မလွှတ်စေဘဲ ဂူ
ပေါက်ဝသို့ပြေးသွားရင်း လက်ထဲမှကြေးရုပ်ကြီးဖြင့် နောက်ပြန်ပစ်
ပေါက်လိုက်၏။

သူမသည် ဘာမှမစဉ်းစားတော့ဘဲ ဂူအပြင်ဘက်သို့ပြေး
ထွက်ခဲ့သည်။

ဆရာကြီးရှောင်ပင်းသည် သူမပြေးထွက်သွားသည်ကိုမြင်
သည်နှင့် လခြမ်းပုံဓားတစ်လက်နှင့် ထန်လေရီအား လှမ်းပစ်လိုက်
လေ၏။

ထန်လေရီသည် ရှောင်ပင်းပစ်လွှတ်လိုက်သော လက်နက်
မှ ကင်းလွတ်နိုင်ရန် မြေဖျားကိုထောက်ပြီး ဆက်ကာဆက်ကာ
ခြင်းသို့ခုန်လိုက်သည်။

သို့သော် ဓားသည် သူမနောက်သို့လိုက်ပါလာမြဲပင်။

သူမသည် စီးကျနေသော ရေတံခွန်ကိုထိုးဖောက်ထွက်လာ
အသက်ကိုတဝရှူကာ ရေအိုင်ထဲသို့ခုန်ချလိုက်လေတော့သည်။

သူမနောက်မှ လွင့်လာသောဓားသည် ရေအိုင်တစ်ဘက်ရှိ
င်းပေါ်သို့ကျရောက်သွား၏။

ရှောင်ပင်းနှင့်သူ့လူများ ထွက်လာသောအခါ သူတို့သည်
ရီကိုမတွေ့ရတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်တွေ... တစ်ယောက်မှအသုံးမကျဘူး... ရှာကြ
စမ်း"

ဆရာကြီးရောင်ပင်းသည် သူ၏လူများကို ကြိမ်းမောင်းရင်း
အရှာနိုင်းလေတော့သည်။



အခန်း(၃)

အကြံကိုယ်စီ

ချင်စိရောင်သည် တစ်လမ်းလုံး ထန်လေရီပြောသောစကား
ကို ကြားယောင်လာမိသည်။

"ကျင်လေရီကို သွားရှင်းပြရရင် ကောင်းမလား... ရှင်းပြလို့
းလည်မှုရတော့ကော ဘယ်လိုအကြောင်းထူးမှာလဲ၊ ကျင်လေ
ထန်လေရီနဲ့စိတ်ထားမတူဘူး၊ လက်ထပ်မဲ့နေ့မှာ ပစ္စည်းတွေယူ
ဆက်ပြေးတာပဲကြည့်"

သူ့စိတ်ထဲ အမျိုးမျိုးဝေဖန်သုံးသပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်စိရှောင်သည် စဉ်းစားလေ ကျင်လေရီဆီသို့ မသွားလိုသောဆန္ဒက များလာလေဖြစ်နေသည်။

နောက်ဆုံးတွင် သူ၏ခြေလှမ်းများသည် သူ့ကိုတည်းခိုရာ အိမ်ဂေဟာသို့ ဦးတည်ခေါ်ဆောင်ခဲ့တော့သည်။

ချင်စိရှောင်သည် တည်းခိုခန်းသို့ဝင်မည်ပြုစဉ် အသံတစ်သံကို ရုတ်တရက် ကြားလိုက်ရလေ၏။

"ချင်စိရှောင်....."

ခေါ်သံကိုကြားရသည့်အတွက် သူ၏ခြေလှမ်းများ တုံ့ရပ်သွား၏။ သူသည် အသံလာရာသို့လှမ်းကြည့်လိုက်၏။

ကျင်လေရီအား ပြတင်းပေါက်မှခုန်၍ ဝင်လာသည်ကို မြင်လိုက်ရတော့သည်။

"သြော်... မင်းကိုး"

သူက ခပ်တိုးတိုးပြောရင်း သူမအား ပြုံးပြလိုက်၏။

ကျင်လေရီက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး.....

"ရှင် ဘယ်သွားနေတာလဲ"

"စိတ်ပြေလက်ပျောက် လမ်းလျှောက်ထွက်သွားတာ"

"ဘာများ စိတ်ရှုပ်စရာရှိလို့ပါလဲရှင်၊ ကျွန်မရဲ့ညီမကို ··· နေတယ် မဟုတ်လား၊ ဒါကို ကျွန်မ မကန့်ကွက်ပါဘူး"

သူမ၏စကားကိုကြားရသောအခါ ချင်စိရှောင်၏မျက်နှာ အတိုင်းမသိ ဝမ်းသာသွား၏။



သူမနှောင့်ယှက်မည်ကို သူစိုးရိမ်သည်။ ယခုတော့ သူ မနှောင့်ယှက်တော့ဟု ဆိုနေသည်။

သို့သော် သူမ၏လေသံက ထေ့လုံးငေါ့လုံးလေးများ ပါနေသည်။

ကျင်လေရီသည် ချင်စိရှောင်အား စေ့စေ့ကြည့်ကာ....

"ညီမကိုယ်စား ရှင့်ကို ကျွန်မမေးချင်တာက ရှင်ဟာ အခု ကျွန်မညီမကိုချစ်ပေမယ့် နောက်တစ်ယောက်ကိုတွေ့ရင် တစ်ယောက်ကိုထပ်ချစ်ပြီး သူ့ကိုလဲပစ်သွားအုံးမှာလား"

ချင်စိရှောင်သည် မျက်မှောင်ကုပ်သွားသည်။

"မင်း... ဘာပြောတာလဲ"

ကျင်လေရီက ပြောလိုက်၏။ သူ့အပြောက သူ့ကိုချဉ်တင်ချင်နေကြောင်း ဖော်ပြနေသည်။

"အခုပဲ ရှင် ကျွန်မကိုပစ်ထားပြီ မဟုတ်လား"

ချင်စိရှောင်က မချိပြုံးပြုံးလိုက်ပြီး....

"လေရီ... သေချာစဉ်းစားကြည့်ပါ၊ တစ်ချိန်က အမေနဲ့ခိုက်ရန် ···ဒါသဖြစ်ခဲ့တာတွေကိုရှင်းပြဖို့ စဉ်းစားထားပြီးပါပြီ၊ အမှန်တော့ ···ယောက်နဲ့တစ်ယောက် အထင်မှားအမြင်မှားကြတာပါ။ မင်းအ··· ···ရှောင်ထွက်သွားတာပါ။ ကျုပ်က မင်းကိုပစ်သွားတာ မဟုတ်ပါ

www.burmeseclassic.com



ကျင်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကောင်းပါပြီရှင်... ကျွန်မကိုတော့ထည့်ပြီး မစဉ်းစားပါနဲ့တော့"

ချင်စီရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"လေရီ မကြားချင်ရင် ကျုပ်မပြောတော့ပါဘူး"

ထိုအခါ ကျင်လေရီ၏မျက်နှာမှာ ခက်ထန်လာ၏။

"ရှင် ဘယ်သူ့ပဲဖြစ်ဖြစ် ချစ်နိုင်ပါတယ်၊ ဒါပေမယ့် ကျွန်မတို့ကြားက ရန်စကိုတော့ ကျေအောင်ပေးချေရမှာပဲ"

ချင်စီရှောင်က မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုရန်စလဲ လေရီ"

ကျင်လေရီက သရော်ပြုံးပြုံးကာ....

"ကျွန်မအဖေက ဘယ်သူလဲဆိုတာ ရှင်သိသလား"

ချင်စီရှောင်က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်... မသိပါဘူး"

"ကျွန်မအဖေဟာ ရွှေဝါမြွေပွှာချင်းလေ"

"ဟာ... ဒါဖြင့် ကိုယ်တို့ဟာ အစဉ်အဆက်ကထဲက ခ မင်ရင်းနှီးလာကြတဲ့ လူတွေပဲပေါ့၊ မေမေကတောင် ဦးလေးပွှာနဲ့ ဖေတို့ ညီရင်းအစ်ကိုလို ခင်မင်ကြတဲ့လူတွေလို့ ပြောပြတာ ကြား ပါတယ်၊ ဝမ်းသာစရာပဲ... ခွေရင်းမျိုးရင်းတွေ တွေ့နေကြပြီ"



ချင်စီရှောင်၏မျက်နှာသည် ဝမ်းသာသွား၏။

ကျင်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဘာ ညီရင်းအစ်ကိုလို ချစ်ကြတာလဲ၊ ရှင့်အဖေက ရန်ငြိုး ...ားပြီး သုံးလအရွယ်သာရှိသေးတဲ့ ကျွန်မတို့အမြွှာညီအစ်မကို နိုး ...ပြီး မတရားရောင်းစားခဲ့တယ်၊ ဒါဟာ အစဉ်အဆက် ခင်မင်ရင်းနှီး ...လား၊ ခွေရင်းမျိုးရင်းတွေလား"

ချင်စီရှောင်က မျက်မှောင်ကုပ်သွားသည်။

"ဟာ... မဖြစ်နိုင်တာ၊ ဖေဖေဟာ ဒီလိုလူစားမဟုတ်ပါဘူး၊ ...ကိုမက်မောတဲ့လူလဲ မဟုတ်ပါဘူး၊ ငွေဟာ ကျုပ်တို့အတွက် အမိ ...ကျေပါဘူး"

"ဒါတွေကို ရှင်နဲ့ဆက်ပြီး ငြင်းချက်မထုတ်တော့ပါဘူး၊ ရှင့် ...ယ်ပေါ်မှာ အမှတ်အသားတစ်ခုလုပ်ပေးလိုက်မယ်၊ ရှင်အိမ်ပြန်ပြီး ...အမေကိုသွားပြောပါ၊ ကျွန်မ မကြာခင်လာပြီး လက်တုန့်ပြန်မယ် ..."

သူမသည် စကားဆုံးသည်နှင့် ရှေ့တစ်လှမ်းတိုးလိုက်ပြီး ...ကိုဆန့်ထုတ်လိုက်သောအခါ သူမ၏လက်ထဲတွင် ဓားမြှောင် ...သက်ပါလာပြီး....

"ကဲ...."

သူမသည် တစ်ချက်အားယူပြီး ချင်စီရှောင်၏ခေါင်းကိုကပ်၍

www.burmeseclassic.com

www.burmeseclassic.com



ပွတ်ဆွဲလိုက်၏။

"ရှီး...."

ချင်စိရောင်၏နားရွက်မှ သွေးများချင်းချင်းနီ၍ သွားတော့သည်။

"ဟာ... မင်းဘယ်လိုလုပ်လိုက်တာလဲ"

ချင်စိရောင်သည် နားရွက်မှစီးကျလာသောသွေးများကို လက်နှင့်ပွတ်ကာ ကြက်သေသေနေမိသည်။

ကျင်လေရီက သူမပြောသည့်အတိုင်း တကယ်ပင် လုပ်လိမ့်မည်ဟု သူမထင်မိပေ။

သူသည် ဓားကိုမြင်မှ ကပျာကယာ လက်ဝါးတစ်ဖက်နှင့် အသာခုခံလိုက်သော်လည်း သူမသည် အားအပြည့်သုံးလာသည်အတွက် မခုခံနိုင်ဘဲ သူ၏နားရွက်မှာ အေးခနဲဖြစ်သွား၏။

အမှန်မှာ ချင်စိရောင်သည် ကျင်လေရီနာသွားမည်စိုး၍ အားကိုအပြည့်ပြန်မသုံးဘဲ သုံးပုံတစ်ပုံမျှသာ သုံး၍ ခုခံလိုက်ခြင်းကြောင့် သူ၏နားရွက်တွင် ဒဏ်ရာရခဲ့ခြင်းဖြစ်၏။

ကျင်လေရီသည် ကျေနပ်သောမျက်နှာထားနှင့် သရော်ပြုံးပြုံးကာ....

"ကဲ... ရှင့်အမေဆီ အမြန်သွားပေတော့"

ချင်စိရောင်က ဒေါသထွက်နေသည်။



သူသည် နားရွက်မှ ယိုစီးကျသောသွေးများကိုသုတ်ရင်း အမြှာညီအစ်မနှစ်ဦး ရုပ်ချင်းခွဲမရအောင်တူသော်လည်း စိတ်ထားခြင်း လုံးဝခြားနားပုံကို စဉ်းစားမိပေသည်။

ဩော်... ရုပ်ချင်းတူသော်လည်း စိတ်ချင်းမတူသည့် ညီအစ်မပေတကား။

ချင်စိရောင်သည် တည်းခိုဆောင်သို့ဝင်မည်ပြုလေ၏။

ထိုစဉ် ဆူညံနေသောလူအုပ်ကြီးသည် ပင်လယ်ကမ်းခြေသို့ ချီတက်၍ ပြေးဆင်းသွားကြသည်။

အချို့လူများ၏ ပြောဆိုသံကိုကြားရသည်။

"ဆရာကြီးတိုးကို့ လာနေပြီ၊ အဘွားကျန်း ကိုယ်တိုင်သွားကြိုနေတယ် သွားကြည့်ရအောင်"

ဆရာကြီးတိုးကို့ လာမည်ဆိုပါကလား။ သူတွေးလိုက်မိ၏။

ချင်စိရောင်သည် စိတ်မပါသော်လည်း လူအုပ်ကြီးနှင့်အတူ လှမ်းလျှောက်လိုက်သွားလေ၏။

ပင်လယ်ကမ်းခြေမှ တိုက်ခတ်လာသောလေအေးကြောင့် ချင်စိရောင်၏ဒဏ်ရာမှာ ပို၍နာကျင်သော ဝေဒနာကို ခံစားမိပြန်သည်။ သူ၏နားအောက်တွင် ဒဏ်ရာရထားသည်မဟုတ်ပါလေား။

ချင်စိရောင်သည် အသံလာရာသို့ လှည့်၍ကြည့်လိုက်သည်။

သံတောင်ဝှေးကိုလက်ထဲတွင်ကိုင်ကာ လာနေသော အ

www.burmeseclassic.com

www.burmeseclassic.com



ဘွားကျန်းကိုတွေ့ရသည်။

မိန်းကလေးဆယ်ယောက်သည် ငှက်မွေးများဖြင့်ပြုလုပ်ထားသော ယပ်တောင်များ ကိုယ်စီကိုင်ကာ အဘွားကျန်းနောက်မှ တန်းစီလိုက်လာကြ၏။

အဘွားကျန်းသည် ခြေလှမ်းကိုလှမ်းလိုက်တိုင်း သူမ၏ တောင်ဝှေးကို တစ်ချက်စီထောက်၍ လာနေသည်။

ချင်စီရှောင်သည် မျက်နှာပေါ်တွင် ပေကျံနေသောသွေးများကိုသုတ်လိုက်ပြီး အသင့်ပါလာသောသွေးတိတ်ဆေးကို ထုတ်၍ လိမ်းလိုက်၏။

သည့်နောက် သူသည် ပင်လယ်ကမ်းခြေသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ဆရာကြီးတိုးကို့ကို တင်ဆောင်လာနေသော လှေကြီးသည် ဆိပ်ကမ်းသို့တရွေ့ရွေ့ ချဉ်းကပ်လာနေသည်ကို တွေ့ရလေသည်။

ဆရာကြီးတိုးကို့ကား ရုပ်ရည်ထူးဆန်းသည်။

သူသည် ကိုယ်လုံးကိုယ်ထည် ခပ်သေးသေး ဆံပင်များမှာ ရှုပ်ပွေ၍ရှည်လျားနေသည်။

သူသည် လှေဦးတွင် မတ်တတ်ရပ်လျက် လိုက်ပါလာသည်ကိုတွေ့မြင်ရ၏။

ဆရာကြီးတိုးကို့နောက်တွင် လိုက်ပါလာသူကို တွေ့မြင်ရ



သည်။

ချင်စီရှောင်သည် အံ့အားသင့်သွားမိလေ၏။

သူကိုတွေ့ဖူးသလိုလိုရှိ၏။ သို့သော် ထိုလူငယ်သည် သူ့ထံတွင် လွန်ခဲ့သောသုံးနှစ်ခန့် က ငွေသုံးထောင်ယူပြီး လျှပ်စစ်မြင်းပျံကို ရောင်းခဲ့ဖူးသူဖြစ်သည်ကို သတိမရမိချေ။

လှေကြီးသည် ကမ်းစပ်သို့ရောက်လုချိန်တွင် ရုတ်တရက် လေချွန်သံတစ်ချက် ကြားလိုက်ရပြီးနောက် ဆရာကြီးတိုးကို့သည် ကမ်းပေါ်သို့ရောက်ရှိနေလေပြီ။

သို့သော် ကမ်းပေါ်ရှိ လူသုံးရာခန့်တို့သည် ဆရာကြီးတိုးကို့ တစ်ယောက်ကမ်းစပ်ပေါ်သို့ ရောက်လာခြင်းကို မည်သူမျှ မသိလိုက်ကြချေ။

အမှန်မှာ ဆရာကြီးတိုးကို့သည် လှေပေါ်ရှိနေစဉ် သူ၏ အကျႌအတွင်းမှယူဆောင်လာသော ကြက်တူရွေးကိုဦးစွာလွှတ်လိုက်၏။

ကြက်တူရွေးသည် ကမ်းပေါ်သို့ရောက်လျှင် လူအုပ်ကြီးကိုမမှုဘဲ နှုတ်သီးဖြင့်ကမ်းပေါ်ရှိ သဲများကို ထိုးဆွနေသည်။

လူအုပ်ကြီးသည် အာရုံပြောင်းကာ ကြက်တူရွေးကို အံ့ဩကြည့်နေချိန်တွင် ဆရာကြီးတိုးကို့သည် ကမ်းပေါ်သို့အသာ ခုန်တက်လိုက်သည့်အတွက် လူအုပ်ကြီးက သူရောက်လာသည်ကို

www.burmeseclassic.com

www.burmeseclassic.com



မသိလိုက်ကြခြင်းဖြစ်၏။

ဤသို့ဖြင့် ဆရာကြီးတိုးကို့သည် ကိုယ်ပျောက်ပညာတတ်မြောက်သည့်ပမာ လူအများကို အထင်ကြီးသွားစေသည်။

သို့သော် သူ၏ကလိမ်ဉာဏ်ကို အဘွားကျန်းက ရိပ်မိသည်။

သူမက....

"ဩော်... တိုးကို့ မင်းကတိအတိုင်း လာသေးတာကိုး"

ဆရာကြီးတိုးကို့က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"ကျီးလိုကျွန်းက တကယ်သာယာလှပါလား၊ တစ်လောက် ဌားပါဆိုတာကို ငြင်းပယ်တော့ ရှေ့ဆက်ပြီး ဒီကျွန်းမှာခင်ဗျားကြာရှည် ဖိမ့်ခံနေရတော့မှာ မဟုတ်ဘူး"

သူသည် ထိုသို့ပြောပြီး သူ၏လက်သည်းရှည်ဖြင့် နှုတ်ဆက်ရန် လက်ကမ်းလာသော အဘွားကျန်း၏ လက်ဝါးအလယ်နေရာသို့ ထိုးလိုက်လေ၏။

ထိုမြင်ကွင်းကိုမြင်ရသောအခါ အဘွားကျန်းသည် အလွန်ဒေါသထွက်မိသည်။

သို့သော် မိမိကအိမ်ရှင်ဖြစ်နေ၍ ဟန်မပျက်စေပေ။

လက်မောင်းတွင်းအားကို လွှတ်ထုတ်လိုက်ပြီး လက်ဝါးကိုဖြန့်၍ ဆရာကြီးတိုးကို့၏လက်သည်းရှည်ကို တားလိုက်လေ၏။



လက်သည်းမှာ လက်ဝါးကို မထိုးနိုင်တော့ချေ။

ဆရာကြီးတိုးကို့သည် အဘွားကျန်း၏ အင်အားအလွန်ကြီးမားစွာ တိုးတက်လာကြောင်းကိုသိရသည့်အတွက် ပေါ့ပေါ့ဆဆ ပညာမစမ်းရဲတော့ချေ။

သူသည် သူ၏လက်သည်းရှည်ကို လိပ်လိုက်ကွေးလိုက်နှင့် အဘွားကျန်းလက်ဖဝါးအတွင်းရှိ သွေးကြောကို လှမ်းထိုးလိုက်ပြန်သည်။

"တယ်ပြင်းထန်တဲ့အကွက်ပါလား"

အဘွားကျန်းက စိတ်ထဲတွင်ကျိတ်၍ ပြောလိုက်သည်။

သူမသည် လက်ငါးချောင်းကို လက်သီးသဏ္ဌာန်ဆုပ်ကိုင်ပြီး လက်ခလယ်နှင့် ဆရာကြီးတိုးကို့၏ လက်သည်းရှည်ကို ခုခံလိုက်သည်။

"ဟား... ဟား... ဟား"

ဆရာကြီးတိုးကို့က ရယ်လိုက်ပြီး နောက်ထပ်ဘာမှမလုပ်တော့ချေ။

ဤသို့ပညာစမ်းနေလျှင် တစ်နေကုန်သွားမည်။ ပြီးနိုင်တော့မည် မဟုတ်ချေ။

အချိန်အနည်းငယ်အတွင်း သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး တိုက်ကွက်တစ်ကွက်စီ ပညာခန်းပြလိုက်ခြင်းကို သာမန်သိုင်းသ

www.burmeseclassic.com

www.burmeseclassic.com



မားများ မသိလိုက်ကြချေ။

ထို့နောက် အဘွားကျန်းသည် မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး—

"လူကြီးမင်းတို့... ဧည့်ဂေဟာကိုကြွပြီး အနားယူကြပါဦး ဒီည ကျွန်မလူကြီးမင်းတို့အတွက် ဧည့်ခံပွဲကျင်းပပေးပါ့မယ်"

ဆရာကြီးတိုးကို့ကလည်း ကျေးဇူးတင်ကြောင်း ပြန်လည်ပြောကြား၏။

ကျူန်ချွမ်းသည် ဆရာကြီးတိုးကို့ လက်ယပ်ပြလိုက်သည်နှင့် ချက်ချင်းပင် ကမ်းပေါ်သို့ခုန်တက်လိုက်ပြီး ရောက်ရှိလာသည်။

လူများသည် ကျူန်ချွမ်းအား အထူးဂရုပြုကြည့်သည်။

လူငယ်တစ်ဦးဖြစ်သော်လည်း ပေါ့ပါးလှသည်မဟုတ်ပါလား။

သူ၏သိုင်းပညာမှာလည်း လွန်ခဲ့သည့် တစ်နှစ်အတွင်း ဆရာကြီးတိုးကို့၏ သင်ကြားပြသပေးမှုကြောင့် တိုးတက်မြင့်မားလာခဲ့သည်။

ကျူန်ချွမ်းသည် ဟိုဒီလှည့်ကြည့်လိုက်သောအခါ မဗွေလင့်ဘဲ ချင်စိရှောင်ကိုတွေ့မြင်မိလေ၏။

သူသည် မျက်မှောင်ကုပ်သွားသည်။

သူ၏စိတ်ထဲတွင်....

"ချင်စိရှောင်... ဒီကိုဘာလာလုပ်တာလဲ၊ ဓားဆန်းတွေကို ရှာဖို့လား၊ အင်း... ဒါပေမယ့် ဒီဓားဆန်းဟာ ဒီကျွန်းမှာရှိတယ်ဆိုတာ ဒီကလွဲရင် သိတဲ့လူတစ်ယောက်မှမရှိဘူး၊ ဒီလျှို့ဝှက်ချက်ကိုသိတဲ့လူ ဒါတစ်ယောက်ပဲရှိတယ်"



သူသည် စိတ်ထဲတွင်ကျိတ်၍ ပြောရင်း မသိမသာပြုံးမိလိုက်သည်။

တစ်ဖန် သူသည် လူအုပ်ကြီးကိုဆက်၍ အကဲခတ်ကြည့်လိုက်သောအခါ လွန်စွာ အံ့သြသွားလေတော့၏။

မထင်မှတ်သည့်လူများကို တွေ့နေရသည်မဟုတ်ပါလား။

ကျင်လေရီ၊ တုန်ဖန်လင်းနှင့် ဆရာမကြီးရွှမ်နရင်တို့ကို တွေ့လိုက်ရ၍ဖြစ်သည်။

သို့သော် သူသည် တုန်ဖန်လင်းကို သူမမြင်ဘူးချေ။

ထိုစဉ် ဆရာမကြီးရွှမ်နရင်၏ စကားပြောသံကို ကြားလိုက်သည်။

"သူ့ရဲကောင်းမကြီး တုန်ဖန်လင်း... သိုင်းလောကမှာ သူ့ရဲကောင်းသိုင်းပညာရှင်'ဟွာချင်း'ဟာ ပျောက်နေတာ ကြာပြီ၊ သူသာရှိရင် ဒီလိုပွဲမျိုးကို လာချင်မှာပဲနော်"

တုန်ဖန်လင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"သူလာမှာ မဟုတ်တော့ပါဘူးရှင်"

ရွှေဝါမြွေဟွာချင်းမှာ လူ့ပြည်၌မရှိတော့သည်ကို တုန်ဖန်

www.burmeseclassic.com

www.burmeseclassic.com



လင်း မသိပေ။ သို့သော်မျှော်လည်း မမျှော်လင့်ပေ။

နက်ဖြန်ဆိုလျှင် လပြည့်နေဖြစ်သဖြင့် ဧည့်သည်များ စုံလင်စွာ ရောက်ကြမည်ဖြစ်ပါသည်။

လပြည့်အကြိုနေ့မှ သူရောက်မလာလျှင် ဒီတစ်သက်တာတွင်ပြန်၍ တွေ့နိုင်မည်မဟုတ်သည်ကို တွေးမိသောကြောင့် ဖြစ်ပါသည်။

သူတို့၏စကားများကို ကြားရသောအခါ ကျုန်ချွမ်း၏နှလုံးသားတွင် မိုးကြိုးပစ်လိုက်သည့်ပမာ ခံစားလိုက်ရလေ၏။

ထိုသို့ဖြစ်ရခြင်းမှာ တုန်ဖန်လင်းကဲ့သို့သော စားဆန်းအကြောင်းနှင့် သိုင်းပညာနိသျှည်းများကို သိထားသူက သူ့ထက်စော၍ ကျွန်းပေါ်သို့ ရောက်ရှိခြင်းကြောင့်ဖြစ်သည်။

ထို့ကြောင့် တုန်ဖန်လင်းသည် သူ့အဖို့ ဆူးညှောင့်ခလုတ် ဖြစ်နေလေပြီ။

သူသည် ရက်အနည်းငယ်စော၍ လာရောက်လိုသော်လည်း အများက အထင်အမြင်သေးမည်ဟုဆိုကာ ဆရာကြီးတိုးကို့က ငြင်းပယ်သည့်အတွက် ယနေ့မှရောက်လာရခြင်းဖြစ်သည်။

သူသည် ဆရာကြီးတိုးကို့နောက်မှ လိုက်ပါလာသော်လည်း သူ၏မျက်လုံးများက စွက်နုရင်နှင့်တုန်ဖန်လင်းတို့ထံမှ မခွာပါ။

ဤသူတို့သည် သူ့အတွက် ဆူးငြောင့်ခလုတ်ဖြစ်နေသည်



ဟုတ်ပါ့လား။

ကျုန်ချွမ်းသည် မသိမသာ ကျင်လေရီကို လှမ်းကြည့်လိုက်သည်။

ကျင်လေရီမှာ ရက်သွေးဖြာနေသော မျက်လုံးများဖြင့် သူ့အား တုန့်ပြန်ကြည့်နေသည်ကို တွေ့ရသည်။

ထို့နောက် ကျုန်ချွမ်းသည် ဆရာကြီးတိုးကို့နောက်မှ လိုက်ပါလာရင်း စားဆန်းများရရှိရေးကိုသာ စဉ်းစားအကြံထုတ်လာလေတော့သည်။

သူတို့အားလုံး ဧည့်ဂေဟာသို့ရောက်ရှိလာကြလေ၏။

ဆရာကြီးတိုးကို့က ကျုန်ချွမ်းအားကြည့်ကာ....

"တပည့်... မနက်ဖြန် အဘွားကျွန်းနဲ့သိုင်းပညာချင်းမယှဉ်ပြိုင်ခင်မှာ တခြားပွဲတွေလဲ ရှိကောင်းရှိလိမ့်မယ်၊ ဒါ့ကြောင့် တို့ရဲ့အစီအစဉ်တွေကိုမမေ့နဲ့၊ ကိုင်း... မင်းအခု ငါ့ကိုအစမ်းလေ့ကျင့်ပြစမ်း"

ကျုန်ချွမ်းက စိတ်မပါပါ။ သူငြင်းလိုသည်။

"ဆရာဘိုးလေးကလဲ ဘာများ ထပ်လေ့ကျင့်ရအုံးမှာလဲ၊ ဘာဖြစ်လို့ အဘွားကျွန်းရဲ့လူတွေက ကျွန်တော်လေ့ကျင့်နေတဲ့အကွက်တွေကိုတွေ့ပြီး ပြန်ပြောပြလိုက်ရင် အဘွားကျွန်းက အသင့်ရှင်းနိုင်အောင် ဖန်တီးပေးလိုက်တာနဲ့ မတူဘူးလား။ သူတို့ချောင်းကြည့်မနေဘူးလို့ ဘယ်သူကပြောနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတိုးကို့က ပြုံးလိုက်ပြီး ခေါင်းညိတ်သည်။

"အေး... မင်းပြောတာ မှန်တယ်"

ထိုစဉ် အဆောင်အပြင်ဘက်မှ ကျယ်လောင်သော အ[illegible] တစ်သံ ပေါ်လာသည်။ အားလုံးကြားနိုင်လောက်သည်။

"ဆရာကြီးတိုးကို့ ရှိပါသလား... ဆရာကြီးရှောင်ပင်း[illegible] တွေ့ချင်လို့ပါတဲ့"

ထိုအခါ ကျုန်ချွမ်းက ခပ်တိုးတိုးကလေးပြောလိုက်သည်[illegible]

"ဆရာကြီးရှောင်ပင်းက နယ်စပ်တလွှားမှာ ကြီးစိုးနေတဲ့[illegible] တစ်ယောက်ပဲ၊ သူရောက်လာတာဟာ တစ်စုံတစ်ရာ အကူအ[illegible] တောင်းဖို့လာတာပဲ ဖြစ်မှာပါ၊ သူ့ကို လက်ခံတွေ့လိုက်ရင် ကော[illegible] မယ် ဆရာဘိုးလေး"

ဆရာကြီးတိုးကို့သည် ကျုန်ချွမ်း၏အကြံကို လက်ခံလို[illegible] ၏။

"ကြွပါခင်ဗျား... အထဲကိုဝင်ခဲ့ပါ"

သူ၏စကားဆုံးသည်နှင့် ရှောင်ပင်းသည် အခန်းတံခါး[illegible] ဖွင့်၍ ဝင်လာသည်။

ရှောင်ပင်းက ဆရာကြီးတိုးကို့ကို ဂါရဝတစ်ချက်ပြု[illegible] သည်။

"ဆရာကြီးနဲ့ အဘွားကျုန်းတို့ရဲ့ ယှဉ်ပြိုင်ပွဲမှာ ဆရာကြီး[illegible]



[illegible]နိုင်ရမှာ သေချာပါတယ်၊ ကျုပ်တို့အားလုံး ယုံကြည်နေကြတယ်"

ဆရာကြီးတိုးကို့၏မျက်နှာမှာ တည်သွား၏။

အဘွားကျုန်းအား အနိုင်ယူရန် အကြံအစည်ကို ရှောင်ပင်း [illegible]သွားလေပြီဟုထင်မှတ်ကာ ကျိတ်၍ ဒေါသဖြစ်နေသည်။

အခြေအနေကိုရိပ်စားမိသော ကျုန်ချွမ်းက ကြားဖြတ်၍...

"ဆရာကြီးရှောင်ပင်းကို ကျွန်တော့်ဆရာအဘိုးလေးက သ[illegible]ဘာကျကျေနပ်ပါတယ်ဗျာ"

ရှောင်ပင်းက တစ်ချက်ပြုံးလိုက်ပြီး...

"ကျုပ်က ဆရာကြီးတိုးကို့ နိုင်လိမ့်မယ်လို့ ယုံကြည်ပါ[illegible]ယ်၊ ဒါကြောင့် ကျုပ်တို့ဂိုဏ်းက အထက်တန်း သိုင်းပညာရှင်ဆယ်[illegible]လောက်က လိုအပ်တဲ့အခါ ဆရာကြီးတိုးကို့ကို အကူအညီပေးဖို့ ကျုပ် ပြောထားပါတယ်"

ရှောင်ပင်း၏စကားကို ကြားရသောအခါ ကျုန်ချွမ်းသည် [illegible]သာသွားလေ၏။

ဆရာကြီးတိုးကို့ကမူ မျက်မှောင်ကုပ်၍သွားသည်။

သူသည် ဘဝင်မကျသော မျက်နှာထားနှင့် ဘယ်လက်ဝါး[illegible] စားပွဲကို ဖြန်းခနဲမြည်အောင် ရိုက်ချလိုက်ပြီး...

"ဒီအဘွားအိုနဲ့ ယှဉ်ပြိုင်တာကိုလာပြီး ကူညီကြမယ်ဆို[illegible] ငါ့ကိုအထင်သေးလို့ပေါ့၊ မင်းက ဘာသဘောကျနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



တိုးကို့သည် ကျူန်ချမ်းကို ဆူပူလိုက်လေ၏။

သူ၏စကားကြောင့် ရောင်ပင်းသည် နှုတ်ဆက်ပြီး ထွက်... သွားမည်ပြုသည်။

ကျူန်ချမ်းသည် ရောင်ပင်းအနားသို့ တိုးသွားပြီး လေသံ... တိုးဖြင့် ပြောသည်။

"ဆရာကြီး... ကျွန်တော့်ဆရာဘိုးလေးရဲ့ စိတ်ထားဟာ... ဆန်းကြယ်တာမို့ သူ့အောင်ပွဲရပြီးတဲ့အခါကျမှ အလိုရှိတာကိုတော... ခံရင် သူကဝမ်းမြောက်ဝမ်းသာစွာနဲ့ လိုက်လျောမှာပါ၊ ဆရာကြီး... စိတ်မပူပါနဲ့"

ရောင်ပင်းက မချိပြုံးပြုံးလိုက်ပြီး သူ့အကြံကိုရှင်းပြလေ၏...

"ကျေးဇူးတင်ပါတယ်ကွယ်... ကျုပ်အကြံက ဒီလိုပါ၊ ဆ... ကြီးတိုးကို့က အဘွားကျန်းကိုအနိုင်ရပြီး ဒီကျွန်းကိုပိုင်တဲ့အခါ အော... ပွဲကို တက်ရောက်လာတဲ့ လူစွမ်းကောင်းတွေအားလုံးကို ရှင်း... လိုက်ချင်တယ်၊ ဒါမှလဲ နောက်ကိုသိုင်းလောကမှာ ကျုပ်တို့ဘယ်သူ... ကိုမှ မှုစရာမလိုတော့ဘူး၊ အဲဒီတော့ ကျုပ်အကြံအစည်ကို ဘယ်... သဘောရသလဲ"

ရောင်ပင်း၏စကားကို ကြားရသောအခါ ကျူန်ချမ်းသည်... ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

သူ့အလွန်ကြားချင်သောစကား မဟုတ်ပါလား။



သူသည် မိုးချုပ်လျှင် တုန်ဖန်လင်းရှိရာသို့သွားပြီး သိလိုသ...ကို အနုနည်းနှင့်မေးမရပါက အကြမ်းနည်းသုံးရန်အတွက် ရောင်... ...း၏အကြံအစည်မှာ သူ့အတွက် အကွက်ကောင်းဆိုက်နေသည်မ... ...တ်ပါလား။

ကျူန်ချမ်းက ပြုံးလိုက်ပြီး....

"စိတ်ချပါ... ဆရာဘိုးလေးနဲ့ကျွန်တော်ပါ အတတ်နိုင်ဆုံး ...ညီမှာပါ"

ရောင်ပင်းက.....

"ပိတုန်းလေမှာဝဲ သိုင်းကွက်ကိုလေ့ကျင့်ထားတဲ့ ရွှမ်နုရင် ...ရဲ့ရင် တခြားဘယ်သူ့ကိုမှ မှုစရာမလိုတော့ပါဘူး၊ အကယ်၍သာ ...မှာ ဝင်စွက်လာရင်တော့ ဆရာကြီးတိုးကို့ရဲ့အကူအညီကို လိုပါ ...မယ်"

ရောင်ပင်းသည် ပြောဆိုပြီးနှုတ်ဆက်ကာ အခန်းထဲမှထွက် ...သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

## ကောက်ကျစ်သူ၏တိုက်ပွဲ

အချက်ပေးခေါင်းလောင်းသံများ ဆူညံစွာ ပေါ်ထွက်[illegible] လေ၏။

ခေါင်းလောင်းသံကြောင့် ကျုန်ချွမ်းနှင့်ဆရာကြီးတို့[illegible] လည်း လူများစုဝေးရာမြေကွက်လပ်သို့ရောက်ရှိလာကြ[illegible] ကျွန်းပေါ်ရှိရောက်နေသမျှ ဧည့်သည်အားလုံး ဤနေရာ၌စု[illegible] ကြသည်။



ကျုန်ချွမ်းသည် ညစာတည်ခင်းထားသော မြေကွက်လပ် [illegible]သို့ လှမ်းကြည့်လိုက်၏။

ရှစ်ယောက်ထိုင် စားပွဲများကို မြေကွက်လပ်တွင် တည်ခင်း[illegible]သည်။

စားပွဲတိုင်းတွင် ရွှေနှင့်ထုလုပ်ထားသော ပန်းကန်ခွက် [illegible]သောက်များအပြင် အရောင်တဖိတ်ဖိတ်တောက်ပနေသော ကြေးဆီ[illegible]အိုင်များကို ထွန်းညှိထားလေသည်။

ဧည့်သည်များ စုံစုံလင်လင် လာရောက်နေကြပြီဖြစ်သည်။

ကျုန်ချွမ်းနှင့် ဆရာကြီးတို့ကိုတို့ ရောက်လာကြသည်ကို [illegible]သောအခါ ဧည့်ကြိုတစ်ယောက်ရောက်လာပြီး....

"ကျေးဇူးပြုပြီး အလယ်ပိုင်းကို ကြွပါခင်ဗျာ"

ဧည့်ကြိုက ပြောဆိုပြီး ဦးဆောင်ခေါ်သွားသည်။

အလယ်တည့်တည့်တွင် ဆယ်ပေခန့်ကွာဝေး၏။

ထိုစားပွဲနှစ်လုံးကို အခြားစားပွဲများကဝိုင်းရံ၍ နေရာချထား[illegible]သည်။

သူတို့သည် ဧည့်ကြိုချပေးသောနေရာသို့ ဝင်ထိုင်လိုက်ပြီး [illegible]ညီနှင့် မိန်းကလေး၏ သာယာသောအသံတစ်သံကို ကြားလိုက်[illegible]သည်။

"မေမေ... ကျွန်မတို့ထိုင်ရမယ့်စားပွဲဟာ အိမ်ရှင်ထိုင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



စားပွဲနဲ့နီးတော့ သူတို့တွေကို ကောင်းကောင်းမြင်ရမှာပဲ"

အသံရှင်မှာ ကျင်လေရီဖြစ်၏။

တစ်ကြိမ်က ကျွန်ချွမ်းသည် ကျင်လေရီထံမှ မြင်းကုန်းနှီး မိုးနဂါးဓားနှင့် လျှပ်စစ်မြင်းပျံကို လုယူခဲ့ဖူးသောကြောင့် သူမက လက်တုန့်ပြန်မည်ကို စိုးရိမ်မိသည်။

သို့သော် ယခု သူမ၏မျက်နှာတွင် လက်တုန့်ပြန်မည့်အရိပ် အရောင်များ မတွေ့ရတော့ပါ။

သူမသည် ကျွန်ချွမ်းရှိရာသို့ ဦးတည်လာနေသည့်အတွက် သူသည် နေရာပေးကြိုဆိုရန် ဟန်ပြင်လိုက်မိသည်။

မိန်းကလေးသည် သူ၏ရှေ့မှဖြတ်သွားပြီး ဘေးတစ်နေရာ စားပွဲတွင် ကျောပေးဝင်ထိုင်လိုက်သည်။ သူနှင့်မဝေးလှပေ။

ထိုအခါ ကျွန်ချွမ်းသည် ရှက်ရှက်ဖြင့် ကိုယ့်နေရာကို ပြန်ထိုင်လိုက်ရသည်။

ကျွန်ချွမ်း၏စိတ်ထဲတွင်....

"ကျင်လေရီဟာ ရှေးက ရန်စကို မေ့ပစ်လိုက်ရုံမကဘူး ငါ့ကိုတောင် မေတ္တာသက်ဝင်နေပုံရတယ်၊ ဒါကြောင့် သူဟာ ငါနဲ့နီး အောင် ကျောပေးလာထိုင်နေတာဖြစ်လိမ့်မယ်၊ အကယ်၍ မျက်နှာ ချင်းဆိုင် ထိုင်မယ်ဆိုရင်တောင် ငါနဲ့ဝေးနေအုံးမယ်"

ကျွန်ချွမ်းက တစ်ယောက်ထဲကျိတ်၍ ပြောမိသည်။



သူသည် ကျင်လေရီဘက်သို့ခေါင်းကို အသာလှည့်လိုက်ပြီး လေသံခပ်တိုးတိုးနှင့်....

"လေရီ...."

ကျင်လေရီက ခေါ်သံကြားသော်လည်း ပြန်၍မထူးဘဲ ပြုံး ယောင်သန်းနေသော မျက်လုံးများဖြင့် ကျွန်ချွမ်းအား သမင်လည် ပြန်ကြည့်လိုက်သည်။

ကျွန်ချွမ်းက ဝမ်းသာသွားပြီး....

"လေရီ... တစ်ချိန်က ကိုယ်မိုက်မှားခဲ့တဲ့အပြစ်တွေကို လေ ရီကို အကျိုးအကြောင်း ရှင်းပြခွင့်ရရင် ကိုယ်သေပျော်ပါပြီ"

ကျင်လေရီက မဲ့ပြုံးပြုံးလေ၏။ ထို့နောက် ခပ်တိုးတိုးပြော လိုက်လေ၏။

"ရှင့်ကိုကျွန်မက လက်တုန့်မပြန်သေးဘဲ ရှင်ကဘာကြောင့် သေမယ့်အကြောင်းကို ပြောနေရတာလဲ၊ နမိတ်မရှိ နမာမရှိ"

ကျွန်ချွမ်းသည် သူမပြောလာမည့်စကားကို ကြိုသိထား သည့်အတွက် ကြို၍ပြောလိုက်၏။

"ဒါပေမယ့် ကိုယ်မရှင်းလို့ရှိရင် လေရီက ကိုယ့်ကိုစိတ်ထား ယုတ်မာတဲ့လူလို့ အပြစ်တင်ချင်တင်လိမ့်မယ်၊ ဒါကို ကိုယ်က အပြစ် ဆိုပါဘူး၊ ဒါကြောင့် ကိုယ့်ကိုရှင်းပြခွင့်ပေးပါ၊ အကျိုးအကြောင်းသိ ရင် အပြစ်ကိုခွင့်လွှတ်နိုင်ပါတယ်"

www.burmeseclassic.com



သူက အချိုပေါ် သကာလောင်းသည့်နှယ် စကားကိုနုနုယဉ်ယဉ်ဆိုလိုက်သဖြင့် ကျင်လေရီက ကျိတ်၍ပြုံးလိုက်မိ၏။

သို့သော် သူမက ဘာမှပြန်မပြော။

"လေရီ… ကိုယ်ရှင်းပြမှာကို မကြားချင်ဘူးလား"

"ဘယ်သူက မကြားချင်ဘူးလို့ ပြောလို့လဲ"

ကျူန်ချွမ်းက ပြုံးလိုက်ပြီး….

"ဒါပေမယ့် ဒီနေရာမှပြောလို့ မကောင်းဘူး၊ ထမင်းပွဲပြီးမှ လေရီနဲ့ကိုယ် တိတ်ဆိတ်တဲ့ တစ်နေရာကိုသွားပြီး ပြောကြရင် မကောင်းဘူးလား"

"ကောင်းသားပဲ"

ထိုသို့ပြောပြီး သူတို့သည် စကားဖြတ်လိုက်ကြသည်။

ထိုစဉ် ခေါင်းလောင်းသံ သုံးချက်ပေါ်လာသည်။

မကြာမီ အဘွားကျန်း စားပွဲဝိုင်းသို့ရောက်ရှိလာ၏။

အကယ်၍သာ နက်ဖြန်လပြည့်နေ့ ယှဉ်ပြိုင်ပွဲကြီး၌ အသေအလဲ ယှဉ်ပြိုင်ပွဲကြီးသာမဟုတ်လျှင် အလွန်ပင် ပျော်စရာကောင်းပေလိမ့်မည်။

ထမင်းစားပွဲကြီးတွင် စားသောက်ဖွယ်ရာများ စုံလှသည်။

ဆရာကြီးတိုးကို့သည် ထမင်းစားသောက်ပြီး ရုတ်တရက် မတ်တတ်ရပ်လိုက်သည်။



"အရက်ခွက်ကြီးကြီး ယူခဲ့ပါ… ဒီခွက်ကလေးနဲ့ သောက်ရတာ ဘယ်အားရပါ့မလဲ၊ ဧည့်ခံတယ်ဆိုတာ ခွင်းချက်နဲ့ဧည့်ခံလို့ ဘယ်ကောင်းပါ့မလဲ"

သူသည် အော်ရင်း စားပွဲပေါ်ရှိ ရွှေဖြင့် ပြုလုပ်ထားသော အရက်ခွက်များကို သိမ်းယူလိုက်ပြီး လက်ထဲတွင် မုစည်းညှစ်လိုက်ရာ အရက်ခွက်အားလုံးသည် ရွှေတုံးကြီးတစ်တုံးအဖြစ်သို့ ပြောင်းလဲသွားလေတော့သည်။

"ဟား… ဟား… ဟား"

သူသည် သဘောကျစွာဖြင့် ကျယ်လောင်စွာ ရယ်လိုက်သည်။

သူ၏လုပ်ဆောင်ချက်ကြောင့် ဧည့်ပရိသတ်တို့၏ မျက်လုံးများသည် သူ့ကိုဝိုင်း၍ကြည့်ရင်း ချီးမွမ်းကြကုန်၏။

ဆရာကြီးတိုးကို့သည် ကျေနပ်အားရသောမျက်နှာနှင့် အဘွားကျန်းကို ကြည့်လိုက်သည်။

သူ့အပြုအမူမှာ အိမ်ရှင်ကို စော်ကားသလိုမျိုးဖြစ်သည်။

သို့သော် အဘွားကျန်းက ဒေါသကိုချုပ်တည်း၍ ပြောလိုက်၏။

"ဧည့်သည်ဖို့ ခွက်ကြီးတစ်လုံး မြန်မြန်ယူခဲ့ပါ"

မကြာမီ ဧည့်ခံသူတစ်ဦးသည် အရက်ခွက်ကြီးတစ်လုံးကို

www.burmeseclassic.com

www.burmeseclassic.com



ယူလာသည်။

ထိုစဉ် ရွှမ်နုရင်က မတ်တတ်ရပ်လိုက်ပြီး ဧည့်ခံသူထံမှ အ
ရက်ခွက်ကိုတောင်းယူကာ....

"ဆရာကြီးတိုးကို့... ဒီခွက်ကြီးကိုကျေနပ်ပါသလား"

သူမက မေးရင်း အရက်ခွက်ကိုကိုင်၍ မြှောက်ပစ်လိုက်
"ဝိုး...."

ဆရာကြီးတိုးကို့သည် အရက်ခွက် မိမိထံလာနေသည်ကို
လက်ဆန့်၍ ဖမ်းယူလိုက်သည်။ ကြီးမားလှသော အင်အားဖြင့် ပ
လွှတ်လိုက်ကြောင်းကို ရိပ်စားမိ၏။

ဆရာကြီးတိုးကို့သည် ဆရာမကြီးရွှမ်နုရင်ကို မတွေ့မြင်
ဘူးသော်လည်း ဤမျှအင်အားကြီးသော အတွင်းအားသိုင်းပညာ
ပြည့်စုံသည့်ပြင် ထိပ်တန်းသိုင်းပညာရှင်ဖြစ်ကြောင်းကို အကဲခတ်
လေ၏။

ထိုအတွင်းအားကောင်းသော အမျိုးသမီးကို မည်သူမည်
ဟူ၍ မသိသောကြောင့် တပည့် ကျူန်ချွမ်းဘက်သို့ လှည့်ကြည့်လို
သည်။

ကျူန်ချွမ်းသည် အလိုက်သိစွာ လေသံတိုးတိုးဖြင့်....

"ဆရာဘိုးလေး... သူ့နာမည်က ရွှမ်နုရင်လို့ခေါ်ပါတယ်
သူဟာ 'ပိတုန်းလေမှာဝဲ'ဆိုတဲ့ သိုင်းကွက်အတွင်းအား ကျွင့်ကျင်



လေ့ကျင့်ပြီး အပြည့်အဝအောင်မြင်ထားသူမို့ အလွန်ထက်မြက်နေပါ
တယ်၊ ကိစ္စတွေပြီးစီးတဲ့အခါကျရင် သူ့ကိုပါ ရှင်းပစ်မှဖြစ်မယ်"

ထို့နောက် ဆရာကြီးတိုးကို့သည် ဆက်၍ အစွမ်းမပြရဲ
ဘဲ အသာပြန်ထိုင်လိုက်လေတော့သည်။

လ,က သာနေသည်။

မြေကွက်လပ်တစ်ခုလုံးမှာ ထိန်လင်းနေသည်။

အချို့မှာ အရက်အရှိန်ကြောင့် မထ,နိုင်တော့ပြီ။

ချင်စိရှောင်သည် စိတ်ထွေနေ၍ အရက်ကိုမူးအောင်
သောက်ထားသော်လည်း သူ၏ခံစားချက်က ပြေပျောက်ခြင်းမရှိ။

နှလုံးသားကို လက်ဖြင့် စိမ်သော်လည်း မရချေ။

သူသည် ဝန်းကျင်ကိုပှမ်း၍ ကြည့်လိုက်သည်။

ထန်လေရှီကို မတွေ့ရသည့်အတွက် သူသည် ထိုင်ရာမှ
သည်။

မမျှော်လင့်ဘဲ သူ၏မိုးနဂါးဓားအိမ်က ထိုင်နေသောသူတစ်

www.burmeseclassic.com



ဦးကို တိုက်မိသွားသည်။

ထိုသူက ချင်စိရောင်အား လူပျော့လူညံ့တစ်ယောက်
ထင်မှတ်ထားသူဖြစ်သည်။ အမြင်အရလည်း ဤသို့ဖြစ်နေသည်။

"ခင်ဗျားက ရန်စတာပေါ့ဟုတ်လား"

ထိုသူသည် ချင်စိရောင်၏ဓားကို ပရိသတ်ရှေ့တွင် ချိုး
ပြီး နာမည်ကြီးစေရန် စဉ်းစားထားသည်။

သူသည် စကားဆုံးသည်နှင့် ရုတ်တရက် ချင်စိရောင်
ဓားရိုးကိုဖမ်းကိုင်ပြီး ဓားကိုအနည်းငယ် ဆွဲထုတ်လိုက်၏။

ဓားမဝင်းလက်သောအရောင်ကိုမြင်လိုက်ရသဖြင့် သူ
လိုချင်တပ်မက်သောစိတ်များ ဖြစ်ပေါ်လာသည်နှင့် သူသည်
တစ်လက်လုံး ဆွဲထုတ်လိုက်စဉ် ချင်စိရောင်က ဓားရိုးကိုင်ထားသော
သူ၏လက်ပေါ်သို့ ဖမ်းအုပ်လိုက်ရင်း ပြောလိုက်လေ၏။

"မိတ်ဆွေ... အခုလို ညှော်ခံထမင်းစားပွဲမှာ ဒီလိုရမ်း
တာ မတော်ပါဘူး"

ထိုသူသည် လက်ကိုပြန်ရုပ်လိုက်ပြီး ဝိုင်းအပြင်သို့ ခုန်
လိုက်သည်။

သူ၏အင်္ကျီအိတ်အတွင်းမှ ဓားမြှောင်တစ်ချောင်းကို
ထုတ်ကာ ချင်စိရောင်၏ရင်ဝသို့ ပြေးထိုးလိုက်လေ၏။

ချင်စိရောင်သည် ထိုသူ၏ ဓားကိုင်ထားသောလက်ကို



ကိုင်ကာ မိမိလက်ကို တစ်ချက်ရုပ်ပြီး ပြန်ဆန့်ထုတ်လိုက်၍ သူ၏အ
ရှင်းအားဖြင့် ထိုသူကိုတွန်းထုတ်လိုက်သည်။

ရန်မူလာသူ ဓားသမားသည် ကိုယ်ကိုမဟန်နိုင်တော့ဘဲ
ယီးဒယိုင်ဖြစ်ကာ ခြေလှမ်းခုနစ်လှမ်း ရှစ်လှမ်းခန့်ထိ လွင့်စင်ပြီး
ထိုင်လျက် လဲကျသွားလေ၏။

ထိုစဉ် လဲကျသွားသူ၏ အဖော်ခြောက်ယောက်တို့သည်
မရပ်နိုင်ဘဲ ဒေါသကြီးစွာဖြင့် ထလာပြီး ချင်စိရောင်အား ဝိုင်း
လိုက်ကြသည်။ ထို့နောက် စိန်ခေါ်လေတော့၏။

ချင်စိရောင်သည် မည်သို့မှမတတ်နိုင်တော့ဘဲ ပြန်လည်၍
တိုက်ခိုက်ရန် နောက်သို့ဆုတ်လိုက်ရသည်။

ထိုစဉ် လေချွန်သံတစ်ချက် ကြားလိုက်ရလေ၏။

ထိုသို့လေချွန်သူမှာ ကျူန်ချွမ်းဖြစ်နေသည်။

ကျူန်ချွမ်းက ချင်စိရောင်အား ကြည့်ရင်းကျယ်လောင်သော
အသံဖြင့် အော်ပြောလိုက်သည်။

"အဲဒီမိတ်ဆွေဟာ ဟိုနန်နယ်က သိုင်းဆရာကြီးကျင်ကန်း
၏သား ချင်စိရောင်ပါ။ သူလွယ်ထားတဲ့ဓားကလဲ အလွန်အဖိုးထိုက်တဲ့
နဂါးဓားဖြစ်ပါတယ်၊ မိုးနဂါးဓားရဲ့သိုင်းကွက်ကလဲ တမူထူးပါ
တယ်။ အခုလို လသာတဲ့ညမှာ သူက ဒီဓားနဲ့ ဓားစွမ်းပြမယ်ဆိုရင်
ကျုပ်တော်က ဓားမပါဘဲ လက်ချည်းသက်သက်နဲ့ ယှဉ်ပြိုင်လိုပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ကျုန်ချွမ်း၏စကားကိုကြားရသောအခါ ပရိသတ်တို့သည် ချင်စိရှောင်ကို အာရုံစိုက်ကြသည်။

ယင်းမိုးနဂါးဓားသည် တစ်ကြိမ်က ဆရာကြီးတာတော က လူဆိုးရှစ်ယောက်ကို နှိမ်နင်းရာတွင် အောင်မြင်ခဲ့သော မိုးန ဓားဖြစ်ကြောင်းကို လူအများက ပြန်လည်၍သတိရလာကြ

ထိုသို့ အစွမ်းထက်သောဓားကို ကိုင်ဆောင်ထားသူ ကျုန်ချွမ်းက လက်နက်မပါဘဲ ယှဉ်ပြိုင်မည်ဟု ပြောလာသောအ ပရိသတ်တို့က ကျုန်ချွမ်းအပေါ် ပို၍ စိတ်ဝင်စားလာကြသည်။

ချင်စိရှောင်သည် ရန်ပြိုးရန်စမရှိဘဲ မည်သူ့ကိုမှ မယှဉ်ပြိ လိုချေ။

သို့သော် တစ်ဘက်သားက မခံသာအောင် ကလိလာ သောအခါ သူက ကျုန်ချွမ်းအား စေ့စေ့ကြည့်ကာ ပြောလိုက်လေ

"နောင်တော်က လက်နက်မပါဘဲ ယှဉ်ခဲ့ရင် ထိခိုက်မှာ ကျွန်တော်က စိုးရိမ်မိပါတယ်"

ကျုန်ချွမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားကို မဆိုထားနဲ့ ခင်ဗျားရဲ့ဆရာကိုယ်တိုင် ဒီမိုး ဓားကိုကိုင်ပြီး တိုက်ခိုက်တာတောင် ကျုပ်ဟာဖြုံမှာ မဟုတ် မိတ်ဆွေက လူပုံအလယ်မှာ ဒီလိုစကားမျိုးကိုပြောတာဟာ သိ



ညာရှင်တစ်ယောက်အနေနဲ့ မသင့်ပါဘူး"

ချင်စိရှောင်က ဒေါသကို မချုပ်တည်းနိုင်တော့ပေ။

"ဓားမှာ မျက်စိမရှိလို့ ထိရှမိရင် ဘယ့်နှယ်လုပ်မလဲ"

ကျုန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး အားလုံးကြားအောင် အော် ပြောလေ၏။

"ဟောဒီမှာ ရှိကြတဲ့ လူစွမ်းကောင်းတွေကို သက်သေထား မိတ်ဆွေက ဓားကိုင်၊ ကျွန်တော်က လက်ချည်းယှဉ်မယ်၊ ဒီလို ပြိုင်ရင်းနဲ့ ကျွန်တော့်ကို ထိခိုက်မိရုံတင်မကဘူး အသက်သေ ားပါစေ ကျွန်တော်သေရပါတယ်၊ ဒါပေမယ့် တကယ်လို့ ဒီဓားဟာ န်တော့်လက်ထဲ ရောက်လာမယ်ဆိုရင်တော့ အဆုံးထားရလိမ့် ယ်"

ချင်စိရှောင်က ခေါင်းညိတ်၏။

"ကဲ... ကတိအတိုင်း တည်ပါစေ"

သူ၏စကားကြောင့် ကျုန်ချွမ်းသည် ဝမ်းမြောက်ဝမ်းသာ သွား၏။

ကျုန်ချွမ်းသည် စကားဆုံးသည်နှင့် စားပွဲဝိုင်းမှ အပြင်သို့ က်လိုက်သည်။

တစ်ဖန် သူသည် နက်ဖြန်သိုင်းပညာယှဉ်ပြိုင်ရန် ဆောက် သည့်စင်မြင့်ပေါ်သို့ ခုန်တက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



စင်မြင့်ပေါ်သို့ရောက်လျှင် သူသည် လက်သီးဆုပ်လိုက်ပြီး ချင်စိရှောင်အား လှမ်း၍ ခေါ်လိုက်၏။ သူ့စိတ်ကူးအရတော့ သူ… အပိုင်ပင်။

"မိတ်ဆွေကြီး… စင်မြင့်ပေါ်တက်ခဲ့ပါ"

ချင်စိရှောင်သည် မခံချင်သောစိတ်ဖြင့် စင်မြင့်ပေါ်သို့… တက်လိုက်၏။

လရောင်ဇာအောက်တွင် လူငယ်နှစ်ဦးယှဉ်ပြိုင်ရန် အသင့်ဖြစ်… နေသည်။ တစ်ယောက်ကဓားနှင့် တစ်ယောက်က လက်နက်မဲ့…

လူများသည် စင်အောက်သို့ စုရုံးရောက်ရှိလာကြသည်။

သူတို့နှစ်ယောက်အနက် တစ်ယောက်ကရှုံးလျှင် မိုးန… ဓား ဆုံးရှုံးမည်။

အခြားတစ်ယောက်ကရှုံးလျှင် အနည်းဆုံးကိုယ်ပေါ်တွင်… တစ်သက်လုံးပါသွားမည့် အမှတ်အသားတစ်ခုခု ရသွားပေမည်။

ပွဲကြည့်ပရိသတ်ထဲတွင် ကျင်လေရီတစ်ယောက်တည်း… ဝင်၏။

သူမသည် အကဲခတ်ကြည့်လိုက်သောအခါ ကျူန်ချွမ်း… ဖျတ်လတ်မှုအပြည့်ရှိသည့်အပြင် လူစွမ်းကောင်းဟန်ပေါ်လွင်… သည်။

ချင်စိရှောင်သည် ထုံတိုင်းတွေဝေနေသည်။ ဖျတ်လတ်…



…ချေ။ ချင်စိရှောင် ရှုံးမည်က သေချာနေသည်။

အကယ်၍ မိုးနဂါးဓားကို ကျူန်ချွမ်းရရှိသွားလျှင် နောက်… အနည်းငယ်အတွင်း ပန်းသုံးပွင့်မယ်နှင့် ရင်ဆိုင်သည့်အခါ အ… အဆီး နည်းသွားပေလိမ့်မည်။

ထိုစဉ် ချင်စိရှောင်သည် မိုးနဂါးဓားကိုဓားအိမ်ထဲမှ ဆွဲထုတ်… လိုက်သည်နှင့် ဓားမှာ တဝင်းဝင်းနှင့်လက်နေသည်။

ထိုဓားကို အဖိုးတန်ဓားမှန်း လူတိုင်းသိသည်။

ချင်စိရှောင်က ဓားကိုဆွဲထုတ်လိုက်သည်နှင့် ကျူန်ချွမ်း… ခြေသိုင်း (၁၈) ကွက်ကို စတင်နင်းလိုက်သည်။

ရုတ်တရက် သူသည် လက်နှစ်ချောင်းနှင့် ချင်စိရှောင်၏… လုံးကို လှမ်းနှိုက်လိုက်လေ၏။

ထိုအခါ ချင်စိရှောင်က မိုးနဂါးဓားကို ဝှေ့ယမ်းလိုက်ရာ ဓား… ဖြာထွက်လာသည်။

ကျူန်ချွမ်းက ရှေ့သို့မတိုးရဲဘဲ နောက်သို့ဆုတ်လိုက်ရ…

သူတို့နှစ်ဦး၏ ပထမသိုင်းကွက်အရ ကျူန်ချွမ်းသည် ဓားကို… မရနိုင်ကြောင်း ထင်ရှားနေသည်။

တစ်ကြိမ်က ကျူန်ချွမ်းသည် တိဘက်နယ်ရှိ မိကျူန်အခရပ်… ရှိစဉ် ဆရာကြီးတိုးကို့နှင့် အလွန်ရင်းနှီးသော လိပ်သီးသိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတစ်ဦးထံမှ အသံတိတ်လက်နက်ပုန်း သိုင်းကွက်ကို သင်ယူတတ်မြောက်ခဲ့သည်။

ထို့ကြောင့် သူသည် ချင်စိရောင်ကို လက်နက်ဗလာနှင့်ယှဉ်ပြိုင်ရဲခြင်းဖြစ်၏။ ကျုန်ချွမ်းသည် လူလည်ဖြစ်၍ အသာစီးမရသည့်မည်သည့်ကိစ္စကိုမျှ မလုပ်ချေ။

ချင်စိရောင်က ဓားစွမ်းပြလိုက်သည်နှင့် ကျုန်ချွမ်းသည်နောက်သို့ဆုတ်နေ၏။

ကျုန်ချွမ်းထပ်၍ သုံးလှမ်းဆုတ်လိုက်မိသောအခါ သူသည်စင်ဘေးနားသို့ ရောက်ရှိသွားလေ၏။

သူသည် ထပ်၍နောက်ဆုတ်လျှင် စင်အောက်သို့ကျရော ပေါ့တော့မည်။

ထိုအကွက်ကိုမြင်ရသော ချင်စိရောင်က ကျုန်ချွမ်းကို ထင်သေးလာသည်။

သူ့ကိုစင်အောက်သို့ရောက်အောင် လုပ်လိုက်လျှင် တော် ဟု ချင်စိရောင်က စိတ်ကူးပြီး နောက်ထပ်ထိုးခုတ်ရန် ဗဟိုအချက် နင်းကာ ဓားနှင့် တစ်ချက်ထိုးလိုက်၏။

ချင်စိရောင်လှမ်းထိုးလိုက်သော သိုင်းကွက်မှာ မိုးနဂါး သိုင်းကွက်မှ အပြင်းထန်ဆုံးသော 'သိုင်းကျမ်းစောင့်' သိုင်းကွက် ဖြစ်၏။



ထိုစဉ် ကျုန်ချွမ်းသည် စင်၏အစွန်းဘက်သို့ ရောက်နေပြီး ဘေးသို့လှည့်ထွက်ရန်မှာလည်း ဓားအဝိုင်းခံနေရသဖြင့် ထွက်ပေါက်ရှိချေ။

အကယ်၍သာ ကျုန်ချွမ်းက တိုတောင်းသောအချိန်ကလေးတွင် ရှုံးသွားလျှင် ပရိသတ်က ကျေနပ်ကြမည်မဟုတ်။

တိုက်ပွဲကို ပရိသတ်က ရှေရှည်ကြည့်လိုသည်။

ထို့ကြောင့် သူသည် ရုတ်ချည်း ဒူးကိုကွေးကာ ချင်စိရောင်၏ဓားချက်ကို ရှောင်လိုက်ပြီး သူ့နောက်သို့ ခုန်ဝင်သွား၏။

တစ်ဆက်တည်း သူသည် ခြေနှင့်လှမ်းကန်လိုက်သည်။

ချင်စိရောင်ကပင် ထုတ်ဖော်ချီးကျူးလိုက်ရသည်။

"ကောင်းလိုက်တဲ့အကွက်"

ကျုန်ချွမ်းက....

"မကောင်းသေးဘူး မိတ်ဆွေ"

သူက ပြန်ပြောရင်း ခြေနှင့်ချင်စိရောင်၏ခြေသလုံးကို လှမ်းခတ်လိုက်ပြန်သည်။

ချင်စိရောင်က သုံးပေအမြင့်သို့ ခုန်တက်လိုက်ပြီး ပြန်အကျတွင် ဓားကိုလျှင်မြန်စွာ ထိုးသွင်းလေ၏။

ထိုသို့ဖြင့် သိုင်းကွက်ပေါင်း သုံးဆယ်ခန့်ယှဉ်ပြိုင်မိသောအခါ ချင်စိရောင်က သာနေသည်ကို တွေ့ကြရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချင်စိရှောင်က သူ့အား မဲ့ပြုံးပြုံးလိုက်ပြီး အသံတိုးတိုးနှင့် ပြောသည်။

"မိတ်ဆွေ... အခုအခါမှာ စင်အောက်ကိုဆင်းသွားရင် နောက်ကနေပြီး ကျုပ်အန္တရာယ်မပြုဘူး"

သူ၏စကားကြောင့် ကျွန်ချွမ်းက ပြုံးလိုက်ပြီး....

"ကျေးဇူးတင်ပါတယ် မိတ်ဆွေ၊ ဒါပေမယ့် ခင်ဗျား ကျုပ် ကိုကော မှတ်မိသလား"

ချင်စိရှောင်က မျက်မှောင်ကုပ်၍ တစ်ချက်စဉ်းစားပြီး ပြောလိုက်သည်။

"ဟိုတစ်နှစ်က မြင်းပွဲကိုရောင်းသွားတဲ့နောင်တော် မဟုတ် လား၊ အစကတော့ ကျုပ်မမှတ်မိဘူး၊ အခုတော့ မှတ်မိပါပြီ"

"ဟုတ်ပါတယ်"

စကားပြောနေစဉ် သတိလစ်သွား၍ ကျွန်ချွမ်းက ရုတ်တ ရက် ဓားကိုတစ်ချက်ပုတ်လိုက်မှ ချင်စိရှောင်မှာ သတိပြန်ဝင်လာပြီး ဆက်၍တိုက်ခိုက်လေ၏။

သူတို့၏စကားပြောသံသည် တိုးတိုးကလေးဖြစ်၍ စင် အောက်ကလူများ ဘာမှမသိကြချေ။ မကြားရချေ။

ကျွန်ချွမ်းက စကားကိုဆက်ပြန်သည်။

"အဲဒီကျွန်တော်ရောင်းလိုက်တဲ့မြင်းဟာ လေရီလက်ထဲ



ရောက်သွားတာပါ၊ နောက်ပြီး လေရီက ဒီမြင်းကို ဘာကြောင့်ခိုးယူရသလဲ ဆိုတာကော သိရဲ့လား"

"အင်း... ဆက်စမ်းပါအုံး"

ချင်စိရှောင်တစ်ယောက် သူ၏ကျေးဇူးကွင်းထဲ ရောက်လာပြီ ဆို ကျိတ်၍ပြုံးလိုက်၏။

သည့်နောက် သူသည် ကိုယ်တွင်ဝှက်ထားသော 'အသံ ဆိတ်လက်နက်ပုန်း'တစ်မျိုးကို ထုတ်ယူလိုက်ပြီး....

"သူဟာ ရွှေဝါမြေပြွာချင်းရဲ့သမီးပါ၊ သူ့ဖခင်ဟာ ခင်ဗျား ခင်လက်ချက်ကြောင့် သေရ..."

သူ၏စကားမဆုံးမီ ချင်စိရှောင်က....

"ကျုပ်အဖေရဲ့သတင်းမြုပ်နေဟာကြာပြီမို့ သူသေပြီလို့ အမေကထင်နေတာ ဦးလေးဟွာကို သူက ဘာကြောင့်သတ်ရတာ လဲ"

ကျွန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"မယုံချင်လဲနေပေါ့... ဒါပေမယ့် ပစ္စည်းတစ်ခုကိုတော့ ခင် ဗျားမှတ်မိလိမ့်မယ်ထင်တယ်"

ကျွန်ချွမ်း၏စကားကို ကြားရသောအခါ ချင်စိရှောင်မှာ ငိုင် သွား၏။

သူသည် ကျွန်ချွမ်း၏စကားကို စိတ်ဝင်စားလာသဖြင့် ဓား

www.burmeseclassic.com

www.burmeseclassic.com



ချက်များ လျှော့ရှိလာ၏။

သူ့ကို ကျွန်ချွမ်းက ဘာများထုတ်ပြအုံးမလဲဟု စိတ်ထဲတွင် တွေးနေစဉ် သူ့ဖခင်ရှိစဉ်က ကိုင်ဆောင်သော တစုသီးစေ့လက်နက် ပုန်းကို ကျွန်ချွမ်းက လက်ဝါးပေါ်တင်၍ ထုတ်ပြလိုက်ရာ ချင်စိရှောင် သည် ပို၍အံ့အားသင့်သွားလေတော့၏။

သူလွန်စွာ အံ့သြသွားသည်။

ဤတစုသီးလက်နက်မှာ သူတို့ မျိုးရိုးပိုင်ပစ္စည်းဖြစ်သည်။

အခြားလူစိမ်းတစ်ယောက်၏ လက်ထဲတွင် တွေ့ရသည်မှာ အံ့ဖွယ်တစ်ပါးပင်။

"ဒါက ဘယ်ကရလာတာလဲ"

"ရှေ့ဝါမြွေဟွာချင်းရဲ့ အလောင်းအောက်က ရခဲ့တာ"

ထိုစကားကိုကြားရသောအခါ ချင်စိရှောင်မှာ ဝိုင်တွေသွား သည်။

ကျွန်ချွမ်းက အကြံအောင်လေပြီဟု ထင်မိသည်။

သူက ရုတ်တရက် ပြောလိုက်၏။

"မိုးနဂါးဓားကိုပေးပါ"

လက်ညှိုး၊ လက်ခလယ်နှင့် လက်သူကြွယ်ကြား၌ ညှပ်ထား သော 'အသံတိတ်လက်နက်ပုန်း'တစ်မျိုးနှင့် ချင်စိရှောင်၏ ညာဘက် ရင်အုံဆီသို့ ပစ်လွှတ်လိုက်သည်။



ချင်စိရှောင်က သတိရသည်နှင့် ဓားနှင့် တစ်ချက်ယမ်းလိုက် ၏။

ကျွန်ချွမ်းသည် ဓားကိုသာ ရလိုဓောဖြင့် ချင်စိရှောင်၏ တိုက်ကွက်ကိုမရှောင်မိဘဲ ချိုင်းအောက်တစ်နေရာသို့ ဓားဝင်သွားပြီး အကျီစုတ်ပြတ်သည့်အထိ ခံလိုက်ရလေ၏။

ချင်စိရှောင်၏ လက်ဝါးတွင်မှ တစ်စုံတစ်ရာ စူးဝင်ခြင်းကိုခံ လိုက်ရလေသည်။

သူ၏လက်မှာ ထုံကျင်လာ၏။ ထို့ကြောင့်သူသည် ဓားကို ဘယ်လက်သို့ ပြောင်းကိုင်ရန် ပြုလိုက်လိုက်၏။

ကျွန်ချွမ်းသည် ဒဏ်ရာကိုအောင့်ထားပြီး ခြေတစ်ဖက် မြှောက်၍ ချင်စိရှောင်၏ ညာဘက်ကိုကန်လိုက်၏။

ချင်စိရှောင်မှာ လက်ဝါးတွင် လက်နက်ပုန်းထိမှန်ခံရသည့် အပြင် ယခုအကန်ခံရပြန်သည့်အတွက် သူ၏အကြောများတုန့်ဆိုင်း သွားသကဲ့သို့ ခံစားလိုက်ရသည်။

ထိုအခါ ကျွန်ချွမ်းက ဖိ၍တိုက်ခိုက်လာသည်ကို သူသည် ခုခံရန်ကြိုးစားသော်လည်း မရတော့ပေ။

မိုးနဂါးဓားမှာ ချင်စိရှောင်၏လက်ထဲမှ လွတ်ထွက်သွား လေသည်။

အခွင့်ကောင်းကိုစောင့်နေသော ကျွန်ချွမ်းသည် ကျွမ်းပစ်

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဓားကိုဖမ်းယူလိုက်လေ၏။ အောင်မြင်လေပြီ။ ကျုန်ချွမ်း၏တိုက်ခိုက်မှု အောင်မြင်သွားလေပြီ။

ကျုန်ချွမ်းက သရော်ပြုံးပြုံးလိုက်ပြီး....

"မိတ်ဆွေကြီး ဒီဓားဟာ ခင်ဗျားဆရာရဲ့ဓားမို့ ပိုင်ရှင်လက်ထဲပြန်ပေးလိုက်ရင် မကောင်းဘူးလား"

ဓားကိုပြန်ယူလိုသော်လည်း ပရိသတ်ရှေ့တွင်ဖြစ်နေ၍ ကတိကလည်း ပေးပြီးသားဖြစ်၍ သူက ပြောလိုက်ရ၏။

"မဟုတ်တာ... ကတိအတိုင်းပဲပေါ့"

ထိုသို့ပြောပြီး ကြည့်လိုက်သောအခါ တစ်ထောင်ခန့် အောက်တွင် လုံးဝထုံနေခြင်းကိုခံစားမိသည့်အတွက် ကျုန်ချွမ်း၏ လုပ်ကြံမှုကို ခံလိုက်ရမှန်းသိကာ စင်အောက်သို့ခုန်ဆင်းရန် ဟန်ပြင်လိုက်သည်။

ကျုန်ချွမ်းက ဓားကိုကိုင်ပြီး ပြုံးရွှင်သောမျက်နှာထားနှင့် ပြောသည်။ သူလွန်စွာ နှစ်ထောင်းအားရဖြစ်နေပေပြီ။

"နောင်တော်ရဲ့ဆန္ဒအရ ကျွန်တော်လက်ခံပါ့မယ်"

ထိုသို့ပြောပြီး သူတို့သည် စင်ပေါ်မှဆင်းရန်ဟန်ပြင်သည်။

မိန်းကလေးတစ်ဦး ရုတ်တရက် စင်မြင့်ပေါ်သို့ခုန်တက်လာသည်ကို တွေ့လိုက်ရလေ၏။

သူတို့နှစ်ဦးသည် စင်အောက်သို့ ပြိုင်တူကြည့်လိုက်သောအခါ ကျင်လေရှီသည် ရှမ်နုရင်နှင့်အတူ ရှိနေကြသည်။



ထို့ကြောင့် ယခုတက်လာသူမှာ ထန်လေရှီဖြစ်ကြောင်း သိလိုက်ကြရသည်။

ထန်လေရှီက သူတို့အား စေ့စေ့ကြည့်ကာ တားမြစ်လိုက်၏။

"ရှင်တို့နှစ်ယောက်စလုံး မဆင်းကြနဲ့အုံး"

ကျုန်ချွမ်းက မျက်မှောင်ကုပ်သွား၏။

"ဘာဖြစ်လို့လဲ"

ထန်လေရှီက မဲ့ပြုံးတစ်ချက်ပြုံးပြီး....

"ခုနက ရှင်တို့နှစ်ယောက်ရဲ့ ယှဉ်ပြိုင်ပွဲကို ကြည့်ရတာကောင်းပေမယ့် အများက အာသာမပြေကြဘူး၊ ဒါကြောင့် ကျွန်မက ရှင့်ကိုလက်ချည်းသက်သက်နဲ့ တစ်ပွဲလောက် စမ်းချင်သေးတယ်"

စောစောပိုင်းက ကျုန်ချွမ်းသည် ချင်စိရှောင်အား မခံသာအောင် ပြောလိုက်သကဲ့သို့ ထန်လေရှီက သူ့အား စကားဖြင့်စစ်ဆင်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

## အသက်ပြင်းသောဆရာမကြီး

ထန်လေရီက ပြုံး၍စိန်ခေါ်နေသည်ကို တွေ့ရသောအ
ကျူနှင့်ချမ်း၏စိတ်ထဲတွင် လွန်စွာကျေနပ်နေ၏။

သူမသည် သေချာပေါက်နိုင်မည်ကို တွက်ထားသည်
တွက် ယခုကဲ့သို့ ချိုသာသောမျက်နှာထားနှင့် စိန်ခေါ်ခြင်းဖြစ်သည်
ဟု သဘောပေါက်သည်။

သို့သော် သူမတွင် ပရိယာယ်ရှိရမည်။



ထို့ကြောင့် သူမ၏စိန်ခေါ်ခြင်းကို လက်ခံရမလား သို့မ
ဟုတ် ငြင်းပယ်ရကောင်းမလားဟု တွေးနေမိသည်။

အကယ်၍ သူမ၏စိန်ခေါ်ခြင်းကို ယှဉ်ပြိုင်၍ရှုံးပါက ချင်စိ
ချောင်ထံမှရထားသော မိုးနဂါးဓားပြန်ပါသွားမည်။

မရှုံးလျှင်တော့ အကြောင်းမဟုတ်ချေ။

နောက်ဆုံး သူသည် ဆုံးဖြတ်ချက်ချလိုက်လေ၏။

မိုးနဂါးဓားကိုတော့ လက်လွှတ်မခံနိုင်။

ဤတစ်ကြိမ်အရှက်ကွဲလျှင် ကွဲစေတော့။ နောက်တစ်ကြိမ်
မိုးနဂါးဓားနှင့် သိုင်းကွက်ကိုလေ့ကျင့်ပြီးမှ လာရောက်ထပ်မံယှဉ်ပြိုင်
ကာ ယခုအရှက်ကိုပြန်လည်၍ အဖတ်ဆယ်တော့မည်။

သူသည် ထိုသို့ဆုံးဖြတ်ပြီးသည်နှင့် ပြုံး၍နောက်သို့ တစ်
လှမ်းဆုတ်လိုက်ကာ ဦးညွှတ်ဂါရဝပြုလိုက်လေ၏။

“ကျွန်တော်မယှဉ်ရဲတဲ့အတွက် စင်အောက်ကိုဆင်းခွင့်ပြု
ပါတော့၊ ကျွန်တော် အရှုံးပေးပါတယ်ဗျာ”

သူ၏စကားကြောင့် ထန်လေရီသည် အံ့အားသင့်သွားမိ
သည်။ သူမ စကားမပြောနိုင်အောင်ဖြစ်သွားသည်။

သူမမှာ ဘာမှမတတ်နိုင်ဘဲ တွေဝေသွားလေတော့သည်။

အမှန်မှာ သူမသည် တိရစ္ဆာန်ဘုရင်ရှန်ပိန်း၏ ညွှန်ကြား
ချက်ကြောင့် အချိန်မီလာရောက်သော်လည်း ကျူနှင့်ချမ်းက မယှဉ်ဘဲ

www.burmeseclassic.com



အရှက်မဲ့စွာ အရှုံးပေးသွား၏။

ထန်လေရီသည် သူမဆရာရှန်ပိန်းနှင့် တွေ့ဆုံရန် ဖန်တီးခဲ့ခြင်းမှာ အကြောင်းရှိသည်။

သူမသည် ရှောင်ပင်း၏လခြမ်းပုံ ဓားဘေးမှလွတ်ကင်းအောင် ရေတံခွန်၏အောက်ခြေ ရေကန်ထဲသို့ ခုန်ချခဲ့ရသည်။

သူမသည် ရေကန်အောက်မှမြေကြီးအထိ စုံးစုံးမြုပ်သွားလေ၏။

ရေကန်အောက်ခြေအထိ ရောက်ရှိသွားခြင်းဖြစ်သည်။

သူမသည် ရေကန်အောက်ခြေကို နင်းမိသည်နှင့် မျက်လုံးအစုံကို ဖွင့်ကြည့်လိုက်မိသည်။

ရေထဲတွင် အလင်းရောင်ပိုမိုတောက်ပပြီး နေရာတိုင်းတွင် အစိမ်းရောင်သန်း၍ အလွန်လှပနေသည်။

သူမသည် ရေကန်အောက်ခြေတွင် သုံးလေးလှမ်းလျှောက်ရန် ကြိုးစားလိုက်သည်။

"ခုလောက်ဆိုရင် ရှောင်ပင်းတို့လူစုပြန်သွားလောက်ပါပြီ သူတို့ ငါ့ကိုမမြင်တွေ့မချင်းတော့ ရှာမှာမဟုတ်ဘူး"

သူမသည် ထိုသို့စဉ်းစားပြီး ရေပေါ်သို့ပြန်တက်ရန်ပြင်ငံ မိမိရှေ့တွင် လူတစ်ယောက် လျှင်မြန်စွာကူးလာနေသည်ကို တွေ့မြင်လိုက်ရသည်။



သူမသည် ထိတ်လန့်သွားမိသည်။

ထိုသူသည် ရေထဲတွင် အလွန်ကျွမ်းကျင်စွာ လှုပ်ရှားသွားနိုင်၏။ သူ၏လှုပ်ရှားမှုမှာ အလွန်လျင်မြန်၏။

ထိုသူမှာရန်သူလော မိတ်ဆွေလော ဟူ၍မသိပါ။

ရှောင်ပင်းဘက်မှလူသာဖြစ်နေပါက မိမိကို အန္တရာယ်ပြုမည်မှာ မလွဲချေ။

ထို့ကြောင့် သူမသည် ဆက်၍မတွေးတော့ဘဲ အထက်သို့ထွက်ရန် ခြေဖြင့်မြေကြီးကို ကန်တက်လိုက်သည်။

ထိုစဉ် ထိုသူအနီးသို့ ရောက်ရှိလာလေတော့သည်။

ထန်လေရီက သေချာစွာကြည့်လိုက်သောအခါမှ သူမသည် အတိုင်းမသိ ဝမ်းသာသွားသည်။ ထိုသူကား မည်သူပေနည်း။

သူမက ပါးစပ်ဟရန် ဟန်ပြင်လိုက်သည်နှင့် ရေများ နှာခေါင်းနှင့် ပါးစပ်ထဲသို့ ဝင်သွားသည်။

ထန်လေရီ တွေ့မြင်ရသူမှာ သူမ၏ ဆရာဖြစ်သော တိရစ္ဆာန်များဘုရင် ရှန်ပိန်းဖြစ်နေလေသည်တကား။

သူမသည် သတိတစ်ချက်လွတ်သွားသည်နှင့် မျက်လုံးများ ...ဘာ နှာခေါင်းများ၊ ပါးစပ်များထဲသို့ ရေများဝင်လာသည်။

တိရစ္ဆာန်များဘုရင်က သူမလက်ကို ဆွဲ၍ တက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ သူတို့သည် ရေပေါ်သို့ရောက်ရှိလာသည်။

ရှန်ပိန်းသည် အချိန်မှီ သူမ၏အသက်ကို ကယ်တင်နိုင်ခဲ့လေသည်။ ထန်လေရီ ရေမွန်းနေပြီ မဟုတ်ပါလော။

ရှန်ပိန်းသည် ထန်လေရီကိုအချိန်မီ ကုသပြုစုပေး၏။

ကုန်းပေါ်သို့ရောက်ရှိလာသောအခါ သူတို့သည် ခေတ္တအမောပန်းဖြေကြရသည်။

ထန်လေရီသည် သူမ၏ဆရာရှန်ပိန်းအားကြည့်ကာ မေးလိုက်၏။

"အစ်ကိုကြီးက ဒီကိုဘယ်လိုလုပ်ရောက်လာရတာလဲ [...] နောက်ပြီး ရှောင်ပင်းရဲ့အကြံအစည်တွေကိုကော သိပြီးပြီလား အစ်ကိုကြီး"

ရှောင်ပိန်းက မျက်မှောင်ကုပ်လိုက်ပြီး....

"ငါ ဒီကိုရောက်လာတာတော့ မဆန်းပါဘူး၊ ဒါပေမယ့် [...] မရှိတုန်း ဘယ်မှမသွားဖို့ မှာထားရဲ့နဲ့ဘာဖြစ်လို့ ငါ့စကားကိုနားမထောင်ရတာလဲ၊ နင်ဟာ အမြဲတမ်းတစ်ဖွတ်ထိုးလုပ်တာပဲ၊ ငါ့စကားကို နားမထောင်ဘူး"

ထန်လေရီသည် ရှန်ပိန်းခရီးထွက်နေစဉ် တောင်ပေါ်မှ တိတ်တဆိတ် ဆင်းလာခဲ့သည်။ ရှန်ပိန်း စိတ်ဆိုးနေသည်။

ဆရာ၏ အပြစ်တင်ခြင်းကိုငြိမ်၍ ခေါင်းငုံ့ကာ နားထောင်နေလိုက်ရသည်။ သူမစောဒက မတက်ရဲချေ။



ရှန်ပိန်းက သူမကိုစေ့စေ့ကြည့်ကာ....

"မိန်းကလေးနဲ့ငါဟာ ဆရာတပည့်လို မဆိုနိုင်ပေမယ့် ငါ့ဆီမှာ သိုင်းပညာလာပြီး ဆည်းပူးနေတဲ့အတွက် ဒီလိုအမိန့်မနာခံတဲ့သူကို ဘယ်လိုလုပ်ခွင့်လွှတ်နိုင်ပါ့မလဲ"

သူ၏စကားက ပြတ်သားလှသည်။ ရှန်ပိန်းသည် ပြောသည့်အတိုင်း လုပ်မည့်သူဖြစ်သည်။

မျက်လုံးအစုံက စူးရှ၍ တောက်ပနေသည်။

ထန်လေရီသည် ကြောက်ရွံ့နေသည်။

သူမသည် ခေါင်းကိုအသာမော့၍ ကြည့်လိုက်ပြီး သူမ၏ဖြစ်ရပ်မှန်ကို ပြန်လည်၍ ပြောပြသည်။

သူ့အပြစ်ကို မချေဖျက်နိုင်သော်လည်း ပြောပြရမည်ကတော့ သေချာသည်။

သူမသည် တာပျက်စန်းတောင်မှ ထွက်ခွာလာပြီးနောက် [...]ရှောင်နှင့် တွေ့ဆုံမိကြပြီး လူပုစီလျူစင်း၏ တိုက်ခိုက်မှုကိုခံရသည်။

အတွင်းဒဏ်ရာရရှိခဲ့ရာ ချင်စိရှောင်က သေပြီဟုထင်၍ ထားခဲ့ပြီးနောက် ရှန်ပိန်းနှင့်တွေ့ဆုံကာ အသက်ချမ်းသာရရှိခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ထန်လေရီသည် မိမိ၏ မြေပုံနေရာသို့ ရောက်လာသောအခါ ချင်စိရောင်နှင့်တွေ့ ရှိပုံမှအစ သူမ၏ကြုံတွေ့ခံစားရပုံ အဖုံဖုံကို ရှင်းလင်းပြောပြလိုက်လေတော့သည်။

သူမ၏စကားဆုံးသွားသည်။

ရှန်ပိန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး....

"မင်းပြောတဲ့အတိုင်းဆိုရင် ချင်စိရောင်က တကယ့်ကိုစိတ်သဘောထားကောင်းတဲ့ လူတစ်ယောက်ပါ၊ သူဟာ မင်းအပေါ် တကယ့်ကို မေတ္တာစစ်မေတ္တာမှန်နဲ့ သံယောဇဉ်ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်၊ ပြီးခဲ့တဲ့ အဖြစ်အပျက်တွေက သက်သေခံနေတာပဲ"

သူ၏လေသံမှာ ပျော့ပျောင်းသွားသဖြင့် ထန်လေရီက သူ၏ဆရာ စိတ်ပြေသွားသည်ကို သတိပြုမိလိုက်သည်။

ထို့ကြောင့် ထန်လေရီက အရဲစွန့်ကာ....

"အစ်ကိုကြီး... ဒီတစ်ကြိမ်တော့ ကျွန်မကိုခွင့်လွှတ်ပါ၊ နောင်ဆိုရင် ကျွန်မစိတ်ထင်တိုင်း မလုပ်တော့ပါဘူး"

သူမက ထိုသို့ပြောပြီးနောက် သူ၏ဆရာ့အဖြေကို စောင့်နေလေသည်။

ရှန်ပိန်းသည် သူမကိုမကြည့်ချေ။

သူသည် ဝဲဘက်သို့အနည်းငယ်စောင်း၍ အကဲခတ်ကြည့်သည်။



"ဘယ်ကမိတ်ဆွေလာပြီး ချောင်းနားထောင်နေတာလဲ၊ ထွက်ခဲ့ပါ"

"ဟား... ဟား... ဟား"

ရယ်သံကြားလိုက်ရသည်။

ထို့နောက် စကားသံပေါ်လာသည်။

"ရှန်ပိန်းဟာ ထိပ်သီးသိုင်းသမားတစ်ဦးပီပီ နားကလဲအပါးတာကိုး၊ လေရီဟာ မင်းကသနားပြီး ခွင့်လွှတ်လိုက်ပြီဆိုပါတော့"

ထိုစကားပြောသံမှာ မိမိ၏ဆရာရင်း စိမ့်ဟွမ်း၏အသံမှန်းသိလိုက်ရလေ၏။

ဆရာမကြီးစိမ့်ဟွမ်းသည် မိမိရှေ့တွင်ပင် ဆရာကြီးတိုးကို သက်ချက်ကြောင့် ချောက်ထဲကျသွားခြင်းကိုတွေ့ခဲ့ရ၏။

ထို့ကြောင့် အသံရှင်မှာ မိမိဆရာရင်း ဖြစ်နိုင်မဖြစ်နိုင်ကို တွေးနေမိလေ၏။

ထိုစဉ် တစ်ဘက်ကျောက်တုံးကြီးဘေးမှ ပါးရေတွန့်နေသော အဘွားအိုတစ်ယောက် ထွက်လာသည်ကို အံ့သြစွာ တွေ့မြင်ရသည်။

အဘွားအိုမှာ မိမိ၏ဆရာရင်းစိမ့်ဟွမ်းနှင့် လုံးဝမတူချေ။ ရှန်ပိန်းက သူမအားကြည့်ရင်း တည်ကြည်သောအသံ

www.burmeseclassic.com

www.burmeseclassic.com



နှင့်....

"မိုးပျံကျောင်းက ဆရာမကြီးစိမ့်ဟွမ်းကို အမည်သာကြား ဖူးခဲ့တယ်၊ အခုမှပဲ လူကိုယ်တိုင်တွေ့ရတော့တယ်၊ ခုလိုတွေ့ရတာ အင်မတန်မှ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်၊ ဒါပေမယ့် ရုပ်မျက်နှာ တိုင်းမြင်ရရင် ပိုပြီးကောင်းပါလိမ့်မယ်"

"ဟား... ဟား... ဟား"

အဘွားအိုက တဟားဟား ရယ်မောလိုက်ပြီး လက်... မျက်နှာကို သပ်လိုက်သောအခါ အရုပ်ဆိုး၍ အသားအရေတွန့်... သော အဘွားအို၏မျက်နှာမှာ ကျက်သရေရှိပြီး လေးစားဖွယ်... သူမ၏မူလရုပ်သွင် ပေါ်လာသည်။ သူမ၏နဂိုရုပ်ရည်ပေတည်း...

သူမမျက်နှာတွင် တပ်ဆင်ထားသော မျက်နှာဖုံးခွာ... ချွတ်လိုက်သောကြောင့်ဖြစ်သည်။

ထန်လေရီသည် သူမ၏ဆရာကိုမြင်တွေ့ရလျှင် ... ထောက်ကိုပြေး၍ဖက်လေ၏။

"ဆရာ... တပည့်ကို ပေးချင်တဲ့အပြစ်ကိုပေးပါ ဆရာ"

ဆရာမကြီးစိမ့်ဟွမ်းက ရယ်လိုက်ပြီး ရှန်ပိန်းကို ပြော... လေ၏။

"ငါ့တပည့်ဟာ သိုင်းလောကရဲ့ ဗဟုသုတအမျိုးမျိုး... ဆိုင်ကြုံတွေ့ခဲ့တာတောင် ခုထိ ကလေးစိတ် မကုန်သေးဘူး...



...ယ်စရာဖြစ်မနေဘူးလား ရှန်ပိန်း"

ဆရာတပည့် ပြောဆိုနေကြခြင်းကို ရှန်ပိန်းက ပြုံး၍ကြည့် နေသည်။

ထန်လေရီက ဆရာမကြီးစိမ့်ဟွမ်းကို အံ့သြစွာ ကြည့်လိုက် ...ာ....

"ဆရာ ချောက်ထဲတွန်းချခံရပြီး ဘယ်လိုလုပ် ဒီကိုရောက် ...ာရတာလဲ"

"တိုးကို့နဲ့တိုက်ခိုက်ရင်း ချောက်ထဲကျခဲ့ပေမယ့် ကံကောင်း ...့ သစ်ပင်တစ်ပင်ပေါ်တင်ပြီး အသက်မသေဘဲ ကျောင်းပေါ်ပြန် ...က်နိုင်ခဲ့တယ်၊ ဒါပေမယ့် တပည့်ကိုရော တိုးကို့ပါ မတွေ့ရတော့ ...း ဒါနဲ့ငါလဲ တိုးကို့ကို နေရာအနှံ့လိုက်ရှာရင်း နောက်ဆုံးအဘွား ...န်းနဲ့ တိုးကို့တို့ရဲ့ ယှဉ်ပြိုင်ပွဲအကြောင်းကိုသိရလို့ မနေ့ကမှ ဒီကျွန်း ...အရောက်လာခဲ့ရတာ၊ ဒီကျတော့မှ ရှန်ပိန်းကိုတွေ့ရတာပဲ"

ထန်လေရီက ဝမ်းသာအားရပြောလေ၏။

"ဝမ်းသာလိုက်တာဆရာ... ဒါထက် တိုးကို့ကိုပြန်ပြီး မဆုံး ...တော့ဘူးလားဆရာ၊ ဒီအဘိုးကြီး သိပ်ပြီးလူစွာလုပ်တာပဲ"

"သူ့ကို ခုဆုံးမလို့မဖြစ်သေးဘူး၊ သူနဲ့အဘွားကျန်းနဲ့ယှဉ် ...ပြီးမှ သူ့ကိုဆရာဆုံးမမယ်၊ မကြာခင် တပည့်တွေ့ရမှာပါကွယ်"

ဆရာမကြီးစိမ့်ဟွမ်းသည် ရှန်ပိန်းဘက်သို့လှည့်ကာ....

www.burmeseclassic.com

www.burmeseclassic.com



"ရှန်ပိန်း... ဒီကောင်မလေးကို ဆုံးမမယ်ဆိုရင် ကျွန်
အားမနာနဲ့ ကြိုက်သလိုသာ ဆုံးမနိုင်ပါတယ်၊ ဒီကောင်မလေး
သိပ်ဆိုးတယ်... အလိုလိုက်လို့မဖြစ်ဘူး၊ စိတ်ထင်ရာလုပ်တတ်တယ်"

ထန်လေရီက...

"တောင်းပန်မပေးတဲ့အပြင် အစ်ကိုကြီးကို ဆုံးမနိုင်း
တော့ ရက်စက်ရာမကျဘူးလားရှင်၊ တပည့်မမိုက်တော့ပါဘူး"

ဆရာမကြီးစိမ့်ဟွမ်းနှင့် ရှန်ပိန်းတို့သည် မရယ်ဘဲမနေ
တော့ပါ။

ထို့နောက် ထန်လေရီသည် လူဆိုးများဖြစ်သော ရှောင်
တို့လူစု၏ အကြံအစည်များကို အလုံးစုံ ဖွင့်ဟပြောကြားလိုက်သည်

သူမသည် ဂူထဲ၌အကြံအစည်များကို သိခဲ့ရသည်မဟုတ်
လား။

သူတို့သုံးဦးတိုင်ပင်နေကြစဉ် အဝေးဆီမှ ခေါင်းလောင်း
သံကိုကြားရသောအခါ ဆရာမကြီးစိမ့်ဟွမ်းသည် ရုပ်ပြောင်းသေ
မျက်နှာဖုံးစွပ်ကိုပြန်တပ်လိုက်သည်။

"ညစာစား ခေါင်းလောင်းသံတောင်ကြားရပြီ၊ ကဲ... ကျွ
ရှေ့ကသွားနှင့်မယ်၊ လူခွဲသွားကြတာပေါ့... ရှန်ပိန်းတို့နောက်
လိုက်ခဲ့ကြပေတော့"

ရှန်ပိန်းက ခေါင်းညိတ်လိုက်သည်။



သည့်နောက် သူတို့သည် လူခွဲ၍ ထမင်းစားပွဲရှိရာသို့ လာခဲ့
ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

အသံတိတ်လက်နက်ပုန်း

ထန်လေရီက ရှန်ပိန်းကိုကြည့်ကာ ပြောလိုက်လေ၏

"အစ်ကိုကြီး ကျွန်မတို့ ဟိုစည်ကားတဲ့နေရာကို သွားကြ
အောင်လား"

ရှန်ပိန်းက တစ်စုံတစ်ရာကို သတိလိုက်မိသည်။

"နေအုံး... ဟိုအရင်တစ်ခါ အစ်ကိုကြီး တောစခန်းခ
ထွက်ခင်က တပည့်ကိုလက်နက်တစ်မျိုး ရှာပေးမယ်လို့ပြောဖူးတာ



မဟုတ်လား၊ အဲဒါ အခုမလိုချင်ဘူးလား"

"လိုချင်တာပေါ့ အစ်ကိုကြီး၊ သိုင်းလောကမှာ လက်နက်
ဟာ သိပ်အရေးကြီးတာပဲ"

ရှန်ပိန်းက ပြုံးလိုက်ပြီး....

"အဲဒီလက်နက်တွေဟာ အရွယ်အစားမတူတဲ့ ဓားခုနစ်
လက်ဖြစ်တယ်၊ လိုရင်းကိုပြောရရင် ဓားဆန်းလို့ခေါ်တယ်"

သူမက အံ့သြဝမ်းသာခြင်းဖြင့်....

"ဟာ... လက်စသတ်တော့ အစ်ကိုကြီးက ဓားဆန်းတွေကို
သားပြီကိုး၊ သိပ်ဝမ်းသာတာပဲ"

ရှန်ပိန်းက ခေါင်းခါယမ်းလေ၏။

"မရသေးပါဘူး... လောမကြီးပါနဲ့လေ၊ နားထောင်ပါအုံး...
ဇာတ်လမ်းတောင် မပြောရသေးဘူး"

"ဒါဖြင့် မြန်မြန်ပြောပါ အစ်ကိုကြီးရယ်၊ ညီမ သိချင်လှပြီ"

ရှန်ပိန်းက တစ်ချက်ပြုံးပြလိုက်ပြီး....

"တို့ကို့က ဒီကျွန်းကိုအသုံးချဖို့ အဘွားကျွန်းဆီမှာ ငှားရမ်း
ယ်ဆိုတဲ့ သတင်းကိုကြားရကထဲက သူ့မှာအကြံတစ်ခုခုတော့ ရှိ
လို့ တွက်ဆမိတယ်၊ ဒါနဲ့တို့ကို့ကို လိုက်ရှာခဲ့တာ၊ စီးချွမ်းနဲ့စီးမမ်း
ပ်ကိုရောက်တော့ သူတို့ကိုတွေ့တာပါပဲ"

ရှန်ပိန်းက စကားကိုခေတ္တရပ်သွားပြီးမှ တစ်ဖန်ဆက်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။

"အဲ... ညကျတော့ သူတို့နေတဲ့နေရာကိုသွားပြီး ချောင်းမြ
ထောင်ကြည့်တော့ တိုးကို့နဲ့လူငယ်တစ်ယောက်တို့ စကားပြောနေ
တာကိုကြားရတယ်၊ သူတို့ဟာ ဒီဓားဆန်းတွေကိုရှာဖွေချင်လို့ ဒီကျွန်း
ကိုလာတာပဲ၊ တော်တော် အကြံကြီးတဲ့လူတွေပါပဲ"

ထန်လေရီက ထိတ်လန့်သွားသည်။

"ဟုတ်နိုင်မယ်မထင်ဘူး... အဘွားကျန်းကိုယ်တိုင်လဲ ဒီဓား
ဆန်းတွေရဲ့ အစွမ်းထက်ပုံကို သိထားတယ် မဟုတ်လား၊ တကယ်
ဒီကျွန်းပေါ်မှာသာ ရှိနေမယ်ဆိုရင် စောစောပိုင်းကတည်းက
လက်ထဲရောက်နေရောပေါ့၊ အဘွားကျန်းရာပြီး ဖြစ်ရောပေါ့"

"အစ်ကိုကြီးကိုယ်တိုင် သူတို့တိုင်ပင်နေတာကို ကြားခဲ့
ပါ၊ သူတို့ပြောတာတွေမှန်တယ်လို့ အစ်ကိုကြီးယူဆတယ်၊ သူ
ပြောနေတဲ့အထဲမှာ ရွှေဝါမြွေဟွာချင်းက ကျင်ကန်းကိုလှည့်စား
အဲဒီဓားတွေနဲ့ အသုံးပြုဖို့ နိသျှည်းစာအုပ်ကိုပါယူပြီး ဒီကျွန်းလို
မှာ ဝှက်ထားခဲ့တယ်၊ နောက်တော့ ကျင်ကန်းနဲ့ဟွာချင်းတို့ဟာ
စန်း တောင်ပေါ်တက်သွားကြပြီး တစ်ယောက်နဲ့တစ်ယောက် အ
တိုက်ခိုက်ကြတော့တာပဲ၊ သူတို့အပြင်းအထန် တိုက်ခိုက်ခဲ့ကြ"

ရှန်ပိန်း၏စကားကို ကြားလိုက်ရသောအခါ ထန်လေ
သည် အံ့အားသင့်သွားလေတော့သည်။



အတန်ကြာမှ...

"လက်စသတ်တော့ ဒီဓားဆန်းတွေကို ဖေဖေက ဒီမှာလာ
ဝှက်ထားတာကိုး၊ ဖေဖေနဲ့ကျင်ကန်းတို့ တစ်ယောက်နဲ့တစ်ယောက်
အသေသတ်ကြတယ်ဆိုတာကို အစ်ကိုကြီးက ဘယ်လိုလုပ်သိသလဲ
ဟင်၊ ညီမတို့တော့ ဘာသတင်းမှမရခဲ့ဘူး"

ရှန်ပိန်းက မျက်မှောင်ကုပ်စဉ်းစားလိုက်ပြီး...

"အဲဒီအကြောင်းတွေအားလုံးကို ဟိုလူငယ်က တိုးကို့ကို
ပြောပြနေတာပဲ"

ရှန်ပိန်းမှာ တည်ကြည်သောသူဖြစ်ကြောင်း ထန်လေရီက
အကြွင်းမဲ့ယုံကြည်သည်။

တိုးကို့နှင့်လူငယ်တစ်ဦးဆိုသည်မှာ ကျုန်ချွမ်းသာဖြစ်ရ
ည်ဟု သိလိုက်သည်။

သူတို့သည် ဆရာတပည့်ဖြစ်နေသည် မဟုတ်ပါလော။

မြင်းကုန်းနီးမှာ ဟိုရောက်ဒီရောက်နှင့် အဲဆင့်ဆင့်ရောက်
နောက်ဆုံး ကျုန်ချွမ်းသည် မြင်းကုန်းနီး၏ လျှို့ဝှက်ချက်များသိ
သည့်အတွက် ရှန်ပိန်းပြောသည့်အတိုင်း မှန်ကန်မည်မှာမလွဲ

ထန်လေရီသည် ချင်စိရှောင်အပေါ် မေတ္တာသ ဝင်မိ
သော်လည်း ချစ်သူ၏ဖခင်က မိမိ၏ဖခင်အား အဆုံးစီရင်လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အတွက်ကြောင့် မိမိတို့၏ ချစ်လမ်းခရီးအတွက် အတားအဆီးတစ်ခု ဖြစ်နေသည်ကို သူမသိ၍။

ထို့ကြောင့် သက်ပြင်းတစ်ချက်ချလိုက်မိသည်။

သို့သော် ရှန်ပိန်းက ထန်လေရီ၏ရင်ထဲတွင် ခံစားနေ သောအကြောင်းများကို မသိရှာပေ။

သူက စကားကိုဆက်ပြန်သည်။

"ဒီဓားဆန်းခုနစ်လက်ဟာ ဒီကျွန်းပေါ်ရောက်နေတာ တွေ့အောင်ရဖို့ မခက်ခဲတဲ့ကိစ္စကို မင်းက ဘာဖြစ်လို့များ သက်ပြ ချနေရတာလဲ"

ရှန်ပိန်းသည် ထန်လေရီအား မျက်မှောင်ကုပ်ကြည့်လို ပြီး.....

"မင်းကို သူတစ်ပါးဆီက လက်နက်ရအောင် လုယူနိုင် သိုင်းကွက်တွေကိုလဲ သင်ပေးထားတယ်မဟုတ်လား"

ထန်လေရီသည် လက်နက်မဲ့ဖြစ်သော်လည်း ရန်သူ့လက် မှ လက်နက်ကိုလုယူသော သိုင်းငါးကွက်ကို တတ်မြောက်ထားသည်

သို့သော် ရှန်ပိန်းကြားရသောသတင်းမှာ အကုန်မဟုတ် တစ်ဝက်သာ ရှိသည်။

အဘယ့်ကြောင့်ဆိုသော် ကျူနန်ချွမ်းသည် ဉာဏ်များသူ ၍ အဘယ်မှာလျှင် တိုးကို့အား အကုန်အစင်ဖွင့်ပြောပါမည်န



သူ့ထံတွင်ရှိသော အငယ်ဆုံးဓားတစ်လက်ကိုမှု ဖွင့်၍မ ပြောချေ။ ဤသည်ကို တိုးကို့လည်းမသိချေ။

ထိုသို့ဖြင့် သူတို့သည် ကွင်းမြင်သို့ရောက်လာသောအခါ ချင် စိရှောင်နှင့်ကျူနန်ချွမ်းတို့ အလောင်းအစားနှင့် ယှဉ်ပြိုင်နေကြ ကြောင်းဘေးမှလူများထံမှ ကြားသိခဲ့ရသည်။

ရှန်ပိန်းက ထန်လေရီဘက်လှည့်ကာ....

"တကယ်လို့ ချင်စိရှောင်သာ ရှုံးရင်တပည့်က တတ်ထားတဲ့ ာက်နက်လုယူနည်း သိုင်းကွက်ကိုအသုံးချပြီး မိုးနဂါးဓားကို လူယုတ် ာလက်ထဲက ပြန်လုယူရမယ်၊ မိုးနဂါးဓားဟာ အစွမ်းထက်တယ်"

ထန်လေရီက ချင်စိရှောင်ရှုံးမည်ဟု မထင်ချေ။

သို့သော် သူမသည် အထင်နှင့်အမြင်လွဲခဲ့ရ၏။

ချင်စိရှောင်က ကျူနန်ချွမ်းနှင့်ယှဉ်ပြိုင်နေရာမှ ရှုံးတော့မည် ိုပ်အခြည်ပေါ်လာပြီး နောက်ဆုံးဓားကို ကျူနန်ချွမ်း၏လက်ထဲ ပ်လိုက်ရခြင်းကို မြင်ရသည်။

ထန်လေရီသည် ရှန်ပိန်း၏အမိန့်ကိုပင် မစောင့်တော့ဘဲ ြင့်ပေါ်သို့ခုန်တက်သွားပြီး ကောက်ကျစ်သော ကျူနန်ချွမ်းအား ေါ်ခဲ့သည်။

ကျူနန်ချွမ်းသည် ဓားကိုလက်လွှတ်မခံလိုသောကြောင့် အရှုံး ာ စင်မြင့်ပေါ်မှ ဆင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသည်မှာ ထန်လေရီ၏ မထင်မှတ်သော အဖြစ်အပျက်ပင် ဖြစ်လေ၏။

မည်သို့ပင်ရှိစေ ထန်လေရီက ဓားကိုပြန်လုယူရန် ဆုံးဖြတ်ချက်ချလိုက်သည်။ လူယုတ်မာ၌ မိုးနဂါးဓားရှိမနေသင့်ပေ။

ထိုစဉ် ချင်စိရှောင်၏ညည်းတွားသံကို ကြားလိုက်ရသဖြင့် ထန်လေရီသည် လှည့်မကြည့်ဘဲ မနေနိုင်ချေ။

သူမသည် လှည့်ကြည့်လိုက်သောအခါ ချင်စိရှောင်အား ဒဏ်ရာရ၍ ခံစားနေရသည်ကိုမြင်တွေ့ရသည်။

သူမသည် ကျုန်ချွမ်းနှင့်စကားအနည်းငယ် အချီအချပြောကြားနေချိန်တွင် ချင်စိရှောင်၏မျက်နှာမှာ သိသိသာသာပြောင်းလဲနေသည်ကိုတွေ့ရလေ၏။ ချွေးသီးချွေးပေါက်ကြီးများ ကျလာသည်

"အစ်ကို ဘာဖြစ်သွားသေးလဲ"

သူမသည် မေးလိုက်မိလေ၏။

ချင်စိရှောင်က ညာလက်မောင်းကို လက်ညှိုးနှင့်ထိုးပြရင်း လေသံတိုးတိုးဖြင့် ပြောသည်။

"ဘယ်လိုလျှို့ဝှက်လက်နက်မျိုး မှန်သွားတာလဲ မသိဘူး ဒီလူ လျှို့ဝှက်လက်နက်ပုန်း သုံးလိုက်တာပဲ"

သူသည် ပြောရင်း ချွေးသီးချွေးပေါက်များ နဖူးပေါ်မှစီးကျလာ၏။



ချင်စိရှောင်၏စိတ်ထဲတွင် ထန်လေရီအား ကျုန်ချွမ်းနှင့်မပြိုင်စေလိုခြင်းမှာ သူကဲ့သို့လျှို့ဝှက်လက်နက်ပုန်း ထိခံရမည်ကိုစိုးရိမ်ခြင်းကြောင့် ဖြစ်၏။

သူ၏ ကျင်နေသောလက်မောင်းမှာ ကျင်ခြင်းပျောက်သွားသော်လည်း နာနေဆဲပင်။ သူလုပ်ကြံခံရခြင်းပင်။

ထန်လေရီသည် ဒဏ်ရာရခဲ့စဉ်က ချင်စိရှောင်၏ တယုတယ ပြုစုခဲ့ပုံများကို ပြန်လည်သတိရလာမိသည်။

ချင်စိရှောင်အတွက် သူမသည် စိတ်မကောင်းဖြစ်မိ၏။

သို့သော် သတိရ၍ ကျုန်ချွမ်းဘက်လှည့်ကြည့်လိုက်သောအခါ သူ့ကိုမတွေ့ရတော့ချေ။ လူဆိုးပျောက်ကွယ်သွားချေပြီ။

သူသည် ဆရာကြီးတို့ကိုအနီးသို့ ရောက်နေပြီဖြစ်၍ သူမထွက်သွားလျှင်လည်း အကြောင်းထူးမည်မဟုတ်သည်ကို သိလိုက်သည်။

သူမသည် ချင်စိရှောင်အား နှစ်သိမ့်အားပေးလိုက်၏။

"အစ်ကိုရယ်... ဘယ်လိုပဲ လျှို့ဝှက်တဲ့လက်နက်ပုန်းကို ထိမိပါစေ အခုဒီမှာ ထူးချွန်တဲ့သိုင်းပညာရှင်တစ်ဦး ရောက်နေပါတယ်၊ လက်နက်ပုန်းတွေအတွက် ဘာမှမပူပါနဲ့အစ်ကို၊ အစ်ကို့ကိုကုပေးမှာပါတယ်"

ချင်စိရှောင်က တစ်ချက်တွေသွားပြီး မေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာ ဘယ်လိုလက်နက်ပုန်းမျိုး ထိမှန်းမသိရဘဲ ကယ်မယ့်သူကို ဘယ်လိုလုပ်ရှာရမလဲ၊ ကုသမယ့်လူက ဘယ်သူလဲဟင်"

ထန်လေရီက ပြုံးကာ....

"ဒီဒဏ်ရာအတွက် မပူပါနဲ့အစ်ကို... ကျွန်မတာဝန်ယူပါတယ်၊ အခုအစွမ်းထက်တဲ့ပုဂ္ဂိုလ်က ကျွန်မရဲ့ဆရာရင်းပါ ရောက်နေကြပါပြီ၊ ကျွန်မနဲ့သာလိုက်ခဲ့ပါ အစ်ကို"

သူမက ထိုသို့ပြောပြီး ချင်စိရှောင်၏လက်မောင်းကို တွဲကာ စင်အောက်သို့ဆင်းခဲ့၏။

သူတို့သည် အစွန်ဆုံးစားပွဲရှိရာသို့ ရောက်လာသောအခါ ထန်လေရီက ထိုစားပွဲတွင် တစ်ယောက်တည်းထိုင်နေသည့် ရှန်ပိန်းအား ပြောပြလိုက်လေတော့သည်။

"အစ်ကိုကြီး...."

ချင်စိရှောင်က လေးစားစွာ ရပ်၍ တစ်ချက်ပြုံးလိုက်၏။

ရှန်ပိန်းက ထန်လေရီဘက်လှည့်၍ ပြုံးလိုက်ပြီး....

"ဒါ မင်းပြောတဲ့ ချင်စိရှောင်ဆိုတာလား... အင်း တကယ်ကို လူရိုးတစ်ယောက်ပါပဲ၊ သူ့ပုံပန်းသဏ္ဌာန်မြင်တာနဲ့ ငါသိတယ်"

ထိုသို့ပြောပြီး ချင်စိရှောင်အား ထိုင်ခိုင်း၏။

သည့်နောက် ရှန်ပိန်းသည် ချင်စိရှောင်၏လက်မောင်းကို မကြည့်ပြီး မျက်နှာတစ်ချက်ပျက်သွားသည်။



သူက ချင်စိရှောင်ကိုစေ့စေ့ကြည့်ကာ....

"ချင်စိရှောင် ခုနက မင်းနဲ့ယှဉ်တဲ့လူဟာ တိဘက်နယ်က မိကျူးဆိုဏ်းသားတစ်ယောက် မဟုတ်လား"

ချင်စိရှောင်က မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ အစ်ကိုကြီး၊ အဲဒီလူရဲ့ဆရာဘိုးလေးဟာ တိုးကို့လို့ခေါ်တယ်၊ သူ့ရဲ့ဆရာရင်းကတော့ မော်ဝီပါ၊ အဲ့ဒါ ကျွန်တော်သိထားသမျှပဲ"

ရှန်ပိန်းက တစ်ချက်စဉ်းစားလိုက်ပြီး...

"ချင်စိရှောင်ကို ထိမှန်တဲ့လက်နက်ပုန်းဟာ တိဘက်နယ် မိကျူးဂိုဏ်းက အသံတိတ်လက်နက်ပုန်းပဲ၊ ငါနဲ့အဆင်သင့်တွေ့လို့တော်သေးတာပေါ့၊ နို့မဟုတ်ရင် ဒီလျှို့ဝှက်လက်နက် အထိခံရတဲ့လူဟာ နှစ်ဆယ့်လေးနာရီအတွင်း အသက်သေစေနိုင်တယ်၊ ကဲ... အတွင်းအားကို လုံးဝမထုတ်ဘဲ ခဏနားထားလိုက်စမ်း၊ ရူးဝင်နေတဲ့ အူးကလေးကို အမြန်ဆုံးထုတ်ပစ်မှ လုံးဝပျောက်ကင်းလိမ့်မယ်၊ အဲ့ဒါအရေးကြီးဆုံးပဲ...."

သူသည် စကားဆုံးသည်နှင့်သူ၏လက်ဝါးဖြင့် ချင်စိရှောင်၏ပခုံးပေါ်မှစ၍ လက်မောင်းအတိုင်းအပေါ်မှအောက်သို့ တဖြည်းဖြည်း နှိပ်ပေးပြီး လက်ဖဝါးသို့ရောက်သောအခါ ရှန်ပိန်းသည် မနှိပ်တော့ဘဲ ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချင်စိရှောင်၏လက်ဖဝါးမှ သေးငယ်သောအပ်က သေးအရွယ်ရှိ ဆူးတစ်ချောင်း အသားတွင်းမှ ထွက်လာသည်။

ဘေးမှကြည့်နေသော ထန်လေရီက ထိုထွက်လာသောဆူးကိုဆွဲထုတ်ယူမည်ပြုသောအခါ ရှန်ပိန်းက တားလိုက်၏။

"အရမ်းမလုပ်နဲ့"

သူက အော်ပြောရင်း ထန်လေရီလက်ကို ကျန်လက်တစ်ဖက်ဖြင့် ဖမ်းဆုပ်လိုက်၏။

မကြာမီ သေးငယ်သောဆူးသည် တဖြည်းဖြည်းနှင့်အဆုံးထိ ပေါ်ထွက်လာသည်။

ရှန်ပိန်းက ယှပ်မြန်စွာဖြင့် ထိုဆူးကိုဆွဲနှုတ်ယူလိုက်၏။

ထိုဆူးကိုကြည့်ရသည်မှာ ရိုးရိုးဝါးမြှင်ကလေးတစ်ချောင်းဟုသာ ထင်ရသော်လည်း အဆိပ်အလွန်ပြင်းလှ၏။

ရှန်ပိန်းက တည်ကြည်သောမျက်နှာနှင့် ချင်စိရှောင်အား ပြောပြသည်။

"ငါ့ညီ... ဒီဆူးတစ်ချောင်းထဲရှိတာ သိပ်ကံကောင်းတယ်လို့မှတ်ပါ။ အသံတိတ်လက်နက်ပုန်းကို ပစ်လွှတ်တဲ့အခါမှာ အချောင်းကလေးပေါင်း တစ်ရာကျော်ရှိတဲ့ ဆူးတွေကိုထုတ်လွှတ်နိုင်တယ်၊ အရေးကြီးတဲ့နေရာကို ထိမှန်ရင်တော့ ငါလဲတတ်နိုင်မှာ မဟုတ်တော့ဘူး၊ ဒီကောင် ဒီလောက်ရက်စက်တဲ့အတွက် သူ့ကိုတော့ အကြောင်းသိအောင် ဆုံးမပေးရအုံးမယ်၊ ဒီလက်နက်မျိုးကို အောက်လမ်းသိုင်း



ားတွေပဲ သုံးကြတယ်"

ထန်လေရီသည် မှုလက ကျုန်ချွမ်းအပေါ် မေတ္တာသက်ဝင်မှ သူ၏အမျိုးမျိုးလှည့်စားခြင်းခံရပြီးနောက် မေတ္တာတရားသည် ဖြည်းဖြည်းလျော့နည်းခဲ့ရာ ယခုအဖြစ်အပျက်ကိုတွေ့ရသောအခါ အပေါ် မေတ္တာစိတ်များ လုံးဝပျက်ပြယ်ခဲ့ရသည်။

နောက်တစ်နာရီခန့်ကြာသောအခါ ချင်စိရှောင်မှာ အသက်ားမှကင်းလွတ်ခဲ့ပြီး လက်မောင်းမှာလည်းမူလကဲ့သို့ ပြန်လည်ပ်ရှားနိုင်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

## အယုံသွင်းခြင်း

ကျုန်ချမ်းသည် ချင်စီရှောင်အား အသံတိတ်လက်နက်... ဖြင့် အနာတရဖြစ်စေခဲ့ပြီး မိုးနဂါးဓားကို ရယူလာသောအခါ ... ကြီးတိုးကိုတို့လူစုသည် လွန်စွာဝမ်းမြောက်ဝမ်းသာဖြစ်နေကြ...

ရှောင်ပင်းက အားရကျေနပ်သောမျက်နှာဖြင့် စား... တွင် ထိုင်နေရာမှမတ်တတ်ရပ်ကာ လက်ထဲမှအရက်ခွက်ကို မြှော... ပြီး ပြောလေ၏။



"ပရိသတ်များခင်ဗျား... ကျုပ်တို့ဘက်က ပုဂ္ဂိုလ်တစ်...ယောက်ဟာ သိုင်းကွက်တစ်ကွက်ထဲနဲ့ မိုးနဂါးဓားကို ရယူနိုင်တဲ့အ...တွက် ဝမ်းမြောက်တဲ့အနေနဲ့ အရက်ကိုသောက်ပြီး ဂုဏ်ပြုကြပါစို့"

သို့သော် သူသည် ကျုန်ချမ်းတစ်ယောက် ထန်လေရီအား ...ချဉ်ရဲဘဲ ဆင်းပြေးခဲ့ခြင်းကို အနည်းငယ်မျှ ဖွင့်ဟပြောခဲ့ချေ။

ထန်လေရီသည် ထိုပွဲသို့ရောက်နေပြီ မထိမဲ့မြင်ကြည့်နေ...သည်။ ရှန်ပိန်းလည်းပါသည်။

သူမ၏အစ်မ ကျင်လေရီအပါအဝင် အချို့လူများက အရက်...ကိုမြှောက်၍ ဂုဏ်ပြုနေကြသည်ကိုတွေ့လိုက်ရလေ၏။

အထူးသဖြင့် ကျင်လေရီ၏မျက်လုံးသည် ကျုန်ချမ်းကို စိုက်...ကြည့်နေသည်ကိုထောက်၍ သူမသည် ကျုန်ချမ်းကို အလွန်စွဲလန်း...ရသည်။ မျက်လုံးများက စကားပြောနေသည်။

လူအများ၏လိုက်လျော၍ ဂုဏ်ပြုခြင်းကိုတွေ့မြင်ရသော... ရှောင်ပင်းသည် ဝိတ်ဖြစ်ကာ သူ၏အရက်ခွက်ကိုသောက်ရန်...ကိုမြှောက်လိုက်လေ၏။

"ရှောင်ပင်းဆိုတဲ့လူဟာ သိပ်ကိုမုန်းစရာကောင်းပါလား၊ ...ဖြစ်မှန်ကိုအားလုံးကို မပြောဘူး"

ရှန်ပိန်းက ထန်လေရီနှင့် ချင်စီရှောင်ဘက်လှည့်၍ ခပ်တိုး...ပြောလိုက်ပြီး ကျောက်ခဲတစ်လုံးကောက်ယူလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်လေရီနှင့်ချင်စိရှောင်တို့သည် ရှန်ပိန်း၏လှုပ်ရှား... ကြည့်နေသည်။ သူ့ဆရာ ဘာလုပ်မည်ကိုထန်လေရီ သိသည်။

ရှန်ပိန်းသည် လက်ထဲရှိကျောက်ခဲငယ်ကို လက်ခလယ်... တောက်လိုက်လေ၏။

ထိုအခါ ကျောက်ခဲငယ်သည် ရှောင်ပင်း၏အရက်... အောက်ပိုင်းကို'ဒင်'ခနဲမြည်အောင် ထိမှန်သွားသည်။

ရှောင်ပင်း၏အရက်ခွက်မှာ တုန်ခါသွားပြီး ကြီးမား... အင်အားက သူ၏လက်တွင်ကိုင်ထားသော အရက်ခွက်ထဲ... ရောက်ရိုက်ခတ်သည့်အတွက် အရက်ခွက်သည် လက်ထဲမှလွ... သွားလေ၏။

"ဒေါင်...."

ရှောင်ပင်းသည် ဤသို့တစ်ကြိမ်တစ်ခါမှ မကြုံဖူးသ... တွက် ဒေါသကိုမထိန်းနိုင်တော့ဘဲ စားပွဲကို'ဝုန်း'ခနဲမြည်အောင်... ချလိုက်လေတော့သည်။

စားပွဲပေါ်ရှိ အရက်ခွက်များ လွင့်စင်ကုန်ပြီး စားပွဲ... ကျိုးပဲ့ပျက်စီးသွားသည်။

သူက ဒေါသထွက်သည့်အလျောက် ကျယ်လောင်သော... သံနှင့်အော်လိုက်၏။

"ဘယ်က လူလဲကွ... ငါ့ကိုလာစမ်းတာ"



သူသည် ပြောရင်းကျောက်ခဲလာရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ နာမည်ကြီးသိုင်းသမားဟူ၍ တစ်ယောက်မှမတွေ့ရချေ။

အစွန်ဆုံးစားပွဲတွင် ခြေတန် လက်တန်ရှည်ပြီး အရပ်မြင့်မြင့်လူတစ်ယောက်၊ ယောကျ်ားပျိုတစ်ယောက်နှင့် မိန်းမပျိုတစ်ယောက် ပေါင်းလူသုံးယောက်ထိုင်နေသည်ကို တွေ့ရ၏။

"ဒီလူသုံးယောက်ထဲမှာတော့ ဒီလောက်အစွမ်းထက်တဲ့လူရှိမှာတော့ မဟုတ်ပါဘူး"

ရှောင်ပင်း၏စိတ်ထဲတွင် ပြောမိ၏။

ရှန်ပိန်း၏လက်ချက်ကို အခြားလူများ မသိနိုင်သော်လည်း ဆရာကြီးတိုးကို၊ အဘွားကျန်းနှင့် အခြားဝါရင့်သိုင်းပညာရှင်များ သိနိုင်ကြသည်။ သူတို့သည် ထိပ်တန်းသိုင်းပညာရှင်များပေတည်း။

သို့ရာတွင် သူတို့သည် ရှောင်ပင်းကဲ့သို့ အရက်ကိုမော့သောက်ချိန်ဖြစ်သည့်အတွက် မသိလိုက်ခြင်းဖြစ်၏။

ရှောင်ပင်းမှာ မည်သူက ရန်စမှန်းမသိ။

သူသည် လူပုံအလယ်တွင် အရှက်ခွဲခံရသော်လည်း မည်သို့မှမတတ်နိုင်သည့်အဆုံး ကြိမ်းမောင်းရင်း ပြန်ထိုင်ချလိုက်ရသည်။

အခြားတစ်ဘက်တွင် ထိုင်နေသော ရွှမ်နရင်က ဘေးမှအဘွားအိုအား ခပ်တိုးတိုးမေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဘွား... ခုနက ရောင်ပင်းကိုဆုံးမလိုက်တာ ဘယ်သူလဲဆိုတာ အဘွားသိသလား၊ အဖြစ်အပျက်က သိပ်မြန်တယ်"

အဘွားအိုမှာ မျက်နှာဖုံးတပ်ထားသောဆရာမကြီး စိမ့်ပွမ်းဖြစ်၏။

အဘွားအိုက....

"ကျွန်မလဲ သေချာမတွေ့လိုက်ဘူး... ဒါပေမယ့် လူစွမ်းကောင်းကြီး ရှန်ပိန်းရဲ့လက်ချက်ပဲဖြစ်လိမ့်မယ်၊ သူဟာ အတွင်းအားသိပ်ကောင်းတဲ့လူတစ်ယောက်ပဲ၊ ကျွန်မပြောတာတွေကို ဘယ်သူ့ကိုမှ မပြောနဲ့၊ ရှန်ပိန်းကို လူတော်တော်များများက မသိကြဘူး"

ရွှမ်နုရင်က ထိတ်လန့်သွား၏။

"သူလဲ ရောက်နေတယ် ဟုတ်လား၊ ဒါနဲ့အဘွားကကော ဘယ်သူလဲရှင်၊ ကျွန်မကိုတော့ ဖွင့်ပြောပါ"

အဘွားအိုက တစ်ချက်ပြုံးကာ....

"ကျွန်မက ယူနန်နယ်က ကြက်ခြေတောင်မှာနေတဲ့စိမ့်ပွမ်းပါ... ဒါကိုလဲ လျှို့ဝှက်ထားပါ"

ရွှမ်နုရင်က အံ့သြသွား၏။

"သြော်... လက်စသတ်တော့ ဆရာမကြီးစိမ့်ပွမ်းကိုး၊ ဒီထက် သိုင်းလောကမှာ...."

သူမ၏စကားမဆုံးမီ....



"ကျွန်မတောင်ပေါ်က ကျသွားပေမယ့် ကံကောင်းလို့မသေပါဘူး၊ အောက်က သစ်ပင်ပေါ်ပြုတ်ကျသွားတာပါ၊ သေကံမရောက် သက်မပျောက်ပေါ့"

"သြော်...."

ရွှမ်နုရင်က အံ့သြခြင်းဖြင့် တစ်လုံးတည်းသာ ပြောလိုက်သည်။

သူမ၏စိတ်ထဲတွင်....

"ကျိုးလိုကျွန်းပေါ်တွင် ထိပ်သီးသိုင်းပညာရှင်များ စုံလင်စွာရောက်နေပါလား"

ဟူ၍ ကောက်ချက်ချလိုက်မိလေတော့သည်။

ည....။

တိတ်ဆိတ်နေသည်။

ကျင်လေရီ မအိပ်နိုင်ပေ။

ဆံပင်ဖြီးလိုက်၊ အဝတ်အစားပြင်လိုက်နှင့် သူလာမည့်အချိန်ကို စောင့်နေသည်။

သူမသည် ကျူန်ချွမ်းအပေါ် စိတ်ဝင်စားနေသည်။ ဟာကယ်

www.burmeseclassic.com



တော့ ဤသို့မဖြစ်သင့်ပေ။

ယခု ကျုန်ချွမ်းလာမည်ဆို၍ စောင့်နေခြင်းပင်။ မကြာ ပြတင်းပေါက်ဆီမှ အသံကြားလိုက်ရလေ၏။

“လေရီ....”

ခပ်တိုးတိုးခေါ်သံ ကြားလိုက်ရသည်။ ကျင်လေရီ ရင် သွားသည်။ သူမသည် ပြတင်းပေါက်ဆီသို့သွားပြီး မေးလေ၏

“ဘယ်သူလဲ”

“ကျွန်တော်ပါ”

ထိုအသံကို သူမက ကောင်းစွာမှတ်မိသည်။

ကျင်လေရီက လျင်မြန်စွာ ပြတင်းပေါက်တံခါးကိုဖွင့် လိုက်သည်။

ကျုန်ချွမ်းသည် ပြတင်းပေါက်မှအသာခုန်၍ ဝင်လာ သည်။

ကျင်လေရီသည် သူ့အားမအိပ်ဘဲ စောင့်နေခြင်း ကြောင်းကို ကောင်းစွာသိရသော်လည်း သူကမသိဟန်ဆော သည်။

“လေရီ... ညကြီးအချိန်မတော်မှာ ကိုယ်တို့နှစ်ယော အခန်းထဲမှာ ရှိနေတာကို တခြားလူတွေမြင်သွားရင် မသ ပါဘူး၊ ဒီတော့ ကိုယ်တို့အပြင်ထွက်ပြီး စကားပြောကြရင် ကော



ဘူးလား”

ကျင်လေရီ၏မျက်နှာသည် ရှက်သွေးရောင်သန်းသွား၏။

“အင်း.. သူပြောတာလဲ မှန်တာပဲ”

သူက စဉ်းစားမိလိုက်လေ၏။ နှစ်ယောက်သား ပြတင်းပေါက်မှ ခုန်ထွက်ခဲ့ကြသည်။

သူတို့သည် ပင်လယ်ကမ်းခြေသို့ဦးတည်လျှောက်သွားကြ၏။ ပင်လယ်ကမ်းခြေမှာ သာယာလှ၏။

လက ထိန်ထိန်သာနေသည်။

ပင်လယ်ပြင်မှ လှိုင်းပုတ်ခတ်သံကိုကြားနေရသည်။

အနည်းငယ်ကြာသောအခါ ကျောက်တုံးတစ်တုံးဆီသို့ ရောက်လာခဲ့ကြသည်။

သူတို့သည် ထိုကျောက်တုံးပေါ်တွင်ထိုင်ကြပြီး ကျုန်ချွမ်းက သူမအား စေ့စေ့ကြည့်ကာ...

“တစ်ခါက ဟွမ်စန်းတောင်ပေါ်မှာ ဖြစ်ရတဲ့ကိစ္စဟာ ကိုယ့်ဆန္ဒအရလုပ်ရတာ မဟုတ်ပါဘူး၊ ချင်စိရှောင်ရဲ့ နိုင်းစေချက်ကြောင့် မလွှဲသာလို့ လုပ်ရတာပါ”

သူသည် မဟုတ်မတရားပြောသည်။ သူ့အပေါ် အပြစ်ပုံချ သည်။ လူယုတ်လူညစ်တို့၏ သဘောကား ဤသို့သာတည်း။

ကျင်လေရီက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းစားပွဲမှာ ရှင်ပြောကတည်းက သူပဲဆိုတာ ကျွန်မ သိပါတယ်ရှင်"

ကျူန်ချွမ်းက ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး....

"လေရီကို တစ်ခုပြရအုံးမယ်"

ကျူန်ချွမ်းသည် အင်္ကျီအိတ်အတွင်းမှ တစုသီးစေ့အဆိပ်လူး သံဆူးသုံးချောင်းကို ထုတ်လိုက်ပြီး....

"ဒါတွေဟာ ချင်စီရှောင်ရဲ့ဖခင်ကျင်ကန်း အသုံးပြုနေကျ လက်နက်ပုန်းပေါ့၊ ဒါတွေဟာ သူတို့မိသားစုရဲ့ပြယုဂ်ပါပဲ"

ကျူန်ချွမ်းက ကျင်လေရီအား တစ်ချက်အကဲခတ်ကြည့် လိုက်ပြီးနောက် တစ်ဖန်စကားဆက်ပြန်သည်။

"လေရီရဲ့ဖခင်ဟာ ဘယ်နေရာမှာ ဘယ်လိုသေရတယ်ဆို တာကော သိရဲ့လားဟင်"

"ကျွန်မ အမေတောင်မသိတာ ကျွန်မလဲ ဘယ်သိပါ့မလဲ ရှင်၊ အဲဒါဟာ လုံးဝဘယ်သူမှမသိသေးတဲ့ အဖြစ်အပျက်ပဲ"

ကျူန်ချွမ်းသည် အံ့သြသွားသည်။

"ဟင်... လေရီအမေတောင်မသိဘူး ဟုတ်လား၊ လေရီအ ဖေမသေခင်က ရေးထားခဲ့တဲ့စာကိုလဲ မတွေ့ဘူးပေါ့ဟုတ်လား"

ကျင်လေရီက ခေါင်းခါယမ်းလိုက်သည်။

သူမကသိလိုဇောနှင့်....



"ဘယ်လိုစာမျိုးလဲ ကျွန်မအဖေကကော ဘယ်လိုသေရ တာလဲ ပြောပါအုံးရှင်"

ထိုအခါကျမှ ကျူန်ချွမ်းက စကားကိုလွှဲ၍....

"ကျွန်တော် ကျိုမိစန်းတောင်ပေါ်မှာ အရိုးစုတစ်ခုကို တွေ့ခဲ့ ရပါတယ်၊ အဲဒီအရိုးစုအောက်က ဒီသံတစုသီးလက်နက်ပုန်းကို ရခဲ့ပါ တယ် နောက်...."

သူ၏စကားမဆုံးမီ ကျင်လေရီက ပို၍သိလိုဇောဖြင့် ကျူန် ချွမ်း၏လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။ သူမ စိတ် လှုပ်ရှားနေပေပြီ။

"နောက်တော့....ဟာ ဘာဖြစ်သေးသလဲ"

ကျူန်ချွမ်းက အနည်းငယ်စဉ်းစားသည့်ဟန်ဖြင့်....

"ငါ့ကိုသက်တဲ့လူဟာ ကျင်ကန်းလို့ရေးထားတဲ့စာအောက် မှာ ဟွာချင်းလို့လက်မှတ်ထိုးထားတယ်၊ အဲဒီစာကို အရိုးစုနားက ကျောက်တုံးမှာ ရေးသားထားတာကို တွေ့ခဲ့ရတယ်"

ကျူန်ချွမ်းက လှုပ်ကြံ၍ပြောကြားလိုက်၏။

ထိုအခါ ကျင်လေရီက အံကြိတ်လိုက်ပြီး ထိုင်ရာမှထလိုက် ၏။

"ဒီလောက်အကြံပက်စက်တဲ့လူ ကျွန်မတို့မိသားစုကိုပဲ ဒု က္ခရောက်အောင် လုပ်ခဲ့တယ်၊ အင်း... သူ့သားကိုရှာပြီး လက်စားချေ ပြန်ရမယ်၊ အဖေလုပ်တဲ့တာဝန်ကို သားယူရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏အသံက ဒေါသသံပါလာသည်။

"အင်း... သူတို့အချင်းချင်း သတ်ကြတော့ကောင်းပါတယ်၊ ဒါမှ ငါ့အတွက် လမ်းရှင်းမှာ..."

ကျူနန်ချမ်း၏စိတ်ထဲ ကျိတ်၍တွေးရင်း ဝမ်းသာနေသည်။

ထို့နောက် သူက ဟန်လုပ်၍...

"လေရီ... အကူအညီ လိုရင်ပြောပါ၊ ကျွန်တော့်အသက်သေရင် သေသွားပါစေ ကျွန်တော်ရဲရဲဝံ့ဝံ့ အသေခံပါ့မယ်၊ 'လေရီရဲ့ဖခင်ဆီက ရထားတဲ့ဓားဆန်းခုနစ်လက်ကို လုံခြုံအောင်သိမ်းထားနော် လူတိုင်းကိုယုံရတာမဟုတ်ဘူး"

သူက လုပ်ကြံ၍စကားကို နှုတ်ထုတ်လိုက်၏။

သို့သော်သူမက ခေါင်းခါယမ်းပြီး...

"ဘယ်လိုဓားဆန်းလဲ ကျွန်မ မသိပါလား"

သူမ၏အမူအရာသည် လိမ်ပြောနေခြင်းမဟုတ်ကြောင်းကို သိရသည့်အတွက် သူစိတ်ပျက်မိသည်။

ထို့နောက် သူသည် ကောင်းကင်သို့မော့ကြည့်ပြီး...

"ကဲ... လေရီ အချိန်မစောတော့ဘူး၊ လေရီပြန်ပြီးအနားယူလိုက်အုံး... မနက်ဖြန် ကျွန်တော့်ဆရာဘိုးလေးဟာ ကျိုးလိုကျွန်းပိုင်ရှင်ဖြစ်ရင် ကျွန်တော်က ညှော့ဝတ်ကျေအောင်မြှုစုပါ့မယ်"

ကျင်လေရီသည် သူနှင့် စကားကြာကြာပြောချင်သော်လည်း ပါးစပ်မှဖွင့်ဟမပြောရဲသည့်အတွက် ထိုင်ရာမှထကာ ခ



ည်းဖြည်း လျှောက်သွားလေ၏။

သူမထွက်သွားပြီးနောက် ကျူနန်ချမ်းသည် မေးကိုလက်နှင့် တ်ကာ တစ်ယောက်ထဲစဉ်းစားနေမိသည်။

"ကျင်လေရီရော သူ့အမေပါ ဓားဆန်းတွေ ဒီကျွန်းပေါ် ာက်နေတာတောင် မသိကြဘဲ ဒီလောက်ကျယ်လှတဲ့ ကျွန်း ါမှာ ဒီပစ္စည်းတွေကို ဘယ်လိုရှာတွေ့နိုင်ပါ့မလဲ နောက်ပြီး ဓား န်းခုနစ်လက်ထဲက အကြီးဆုံးဓားနဲ့ အငယ်ဆုံးဓားဟာ ဥါ့ဆီ ာက်လာပြီ၊ ဒီတော့ကျန်တဲ့ ဓားဆန်းငါးလက်ကို ငါသာလျှင်ရ က်တယ်"

သူက စိတ်ကူးယဉ်မိသည်။

တစ်ဖန် သူသတိရလိုက်ပြန်သည်။

"အဘွားကျူန်းဟာ ဘယ်သူ့ကိုမှ ကျွန်းပေါ်တက်ခွင့်မပေးခဲ့ ဒီတော့ ဟွာချင်းလဲ ဒီပစ္စည်းတွေလာဝှက်တုန်းက တော်ရုံတန် ာက်နဲ့ ဒီသဲသောင်ပေါ်မှာ မြုပ်ခဲ့ရမှာပဲ"

ထိုသို့တွေးမိပြီး အားတက်လာပြန်သည်။

သူသည်သာ ထိုဓားဆန်းခုနစ်လက်ကိုပိုင်ဆိုင်သင့်သည်ဟု ချမ်း ယူဆလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၈)

## မြှင်လွှမစဉ်

လသာနေသည်။ လရောင်အောက်တွင် သဲသောင်ပြင်ကြီး
ပျံ့ဖျူးနေသည်။

ကျုန်ချွမ်းသည် သဲသောင်ပြင်တွင် လမ်းလျှောက်နေ
သည်။

အတန်ငယ်လျှောက်လာမိသောအခါ ရုတ်တရက် သူသည်
ဘေးတစ်ဘက်သို့ ကြည့်လိုက်မိ၏။

သူ၏အရိပ်ဘေးတွင် အရပ်ရှည်သောလူရိပ်တစ်ခုပေါ်နေ



လေ၏။

သူသည် အံ့သြကြီးစွာဖြစ်သွားမိသည်။ မျက်စိပင် မှားနေ
သလောဟူ၍ သံသယဖြစ်မိ၏။

သူသည် ထပ်ခါထပ်ခါ ကြည့်လိုက်သောအခါ မိမိအရပ်
အပြင် အခြားလူရိပ်တစ်ခု ရှိနေသည်ကို တွေ့လိုက်ရလေ၏။

ကျုန်ချွမ်းသည် ထိတ်လန့်သွားသည်။

သူသည် နောက်သို့လှည့်ကြည့်လိုက်၏။

ထိုအခါ သူ့နောက်တွင် အရပ်ရှည်၍ မျက်နှာတွင် အမာ
ရွတ်များရှိနေသော လူရွယ်တစ်ယောက်ကို တွေ့လိုက်ရ၏။

ထိုလူရွယ်မှာတစ်ခါက တာပျက်စန်းတောင်ပေါ်တွင် တွေ့
ဖူးသော ရှန်ပိန်းပင်ဖြစ်လေ၏။

သူသည် ထိတ်လန့်စွာဖြင့်....

"အစ်ကိုကြီးရှန်ပိန်း...."

"ဟင်း.,. မင်းကို ငါအရင်တွေ့တုန်းက လူကောင်းတစ်
ယောက်လို ရိုးရိုးသားသားကျင့်ကြံဖို့ ငါဆုံးမလိုက်လျက်သားနဲ့ ငါ့စ
ကားကိုနားမထောင်ဘူး။ မင်းဟာ တိုးကို့နောက်လိုက်ပြီး သိုင်းလော
ကကြီးထဲက အထက်လမ်းသိုင်းသမားတွေကို လိုက်ပြီး ဒုက္ခပေးနေ
တယ်မဟုတ်လား"

"ကျွန်တော် ဒုက္ခမပေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ချွမ်းက ငြင်းသည်။

"ထွီ... မင်းက လူကျယ်လုပ်ပြီး လက်ဗလာနဲ့ တစ်ဘက်လူ ကို အနိုင်ယူမယ်ဆိုပြီး လေလုံးထွားခဲ့တာ တကယ်တော့ တိဘက် နယ် မီကျုံးက ဆေးနဲ့စီစဉ်ထားတဲ့ အသံတိတ်လက်နက်ပုန်းကိုသုံး ပြီး အနိုင်ယူခဲ့တယ် မဟုတ်လား၊ သူများကို ညာလို့ယုံချင်ယုံပေမယ့် ငါ့ကိုတော့ ညာလို့မရဘူး"

ကျုန်ချွမ်းက မျက်နှာပျက်သွား၏။

သို့သော် သူသည် ကြောက်ချင်ယောင်ဆောင်နေသော် လည်း သူ့လက်က မိုးနဂါးဓားရိုးပေါ်ရောက်နေ၏။

သူ၏စိတ်ထဲတွင်....

"သူဟာ သိုင်းပညာကိုတစ်ဘက်ကမ်းခပ် တတ်ထား မယ့် မိုးနဂါးဓားချက်ကိုတော့ခံနိုင်မှာ မဟုတ်ပါဘူး"

ထိုသို့တွေးပြီး သူသည် ဓားကိုလျှင်မြန်စွာ ဆွဲထုတ်လိုက် လေ၏။ ဓားရောင်ဝင်းလက်သွားသည်။

အဝါရောင်အလင်းတန်းထွက်လာပြီး ရှန်ပိန်းကိုဝင်ရော တိုက်ခိုက်လိုက်လေ၏။

သို့သော် သူ၏မျက်လုံးများမှာ တစ်ချက်မိုက်ခနဲဖြစ်သွား ပြီးနောက် လှည့်ကြည့်လိုက်သောအခါ ရှန်ပိန်းကိုမတွေ့ရတော့ပေ။

ကျုန်ချွမ်းသည် ထိတ်လန့်သွားပြီး ထွက်ပြေးမည်ပြု



တစ်စုံတစ်ဦးက သူ၏ဂုတ်မှ ဆွဲမြှောက်ထားခြင်းကိုခံစားမိပြီး လက် ထဲမှမိုးနဂါးဓားသည် 'ချွမ်း'ခနဲ လွတ်ကျသွား၏။

မိုးနဂါးဓားမှာ တစ်ဝက်ခန့် သဲထဲသို့စိုက်ဝင်နေသည်။

ကျုန်ချွမ်းသည် ထိတ်လန့်သောအသံဖြင့် ပြောလေ၏။

"အစ်ကိုကြီး... ကျွန်တော့်အသက်ကိုချမ်းသာပေးပါ"

"မင်းလို ပါးနပ်ကောင်က ငါ့လက်ထဲမှာ သေခွင့်ရတာကို ဓမ်းသာစမ်းပါ၊ မင်းဟာ အကြိမ်တစ်ထောင်လောက်သေသင့်တဲ့ ကောင်ပဲ.... ဒါပေမယ့်...."

ထိုသို့ပြောပြီး လက်ကိုလွှတ်လိုက်သောအခါ ကျုန်ချွမ်း သည် သဲသောင်ပြင်ပေါ်သို့ ဘိုင်းခနဲနေအောင် ကျသွား၏။

သူသည် ဖော့ချွေးပြန်လာသည်။

မျက်နှာမှာလည်း သွေးရောင်မရှိတော့ပေ။ ဖြူပတ်ဖြူရော် ဖြစ်နေသည်။

သူသည် ခေါင်းထောင်၍ကြည့်လိုက်သောအခါ အဝါရောင် တောက်နေသော မိုးနဂါးဓားသည် သူနှင့်မနီးမဝေးသဲထဲတွင် တစ်ဝက် စိုက်ဝင်နေသည်ကိုတွေ့မြင်လိုက်ရသည်။

သို့သော် ရှန်ပိန်းကိုတော့ မတွေ့ရတော့ပါ။

အမှန်တွင်မူ ရှန်ပိန်းသည် ကျုန်ချွမ်းကို သတ်လိုစိတ်မရှိဘဲ ကြောက်ကျဉ်စေရန် ဆုံးမပြီး ထွက်သွားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ချွမ်း၏စိတ်ထဲတွင်....

အကယ်၍ မနက်ဖြန်အဘွားကျန်းနှင့် ဆရာကြီးတိုးကို တို ယှဉ်ပြိုင်ပွဲတွင် အဘွားကျန်းက နိုင်ပါက ရှန်ပိန်းအား မေတ္တာရပ်ခံ လျှင် မရနိုင်စရာ အကြောင်းမရှိချေ။

ဤကဲ့သို့ ရှန်ပိန်းကို အရှုံးပေးခဲ့ရသည်ကိုပင် သူ့အတွက် ဂုဏ်ယူစရာဖြစ်နေသည်။

ထို့နောက် သူသည် ရှေ့တစ်လှမ်းတိုးပြီး မိုးနဂါးဓားကို နှုတ်မည် တစ်စုံတစ်ခုကို စဉ်းစားမိလေ၏။

မိုးနဂါးဓားက အလွန်ထက်မြက်သောဓားဖြစ်သည်။

ဤမျှထက်မြက်သောဓားဖြစ်လျက်နှင့် အဘယ့်ကြောင့် ဓားတစ်လက်လုံး သဲထဲသို့မြုပ်မသွားပါသနည်း။ နစ်မြုပ်သွားသင့် သည်။

သူသည် ဤသို့စဉ်းစားပြီး ဓားကိုအားနှင့်ထိုးသွင်းကြည့် သော်လည်း ဓားမှာသဲတွင်းသို့ ထိုးမသွားတော့ဘဲ တစ်စုံတစ်ရာနှင့် ထိခံနေသည်ကို တွေ့ရလေ၏။

ကျွန်ချွမ်းသည် အနည်းငယ်စဉ်းစားပြီး ထိုနေရာကို တူး လိုက်သောခါ တစ်ပေခန့်နက်အောင်တူးမိလျှင် မမျှော်လင့် ကျောက်သေတ္တာတစ်လုံးပေါ်လာ၏။

သူသည် ဝမ်းသာအားရ ကျောက်သေတ္တာကိုမယူပြီး ဖွင့်



ကြည့်လိုက်ရာ သေတ္တာ၏အောက်ခြေတွင် ချိုင့်နေသောအရာနှစ်ခု ကို တွေ့ရှိရသည်။

အကြီးဆုံးနှင့်အငယ်ဆုံးနေရာနှစ်ခု လပ်နေသည်။ ကျန်ငါး နေရာတွင် အတိုအရှည်မတူညီသောဓားငါးလက်ကို အစီအရီတွေ့ မြင်ရသည်။

ကျွန်ချွမ်း၏မျက်နှာမှာ ဖော်မပြနိုင်လောက်အောင် ဝမ်း သာခြင်းဖြစ်မိ၏။ သူ၏ရည်ရွယ်ချက် အောင်မြင်လေပြီ။

သူသည် ဓားငါးလက်ကိုတစ်လက်စီယူပြီး ခါးကြားတွင် ထိုး သည့်နေ၏။

ထိုစဉ် စတုဂ္ဂဓားနေရာတွင် စာအုပ်ငယ်တစ်အုပ်ကိုတွေ့ရ ပြန်သည်။ ထိုစာအုပ်မှာ ခပ်ပါးပါးဖြစ်၏။

စာအုပ်၏ပထမစာမျက်နှာတွင် လူတစ်ယောက်က ဓား ခြောက်လက်ကို လေထဲသို့မြှောက်တင်ထားပြီး အကြီးဆုံးဓားတစ် လက်ကို လက်ထဲတွင် ကိုင်ထားပုံဖြစ်၏။

ထိုရုပ်ပုံဘေးတွင် ရေးသားထားသည့်စာမှာ....

ဓားဆန်းသုံးနည်းကျမ်းကို ဆရာခုနစ်စင်ကြယ်၊ ဆရာဖုသင်၊ ဆရာဆောင်းနှင့် ဆရာလွန်းတို့က တာရဲ့စခန်း(နှင်းတောင်) ထိပ်တွင် အတူတကွနေထိုင်ပြီး ပင်ပန်းဆင်းရဲခံကာ ရေးသားပြုစု ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



စကား ထိုမျှသာတည်း။

ကျုန်ချွမ်းသည် ဓားများနှင့် သိုင်းစာအုပ်ကျမ်းကိုယူပြီး နောက် ကျောက်သေတ္တာကို သဲနှင့်ပြန်ဖုံးမြှုပ်ထားခဲ့၏။

သည့်နောက် သူသည် တည်းခိုဆောင်သို့ ပြန်လာခဲ့လေ သည်။

ကျုန်ချွမ်းသည် တွေး၍ဝမ်းသာနေမိ၏။

သူ၏ဓားဆန်းများရရှိသည်ကို သူ့အဘိုးလေးတိုးကိုလည်း မသိချေ။

ယခု ဓားဆန်းခုနစ်လက်စလုံးကို ပိုင်ဆိုင်ထားပြီးဖြစ်၍ သိုင်းကွက်ကျမ်းအတိုင်း အခြေခံပြီး လေ့ကျင့်လိုက်လျှင် ရှန်ပိန်းအ ပြန်၍ လက်တုန့်ပြန်နိုင်မည်ဖြစ်တော့သည်။

သူသည် ထိုသို့စဉ်းစားကာ ကျိတ်၍ ဝမ်းသာနေမိ၏။

သူသည် အခန်းထဲတွင် မီးမထွန်းဘဲ ရရှိလာသောဓားဆ ခြောက်လက်နှင့် သိုင်းကျမ်းစာအုပ်ကို သေချာစွာထုပ်ကာ လုံ သည့် နေရာတွင်သိမ်းဆည်းထားလိုက်၏။

မိုးနဂါးဓားကိုတော့ အလွယ်တကူထုတ်သုံးနိုင်ရန် ကိုယ် မကွာ ထားလိုက်သည်။

သူသည် ခုတင်ပေါ်သို့တက်ကာ အိပ်ရန် ကြိုးစားသေ လည်း ဝမ်းသာလွန်း၍ အိပ်မပျော်နိုင်ဖြစ်နေသည်။



ကျုန်ချွမ်း၏စိတ်ထဲတွင် ဓားဆန်းခုနစ်လက်ကို မည်ကဲ့သို့ ကစားကွက်များ ညွှန်ပြရေးသားထားသည်ကို အလွန်သိချင်နေ သည်။

သို့သော် အခြားလူများတွေ့သွားလျှင် ရန်များမည်ကို စိုးရိမ် စိတ်ပွားမိလေသည်။

မိုးလင်းလုချေပြီ။ သူသည် စဉ်းစားရင်း မှေးခနဲအိပ်ပျော် သွားလေ၏။

ပြိုင်ပွဲကျင်းပမည့်ရက်ကို ရောက်ရှိလာပေပြီ။

ပြိုင်ပွဲကျင်းပရန် ကျယ်လောင်မြသာခေါင်းလောင်းသံကို ကြားလိုက်ရလေတော့သည်။

ကျုန်ချွမ်းသည် လန့်နိုးလာပြီး အိပ်ရာမှထလိုက်သည်။

ပြိုင်ပွဲစတော့မည်။ ယခုအချိန်တွင် ဤပြိုင်ပွဲသည် သူ့အ တွက် ဂရုမစိုက်ဘဲနေနိုင်သည်။

သို့သော် အခြားသူများ မသင်္ကာမှုမရှိစေရန် အကြိုများလဲ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြိုင်ပွဲသို့ထွက်ခွာမည်ပြုသည်။

ဆရာကြီးတိုးကို့ တံခါးခေါက်သံကြားရသည့်အတွက် အပြင်သို့ထွက်၍ လိုက်သွားသည်။ ဆရာကြီးတိုးကို့ကား ဘာမျှမသိချေ။

ပြိုင်ပွဲကျင်းပမည့်ကွင်းကြီးတွင် လူများသည် ကိုယ့်နေရာနှင့်ကိုယ် အသီးသီးနေရာယူထားကြသည်။

ဆရာကြီးတိုးကို့ရောက်လာသည်နှင့် အဘွားကျန်းက မတ်တတ်ရပ်ကာ ပြောလေ၏။

"အခုကျင်းပမည့်ပွဲကြီးဟာ ဆရာကြီးတိုးကို့နဲ့ကျွန်မ ယှဉ်ပြိုင်မဲ့ပွဲဖြစ်ပါတယ်၊ တခြားသူရဲကောင်းတွေကို သက်သေအဖြစ်ဖိတ်ခေါ်ထားပေမယ့် အချို့မိတ်ဆွေတွေကလဲ အစွမ်းပြလိုတဲ့အကြောင်းကြားသိရပါတယ်၊ ဒါကို ကျွန်မက ခွင့်မပြုနိုင်တဲ့အတွက် တောင်းပန်ပါတယ်"

အဘွားကျန်း၏စကားကြောင့် လူအတော်များများ စိတ်ပျက်သွားကြသည်။ အားလုံးအစွမ်းပြနေချင်ကြသည်။

ထိုအထဲတွင် ကျင်လေရီတစ်ယောက်လည်း ပါဝင်၏။

ပွဲခင်းပရိသတ်ထဲတွင် ကျင်လေရီနှင့်ထန်လေရီတို့တွဲ၍ ထိုင်နေကြသည်ကိုတွေ့ရသောအခါ ကျင်လေရီက ချင်စိရှောင်၏အမည်ကိုထုတ်ဖော်ပြီး စိန်ခေါ်လိုသော်လည်း အဘွားကျန်း၏စကားကြောင့် မချင့်မရဲဖြစ်နေမိသည်။



အဘွားကျန်းသည် စကားဆုံးသည်နှင့် မာန်သွင်းသံတစ်ချက်အော်ပြီး တောင်ဝှေးကိုထောက်ကာ ပြိုင်ပွဲစင်မြင့်ပေါ်သို့ရောက်ရှိသွားသည်။

အဘွားကျန်းက ပရိသတ်ကိုကြည့်ကာ ပြောသည်။

"ကျိုးလိုကျွန်းကို အလိုရှိတဲ့ပုဂ္ဂိုလ် အခုသူရဲကောင်းများစုံညီတဲ့ရှေ့မှာ ဒီစင်မြင့်ပေါ် အမြန်ဆုံးတက်ပြီး ယှဉ်ပြိုင်ပါ၊ ကျွန်မရဲ့ ဟာဒီသံတောင်ဝှေးကို အနိုင်ယူနိုင်လို့ရှိရင် ဒီကျွန်းပိုင်ရှင် ဖြစ်သွားနိုင်မယ်"

အဘွားကျန်းက သူမ၏ကျွန်းကို မည်သူ့ကိုမျှ ပိုင်ဆိုင်ခွင့်မပေးလိုပေ။ သို့သော် အမြဲတမ်း ဤသို့မဖြစ်နိုင်ပေ။

ထို့ကြောင့် သူမသည် စင်မြင့်ပေါ်သို့ ရောက်လျှင်ရောက်ချင်း တိုးကို့အား ယှဉ်ပြိုင်ရန်စိန်ခေါ်လိုက်သည်။

ဆရာကြီးတိုးကို့နှင့်အဘွားကျန်းတို့၏ အနိုင်အရှုံးသိရန် ပြိုင်ပွဲမှာ အနည်းဆုံးတစ်နာရီ နှစ်နာရီခန့်ကြာမည်။

ပရိသတ်များကလည်း သူတို့၏ယှဉ်ပြိုင်မှုကို အထူးစိတ်ဝင်စားနေကြသည်။

ထိုအခါ ဆရာကြီးတိုးကို့က ဘေးနားရှိ ကျွန်းစောင့်အားပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့မိုးနဂါးဓား ငါ့ကိုမြန်မြန်ပေးစမ်း"

ကျုန်ချွမ်းမှာ အကျပ်ရိုက်သွားသည်။

သူသည် တွေဝေနေမိသည်။ ဓားကို မပေးလိုပေ။

မိုးနဂါးဓားအပါအဝင် ဓားဆန်းခုနစ်လက်ရှိသည့်အနေ

ဆရာကြီးတိုးကို့အား ငှားလိုက်လျှင် တစ်လက်လျော့သွားမည်။

တိတ်တဆိတ်တွင် ထွက်သွားရန်လည်း မဖြစ်နိုင်တော့

အကယ်၍ မငှားဘဲ ငြင်းလိုက်ပါက ဆရာကြီးတိုးကို့ စိ ဆိုးဦးမည်။ ဆရာကြီးတိုးကို့ စိတ်ဆိုးလျှင် မလွဲပေ။

နောက်ဆုံး ကျုန်ချွမ်းသည် မတတ်သာသည့်အဆုံး မိုးန ဓားကို လက်နှစ်ဖက်နှင့် ရိုသေစွာကိုင်၍ လှမ်းပေးလိုက်ရသည်

ဆရာကြီးတိုးကို့သည် မိုးနဂါးဓားကိုလက်ခံပြီး ရုတ်တ သူသည် ဓားကို ဓားအိမ်မှဆွဲထုတ်လိုက်သည်။

ဓားရောင်မှာ ဝင်းလက်ဖြာထွက်လာသည်။

ထို့နောက် သူသည် ဓားကိုကိုင်ကာ စင်မြင့်ပေါ်သို့လျှ ခုန်တက်သွား၏။

ပရိသတ်တို့သည် တိုးကို့အား စိတ်ဝင်စားစွာ ကြည့် သည်။

ဆရာကြီးတိုးကို့နှင့်အဘွားကျန်းတို့သည် တစ်ဦးနှင့်တ ဆယ်ပေခန့်ကွာဝေး၏။



ဆရာကြီးတိုးကို့က အဘွားကျန်းအား စေ့စေ့ကြည့်ကာ....

"ဟား... ဟား... ဟား ကျိုးလိုကျွန်းကိုပိုင်ချင်တဲ့လူရောက် သာပြီဗျို့၊ ခင်ဗျားသတိသာ ထားပေတော့"

အဘွားကျန်းသည် ဆရာကြီးတိုးကို့လက်ထဲမှ မိုးနဂါးဓား ကြည့်ရင်း ကျိတ်၍ စိုးရိမ်စိတ်ဖြစ်သွားသည်။

သူ၏အစွမ်းထက်သော မိုးနဂါးဓားက သူမ၏သံတောင် ှးအား အနိုင်ယူသွားမည်ကိုစိုးရိမ်နေသည်။

သို့သော် အဘွားကျန်းက ဟန်ဆောင်၍ ရယ်လိုက်ပြီး....

"ဆရာကြီးတိုးကို့နဲ့ကျွန်မတို့ဟာ ငယ်ရွယ်သူတွေမဟုတ်တဲ့ တွက် ဒီစင်မြင့်ပေါ်မှာတိုက်ကြခိုက်ကြမယ်ဆိုရင် ရယ်စရာဖြစ်နေ ပေ့၊ ဒီတော့ ကျွန်မတို့ သုံးပွဲယှဉ်ပြိုင်ကြမယ်၊ အကယ်၍ နှစ်ပွဲနိုင် ဲ့လူဟာ အနိုင်ရသူပဲလို့ အသိအမှတ်ပြုရင် မကောင်းဘူးလားရှင်၊ င်တဲ့လူဟာ ဒီကျွန်းကိုပိုင်ဆိုင်တဲ့သူလို့ သတ်မှတ်ကြမယ်၊ ကဲ... ကျေနပ်ရင် ယှဉ်ပြိုင်ကြမယ်၊ မကျေနပ်ရင်တော့ ဘာမှပြောစရာမ ဘူး... ပွဲကိုဖျက်လိုက်ရုံပဲ"

ဆရာကြီးတိုးကို့က မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"ကဲ... ဒါဖြင့် ဘယ်လိုယှဉ်ပြိုင်ကြမယ်ဆိုတာ အမြန်ပြော တိုတိုနဲ့လိုရင်းပြော...."

ထိုအခါ အဘွားကျန်းက သူမ၏သံတောင်ဝှေးကို နှစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ထောက်လိုက်ပြီး.....

"ပထမပွဲအနေနဲ့ လက်နက်မဲ့ချင်း ယှဉ်ပြိုင်ရအောင်"

ဆရာကြီးတိုးကို့သည် မိမိစကားနှင့်မိမိ ပြန်မိနေသည်။

သူ့အနေဖြင့် မည်သို့မှမငြင်းဆန်နိုင်တော့ချေ။ လက်ထဲ မိုးနဂါးဓားကို တစ်ဘက်သို့ပစ်လိုက်ရသည်။

မိုးနဂါးဓားသည် အရောင်ဖြာထွက်လာပြီး တိုင်တစ်တိုင်တွင် သွားရောက်စိုက်နေလေတော့၏။

သူသည် အစွမ်းထက်သော မိုးနဂါးဓားနှင့် ပထမဆုံးပြိုင်ပွဲကို မနွှဲရတော့ချေ။

အခန်း(၉)

အပေးအယူ

ဆရာကြီးတိုးကို့နှင့် အဘွားကျန်းတို့သည် နောက်သို့တစ်လှမ်းစီ ဆုတ်လိုက်ကြသည်။

ပွဲကြည့်ပရိသတ်ထဲမှ စိတ်အလှုပ်ရှားဆုံးသောသူမှာ ကျုံနမ်းပင် ဖြစ်လေတော့၏။

သူသည် ခက်ခဲစွာ ကြိုးပမ်းထားသော ဓားဆန်းခုနစ်လက်လုံးကို လက်ဝယ်သို့ရောက်ရှိအောင် ဆောင်ရွက်ခဲ့ပြီးမှ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



တိုးကို့က အကြီးဆုံးမိုးနဂါးဓားကို ငှားရမ်းသွားသည်။

ယခု ဤမိုးနဂါးဓားသည် တိုင်တစ်တိုင်တွင် စိုက်နေသည်ကိုတွေ့ရသောအခါ သူသည် ပြေး၍နှုတ်ယူရန် စိတ်ကူးမိ၏။

သို့သော် မိုးနဂါးဓားကို သွားယူလိုက်လျှင် ဆရာကြီးတိုး‌ကို့က သဘောမကောင်းဖြစ်သွားပေမည်။ စိတ်ဆိုးသွားပေမည်။

ထို့အပြင် ဓားဆန်းခုနစ်လက်စလုံးကို မိမိရထားသည့်အကြောင်းကိုသိသွားလျှင် အမှန်ပင် မိမိအား ရန်ရှာပေတော့မည်။

ဆရာကြီးတိုးကို့ဒေါသထွက်၍ မိမိအားရန်ရှာလျှင် မိမိအတွက် အခက်ကြုံနေဦးမည်။

ဆရာကြီးတိုးကို့ကို အလိမ္မာဖက်၍ ပေါင်းထားမှ တော်ပေလိမ့်မည်။

ကျုန်ချွမ်းသည် အမျိုးမျိုးစဉ်းစားရင်း ငိုင်နေမိလေ၏။

ထိုအခိုက်တွင် အဘွားကျန်းနှင့် ဆရာကြီးတိုးကို့တို့သည် စင်မြင့်ပေါ်တွင် လက်နက်မဲ့လှည့်ပတ်၍ တိုက်ခိုက်နေကြလေပြီ။

သူတို့နှစ်ဦးစလုံးတို့သည် ပင်ကိုယ်အတွင်းအားနှင့်ယှဉ်ပြိုင်နေကြခြင်းဖြစ်၏။

နှစ်ယောက်စလုံးအတွင်းအား အကုန်မထုတ်ကြသေး

စင်နှင့်နီးသော ပွဲကြည့်ပရိသတ်များသည် သူတို့နှစ်ဦး တိုက်ခိုက်နေကြရာမှ ပေါ်ထွက်လာသော လက်ဝါးချင်းရိုက်မိသံ



ွားနေရသည်။

ဆိုင်းပညာ နုနယ်သောသူများအဖို့ သူတို့နှစ်ဦး၏ ယှဉ်ပြိုင်တိုက်ခိုက်နေခြင်းကို ကြည့်ရင်း အသက်ရှူရန်ပင် မေ့နေကြ၏။

သူတို့နှစ်ဦးမှာ တိုက်ကွက်အလွန်နှေးကွေးလှသော်လည်း တစ်ဦး၏ဟာကွက်ကို တစ်ဦးကစောင့်နေသည်။

ဤသို့ဖြင့် တစ်ယောက်ကိုတစ်ယောက် အငိုက်စောင့်နေကြရင်း အချိန်တစ်နာရီခန့်ကြာသွားခဲ့သည်။

ထိုမှနောက်ပိုင်းတွင် သူတို့၏တိုက်ကွက်မှာ ပို၍ မြန်ဆန်ပြင်းထန်လာသည်။

သို့သော် ဆရာကြီးတိုးကို့မှာ စိတ်မြန်၍ အနိုင်ရရေးကိုသာ စိတ်စောနေသည်။

ထိုစဉ် ဆရာကြီးတိုးကို့သည် အားအပြည့်သုံး၍ လက်ဝါးနှင့်တစ်ချက် လှမ်းရိုက်လိုက်သည်။

“ဝုန်း.....”

အသံကြီးကျယ်စွာ ပေါ်ထွက်လာသည်။

အမှန်မှာ အဘွားကျန်းသည် ဆရာကြီးတိုးကို့က တစ်ဘက်သို့စောင်းလိုက်သည်ကို အကြံနှင့်စောင်းလိုက်သည်ဟုထင်ပြီး သူကလည်း တစ်ဘက်သို့လိုက်၍ ကိုယ်ကိုစောင်းလိုက်သည်။

သူတို့သည် တစ်ဘက်သို့ ပြိုင်တူခုန်ထွက်လိုက်သည့်အ

www.burmeseclassic.com

www.burmeseclassic.com



ဘွတ် မှုလက မည်သို့ကမှ အသာစီးမရဘဲဖြစ်နေရာမှ အတွင်းအား ချင်း ထိတွေ့သွားပြီး အသံမြည်ကာ မိုးနဂါးဓားစိုက်နေသောတိုင်နှ အရှိန်ပြင်းစွာ ပြေးရိုက်မိသွားလေတော့သည်။

သူတို့နှစ်ဦး၏ ပြင်းထန်သောအရှိန်ကြောင့် စင်မြင့်တိုင်ကြီး မှာ ပြိုလဲကျသွားလေတော့သည်။

သူတို့သည် စင်ကြီးမလဲမီ တစ်ပြိုင်တည်း စင်အောက်သို့ခု ချလိုက်ကြ၏။

စင်အောက်သို့ရောက်လျှင် အဘွားကျန်းက သူမ၏သံ တောင်ဝှေးကို အသင့်ကိုင်လိုက်၏။

ဆရာကြီးတိုးကို့ကလည်း သူ၏မိုးနဂါးဓားကို ကောက်ယ ကြည့်လိုက်သည်။

သူ၏မိုးနဂါးဓားမှာ.လဲကျနေသော တိုင်ကြီးအောက်တွင် ပိ၍နေသည်။

တိုင်အောက်တွင်ပိနေသော မိုးနဂါးဓားကိုကောက်ယူ ဆရာကြီးတိုးကို့သည် ကိုယ်ကိုကုန်းလိုက်စဉ် အဘွားကျန်းသည် ရ သောအခွင့်အရေးကိုလက်လွှတ်မခံဘဲ....

"လက်နက်မဲ့နဲ့ အရှုံးအနိုင်မပေါ်သေးခင် ကျွန်မရဲ့တော ဝှေးအရသာကို ခံစားကြည့်လိုက်ပါအုံး"

စကားဆုံးသည်နှင့် အဘွားကျန်းသည် သူမ၏ သံတော



ဝှေးကို တစ်ချက်လှုပ်ယမ်းလိုက်ပြီး 'ရေလှိုင်းပမာ'သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်သည်။

ဆရာကြီးတိုးကို့သည် ခေါင်းထောင်၍ကြည့်လိုက်မိ၏။

ထိုအခါ ရေလှိုင်းပမာသိုင်းကွက်၏ လေသံအရှိန်သည် သူ ၏ကိုယ်ကို ပတ်လည်ဝိုင်းနေသည်ကို ခံစားလိုက်ရလေတော့သည်။

ထိုအခါ ဆရာကြီးတိုးကို့သည် ကိုယ်ကိုပုဝင်လိုက်ပြီး လူ တစ်ဘက်ခန့်ရှိ တိုင်လုံးအပြတ်ကိုမ,ယူ၍ ခံပေးလိုက်သည်။

တစ်ဆက်တည်းမှာပင် သူသည် ကိုယ်ကိုတစ်ဘက်သို့ခုန်၍ ထွက်လိုက်သည်။

ဆရာကြီးတိုးကို့မှာ အဘွားကျန်း၏ရိုက်ချက်မှ လွတ်ခဲ့သော် လည်း သစ်သားမှာ ကျိုးပဲ့ထွက်သွားသည်။

ထိုသို့ ဆရာကြီးတိုးကို့ လွတ်ထွက်သွားသည်ကို တွေ့ရ သောအခါ အဘွားကျန်းသည် ဒေါသထွက်ကာ ခြေတစ်ဖက်ကိုဆန့်၍ ကန်လိုက်၏။

သို့သော် ဆရာကြီးတိုးကို့ကိုမထိမိဘဲ တိုင်လုံးပြတ်ကိုကန်မိ ပြီး တိုင်လုံးကြီးသည် အဝေးသို့လွင့်စင်ထွက်သွားလေတော့သည်။

ထိုအထဲတွင် မိုးနဂါးဓားပါ ပါသွားလေတော့သည်။

ထို့နောက် အဘွားကျန်းသည် တစ်ချက်ခုန်လိုက်ပြီး ဆရာ ကြီးတိုးကို့အား တိုက်ခိုက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာကြီးတိုးကို့သည် မိုးနဂါးဓားကိုယူချိန်မ တော့ဘဲ သူသည် ညာလက်ကိုဆန့်ပြီး အဘွားကျွန်း၏တောင်ဝှေး ဖမ်းလှမ်းလိုက်၏။

အဘွားကျွန်းသည် သူမ၏တိုက်ကွက်ကို ပြန်မသိမ်းဘဲ လှိုင်းပမာ သိုင်းကွက်၏ နောက်ဆက်တွဲအဖြစ် သံတောင်ဝှေး ရှေ့သို့ တွန်းထုတ်လိုက်သည်။

ထိုသို့ဖြင့် ဆရာကြီးတိုးကို့နှင့် အဘွားကျွန်းတို့သည် တ ယောက်တစ်ကွက်စီ သိုင်းကွက်ကိုနင်းရင်း တစ်ဘက်လူ၏ဟာကွ ကို စောင့်နေကြသည်။

ထိုစဉ် ကျုန်ချွမ်းသည် အဘွားကျွန်း၏လက်ချက်ကြောင့် မိုးနဂါးဓားကြီး တိုင်လုံးနှင့်အတူ လွင့်စင်သွားသည်ကိုတွေ့ရသည် သူသည် မိုးနဂါးဓားကိုသာ ကြည့်နေသူဖြစ်သည်။

သူ၏မျက်လုံးအစုံမှာ ပြူးသွားသည်။

သူသည် ဆက်၍မစဉ်းစားတော့ဘဲ ကိုယ်ဖော့သိုင်းပညာ ကိုအသုံးပြုကာ မိုးနဂါးဓားကို ပြေးကောက်မည်ပြုလေ၏။

ထိုစဉ် ဘေးတစ်ဘက်မှ ခဲတစ်လုံးသည် အရှိန်ပြင်းစွာဖြင့် ရောက်ရှိလာပြီး မိုးနဂါးဓားကို ထိမှန်သွားလေတော့၏။

မိုးနဂါးဓားမှာ ခြောက်ပေခန့်အကွာသို့ လွင့်ထွက်သွား သည်။



မရှေးမနှောင်းမှာပင် သာယာချိုလွင်သော အသံတစ်သံ ပေါ်လာသည်။

"အစ်ကိုချင်စိရောင်... ဥစ္စာရှင်မှန်လို့ ဟောဒီမိုးနဂါးဓားဟာ ရှင့်ဆီပြန်ရောက်လာတာပဲ၊ အစ်ကို့ဓားကို အစ်ကိုပြန်ယူပေါ့"

ကျုန်ချွမ်းက အံ့အားသင့်သွား၏။

ချင်စိရောင်က မိုးနဂါးဓားကိုကိုင်ထားပြီး ထန်လေရီကပြုံး လျက် ကြည့်နေသည်ကိုတွေ့ရလေ၏။

ကျုန်ချွမ်းသည် ဒေါသထွက်လာကာ အော်ပြောလေ၏။

"ချင်စိရောင်... ခင်ဗျားလက်ထဲကဓားကို ပိုင်ရှင်ဖြစ်တဲ့ ကျုပ်လက်ထဲပြန်အပ်ပါ"

ကျုန်ချွမ်း၏စကားကြောင့် ချင်စိရောင်သည် ဘာမှပြန်မ ပြောနိုင်ဘဲ ဖြစ်သွားသည်။

ထန်လေရီက ကျုန်ချွမ်းအား စေ့စေ့ကြည့်ကာ....

"ရှင့်လိုအရှက်မရှိတဲ့လူက မျက်နှာပြောင်တိုက်ပြီး လာ တောင်းနေတာကိုအံ့ဩပါရဲ့၊ ဒါနဲ့ကျွန်မမေးပါရစေ၊ ဒီဓားကို ရှင်ပိုင် သလား"

ကျုန်ချွမ်းက မဲ့ပြုံးပြုံးလိုက်ပြီး....

"ကျုပ်ကမဟုတ်ဘဲနဲ့ပြောဘူးမလား... ကျုပ်က ဟောဒီချင် စိရောင်နဲ့ယှဉ်ပြီး ဓားကိုရယူထားတာပါ၊ ဒါကြောင့်ဒီဓားရဲ့ပိုင်ရှင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ပါလို့ပြောတာ”

ထန်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး...

“သြော်... လုယူလို့ရတာနဲ့ ပိုင်ရှင်ဖြစ်ရောလား”

ကျုန်ချွမ်းက မျက်မှောင်ကုပ်သွားပြီး...

“မှန်တယ်”

ထန်လေရီက ပြုံးလိုက်ပြီး...

“ဒါဖြင့် ကောင်းပြီ... အစ်ကိုချင်စိရောင် သူ့ကိုဓားပြန်ပေး လိုက်ပါ”

သူမ၏စကားကြောင့် ချင်စိရောင်သည် အံ့အားသင့်သွား သည်။

သို့သော် ထန်လေရီ၏ပါးနပ်မှုကို ယုံကြည်သဖြင့် သူသည် ဓားကိုကျုန်ချွမ်းအား ပစ်ပေးလိုက်သည်။

ကျုန်ချွမ်းက အသာဖမ်းယူလိုက်သည်။

သူသည် ဤဓားကို အလွယ်တကူရလိမ့်မည်ဟု မထင်မိ မဝံ့တဝံ့ ယူရခြင်း ဖြစ်ပါသည်။

သူသည် ဓားကိုရယူပြီးသည်နှင့် လှည့်၍ထွက်မည်ပြု ထန်လေရီက ကျုန်ချွမ်းအား မဲ့ပြုံးပြုံးကြည့်ရင်း...

“ခဏနေပါအုံးရှင့်”

သူမကပြောရင်း ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်ပြီး ...



...လိုက်၏။

“ဒီမှာ... အဲဒီဓားကိုပြန်လုယူမယ့်လူ လာပြီလေ”

ထန်လေရီက ပြောရင်း ‘ခြေစက်ဝိုင်း’ သိုင်းကွက်ဖြင့် ခြေ ...ဘက်နှစ်ဖက်ကို စကောဝိုင်းသကဲ့သို့ တစ်ဖက်စီ ပြောင်းလဲပြီး ကျုန်ချွမ်း၏တင်ပါးကို လှမ်း၍ကန်လိုက်သည်။

ကျုန်ချွမ်းသည် မဲ့ပြုံးပြုံးကာ စိန်ခေါ်လိုက်လေ၏။

“သတ္တိရှိရင် ဝင်ခဲ့လေ”

သူသည် ပြောရင်း လက်ထဲမှမိုးနဂါးဓားဖြင့် ထန်လေရီ၏ ...ခြေကိုလှမ်း၍ ခုတ်လိုက်သည်။

သို့သော် ထန်လေရီက နောက်သို့ပက်လက်လှန်ကာ ကျွမ်း ...လိုက်သည့်အတွက် ဓားချက်မှာ ပွတ်သီး၍လွတ်သွားသည်။

တစ်ဆက်တည်းမှာပင် သူမသည် ကိုယ်အထက်ပိုင်းကို ...တစ်ဘက်သို့စောင်းကာ လက်ချောင်းများဖြင့် ကျုန်ချွမ်း၏ ...ကြောတစ်နေရာကို လှမ်းထောက်လိုက်သည်။

ထိုအခါ ကျုန်ချွမ်းသည် သူမ၏ထောက်ကွက်ကို ရှောင်ရန် ...တွက် ခုတ်မည့်ဓားချက်ကို ကမန်းကတန်း ပြန်သိမ်းလိုက်ပြီး ခုခံ ...ကြိုးစားလိုက်သည်။

ထန်လေရီသည် သူ၏ညာလက်ကိုပြန်မသိမ်းဘဲ ဘယ် ...လက်ကိုမြှောက်ကာ လက်ခလယ်နှင့် ကျုန်ချွမ်း၏ပခုံးထောင်

www.burmeseclassic.com

www.burmeseclassic.com



ဆစ်ကို ထောက်လိုက်ပြန်သည်။

ကျုန်ချွမ်း၏လက်ထဲမှ ဓားသည်လည်း မြေပေါ်သို့လွတ်သွားလေတော့သည်။

ထိုအခါ ထန်လေရီသည် လွတ်ကျလာသော မိုးနဂါးဓားကိုအလိုက်သင့်ဖမ်းယူလိုက်ပြီး ရယ်၍မေးလေ၏။

"ဟား... ဟား... ဟား ဘယ့်နှယ်လဲ"

သူမကပြောရင်း နောက်သို့ ဆယ်ပေခန့်ဆုတ်လိုက်သည်။

ကျုန်ချွမ်းမှာ အငိုက်မိခံရသည့်အတွက် ဘာပြောရမှန်းမသိ ဖြစ်သွားလေသည်။

သူ့ဓား ဆုံးရှုံးသွားရလေပြီ။

ထန်လေရီသည် ဆရာရှန်ပိန်းဘက်သို့ လှည့်၍ကြည့်လိုက်ရာ ဆရာရှန်ပိန်းကို မတွေ့ရတော့ချေ။

ထို့ကြောင့် သူမသည် လက်ထဲတွင်ကိုင်ထားသော နဂါးဓားကို ချင်စိရှောင်အား ပြန်ပေးမည်ပြုသည်။

ထိုစဉ် ပရိသတ်ကြားမှ တစ်စုံတစ်ဦးသည် သူမထံသို့ဦးတည်လျှောက်လာနေသည်ကို တွေ့မြင်လိုက်ရလေတော့သည်။

ထန်လေရီသည် ထိုသူအားကြည့်လိုက်၏။ ကျင်လေရီသာတည်း။

ပရိသတ်များထဲမှ အချို့သည် ဆရာကြီးတိုးကို့နှင့် အဘွားချန်းတို့၏ ယှဉ်ပြိုင်ပွဲကိုကြည့်နေကြသော်လည်း အချို့လူများကမူ ကျုန်ချွမ်းနှင့် ထန်လေရီတို့၏ ဓားလုပွဲကို စိတ်ဝင်စားစွာ ကြည့်နေကြသည်။

ဓားလုပွဲကိုကြည့်နေကြသော ပရိသတ်များသည် ကျင်လေရီနှင့်ထန်လေရီတို့ ရုပ်ရည်ခြင်း ခွဲမရအောင်တူနေသည်ကို တွေ့ရသောအခါ လွန်စွာအံ့သြသွားကြသည်။

သူတို့သည် ကျင်လေရီကိုတစ်လှည့် ထန်လေရီကိုတစ်လှည့် ကြည့်ကာ စိတ်ဝင်စားနေကြလေသည်။

ထန်လေရီက သူမအနီးသို့ရောက်လာသော ကျင်လေရီအား ပြုံး၍ကြည့်ရင်း....

"မမ...."

ကျင်လေရီက မျက်နှာကိုတည်လိုက်ပြီး ခပ်တိုးတိုးပြောသည်။

"မမက ညီမနဲ့ အပေးအယူ လုပ်စရာရှိလို့ လာခဲ့တာ"

ထန်လေရီက အံ့သြတွေဝေသွား၏။

အတန်ကြာမှ သူမက တစ်ချက်ပြုံးလိုက်ပြီး....

"မမကလဲ စကားပလ္လင်ခံမနေပါနဲ့... ပြောစရာရှိရင်ပြောပါ"

ကျင်လေရီက ချင်စိရှောင်ဘက်သို့ တစ်ချက်ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



၆—

"ညီမက ချင်စိရောင်ကိုမေတ္တာရှိနေတယ် မဟုတ်လား"

သူမက လေသံဖြင့် ထန်လေရီအား မေးလိုက်၏။

ထန်လေရီသည် ထိတ်လန့်သွား၏။

"မမ ဘယ်လိုပြောလိုက်တာလဲ၊ သူဟာမကြာခင် ကျွန်မရဲ့ ခဲအိုဖြစ်တော့မှာမို့ ကျွန်မ ဘယ့်နှယ်လုပ် ချစ်နိုင်မှာလဲ"

ကျင်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး....

"ညည်း မသိချင်ယောင်ဆောင်မနေပါနဲ့၊ ငါ့ချင့်မိသားစု အိမ်က ထွက်လာပြီးတဲ့နောက်မှာ ညည်းဟာငါ့အယောင်ဆောင်ပြီး သူနဲ့တတွဲတွဲနေခဲ့တာ ငါအားလုံးသိထားတယ်"

ကျင်လေရီ၏စကားကိုကြားရသောအခါ ထန်လေရီ၏မျက် နှာမှာ ရှက်ယောင်သန်းပြီး မျက်နှာတပြင်လုံးမှာ နီရဲသွားလေ၏။

အတန်ကြာမှ....

"မမ စိတ်ချပါ... ခုအချိန်ကစပြီး နောင်ကို သူနဲ့မတွေ့စေ ဘူးလို့ ကျွန်မ ကတိပေးပါတယ်၊ ကျွန်မက ဒါဆို ဒါပါပဲ၊ ကတိတည် ပါတယ်"

ထန်လေရီသည် ထိုသို့ပြောလိုက်ရသော်လည်း သူမ၏အ သည်းကို ဓားနှင့်အမွှန်းခံရသကဲ့သို့ ခံစားမိတော့သည်။

ကျင်လေရီက မဲ့ပြုံးပြုံးလိုက်၏။



"ဒီသဘောမျိုးပြောတာ မဟုတ်ပါဘူး၊ ငါက ညည်းကို ချောင်ပေးမလို့ပါ၊ သူ့လို အတတလူမျိုးကို ငါ နဂိုကတည်းက မလို င်ပါဘူး၊ ငါက သွက်လက်တဲ့လူမျိုးကိုမှ သဘောကျတာ"

သူမ၏စကားကြားရသောအခါ ထန်လေရီမှာ အလွန်ဝမ်း သာမိ၏။

ကျင်လေရီသည် ကျုန်ချွမ်းကို ရည်ရွယ်ပြီးပြောနေသည်။

ထန်လေရီက ပြုံးလိုက်ပြီး....

"မမ တကယ်ပြောတာလား"

ကျင်လေရီသည် စကားပြောရင်း မျက်လုံးအစုံသည် ကျုန် မ်းဘက်သို့ရောက်သွား၏။

သူမ၏မျက်လုံးအစုံသည် ချစ်ရည်ရွှမ်းလဲ့နေ၏။ မေတ္တာ က်ဝင်နေပုံ ပေါ်လွင်နေသည်။

အကင်းပါးသော ကျုန်ချွမ်းက ကျင်လေရီသည် သူ့အား ဘူအညီပေးလိမ့်မည်ကို ကောင်းစွာ အကဲခတ်မိ၏။

ကျင်လေရီက ထန်လေရီအား စေ့စေ့ကြည့်ကာ....

"မမက တကယ်ပြောနေတာပါ... ဒါပေမယ့် ဒီမိုးနဂါးဓား ကိုတော့ မမကိုပေးရလိမ့်မယ်၊ မမက ဒီဓားကိုလိုချင်တယ်"

ထိုအခါ ထန်လေရီသည် ချင်စိရောင်ဘက်သို့လှမ်းကြည့်ရင်း ငြိုးငြင်းစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမိုးနဂါးဓားမှာ အလွန်အဖိုးထိုက်တန်သော်လည်း မိမိ အသည်းစွဲချစ်နေသောသူနှင့် ချိန်ထိုးကြည့်လျှင် ထိုဓားကိုအလေး သားရန် မလိုတော့။

အချစ်သည်သာ လောကတွင် တန်ဖိုးမဖြတ်နိုင်။ ဤသို့ပင် ထန်လေရီ ခံယူထားသည်။

ယခု ကျင်လေရီက ဓားကိုသာအလိုရှိပြီး သူမက ချင်စိ ရှောင်ကို လက်လွှတ်မည်။

မိမိအဖို့ ချစ်သောသူနှင့် တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နေ နေသွားရမည်ကိုတွေးမိပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်မိသည့်အ လျောက် ချက်ချင်းပင် ဓားကိုကျင်လေရီအား ကမ်းပေးလိုက်လေ တော့၏။

ကျင်လေရီက ဓားကို လှမ်းယူမည်ပြုသည်။ ထိုစဉ် ထန် လေရီက ရုတ်တရက် လက်ကိုပြန်ရုပ်လိုက်လေ၏။

“မမ အခုပြောတဲ့စကားဟာ အတည်ပဲလား”

ကျင်လေရီက ပြုံးလိုက်ပြီးကတိပေးလေ၏။

“မမ အတည်ပြောနေတာပါ”

ထိုသို့ပြောရင်း သူမက ဓားကိုလှမ်းယူလိုက်ပြီး ကျုန်ချွမ်း အား တစ်ချက်ပြုံးပြကာ လူအုပ်ကြားမှ ထွက်ခွာသွားလေတော့ သည်။



သူမနောက်မှ ကျုန်ချွမ်းသည် မဆိုင်းမတွ ထလိုက်သွား လေ၏။

သူလိုက်သွားပုံမှာ လွန်စွာလျင်မြန်လှလေ၏။

ထန်လေရီသည် ဓားကို ကျင်လေရီအားပေးပြီး ချင်စိရှောင် အက်လှည့်၍ ပြုံးရင်း....

“အစ်ကိုချင်စိရှောင်... ခုမှ ကျွန်မ စိတ်အေးရတော့တယ်”

သို့သော် ချင်စိရှောင်သည် ညီအစ်မနှစ်ယောက်ကို တီးတိုး ပြောဆိုနေကြသည်ကို မကြားရသည့်အတွက် သူသည် မျက်မှောင် တစ်ချက်ကုပ်လိုက်သည်။

“ဘာစိတ်အေးရတာလဲ”

ထန်လေရီ၏မျက်နှာမှာ ကြည်လင်ရွှင်ပြုံးနေသည်။

သူမသည် ချင်စိရှောင်ထံသို့တိုးသွားပြီး ခပ်တိုးတိုးလေသံ ကလေးဖြင့်....

“အစ်ကိုချင်စိရှောင်... ကျွန်မကို စိတ်ဝင်စားသေးသလား”

ချင်စိရှောင်မှာ ထန်လေရီ၏စကားကြောင့် အနေခက်သွား ၏။

သူသည် ထန်လေရီအား မရဲတရဲကြည့်ရင်း....

“စိတ်မဝင်စားဘဲ ရှိပါ့မလား။ ထန်လေရီကို အစ်ကိုကချစ် နေရတာပဲ”

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားကို ကြားရသောအခါ ထန်လေရီသည် အတိုင်းသေ ဝမ်းသာသွားလေတော့၏။

“ဝမ်းသာလိုက်တာရှင်... မမက ပြောတယ် သူ့ကိုမိုးနဂါးဓားပေးရင် အစ်ကိုနဲ့ကျွန်မတို့ရဲ့ ချစ်ခရီးလမ်းကို အနှောင့်အယှက်မပေးဘူးတဲ့”

သူမ၏စကားကိုကြားရသောအခါ ချင်စိရှောင်သည် ဝမ်းသာသွားမိ၏။

ထန်လေရီ၏မျက်နှာမှာ နီရဲနေသည်။

ချင်စိရှောင်သည် တစ်ချက်ငိုင်သွားပြီး တစ်စုံတစ်ရာကို စဉ်းစားမိသည့်အတွက် ပြောလိုက်မိလေ၏။

“လေရီ အလိမ်ခံရပြီ၊ အမှန်တော့ သူဟာ ကိုယ့်ကိုအသေအလဲမုန်းသူမို့ ကိုယ့်ရဲ့နားတစ်ဖက်ကိုတောင် ဒဏ်ရာရအောင်လုပ်ခဲ့တယ်၊ သူက ကိုယ့်ကိုသတ်....”

ချင်စိရှောင်သည် စကားကိုစုံစေ့အောင် မပြောဝံ့ချေ။

အကယ်၍ သူပြောလိုက်ပါက ထန်လေရီကပါ သူ့အား စိတ်နာသွားလေမည်လောဟု တွေးတောမှုပန်မိ၍ ယင်းစကားလုံးများကို ဆုံးအောင်မပြောခြင်း ဖြစ်လေတော့သည်။

အကင်းပါးသော ထန်လေရီက....

“မမက ဘာကြောင့် အစ်ကို့ကို လက်တုန့်ပြန်ချင်နေတာလဲ”

ချင်စိရှောင်က တွေဝေသွား၏။

အတန်ကြာမှ သူသည် ထစ်ထစ်ငေါ့ငေါ့ဖြင့်....

“ကိုယ်... ကိုယ်... ကိုယ်....”

ထန်လေရီက သက်ပြင်းတစ်ချက်ချလိုက်ပြီး စိတ်မရှည်စွာပြောလေ၏။

“အစ်ကိုကလဲလေ... စကားတစ်ပိုင်းစနဲ့ တကယ့်ကိုမုန်းစရာကောင်းတဲ့လူ... စကားကိုရဲရဲပြောစမ်းပါ”

ထန်လေရီ တစ်ယောက်မုန်းသွားမည်ကိုလည်း သူကြောက်သည်။

သူသည် သက်ပြင်းရှည်ကိုတစ်ချက်ချလိုက်ပြီး....

“ကိုယ်မပြောချင်လို့ မဟုတ်ပါဘူး လေရီ... ဒါပေမယ့် ကိုယ် ဘယ်လိုလုပ်ပြီး ထုတ်ဖော်ရမယ်ဆိုတာ စဉ်းစားလို့မရလို့ပါ၊ ကိုယ် ပြောရခက်နေတယ်”

သူသည် ချွေးများပင် ကျလာ၏။

သူ၏ဖြစ်အင်ကိုတွေ့ရသောအခါ ထန်လေရီသည် သူ့အပေါ် ကရုဏာသက်မိသည်။

“အစ်ကိုရယ်... ဘာအကြောင်းပဲဖြစ်ဖြစ် ပြောသာပြောပါ။ မမက အစ်ကို့ကို ဘယ်လိုကြောင့် လက်တုန့်ပြန်ချင်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ချင်စိရှောင်သည် ငေးငိုင်နေမိလေတော့၏။

ထန်လေရိက အတင်းမေးနေပြီ ချင်စိရှောင်အဖြေခက်နေသည်။

ဤသို့ဖြင့်သူတို့နှစ်ဦးမှာ မတိုးသာ မဆုတ်သာဖြစ်နေကြလေတော့သည်။



## အခန်း(၁၀)

## နှုတ်ပိတ်ခြင်း

အဘွားကျန်း၏ သံတောင်ဝှေးမှာ ထက်ပိုင်းကျိုးသွားသည်။

သူတို့သည် သံတောင်ဝှေးအကျိုးများကို တစ်ယောက်တစ်ချောင်းစီကိုင်ကာ နောက်သို့အသီးသီး ခုန်ဆုတ်လိုက်ကြသည်။

အဘွားကျန်း၏သံတောင်ဝှေးမှာ ဆရာကြီးစိုးကို့နှင့် ထိုက်တိုက်ရင်း ထက်ပိုင်းကျိုးသွားခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ကျိုးသွားသော သံတောင်ဝှေးကိုတစ်ယောက်တ ပိုင်းစီကိုင်ကာ အလစ်ဝင်ရောက် တိုက်ခိုက်မည်ကိုစိုးရိမ်၍ နှောက် ခန်ဆုတ်လိုက်ကြခြင်းဖြစ်ပါသည်။

ဆရာကြီးတိုးကို့က တဟားဟားရယ်ပြီး မေးလိုက်၏။

"အဘွားကြီး... ခင်ဗျားအရှုံးပေးပြီလား"

အဘွားကျန်းက မဲ့ပြုံးပြုံးကာ ပြန်ဖြေသည်။

"ငါက ဘာဖြစ်လို့အရှုံးပေးရမှာလဲ"

"အရှက်မရှိတဲ့အဘွားကြီး... အခု ခင်ဗျားရဲ့နာမည်ကြီး တောင်ဝှေးဟာ ကျုပ်လက်ချက်နဲ့ထက်ပိုင်းကျိုးသွားပြီ မဟုတ်လား ခုအထိ ခင်ဗျားက အရှုံးမပေးသေးဘူးလား"

ဆရာကြီးတိုးကို့က တင်တင်စီးစီးပြောလိုက်ခြင်းဖြစ်သည်။

အဘွားကျန်းမှာ တကယ်ပင် သူမ၏သံတောင်ဝှေး ထက်ပိုင်းကျိုးသွားသည့်အတွက် ဘာမှခွန်းတုန့်ပြန်ခြင်း မပြုနိုင် ငိုင်သွားမိလေ၏။

ဆရာကြီးတိုးကို့သည် ကျေနပ်အားရစွာဖြင့် ဝန်းကျင် တစ်ချက်လှမ်းကြည့်လိုက်သည်။

ဘယ်သူ ငါ့ကို ယှဉ်နိုင်သလဲဟူသော အကြည့်မျိုး သည်။

သို့သော် တကယ့်ဘိုးတော်ဖြစ်ပါသည်။



အဘွားအိုတစ်ဦးသည် ကွက်လပ်ထဲသို့ ဖြည်းညှင်းစွာ လျှောက်လာနေပါ၏။

ဆရာကြီးတိုးကို့သည် မျက်မှောင်ကုပ်သွားသည်။

ထိုအဘွားအိုအား စိုက်ကြည့်နေမိ၏။

သူမသည် ဆရာကြီးတိုးကို့အနီးသို့ ရောက်ရှိလာ၏။

ထိုအဘွားအိုက....

"ညွှ်ပရိသတ်အပေါင်းတို့ရှင်... အခုမြင်ကြတဲ့အတိုင်း အ ဘွားကျန်းရဲ့သံတောင်ဝှေးဟာ ဆရာကြီးတိုးကို့ရဲ့တစ်ယောက်တည်း အားနဲ့ကျိုးရတာ မဟုတ်ပါဘူးရှင်၊ နှစ်ယောက်အားကြောင့် ကျိုးရ တာပါ၊ ဒီတော့ အဘွားကျန်းရှုံးတယ်လို့မဆိုနိုင်ပါဘူး၊ အကယ်၍ ဆရာကြီးတိုးကို့ရဲ့လက်ထဲက သံတောင်ဝှေးတစ်ပိုင်းကို သူတစ် ယောက်တည်း ချိုးနိုင်မယ်ဆိုရင်တော့ အဘွားကျန်းရှုံးပြီလို့ ယူဆပါ တယ်၊ ဒီလိုချိုးနိုင်ရင် ကျိုးလိုက္ကျန်းကို အဘွားကျန်းက သူ့ကိုအပ်ပြီး ဒိုင်းလောကကထွက်ခွာသွားမှ တရားနည်းလမ်းကျမှာ ဒီတော့ ပရိ သတ်တို့ကော ဘယ်လိုသဘောရပါသလဲရှင်"

ထိုအဘွားအို၏ စကားကြောင့် အဘွားကျန်းမှာ ဘဝင်မကျ ဖြစ်သွား၏။

ထိုအဘွားအိုမှာ ဆရာမကြီးစိမ့်ဟွမ်းဖြစ်ကြောင်း မသိချေ။

ထိုအဘွားအိုမှာလည်း ဆရာကြီးတိုးကို့ဘက်မှ သူသာလျှင်

www.burmeseclassic.com



ဖြစ်ရမည်ဟု တွက်ဆမိနေသည်။

သူမ ထိုသို့စဉ်းစားနေစဉ် ပရိသတ်ထဲမှ လူတစ်ယောက် ထွက်လာ၏။

ထိုသူကိုအချို့က သိသော်လည်း အချို့က မသိချေ။

လူလတ်ပိုင်း အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် သန်မာထွားကျိုင်းပြီး မျက်နှာတွင် အမာရွတ်များရှိ၏။

ထိုလူက ရုတ်တရက် ထလိုက်ပြီး အော်ပြောလေ၏။

"ဒါကို အဘွားကျန်း သဘောတူလိုက်ပါ"

အဘွားကျန်းသည် ထိုလူကိုမြင်လိုက်သည်နှင့် ရှန်ပိန်းဖြစ်မှန်း သိလိုက်သည်။

ဤအဆင့်မြင့်သိုင်းပညာရှင်မှာ သူမအား ချောက်တွန်းမည်မဟုတ်ကြောင်းကို ယုံကြည်မိသည်။

"ကောင်းပြီ... ဒီအကြံကို ကျုပ်သဘောတူတယ်"

ဆရာကြီးတိုးကို့သည် သူ၏လက်ထဲမှ သံတောင်ဝှေးပိုင်းကို အလွယ်တကူချိုးနိုင်လျှင် ဤကျွန်းကို ပိုင်ဆိုင်ခွင့်ရမည်ကို တွေးမိရာ ဝမ်းမြောက်ဝမ်းသာဖြင့် လူအများဘက်သို့လှည့်ကာ...

"အဘွားကျန်းက သဘောတူထားတဲ့အတွက် ကျုပ်ကတော့ ဘာမှထပ်ပြောစရာမလိုတော့ပါဘူး"

သူသည် စကားဆုံးသွားသည်နှင့် သံတောင်ဝှေးအပိုင်းကို



အောက်တွင်ထည့်ကာ ညာလက်ဖြင့် ကွေးလိုက်လျှင် သံတောင်မှာ လခြမ်းပုံဖြစ်သွားလေသည်။

လူများက သူ့အား ဩဘာပေးကြ၏။

ထိုကဲ့သို့ ဆရာကြီးတိုးကို့က သံတောင်ဝှေးပိုင်းကိုကွေးနိုင်သည့်အတွက် သံချောင်းမှာလည်း ကျိုးသွားနိုင်သည်ကို တွေးမိလေ

ထို့ကြောင့် အဘွားကျန်း၏မျက်နှာမှာ ကွက်ခနဲပျက်သွားသည်။

သူသည် ရှန်ပိန်းကိုလှည့်ကြည့်လိုက်ရာ ရှန်ပိန်းကို မတွေ့ရတော့ချေ။

အဘွားကျန်းသည် စိုးရိမ်သောမျက်နှာထားနှင့် အဘွားအိုသွင်ဆောင်ထားသည့် ဆရာမကြီးစိမ့်ဟွမ်းအား ကြည့်လိုက်မိပြန်သည်။

အဘွားအိုစိမ့်ဟွမ်းက အဘွားကျန်းအား ပြုံးပြလိုက်ပြီး ဆရာကြီးတိုးကို့အား ကြည့်ကာပြောလိုက်၏။

"ခဏနေပါအုံး... နေ့ရောညပါ ဒီသံချောင်းကို မကျိုးချင်းနေလို့ ဘယ်ဖြစ်မလဲ၊ ရှင်အဖြစ်က ရယ်စရာကောင်းနေပြီ"

ဆရာကြီးတိုးကို့က ဟားတိုက်ရယ်လိုက်လေ၏။

"ကျုပ် နှစ်နာရီအတွင်း ကျိုးအောင်ချိုးပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးစိမ့်ဟွမ်းက....

"သိပ်ကောင်းပါတယ်... နှစ်နာရီကျော်လို့ ဒီသံချောင်း
ကျိုးရင်တော့ ရှင်အရှုံးပဲ"

ထိုသို့ပြောနေစဉ်မှာပင် ဆရာကြီးတိုးကို့က သံချောင်း
ကွေးကာဆန့်ကာနှင့် ချိုးနေသည်။

ဤသို့ အကြိမ်ပေါင်းများစွာ များလာသောအခါ သံချော
မှာ အဖြူစင်းပေါ်လာပြီး ကျိုးတော့မည်အရိပ်အရောင်များ ဖြစ်
လေတော့သည်။

အကယ်၍ ဤတောင်ဝှေးသံချောင်း ပိုင်းကျိုးသွားလျှ
ကျွန်းကို ဆရာကြီးတိုးကို့လက်သို့ လွှဲအပ်လိုက်ရပေတော့မည်

မပေးအပ်ဘဲ ငြင်းဆန်လျှင် သိုင်းလောကတစ်ခုလုံး
ဘွားကျွန်းအား ရှုတ်ချပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အဘွားကျွန်းက ထိုကဲ့သို့သောအဖြ
ကို အဖြစ်မခံလိုပါ။

ကျွန်ချွမ်းသည် ကျင်လေရှီနောက်သို့ လိုက်လာခဲ့
လည်း အသံပေးနှုတ်မဆက်ရဲချေ။ နောက်မှသာ သွက်သွက်



သည်။

ကျင်လေရှီကတော့ ဓားကိုကိုင်လျက် ပွဲခင်းမှဝေးရာဆီသို့
တည်လျှောက်သွားနေသည်။

သူမသည် နောက်သို့ပင် လှည့်၍မကြည့်ပါ။

သို့သော် သူမ၏နောက်မှ ကျွန်ချွမ်းပါလာကြောင်း သူမ
ပါသည်။

သူမသည် ပင်လယ်ကမ်းခြေသို့ ဦးတည်သွားနေသည်။

အကြံသမားကျွန်ချွမ်းအဖို့ ကျိတ်၍ ဝမ်းသာနေမိသည်။

သူ့အဖို့ မိုးနဂါးဓားကိုရဖို့ရန် အဓိကပင် မဟုတ်ပါလော။

သူမ၏စိတ်ထဲတွင် ကျွန်ချွမ်းက မိမိအား ချစ်ရေးဆိုရန်
က်လာခြင်းဖြစ်ပေမည်ဟု ထွေးနေမိသည်။

သို့သော် ကျွန်ချွမ်းကား သူမထင်သကဲ့သို့မဟုတ်ပါချေ။

သူသည် မိုးနဂါးဓားကိုသာရမည်ဆိုပါက သူ၏အသက်ကို
သတ်ရန် ဝန်မလေးပါ။

သူ၏ အကြံပက်စက် ယုတ်မာခြင်းကို ကျင်လေရှီက လုံးဝမ
ပါ။

ကျင်လေရှီသည် ကျွန်း၏နောက်ဘက်ရှိ ကျောက်တုံးတစ်
ပေါ်တွင် ထိုင်ချလိုက်ပြီး နောက်သို့ရုတ်တရက် သေိဟန်ဆောင်
လှည့်ကြည့်ရင်း....

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ကျွန်မနောက်ကို ခါဖြစ်လို့ တကောက်ကောက်လိ
နေရတာလဲ"

ကျွန်ချွမ်းက ပြုံးလိုက်ပြီး မိုးနဂါးဓားကို လက်ညှိုးထိ
ရင်း....

"ကျေးဇူးပြုပြီး ကျွန်တော့်ဓားကိုပြန်ပေးပါလား"

ကျင်လေရီက တစ်ချက်အသံထွက်အောင် ရယ်လိုက်ပြ

"ရှင်စကားပြောတာ သိပ်ရှင်းတာပဲ၊ ဒါပေမယ့် စကား
တစ်လုံး မှားနေတယ်"

သူမ၏စကားကို ကြားရသောအခါ ကျွန်ချွမ်းသည် ဓား
ပြန်ရနိုင်စရာအကြောင်းရှိသည်ကို မတွေးမိလေ၏။

သူက ပြုံး၍ကြည့်ရင်း....

"ကျေးဇူးပြုပြီး ကျွန်တော့်ကို ဒီဓားပြန်ပေးပါလားဗျ
သူ ထပ်ပြောပြန်လေ၏။

သူမက မဲ့ပြုံးပြုံးလိုက်ပြီး....

"အင်း... စကားလုံးကတော့ မှန်သွားပြီ၊ ဒါပေမယ့် ဒီ
က အလွန်ရှားပြီး အတုမရှိတဲ့ ဓားကောင်းတစ်လက်ဖြစ်တာပြေ
လွယ်လွယ်လေးနဲ့ ဘယ်ပေးလို့ဖြစ်မလဲ"

ကျင်လေရီက ပြောရင်း ကျွန်ချွမ်းအား ချစ်ရည်ရွှမ်းသေ
မျက်လုံးများဖြင့် ကြည့်နေပြန်သည်။



ကျွန်ချွမ်းက ဤသည်ကိုရိပ်စားမိသည်။

သူက ပြုံး၍ သူမအား ပြန်ကြည့်ရင်း....

"ဒီဓားကိုသာရမယ်ဆိုရင် တစ်သက်လုံး ကျွန်ခံရမယ်ဆိုရင်
လဲ ကျေကျေနပ်နပ် ကျွန်ခံပါ့မယ်"

ကျွန်ချွမ်းက ကိုယ့်သိက္ခာကိုပင် မစောင့်ထိန်းနိုင်တော့ဘဲ
ပြောလိုက်မိသည်။

ဤလိုတစ်ကိုယ်ကောင်းဆန်သူမှာ သိက္ခာဆိုသည်မှာ မရှိ
တော့ပေ။

ကျင်လေရီက ပြုံးစေ့စေ့ဖြင့်....

"ကျွန်ခံမယ့်လူဆိုရင် သခင်ကိုဦးတိုက်ရမှာနော်"

ကိုယ့်ကိုယ်ကို တန်ဖိုးထားရမှန်းမသိသော ကျွန်ချွမ်းသည်
တကယ်ပင် ကျင်လေရီရှေ့တွင်ထိုင်၍ ကန်တော့မည့်ပုံ ဒူးထောက်
လိုက်လေ၏။

ထိုအခါ ကျင်လေရီက မနေသာတော့ပါ။

ကျွန်ချွမ်း၏ဖြစ်အင်ကို မကြည့်ရက်နိုင်သဖြင့် သူ့အား အ
သာမထူ၍ ထစေလိုက်သည်။

သူမ၏လက်ထဲမှ မိုးနဂါးဓားကို သူ့အား ပေးလိုက်သည်။

ကျွန်ချွမ်းက သူမလက်ထဲမှဓားကို လှမ်းယူရင်း ပတ်ဝန်း
ကျင်ကိုကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးမှလွဲ၍ မည်သူမျှမရှိပါ။

ပွဲကြည့်ပရိသတ်များကိုမမြင်ရသော်လည်း အသံများကို ကြားနေရသည်။

ကျုန်ချွမ်းသည် ဆိပ်ကမ်းဘက်သို့ လှမ်းကြည့်လိုက်သောအခါ ရွက်လှေငယ်တစ်စင်း ဆိုက်ကပ်ထားသည်ကို တွေ့မြင်ရပြန်သည်။

ထို့ကြောင့် သူသည် ကျင်လေရီ၏လက်ကို ဖယ်ထုတ်လိုက်ပြီး နောက်သို့ ခြေလှမ်းအနည်းငယ်ဆုတ်လိုက်သည်။

ကျင်လေရီက အံ့အားသင့်သွားသည်။

"ဒါက ဘယ်လိုဖြစ်တာလဲ"

ကျုန်ချွမ်းသည် မျက်နှာထားကိုတည်လိုက်ပြီး....

"သဲသောင်ပြင်တစ်ဝိုက်ကို လျှောက်ကြည့်ချင်လို့ပါ"

ကျင်လေရီက သူ့အပေါ် မေတ္တာသက်ဝင်နေပြီဖြစ်၍ ကျုန်ချွမ်းလုပ်သမျှကို အဟုတ်ထင်နေမိသည်။

အမှန်တော့ ကျုန်ချွမ်းသည် ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ရွက်လှေငယ်ကို ကောင်းမကောင်းသွား၍ အကဲခတ်လိုခြင်းပင်ဖြစ်၏။

ကျင်လေရီက ပြုံးကာ....

"ကျွန်မလဲ လိုက်ခဲ့မယ်လေ"



ကျင်လေရီသည် ပြောရင်း ကျုန်ချွမ်း၏လက်ကိုဆွဲကာ သဲသောင်ပြင်သို့ထွက်ခဲ့တော့သည်။

ကမ်းတွင် ဆိုက်ကပ်ထားသောလှေငယ်မှာ ဟောင်းနွမ်းပြီး နှစ်တွေ လတွေ အတန်ကြာပြီဖြစ်သည်။

ရေထဲသို့ချထားသော ကျောက်ဆူးကြိုးမှာ သံချေးများပင် တက်နေလေပြီ။

သူတို့သည် လှေငယ်ဆီသို့ရောက်ကြသောအခါ ကျင်လေရီက လှေငယ်ပေါ်ခုန်တက်လိုက်၏။

ကျုန်ချွမ်းကလည်း ထက်ကြပ်မကွာ သူမနောက်မှလိုက်၍ လှေပေါ်သို့ ခုန်တက်လိုက်သည်။

လှေသည် ကျောက်ချဆိုက်ကပ်ထားသည်မှာ နှစ်တွေကြာပြီဖြစ်သည်။

လှေ၏တက်မကိုင်စင်သည်ပင် ရေညှိများတက်နေပေပြီ။ ပြုပြင်ထိန်းသိမ်းခြင်းလည်း ရှိဟန်မတူခဲ့ပါ။

ထို့ကြောင့် ကျင်လေရီသည် လှေပေါ်သို့တက်လိုက်သည်နှင့် ရှေ့သို့လဲကျမလိုဖြစ်သွားသည်။

နောက်မှလိုက်ပါလာသော ကျုန်ချွမ်းအား လှမ်းဆွဲလိုက်မိ၏။

ထိုအခါ သူတို့နှစ်ဦးသည် မျက်နှာချင်းအပ်မိသွားကြတော့

www.burmeseclassic.com



သည်။

ကျင်လေရီ၏ရင်ထဲတွင် လှိုက်ဖိုသွားသည်။

သူမ၏မျက်လုံးမှာ သူ့အပေါ် ချစ်ရိပ်သန်းနေသည်။

သို့သော် ကျင်လေရီလဲကျမည်ပြုစဉ် ရုတ်တရက် ကျုန်ချွမ်း ကိုလှမ်းဆွဲလိုက်ရာ ကျုန်ချွမ်း၏အင်္ကျီမှာ စုတ်ပြဲသွားလေ၏။

တစ်ဆက်တည်းမှာပင်....

"ချွလွမ်း...."

ဟူသောအသံ ထွက်ပေါ်လာသည်။

ကျုန်ချွမ်း၏အင်္ကျီအိတ်အတွင်းမှ အရွယ်အစားမတူ သော ဓားအကြီးအငယ်ခြောက်ချောင်းသည် လေ့ကြမ်းပြင်ပေါ် ကျလာလေသည်။

"ချွမ်း... ချွလွမ်း... လွမ်း...."

ဓားများမှာ ပြောင်လက်ပြီး အရောင်တောက်ပနေသည်

မြင်ရုံနှင့် အဖိုးတန်ဓားတွေမှန်း သိနိုင်သည်။

တစ်ချိန်တည်းမှာပင် စာအုပ်ကလေးတစ်အုပ်သည် ကျင် လေရီ၏ ခြေထောက်အနီးသို့ ကျသွားတော့သည်။

"ဘုတ်...."

သူမသည် အမှတ်မထင်ကြည့်လိုက်သောအခါ....

"ဓားဆန်းများသုံးနည်း နိသျှည်း" ဟူသောစာတန်းကို



မိလိုက်သည်။

ကျုန်ချွမ်းသည် မျက်စိမျက်နှာပျက်သွားကာ ဓားဆန်းများ အနီးတွင် ရပ်နေသည်။

ကျင်လေရီသည် ကျုန်ချွမ်း၏ အင်္ကျီအိတ်အတွင်းမှ ကျလာ သောဓားများမှာ ဓားဆန်းများဖြစ်ကြောင်း ကောင်းစွာနားလည်သ ဘောပေါက်သွားသည်။

သူချစ်သူသည် ဓားဆန်းများရထားသူဖြစ်နေသည်တကား။

"အင်း... ဓားဆန်းတွေပါလား၊ ဓားဆန်းတွေရဲ့သုံးစွဲနည်းနိ သျှည်းစာအုပ်လဲ ပါတာကိုး၊ ဒါတွေ သူ ဘယ်ကရလာသလဲ၊ ဘာ ဖြစ်လို့ ငါ့ကိုထုတ်မပြောသလဲ၊ သူဟာ လျှို့ဝှက်ချက်တွေနဲ့ ပြည့်နေ တဲ့လူပဲ"

ကျင်လေရီသည် သူ၏စိတ်ထဲတွင် ထိုသို့တွေးမိရင်း သူမ၏ ခြေထောက်နားတွင် ကျလာသောစာအုပ်ကို ကောက်ရန်ဟန်ပြင် လိုက်သည်။

ကျုန်ချွမ်းက ရုတ်တရက် အော်လိုက်လေ၏။

"မကောက်နဲ့"

ကျင်လေရီသည် ကျုန်ချွမ်း၏အော်သံကြောင့် ထိတ်လန့်ပြီး လှည့်ကြည့်လိုက်မိသည်။

ကျုန်ချွမ်းသည် ဓားကိုင်ကာ ခက်ထန်သောမျက်နှာထား

www.burmeseclassic.com



နှင့် ကြည့်နေသည်ကို တွေ့ရသည်။

ကျုန်ချွမ်းသည် လူသတ်လိုသည့်မျက်နှာထားဖြင့် ကြည့်နေလေ၏။ ကျင်လေရီသည် ဒေါသထွက်လာသည်။

သူမက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဘာဖြစ်လို့ မကောက်ရမှာလဲ"

ကျုန်ချွမ်း၏မျက်နှာမှာ ရဲခနဲဖြစ်သွားပြီး ရုတ်တရက် မိုးနဂါးဓားကိုဆွဲထုတ်ကာ သူမအား လိုက်လံတိုက်ခိုက်လိုက်လေတော့သည်။

ကျင်လေရီသည် အံ့အားသင့်ပြီး ကပျာကယာ နောက်သို့ခုန်ဆုတ်ရင်း ကျုန်ချွမ်း၏ဓားချက်ကို ရှောင်တိမ်းလိုက်၏။

ကျုန်ချွမ်းတစ်ယောက် ဤမျှရက်စက်လိမ့်မည်ဟု မထင်ပါ။ သူမသည် ကျုန်ချွမ်းကိုချစ်နေမိသည် မဟုတ်ပါလား။

သူ၏ရက်စက်သောတိုက်ကွက်ကြောင့် ကျင်လေရီသည် ရှောင်တိမ်းလိုက်သော်လည်း သူမ၏လက်မောင်းကို တစ်လက်မခန့် ထိမိပြီး သွေးများလည်းထွက်လာတော့သည်။

သူမသည် ဓာက်တိုင်ကိုအသာမှီထားရင်း.....

"ရှင်က ဘာဖြစ်လို့တိုက်ခိုက်ရတာလဲ၊ ရှင်ရူးများနေသလား"

သူမက ပြောဆိုလိုက်လေ၏။



ကြင်နာမှုခေါင်းပါးလှသော ကျုန်ချွမ်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး....

"ကျုပ် မရူးဘူး.. စားဆန်းတွေအားလုံး ကျုပ်လက်ထဲရောက်နေပြီဆိုတဲ့ လျှို့ဝှက်ချက်ကို မင်းသိသွားတဲ့အတွက် မင်းကိုဆက်ပြီး လူ့ပြည်မှာထားလို့မဖြစ်တော့ဘူး၊ ဒီတော့ မင်းအပြစ်နဲ့မင်း ခံပေတော့"

ဤမျှ ရင့်သီးရက်စက်လှသော ကျုန်ချွမ်း၏စကားကြောင့် ကျင်လေရီမှာ သူမ၏အသည်းနှလုံးကို ဓားနှင့်ထိုးသွင်းဘိသကဲ့သို့ခံစားမိလေတော့သည်။

သူမသည် နွမ်းလျစွာ မေးလိုက်မိ၏။

"ရှင်... ရှင်ဘာပြောတယ်"

ယခုအချိန်တွင် သူမကို အဆုံးမစီရင်နိုင်ဘဲ လွတ်မြောက်ခဲ့ပါက နောင်သောအခါ မိမိအတွက် အခက်ကြုံမည်ကို ကျုန်ချွမ်းက စဉ်းစားမိသည်။

ချက်ချင်းပင် သူသည် 'အလယ်ဗဟို' သိုင်းကွက်ကိုနှင်းပြီး ရုတ်ချည်း ကျင်လေရီအား ဓားနှင့်ထပ်၍ လှမ်းထိုးတိုက်ခိုက်လိုက်ပြန်သည်။

ကျင်လေရီသည် အိပ်ရာမှလန့်နိုးလာသည့်ပမာ သတိပြန်ဝင်လာကာ ကပျာကယာ ရှောင်ထွက်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူနံချွမ်း၏မိုးနဂါးဓားမှာ ကျင်လေရီကိုမထိဘဲ ရွက်တိုင်ကို ထိုးဖောက်သွားသည်။

ဤအခါကျမှ ကျင်လေရီ၏ ကျူနံချွမ်းအပေါ်ထားရှိသော ချစ်မေတ္တာမှာ ပျက်သုဉ်းသွားလေတော့သည်။

ကြော်စက်မှုကာမ်းကုန်သော ကျူနံချွမ်း၏လက်ထဲတွင် မိုးနဂါးဓားရောက်ရှိနေသောကြောင့် ၎င်းနှင့်ဖက်ပြိုင်နေလျှင် နိုင်ခြေရှိမည်မဟုတ်ကြောင်းကို ကျင်လေရီက တွေးမိသည်။

ထို့ကြောင့် သူမသည် လူများရှိရာ ပွဲကြည့်စင်သို့အရောက်သွားနိုင်ရန် ရေထဲသို့ခုန်ချရန် စိတ်ကူးမိလေ၏။

သူမရေထဲသို့မရောက်မီ အချိန်ကလေးတွင် ရုတ်တရက် ကျူနံချွမ်းသည် ဓားကိုပြန်ဆွဲနုတ်ပြီး သူမထံသို့ပစ်လိုက်တော့သည်။

လျှင်မြန်သော အဝါရောင်တန်းတစ်ချက်ပေါ်လာသည်။

"အား...."

ကျင်လေရီသည် စူးရှစွာအော်လိုက်ပြီ ထိုအသံနှင့်အတူ လှေရောဓားပါ ရေထဲသို့ ထိုးကျသွားလေတော့သည်။

ပင်လယ်ရေသည် သွေးများဖြင့် နီရဲသွားလေတော့သည်။

အခန်း(၁၁)

ရုံးချက်ကယ်နာ

ကျူနံချွမ်းသည် ကျေနပ်အားရဖြစ်သွားပြီး သူ၏လက်နှစ်ဘက်ကို ပွတ်သပ်နေလေ၏။

ထို့နောက် သူသည် ချက်ချင်းပင် ရေထဲသို့လိုက်၍ ခုန်ချသွားသည်။

သူခုန်ဆင်းလိုက်သောနေရာမှာ ရေသည် ခါးလယ်ခန့်သာရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျုန်ချွမ်းရေထဲသို့ ခုန်ဆင်းလာသောအခါ ကျင်လေရီသည် လဲနေရာမှ ရုန်းထလိုက်ပြီး သူ၏ပခုံးတွင် စိုက်ဝင်နေသော နဂါးဓား ကို ဆွဲနှုတ်လိုက်သည်။

သူမ၏ညာဘက်ပခုံးမှာ ဓားဒဏ်ရာကြောင့် နာကျင်နေသည်။

ဘယ်ဘက်နှင့်ဓားကိုကိုင်ကာ ကျုန်ချွမ်းအား စေ့စေ့ကြည့်လိုက်သည်။

သူမသည် အံတစ်ချက်ကြိတ်ကာ ကျုန်ချွမ်းအား ဓားဖြင့် ပြေးထိုးလိုက်သည်။ သို့သော် သူမထင်သကဲ့သို့ဖြစ်မလာတော့ပါ။

သူမတွင် ခံစားနေရသော ဒဏ်ရာအပြင် ပင်လယ်ရေး သန်နေခြင်းကြောင့် သူမ၏လှုပ်ရှားမှုမှာ အားမပါဘဲ ဖြစ်နေသည်။

ကောက်ကျစ်လှသော ကျုန်ချွမ်းသည် သူမ၏ဓားချက်ကို အသာရှောင်တိမ်းလိုက်၏။

"ဗိုး....."

ဓားချက်လွတ်သွားသည်။

သူသည် ကျင်လေရီ၏ဓားကိုင်ထားသော ဘယ်ဘက်လက် မောင်းကိုဖမ်းကိုင်လိုက်ပြီး ခါယမ်းလိုက်ရာ ကျင်လေရီ၏လက်ထဲ တွင်ကိုင်ထားသော မိုးနဂါးဓားမှာ ရေထဲသို့လွတ်ကျသွားလေတော့ သည်။



တစ်ချိန်တည်းမှာပင် သူသည် ကျင်လေရီအား တွန်းထုတ် လိုက်ပြီး ဓားကိုကောက်ယူလိုက်သည်။

ကျင်လေရီက ရှိသမျှခွန်အားကိုအသုံးပြု၍ ရေထဲမှပြန်ထ လိုက်ပြီး ကျုန်ချွမ်းအား လက်ညှိုးထိုးကာ ပြောသည်။

"ရှင်... ရှင် သိပ်ရက်စက်ယုတ်မာပါလား"

ကြင်နာမှုခေါင်းပါးနေသော ကျုန်ချွမ်းသည် အောင်မြင်စွာ ရယ်မောလေတော့၏။

သူသည် ရှေ့သို့ခြေတစ်လှမ်းတိုးလာရင်း ကျင်လေရီ၏ရင် ဝသို့ ဓားဖြင့်ထိုးလိုက်ပြန်သည်။

ကျင်လေရီမှာ မည်သို့မျှ မရှောင်နိုင်တော့ပါ။

သူမသည် ရေထဲသို့ယိုင်လဲကျသွားလေတော့သည်။

ယခု သူမသည် ကျုန်ချွမ်းကို ချစ်လွန်း၍ပေးလိုက်သော သူမ၏မိုးနဂါးဓားနှင့်ပင် သူမအသက်ခံလိုက်ရသည်။

ကျင်လေရီတစ်ယောက် လောကကြီးကိုကျောခိုင်းသွား လေပြီတကား.....။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးတိုးကို့သည် သံချောင်းကြီးကို ကွေးချိုးဆန့်ချိုးဖြင့် ပြုလုပ်နေသည်။

နောက်ထပ် အချက်အနည်းငယ်ခန့် ပြုလုပ်လိုက်လျှင် ထို သံချောင်းကြီးမှာ ထက်ပိုင်းကျိုးတော့မည်မှာ သေချာနေပြီ။

သို့သော် အချိန်မှာ တစ်နာရီပင် မပြည့်သေးချေ။ တော်ရုံ တန်ရုံလူသည် ထိုသံချောင်းကြီးကို ကွေးချိုးဆန့်ချိုး ပြုလုပ်နိုင်ဖို့မဆို ထားနှင့် တစ်ကြိမ်တည်း ကွေးအောင်ပင်မလုပ်နိုင်ချေ။

ဆရာကြီးတိုးကို့သည် မိမိ၏အစွမ်းကို မိမိယုံကြည်ထား သည်။

မကြာမီ သံချောင်းကြီးသည် ထက်ပိုင်းကျိုးသွားပြီး မိမိအ နိုင်ရလျှင် ဤကျွန်းကြီးကိုပိုင်ဆိုင်ရတော့မည့်အရေးကို တွေးရင်း စိတ်ထဲတွင် ဝမ်းမြောက်ဝမ်းသာဖြစ်နေမိသည်။

အားတက်ပြီး သူ့အလုပ်ကို ဇွဲနပဲနှင့်လုပ်နေသည်။



ပွဲကြည့်ပရိသတ်ကြီးသည် နှစ်နာရီအတွင်း၌ ဆရာကြီးတိုး ကို့တစ်ယောက် အနိုင်ရပြီး ကျိုးလိုကျွန်းကြီး၏ ပိုင်ရှင်အဖြစ်သို့ ရောက်ရှိတော့မည်ဟု ယုံကြည်နေကြသည်။

ထိုစဉ် ရှန်ပိန်းသည် ရုတ်တရက် ခဲလုံးငယ်တစ်လုံးကို ကောက်ယူပြီး လူများမမြင်အောင် အမှတ်မထင် ဆရာကြီးတိုးကို့ထံ သို့ ပစ်လိုက်လေသည်။

ထိုအချိန်တွင် ဆရာကြီးတိုးကို့သည် အားအပြည့်အဝကို ကိုယ်တွင်း၌ လည်ပတ်စေပြီး သံချောင်းကို အားစိုက်ပြီးချိုးရန် ဟန် ပြင်နေချိန်ဖြစ်သည်။ သူ့အတွင်းအားကို အပြည့်အဝသုံးနေရသည်။

သူသည် လုံးဝမမျှော်လင့်ဘဲ ရှန်ပိန်း၏ခဲလုံးငယ်သည် သူ၏ ချိုင်းအောက်ရှိ အရေးကြီးသော သွေးကြောခြောက်ခုအနက် တစ်ခုဖြစ်သော 'တာပေါင်းရှဲ့'သွေးကြောကို ထိမှန်ခြင်းခံလိုက်ရ သည်။

ခဲလုံးပစ်လွှင့်ရာတွင် ယခုထက်ပို၍ အားစိုက်လျှင် သေစေ နိုင်သည်။

ထိုအခါ ဆရာကြီးတိုးကို့ ချိုင်းအောက်တွင် ထုံကျဉ်သွားပြီး သံချောင်းကိုကွေးမည့်အားမှာ စုစည်း၍မရတော့ဘဲ သံချောင်းကို ကွေးမရတော့ချေ။

ခဲလုံး၏အစွမ်းကား အံ့ဖွယ်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဓာချေးများပြန်လာသည်။ အချိန်ကလဲ စေ့ခါနီး ပြီ။ သို့သော် သံချောင်းကိုချိုးမရဖြစ်နေသည်။

တစ်ဖန် သူသည် ခေါင်းကိုမော့၍ ကြည့်လိုက်သောအခါ အဘွားကျွန်းက သူ့အား ပြုံးကြည့်နေခြင်းကို မြင်တွေ့လိုက်ရတော့ သည်။

"ငါတော့ အဘွားကျွန်းကို သံတုတ်နဲ့ရိုက်သတ်နိုင်ရင် ဒီကျွန်းကို ပိုင်တော့မှာပဲ"

သူက စိတ်ထဲတွင် ထိုသို့တွေးမိပြီး ရုတ်ချည်း သူသည် သံ ချောင်းကိုကိုင်လျက် အဘွားကျွန်းအား ခုန်အုပ်လိုက်လေ၏။

သတိရှိသော အဘွားကျွန်းက သူမ၏လက်ထဲရှိ သံချောင်း တစ်ပိုင်းနှင့် ပြန်လည်၍ ခုခံလိုက်၏။

အခြေအနေ မဟန်မှန်းသိရသောအခါ ဆရာကြီးတိုးကို့ သည် လေချွန်တစ်ချက်ချွန်လိုက်၏။

"ဆရာကြီးရှောင်ပင်းတို့ ကျုပ်တို့တိုင်ပင်ထားတဲ့အတိုင်း လုပ်ကြစို့"

ဆရာကြီးတိုးကို့က အော်၍ပြောလိုက်သည်။

ထိုအခါ ဆရာကြီးရှောင်ပင်းတို့လူစုသည် လက်နက်ကိုယ်စီ ထုတ်လိုက်ကြပြီး လက်လှမ်းမီရာလူများကို ဝင်ရောက်တိုက်ခိုက်ေ တော့သည်။



ဆရာကြီးတိုးကို့နှင့် အဘွားကျွန်းတို့၏ ယှဉ်ပြိုင်ပွဲကိုငြိမ် သက်စွာ ကြည့်နေသော ပရိသတ်မှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

အချို့မှာ ဘုမသိ ဘမသိနှင့်တိုက်ခိုက်ခြင်းကိုခံရသည်။

ဆရာကြီးတိုးကို့နှင့် အပေါင်းပါတို့သည် အဘွားကျွန်းအနိုင် ရလျှင် ရုတ်ရုတ်သဲသဲဖြစ်အောင် ဖန်တီးရန် ပွဲမစခင်ကပင် အစီအစဉ် ရှိထားသည်။

အဘွားကျွန်းက ဆရာကြီးတိုးကို့အား စေ့စေ့ကြည့်ကာ....

"ဒီမယ်တိုးကို့ ရှင်အရှက်မှ ရှိသေးရဲ့လား"

သို့သော် ဆရာကြီးတိုးကို့က ဘာမှပြန်မပြောဘဲ လက်ထဲရှိ သံချောင်းကိုမြှောက်ကာ အဘွားကျွန်းအား ထပ်မံတိုက်ခိုက်ရန် ဟန် ပြင်လိုက်သည်။

ထိုစဉ် ဝဲယာဘက်မှ မြေစိုင်ခဲများ ရိုက်ခတ်လာလေသည်။

သူသည် တစ်ဘက်သို့လှမ်းကြည့်လိုက်သောအခါ ဆရာမ ကြီးရွှမ်နုရင်ကို တွေ့ရသည်။

တစ်ဖန်လက်ျာဘက်သို့ ကြည့်လိုက်ပြန်သည်။

မျက်နှာတစ်ခုလုံး ပါးရေများတွန့်နေသော အဘွားအိုတစ် ယောက်က တွေ့ရပြန်သည်။

ဆရာကြီးတိုးကို့က မျက်မှောင်ကုပ်ကာ....

"ခင်ဗျားဘယ်သူလဲ"

အဘွားဟိုဟန်ခေါင်ထားသော ဆရာကြီးတိုးကို့ပွမ်းက သူ့

www.burmeseclassic.com

www.burmeseclassic.com



အမေးကို ဂရုမစိုက်ဘဲ တစ်ဘက်ရှိဆရာကြီးရှမ်နုရှင်ဘက်သို့ လှည့်ရင်းပြောလိုက်၏။

"ဆရာမကြီး... သူ့ကို ကျွန်မကိုယ်တိုင် တိုက်ခိုက်ပါရစေ သူဟာ ကျွန်မရဲ့အမိကရန်သူပါ တစ်ဘက်က ရှောင်ပင်းတို့လူစုကို ဆရာမကြီးတာဝန်ယူပြီး တိုက်ခိုက်ပါ"

သည့်နောက် သူတို့လူချင်း ခွဲလိုက်ကြသည်။

ပွဲခင်းကြီးမှာ ယခုအခါ တိုက်ခိုက်ခုတ်ထစ်သံများဖြင့် ဆူညံနေသည်။

ထိုသို့တိုက်ခိုက်နေစဉ် ရှောင်ပင်းတို့လူစုသည် တစ်စုံတစ်ဦးကို တွေ့မြင်လိုက်ရသောကြောင့် သူတို့၏လက်နက်များမှာ လက်ထဲမှ လွတ်ကျကုန်ပြီး ကြက်သေသေသွားကြလေ၏။

သူတို့သည် ထိပ်သီးသိုင်းပညာရှင်ရှန်ပိန်းကို တွေ့ရသည်အတွက် ဆက်လက်၍မယှဉ်ပုံကြဘဲ တိုက်ခိုက်ခြင်း ရပ်တန့်လိုက်ကြသည်။

ရှောင်ပင်းသည် ထွက်ပြေးမည်ပြုစဉ် ရှန်ပိန်းက ရုတ်တရက် ရှေ့သို့ခုန်၍ရောက်ရှိလာပြီး ပါးနှစ်ဖက်ကို တစ်ချက်စီရိုက်ချလိုက်လေ၏။

ရှောင်ပင်း၏ပါးနှစ်ဖက်မှာ တစ်ခဏချင်းယောင်ကိုင်းလာ၏။

ထို့ကြောင့် ရှောင်ပင်းက လက်နှစ်ဖက်ကိုယှက်ကာတောင်းပန်ရတော့သည်။



"အသက်ကိုချမ်းသာပေးပါ လူစွမ်းကောင်းကြီးခင်ဗျား... နောင်ကို ကျွန်တော် ဒီလိုမမိုက်တော့ပါဘူး"

ရှန်ပိန်းက သူ့အား စေ့စေ့ကြည့်ကာ...

"အရင်တစ်ခါက ဘယ်လို ဆုံးမလိုက်တယ်ဆိုတာကော မှတ်မိသေးသလား"

ရှောင်ပင်းက ဘာမှပြန်မပြော ခေါင်းငုံ့၍ နှုတ်ဆိတ်နေမိသည်။

"ဒီတစ်ခါထပ်ပြီး အသက်ချမ်းသာပေးလိုက်အုံးမယ်... နောက်ထပ်တစ်ခါထပ်ပြီး ဆိုးသွမ်းတာတွေ့ရင်တော့ ခင်ဗျားကို အရှင်မထားတော့ဘူး"

ရှောင်ပင်းက တုန်ယင်သောအသံနှင့် ပြောလေ၏။

"အမိန့်ရှိတဲ့အတိုင်း ကျွန်တော်နာခံပါ့မယ်"

ရှန်ပိန်းက ခေါင်းတစ်ချက်ညိတ်ကာ...

"ကဲ... ကမ်းပါးမှာလှေရှိတယ်၊ ခင်ဗျားလူတွေကိုခေါ်ပြီး အဲဒီလှေနဲ့သွားကြပေတော့ တိုးကို့ကို ကျူပ်ရှင်းစရာရှိသေးတယ်"

ရှန်ပိန်း၏စကားဆုံးလျှင် ရှောင်ပင်းတို့သည် သူ၏လူများကိုစုပြီး ပင်လယ်ဆိပ်ကမ်းသို့ ထွက်ခွာသွားကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးရွှမ်းနုရင်၊ အဘွားကျန်းနှင့်ရှန်ပိန်းတို့သည် စိတန်းရပ်ကာ ဆရာမကြီးစိမ့်ဟွမ်းနှင့် ဆရာကြီးတိုးကို့တို့၏ယှဉ်ပြိုင်နေခြင်းကို ကြည့်နေကြသည်။

ဆရာကြီးတိုးကို့က သူ၏လက်ကိုဆန့်တန်းလိုက်ပြီး....

"အဘွားကြီး... ခင်ဗျားဘယ်သူလဲဆိုတာ မဖော်ပြရဲတော့ဘူးလား"

ဆရာမကြီးစိမ့်ဟွမ်းက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး သူမ၏မျက်နှာဖုံးအတုကို ချွတ်လိုက်သည်။

"ကျွန်မကို မမှတ်မိတော့ဘူးလား"

သူမ၏ မူရင်းမျက်နှာကို မြင်ရသောအခါ ဆရာကြီးတိုးကို့၏ တစ်ကိုယ်လုံးမှာ တုန်ခါသွားတော့သည်။

သူကသေပြီဟုထင်ခဲ့သော ဆရာမကြီးစိမ့်ဟွမ်းကို ယခုတွေ့နေရပြီတည်း။

ဆရာမကြီးစိမ့်ဟွမ်းသည် 'မိုးထိအားအင်' သိုင်းကွက်ကိုသုံး



ပြီး အတွင်းအားနှင့်ဖိ၍ ဆရာကြီးတိုးကို့ဟာကွက်ကို ဝင်ရောက်တိုက်ခိုက်လိုက်၏။

"ဒုတ်...."

အသံတစ်ချက်မြည်သွားသည်။

ဆရာကြီးတိုးကို့၏ ညာလက်မောင်းတင်ဘက် ကျိုးသွားသည်။

လျင်မြန်ထက်မြက်လှသော ဆရာမကြီးစိမ့်ဟွမ်း၏သိုင်းကွက်ကြောင့် ဆရာကြီးတိုးကို့မှာ မည်သို့မှမခုခံနိုင်ဘဲ လက်မောင်းတစ်ဖက်ကျိုးကာ အသံကုန်အော်ရင်း လဲကျသွားတော့သည်။

ယခုအချိန်တွင် ဆရာကြီးတိုးကို့မှာ ဝေဒနာကိုအပြင်းခံသားရင်း မျက်လုံးအစုံကိုမှိတ်ကာ သေရမည့်အချိန်ကိုစောင့်ဆိုင်းနေသေး၏။

ဆရာမကြီးစိမ့်ဟွမ်းက ရှေ့သို့တစ်လှမ်းတိုးလာပြီး နောက်ဆုံးသိုင်းတစ်ကွက်ကိုသုံး၍ ဆရာကြီးတိုးကို့ကိုတိုက်ခိုက်မည်ပြုစဉ် ဆရာရှန်ပိန်းက ရုတ်တရက် ဝင်တားရင်း....

"ဆရာမကြီး ခဏနေပါအုံး"

ရှန်ပိန်း၏စကားကြောင့် ဆရာမကြီးစိမ့်ဟွမ်းက လှည့်ကြည့်ပြီး ပြောလိုက်၏။

"ရှင်ဘာကြောင့် သူ့ကိုယ်စား တောင်းပန်နေရတာလဲ"

ဆရာရှန်ပိန်းက ဆရာကြီးတိုးကို့ထံသို့ တစ်လှမ်းတိုးသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီလူဟာ မကောင်းမှုဒုစရိုက်တွေကို ကျူးလွန်ခဲ့တာမှန်ပါတယ်၊ ဒါပေမယ့် ခုအချိန်မှာ သူလဲ သေဖို့လမ်းနီးနေပါပြီ၊ ဒီတော့ သူမသေခင် ကျုပ်တစ်ခုမေးပါရစေ"

ဆရာကြီးတိုးကို့သည် မျက်လုံးအစုံကိုဖွင့်ကြည့်လိုက်၏။

ရှန်ပိန်းကို တွေ့ရသည်။ သူ၏သိုင်းပညာမှာ ထက်မြက်နက်နဲကြောင်းကို သိထားပြီးဖြစ်သည့်အတွက် လှုပ်ပင်မလှုပ်ဝံ့ချေ။

ဆရာရှန်ပိန်းက ဆရာကြီးတိုးကို့ကို ကြည့်ကာပြောလိုက်၏။

"ခင်ဗျားမားဆန်းတွေရှိတဲ့နေရာကို ဖော်ပြောရင်တော့ ခင်ဗျားအသက်ကို ချမ်းသာပေးဖို့ ဆရာမကြီးစိမ့်ဟွမ်းကို ကျုပ်တောင်းပန်ပေးမယ်"

ထိုစကားကို ကြားရသောအခါ အနီး၌ရပ်နေသော အဘွားကျန်းနှင့် မလှမ်းမကမ်းတွင် ရပ်ကြည့်နေသော တုန်ဖန်လင်းတို့သည် အံ့အားသင့်သွားကြသည်။

ဤမျှအစွမ်းထက်ပြီး ထိပ်သီးသိုင်းပညာရှင်တစ်ယောက်က မားဆန်းများကို အဘယ့်ကြောင့် လိုချင်ရသည်ကို တွေးမိပြီး အံ့သြခြင်းဖြစ်ကြရသည်။

ဆရာကြီးတိုးကို့သည် ခေါင်းငိုက်စိုက်ချကာ....

"မားဆန်းတွေနဲ့ နိုံသျှည်းစာအုပ်ဟာ ဒီကျွန်းပေါ်မှာရှိတယ်



ဆိုတာကို သိတာကလွဲလို့ နေရာအတိအကျမသိပါဘူး"

ထိုအခါ အဘွားကျန်းက ရှေ့တစ်လှမ်းတိုးလာပြီး ခွင့်ပြုသည်။

"သူ့ရဲကောင်းကြီး... ဒီမားဆန်းတွေဟာ ကျွန်မပိုင်တဲ့ ဒီကျွန်းပေါ်မှာရှိနေတယ်ဆိုရင် သူ့ရဲကောင်းကြီးဆန္ဒရှိသလို ရှာယူကြပါတော့ ကျွန်မ မယူတော့ပါဘူး"

ရှန်ပိန်းက ပြုံးလိုက်ပြီး....

"ခင်ဗျားရဲ့စေတနာကိုကျေးဇူးတင်ပါတယ်... ကျွန်တော့်အနေနဲ့ ဒီမားဆန်းတွေကိုမလိုပါဘူး၊ ဒါပေမယ့် မိန်းကလေးတစ်ယောက်ကို လက်ဆောင်အဖြစ် လက်နက်ဆန်းရှာပေးမယ်လို့ ကတိပေးထားလို့ပါ၊ ရှေးက သိုင်းပညာရှင်ကြီး ဖုလင်အသုံးအပြုခဲ့ဖူးတဲ့ မားဆန်းခုနစ်လက်ရဲ့သတင်းစကားကြောင့် ရှာပြီး အဲဒီမိန်းကလေးကိုပေးဖို့ပါ၊ အင်း... ပြောရင်း အဲဒီမိန်းကလေးတောင် ဘယ်ရောက်သွားပြီလဲ မသိဘူး"

တုန်ဖန်လင်းသည် ရုတ်တရက် တစ်စုံတစ်ရာကို သတိရလာပြီး ရှေ့သို့ (၃-၄) လှမ်းတိုးလာကာ မေးလေ၏။

"သူ့ရဲကောင်းကြီးပြောတဲ့ မိန်းကလေးဆိုတာ ဘယ်သူပါလဲ၊ ကျွန်မသိပါရစေ"

ဆရာရှန်ပိန်းက တုန်ဖန်လင်းဘက်သို့လှည့်ကာပြောလိုက်၏။

www.burmeseclassic.com



"ခင်ဗျားသမီး ထန်လေရီပေါ့ဗျာ"

တုန်ဖန်လင်းက အံ့အားသင့်သွားသည်။

"ခုနကပဲ လူငယ်တစ်ယောက်နဲ့အတူ ရှိပါသေးတယ်၊ ခု ဘယ်ရောက်သွားပါလိမ့်"

ထိုစဉ် ဆရာမကြီးရွှမ်နုရင်က....

"အင်း... ကျွန်မတပည့်မလဲ ဘယ်ရောက်နေလဲမသိဘူး"

သူတို့၏စကားကိုကြားရသောအခါ ဆရာကြီးတိုးကို့လဲ ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်၏။

ကျွန်ချွမ်းကိုအစအနပင် ရှာမတွေ့ရသည့်အတွက်....

"အင်း... ငါရှုံးတာမြင်လို့ ဒီကောင်ရှောင်သွားတာ ဖြစ်မယ်"

ဆရာကြီးတိုးကို့က စိတ်ထဲတွင် ကျိတ်၍ခံပြင်းစွာ ပြောလိုက်မိလေ၏။

## အခန်း(၁၂)

## အကုသိုလ်ပေးသော အကုသိုလ်ကောင်

ထန်လေရီသည် ချင်စိရှောင်ကိုခေါ်ပြီး ကမ်းစပ်ရှိ လှေတစ်စင်းကို လက်ညှိုးညွှန်ပြရင်း....

"အစ်ကို ဟိုမှာကြည့်စမ်း လူတစ်ယောက်မဟုတ်လား၊ သူ့ကို မမရဲ့သတင်းသွားမေးကြည့်ရအောင်"

"အင်း... ကောင်းတယ်ညီမ၊ ကျင်လေရီ ဒီဘက်ကိုလာသာ မေးကြည့်ရင်ကောင်းမယ်၊ ဒီလူသိနိုင်တယ်"

သူတို့သည် စကားဆုံးသည်နှင့် ရွက်လှေငယ်ရှိရာသို့ အ

www.burmeseclassic.com

www.burmeseclassic.com



မြေအသွား လာခဲ့ကြလေ၏။

အမှန်မှာ သူတို့သည် ကျင်လေရီကို မတွေ့ရသည့်အတွက် စိတ်ပူပြီးလိုက်လာရာမှ ဤသဲသောင်ပြင်ဆိပ်ကမ်းသို့ ရောက်လာကြခြင်းဖြစ်၏။

သူတို့သည် လှေအနီးသို့ ရောက်လာကြသောအခါ မမျှော်လင့်ဘဲ ကျုန်ချွမ်းအား တွေ့လိုက်ရသဖြင့် များစွာအံ့အားသင့်သွားကြသည်။

ကျုန်ချွမ်းရောက်ရှိနေသော ရွက်လှေမှာ အသုံးမပြုဘဲ စွန့်ပစ်ထားသော လှေဟောင်းဖြစ်နေ၍ ရေများစိမ့်ဝင်နေသည်။

ကျုန်ချွမ်းသည် လှေဝမ်းဗိုက်ရှိ ရေများကို ခပ်ထုတ်ပြီးနောက် ရွက်ကိုလွှင့်ထူနိုင်ရန် အားကျိုးမာန်တက် ပြင်ဆင်နေသည်။

သူအပင်ပန်းခံ၍ ကြိုးစားနေမှုက သူမည်သို့လုပ်မည်ကို ဖော်ပြနေသည်။

သူသည် ဤကျွန်းမှ တိတ်တဆိတ်ထွက်ခွာရန်မှာ ဤလှေပျက်မှလွဲ၍ အခြားလှေမရှိပေ။

ဆိပ်ကမ်းတစ်ဘက်တွင် အခြားလှေအများအပြားရှိနေသော်လည်း လူများ အမြဲမပြတ်ရှိနေသောကြောင့် ခိုးယူထွက်ခွာရန် အခြေအနေမပေးပေ။

ထို့ကြောင့် သူသည် လူများနှင့်ဝေးနေသော ဤလှေပျက်ကိုအသုံးပြုနိုင်ရန် ကြိုးစားနေခြင်းဖြစ်သည်။



ကျုန်ချွမ်းသည် လှေ၏ရွက်ကိုပြင်ဆင်နေစဉ် အဝေးမှ သူ့ထံသို့ တဖြည်းဖြည်းနီးလာနေသော လူနှစ်ယောက်ကို တွေ့လိုက်ရလေ၏။

ထိုအခါ သူသည် အံ့သြထိတ်လန့်ခြင်းဖြစ်သွားသည်။

သူသည် ထန်လေရီ နီးကပ်လာသည်ကိုတွေ့ရလျှင် ကျင်လေရီတစ်ယောက် သေရာမှ လှေပေါ်သို့တက်လာသည်ဟု သူ၏ချောက်ချားသောစိတ်ကြောင့် အထင်မှားကာ တုန်လှုပ်မိခြင်းဖြစ်တော့သည်။

ကျုန်ချွမ်း ငေးကြည့်နေစဉ်....

"ဒီမှာရှင်... ကျွန်မရဲ့အစ်မကို တွေ့မိလိုက်သလား"

သူမ၏မေးသံကို ကြားရသောအခါ ကျုန်ချွမ်းသည် အိပ်ရာမှ လန့်နိုးလာသူကဲ့သို့ ဖြစ်သွား၏။

"ခင်... ခင်ဗျား... အစ်မလား၊ မ... မတွေ့"

ကျုန်ချွမ်းသည် ထန်လေရီ၏အမေးကို ထိတ်ထိတ်လန့်လန့်နှင့် အထစ်ထစ်အငေါ့ငေါ့ ပြန်ဖြေလိုက်၏။

သူမက ကျုန်ချွမ်းအမူအယာပျက်နေသည်ကို သတိထားမိသည်။

သူမသည် ကျုန်ချွမ်းအပေါ် ပို၍ သင်္ကာမကင်းဖြစ်မိပြန်သည်။

အဘယ့်ကြောင့်ဆိုသော် ကျင်လေရီတစ်ယောက် မိမိထံမှ

www.burmeseclassic.com

www.burmeseclassic.com



မိုးနဂါးဓားကိုယူ၍ ထွက်သွားသောအခါ သူမ၏နောက်မှ ကျုန်ချွမ်း အပေါ် မယောင်မလည်လိုက်သွားသည်ကို သူသတိရခဲ့သည်မဟုတ် ပါလော။

ယခုသူ၏အဖြေမှာလည်း ယုတ္တိမရှိသည့်အတွက် ထန်လေ ရီသည် ရှေ့တစ်လှမ်းတိုးလာပြီး မေးလိုက်လေ၏။

"ကျွန်မအစ်မနောက်ကို ရှင်လိုက်သွားတာ ကျွန်မမြင်လိုက် တယ်၊ ဒီတော့ ကျွန်မအစ်မကို မတွေ့မိဘူးဆိုတာ ဟုတ်ကိုမဟုတ် နိုင်ဘူး၊ ရှင် မှန်မှန်ပြော"

ချင်စိရှောင်မှာ ထန်လေရီနှင့်လိုက်လာခဲ့သော်လည်း ခ လှမ်းလှမ်းတွင် ကျန်ရစ်ခဲ့သည်။

ထို့ကြောင့် ကျုန်ချွမ်းက သူတို့နှစ်ယောက်လုံးကို အဆုံး ရှင်လိုက်ပါမှ နောက်ရန်အေးမည်ဟုစိတ်ထဲတွင် ကျိတ်ပြီး ကြံစည် သည်။

သူက တစ်ချက်ပြုံးလိုက်ပြီး....

"ထန်လေရီ... ကျင်လေရီကိုတွေ့ချင်ရင် လှေပေါ်တက်ခဲ့ သူဒီမှာ တကယ်ရှိနေပါတယ်"

သူက လည်ဆယ်၍ ပြောလိုက်၏။ ဉာဏ်များသူ၏ ယှာယ်ဆင်သော စကားများသာတည်း။

သူမက ကျင်လေရီတစ်ယောက်လှေပေါ်တွင် ရှိမည် ထင်မှတ်ပြီး လှေပေါ်သို့ခုန်တက်လိုက်၏။



သူမသည် လှေပေါ်သို့ရောက်ရှိသောအခါ....

"လှေပေါ်မှာ မမရှိလျက်သားနဲ့စောစောက ဘာဖြစ်လို့မ တွေ့ဘူးလို့ လိမ်ပြောရတာလဲ၊ လိမ်ပြောတာ ကျွန်မမကြိုက်ဘူး"

ကျုန်ချွမ်းက ဟန်ဆောင်ပြုံးကာ....

"ကျင်လေရီနှင့် ကျုပ်မေတ္တာမျှပြီးသားမို့ နှစ်ယောက်သား ကျွန်းကလေးတစ်ကျွန်းကိုသွားပြီး သိုင်းပညာလေ့လာရင်း အသက် ထက်ဆုံးနေသွားဖို့ ဆုံးဖြတ်ထားပါတယ်၊ ဒါကြောင့် ခင်ဗျားတို့အ နှောင့်အယှက်ပေးမှာစိုးလို့ ရုတ်တရက် အမှန်အကိုင်းမပြောရဲတာပါ"

ကျုန်ချွမ်းက ယုတ္တိရှိရှိလိမ်ညာပြောဆိုခြင်းကို ထန်လေရီ က အဟုတ်ထင်မှတ်သည်။ လှည့်ထွက်သွားမည်ပြုပြီးမှ ပြန်လှည့် လာလေ၏။

ကျုန်ချွမ်း၏ခါးတွင် ချိတ်ဆွဲထားသော မိုးနဂါးဓားကိုတွေ့ မြင်လိုက်ရသောကြောင့်တည်း။

"ဩော်... မမက ရှင့်ကို မိုးနဂါးဓားကို ပေးထားတာကိုး"

သူမ၏စကားမဆုံးမီ....

"ခွမ်း...."

ဟူသောအသံကိုကြားလိုက်ရ၏။

အသံနှင့်တစ်ဆက်တည်း ကျုန်ချွမ်းအား မိုးနဂါးဓားကိုဆွဲ ထုတ်ပြီး ရုတ်တရက် ထန်လေရီ၏ရင်ညွှန့်ဆီသို့ လှမ်းထိုးလိုက်၏။

သူမသည် ကျုန်ချွမ်းကို ဤမျှ ရက်စက်ယုတ်မာလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



ဟု မထင်မိခဲ့ပါ။

သူမသည် အဝါရောင်အလင်းတန်း ထွက်ပေါ်လာသည်ကို မြင်လိုက်ရလျှင် နောက်သို့ခုန်၍ ရှောင်တိမ်းလိုက်သည်။

ထို့ကြောင့် သူမသည် အသက်ဘေးမှသီသီကလေး လွတ်သွားခဲ့ရသည်။

သို့သော် သူ၏ပခုံးစွန်းကို လက်မဝက်ခန့် ဓားချက်ထိခဲ့သွားရသည်။

ထန်လေရီသည် ပခုံးတွင် နာကျင်လှသော်လည်း ကျိတ်၍ခံကာ သူမ၏သံဆူးကိုယ်ထည်စွပ်ထားသောမြွေကို ထုတ်ယူလိုက်ပြီး 'သစ်ပင်အမြစ်လှဲ'သိုင်းကွက်နှင့်ပြန်၍ တိုက်ခိုက်လိုက်ပြီး...

"ကျွန်မ မမဘယ်မှာရှိသလဲဆိုတာ မြန်မြန်ပြောစမ်း"

ကျုန်ချမ်းက ဘာမှပြန်မဖြေဘဲ မိုးနဂါးဓားကိုမြှောက်ပြီး ခုတ်လိုက်သည့်အတွက် ထန်လေရီသည် သူမ၏မြွေကို ထိမိမည်စိုး၍ လက်ကိုပြန်ရုပ်လိုက်ရသည်။

ကျုန်ချမ်းက မဲ့ပြုံးပြုံးကာ...

"ခင်ဗျားအစ်မ ကောင်းကောင်းမွန်မွန်ရှိပါတယ်... မကြာခင် တွေ့ရတော့မှာပါ"

ထန်လေရီသည် တစ်ချက်တွေဝေ၍ သွား၏။

ကျုန်ချမ်းက အခွင့်ကောင်းယူကာ ထန်လေရီအား မိုးနဂါးဓား၏စက်ကွင်းအတွင်းမှ ထွက်မရအောင် တားဆီးလိုက်သည်။



လှေအနီးသို့ ရောက်ရှိလာသော ချင်စီရှောင်သည် မြင်ကွင်းကိုတွေ့ရသည်နှင့် ဘာမှမစဉ်းစားနိုင်ဘဲ သဲသောင်ပြင်ပေါ်တွင် နိုက်ထားသော လှေ၏ကျောက်ဆူးကိုနုတ်ယူပြီး လှေပေါ်သို့ခုန်တက်လိုက်လေသည်။

ထိုအခါ လှေသည် ကျောက်ဆူးကိုနုတ်လိုက်သည့်အတွက် ရေစီးတွင် မျောပါသွားလေတော့သည်။

လှေပေါ်သို့ရောက်သည်နှင့် ချင်စီရှောင်သည် လက်ထဲတွင်ရှိသော ကျောက်ဆူးကြိုးဖြင့် ကျုန်ချမ်းအား ပစ်ပေါက်လိုက်သည်။

ကျုန်ချမ်းသည် စက္ကန့်ပိုင်းအတွင်း ထန်လေရီကိုနှစ်ပိုင်းပိုင်းနိုင်စွမ်းရှိသလို မိမိမှာလည်း ချင်စီရှောင်၏ ကျောက်ဆူးကြောင့် အသက်ထွက်နိုင်ကြောင်း သတိပြုမိသည့်အတွက် ကပျာကယာဓားချက်ကိုပြန်ရုပ်ပြီး မိုးနဂါးဓားဖြင့် ကျောက်ဆူးကိုကာကွယ်လိုက်သည်။

ကျုန်ချမ်း၏ဓားချက်ကြောင့် ကျောက်ဆူးမှာ အနည်းငယ်ပြတ်ထွက်သွားသည်။

တစ်ချိန်တည်းမှာပင် ထန်လေရီသည် ခြေနှစ်ဖက်စလုံးကို အသုံးပြုပြီး ထရပ်လိုက်ရ၏။

မိုးနဂါးဓားကိုလုယူရန် 'ယံကွှေငါးကောင်'သိုင်းကွက်ကို သုံးပြုလိုက်သည်။

ကျုန်ချမ်းက ကပျာကယာ ဘေးတစ်ဘက်သို့ ခုန်ထွက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရလေ၏။

ထို့နောက် သူသည် တထောင်ဆစ်နှင့် ထန်လေရီ၏ရင်ဘေ
သို့ တွက်လိုက်ဟန်နှင့် တကယ်မထိစေဘဲ သူမအရှောင်လိုက်တွ
လက်ထဲရှိ ဓားရိုးနှင့် ရင်ညွန့်ရှိ'ချိုမစ်ရှဲ'သွေးကြောကို လှမ်းပိတ်လို
လေသည်။

ထန်လေရီမှာ'သံတံတား'သိုင်းကွက်ဖြင့် ပြန်၍ ခုခံ
လည်း'ချိုမစ်ရှဲ'သွေးကြောကို အပိတ်ခံလိုက်ရလေ၏။

ထိုအခါ....

"ဝုန်း...."

အရုပ်ကြိုးပြတ် လေ့ကြမ်းပြင်ပေါ်သို့လဲ ကျသွားလေ
သည်။

သို့သော် သူမသည် စကားပြောနိုင်သေးသည်။

တစ်ဘက်မှ ချင်စိရှောင်သည် ထန်လေရီတစ်ယောက် သွေး
ကြောပိတ်ခံရသည်ကို တွေ့မြင်ရသောအခါ ထိတ်လန့်သွားမိသည်။

သူသည် ရှေ့သို့တစ်လှမ်းတိုးလိုက်ပြီး သူမ၏သွေးကြော
ပြန်ဖြေပေးရန် ကြိုးစားစဉ် သူ၏နောက်တွင် ကျုန်ချွမ်းရောက်
သည်ကိုသိရသည်နှင့်ချက်ချင်းပင် နောက်သို့လှည့်လိုက်ပြီး လက်
ရှိ ကျောက်ဆူးကြိုးနှင့် လှမ်းရိုက်လိုက်လေသည်။

ကျုန်ချွမ်းသည် တစ်ဘက်သို့ ရှောင်တိမ်းပေးလိုက်ပြီး
လက်ထဲရှိ မိုးနဂါးဓားဖြင့် လှမ်းခုတ်လိုက်သည်။



ချင်စိရှောင်၏ လက်ထဲမှ ကျောက်ဆူးကို ထိသွားပြီး ကျောက်ဆူး၏အသွားများ ပြတ်ထွက်သွားသည်။

ထိုအခါ ကျောက်ဆူး၏အလေးချိန်မှာ အတော်ပေါ့သွားပြီး ချင်စိရှောင်အတွက် ပို၍ကိုင်တွယ်ရန် လွယ်ကူသွားတော့သည်။

ထိုသို့ တိုက်ခိုက်နေသည့်ကြားမှပင် ချင်စိရှောင်က ထန်လေရီ၏ အပိတ်ခံနေရသော သွေးကြောကိုဖြေပေးရန် ကြိုးစားနေသည်။

ကျုန်ချွမ်းကလည်း အလစ်မပေးဘဲ အားသွန်စိုက်၍ ချင်စိရှောင်အား တိုက်ခိုက်နေသည်။

ချင်စိရှောင်သည် ကိုယ်တွင် ဓားမပါလာသောကြောင့် ကျောက်ဆူးနှင့်သာ ကျုန်ချွမ်း၏တိုက်ခိုက်ခြင်းကို ခုခံကာကွယ်နေသည်။

"ဟား... ဟား... ဟား"

ကျုန်ချွမ်းက တစ်ချက်ရယ်လိုက်ပြီး လက်ထဲရှိမိုးနဂါးဓားဖြင့် ချင်စိရှောင်ကိုင်ထားသော ကျောက်ဆူးကို ရိုက်ထုတ်ပစ်လိုက်၏။

"ဝုန်း...."

တစ်ဆက်တည်းမှာပင် ချင်စိရှောင်ကို ဓားနှင့်လှမ်းထိုးလိုက်ပြန်သည်။

ချင်စိရှောင်မှာ လက်ထဲတွင် လက်နက်မရှိတော့သဖြင့် က

www.burmeseclassic.com

www.burmeseclassic.com



ပျာကယာ ကျုန်ချွမ်း၏နောက်သို့ ခုန်လိုက်ပြီး လက်ဝါးစောင်းနှင့်သာ ခုခံရတော့သည်။

ထန်လေရီက....

"အစ်ကိုခြေနှစ်ဖက်နဲ့ စကောဝိုင်းပြီး မြန်မြန်ကန်လိုက်"

ချင်စိရှောင်သည် သူမပြောသည့်အတိုင်း ခြေနှစ်ဖက်နှင့် စကောဝိုင်းပြီး ကန်လိုက်၏။

သို့သော် ကျုန်ချွမ်း၏ဓားဦးသည် သူ၏လည်မျိုနှင့်ခြောက်လက်မခန့်သာ ကွာဝေးတော့သည်။

ထိုမြင်ကွင်းကိုမြင်ရသောအခါ ထန်လေရီက....

"အစ်ကို ခါးကိုကိုင်းပြီး 'သံတံတား'သိုင်းကွက်နဲ့ သူ့ရဲ့ 'ထိုက်ယံရှဲ့'ကို ပိတ်လိုက်"

သူမအော်၍ သတိပေးသည့်အတိုင်း ချင်စိရှောင်ကလိုက်၍ ကျင့်သုံးသည်။

ထို့ကြောင့် လည်မျိုဆီသို့တိုးဝင်လာသော ကျုန်ချွမ်း၏ဓားဦးမှာ လွဲချော်သွားလေတော့သည်။

ချင်စိရှောင်သည် ခံစစ်မှ တိုက်စစ်အနေအထားသို့ ပြောင်းလဲသွားလေသည်။

ထိုသို့ဆက်လက်၍ တိုက်ခိုက်သွားလျှင် သူ့လက်ထဲမှ မိုးနဂါးဓားမှာ ချင်စိရှောင်လက်ထဲသို့ ရောက်ရှိသွားမည်ကို ကျုန်ချွမ်း သတိပြုမိသည်။



ကျုန်ချွမ်းသည် ရုတ်ချည်းတိုက်ခိုက်နေရာမှ မိုးနဂါးဓားကို အောက်သို့နှိမ့်ချလိုက်ပြီး....

"ဟေ့ရပ်လိုက်စမ်း... ရှေ့တစ်လှမ်းတိုးတာနဲ့ ကျုပ်လက်ထဲက ဓားကို အောက်ထိုးစိုက်ချလိုက်မယ်၊ ဒီတော့ ခင်ဗျား အင်မတန်မြတ်နိုးလှပါတယ်ဆိုတဲ့ ထန်လေရီတစ်ယောက်ဟာ သူ့အစ်မသွားတဲ့ သေရွာကို တစ်ခါတည်း ရောက်သွားလိမ့်မယ်"

ကျုန်ချွမ်း၏စကားကို ကြားရသောအခါ ချင်စိရှောင်မှာ အကြီးအကျယ်တုန်လှုပ် ချောက်ချားသွားလေတော့သည်။

ချင်စိရှောင်သည် လှမ်းနေသော သူ၏ခြေလှမ်းကို နောက်သို့ပြန်ရုပ်လိုက်သည်။

ထန်လေရီက....

"ရှင်... ရှင် ကျွန်မအစ်မကို သတ်လိုက်ပြီပေါ့ ဟုတ်လား"

ကျုန်ချွမ်းက သူ၏ဓားဦးနှင့် ထန်လေရီ၏ လည်မျိုကို ထောက်ထားရင်း....

"ဟုတ်တယ်... ခင်ဗျားအစ်မနဲ့တွေ့ရအောင် သေရွာကို အမြန်ဆုံးလိုက်သွားပေတော့"

ကျုန်ချွမ်း၏စကားကို ကြားရသောအခါ ထန်လေရီမှာ လွန်စွာဒေါသထွက်သွားပြီး အမှုန့်ချေပစ်ချင်သည်။

သို့သော် အကြောပိတ်ခံထားရသဖြင့်မလှုပ်နိုင်ချေ။

ချင်စိရှောင်မှာ မည်သို့မျှမတတ်နိုင်သဖြင့် အကြမ်းမဖက်

www.burmeseclassic.com



ဘဲ တောင်းပန်စကား ပြောကြားရလေတော့သည်။

သို့သော် ကလိမ်ဉာဏ်များပြီး အထက်စည်းရထားသော ကျုန်ချွမ်းက ချင်စိရှောင်၏တောင်းပန်စကားကို အဘယ်မှာလျှင် နားဝင်နိုင်ပါမည်နည်း။

သူက မဲ့ပြုံးပြုံးကာ....

"မိတ်ဆွေနဲ့ကျုပ်ဟာ ဘယ်အခါကမှ ရန်ငြိုးရန်စ မရှိခဲ့ကြပါဘူး၊ အင်း... ထန်လေရှီရဲ့အသက်ကို ချမ်းသာပေးနိုင်တဲ့နည်းလမ်းတော့ရှိပါတယ်၊ ဒါပေမယ့် ခင်ဗျားအနေနဲ့ သဘောကျချင်မှကျမယ်"

ချင်စိရှောင်က အံကြိတ်လိုက်ပြီး....

"ပြောပါ"

ချင်စိရှောင်၏စိတ်ထဲတွင် ထန်လေရှီ၏အသက်ချမ်းသာရာရမည်ဆိုလျှင် ကျုန်ချွမ်းတောင်းသမျှကိုလိုက်လျောရန် စိတ်ဆုံးဖြတ်ထားသည်။ သူ့အသက်ကိုပင် သူမနှမြောချေ။

ကျုန်ချွမ်းက မဲ့ပြုံးပြုံးလိုက်၏။

"ပြောရမယ်ဆိုရင်တော့ လွယ်ပါတယ်၊ ခင်ဗျားရဲ့ကိုယ်တွင်းက သွေးကြောလေကြောတွေကိုဖြတ်ပြီး ကိုယ့်ကိုယ်ကိုအဆုံးစီရင်မယ်ဆိုရင် ကျုပ်က ထန်လေရှီရဲ့အသက်ကို ချမ်းသာပေးလိုက်မယ်"

ချင်စိရှောင်သည် တစ်ချက်ငိုင်သွားသည်။

သူ၏စိတ်ထဲတွင် မိမိချစ်သူတစ်ယောက် အသက်ရှင်နေနိုင်



ရန် မိမိ၏အသက်ကိုစွန့်ပစ်ရန် ဝန်မလေးချေ။

ထို့ကြောင့် သူက ကျုန်ချွမ်းအား စေ့စေ့ကြည့်ကာ မေးလိုက်၏။

"ခင်ဗျားရဲ့စကားက တကယ်ပဲလား"

လူညစ်၏စကားသည် အဘယ်မှာလျှင် ဟုတ်ပါမည်နည်း။

ကျုန်ချွမ်းက တစ်ချက်ရယ်လိုက်ပြီး....

"တကယ်ပေါ့ဗျာ... ကျုပ်မညာပါဘူး"

ထန်လေရှီသည် ကျုန်ချွမ်း၏ ယုတ်မာသောစိတ်ထားကို သိထားသဖြင့် လှမ်းအော်သည်။

"အစ်ကို...သူ့စကားကိုမယုံနဲ့"

သူမ၏စကားမဆုံးမီ ကျုန်ချွမ်းသည် ဓားကိုရှေ့သို့အနည်းငယ်တိုးလိုက်ရာ သူမ၏လည်မျိုမှ အရေပြားကိုဓားဦးနှင့် ထိမိပြီး သွေးများပင် ယိုစီးထွက်လာသည်။

ထိုမြင်ကွင်းကိုမြင်ရသောအခါ ချင်စိရှောင်သည် တစ်စုံတစ်ရာကို ဆုံးဖြတ်ချက်ချလိုက်ပြီး....

"ကျုပ်အသက်ကို ထန်လေရှီအသက်နဲ့ လဲပါမယ်"

ထန်လေရှီသည် ချင်စိရှောင်၏စကားကို ကြားရသောအခါ ခေါ်ထိခိုက်ပြီး မျက်ရည်များပင် စီးကျလာသည်။

သူမက ချင်စိရှောင်အား ကြေကွဲသောမျက်နှာထားဖြင့် ကြည့်ကာ ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပြောတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် ရှင်သေသွားပြီးတဲ့နောက် ကျွန်မကို သူဆက်ထားပါ့မလား၊ သူဟာ ထွက်ပြေးဖို့ပြင်နေတဲ့လူတစ်ယောက်ပဲ၊ ဒီလိုလူမျိုးကိုယုံရမှာလား၊ နောက်ပြီး သူဟာ ကျွန်မအစ်မကို သတ်ရုံတင်မကဘူး ဒီပြင်အကြံအစည် ရှိအုံးမယ်၊ ကျွန်မသေရမှာကြောက်လို့ ပြောနေတာမဟုတ်ပါဘူးအစ်ကို"

ကျုန်ချွမ်းသည် ထန်လေရီအား ခြောက်လှန့်၍မရမှန်းသိလိုက်သည့်အတွက် ချင်စိရောင်ဘက်လှည့်၍ ခြောက်လှန့်ပြန်သည်။

"ကဲ... ချင်စိရောင်... ခင်ဗျားက ထန်လေရီကိုချစ်တယ်ဆိုရင် ခင်ဗျားအသက်တစ်ချောင်းနဲ့လဲပြီး ထန်လေရီကိုကယ်ဖို့ ဝန်လေးနေပြီလား၊ ခုအချိန်ဟာ ခင်ဗျားရဲ့ယောကျ်ားပီသမှုကိုပြဖို့ အချိန်ရောက်ပြီ၊ ကဲ... ခင်ဗျားရဲ့ဆုံးဖြတ်ချက်ကို ကျုပ်မြန်မြန်သိချင်တယ်"

ချင်စိရောင်သည် တွေဝေစဉ်းစားနေပြီး သက်ပြင်းရှည်တစ်ချက်ချလိုက်သည်။

သူသည် ယခု ဆုံးဖြတ်ချက်ချလိုက်ပါပြီ....

"ကဲ... မိတ်ဆွေရဲ့စကားတည်ပါစေ"

ချင်စိရောင်သည် စကားဆုံးသွားသည်နှင့် သူ့ကိုယ်အတွင်းမှ အားကိုအကုန်ထုတ်လိုက်ပြီး အကြောများကိုဖြတ်၍ ဘဝအဆုံးစီရင်ရန် ခြေကိုတင်ပျဉ်ခွေချိတ်ကာ ထိုင်လိုက်လေ၏။

ရုတ်တရက် လေမှာ ဘယ်ညာယိမ်းကာ လူးလွန့်သွားလေသည်။



ကျုန်ချွမ်းမှာ ယိမ်းယိုင်ကာ လဲကျလုမတတ် ဖြစ်သွားသည်။

တစ်ဘက်မှ ထန်လေရီ၏လည်မျိုကို တေ့ထားသော ဓားဦးမှာလည်း တစ်ဘက်သို့ရွေ့သွားသည်။

ထိုမြင်ကွင်းကိုမြင်ရသောခါ ချင်စိရောင်သည် ရရှိသောအခွင့်အရေးကို လက်မလွှတ်စေပေ။

လျှင်မြန်စွာ သူမထံသို့ခုန်သွားပြီး ပိတ်နေသောသွေးကြောကိုထောက်ပြီး ဖြေပေးလိုက်သည်။

ထန်လေရီသည် လဲနေရာမှ ကျုန်ချွမ်းကိုင်ထားသော ဓား၏အနှောင့်ကို လက်နှင့်ပုတ်ထုတ်လိုက်လေသည်။

ထိုအခါ သူမ၏လည်မျိုကို တေ့ထားသောဓားမှာ တစ်ပေခန့် ကွာသွားပေသည်။

သို့သော် သတိရှိသောကျုန်ချွမ်းက လက်ထဲရှိဓားကိုမြှောက်ပြီး သူမအား ခုတ်ပိုင်းချလိုက်သည်။

မထိပါ။ ဓားချက်လွဲသွားပါသည်။

ထန်လေရီက ကျုန်ချွမ်း၏ဓားချက် ရောက်မလာမီပင် လဲနေရာမှ ခုန်ထလိုက်ပြီး ဆယ်ပေကွာနေရာသို့ ရောက်ရှိသွားသည်။

ထန်နှလေရီက အောင်မြင်သောအပြုံးဖြင့် ပြုံးလိုက်ပြီး....

"ဒီမယ် ကျုန်ချွမ်း... ရှင့်လက်ထဲက မိုးနဂါးဓားကို အေးအေးဆေးဆေးနဲ့ ကျွန်မကိုပေးမလား၊ ဒါမှမဟုတ် ကျွန်မရဲ့ဓားလုယူ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ့စွမ်းရည်ကိုထပ်ပြီး ပြရမလား"

ကျုန်ချွမ်းက မဲ့ပြုံးပြုံးလိုက်သည်။

"သိပ်ပြီး ဝမ်းမသာနဲ့အုံး၊ လှေကို ကျုပ်မြှုပ်ပစ်လိုက်ရင် ခင်ဗျားတို့လဲ ကျုပ်နဲ့အတူ သေကြရမယ်ဆိုတာသိထားပါ"

သူသည် စကားဆုံးသွားသည်နှင့် လှေရွက်တိုင်ကို ဓားနှင့် လှမ်းခုတ်လိုက်လေ၏။ ရွက်တိုင်သည် ထက်ပိုင်းကျိုးကျသွား၏။

ထန်လေရီက အံတစ်ချက်ကြိတ်လိုက်ပြီး...

"ရှင်က ခုထိ စိတ်ကောင်းမထားသေးဘဲကိုး၊ သေရမယ့်အချိန်ရောက်တာတောင် စိတ်ဆိုးစိတ်ယုတ်တွေ ရှိနေတုန်းပဲ"

ထန်လေရီသည် စကားဆုံးသွားသည်နှင့်ဆရာရှန်ပိန်းထံမှ လေ့လာသင်ကြားထားသော'လက်နက်မဲ့ဓားလုနည်း'သိုင်းကွက်ငါးကွက်နှင့်ကျုန်ချွမ်းအား တိုက်ခိုက်လိုက်၏။

သူမသည် ဆက်၍'ယက္ခငါးကောင်'သိုင်းကွက်မှ ပထမအပိုင်းဖြစ်သော ခြေနှစ်ဖက်နှင့်အဆက်မပြတ်ခတ်ပြီး မိနစ်ပိုင်းအတွင်း မိုးနဂါးဓားကို ကျုန်ချွမ်းလက်ထဲမှ ပြန်လည်လုယူနိုင်ခဲ့လေ၏။

ထိုစဉ် ကျုန်ချွမ်းသည် အင်္ကျီအတွင်းမှ မိုးနဂါးဓားထက် အနည်းငယ်တိုသော ဓားတစ်လက်ကိုထုတ်ယူလိုက်သည်။

ထိုဓားမှာလည်း အရောင်လက်နေသည့်အတွက် ထန်လေရီသည် တစ်ချက်ထိတ်လန့်သွားမိသည်။

ထို့နောက် သူမက မိုးနဂါးဓားကို ချင်စိရှောင်အား လှမ်းပစ်



ပေးလိုက်ရင်း.....

"အစ်ကို... ဒီဓားကိုယူထားပါ"

ချင်စိရှောင်သည် သူ၏လက်ထဲသို့ ဓားရောက်လာသည်နှင့် ကျုန်ချွမ်းဆီသို့ပြေးကာ တိုက်ခိုက်ရန်ဟန်ပြင်လိုက်လေ၏။

"အစ်ကို.. အသာနေပါ၊ သူ့ကို ကျွန်မကိုယ်တိုင်ရှင်းပါ့မယ် ကိုယ့်သေတွင်း ကိုယ်တူးတဲ့လူကို ဘာမှဂရုစိုက်စရာမဟုတ်ပါဘူး"

ချင်စိရှောင်က ရပ်တန့်လိုက်ပြီး....

"သတိတော့ မလစ်စေနဲ့လေရီ"

"စိတ်ချပါ"

သူမသည် စကားဆုံးသည်နှင့်'ယက္ခငါးကောင်'သိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ရာ ကျုန်ချွမ်း၏လက်ထဲမှဓားမှာ လွင့်စင်သွားပြန်သည်။

ဤသို့ဖြင့် ထန်လေရီသည် ဆရာရှန်ပိန်းသင်ကြားခဲ့သော 'လက်နက်မဲ့ဓားလုနည်း'ဖြင့် ကျုန်ချွမ်းထံမှ ဓားလေးလက်ကိုလုယူနိုင်ခဲ့လေသည်။

ကျုန်ချွမ်းသည် နောက်ဆုံး သူ့တွင် ကျန်ရှိသောဓားသုံးလက်မှာ တိုနေသည့်အတွက် ထုတ်၍သုံးလျှင်လည်း အချည်းနှီးဖြစ်ပြီးရှုံးမည်မှာ သေချာသည့်။

ထို့အတွက် အသက်ချမ်းသာရာရစေရန် တောင်းပန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ကိုယ်ထဲရှိ ဓားသုံးလက်ကို ထုတ်ယူလိုက်ပြီး လှေကြမ်းပြင်ပေါ်သို့ ပစ်ချလိုက်၏။

"ဓားဆန်းခုနစ်လက်စလုံး ဟောဒီမှာပါ။ ဒါတွေယူသွားပြီး ကျုပ်အသက်ကို ချမ်းသာပေးပါ။ ကိုယ့်အသက်ထက် ဒါတွေကိုမက်မနေနိုင်ပါဘူး"

ကျုန်ချွမ်းက တောင်းပန်စကားဆိုလိုက်သည်။

ချင်စိရှောင်သည် ဓားဆန်းခုနစ်လက်စလုံး ထွက်ပေါ်လာသည်ကိုတွေ့ရသောအခါ ကျေနပ်သွားလေ၏။

သို့သော် သိုင်းနိသျှည်းစာအုပ်ကို ကျုန်ချွမ်းက ထုတ်၍မပေးသေးချေ။

ဤဓားဆန်းများ မည်မျှပင်ထက်မြက်စေကာမူ အသုံးချနည်းများကို မတတ်ကျွမ်းပါက အသုံးကျမည်မဟုတ်ကြောင်း ကျုန်ချွမ်းက သိထားသည်။

သူ့စိတ်ကူးမှာ ဤသိုင်းနိသျှည်းစာအုပ်သာ လက်ဝယ်ရှိထားလျှင် စာအုပ်မှညွှန်ကြားထားသည့်အတိုင်း ဓားအကြီးအသေးအရွယ်မတူသော ဓားခုနစ်လက်အစား ယင်းအတိုင်းသံမဏိနှင့်ထုလုပ်ပြီး နည်းလမ်းကျကျအသုံးချပါက အတူတူပင် အကျိုးရှိမည်ကို နားလည်ထားသည်။

ထို့ကြောင့် သူသည် ဓားဆန်းခုနစ်လက်နှင့် သူ၏အသက်ချမ်းသာရာရရှိရေးကို ရည်ရွယ်၍ ပေးလိုက်ခြင်းဖြစ်သည်။



ထန်လေရီသစည် ဓားဆန်းခုနစ်လက်စလုံးကို ချင်စိရှောင်အားပေးလိုက်ပြီး သိမ်းထားစေသည်။ သူမလွန်စွာ သတိထားသည်။

ထို့နောက် သူမသည် ကျုန်ချွမ်းအား စေ့စေ့ကြည့်ကာ....

"ဒီကိစ္စအတွက် ရှင့်ကိုအသက်ချမ်းသာပေးနိုင်ပေမယ့် ကျွန်မရဲ့အစ်မကိုသတ်ခဲ့တဲ့ အပြစ်ဒဏ်ကိုတော့ ပြန်ပြီးပေးဆပ်ရမှာပဲ"

ကျုန်ချွမ်းမှာ တုန်တုန်ရီရီဖြစ်သွားသည်။

"ထန်လေရီ... ကျုပ်က ဓားဆန်းခုနစ်လက်ထုတ်ပေးခဲ့တာတောင် ကျုပ်ကိုသတ်အုံးမလို့လား၊ ဘယ်သိုင်းသမားဆို အသက်တာခံမယ် ဒီဓားတွေကိုကုဘ်ပေးမှာ မဟုတ်ဘူး"

ထန်လေရီက မဲ့ပြုံးပြုံးလိုက်ပြီး....

"ဟုတ်တယ်... သူများအသက်ကိုသတ်ရဲရင် ကိုယ့်အသက်လဲ သေစားသေရမယ်မဟုတ်လား၊ ကျွန်မအစ်မကို သတ်တဲ့ရန်သူဟာ ကျွန်မရန်သူပဲ"

ကျုန်ချွမ်းသည် ထိတ်လန့်ချောက်ချားလာသည်။ ချွေးစေးများ မျက်နှာပြင်ပေါ်တွင် စို့ရွဲလာသည်။

ထန်လေရီအား တောင်းပန်၍မရမှန်းသိရသည့်အတွက် ကျုန်ချွမ်းသည် ချင်စိရှောင်ဘက်လှည့်ကာ....

"သူရဲကောင်းကြီးချင်စိရှောင်... ကျွန်တော်ရဲ့မိုက်မြင်တွေကို နောင်တရပါပြီ၊ ဒီတော့ ကျွန်တော့်ကို ညှာတာသောအားဖြင့်

www.burmeseclassic.com



ကျွန်တော့်ထိုက် ကျွန်တော့်ကံ သဘောအတိုင်းပျဉ်ပြားတစ်ချပ်နဲ့
ပင်လယ်ပြင်မှာ သွားခွင့်ပြုပါ"

ကျုန်ချွမ်း၏ အသနားခံစကားကို ကြားရသောအခါ စိတ်
လုံးပျော့ပျောင်းပြီး သနားကြင်နာတတ်သော ချင်စိရှောင်သည်ထ
လေရီ၏အပြောကိုပင် မစောင့်တော့ဘဲ သူက ခေါင်းတစ်ချက်ညိတ်
လိုက်ပြီး....

"အင်း... ကောင်းတယ်... ခင်ဗျားလုပ်ပါ"

ထန်လေရီက ဘာမှမတတ်နိုင်တော့ဘဲ သက်ပြင်းတစ်ချ
ချလိုက်သည်။

ကျုန်ချွမ်းသည် ချင်စိရှောင်၏ အဖြေကိုရသည်နှင့် မဆိုင်
မတွ ပျဉ်တစ်ချပ်ကိုယူပြီး ရေထဲသို့ခုန်ဆင်းသွားလေတော့သတည်း

ကျုန်ချွမ်းသည် ရေပြင်ပေါ်သို့ရောက်သည်နှင့် ရုတ်တရ
အကြံရလာသည်။

လှေအိုကြီးကို သူ၏အတွင်းအားနှင့် ခွဲနိုင်သေးသည်
ဟုတ်ပါလား။

"ဖျန်း... ဖျန်း... ဖျန်း"

သူသည် လက်ဝါးစောင်းနှင့် လှေဝမ်း၏ပျဉ်ကို သုံးချ
ခုတ်လိုက်သောအခါ လှေအိုကြီး၏ပဲ့အောက်ပိုင်းတွင် တစ်ပေ
ကျယ်သော အပေါက်ကြီးဖြစ်သွားပြီး ရေများ လှေဝမ်းထဲသို့ အ
ဟော စီးဝင်လာလေတော့သည်။



ကျုန်ချွမ်းသည် အားရကျေနပ်စွာဖြင့်ကြည့်ပြီး အဝေးသို့
ကူးခတ်သွားလေတော့၏။ လှေသည် ရေဝင်လာပြီး ယိမ်းထိုးလာ
သည်။

ထန်လေရီနှင့်ချင်စိရှောင်တို့သည် အံ့အားသင့်နေကြ၏။
ထန်လေရီက...

"အစ်ကိုတွေ့ပြီလား... အကုသိုလ်ကောင်ဟာ အကုသိုလ်
ပဲ ပေးတတ်တယ်ဆိုတာ"

ကျုန်ချွမ်း၏ယုတ်မာမှုကို သိလိုက်သော်လည်း အချိန်က
နှောင်းခဲ့လေပြီ။ မကြာခင် လှေအိုကြီး နစ်မြုပ်ရတော့မည်။

"ကဲ... ဘာလုပ်ကြမလဲ"

တွေဝေနေကြစဉ် ထန်လေရီက ရုတ်တရက် သတိရ၍ ချင်
**စိရှောင်အား** မေးလိုက်၏။

ချင်စိရှောင်သည် တွေဝေနေရာမှ အသိတရားဝင်လာ
သည်။

သူသည် မဆိုင်းမတွ ရွက်တိုင်ငုတ်တိုကို လက်ဝါးစောင်းနှင့်
ခုတ်ဖြတ်လိုက်လေ၏။

ရှစ်ပေရှည်သောအပိုင်းတစ်ပိုင်း ကျိုးကျလာလေသည်။

"ကဲ... လာ လေရီ၊ ဒီသစ်လုံးနဲ့အစ်ကိုတို့ ကူးကြရအောင်"

သည့်နောက် သူတို့နှစ်ဦးသည် ရွက်တိုင်အပိုင်းကိုယူပြီး
ရေထဲသို့ ခုန်ချလိုက်ကြ၏။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကမ်းသို့မြန်မြန်ကပ်နိုင်ပါစေဟု ဆုတောင်းကြရုံမှတစ်ပါး အခြားမရှိတော့ချေပေ။

သူတို့သည် လှေအိုကြီးကို လှမ်းကြည့်လိုက်သောအခါ လှေအိုကြီးမှာ ပင်လယ်ရေအောက်သို့ စုန်းစုန်းမြုပ်သွားသည်ကို တွေ့မြင်လိုက်ရလေတော့သည်။



## အခန်း(၁၃)

## လူယုတ်မာ၏ နောက်ဆုံးလမ်း

ချင်စိရောင်နှင့် ထန်လေရီတို့သည် ရွက်တိုင်၏အမြင့်[illegible] တွယ်ဖက်ရင်း ပင်လယ်ပြင်တွင် မျောလာခဲ့ရာ တတိယ[illegible] နေ့တွင် သူတို့သည် ကျွန်းငှက်ကျွန်းသို့ ကမ်းတင်မိကြသည်။

သူတို့သည် သဲသောင်ပြင်ပေါ်သို့ရောက်လာကြပြီး [illegible] နွမ်းနယ်လွန်း၍ သတိမေ့သွားကြလေ၏။

အချိန်အတော်ကြာသောအခါ သူတို့သည် [illegible] လာကြလေ၏။

www.burmeseclassic.com

ထန်လေရီက ဝန်းကျင်ကိုတစ်ချက်ကြည့်လိုက်ပြီး....

"အစ်ကို... ကျွန်မတစ်ခုသတိရမိတယ်"

"ဘာများလဲ လေရီ"

"ဓားဆန်းတွေ အားလုံးခုနစ်လက်ရှိတယ်၊ အဲဒီဓားခုနစ်လက်စလုံးကို လူတစ်ယောက်ထဲက ဘယ်လိုလုပ်ပြီး တစ်ချိန်တည်း အသုံးပြုနိုင်မလဲ မသိဘူး၊ အဲဒါမဖြစ်နိုင်ဘူးလေ"

ချင်စိရှောင်က တစ်ချက်စဉ်းစားလိုက်ပြီး.....

"ဟိုရှေးတုန်းက သိုင်းဆရာကြီးဖုလင်ဟာ ဒီဓားဆန်းခုနစ်လက်ကို တစ်ပြိုင်တည်း အသုံးပြုနည်း နိသျှည်းစာအုပ်တစ်အုပ်ကို ပြုစုခဲ့တယ်လို့ ကြားဖူးခဲ့တယ်၊ ဒါပေမယ့် ဒီကျမ်းစာအုပ်ဟာ အခု လက်စပျောက်နေတယ် လေရီ"

ထန်လေရီက....

"ကျွန်မ စဉ်းစားမိတာလဲ ဒီနည်းနိသျှည်းစာအုပ်အကြောင်းပဲ၊ အဲဒီစာအုပ်ဟာ ဒီဓားတွေထက် အရေးကြီးရမယ်၊ အဲဒီစာအုပ်ဟာ ကျုန်ချွမ်းဆီမှာ ရှိချင်မှရှိနိုင်တယ်"

သူတို့စကားပြောနေကြစဉ် တစ်စုံတစ်ဦးချောင်း၍ နားထောင်နေသည်ကို နှစ်ယောက်စလုံး မသိလိုက်ကြချေ။

သူတို့က ဆက်၍ ပြောနေသည်။

"လေရီပြောတာ မှန်တယ်၊ ဒါပေမယ့် ကျုန်ချွမ်းဟာ ဝင်လယ်ထဲကျသွားတဲ့နောက် ဒီသိုင်းကျမ်းစာအုပ်လဲ သူနဲ့အတူ ပျောက်



သွားမှာပါပဲ"

ထန်လေရီက ခေတ္တစဉ်းစားလိုက်ပြီး....

"ကျွန်မထင်တဲ့အတိုင်း ဖြစ်ချင်မှဖြစ်မှာပါ၊ ကျွန်မတို့မသေသလို သူလဲသေချင်မှသေမှာ"

ထန်လေရီက တစ်ဖန် ဆက်ပြန်သည်။

"ဓားခုနစ်လက်ဟာ ဘယ်မှာလုပ်လုပ် ရနိုင်ပါတယ်၊ အရေးကြီးတာက အသုံးပြုပုံပြုနည်းသိုင်းဂွက်ကို ရေးသားညွှန်ပြထားတဲ့ သိုင်းကျမ်းစာအုပ်ပဲ"

ချင်စိရှောင်က တစ်ချက်စဉ်းစားလိုက်ပြီး....

"ဒါပေမယ့် ဒီကျမ်းစာအုပ်ဟာ သူ့ဆီမှာရှိချင်မှ ရှိမယ်"

ထိုစဉ် ထန်လေရီသည် အမှတ်မထင် ကိုယ်ကိုလှည့်လိုက်သည်။

သူမ၏ အကြားအမြင်အာရုံမှာ တကယ်ကောင်းလှသည်။ သဲသောင်ပြင်ပေါ်တွင် လူရိပ်တစ်ခုရိပ်ခနဲ ပျောက်ကွယ်သွားသည်ကို မြင်လိုက်ရလေ၏။

သူတို့နှစ်ဦးအပြင် အခြားလူတစ်ဦး ဤကျွန်းပေါ်တွင် ရှိနေသည်ကို ထန်လေရီက ကောင်းစွာ သိရှိလိုက်သည်။

ထို့ကြောင့်....

"အစ်ကို... ဓားဆန်းတွေကိုထုတ်ပြီး ကြည့်ပါဦး၊ လျှော့ချားလျှော့နေမလားလို့ပါ"

www.burmeseclassic.com



ချင်စိရောင်က မျက်မှောင်ကုပ်သွားပြီး....

"ကိုယ်ထဲမှာထားတာ ဘယ်လာပြီး လျှော့နိုင်ပါ့မလဲလေရီ"

သူသည် ပြောရင်း စားဆန်းများကိုထုတ်၍ ကြည့်လိုက်၏။ ထန်လေရီကိုလည်း ပြသသည်။

မိုးနဂါးစားအကြီးမှလွဲ၍ ကျန်စားများမှာ စိမ်းညိုညို့အရောင်ထွက်နေသည်

ထို့အပြင် အငယ်ဆုံးစားမှာ သုံးလက်မခန့်သာရှိသည်။

ထန်လေရီသည် နှစ်ပေခန့်ရှည်သောစားကိုယူပြီး လက်နှင့်တောက်ကြည့်နေ၏။

စောစောက ပျောက်သွားသော လူရိပ်ပြန်ပေါ်လာလေ၏။ တကယ်တော့ ထန်လေရီက ပရိယာယ်ဆင်လိုက်ခြင်းပေတည်း။

ထန်လေရီက ရုတ်တရက် ထခုန်လိုက်ပြီး အသံကကျယ်လောင်စွာ အော်လိုက်သည်။

"ကျောက်တုံးကြီးနောက်မှပုန်းနေတာ ဘယ်သူလဲထွက်ခဲ့စမ်း"

သူမ၏အော်သံကြောင့် ချင်စိရောင်ပင် ထိတ်လန့်သွားသည်။

ထိုစဉ် ထန်လေရီသည် ကျောက်တုံးကြီးဆီသို့ ခုန်လိုက်သောအခါ လူတစ်ယောက်လက်မြှောက်လိုက်သည်။

မဲမဲအမျှင်တန်းများသည် ထန်လေရီဆီသို့ ပျံ့လွင့်လာတော့



သည်။

ချင်စိရောင်သည် ထိုလူရိပ်၏သဏ္ဍာန်မှာ ကျူနန်ချွမ်းဖြစ်ကြောင်း ကောင်းစွာမှတ်မိပြီး မိုးနဂါးစားကိုကိုင်ကာ အော်လိုက်လေ၏။

"ဟေ့... လူယုတ်မာ၊ မပြေးနဲ့"

သူသည် အော်ရင်း သုံးချက်ဆက်၍ ခုန်လိုက်သောအခါ ကျောက်တုံးကြီးနောက်သို့ ရောက်သွားသည်။

ထိုအခါ လူရိပ်မှာ ကျူနန်ချွမ်းဖြစ်ကြောင်း ထင်ရှားစွာ တွေ့ရလေသည်။

ဤကျွန်းပေါ်သို့ ကျူနန်ချွမ်းက အရင်ရောက်လာပြီး နောက်မှ ချင်စိရောင်နှင့်ထန်လေရီတို့ ရောက်လာကြ၏။

ကျူနန်ချွမ်းမှာ သူ့၌ပါရှိသော အသံတိတ်လက်နက်ပုန်းနှင့် သူတို့အား အပြီးစီရင်ကာ စားဆန်းများကိုပြန်၍ ရယူနိုင်ရန် ရည်ရွယ်ပြီး သူတို့နောက်သို့နောက်ယောင်ခံနေခြင်းဖြစ်သည်။

သူသည် ကျောက်တုံးကြီးနောက်ကွယ်မှနေ၍ သူ၏လက်နက်ပုန်းကိုထုတ်ကာ ထန်လေရီအား ပစ်ခတ်သွားခြင်းဖြစ်လေတော့သည်။

ထန်လေရီသည် လက်ထဲမှစားနှင့်မိမိခေါင်းမှ ခြေအထိ စားကြောသိုင်းကွက်ဖြင့် ကာကွယ်လိုက်သည်။

ထိုအခါ ပစ်ခတ်လိုက်သော လက်နက်ပုန်းအပ်ချောင်းများ

www.burmeseclassic.com



မှာ မြေသို့ကျသွားကြသည်။

ထို့နောက် သူမသည် ကျုန်ချွမ်းထွက်ပြေးရာသို့ လှမ်းမျှော်ကြည့်လိုက်သည်။

ထိုအခါ ကျုန်ချွမ်းသည် ပေသုံးဆယ်ခန့်အကွာတွင် ချင်စိရှောင်က ဓားကိုကိုင်ပြီးလိုက်နေသည်ကို တွေ့မြင်ရလေတော့သည်။

ထန်လေရီသည် သူတို့ပြေးသွားရာ တောင်ပေါ်သို့ကိုယ်ဖော့ပညာသုံး၍ လျင်မြန်စွာ လိုက်သွားသည်။

သူမ၏ကိုယ်ဖော့ပညာမှာ သာလွန်သည့်အတွက် တစ်ခဏအတွင်း ချင်စိရှောင်အနီးသို့ ရောက်လာသည်။

ချင်စိရှောင်နှင့်ထန်လေရီတို့သည် ခေတ္တနားလိုက်ကြသည်။

ကျုန်ချွမ်းမှာ ပေနှစ်ဆယ်ခန့် ကွာဝေးသောနေရာသို့ရောက်ရှိနေပြီး တောင်ထိပ်သို့ ရောက်လုဆဲဆဲရှိနေသည်။

ထိုစဉ် ချင်စိရှောင်သည် ခြေဖျားထောက်၍ (၃-၄) ခါ ခုန်လိုက်သောအခါ ကျုန်ချွမ်းရှေ့သို့ ကြိုရောက်သွားသည်။

ထန်လေရီကလည်း ကျုန်ချွမ်းနောက် ငါးပေခန့်အကွာအဝေးသို့ ရောက်လာသည်။

ကျုန်ချွမ်းသည် ထိတ်လန့်သွားပြီး ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုမိလေ၏။

မိမိတက်နေသောတောင်မှာ မတ်စောက်နေသည့်အပြင် တစ်ဘက်တွင် နံရံကြီးသဖွယ်မှာ မားမားမတ်မတ်ကြီး ဖြစ်နေသည်။



ထိုတောင်နံရံတွင် သစ်ပင်ဝါးပင်မဆိုထားနှင့် မြက်ပင်တစ်ပင်မှတစ်ပင် မရှိချေ။

ဤနေရာသို့ရောက်ရှိနေသော ကျုန်ချွမ်းသည် ရှေ့သို့လည်း ပြေးရန် လမ်းမရှိ။

နောက်သို့ပြန်လှည့်လိုက်သောအခါ ထန်လေရီမှာ သူနှင့် [illegible] ပေခန့်သာ ကွာဝေးသည်။

သူသည် အသက်ချမ်းသာပေးရန် တောင်းပန်စကားပြောမည်ပြုစဉ် ရုတ်တရက် ထန်လေရီ၏ဓားချက် ရောက်ရှိလာသည်။

ထိုအခါ ကျုန်ချွမ်းသည် နောက်သို့လှမ်းအဆုတ်တွင် နံရံကဲ့သို့မတ်စောက်နေသည့် တောင်စောင်းမှာ သူ့အတွက် ခြေချစရာနေရာမရှိတော့သဖြင့် လွင့်စင်ကျသွားလေတော့၏။

"အား......"

ကျုန်ချွမ်း၏ငယ်သံပါအောင် အော်ဟစ်သံကိုကြားလိုက်ရသည်။

ရက်စက်ယုတ်မာသော ကျုန်ချွမ်း၏ဘဝနိဂုံးမှာ [illegible] ဖြစ်ရလေတော့သည်။

သူတို့သည် ကျုန်ချွမ်းကို ဤအတိုင်းပစ်မထားနိုင်[illegible]
သူ့အလောင်းကို မတွေ့မရမချင်း စိတ်မအေး[illegible]
သူ့အလောင်းကိုတွေ့မှ စိတ်အေးကြရပါမည်
သူတို့သည် ကျုန်ချွမ်းကျသွားသောနေရာသို့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဆင်းသွားကြသည်။

ချင်စိရောင်သည် သေဆုံးသွားသော ကျုန်ချွမ်း၏ကိုယ်ကို ရှာဖွေသောအခါ ကျုန်ချွမ်း၏အင်္ကျီအတွင်းမှ စာအုပ်တစ်အုပ်ကို စမ်းမိပြီး ဝမ်းသာအားရ ထုတ်ယူကြည့်လိုက်၏။

ထန်လေရီပြောသည့်အတိုင်း ဓားဆန်းများ၏ နိဿျည်းစာအုပ်တစ်အုပ် ဖြစ်နေသည်။

ထို့နောက် သူတို့သည် ကျုန်ချွမ်း၏အလောင်းကိုကျောက်ခဲများစုကာ ဖုံးအုပ်လိုက်၏။

ဤကား သူ့အတွက် သင်္ဂြိုလ်ပေးခြင်းပေတည်း။

ထိန်လင်းသော လရောင်အောက်တွင် သူတို့သည် သိုင်းကျမ်းစာအုပ်ကိုလှန်၍ ကြည့်ကြသည်။

ပထမစာမျက်နှာပေါ်တွင် မိုးနဂါးဓားကို လက်တွင်ကိုင်ကာ ကျန်ဓားခြောက်လက်တို့သည် ဘဲဥပုံသဏ္ဌာန် ဝိုင်းနေကြသောပုံကို မြင်ရသော်လည်း သူတို့ဘာမှနားမလည်ကြချေ။

နောက်တစ်မျက်နှာ လှန်လိုက်သောအခါတွင်'ဓားဆန်းနိဿျည်း'သည် နက္ခတ်တာရာ၏ လှည့်ပတ်သွားလာပုံကို အခြေခံထားခြင်းကိုဖော်ပြသည်။

မိုးနဂါးဓားသည် လက်ထဲကိုင်ပြီး ကျန်ဓားလေးခြောက် လက်ကို ဘဲဥပုံလှည့်ကာ ပတ်နေစေသောအခါ ဓားများသည် အားကိုလိုက်၍ ပတ်နေပေလိမ့်မည်။



ထိုသို့လှည့်ပတ်နေစဉ်မှာပင် အနည်းနည်းအဖုံဖုံ ပြောင်းလဲလာပေလိမ့်မည်။

နှစ်ယောက်သား ထိုစာပိုဒ်ကို ဖတ်ရသော်လည်း ရှင်းလင်းအောင် နားမလည်ဘဲ မိုးနဂါးဓားကိုသာ အဓိကထားကြောင်းလောက်သာ နားလည်ကြသည်။

နောက်တစ်မျက်နှာကို လှန်ကြည့်လိုက်သောအခါ....

"ပထမအကွက် ကောင်းကင်ပြင်တွင် လှည့်ပတ်ခြင်း" ဟုပါရှိပြီး အောက်တွင် ညွှန်ကြားရှင်းလင်းချက်များ ပါရှိသည်။

သို့နှင့် သူတို့သည် စားရသောက်ရမှန်းပင် မသိကြဘဲ သိုင်းစာအုပ်ကိုသာ လေ့လာမိကြတော့သည်။

တစ်နေ့နှင့်တစ်ညကြာအောင် နှစ်ယောက်သားသိုင်းကျမ်းစာအုပ်ကို စိတ်ထက်သန်စွာဖြင့် လေ့လာကြပြီး နောက်ဆုံးထန်လေရီက ဝမ်းသာအားရ ထအော်လိုက်လေ၏။

"အစ်ကို... ကျွန်မနည်းနည်း နားလည်လာပြီ။ မိုးနဂါးဓား ကျွန်မကို ခဏကမ်းပေးပါလား"

ထန်လေရီသည် မိုးနဂါးဓားကိုလှမ်းယူပြီး ဓားဦးကိုကိုယ့်ဘက်သို့ပြန်လှည့်ကာ ကျန်ဓားခြောက်လက်မှ တစ်လက်ကို မိုးနဂါးဓားနှင့် ထိုးလွှတ်လိုက်သည်။

ထိုအခါ ဒုတိယဓားက တတိယဓားကို...

www.burmeseclassic.com

www.burmeseclassic.com



တတိယမားက စတုတ္ထမားကို အစဉ်အလိုက် တစ်လက်စီ တွန်းထုတ်သွားသောအခါ မားခြောက်လက်စလုံး လေထဲတွင်ဝဲကာ ပျံနေကြသည်။

ထိုမြင်ကွင်းကိုတွေ့ရသော ချင်စိရှောင်က အားရဝမ်းသာစွာနှင့် လက်ခုပ်တီးလိုက်ပြီး....

"ကောင်းလိုက်တာ... မားတစ်လက်က နောက်တစ်လက်ကိုဆင့်ကဲဆင့်ကဲ တွန်းထုတ်သွားပေမယ့် တွန်းအားကလဲ လျော့မသွားဘူး"

မားဆန်းခုနစ်လက်သည် တစ်လက်နှင့်တစ်လက် မမြင်ရသောကြိုးများနှင့် ဆက်သွယ်ထားသည့်အလား ထင်မှတ်ရသည်။

ချင်စိရှောင်က တစ်ချက်စဉ်းစားလိုက်ပြီး....

"အင်း... မဟုတ်သေးဘူး... မဟုတ်သေးဘူး၊ နံ့သျှည်းစာအုပ်ထဲမှာညွှန်ထားတဲ့ ကောင်းကင်ပြင်မှာ လည်ပတ်စေခြင်းဆိုတဲ့အကွက်ထဲမှာ အသေးဆုံးမားဟာ မားဦးအောက်စိုက်ပြီး မိုးနဂါးမားကို ထိနေမှ မှန်တာ"

ထန်လေရီက မိုးနဂါးမားကိုယမ်းလိုက်ရာ အသံတစ်ချွင်ချွင်မြည်ပြီး မားများအားလုံးကျလာသည်ကို ဖမ်းယူလိုက်သည်။

"ရှင်က တယ်ပြီးလောတာကို... ဘယ်လိုလုပ်ပြီး တစ်ခါတည်းနဲ့ အားလုံးတတ်ပါ့မလဲ၊ ဒီလောက်သာ လွယ်မယ်ဆိုရင် ပြိုင်ဘက်ကင်းတဲ့ မားဆန်းသိုင်းကွက် ကိုးကွက်စလုံးကို ဆယ်ရက်နဲ့ အ



ကုန်တတ်ကြရောပေါ့"

သည့်နောက် သူတို့သည် သိုင်းကျမ်းစာအုပ်ကို ဆက်၍ လေ့လာဖတ်ရှုကြပြန်သည်။

ထိုသို့ဖြင့် ကျွန်းပေါ်တွင် နှစ်ယောက်တည်းနေထိုင်ကာ သိုင်းကျမ်းစာအုပ်ကိုဖတ်ရင်း လေ့ကျင့်ရင်း အချိန်များကုန်လာခဲ့လေသည်။

ဆာလောင်လျှင် သီးပင်စားပင်များမှ အသီးများကိုစားကြသည်။

ဤသို့ဖြင့် အချိန်တစ်ဆယ့်ခြောက်လကြာသွားခဲ့သည်။

ထန်လေရီသည် မိုးနဂါးမားတစ်လက် လက်ထဲတွင် ကိုင်ထားသည်နှင့် ကျန်မားခြောက်လက်တို့သည် အစီအရီကောင်းကင်ပေါ်တွင် ဘဲဥပုံလည်ပတ်ကြသည်။

ယင်းကစားကွက်ကို အထက်မှအောက်သို့ လိုသလိုလည်ပတ်နေနိုင်ပြီး သုံးလက်မအရွယ်ရှိ အငယ်ဆုံးမားကို ရန်သူထံသို့ လွှတ်ပြီး အသေသတ်စေနိုင်သည်။

အချိန်က ကြာမြင့်လေ သူတို့၏သိုင်းပညာက တိုးတက်လာလေဖြစ်၏။

ချစ်သူနှစ်ဦး ကျွန်းတစ်ကျွန်းတွင် နှစ်ယောက်တည်း သိုင်းကျမ်းစာအုပ်လေ့ကျင့်ရင်း အချိန်ကုန်လွန်စေခဲ့တော့သည်။

သူတို့သည် မားသိုင်းကွက်အကုန်အစင်တတ်မြောက်လာ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ ဤကျွန်းမှ ထွက်ခွာနိုင်ရန် သူတို့သည် သစ်ပင်များကိုခုတ်လှဲကြသည်။ ဖောင်ဖွဲ့ကာ ဤကျွန်းမှထွက်ခွာခဲ့ကြသည်။

လမ်းခရီးတွင် ကုန်သဘောတစ်စင်းကို ပင်လယ်ဒမြများက ဝိုင်း၍ တိုက်ခိုက်နေခြင်းကို တွေ့ရသောအခါ ထန်လေရီက ဝင်ရောက်ကူညီတိုက်ခိုက်ပေးခဲ့သည်။

မကြာမီ ဒမြများ အတုံးအရုံးကျဆုံးကုန်သည်။

ချင်စိရောင်ကလည်း ဓားဆန်းသိုင်းကွက်ဖြင့် ကူညီတိုက်ခိုက်ခဲ့သည်။

ဒမြများကို အနိုင်တိုက်ခိုက်နိုင်သော ချင်စိရောင်နှင့်ထန်လေရီတို့ကို သဘောသားများက ချီးကျူးကြပြီးဦးညွတ်၍ အရိုအသေပေးကြသည်။

နောက်ဆုံး သဘောသားများက သူတို့နှစ်ယောက်ကို ကမ်းပေါ်သို့ ပို့ပေးခဲ့ကြသည်။

ထိုသူများက သူတို့နှစ်ဦးအား ကမ်းပေါ်သို့ပို့ပေးပြီး လူငယ်ချစ်သူနှစ်ဦး၏သိုင်းစွမ်းရည်ကို ထုတ်ဖော်ချီးကျူးခဲ့ကြလေ၏။

ချင်စိရောင်နှင့်ထန်လေရီတို့၏ဂုဏ်သတင်းမှာ ကမ်းရိုးတန်းတစ်လျှောက် ပျံ့လွင့်သွားလေတော့သည်။



တစ်နေ့တွင် သူတို့အား ကမ်းရိုးတန်းရှိ ရွာတစ်ရွာတွင် ထမင်းစားပွဲဖြင့် ဧည့်ခံဂုဏ်ပြုနေစဉ် ဧည့်သည်လေးယောက်ဂုဏ်ပြုပွဲသို့ ရောက်ရှိလာကြသည်။

ထန်လေရီနှင့် ချင်စိရောင်တို့သည် ဝင်လာကြသော ဧည့်သည်လေးယောက်ကို တွေ့ရသောအခါ အံ့သြဝမ်းသာသွားမိကြတော့သည်။

သူတို့လေးဦးသည် လူပျောက်ရှာပုံတော်ဖွင့်ခဲ့ကြသည်။ သူတို့၏ဂုဏ်သတင်းကြောင့် ဤကမ်းရိုးတန်းဒေသသို့ ရောက်ရှိခဲ့ကြသည်။

နောက်ဆုံး ဤရွာဂုဏ်ပြုပွဲသို့တက်ရောက်ရာ၌ ထန်လေရီနှင့် ချင်စိရောင်တို့နှင့် လာဆုံမိခြင်းပင်ဖြစ်လေတော့သည်။

"မေမေ...."

ထန်လေရီက ဝမ်းသာသွားပြီး လှိုက်လှိုက်လှဲလှဲဖြင့် တုန်ဖန်လင်းအား ခေါ်လိုက်၏။

www.burmeseclassic.com



မိခင်တုန်ဖန်လင်းနှင့်အတူပါလာသူများမှာ ရှန်ပိန်း၊ ဆရာမကြီးရှမ်နရင်၊ ဆရာမကြီးစိမ့်ပွမ်းတို့ ဖြစ်ကြသည်။

ထန်လေရီက သူမတို့အဖြစ်အပျက်ကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။

အားလုံးက လူငယ်နှစ်ဦး၏အချစ်ကို မခွဲကြ။ သဘောတူကြည်ဖြူလိုက်ကြခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာအားလုံး ကြည်နူးသွားကြရလေ၏။

ထို့နောက် ချင်စိရှောင်သည် ထန်လေရီအား ဟိုနန်ပြည်နယ်သို့ ခေါ်လာခဲ့ပြီး မိခင် ပန်းသုံးပွင့်မယ်နှင့် တွေ့ဆုံစေပြီး ဖြစ်ပျက်သော ဇာတ်လမ်းအစုံကို ရှင်းပြလိုက်သည်။

နောက်ဆုံး ပန်းသုံးပွင့်မယ်က ချင်စိရှောင်နှင့်ထန်လေရီတို့၏ ချစ်ခြင်းကိုမခွဲဘဲ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကို ကျင်းပပြီး လက်ထပ်ပေးလိုက်သည်။

ယခု ချစ်သူနှစ်ဦး ပျော်ကြရလေပြီ။ အသက်နှင့်ခန္ဓာကိုယ် တည်သရွေ့ချစ်ကြမည်ဟု ထန်လေရီနှင့်ချင်စိရှောင်တို့သည် သစ္စာပြုကြလေတော့သည်။

**ပြီး၏။**

တက္ကသိုလ် နေလင်းအောင်

BURMESE CLASSIC .com

www.burmeseclassic.com